BURMA NEWS INTERNATIONAL
MYANMAR PEACE MONITOR



# မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း
# ရည်ညွှန်းအကိုးအကား ၂၀၂၂ – ၂၀၂၃

BURMA NEWS INTERNATIONAL MYANMAR PEACE MONITOR

# မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပုံဖော်ခြင်း ရည်ညွှန်းအကိုးအကား (၂၀၂၂ - ၂၀၂၃)


ယခင်ထွက်ရှိခဲ့သည့် စာအုပ်စီးရီးများ - ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇ - ၂၀၁၈၊ ၂၀၁၉ - ၂၀၂၀၊ ၂၀၂၁ - ၂၀၂၂

မူပိုင် - နိုင်ငံတကာ မြန်မာ့သတင်း (Burma News International)

Website : https://www.mmpeacemonitor.org

Twitter : https://twitter.com/mmpeacemonitor

Facebook : https://www.facebook.com/mmpeacemonitor

Instagram : https://www.instagram.com/mmpeacemonitor/mmpeacemonitor

BURMA NEWS INTERNATIONAL

MYANMAR PEACE MONITOR

# ကျွန်ုပ်တို့အကြောင်း

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်စောင့်ကြည့်ရေးလုပ်ငန်း (BNI - Myanmar Peace Monitor) သည် တိုင်းရင်းမီဒီယာ (၁၅) ဖွဲ့ဖြင့် စုဖွဲ့ထားသော နိုင်ငံတကာမြန်မာ့သတင်း (ဘီအဲန်အိုင်) ၏ လုပ်ငန်းအစီအစဉ်တစ်ခု ဖြစ်သည်။ ယုံကြည်စိတ်ချရပြီး တိကျမှန်ကန်သော သတင်းအချက်အလက်များနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို အချိန်နှင့်တပြေးညီ ထုတ်လုပ်နိုင်ရန်နှင့် မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပဋိပက္ခဆိုင်ရာ သတင်းအချက်အလက်များ၊ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို လေ့လာဆန်းစစ်ထားသော သုံးသပ်တင်ပြချက်များ၊ သုတေသနပြုစာတမ်းများကို ထုတ်လုပ်နိုင်ရန် ရည်ရွယ်လုပ်ဆောင်နေခြင်း ဖြစ်သည်။

ပဋိပက္ခတိုက်ပွဲဆိုင်ရာ ဖြစ်စဉ်ဖြစ်ရပ်များ၊ အချက်အလက်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ဖြစ်ပေါ်ပြောင်းလဲမှုများကို လွတ်လပ်ပြီး ယုံကြည်စိတ်ရသည့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများမှတဆင့် နေ့စဉ်စောင့်ကြည့်ခြင်းမှတ်တမ်းတင်ခြင်းနှင့် တိုင်း၊ ပြည်နယ်အလိုက် မြေပြင်သတင်းထောက်များထားရှိကာ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာသတင်းများ၊ တွေ့ဆုံမေးမြန်းချက်များကိုလည်း စုံစမ်းဖော်ထုတ်တင်ပြခြင်းတို့ကို နေ့စဉ်လုပ်ဆောင်လျက်ရှိပါသည်။

၂၀၁၃ ခုနှစ်ကတည်းက စတင်လာခဲ့သည့် BNI - MPM သည် ရှုပ်ထွေးပွေလီလှသော ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဖြစ်စဉ်အတွင်း တိုက်ရိုက်ပါဝင်ပတ်သက်နေသော အကြောင်းအရာများ၊ အဖြစ်အပျက်၊ လူပုဂ္ဂိုလ်များ အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ဦးတည်ရာများ၊ အရွေ့အပြောင်းအများကို ပိုမိုနားလည်စေရန် အတွက်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပုံဖော်ခြင်းရည်ညွှန်းအကိုးအကားစာအုပ်များကို နှစ်စဉ်ပြုစု ထုတ်ဝေခဲ့ပါသည်။ ယခု "မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပုံဖော်ခြင်း - ရည်ညွှန်းအကိုးအကား (၂၀၂၂-၂၀၂၃)" သည် ရှစ်အုပ်မြောက်စာအုပ် ဖြစ်သည်။

BNI - MPM အနေဖြင့် သတင်းနှင့်တွေ့ဆုံမေးမြန်းချက်များကို www.mmpeacemonitor.org နှင့် https://www.facebook.com/mmpeacemonitorတို့မှတဆင့် နေ့စဉ်ထုတ်လုပ်တင်ပြနေသကဲ့သို့ အပတ်စဉ် သုံးသပ်ချက်များ၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ လစဉ်ဒက်ရှ်ဘုတ်များ၊ သုတေသနစာတမ်းများကိုလည်း ပုံမှန်ထုတ်လုပ်ဖြန့်ဝေလျက်ရှိသည်။

# မာတိကာ


| | |
|---|---|
| ပုံနှိပ်မှတ်တမ်း | ၁ |
| ကျွန်ုပ်တို့အကြောင်း | ၂ |
| မာတိကာ | ၃ |
| ကျေးဇူးတင်လွှာ | ၄ |
| စာဖတ်သူ အသိပေးချက် | ၅ |
| အနှစ်ချုပ် | ၇ |
| ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အခင်းအကျင်းအသစ်အား မျှော်ကြည့်ခြင်း | ၁၀ |
| စစ်အာဏာသိမ်းကာလအတွင်း ဇာတ်ကောင်အသစ်များ | ၂၃ |
| နွေဦးတော်လှန်ရေးတပ်ဦး သို့မဟုတ် NUCC အခန်းကဏ္ဍ | ၄၄ |
| မြန်မာနိုင်ငံတဝှမ်း တိုက်ပွဲဖြစ်ပွားမှု အခြေအနေများ | ၅၂ |
| စစ်ဘေးရှောင်များအခြေအနေ | ၆၀ |
| စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီတပ်၏<br>လေကြောင်းတိုက်ခိုက်မှု မှတ်တမ်း | ၆၆ |
| တွေ့ဆုံဆွေးနွေးမှုဆိုင်ရာ အခြေအနေများ | ၇၆ |
| တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြောင်း | ၈၆ |
| တစ်နှစ်တာအတွင်း နိုင်ငံတဝှမ်း စစ်ကောင်စီတပ်၏<br>အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ | ၁၃၅ |
| နိုင်ငံတကာအခန်းကဏ္ဍ | ၁၄၈ |
| အပတ်စဉ် သတင်းသုံးသပ်ချက်များ | ၁၈၆ |
| အထူးလေ့လာသုံးသပ်ချက်များ | ၂၅၅ |
| အတိုကောက် အကွရာများ | ၂၈၇ |

# ကျေးဇူးတင်လွှာ

ယခုစာအုပ်ဖြစ်မြောက်ရေးအတွက် အဓိကအရင်းအမြစ်များဖြစ်သော နိုင်ငံတကာ မြန်မာ့သတင်း (BNI) ၏ အဖွဲ့ဝင်သတင်းဌာန (၁၅) ခုနှင့် အခြားသော ပြည်တွင်းပြည်ပသတင်းဌာနများအားလုံးကို ကျေးဇူးတင်ရမည်ဖြစ်သည်။ ထို့အပြင် ယခုကဲ့သို့ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ အကြောင်းအချက်များ၊ ဖြစ်စဉ်ဖြစ်ရပ်များ စောင့်ကြည့်မှတ်တမ်းပြုနိုင်ရေးအတွက် မြန်မာ့ငြိမ်းချမ်းရေးစောင့်ကြည့်ရေးအစီအစဉ်တစ်ခုကို အကောင်အထည်ဖော် လမ်းကြောင်းချပေးခဲ့သည့် BNI ၏ ဘီအိုဒီများနှင့် BNI စီမံခန့်ခွဲရေးအဖွဲ့အားလည်း ကျေးဇူးတင်ရပါသည်။

“ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရည်ညွှန်းအကိုးအကားစာအုပ် (၂၀၂၂ -၂၀၂၃)” ဖြစ်မြောက်ရေးအတွက် ကျရာတာဝန်များကို ဝမ်းမြောက်ဝမ်းသာဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော မြန်မာ့ငြိမ်းချမ်းရေးစောင့်ကြည့်ရေးအဖွဲ့ (BNI - MPM) မှ လုပ်ဖော်ကိုင်ဖက်အားလုံးကို အထူးကျေးဇူးတင်ရပါသည်။

BNI - MPM လုပ်ငန်းအစီအစဉ် တစ်ခုချင်းစီတိုင်းတွင် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများ၊ ကြုံတွေ့ရသော အခက်အခဲတိုင်းအတွက် နှုတ်အားဖြင့်သော်လည်းကောင်း၊ ကိုယ်အားဖြင့်သော်လည်းကောင်း အဖက်ဖက်မှ ဝိုင်းဝန်းကူညီပံ့ပိုးကြပါသော BNI ဝန်ထမ်းများအားလုံးကို လေးစားအသိအမှတ်ပြုကြောင်း လှိုက်လှဲစွာတင်ပြလိုပါသည်။ ထို့အပြင် BNI - MPM ၏ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ထောက်ကူပံ့ပိုးပေးကြသော အလှူရှင်များအားလုံးကို ကျွန်ုပ်တို့အနေဖြင့် အထူးပင်ကျေးဇူးတင်ရှိကြောင်း အလေးအနက်ထား တင်ပြအပ်ပါသည်။

# စာဖတ်သူ အသိပေးချက်

မြန်မာ့ငြိမ်းချမ်းရေးစောင့်ကြည့်ရေးအဖွဲ့ (BNI - MPM)သည် ၂၀၁၃ ခုနှစ်မှစတင်ပြီး ပဋိပက္ခ ဖြစ်စဉ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းတွေ့ရှိချက်များကို "မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကို ပုံဖော်ခြင်း၊ ရည်ညွှန်းအကိုးအကားစာအုပ်" အဖြစ် နှစ်စဉ် စုဆောင်းပြုစု တင်ပြခဲ့ပါသည်။ ခေတ်စနစ်အလိုက် ဖြစ်ပေါ်ပြောင်းလဲလာသော နိုင်ငံရေး၊ စစ်ရေးနှင့်ငြိမ်းချမ်းရေးဆိုင်ရာ အခင်း အကျင်းများကို အခြေပြုပြီး ပါဝင်သင့်၊ ပါဝင်ထိုက်သော အကြောင်းအရာများ၊ အဖြစ်အပျက်များ၊ အချက်အလက်များကို ရွေးထုတ်မှတ်တမ်းပြုထားခြင်း ဖြစ်ပါသည်။

ယခု "မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပုံဖော်ခြင်း-ရည်ညွှန်းအကိုးအကား(၂၀၂၂- ၂၀၂၃)" စာအုပ်သည် စစ်အာဏာသိမ်းကာလအတွင်း ထုတ်လုပ်ဖြန့်ချီသော ဒုတိယမြောက်စာအုပ် ဖြစ် သည်။ ထို့ကြောင့် ပြီးခဲ့သည့် ရည်ညွှန်းအကိုးအကား (၂၀၂၁ -၂၀၂၂)စာအုပ်ထက် အဖြစ်အပျက်၊ အကြောင်းအရာများ ပိုမိုများပြားသကဲ့သို့ ပဋိပက္ခဖြစ်စဉ်များနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်ပတ်သက်သူများ၏ အခန်းကဏ္ဍ၊ အရေးပါမှုနှင့် ၎င်းတို့၏ရပ်တည်ချက်၊မျှော်ရည်ချက်များကို ပြတ်ပြတ်ထင်ထင် တွေ့မြင်လာရပြီ ဖြစ်သည်။

စစ်အာဏာသိမ်းကာလအတွင်း မြင်တွေ့ရသည့် ဇာတ်ကောင်အသစ်များ၊ ခုခံတော်လှန် စစ်ရေးဆိုင်ရာ ပဋိပက္ခတိုက်ပွဲ အရှိန်အဟုန်က ဘယ်လောက်ကျယ်ပြန့် ပြင်းထန်နေပါလဲ၊ အာဏာသိမ်းစစ်ကောင်စီတပ်၏ အရှိန်မြှင့်လာသော လေကြောင်းတိုက်ခိုက်မှုများအကြောင်း၊ အပစ်မဲ့အရပ်သားပြည်သူများ ဘယ်လောက်အထိနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရပါလဲ၊

စစ်အာဏာသိမ်းကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အသစ်က ဘာလဲ၊ ဘယ်ကို ဦးတည်နေပါလဲ၊ တိုင်းနှင့်ပြည်နယ်အလိုက် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုအခြေအနေများ၊ နိုင်ငံတကာ အစိုးရများနှင့် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များ၏ ဦးတည်ရာ စသည့် အကြောင်းအရာများကို ယခုစာအုပ်ထဲတွင် ဖတ်ရှုလေ့လာရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပဋိပက္ခတိုက်ပွဲဆိုင်ရာ အကြောင်းအချက်များကို စုစည်းပြုစုရာတွင် ယုံကြည်စိတ်ချရသည့် အရင်းအမြစ်များကို အသုံးပြုပြီး တိကျပြည့်စုံစေရန် ရည်မျှော်ကြိုးထုတ်ထားသော်လည်း လိုအပ်ချက်တစုံတရာ ရှိနေနိုင်သေးကြောင်း စာဖတ်သူများအား ကြိုတင်အသိပေး တောင်းပန်အပ်ပါသည်။

စစ်အာဏာသိမ်းကာလအတွင်း နိုင်ငံရေး၊ စစ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ် အရွေ့အပြောင်းများကို လေ့လာသူများ၊ သုတေသီများ၊ သတင်းမီဒီယာသမားများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအတွက်မှ ယခုစာအုပ်ပါ အကြောင်းအရာများသည် တစုံတရာအထောက်အကူပြုလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

# အနှစ်ချုပ်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုစတင်ကတည်းက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည်ရပ်တန့်သွားခဲ့ပြီး စစ်အာဏာသိမ်းကာလ ၂ နှစ်ခွဲကျော်လာသည့်အထိ သက်ဝင်လှုပ်ရှားမှု ကင်းမဲ့နေဆဲ ဖြစ်သည်။ ပြည်သူလူထု ရွေးချယ်တင်မြှောက်ထားသည့် တရားဝင်အစိုးရခေါင်းဆောင်များကို ဖမ်းဆီးကာ အာဏာလုယူထားသော စစ်အုပ်စုသည် NCA အား အသက်သွင်းရန် ကြိုးပမ်းနေသော်လည်း စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်မှန်သမျှ ချုပ်ငြိမ်းရေးအတွက် သန္နိဋ္ဌာန်ချထားသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့(ERO) များ၏ အသိအမှတ်ပြုမှု မရရှိဘဲ ဖြစ်နေသည်။

အာဏာသိမ်းစစ်ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် စစ်အုပ်စုသည် ၎င်းတို့စည်းရုံး၍ ရသမျှသော ERO အစုအဖွဲ့တချို့နှင့် ငြိမ်းချမ်းရေးညီလာခံတစ်ရပ်ကျင်းပနိုင်ရေး ကြိုးပမ်းနေသည်ကို တွေ့ရသည်။ NCA စာချုပ်နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆုပ်ကိုင်ထားသော်လည်း ဒီမိုကရေစီစနစ်ကို အခြေခံသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပေးမည်ဟု ERO များအား မက်လုံးပေးစည်းရုံးထားသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ကမူ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ဖျက်သိမ်းကြောင်းကြေညာထားပြီး NCA စာချုပ်သည်လည်း ပါဝင်ပတ်သက်ရမည့် အစုအဖွဲ့များမရှိတော့သည့်အတွက် အသက်မဝင်တော့သည့်စာချုပ်တစ်ခုဖြစ်ကြောင်း၂၀၂၁ခုနှစ် ဧပြီလ ၂၁ ရက်တွင် ကြေညာခဲ့သည်။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ဦးတည်လျှောက်လှမ်းနေကြသော နွေဦးတော်လှန်ရေးအင်အားစုများအတွက် NCA စာချုပ်ထက် "ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ်တစ်ရပ် ရေးဆွဲပေါ်ပေါက်ရေး" သည် အရေးကြီးဆုံးလိုအပ်ချက် ဖြစ်နေသည်။

စစ်အာဏာသိမ်းကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အခင်းအကျင်းသစ်အဖြစ် အာဏာလုစစ်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းနှင့် နွေဦးတော်လှန်ရေးအင်အားစုများ အတွင်း ပူးပေါင်းကာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးလမ်းကြောင်းတို့ ဖြစ်သည်။ ထိုအတွက် ERO တစ်ဖွဲ့ချင်းစီ၏ ရွေးချယ်မှုအပေါ်တွင် မူတည်နေသည်ဟု ဆိုရပါမည်။

နွေဦးတော်လှန်ရေးအင်အားစုများ၏ ခုခံတော်လှန်စစ်သည် အရှိန်အဟုန်အမြင့်ဆုံးသို့ ရောက်ရှိနေပြီဖြစ်သည်။ ၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လအထိ တစ်နှစ်တာကာလ အတွင်း မြန်မာနိုင်ငံတဝှမ်းလုံးတွင် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၁၆၁၇ ရက် ရှိခဲ့ပြီး ပြီးခဲ့သည့် ကာလတူ အခြေအနေထက် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၅၈ ရာခိုင်နှုန်း (၆၉၅ ရက်) ပိုမို များပြားစွာဖြစ်ပွားခဲ့သည်ကိုတွေ့ရပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)အပါအဝင် ERO ခေါင်းဆောင်များနှင့် နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်ရေး အင်အားစုအလိုက် ဟစ်ကြွေး ပြင်ဆင်နေကြသော ၂၀၂၃ ခုနှစ်အတွက် "တစ်နှစ်စီမံချက်" ၏ သက်ရောက်မှုကြောင့်သော် လည်းကောင်း၊ NUG ကာကွယ်ရေးဝန်ကြီးဌာနနှင့် မဟာမိတ်တိုင်းရင်းသားတော်လှန်ရေးအဖွဲ့ အစည်း (EROs) (၄) ဖွဲ့ ပူးပေါင်းကာ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ဖွဲ့စည်းခဲ့သည့် "ဗဟို ကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ" (Central Command and Coordination Committee – C3C) ၏ သက်ဝင်လှုပ်ရှားမှုကြောင့်သော်လည်းကောင်း ၂၀၂၃ ခုနှစ်၏ လများသည် လစဉ်တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၁၀၀ အထက်တွင် ရှိနေသည်ကို ထူးခြားစွာ တွေ့ရှိ ရပါသည်။

လေ့လာတွေ့ရှိချက်များအရ ၂၀၂၃ ခုနှစ်အတွင်း နွေဦးတော်လှန်ရေးအင်အားစုများ အချင်းချင်းအကြား စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများသည် သိသာထင်ရှားစွာ အားကောင်း လာသကဲ့သို့ အာဏာသိမ်းစစ်အုပ်စုအား တောင်တန်းမြေပြန့်ဒေသအလိုက် နိုင်ငံတဝှမ်းလုံးတွင် စစ်မျက်နှာဖွင့် ဖြန့်ကျက်လှုပ်ရှားနေသည်ကိုလည်း တွေ့ရှိရပါသည်။ ထို့ကြောင့် အာဏာသိမ်း စစ်အုပ်စုအား ခုခံတော်လှန်စစ် အရှိန်အဟုန်သည် ဆက်လက်ပြင်းထန်နေမည့် အလားအလာများ ရှိနေကြောင်း ရှုမြင်သုံးသပ်ရပါသည်။

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၁၃ ခုနှစ် ပထမ ခြောက်လတာ အတွင်း စစ်ကောင်စီတပ် လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်မှု ရက်ပေါင်းသည် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ် (၂) နှစ်တာ အတွင်း တိုက်ခိုက်မှုများထက်ပင် ပိုမိုများပြားနေသည်ကို တွေ့ရှိရပါသည်။ စစ်ကောင်စီတပ်များ၏ သေဆုံးမှု၊ စခန်းသိမ်းခံရမှုများနှင့် လေကြောင်းတိုက်ခိုက်မှုများသည် ဆက်စပ်နေသည်ကို ထူးခြားစွာတွေ့ရှိရပါသည်။ စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးကို ဦးတည်တိုက်ပွဲဝင်နေသည့် နွေဦးတော်လှန်ရေး အင်အားစုများ၏ ခုခံတော်လှန်စစ်အတွင်း စစ်ကောင်စီတပ်သားများ သေဆုံးမှုများလေလေ၊ နယ်မြေခြေကုတ်ယူ စိုးမိုးနိုင်မှု ဆုတ်ယုတ်သွားလေလေ လေကြောင်းမှတဆင့် ထိုးစစ်ဆင်တိုက်ခိုက်မှုများကို အရှိန်အဟုန်မြှင့် တိုက်ခိုက်လေလေ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အထက်တွင်တင်ပြခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လမ်းကြောင်းအသစ်၊ ခုံတော်လှန်စစ် အခြေအနေနှင့် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုများဆိုင်ရာ အကြောင်းအရာများ အပြင် ၂၀၁၂ - ၂၀၁၃ ခုနှစ် အတွင်း တွေ့ရှိခဲ့ရသော စစ်ကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့နေကြရသည့် စစ်ဘေးရှောင်အခြေအနေ၊ ပြည်နယ်နှင့်တိုင်းအလိုက် တွေ့ရှိရသော (၅) ဦးနှင့်အထက် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုများ၊ နိုင်ငံတကာ အသိုင်းအဝိုင်း၏ အခန်းကဏ္ဍ စသည့် အကြောင်းအရာများကို ယခုစာအုပ်စုထဲတွင် စုစည်းတင်ပြထားပါသည်။ ပဋိပက္ခတိုက်ပွဲများ ဖြစ်ပွားနေသော ဒေသများနှင့် အခြေခံအကြောင်းအရင်းများ၊ အချက်အလက်များနှင့်အဖွဲ့အစည်း တည်ရှိမှုကို မြေပုံကားချပ်များဖြင့် အတူတကွ ဖော်ပြထားပါသည်။

ဤစာအုပ်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ဆက်နွယ်နေသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၊ သုတေသီများ၊ ကျောင်းသားလူငယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ အပါအဝင် သတင်းမီဒီယာသမားများအတွက်ပါ မျက်မှောက်ခေတ် စစ်ရေး၊ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး အခင်းအကျင်းများကို လစ်ဟပြသနေမည့် လမ်းညွှန်အကိုးအကားတစ်ခု ဖြစ်မည်ဟု ယုံကြည်ပါသည်။ ။

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်
# အခြေအနေနှင့်အချင်းအကျင်းအသစ်အား မျှော်ကြည့်ခြင်း

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အခြေအနေ အသစ်အား မျှော်ကြည့်ခြင်း

ပြည်တွင်းငြိမ်းချမ်းရေး၏ အန္တိမပန်းတိုင်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူရေးကို အာမခံသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဖြစ်ပါက နွေဦးတော်လှန်ရေးအောင်ပွဲနှင့် တိုက်ရိုက်ချိတ်ဆက်နေသည်ဟု BNI - Myanmar Peace Monitor ၏ ၂၀၂၁ -၂၀၂၂ခုနှစ်ထုတ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရည်ညွှန်းအကိုးအကားစာအုပ်တွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။[1]

၂၀၁၁ ခုနှစ်၊ သမ္မတဦးသိန်းစိန်လက်ထက်တွင် စတင်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်(NCA)နှင့်အတူပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၃) ခုသာ ကျန်ရစ်ခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းမှုကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံး ရပ်တန့်သွားခဲ့ရသည်။ တရားမဝင် အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့၏စစ်အာဏာသိမ်းကာလအတွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည် ဖြစ်တည်လာရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့်ကြိုးပမ်းနေသည့်တိုင် ERO တချို့နှင့်သာ အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုတချို့ ရှိခဲ့ပါသည်။

၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့၊ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းချက်ကို ကချင်လွတ်လပ်ရေးတပ်မတော် (KIO/KIA)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP/KA)၊ ချင်းအမျိုးသားတပ်ဦး (CNF/ CAN)၊မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF)နှင့်ကရင်အမျိုးသား အစည်းအရုံး(KNU/KNLA) တို့သည် အကြောင်းပြချက်ကိုယ်စီဖြင့် ငြင်းပယ်ကြောင်း သဘောထား ထုတ်ပြန်ခဲ့ကြသည်။ မြောက်ပိုင်းညီနောင်သုံးဖွဲ့ဖြစ်သည့် ကိုးကန့်တပ်ဖွဲ့ (MNDAA) ၊ တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်ဦး (TNLA)၊ ရက္ခိုင့်တပ်တော် (ULA/AA) တို့သည်လည်း တစ်ဖွဲ့ချင်းစီ တက်ရောက်မည်မဟုတ်ဘဲ ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေး ကော်မတီ (FPNCC) ဆုံးဖြတ်ချက်ဖြင့်သာ သွားမည်ဟု တုန့်ပြန်ခဲ့ကြပါသည်။[2]

---

1 မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ပုံဖော်ခြင်း – လမ်းညွှန်အကိုးအကား ၂၀၂၁ – ၂၀၂၂ http://rb.gy/5bzpf

2 ငြိမ်းချမ်းရေးတံဆိပ်ကပ်သင်လျှိုသွေးခွဲရေးဗျူဟာ အလုပ်ဖြစ်နိုင်သလား၊ အပတ်စဉ်သတင်းသုံးသပ်ချက် အမှတ်စဉ်-၅၃ ၊ မေလ၊ ၂၀၂၂ ၊ BNI – MPM၊ https://bit.ly/3UD5mk4

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO/PNLA) ၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (KPC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့သည် အာဏာသိမ်းစစ်ခေါင်းဆောင်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို လက်ခံတက်ရောက်ရန်စစ်ကောင်စီ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC) ထံ အကြောင်းပြန်ခဲ့ကြသည်။ ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA)၊ မိုင်းလားအဖွဲ့ (NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/ SSA) တို့သည်လည်း စစ်ခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြပါသည်။

ဆိုရသော် စစ်အာဏာသိမ်းကာလအတွင်း စစ်အာဏာသိမ်းမှုအား ဆန့်ကျင်သော နွေဦးတော်လှန်ရေး အင်အားစုများနှင့်ပူးပေါင်းကာ စစ်အုပ်စုကို အပြင်းထန်ဆုံး ခုခံတော်လှန်စစ်ဆင်နွှဲနေကြသည့် EROများသည် စစ်ခေါင်းဆောင်၏ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကိုပြတ်ပြတ်သားသား ငြင်းပယ်ခဲ့ကြသောကြောင့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့နှင့် တိုက်ပွဲ ဖြစ်ပွားခြင်းမရှိသော ERO များနှင့်သာ တွေ့ဆုံဆွေးနွေးခဲ့ရပါသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ တတိယအပတ်အတွင်း အာဏာသိမ်းစစ်အုပ်စုနှင့် ၅ ကြိမ်မြောက်အလွတ်သဘော တွေ့ဆုံခဲ့သည့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) ပြောရေးဆိုခွင့်ရှိသူကတော့ စစ်အုပ်စုနှင့် သွားရောက် တွေ့ဆုံနေရသည့် အခြေအနေကို ယခုလိုပြောပြပါသည်။

"ကြီးကြီးကျယ်ကျယ် မျှော်လင့်ချက်မရှိပေမယ့် ကျွန်တော်တို့နယ်မြေဒေသမှာ တည်ငြိမ်အေးချမ်းဖို့ ကျွန်တော်တို့ ဦးစားပေးအနေနဲ့ ဆောင်ရွက်နေတာပဲ ဖြစ်ပါတယ်။" [3]

SSPP/SSA ပြောခွင့်ရသူ ဒုတိယဗိုလ်မှူးကြီး ဆိုင်းစု၏ အဆိုအရ အာဏာသိမ်းစစ်ကောင်စီသည် ငြိမ်းချမ်းရေးညီလာခံတစ်ခုကို ပြုလုပ်ကျင်းပချင်နေပြီး ဆွေးနွေးဖက် ERO များ၏ သဘောထားများကို မေးမြန်းခဲ့သည်ဟု ဆိုပါသည်။ UWSP/UWSA၊ NDAA နှင့် SSPP/SSA တို့ကတော့ လတ်တလော ကျင်းပမည်ဆိုပါက ပါဝင်တက်ရောက်ရန် အဆင့်သင့် မဖြစ်သေးကြောင်း ပြောဆိုခဲ့သည်ဟု ဆိုပါသည်။

စစ်အုပ်စုနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေသည့် ERO အဖွဲ့အစည်းတစ်ခုချင်းစီတွင် အကျိုးစီးပွားနှင့် ယုံကြည်မျှော်လင့်ရာများ ကွဲပြားခြားနားမှုရှိနေပါသည်။တချို့က

3 ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ပြောခွင့်ရသူ ဒုတိယဗိုလ်မှူးကြီးစိုင်းဆုနှင့် အမေးအဖြေ http://rb.gy/4aw8x

ပြည်နယ်အဆင့် သတ်မှတ်ရေး တောင်းဆိုချက်၊ တချို့က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖြစ်မြောက်ရေး၊ တချို့က ဒေသဖွံ့ဖြိုးရေး၊ တချို့က မိမိအဖွဲ့အစည်း ရပ်တည်ရှင်သန်ရေး စသဖြင့် တွေ့ရှိရပါသည်။ ထို့ကြောင့် စစ်အာဏာရှင်စနစ် အမြစ်ပြုတ် ချေမှုန်းရေးအတွက် ပြည်သူလူထု၏ လိုလားချက်ဖြင့် ထပ်တူကျ၊ မကျ ဆိုသည်က သတိချပ်စရာ ဖြစ်ပါသည်။

ထို့ပြင် အာဏာသိမ်းစစ်အုပ်စု ဆုပ်ကိုင်ထားသည့် NCA အပေါ် အခြေခံဆွေးနွေးမည့်ဟန် မရှိဟု ဆိုရမည်ဖြစ်ပြီး ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဆွေးနွေးကြမည် ဆိုသော်လည်း အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ၎င်းအဖွဲ့အစည်းများ၏ အကျိုးစီးပွား၊ မျှော်ရည် ချက်များကြောင့် ပြည်သူလူထု၏ ကိုယ်စားပြုနိုင်မှုဆိုင်ရာ အကန့်အသတ်များကို မြင်တွေ့ရပါ သည်။ ထို့အပြင် စစ်ခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးပွဲကြောင့် NCA လမ်းကြောင်းမှတဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ရာစု ပင်လုံ အစည်းအဝေးများမှ ရရှိထားသော ပြည်ထောင်စုသဘောတူစာချုပ်ပါ သဘောတူညီချက်များကို ပွန်းထိစေနိုင်သလား ထည့်တွက်ရန် လိုအပ်ပါသည်။ ရွေးကောက်ခံအစိုးရနှင့် လွှတ်တော်အစုအဖွဲ့များမပါဘဲ ငြိမ်းချမ်းရေးတံဆိပ် ကပ်ထားသော အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် ဆွေးနွေးပွဲမှရရှိလာမည့် အပေးအယူ၊ သဘော တူညီချက် စသည်တို့သည် နွေဦးတော်လှန်ရေးအင်အားစုများမှ ဦးတည်သော အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် အာမခံချက် မရှိနိုင်ဟု ဆိုရပါမည်။

စစ်ရေး၊ နိုင်ငံရေး၊ သံခင်းတမန်ခင်းနှင့် လူထုသပိတ်တိုက်ပွဲ စသည့် နည်းလမ်းပေါင်းစုံ ပါဝင်သော နွေဦးတော်လှန်ရေးအင်အားစုများဘက်တွင်တော့ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံ ကောင်စီ(NUCC)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)နှင့် မြို့ပြဒေသအလိုက် ခုခံတော်လှန်စစ် ဆင်နွှဲနေကြသော ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF-LDF) များ စသော အင်အားစုများအတွင်း ERO များ၏ ပူးပေါင်းပါဝင်မှု၊ ပံ့ပိုးကူညီမှုနှင့် ချိတ်ဆက်ဆောင်ရွက်မှုကို သိသာရှင်းလင်းစွာ မြင်တွေ့လာရပြီ ဖြစ်သည်။ အထူးသဖြင့် KIO/KIA ၊ KNU/KNLA တို့သည် NUG လက်အောက်ရှိ PDF တပ်မတော်သားများအတွက် စစ်သင်တန်းပေါင်းများစွာ ပေးအပ်ခဲ့ပါသည်။ NUG အနေဖြင့် နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်အတွက် မဟာမိတ် ERO (၆) ဖွဲ့နှင့် အနီးကပ် လက်တွဲ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း NUG ကာကွယ်ရေး ဝန်ကြီးဌာန ပြည်သူ့ကာကွယ်ရေးကဏ္ဍ အခြေပြတွင် မှတ်တမ်းတင်ထားပါသည်။[4]

NUG ကာကွယ်ရေးဝန်ကြီးဌာနနှင့် မဟာမိတ်တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (EROs) (၄) ဖွဲ့ ပူးပေါင်းကာ "ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ" (Central

---

4 အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ကာကွယ်ရေးကဏ္ဍ အခြေပြ၊ စာမျက်နှာ ၄၁၊ http://rb.gy/lmnrf


Command and Coordination Committee – C3C) ကို ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း ဖွဲ့စည်းခဲ့သည်။ C3C တွင် အဖွဲ့ဝင်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌ၊ စစ်ဦးစီးချုပ် အစရှိသည့် နိုင်ငံရေး၊ စစ်ရေး ဆုံးဖြတ်ခွင့်ရှိသူများ ပါဝင်ပြီး NUG ၏ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုဝန်ကြီး၊ ပြည်ထဲရေးနှင့် လူဝန်မှုကြီးကြပ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးတို့က NUG ကိုယ်စားပြုပါဝင်နေပါသည်။ ပထဝီဝင် အနေအထား၊ စစ်ရေးနှင့်မဟာမိတ်စုဖွဲ့မှုအခြေအနေလိုက် စစ်ဒေသတစ်ခုကို ထိပ်ဆုံးတာဝန်ခံဖြစ်သော "စစ်ဒေသမှူးများ" ကို သက်ဆိုင်ရာ မဟာမိတ် ERO များမှ ထိပ်တန်းစစ်ဘက်တာဝန်ရှိသူများကို တာဝန်ပေးအပ်ကာ "စုစည်းတူညီသော ကွပ်ကဲမှု ကွင်းဆက်" (Unified Chain of Command) စနစ်ဖြင့် မြေပြင်တွင် ကွပ်ကဲဆောင်ရွက်လျက် ရှိသည်။[5]

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည့် NUG ၏ မဟာမိတ်ဆက်ဆံရေး ကော်မတီ(Alliance Relations Committee-ARC) သည်လည်း ERO များ အပါအဝင်၊ နိုင်ငံရေး ပါတီများ၊ တော်လှန်ရေး အင်အားစုများ၊ အတိုင်ပင်ခံကောင်စီများနှင့် သီးခြားတွေ့ဆုံဆွေးနွေးမှု များ ပြုလုပ်ခဲ့ပြီး လူသားချင်းစာနာမှု အကူအညီဆိုင်ရာ ကိစ္စများအပါအဝင် စစ်ရေး၊ ကာကွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် ကျယ်ကျယ်ပြန့်ပြန့် လက်တွဲဆောင်ရွက်လျက် ရှိပါသည်။




**အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ရခိုင်အမျိုးသားအဖွဲ့ချုပ် ULA/AA တို့ ၂၀၂၂ ခုနှစ် မေလ ၁၆ ရက်နေ့မှာ အွန်လိုင်းကတစ်ဆင့် တွေ့ဆုံခဲ့ကြစဉ်**

5 အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ကာကွယ်ရေးကဏ္ဍ အခြေပြ၊ စာမျက်နှာ ၃၇-၃၉၊ http://rb.gy/lmnrf




ARC အနေဖြင့် ၂၀၂၃ ခုနှစ် မေလ ၁၆ ရက်တွင် ရခိုင်အမျိုးသားအဖွဲ့ချုပ်၊ ရက္ခိုင့်တပ်တော် (ULA/AA) နှင့် အွန်လိုင်းမှတဆင့် တွေ့ဆုံဆွေးနွေးပါသည်။ ဆွေးနွေးပွဲတွင် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးမင်းကိုနိုင်နှင့် NUG ပြည်ထောင်စုဝန်ကြီးများ၊ ဒုဝန်ကြီးများပါဝင်ခဲ့ပြီး ULA/AA ဘက်တွင် ဥက္ကဋ္ဌဗိုလ်ချုပ်ထွန်းမြတ်နိုင် အထွေထွေအတွင်းရေးမှူး ဒေါက်တာညိုထွန်းအောင် တို့ တက်ရောက်ခဲ့သည်ကို တွေ့ရသည်။[6]

"ကျွန်တော်တို့ရဲ့ မဟာမိတ်ဆက်ဆံရေးကော်မတီကလည်း ကမ်းလှမ်းတာ၊ အလွတ်သဘော ဆွေးနွေးတာ၊ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုတွေနဲ့ ဆွေးနွေးပြီးတာလည်း ရှိပါတယ်။ ဆွေးနွေးရဦးမှာတွေလည်း ရှိပါတယ်။ ဆွေးနွေးပြီးတဲ့ အဖွဲ့တွေနဲ့လည်း ဆက်တိုက်ဆွေးနွေးနေပြီးတော့ ပူးတွဲလုပ်ဆောင်ရမယ့်အရာတွေကို ဘယ်လိုအကောင်အထည်ဖော် လုပ်ကိုင်မယ်ဆိုတာ မဟာဗျူဟာချမှတ်ပြီးတော့ လုပ်ဆောင်နေတာတွေ ရှိပါတယ်" ဟု NUG သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးကျော်ဇော်က ပြောပါသည်။[7]

ချုပ်၍ဆိုရသော် စစ်အာဏာသိမ်းကာလအတွင်း တွေ့ရှိခဲ့ရသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အခင်းအကျင်း အသစ်ကို လှမ်းမျှော်ကြည့်ပါက နွေဦးတော်လှန်ရေးအင်အားစုများဘက်မှ အခင်းအကျင်းနှင့် အာဏာသိမ်း စစ်အုပ်စုဘက်မှ အခင်းအကျင်းအဖြစ် လမ်းကြောင်းနှစ်ခုကို မြင်တွေ့ရပါသည်။

---

6 အမျိုးသားညီညွတ်ရေးအစိုးရဖွဲ့စည်းခြင်း (၂) နှစ်ပြည့် ပြည်သူသို့ အစီရင်ခံတင်ပြခြင်း၊ ၃ မေ ၂၀၂၃၊ http://rb.gy/5jnwd

7 အမျိုးသားညီညွတ်ရေး အစိုးရက "ဝ" အထူးဒေသ (၂) အား ဂ ပြည်နယ်ဟု သုံးစွဲခဲ့ခြင်းအပေါ် သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးကျော်ဇော်အား ဆက်သွယ်မေးမြန်းခြင်း http://rb.gy/cqg0r

နွေဦးတော်လှန်ရေးအင်အားစုများဘက်မှ အခင်းအကျင်းတွင် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ချုပ်ငြိမ်းရေးနှင့်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကို ဟစ်ကြွေးလျှောက်လှမ်းနေသော NUCC နှင့် NUG အစုအဖွဲ့များက ဦးဆောင်ပြီး ERO အားလုံးကို ဖိတ်ခေါ်ကမ်းလှမ်းလျက်ရှိသကဲ့သို့ မဟာမိတ်စုဖွဲ့ကာ စစ်ရေး၊ နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှုများလည်း ရှိနေပြီ ဖြစ်ပါသည်။

အာဏာသိမ်းစစ်အုပ်စုဘက်မှ ကမကထပြုသော စစ်အုပ်စုစပွန်ဆာ တွေ့ဆုံဆွေးနွေးရေးအခင်းအကျင်းတွင်တော့ စစ်အာဏာသိမ်းမှုကြောင့် ရပ်တန့်သွားသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) အခြေပြုလမ်းကြောင်းကို ပြန်လည်အသက်သွင်းရန် ကြိုးပမ်းနေပြီး စစ်အာဏာသိမ်းမှုဆန့်ကျင်သော ERO များကို ချန်လှပ်ကာ ငြိမ်းချမ်းရေးညီလာခံတရပ် ကျင်းပနိုင်ရေးမျှော်မှန်းနေသည်ကို တွေ့ရပါသည်။

ယခုအခါ အမျိုးသားညီညွတ်ရေးအစိုးရသည် ပြည်သူ့တော်လှန်ရေးအတွက် တစ်နှစ်စီမံချက် (One Year Plan) ကို မဟာမိတ်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးကာ ရေးဆွဲချမှတ်အကောင်အထည်ဖော်လျက် ရှိပါသည်။ ၎င်းစီမံချက်အရ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ နိုင်ငံခြားရေး၊ စိတ်ဓာတ်စစ်ဆင်ရေးနှင့် လူထုဆက်ဆံရေး၊ အုပ်ချုပ်ရေး ဟူသော စစ်မျက်နှာ (၆) ခုဖြင့် စစ်မျက်နှာအစုံဖွင့်ကာ အာဏာသိမ်း စစ်အုပ်စုအား ပုံဖော်ဆင်နွှဲလျက် ရှိပါသည်။[၈]

အာဏာသိမ်းစစ်အုပ်စုဘက်တွင်တော့ အထက်ဖော်ပြပါ နွေဦးတော်လှန်ရေးအင်အားစုများဘက်မှ ပုံဖော်ဆင်နွှဲလျက်ရှိသော စစ်မျက်နှာအလိုက် ရှန်းကန်နေရသည်ကို တွေ့ရသည်။ တရားမဝင် အာဏာသိမ်းစစ်ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေးဦးတည်ချက်များတွင် ထည့်သွင်းဖော်ပြထားသည့် "NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး" မျှော်မှန်းချက်သည်လည်း စစ်အာဏာသိမ်းကာလ ၂ နှစ်ခွဲ ကျော်လွန်လာသည်အထိ လက်ဆုပ်လက်ကိုင်ပြစရာတစ်ခုမျှ မရှိသေးဟု ဆိုရပါမည်။

လက်ရှိအသုံးပြုနေသော အာဏာသိမ်းစစ်အုပ်စု၏ တွေ့ဆုံဆွေးနွေးရေးအစီအစဉ်တွင် ERO များကိုသာ အဓိက ဖိတ်ခေါ်ဆွေးနွေးနေခြင်း ဖြစ်သည်။ ယင်းသို့ စစ်အုပ်စုနှင့် အလွတ်သဘောတွေ့ဆုံဖြစ်ကြသည့် ERO တချို့ကို လေ့လာကြည့်လျှင်လည်း အာဏာသိမ်းစစ်အုပ်စုနှင့် စစ်ရေးပဋိပက္ခ မရှိသည့်အစုအဖွဲ့များသာ ဖြစ်နေကြောင်း ထူခြားစွာ တွေ့ရှိရပါသည်။ နွေဦးတော်လှန်ရေးအင်အားစုများဖြစ်သော အမျိုးသား ညီညွတ်ရေးအစိုးရ (NUG)၊ မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF-LDF) များ နှင့်အတူ ပူးပေါင်းပါဝင်ကူညီလျက်ရှိသော ERO များ

၈ အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ကာကွယ်ရေးကဏ္ဍအခြေပြု၊ စာမျက်နှာ ၄၂၊ http://rb.gy/lmnrf

ကိုမူ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးက ပြတ်ပြတ်သားသား အရေးယူသွားမည်ဟု ဆိုထားပါသည်။[9]

၂၀၂၃ ခုနှစ်သည် နွေဦးတော်လှန်ရေး၏ အဆုံးအဖြတ်ကာလအဖြစ် နွေဦးတော်လှန်ရေး အင်အားစုများက ကြွေးကြော်ထားကြသည်။ စစ်အုပ်စုစိတ်ကြိုက် ခင်းကျင်းလာမည့် တွေ့ဆုံဆွေးနွေးရေးအစီအစဉ်ကို ရှောင်လွှဲနိုင်ရန်အတွက် နွေဦးတော်လှန်ရေးအင်အားစုများအကြား အားလုံးသဘောတူညီထားသည့် အစီအစဉ်နှင့် မဟာဗျူဟာအစီအမံများချမှတ်ကာ နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ပြည်သူလူထုအကြား ခင်းကျင်းချပြထားနိုင်ရန် ပြင်ဆင်ထားရပေလိမ့်မည်။ လမ်းပြမြေပုံ (၁၂) ချက်ဖြင့် ဦးတည်လျှောက်လှမ်းနေသော နွေဦးတော်လှန်ရေး အင်အားစုများ၏ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးသည် အာဏာသိမ်းစစ်အုပ်စု၏ တွေ့ဆုံဆွေးနွေးရေးအခင်းအကျင်းမှ တဆင့် ဖြစ်ပေါ်လာနိုင်ချေ အလွန်နည်းပါးသည်ဟု ရှုမြင်မိပါသည်။

အာဏာသိမ်းစစ်အုပ်စုသည် NCA စာချုပ်နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖက်တွယ်ကာ "ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု" ကြွေးကြော်ပြီး နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး စသည့် ကဏ္ဍအသီးသီးတွင် ၎င်းတို့ ၏ အခန်းကဏ္ဍကို ချဲ့ထွင်ရန် အစဉ်တစိုက် ကြိုးပမ်းလျက်ရှိပါသည်။ နွေဦးတော်လှန်ရေး အင်အားစုများဘက်တွင်တော့ ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို လက်တွေ့ကျင့်သုံးသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး (System Change) ကို ဦးတည်ပြီး အာဏာရှင်စနစ်ကို ရှင်သန်စေမည့် အုပ်ချုပ်သူအပြောင်းအလဲ (Regime Change) မဟုတ်ကြောင်း NUCC နှင့် NUG တို့က ၂၀၂၃ ခုနှစ် ဩဂုတ်လ ၆ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။[10]

နိုင်ငံတဝှမ်းလုံးရှိ ခေတ်ပြောင်း၊ စနစ်ပြောင်း တော်လှန်ရေးကြီးကို မဆုတ်မနစ်၊ ကြံ့ကြံ့ခံ တွန်းလှန်ဆင်နွှဲလျက်ရှိသော တိုင်းရင်းသားပြည်သူလူထုအပေါင်းနှင့် လက်တွဲကာ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် အပြည့်အဝ အာမခံချက်ရှိသော နိုင်ငံရေး လုပ်ငန်းစဉ်များအား အန္တိမရည်မှန်းချက် ပန်းတိုင်ရောက်သည်အထိသာ တူညီမျှမှုကို ကိုယ်စားပြုသည့် စုပေါင်းခေါင်းဆောင်မှုနှင့် စုပေါင်းတာဝန်ယူမှုဖြင့် နောက်မဆုတ်စတမ်း ချီတက်တိုက်ပွဲဝင်သွားမည်ဟု ကတိပြုကြောင်းလည်း NUCC နှင့် NUG တို့က ဆိုပါသည်။

စစ်အာဏာသိမ်းကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အခင်းအကျင်းသစ်ကို မှန်းမျှော်ကြည့်လျှင် စစ်အာဏာသိမ်းမှုအောင်မြင်ရေး ကြိုးပမ်းနေသောစစ်အုပ်စုနှင့် စစ်အာဏာ

9 Keep a watch out for military-sponsored dialogue - Issue 115, BNI-MPM, http://rb.gy/u53qq

10 နွေဦးတော်လှန်ရေး၌ အတူတကွလက်တွဲ တိုက်ပွဲဝင်နေကြသော တော်လှန်ရေးအဖွဲ့အစည်းများ၏ ဘုံရပ်တည်ချက်သဘောထား ပူးတွဲထုတ်ပြန်ချက် http://rb.gy/4dsrn

သိမ်းမှုအား ဆန့်ကျင်နေသော နွေဦးတော်လှန်ရေးအင်အားစုတို့သည် ၎င်းတို့၏ မတူညီသော ဦးတည်ချက်များ၊ မက်လုံးများ၊ အာမခံ ကတိကဝတ်များဖြင့် ERO များအား အပြိုင်အဆိုင် စည်းရုံးနေကြရသည့် အခြေအနေမျိုးတွင်သာ ရှိနေသေးသည်ကို တွေ့ရသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အခင်းအကျင်းအသစ်သည် ERO တစ်ခုတစ်ဖွဲ့ချင်းစီ၏ ရွေးချယ်မှုအပေါ် များစွာ မူတည်နေသည်ဟု ဆိုရပါလိမ့်မည်။

| ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) |
|---|
| ဖွဲ့စည်းသည့် ရက်စွဲ - ၁၆ ဧပြီ ၂၀၂၂ |
| နိုင်ငံတော်သမ္မတ - ဦးဝင်းမြင့် (စစ်ကောင်စီမှ ဖမ်းဆီးထားသည်) |
| နိုင်ငံတော်ဒုတိယသမ္မတ (ယာယီသမ္မတ) - ဒူဝါလရှီးလ |
| နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် - ဒေါ်အောင်ဆန်းစုကြည် (စစ်ကောင်စီမှ ဖမ်းဆီးထားသည်) |
| ပြည်ထောင်စုဝန်ကြီးချုပ် - မန်းဝင်းခိုင်သန်း |
| ပြည်ထောင်စုဝန်ကြီး - ၁၇ ဦး |
| ပြည်ထောင်စုဒုတိယဝန်ကြီး - ၁၆ ဦး |
| Facebook - https://www.facebook.com/NUGmyanmar |
| Website - https://gov.nugmyanmar.org/ my/about-nug-my/ |

ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရသည် NUCC နှင့် ညှိနှိုင်း၍ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုပဋိညာဉ်၏ အစိတ်အပိုင်း (၁) ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်နှင့် နိုင်ငံရေးလမ်းပြမြေပုံ အဆင့်ဆင့်တို့ကို လက်တွေ့ အကောင်အထည်ဖော်ရမည်ဖြစ်ပြီး CRPH အား တာဝန်ခံရမည်ဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေး၊ စစ်ရေးနှင့် ပြည်သူ့ရင်ခွင် ခိုလှုံရေးလုပ်ငန်းစဉ်များ၊ အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) အစီအမံများ၊ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေး ဖော်ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေးစသော ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ လုပ်ငန်းများ စသည်တို့ကို NUG က ဆောင်ရွက်နေပါ သည်။ အထူးသဖြင့် မဟာမိတ် ဆက်ဆံရေးကော်မတီ(ARC) ကို ဖွဲ့စည်းကာ တိုင်းရင်းသားအဖွဲ့အစည်း ERO များ အပါအဝင်၊ နိုင်ငံရေးပါတီများ၊ တော်လှန်ရေးအင်အားစုများ၊ အတိုင်ပင်ခံကောင်စီများနှင့် သီးခြားတွေ့ဆုံ ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး လူသားချင်းစာနာမှုအကူအညီဆိုင်ရာ ကိစ္စများအပါအဝင်

စစ်ရေး၊ ကာကွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် ကျယ်ကျယ်ပြန့်ပြန့် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း NUG ဖွဲ့စည်းခြင်း (၂) ပြည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။ [11]

| နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) | | |
|---|---|---|
| ဥက္ကဋ္ဌ | - | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် |
| ဒုတိယဥက္ကဋ္ဌ | - | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း |
| အတွင်းရေးမှူး | - | ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး |
| တွဲဖက်အတွင်းရေးမှူး | - | ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး |
| အဖွဲ့ဝင် | - | ၁၄ ဦး |

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် တရားမဝင်အာဏာသိမ်းခဲ့သည့် စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အာဏာသိမ်းစစ်အုပ်စုသည် "ပုံမှန်အခြေအနေ မဟုတ်သေး" ဟု အကြောင်းပြကာ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်တွင် ၎င်းတို့၏ မအောင်မြင်သေးသော စစ်အာဏာသိမ်းရန် ကြိုးပမ်းနေမှုကို (၆) လ သက်တမ်း ထပ်တိုးထားသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တစ်နှစ်တာအရေးပေါ်ကာလ တကြိမ်နှင့် (၆)လတာသက်တမ်းတိုးမှု နှစ်ကြိမ်သာ ခွင့်ပြုထားသော်လည်း စစ်ဗိုလ်ချုပ်ဟောင်းဦးမြင့်ဆွေက စတုတ္ထအကြိမ်မြောက် (၆) လတာ သက်တမ်းတိုးခြင်းကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါ စတုတ္ထအကြိမ်မြောက် (၆)လ သက်တမ်းတိုးမှုအပြီးတွင် အာဏာသိမ်းစစ်ကောင်စီနှင့် စစ်ကောင်စီလက်အောက်ခံ ပြည်ထောင်စု အစိုးရအဖွဲ့အတွင်း အဖွဲ့ဝင်များအား ပြောင်းရွှေ့ခြင်း၊ ထုတ်ပယ်ခြင်းနှင့် အသစ်ခန့်အပ်ခြင်းတို့ကို အများအပြားပြုလုပ်ပြီး ၎င်းတို့၏ မအောင်မြင်သေးသော စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုကို ဆွဲဆန့်ရန် ပြင်ဆင်ခဲ့ပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နာမည်နှင့်အတူ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ကို စစ်ကောင်စီအဖွဲ့ဝင်အဖြစ် ထည့်သွင်းခဲ့သည်ကို တွေ့ရသည်။ အစိုးရအဖွဲ့ရုံး ပြည်ထောင်စုဝန်ကြီးနှင့် စစ်ကောင်စီ၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်ခြင်းခံထားရသည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ကို ၂၀၂၃ ခုနှစ်

11 "အမျိုးသားညီညွတ်ရေးအစိုးရဖွဲ့စည်းခြင်း (၂) နှစ်ပြည့် ပြည်သူသို့ အစီရင်ခံတင်ပြခြင်း" http://rb.gy/is6cp

ဩဂုတ်လ ၃ ရက်တွင် စစ်ကောင်စီလက်အောက်ခံ အစိုးရအဖွဲ့၏ ပြည်ထဲရေးဝန်ကြီးအဖြစ် ပြောင်းရွှေ့ပစ်ခဲ့သည်။

ထို့ကြောင့် စစ်ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ် အနက် အရေးပါသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် စီမံဆောင်ရွက်မည့်သူနှင့် လုပ်ငန်းပိုင်းဆိုင်ရာ အပြောင်းအလဲများ ရှိ၊ မရှိ ဟူသည်က မေးခွန်းထုတ်စရာ ဖြစ်နေပါသည်။

| ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ - (PPST) | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၂၆ မတ် ၂၀၁၆ |
| ရုံးချုပ် | - | ချင်းမိုင် |
| လက်ရှိအဖွဲ့ခေါင်းဆောင် | - | ဗိုလ်မှူးကြီးခွန်ဥက္ကာ (PNLO) |
| ဒုအဖွဲ့ခေါင်းဆောင် | - | စောမြရာဇာလင်း (ALP) |
| ကိုယ်စားပြုအဖွဲ့ | - | PPST အဖွဲ့ဝင် (၅) ဖွဲ့ |

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် စစ်အာဏာသိမ်းမှုသည် NCA လက်မှတ်ရေးထိုးထားကြသည့် ERO (၁၀) ဖွဲ့မှ ကိုယ်စားလှယ်များဖြင့် စုဖွဲ့ထားသည့် PPST အပေါ် ရိုက်ခတ်သက်ရောက်မှု အလွန်ကြီးမားခဲ့သည်ဟု ဆိုရပါမည်။ PPST အဖွဲ့အတွင်းမှ KNU/KNLA နှင့်CNF/CNAတို့သည် နွေဦးတော်လှန်ရေး အင်အားစုများဘက်တွင် တင်းပြည့်ကျပ်ပြည့် ပူးပေါင်းပါဝင်လှုပ်ရှားလျက်ရှိပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးတည်လျှောက်လှမ်းလျက်ရှိသည်။ ABSDF ဆိုလျှင်လည်း PPST တွင် ဆက်လက်ပါဝင်နေသည့်တိုင် နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်ရေးအင်အားစုများနှင့် ပူးပေါင်းကာ စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်လျက်ရှိပြီး စစ်ခေါင်းဆောင်၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်မှုအား ငြင်းပယ်ထားပါသည်။

RCSS/SSA သည် PPST ၏ ဦးဆောင်မှုနေရာမှ နောက်ဆုတ်သွားခဲ့ပြီး ပါဝင်မှုကို အဆင့်လျှော့ချထားသည်။ သို့သော် အာဏာသိမ်းစစ်အုပ်စုနှင့် RCSS/SSA အကြား တွေ့ဆုံဆွေးနွေးမှုများတော့ ရှိနေဆဲ ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၂၂ ခုနှစ် ဧပြီ ၃ရက်တွင် NMSP မှ နိုင်အောင်မင်းက PPST ၏ အဖွဲ့ခေါင်းဆောင်ဖြစ်လာခဲ့သည်။ PPST အနေဖြင့် မဟာလူမျိုးကြီးဝါဒနှင့် အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ အမျိုးသား တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် စစ်မှန်သော ဖက်ဒရယ် ဒီမိုကရေစီတည်ဆောက်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည်ဟု ၂၀၂၂ ခု နှစ် ဧပြီလ ၃ ရက် ထုတ်ပြန်ချက်က ဆိုပါသည်။

၂၀၂၃ ခုနှစ် ဧပြီလ ၂၀ ရက်နှင့် ၂၁ ရက်တွင် ပြုလုပ်ခဲ့သော PPST အစည်းအဝေးအပြီး နောက်ပိုင်းတွင်တော့ NMSP သည်လည်း PPST မှ နုတ်ထွက်ရန် စတင်ခဲ့ပါသည်။ ယခုအခါ ၂၀၂၃ ခုနှစ် ဇွန်လ တတိယအပတ်အတွင်း ပြုလုပ်ခဲ့သည့် အာဏာသိမ်းစစ်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးမှုတွင်တော့ ဗိုလ်မှူးကြီးခွန်ဥက္ကာ ဦးဆောင်သည့် PPST အဖွဲ့ဝင် (၅) ဖွဲ့သာ တစုတစည်းတည်း ပါဝင်နိုင်ခဲ့သည်ကို တွေ့ရသည်။ အဆိုပါ PPST အဖွဲ့ဝင် (၅) ဖွဲ့တွင် PNLO/PNLA၊ ALP/ALA၊ DKBA၊ KPC နှင့် LDU တို့ ပါဝင်သည်။

ဆိုရသော် NCA လက်မှတ်ထိုးထားသည့် ERO (၁၀) ဖွဲ့မှ ကိုယ်စားလှယ်များဖြင့် စုဖွဲ့ထားသည့် PPST သည် ခေါင်းဆောင်မှုအပိုင်း အပြောင်းအလဲနှင့် အဖွဲ့ဝင် အဖွဲ့အစည်းများအကြား သဘောထားအမြင် မတူညီမှုများနှင့် ဘုံအကျိုးစီးပွား ကွာဟချက်များကို စစ်အာဏာသိမ်းမှုကြောင့် ပိုမိုသိသာလာစေခဲ့ပါသည်။

| | |
|---|---|
| **ပြည်ထောင်စု နိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ - (FPNCC)** | |
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၁၅ - ၁၉ ဧပြီ ၂၀၁၇ |
| အဖွဲ့ဝင်များ | - UWSP/UWSA ၊ KIO/KIA ၊ SSPP/SSA ၊ MNTJP/MNDAA ၊ NDAA/ESS ၊ PSLF/TNLA ၊ ULA/AA |
| ဥက္ကဋ္ဌ (၁) | - ဦးပေါက်ယူချန် (UWSP/UWSA) |
| ဥက္ကဋ္ဌ (၂) | - ဗိုလ်ချုပ်ကြီး အင်ဘန်လ (KIO/KIA) |
| အတွင်းရေးမှူး | - ဦးပေါက်ယူရီ |

NCA မဟုတ်သော တခြားလမ်းကြောင်းရှာဖွေကာ အဖွဲ့ဝင်အားလုံး တစုတစည်းတည်း ဆွေးနွေးရန် မူဝါဒချမှတ်ထားသည့် FPNCC သည် စစ်အာဏာသိမ်းကာလအတွင်းတွင်တော့ အဆိုပါမူဝါဒကို ယိုင်နဲ့သွားခဲ့သည်ဟု ဆိုရပါမည်။ ဥက္ကဋ္ဌ (၁) အဖြစ် တာဝန်ယူထားသည့် UWSP/UWSA အပါအဝင် NDAA/ESS၊ SSPP/SSA တို့သည် အာဏာသိမ်းစစ်အုပ်စု၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းမှုကို ငြင်းပယ်နိုင်စွမ်းမရှိကြဘဲ နေပြည်တော်သို့ သွားရောက်တွေ့ဆုံဆွေးနွေးမှုများ ရှိခဲ့ပါသည်။

အခြားသောအဖွဲ့ဝင်များဖြစ်သည့် MNTJP/MNDAA၊ PSLF/TNLA နှင့် ULA/AA တို့သည်လည်း တရုတ်အစိုးရ၏ ကြားဝင်စေ့စပ်မှုကြောင့် ၂၀၂၃ ခုနှစ် ဇွန်လဆန်းပိုင်းတွင် အာဏာသိမ်းစစ်အုပ်စုနှင့် မိုင်းလားမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ သို့သော် မည်သည့်

သဘောတူညီချက်မျှမရရှိဘဲ ဆွေးနွေးမှုဒုတိယမြောက်နေ့တွင် ရပ်ဆိုင်းသွားခဲ့သည်။[12] ညီနောင်မဟာမိတ် (၃) ဖွဲ့သည် အာဏာသိမ်းစစ်ကောင်အုပ်စုအား ခုခံတော်လှန်စစ် ဆင်နွှဲနေကြသည့် ဗမာပြည်လွတ်မြောက်ရေးတပ်မတော် (BPLA)၊ ကျောင်းသားလက်ရုံးတပ် (SAF) စသော နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်ရေးအင်အားစုများအား အပြည့်အဝ ဝန်းရံကာ ပံ့ပိုးကူညီလျက်ရှိသည်ကို တွေ့ရပါသည်။

FPNCC ၏ ဥက္ကဌ (၂) တာဝန်ယူထားသည့် KIO/KIA သည်လည်း နွေဦးတော်လှန်ရေးအင်အားစုများဘက်တွင် အပြည့်အဝရပ်တည်ကာ ခုခံတော်လှန်စစ်တွင် ဦးဆောင်ဦးရွက်ပြု ပါဝင်လျက်ရှိပါသည်။ ထို့ကြောင့် ငြိမ်းချမ်းလုပ်ငန်းစဉ် အခင်းအကျင်းအသစ်အတွက် FPNCC ၏ အခန်းကဏ္ဍသည် လမ်းကြောင်းနှစ်ခုစလုံးကို ဖြန့်ကျက်ထားသည်ဟု ဆိုရမည်ဖြစ်ပါသည်။

12 စစ်ကောင်စီနှင့် မြောက်ပိုင်းမဟာမိတ် ၃ ဖွဲ့တွေ့ဆုံဆွေးနွေးမှုမည်သည့်သဘောတူညီချက်မှရရှိခြင်းမရှိဘဲ ရပ်ဆိုင်းခဲ့ http://rb.gy/1uqsk

# စစ်အာဏာသိမ်းကာလအတွင်း
# ဇာတ်ကောင်အသစ်များ

| အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ - NUCC | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် ရက်စွဲ | - | ၈ မတ် ၂၀၂၁ |
| ကဏ္ဍအလိုက် အစုအဖွဲ့ | - | ၅ ခု |
| အဖွဲ့ဝင် အဖွဲ့အစည်းပေါင်း | - | ၂၇ ဖွဲ့ |
| အထူးလေ့လာသူ | - | ၁ ဖွဲ့ |
| Facebook | - | https://www.facebook.com/nucc.federal |
| Website | - | https://nucc-federal.org/my/ |

## ပြည်ထောင်စုမျှော်ရည်ချက်

လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုကို အာမခံပြီး ငြိမ်းချမ်းသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်မည်။

## ပြည်ထောင်စုစံတန်ဖိုး

ပြည်ထောင်စုကြီးကို တည်ဆောက်ရန်အတွက် အခြေခံလူ့အခွင့်အရေး (Fundamental Human Rights)၊ ဒီမိုကရေစီအခွင့်အရေး (Democratic Rights)၊ လူနည်းစုအခွင့်အရေး (Minority Rights)၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Equality and Self-Determination)၊ စုပေါင်းခေါင်းဆောင်မှု (Collective Leadership)၊ စုံလင်ကွဲပြားမှုကို အပြန်အလှန်လေးစား အသိအမှတ်ပြုခြင်း (Pluralism, Mutual Respect and Mutual Recognition)၊ သဟဇာတဖြစ်ခြင်းနှင့် မတူကွဲပြားမှုကို လက်ခံသော ညီညွတ်ခြင်း (Unity in Diversity)၊ ဂျန်ဒါ တန်းတူရေး (Gender Equality)၊ ခွဲခြားဆက်ဆံမှုမရှိခြင်း (လူမျိုး၊ ကိုးကွယ်ယုံကြည်မှု၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကျား/မ၊ မသန်စွမ်းမှု၊ လိင်စိတ်ခံယူမှု) (Non-Discrimination) တို့ကို စံတန်ဖိုးအဖြစ် ယုံကြည်လက်ခံသည်။

| ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (မြန်မာနိုင်ငံ) - MPU | |
|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - ၁၉၉၆ |
| အဖွဲ့ဝင် | - ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲအနိုင်ရလွှတ်တော် ကိုယ်စား(၃၄)ဦး |
| ပြောခွင့်ရသူ | - ဒေါက်တာတင့်ဆွေ၊ ဦးဘိုလှတင့်၊ ဦးမောင်မောင်အေး၊ ဦးဘိုသောင်း |
| ပါဝင်သော အစုအဖွဲ့ | - NUCC ၏ ရွေးကောက်ခံ လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ |

| ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ - CRPH | | |
|---|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - | ၅ ဖေဖော်ဝါရီ ၂၀၂၁ |
| ဥက္ကဋ္ဌ | - | ဦးအောင်ကြည်ညွန့် |
| အတွင်းရေးမှူးအဖွဲ့ဝင် | - | ဦးထွန်းမြင့်၊ ဒေါ်ဖြူဖြူသင်း၊ မိုင်းလမင်းထွန်း |
| အဖွဲ့ဝင် | - | ၂၀ ဦး |
| ပါဝင်သော အစုအဖွဲ့ | - | NUCC ၏ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ |
| Facebook | - | https://www.facebook.com/crph.official.mm |
| Website | - | https://crphmyanmar.org/my/ |

## နိုင်ငံရေးရည်မှန်းချက်များ

- စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေး၊
- နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် ဖမ်းဆီးထိန်းသိမ်းခံထားရသူ အားလုံး လွှတ်မြောက်ရေး၊
- ဒီမိုကရေစီအပြည့်အဝ ရရှိစေရေး၊
- ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖျက်သိမ်း၍ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ အသစ်တစ်ရပ် ရေးဆွဲပေါ်ပေါက်ရေး

## လုပ်ဆောင်ချက်များ

- အာဏာသိမ်းစစ်ကောင်စီအား အကြမ်းဖက်အုပ်စုအဖြစ် ၂၀၂၁ ခုနှစ် မတ်လ ၁ ရက်တွင် ကြေညာခဲ့ပါသည်။
- ၂၀၂၁ ခုနှစ် မတ် ၁၇ရက်တွင် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင် တိုင်းရင်းသားအားလုံး ပါဝင်နိုင်ရေး တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ(EROs)အား အကြမ်းဖက်အဖွဲ့အစည်းဝင်များမှ ဖြစ်စေ၊ မတရားအသင်းဝင်များမှဖြစ်စေပယ်ဖျက်ကြောင်း ကြေညာ။
- ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းကြောင်း ကြေညာ။
- ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၆ ရက်တွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အား ဖွဲ့စည်း။
- ဥပဒေရေးရာ၊ ဖက်ဒရယ်ရေးရာ၊ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ၊ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ၊ NUCC ရေးရာ စသည့် ကဏ္ဍအလိုက်ရေးရာ ကော်မတီများ (၁၂) ခု အထိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိ။

- နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေနှင့် ပြည်သူ့ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ အပါအဝင် ဥပဒေ ၈ ခုကို ပြင်ဆင်ပြဌာန်းခဲ့။
- လက်ရှိကာလတွင် ဖက်ဒရယ်ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီမှုမရှိသည့် ဥပဒေများ ဖျက်သိမ်းရေး၊ ခိုင်မာအားကောင်းသည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်အားတည်ဆောက်ရာတွင် လိုအပ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားဥပဒေနှင့် မူဝါဒများကို ဥပဒေရေးရာကော်မတီ၊ ဖက်ဒရယ်ရေးရာကော် မတီနှင့် NUCC ရေးရာကော်မတီတို့ ဦးဆောင်ကာ သုံးသပ်ဆွေးနွေး ဆောင်ရွက်နေ။ [1]
- ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်၊ ၂၀၂၀ ပြည့်နှစ် တတိယအကြိမ်လွှတ်တော်၏ ပထမဆုံး အရေးပေါ် အစည်းအဝေးမှ စတင်ပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါ ၂ ရက်အထိ ပြည်ထောင်စု လွှတ်တော်အစည်းအဝေး ၅ ကြိမ်အထိ ကျင်းပပြုလုပ်ထားသည်။

| လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ - DPNS | | |
|---|---|---|
| ဖွဲ့စည်းသည့် ရက်စွဲ | - | ၁၄ အောက်တိုဘာ ၁၉၈၈ |
| ဥက္ကဋ္ဌ | - | ရဲဘော်အောင်မိုးဇော် |
| ပါဝင်သော အစုအဖွဲ့ | - | NUCC ၏ နိုင်ငံရေးပါတီများ အစုအဖွဲ့ |
| Facebook | - | https://www.facebook.com/officialdpns |
| Website | - | https://www.dpnsburmese.org/ |

၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးက သန္ဓေတည်မွေးဖွားပေးခဲ့သော လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီသည် ၂၁ ရာစု စစ်အာဏာသိမ်းကာလအတွင်း လူမျိုးစုံမြန်မာပြည်သူတို့ ဆင်နွှဲ လျက်ရှိသော စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ရေး ဆန့်ကျင်တော်လှန်နေသည့် နွေဦး တော်လှန်ရေးတွင် နိုင်ငံရေးပါတီတရပ်အနေဖြင့် သိသာထင်ရှားစွာ ပါဝင်လှုပ်ရှားလျက်ရှိပါသည်။

1 ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ၊ http://rb.gy/6p7f8

| စစ်အာဏာရှင်ဆန့်ကျင်ရေး ပြည်သူ့အင်အားစုများ ချိတ်ဆက်ညှိနှိုင်းရေး ကော်မတီ (မန္တလေး) AFCC - Mandalay | | |
|---|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - | ၁၁ ဖေဖော်ဝါရီ ၂၀၂၁ |
| အဖွဲ့ဝင်အဖွဲ့အစည်း | - | ၁၈ ဖွဲ့ [2] |
| ပါဝင်သော အစုအဖွဲ့ | - | NUCC ၏ သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊အာဏာရှင်စနစ် ဆန့်ကျင်ရေးတွင်ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများ အပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ အစုအဖွဲ့ |
| Facebook | - | https://www.facebook.com/ AFCCMandalay |

သံဃာတော်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ကျောင်းသားသမဂ္ဂများ/အဖွဲ့အစည်းများ၊ အလုပ်သမားနှင့် တောင်သူလယ်သမားသမဂ္ဂများ/အဖွဲ့အစည်းများ၊ အာဏာသိမ်းမှုဆန့်ကျင်ကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ သပိတ်အင်အားစုများ စသည့် ကဏ္ဍအသီးသီးမှ ကိုယ်စားလှယ် (၃၁) ဦး ဖြင့် AFCC-Mandalay ကို ကနဦး စုဖွဲ့ထားသည်။ စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး၊ ဒီမိုကရေစီရေးအတွက် နည်းနာပုံစံမျိုးစုံဖြင့် တိုက်ပွဲဝင်သွားမည်ဟု သန္နိဋ္ဌာန်ပြုထားပါသည်။ [3]

| မြန်မာနိုင်ငံအလုပ်သမားတပ်ပေါင်းစု - MLA | | |
|---|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - | ၂၀၁၉ |
| အဖွဲ့ဝင်အဖွဲ့အစည်း | - | ၁၆ ဖွဲ့ |
| ပါဝင်သော အစုအဖွဲ့ | - | NUCC ၏ သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊အာဏာရှင်စနစ်ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများ အပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ အစုအဖွဲ့ |
| Facebook | - | https://www.facebook.com/ myanmarlaboralliance |

2 စာအမှတ် ၁၂/မတ်/၂၀၂၁ http://rb.gy/px0x6

3 စစ်အာဏာရှင်ဆန့်ကျင်ရေး ပြည်သူ့အင်အားစုများ ချိတ်ဆက်ညှိနှိုင်းရေးကော်မတီ (မန္တလေး) http://rb.gy/sj18u

မြန်မာနိုင်ငံအတွင်းရှိ အလုပ်သမားများနှင့် တောင်သူလယ်သမားများ၏ လူမှုအကျိုးစီးပွားများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ကာ နိုင်ငံတဝှမ်းလုံးရှိ အလုပ်သမားအဖွဲ့ချုပ်များနှင့် အလုပ်သမားအရေး လှုပ်ရှားဆောင်ရွက်လျက်ရှိသည့် အဖွဲ့စည်းများဖြင့် စုဖွဲ့ထားခြင်းသည်။

အာဏာရှင်ဟူသမျှကို ပြည်သူလူထုနှင့်အတူ အမြစ်ဖြတ်ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု ကတိပြုထားပြီး ILO Convention (၉၈) အပါအဝင် အလုပ်ခွင်အခြေခံစည်းမျဉ်းများနှင့် လုပ်ပိုင်ခွင့်များဆိုင်ရာ ပြဋ္ဌာန်းချက်များအား လက်မှတ်ထိုးရေး၊ အနည်းဆုံးအခကြေးငွေကို ဥပဒေနှင့်အညီ သတ်မှတ်ပေးရေးနှင့် နွေဦးတော်လှန်ရေးကာလအတွင်း ထိခိုက်နစ်နာခဲ့ရသော အလုပ်သမားများ၊ ပုဂ္ဂလိကဝန်ထမ်း (CDM) များ၊ နိုင်ငံ့ဝန်ထမ်း CDM များနှင့် စပ်လျဉ်း၍ အသွင်ကူးပြောင်းရေးကာလဆိုင်ရာ တရားမျှတမှု ဖော်ဆောင်ပေးရေး ဟူသည့် အချက် (၃) ချက်ကို MLA က တောင်းဆိုထားသည်။ [4]

| အထွေထွေသပိတ်ပေါင်းစပ်ညှိနှိုင်းရေးအင်အားစု - GSCB | | |
|---|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - | ၃၀ မတ် ၂၀၂၁ |
| အဖွဲ့ဝင်အဖွဲ့အစည်း | - | ၃၇ ဖွဲ့ |
| ပါဝင်သော အစုအဖွဲ့ | - | NUCC ၏ သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ အစုအဖွဲ့ |
| Facebook - https://www.facebook.com/gscbmyanmar | | |

စစ်အာဏာရှင်စနစ် အမြစ်ဖြတ်ချေမှုန်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ချွင်းချက်မရှိ ပယ်ဖျက်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး ၊ ဖမ်းဆီးခံနိုင်ငံရေးခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူ ကျောင်းသားပြည်သူများအား ချက်ချင်းလွှတ်ပေးရေး ဟူသည့် ရည်ရွယ်တောင်းဆိုချက်များဖြင့် ဖွဲ့စည်းထားသော GSCB တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်အာဏာသိမ်းမှုဆန့်ကျင်သော အဖွဲ့အစည်းပေါင်း ၃၇ ခုအထိ စုစည်းပေါင်းစပ်ပါဝင်လျက်ရှိသည်ကို တွေ့ရပါသည်။

4 ၁၃၃ နှစ်မြောက် ကမ္ဘာ့အလုပ်သမားနေ့သို့ ပေးပို့သော သဝဏ်လွှာ http://rb.gy/o05mo

| အခြေခံနှင့်အဆင့်မြင့်ပညာအထွေထွေသပိတ်ကော်မတီ- GSCBHE | | |
|---|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - | ၄ မေ ၂၀၂၁ |
| အဖွဲ့ဝင်အဖွဲ့အစည်း | - | ၂၀ ဖွဲ့ |
| ပါဝင်သော အစုအဖွဲ့ | - | NUCC ၏သမဂ္ဂများ၊အမျိုးသမီးများ၊လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ အစုအဖွဲ့ |
| Facebook | - | https://www.facebook.com/gscbhe |

စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးအတွက် NUG ၊ CRPH တို့နှင့်အတူ လက်တွဲတိုက်ပွဲဝင်သွားရန်၊ CDM သပိတ်လက်နက်ကို စွဲကိုင်ပြီး အခြေခံနှင့် အဆင့်မြင့်ပညာရှိ CDM တိုက်ပွဲဝင်နေကြသော ပညာရေးဝန်ထမ်းများအား ထိရောက်စွာကူညီပံ့ပိုးနိုင်ရန်နှင့် GSCB အပါအဝင် တစ်နိုင်ငံလုံးရှိ သပိတ်ကော်မတီပေါင်းစုံနှင့်အတူ လက်တွဲ၍ သပိတ်တိုက်ပွဲမျိုးစုံ၌ ပညာရေးတိုက်ပွဲဝင်အလံကို အမြင့်မားဆုံး လွှင့်ထူပြီး ဆက်လက်တိုက်ပွဲဝင်သွားဖြစ်ကြောင်း ရည်ရွယ်ချက် (၃) ရပ်ကို GSCBHE က ချမှတ်ထားသည်။ ကြားကာလအစီအမံများ အောင်မြင်ပြီးဆုံးသွားပါက မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးသမဂ္ဂများအဖွဲ့ချုပ်အဖြစ် ရပ်တည်ကာ အခြေခံနှင့် အဆင့်မြင့်ပညာရှိ ပညာရေးဝန်ထမ်းများ၏ အခွင့်အရေးများ၊ နစ်နာမှုများကို ကူညီဖြေရှင်းဆောင်ရွက်ရန်၊ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံသည့် ဖက်ဒရယ်ပညာရေးစနစ် အခြေခိုင်တည်တံ့စေရန် ကြိုးပမ်းသွားမည်ဟု ဆိုပါသည်။

| စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးအထွေထွေသပိတ်ကော်မတီ - GSC | | |
|---|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - | ၂၀ ဖေဖော်ဝါရီ ၂၀၂၁ |
| ပါဝင်သော အစုအဖွဲ့ | - | NUCC၏သမဂ္ဂများ၊အမျိုးသမီးများ၊လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာအဖွဲ့အစည်းများ၊ လူထုသပိတ် လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ အစုအဖွဲ့ |
| Facebook | - | https://www.facebook.com/ GeneralStrikeCommittee/ |

စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ထူထောင်ရန် ရည်ရွယ်၍ ဖွဲ့စည်းခဲ့သည့် GSC သည် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ထူထောင်ရေးဆိုသည့် အချက် (၃) ချက်ကို တောင်းဆို ဆောင်ရွက်လျက်ရှိပါသည်။ GSC သည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ထောက်ခံ ကြိုဆိုခဲ့သကဲ့သို့ ပိုမိုအားကောင်းထိရောက်ပြီး အားလုံးပါဝင်သော အစိုးရတစ်ရပ်အဖြစ် ရပ်တည် လာနိုင်စေရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ကြေညာထား ပါသည်။

| အထွေထွေသပိတ်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ - GSCC | | |
|---|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - | ၈ ဖေဖော်ဝါရီ ၂၀၂၁ |
| ပါဝင်သော အစုအဖွဲ့ | - | NUCC ၏ သမဂ္ဂများ၊ အမျိုးသမီးများ၊လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ အာဏာရှင် စနစ် ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများ အပါ အဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ် လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ အစုအဖွဲ့ |
| Facebook | - | https://www.facebook.com/ GeneralStrikeCollaborationCommittee |

စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုများကို ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး သပိတ်လှုပ်ရှားမှုဆိုင်ရာနည်းနာများ၊ လှုပ်ရှားမှုပုံစံများကို ဝေမျှခြင်းဖြင့် အရှိန်အဟုန်မပျက် ဆက်လက်ဖော်ဆောင်နိုင်ရေး၊ နိုင်ငံတဝန်းလုံးရှိ လူထုအသံများ တပြေးညီဖြစ်စေရေးအတွက်လှုပ်ရှားဆောင်ရွက်ခဲ့သည်ကိုတွေ့ရပါသည်။ CRPHမှထုတ်ပြန်သော နိုင်ငံရေးရည်မှန်းချက် (၄) ချက်ကို အပြည့်အဝထောက်ခံခဲ့ပြီး ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာ့နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်မည်ဟု GSCC က ယုံကြည်ထားသည်။

| လူမျိုးပေါင်းစုံထွေထွေသပိတ်ကော်မတီ (GSCN) | | |
|---|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - | ၁၁ ဖေဖော်ဝါရီ ၂၀၂၁ |
| ပါဝင်သော အစုအဖွဲ့ | - | NUCC၏သမဂ္ဂများ၊အမျိုးသမီးများ၊လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ အစုအဖွဲ့ |
| Facebook | - | https://www.facebook.com/GSCNStrike |

လူမျိုးစုများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် တန်းတူရေးကို အခြေခံသော ဆန္ဒတူညီသည့် ပြည်ထောင်စုကိုလိုလားပြီး စစ်အာဏာရှင်သာမက အာဏာရှင်မှန်သမျှကို သက်ဆိုးရှည်စေမည့် NCA အပါအဝင် အတုအယောင်ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို လုံးဝ အယုံအကြည်မရှိကြောင်း GSCN ဖွဲ့စည်းခြင်း တစ်နှစ်ပြည့်နေ့တွင် ထုတ်ပြန်ထားသည်။

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို အမှန်တကယ်လိုလားသူများအနေဖြင့် အာဏာသိမ်းစစ်ကောင်စီ၏ အတုအယောင်ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ မတက်ရန်၊ အတုအယောင်ရွေးကောက်ပွဲကို လက်မခံရန်၊ တော်လှန်သော ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ ရပ်တည်ရန်နှင့် နွေဦးတော်လှန်ရေးမှသည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်သည်အထိ ဆက်လက်တိုက်ပွဲဝင်ကြရန်အတွက် GSCN မှ တိုက်တွန်းတောင်းဆိုထားပါသည်။

| ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) - The 88 Generation (Peace and Open Society) | | |
|---|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - | ၂၀၁၃ |
| ခေါင်းဆောင်မှု | - | ဦးမင်းကိုနိုင်၊ ဦးကျော်မင်းယု (ခ) ကိုဂျေမီ |
| ပါဝင်သော အစုအဖွဲ့ | - | NUCC ၏ သမဂ္ဂများ၊ အမျိုးသမီးများ၊လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ် ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ အစုအဖွဲ့ |
| Facebook | - | https://www.facebook.com/ The88Generation |

ငြိမ်းချမ်းရေးနှင့် အရပ်အဖက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို တည်ဆောက်မြှင့်တင်ရန် အတွက် ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များ စုဖွဲ့ထားသည့် နိုင်ငံရေးအဖွဲ့အစည်းတရပ် ဖြစ်သည်။ မူလက ဦးမင်းကိုနိုင်၊ ဦးကိုကိုကြီး၊ ဦးကျော်မင်းယု (ခ) ကိုဂျေမီ၊ ဦးမြအေး စသည့် ထင်ပေါ်ကျော်ကြားသူများအပါအဝင် စုပေါင်းခေါင်းဆောင်မှုပုံစံဖြင့် စုဖွဲ့ထားသော်လည်း ဦးကိုကိုကြီးနှင့် ခေါင်းဆောင်တချို့သည် နိုင်ငံရေးပါတီ တည်ထောင်သွားသကဲ့သို့ ဦးမြအေးသည်လည်း အခြားသောနိုင်ငံရေးဦးတည်ချက်တခုဖြင့် ၈၈ မျိုးဆက်(ငြိမ်း/ပွင့်)မှ နုတ်ထွက်သွားခဲ့ကြသည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းကာလအတွင်း စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး၊ အကြမ်းမဖက်လှုပ်ရှားမှု ၂၀၂၁ ကို ထုတ်ပြန်ကာ CRPH ၏ ဦးဆောင်မှုဖြင့် လွှတ်တော်လုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်ရန်၊ နိုင်ငံ့ဝန်ထမ်းများအားလုံး အလုပ်မဆင်းဘဲ သပိတ်မှောက်ရန်နှင့် အကြမ်းဖက်လှုပ်ရှားရေးနှင့် ပတ်သက်ပြီး မြို့နယ်အလိုက် ရပ်ကွက်၊ ကျေးရွာအလိုက် လမ်းအလိုက် လှုပ်ရှားမှုများမှတဆင့် တနိုင်ငံလုံး အတိုင်းအတာဖြင့် နိုင်ငံလုံးဆိုင်ရာ လှုပ်ရှားမှုကြီးတခု အချိန်ကိုက်လှုပ်ရှားဆောင်ရွက်ရန်ဆိုသည့် လုပ်ငန်းစဉ် (၃) ရပ်ကို ထုတ်ပြန်ခဲ့သည်။ [5]

| မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ် - (MTF) | | |
|---|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - | ၃ မေ ၂၀၁၅ |
| ဗဟိုကော်မတီဝင် | - | ၁၁ ဦး (ကြားကာလဗဟိုကော်မတီဝင်) |
| ပါဝင်သော အစုအဖွဲ့ | - | NUCC၏သမဂ္ဂများ၊အမျိုးသမီးများ၊လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေးတွင်ပါဝင်နေကြသောနိုင်ငံ့ဝန်ထမ်းများအပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ် လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ အစုအဖွဲ့ |
| Facebook | - | https://www.facebook.com/profile.php?id=100066260394798 |

၂၀၁၄ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများ အဖွဲ့ချုပ်(ယာယီ) ကို ဖျက်သိမ်းပြီး ၂၀၁၅ ခုနှစ် မေလဆန်းပိုင်းတွင် ပြုလုပ်သည့် ပထမအကြိမ် ညီလာခံအပြီးတွင် MTF ကို ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီးအဆင့်မြင့်ပညာ၊အခြေခံပညာ၊ ပုဂ္ဂလိက

5 လုပ်ငန်းစဉ် သုံးရပ် http://rb.gy/evzhj

ပညာ၊ ဘာကပညာကဏ္ဍတို့မှာ ဆရာ၊ ဆရာမများ ပူးပေါင်းဖွဲ့ထားသော လွတ်လပ်သည့်အဖွဲ့အစည်းတရပ် ဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုအား ပြင်းထန်စွာကန့်ကွက်ရှုတ်ချကာ ဖမ်းဆီးထိန်းသိမ်းခံ ပုဂ္ဂိုလ်အားလုံး ခြွင်းချက်မရှိပြန်လွှတ်ပေးရန်နှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ ရလဒ်အား အကောင်အထည်ဖော်ပေးရန် MTF ကတောင်းဆိုခဲ့သည်။ ဗဟိုအလုပ်မှုဆောင်(၇) ဦး၊ အလုပ်အမှုဆောင် (၆၁) ဦးဖြင့် ဖွဲ့စည်းထားသော MTF ကို ၂၀၂၁ ခုနှစ် မေ ၂၆ ရက်တွင် ဖျက်သိမ်းကာ ၂၀၂၁ ခုနှစ် ဧပြီလ ၂၇ ရက်တွင် ကျင်းပခဲ့သည့် MTF ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးဆုံးဖြတ်ချက်အရ အဖွဲ့ဝင် (၁၀) ဦးပါဝင်သော MTF ကြားကာလဗဟို ကော်မတီကို ဧပြီလ ၂၉ ရက်တွင် ဖွဲ့စည်းတာဝန်ပေးခဲ့သည်။ [6]

| နည်းပညာဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ် - (TTF) | | |
|---|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - | ၇ ဩဂုတ် ၂၀၁၇ |
| ဗဟိုကော်မတီဝင် | - | ၆၇ ဦး |
| ပါဝင်သော အစုအဖွဲ့ | - | NUCC၏သမဂ္ဂများ၊အမျိုးသမီးများ၊လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများ အပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ အစုအဖွဲ့ |
| Facebook | - | https://www.facebook.com/ technologicalteachersfederation |

မြန်မာတနိုင်ငံလုံးရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် ဆက်စပ်သုတေသနဌာနများရှိ ဆရာ၊ ဆရာမများ၊ သုတေသီများနှင့် ဝန်ထမ်းများပါဝင်သော အဖွဲ့ဝင် (၃၅) ဦးဖြင့် ယာယီစတင်ဖွဲ့စည်းခဲ့သည့် TTF သည် ဒေသတွင်းနှင့် နိုင်ငံတကာတွင် ယှဉ်ပြိုင်နိုင်သော ခေတ်မီပညာရေးစနစ်တစ်ခု ဖော်ဆောင်ရာတွင် အထောက်အကူပြု ပံ့ပိုးနိုင်ရေးနှင့် အစိုးရ၏ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၀) ဖော်ဆောင်ရေး အထောက်အကူပြုရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသော ပညာရေးကဏ္ဍများအတွက် ရပ်တန့်သွားမည်ဟု ရှုမြင်သုံးသပ်ကာ

6 ဗဟိုကော်မတီထုတ်ပြန်ချက်အမှတ် ၃/၂၀၂၁ http://rb.gy/6m0e6

ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း TTF ကထုတ်ပြန်ခဲ့သည်။[7] ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို အပြည့်အဝထောက်ခံပြီး အမျိုးသားညီညွတ်ရေးအစိုးရ၏ စီမံအုပ်ချုပ်မှုကို လိုက်နာမည်ဖြစ်ကြောင်း TTF က အသိပေးထားသည်။

| အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) - (WLB) | |
|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - ၉ ဒီဇင်ဘာ ၁၉၉၉ |
| အထွေထွေအတွင်းရေးမှူး | - နာင်းမိုမို |
| အဖွဲ့ဝင်အဖွဲ့အစည်း | - ၁၂ ဖွဲ့ |
| ပါဝင်သော အစုအဖွဲ့ | - NUCC၏သမဂ္ဂများ၊အမျိုးသမီးများ၊လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊အာဏာရှင်စနစ်ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများ အပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ အစုအဖွဲ့ |
| Facebook | - https://www.facebook.com/wlbpower |
| Website | - https://www.womenofburma.org/ |

WLB သည် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးတိုက်ပွဲများတွင် အမျိုးသမီးများပါဝင်မှုတိုးမြှင့်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပါဝင်မှု မြှင့်တင်ရန်နှင့် အမျိုးသမီးအခန်းကဏ္ဍများ မြှင့်တင်နိုင်ရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

စစ်အာဏာရှင်စနစ် ဆန့်ကျင်သော မြန်မာ့နွေဦးတော်လှန်ရေးတွင်လည်း အမျိုးသမီးများ၏ လှုပ်ရှားဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး အစီရင်ခံစာများ ထုတ်ပြန်ပေးလျက်ရှိသကဲ့သို့ အမျိုးသမီးများနှင့်ပတ်သက်သည့် လှုပ်ရှားမှုကန်ပိန်းများလည်း ပြုလုပ်လျက်ရှိပါသည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း (၁၁) ကြိမ်မြောက် ညီလာခံပြုကာ WLB ၏ နိုင်ငံရေးမျှော်မှန်းချက်၊ ဦးတည်ချက်နှင့်အညီ စစ်အာဏာရှင်နှင့် အာဏာရှင်စနစ် အမြစ်မြှို အဆုံးသတ်ရေး၊ အကြမ်းဖက်မှု၊ ဖိနှိပ်မှုနှင့် ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်ရေး၊ ကျား-မ တန်းတူရေး၊ ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ဖော်ဆောင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ထွန်းရေး စသည့် ရှေ့လုပ်ငန်းစဉ်များကို ဦးစားပေးလုပ်ဆောင်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။

7 နည်းပညာဆိုင်ရာဆရာများအဖွဲ့ချုပ်-TTF ၏ ကြေညာချက်အမှတ်(၃/၂၀၂၁) http://rb.gy/i8uch

| မုံရွာလူထုသပိတ်တိုက်ပွဲဦးဆောင်ကော်မတီ - MonywaPSSC | |
|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - ၉ ဖေဖော်ဝါရီ ၂၀၂၁ |
| အဖွဲ့ဝင်အဖွဲ့အစည်း | - ၇ ဖွဲ့ |
| ပါဝင်သော အစုအဖွဲ့ | - NUCC ၏ သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ အာဏာရှင် စနစ်ဆန့်ကျင်ရေးတွင်ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှု ဆိုင်ရာ အဖွဲ့အစည်းများ အစုအဖွဲ့ |
| Website | - https://www.facebook.com/ MonywaPSSC |

စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်ရေး အတွက် လူထုလှုပ်ရှားမှု ပုံစံမျိုးစုံကို ပြည်သူလူထုနှင့် တသားတည်းရပ်တည်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း မုံရွာလူထုသပိတ်တိုက်ပွဲ ဦးဆောင်ကော်မတီက ကြေညာထားသည်။ "အတု အယောင်ပြည်ထောင်စုဝါဒကို အမြစ်လှန်ကြ"၊ "ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသစ်ကို တည်ဆောက်ကြ" ဟူသည် ကော်မတီ၏ ကြွေးကြော်သံများ ဖြစ်ပြီး ယနေ့အချိန်အထိ စစ်အာဏာ သိမ်းမှုဆန့်ကျင်ရေး လူထုလှုပ်ရှားမှုများကို အကြမ်းမဖက်သော ပုံသဏ္ဌာန်မျိုးစုံဖြင့် လှုပ်ရှား ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

| Synergy - လူမှုသဟဇာတဖော်ဆောင်ရေးအဖွဲ့ - | |
|---|---|
| Synergy Social Harmony Organization | |
| ဖွဲ့စည်းသည့်ရက်စွဲ | - ၂၀၁၇ |
| ပါဝင်သော အစုအဖွဲ့ | - NUCC ၏ သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ အာဏာရှင် စနစ်ဆန့်ကျင်ရေးတွင်ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ် လှုပ်ရှားမှု ဆိုင်ရာ အဖွဲ့အစည်းများ အစုအဖွဲ့ |
| Website | - https://www.facebook.com/ SYNERGYSHO |

| အမျိုးသမီးငြိမ်းချမ်းရေးကွန်ရက် - WPN | |
|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - ၂၀၁၃ |
| ပါဝင်သော အစုအဖွဲ့ | - NUCC ၏ သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် အရပ်ဖက် အဖွဲ့အစည်းများ၊ အာဏာရှင်စနစ် ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ် လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ အစုအဖွဲ့ |
| Website | - https://www.womenspeacenetwork.org/ |

| အမျိုးသမီးမဟာမိတ်အဖွဲ့ - မြန်မာ - WAC- Myanmar | |
|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - ၁၃ စက်တင်ဘာ ၂၀၂၁ |
| ပါဝင်သော အစုအဖွဲ့ | - NUCC ၏ သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့်လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ် ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် CDMလှုပ်ရှားမှုဆိုင်ရာအဖွဲ့အစည်းများ၊လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ အစုအဖွဲ့ |
| Facebook | - https://www.facebook.com/ WACMyanmar2021 |

မြန်မာနိုင်ငံမှ အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူများ၊ ငြိမ်းချမ်းရေး တည်ဆောက်သူ အမျိုးသမီးများနှင့် အမျိုးသမီးအခွင့်အရေး လုပ်ဆောင်နေသောအဖွဲ့များ၊ ကွန်ရက်များဖြင့် စုပေါင်းဖွဲ့စည်းထားခြင်းဖြစ်သည်။ စစ်အာဏာရှင်စနစ်အားလုံး အဆုံးသတ်ရေးနှင့် ဂျန်ဒါကို အလေးပေး တုံ့ပြန်မှုရှိသော ဖယ်ဒရယ်ဒီမိုကရေစီကို တည်ဆောက်နိုင်ရေးကို ရည်မှန်းချက်ပန်းတိုင်များအဖြစ် ချမှတ်ထားသည်။

WAC Myanmar သည် ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ တာဝန်ရှိသူများထံသို့ ထုတ်ပြန်ချက်စာစောင်များ၊ ရပ်တည်မှုကိုဖော်ပြသည့် စာတမ်းများ၊ အိတ်ပိတ်ပေးစာနှင့် အိတ်ဖွင့်ပေးစာများကို ထုတ်ပြန်ပေးပို့ခဲ့ပါသည်။ ထို့အပြင်မဟာမိတ်အဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပျက်နေသော အမျိုးသမီးနှင့် ဂျန်ဒါတန်းတူညီမျှရေး အခြေအနေများနှင့်ပတ်သက်ပြီးအချိန်နှင့် တပြေးညီ နှီးနှောတိုက်တွန်းရန် ဖြစ်နိုင်သည့်နေရာအားလုံးတွင် ဆက်လက် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

## ကြားကာလ ချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ - ICNCC

| | |
|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - ၁၃ ဧပြီ ၂၀၂၁ |
| ပါဝင်သော အစုအဖွဲ့ | - NUCC ၏ ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ်ကိုယ်စားပြု အဖွဲ့/ ကော်မတီများ အစုအဖွဲ့ |
| Facebook | - https://www.facebook.com/icncc |

စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ထွန်းရေးနှင့် ချင်းပြည်ထောင် တည်ဆောက်ရေးဟူသော ရည်မှန်းကာ နွေဦးတော်လှန်ရေးကာလအတွင်း ချင်းအမျိုးသားနိုင်ငံရေး အစုအဖွဲ့တစ်ခုအဖြစ် စုစည်းဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခဲ့သော ICNCC သည် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုပေါ်ထွန်းရေးအတွက် အရေးပါသည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ရေးဆွဲအတည်ပြုနိုင်ရေး အပါဝင် NUCC ၊ NUG တို့တွင် ပါဝင်သော အခြားပြည်ထောင်များ၊ ဖက်ဒရယ်ယူနစ်များ၊ တော်လှန်ရေးအဖွဲ့အစည်းများနှင့်အတူ စုပေါင်းဦးဆောင်မှု ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည်ကိုတွေ့ရပါသည်။ အာဏာရှင်စနစ်ကို အဆုံးတိုင် ဆန့်ကျင်တော်လှန်ပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် အာမခံချက်ရှိသည့် ချင်းပြည်နယ် တည်ဆောက်ရေးနှင့် တန်းတူရေးအာမခံချက်ရှိသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ဆိုပါသည်။

## မွန်ပြည်ဖက်ဒရယ်ကောင်စီ - (MSFC)

| | |
|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - ဖေဖော်ဝါရီ ၂၀၂၁ |
| ကောင်စီဝင် | - ၂၅ ဦး |
| ပါဝင်သော အစုအဖွဲ့ | - NUCC ၏ ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ် ကိုယ်စားပြုအဖွဲ့/ ကော်မတီများ အစုအဖွဲ့ |
| Facebook | - https://www.facebook.com/monstatefederalcouncil |

စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်ဟူသမျှ တိုက်ဖျက်ရန်အတွက် မွန်ပြည်နယ်နှင့် မွန်လူမျိုးတို့အား ကိုယ်စားပြုကာ ဖွဲ့စည်းခဲ့သည့် မွန်ပြည်ကြားကာလ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ (MSICC) ကို ပြည်နယ် ဖက်ဒရယ်ယူနစ်တရပ် ဖြစ်လာစေရန်အတွက် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် MSFC အဖြစ်သို့ အသွင်ကူးပြောင်းလဲဖွဲ့စည်းခဲ့သည်။ ပြည်နယ်အခြေပြု မွန်ပြည်ဖက်ဒရယ်ယူနစ်အဖြစ် သတ်မှတ်ခဲ့ပြီး ဇန်နဝါရီ ၂၂ ရက်တွင် ပြုလုပ်ခဲ့သည့် MSFC ပထမ

အကြိမ် ညီလာခံကို မွန်နိုင်ငံရေးအင်အားစုများ၊ ERO များ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ အမျိုးသမီး အဖွဲ့အစည်းများ၊ လူငယ်အဖွဲ့များနှင့် ပြည်ပရောက် မွန်လူမျိုးများ၊ ပအိုဝ်းလူမျိုးများ တက်ရောက်ခဲ့သည်။ ညီလာခံအတွင်း MSFC ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အာဏာသုံးရပ်နှင့် ဆက်စပ်သည့် စာတမ်းများအား အတည်ပြုနိုင်ခဲ့ပြီး နွေဦးတော်လှန်ရေးကာလ/ ကြားကာလတွင် ပြည်နယ်ယူနစ် တရပ်အနေဖြင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ် (၃) ရပ်ကို ချမှတ်နိုင်ခဲ့သည်။ [8]

| ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC) | |
|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - ၉ မေ ၂၀၂၃ |
| ကောင်စီဝင် | - ၁၁ ဦး |
| အလုပ်အမှုဆောင်အဖွဲ့ဝင် | - ၇ ဦး |
| ပါဝင်သော အစုအဖွဲ့ | - NUCC ၏ ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ် ကိုယ်စားပြု အဖွဲ့/ ကော်မတီများ အစုအဖွဲ့ |
| Facebook - https://www.facebook.com/profile. php?id=100069442572761 | |

အမျိုးသားတန်းတူရေး၊ တရားမျှတရေး၊ ဒီမိုကရေစီရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသည့် ဖက်ဒရယ်ပြည်ထောင်စုကို အခြားတိုင်းရင်းသားများနှင့်အတူ ယှဉ်တွဲနေထိုင်သွားရန် ရည်ရွယ်လျက် ကြားကာလမှစတင်၍ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်နိုင်သည်အထိ ကရင်နီပြည်နယ်အတွင်းရှိ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှ ရွေးကောက်ခံအမတ်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ၊ အရပ်ဖက် အဖွဲ့အစည်းများ၊ လူငယ်နှင့် အမျိုးသမီးအဖွဲ့အစည်းများ၊ တတ်သိပညာရှင်များ စုစည်းကာ KSCC ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

KSCC ၏ ဦးဆောင်မှုအောက်တွင် CDM ရဲဝန်ထမ်း ၃၂၈ ဦးဖြင့် ပါဝင်သည့် ကရင်နီပြည်နယ်ရဲဌာန (KSP)ကို ၂၀၂၁ ခုနှစ်သြဂုတ်လ ၂၅ ရက်တွင်ဖွဲ့စည်းနိုင်ခဲ့သည်။ အာဏာသိမ်းစစ်ကောင်စီတပ်များအား ခုခံတော်လှန်စစ် ဆင်နွှဲနေသော ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) သည်လည်း KSCC ၏ ကြီးကြပ်မှုအောက်တွင် ရပ်တည်နေပြီး ကရင်နီတပ်မတော် (KA) နှင့် လက်တွဲဆောင်ရွက်လျက်ရှိပါသည်။

8 မွန်ပြည်ဖက်ဒရယ်ကောင်စီညီလာခံ (ပထမအကြိမ်) ထုတ်ပြန်ချက် http://rb.gy/2vh0d

စုပေါင်းခေါင်းဆောင်မှုဖြင့် ကြားကာလပြည်နယ်အစိုးရတရပ်၏ အုပ်ချုပ်ရေးကို ဖော်ဆောင်ရန်၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများ အပြန်အလှန်ထိန်းညှိပြီး ပြည်နယ်၏ တည်ငြိမ်အေးချမ်းရေးကို ဖော်ဆောင်ရန်နှင့် ပြည်နယ်အတွင်းရှိ အင်အားစုအသီးသီး လက်တွေ့ကျစွာ ပူးပေါင်းဆောင်ရွက်ရန်အတွက် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) ကို ၂၀၂၃ ခုနှစ် ဇွန်လ ၆ ရက်တွင် ဖွဲ့စည်းကြောင်း ကြေညာခဲ့ပါသည်။ [9]

| ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ (PNFC) | |
|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - ၁၁ ဒီဇင်ဘာ ၂၀၂၃ |
| ဥက္ကဋ္ဌ | - ခွန်မြင့်ထွန်း |
| ကောင်စီဝင် | - ၁၅ ဦး |
| ပါဝင်သော အစုအဖွဲ့ | - NUCC ၏ ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ်ကိုယ်စားပြု အဖွဲ့/ ကော်မတီများ အစုအဖွဲ့ |
| Facebook - https://www.facebook.com/ Paonationalfederalcouncilpnfc | |

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (ပအလဖ)ကို ဖွဲ့စည်းပြီး ပဒေသရာဇ်စနစ်အား လက်နက်ကိုင်လမ်းစဉ်ဖြင့် ဆန့်ကျင်တော်လှန်ခဲ့သည့် (၇၂) နှစ်မြောက် ပဒေသရာဇ်စနစ် ဆန့်ကျင်တော်လှန်ရေးနေ့တွင် ပအိုဝ်းအမျိုးသားဖက်ဒရယ်ညီလာခံကျင်းပကာ PNFCကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်အမျိုးမျိုးကို နည်းလမ်းပေါင်းစုံဖြင့် တော်လှန်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ပျက်စီး ဆုံးရှုံးမှုများ၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ၊ မြေ - သဘာဝအရင်းအမြစ်များ ဆုံးရှုံးဖျက်ဆီးခံရမှုများမှ ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံသည့် ပြည်နယ်သစ်များ ပေါ်ထွန်းခွင့်ရှိသော ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော ပြည်သူလူထုနှင့်အတူ ပူးပေါင်း ဆောင်ရွက်သွားမည်ဟု PNFC က ထုတ်ပြန်ထားသည်။

PNFC ၏ နိုင်ငံရေးဦးဆောင်မှုကို အပြည့်အဝခံယူကာ မိမိလက်ရှိ ရောက်ရှိနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ စစ်ရေးကွပ်ကဲမှုဖြင့် လှုပ်ရှားဆောင်ရွက်လျက်ရှိသည့် ပအိုဝ်းပြည်သူ့ကာကွယ်ရေး တပ်မတော်(ခမ်းဒွမ်)နှင့် (ခမ်းကောင်)ပေါင်းစည်းဖွဲ့စည်းကာ စစ်ရေးလှုပ်ရှားမှုများ ဖော်ဆောင်လျက် ရှိသည်။

9 ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC)ဖွဲ့စည်းခြင်း မိတ်ဆက် http://rb.gy/5amex

| တအာင်းအမျိုးသား အတိုင်ပင်ခံကော်မတီ (TPCC) | |
|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - ၁၈ ဧပြီ ၂၀၂၁ |
| အထွေထွေအတွင်းရေးမှူး | - နိုင်အောင်မိုင်း |
| ပါဝင်သော အစုအဖွဲ့ | - NUCC ၏ ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ် ကိုယ်စားပြုအဖွဲ့/ ကော်မတီများ အစုအဖွဲ့ |
| Facebook | - https://www.facebook.com/profile. php?id=100072494673782 |

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီနှင့် မတ်လများတွင် တအာင်းနိုင်ငံရေးအင်အားစုများ တွေ့ဆုံညှိနှိုင်းကာ တအာင်း လူမျိုးတို့၏ နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ကိုယ်စားပြုဆောင်ရွက်နိုင်ရန်အတွက် TPCCကိုဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ စစ်အာဏာရှင်စနစ် အပြီးသတ်ချုပ်ငြိမ်းရေး၊ တအာင်းလူမျိုးများ အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေး၊ တိုင်းရင်းသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝရရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်နိုင်ရေးတို့အတွက် မိတ်ဖက်အဖွဲ့အစည်းအားလုံးနှင့် လက်တွဲ ဆောင်ရွက်သွားမည်ဟု ဆိုပါသည်။[10] TPCC ၏ လုပ်ငန်းစဉ်တစ်ခုအဖြစ် CRPH ၏ လမ်းညွှန်ချက်နှင့်အညီ ကြားကာလ တအာင်း ဒေသပြည်သူ့အုပ်ချုပ်ရေးအဖွဲ့- Ta'ang Region Administration အဖွဲ့ကို ဖွဲ့စည်းထားပါသည်။

| ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များကော်မတီ - SURC | |
|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - ၂၁ ဧပြီ ၂၀၂၁ |
| အဖွဲ့ဝင်အဖွဲ့အစည်း | - ၂၁၀ ဖွဲ့ (ကနဦးစုဖွဲ့စဉ် ၁၇၁ ဖွဲ့) |
| ပါဝင်သော အစုအဖွဲ့ | - NUCC ၏ အထူးလေ့လာသူ အစုအဖွဲ့ |
| Facebook | - https://www.facebook.com/ StudentUnionRepresentativesCommittee |

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အတည်ပြုထုတ်ပြန်ခဲ့သည့် SURC ၏ ပဋိညာဉ်အရ အာဏာရှင်စနစ် တိုက်ဖျက်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီရေး၊ ဖက်ဒရယ်ဒီမိုကရေစီပညာရေးနှင့် ကျောင်းသားထုအခွင့်အရေး ကာကွယ်ရေးဟူ၍ အခြေခံမူဝါဒ (၄)ချက် ချမှတ်ထားသည်။

10 တအာင်းနိုင်ငံရေး အတိုင်ပင်ခံကော်မတီထုတ်ပြန်ချက် အမှတ် ၀၁/၂၀၂၁ http://rb.gy/1dgt1

ကျောင်းသားသမဂ္ဂများစုစည်းညီညွတ်စွာ အာဏာရှင်စနစ် အား ပျက်သုဉ်းသည်အထိ အစွမ်းကုန် တိုက်ဖျက်ရန်၊ ဖက်ဒရယ်ဒီမိုကရေစီရေးတွင် ကျောင်းသားထုအင်အား ဖြင့် ပူးပေါင်းဆောင်ရွက်ရန်၊ ဖက်ဆစ်ကျွန်ပညာရေးစနစ်အား ဖျက်သိမ်း၍ ဖက်ဒရယ်ဒီမိုကရေစီပညာရေး စနစ်တည်ဆောက်ရာတွင် ကော်မတီအနေဖြင့် ပါဝင်ကူညီနိုင်ရန်နှင့် ကျောင်းသားထုအခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် ကြိုးပမ်းဖော်ဆောင်ရန်ဆိုသည့် ရည်ရွယ်ချက်များ ချမှတ်ကာ နွေဦးတော်လှန်ရေး ကာလအတွင်း အင်အားစုတရပ်အနေဖြင့် လှုပ်ရှားဆောင်ရွက်လျက်ရှိပါသည်။ [11]

၂၀၂၂ ခုနှစ် ဇူလိုင်လ ၂ ရက်၊ SURC ဒုတိယအကြိမ်ညီလာခံအပြီး ထုတ်ပြန်ချက်တွင်တော့ ပြည်တွင်းပြည်ပ တော်လှန်ရေးအင်အားစုများအကြား ပူးပေါင်းဆောင်ရွက်မှုအတိုင်းအတာအား ပိုမိုတိုးမြှင့်ရေး၊ အာဏာသိမ်း စစ်အုပ်စု၏ ၂၀၂၃ အတွင်း လျာထားသည့် ရွေးကောက်ပွဲအား နည်းလမ်းပေါင်းစုံဖြင့် ဟန့်တားရန်၊ စစ်ကျွန် ပညာရေးသပိတ်မှောက်ထားသည့် ကျောင်းသားထု (CDM)/ ဒီမိုကရေစီပညာရေးသပိတ် အခွန့်ရှည်ရေးနှင့် တိကျမှုတသော အာမခံချက်ရရှိရေး စသဖြင့် ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ အချက် (၆)ချက်ကို ဖော်ပြထားပါသည်။ [12]

11 ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များကော်မတီ၏ပဋိညာဉ်ထုတ်ပြန်ခြင်း၊ http://rb.gy/8lm1s

12 SURC ဒုတိယအကြိမ်ညီလာခံ ထုတ်ပြန်ကြေညာချက် ၊ http://rb.gy/asdtl

| ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) | | |
|---|---|---|
| ဖွဲ့စည်းသည့် ရက်စွဲ | - | ၃၁ မေ ၂၀၂၁ |
| ဥက္ကဌ | - | ခွန်းဘီထူး |
| စစ်ဗျူဟာ | - | ၆ ဗျူဟာ |
| တပ်ရင်း | - | ၂၂ ရင်း |
| အစုအဖွဲ့ဝင် | - | KSCC ၊ IEC |

အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးတွင် KNDF သည် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ(NUCC)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) တို့၏ ရပ်တည်မှုနှင့် လုပ်ဆောင်မှုများတွင် ပူးပေါင်းဆောင်ရွက်ပြီး ပြည်နယ်အဆင့်တွင်လည်း ကရင်နီပြည် အတိုင်ပင်ခံကောင်စီ (KSCC) နှင့်အတူ ပြည်နယ်အစိုးရပေါ် ပေါက်ရေး၊ ကရင်နီပြည်သူလူထုအား ကာကွယ်ပေးရေးနှင့် ပညာရေး၊ ကျန်းမာရေး စသော အခြားသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ကရင်နီပြည်သူလူထုအတွက် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဟု KNDF ဥက္ကဌခွန်းဘီထူးက ကတိပြုထားသည်။

နွေဦးတော်လှန်ရေး ၂ နှစ်တာ ကာလအတွင်း ကရင်နီတပ်မတော် (KA) ၏ စစ်ရေးဦးဆောင်မှုကို အသိအမှတ်ပြုကြောင်းနှင့် KA ၏ စစ်ဦးစီးမှုနှင့်အတူ KA ၊ KNDF တပ်များအပြင် အခြားတပ်ဖွဲ့များနှင့် ပူးပေါင်းလက်တွဲ ကြိုးစားမှုများကြောင့် တပ်ပိုင်းဆိုင်ရာ နားလည်ယုံကြည်မှု မြင့်မားပြီး အခက်အခဲများကိုကျော်လွှားနိုင်ခဲ့ခြင်းဖြစ်ကြောင်း ခွန်းဘီထူးကပြောပါသည်။ ထို့အပြင် မြောက်ပိုင်းညီနောင်မဟာမိတ် (၃) ဖွဲ့ ဖြစ်ကြသည့် မြန်မာနိုင်ငံ အမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ / မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNTJP/ MNDAA)၊ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး / တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PSLF/TNLA) နှင့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/ရက္ခိုင့်တပ်တော်(ULA/AA) တို့၏ လက်နက်ခဲယမ်းမျိုးစုံနှင့် တန်ဖိုးမဖြတ်နိုင်သော စစ်ရေးအကူအညီများကြောင့်သာ ယနေ့အထိ စစ်ရေးနိုင်ငံရေးအရ လျှောက်လှမ်းနေ နိုင်ခြင်းဖြစ်သည်ဟု ဆိုပါသည်။ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNU/KNLA) ထံမှလည်း စစ်ရေးသင်တန်းနှင့် နည်းနာများစွာကို သင်ယူခွင့်ရရှိခဲ့ကြောင်း KNDF ဥက္ကဌက ပြောပါသည်။ [13]

KNDF ဥက္ကဌသည် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီတွင်လည်း ဒုတိယဥက္ကဌ တာဝန် ယူထားသည်ကို တွေ့ရပါသည်။

13 ၂ နှစ်ပြည့် KNDF ၏ ကရင်နီဒေသဆိုင်ရာ သတင်းစကား http://rb.gy/8php7

| ကြားကာလ ကချင်နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (KPICT) | | |
|---|---|---|
| ဖွဲ့စည်းသည့် ရက်စွဲ | - | ၁၁ မတ် ၂၀၂၁ |
| အတွင်းရေးမှူး | - | ဂမ်ဆန်းအန်ဆန်း |
| အဖွဲ့ဝင်အဖွဲ့အစည်း | - | ၅ ဖွဲ့ |
| Facebook | - | https://www.facebook.com/KachinPICT |

၂၀၂၁ ခုနှစ် မတ် ၉ ရက်မှ ၁၁ ရက် အထိ ပြုလုပ်သည့် ပြည်တွင်းပြည်ပရှိ ကချင်အဖွဲ့အစည်းများ အစည်းအဝေးမှ ကချင်အမျိုးသားများကိုယ်စား နိုင်ငံရေးဆိုင်ရာလုပ်ငန်းများကို တာဝန်ယူညှိနှိုင်းဆောင်ရွက်ရန်အတွက် Kachin Political Interim Coordination Team (KPICT) ကို ဖွဲ့စည်းခဲ့သည်။ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေး အခင်းအကျင်းအပေါ် အခြေခံပြီး "အချုပ်အခြာအာဏာသည် ပြည်သူထံမှ ဆင်းသက်ကြောင်း ခိုင်မာစေရန်၊ အာဏာရှင်စနစ်ကို အပြီးတိုင်တိုက်ဖျက်ကာ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရန်နှင့် နိုင်ငံရေး ရည်မှန်းချက်တူညီသော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်သွားရန်" ဟူသည့် ရည်ရွယ်ချက် (၃) ချက်ကို KPICT က ထုတ်ပြန်ခဲ့သည်။

KPICT နှင့် NUG ပူးပေါင်းပြီး ငွေတိုက်စာချုပ်များ အစီအစဉ်ကို စတင်ဆောင်ရွက်နေပြီး ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ၏ ငွေကြေးပို့ဆောင်မှုစနစ်၊ အုပ်ချုပ်ရေးစနစ်နှင့် ဘဏ်စနစ်များ အတိုင်း ဆောင်ရွက်နေကြောင်း သိရပါသည်။ သို့နှင့်တိုင် ဖက်ဒရယ်ပဋိညာဉ်ပါ အဓိပ္ပါယ်ဖွင့်ဆိုမှု တချို့ ရှိနေခြင်း၊ ကချင်ပြည်သူလူထုနှင့် ဆွေးနွေး တိုင်ပင်ရန် လိုအပ်နေခြင်း စသည့် အကြောင်းပြချက်များနှင့်အတူ ၂၀၂၂ ခုနှစ် ဇူလိုင်လထဲတွင် NUCC ၏ အမြဲတမ်းအဖွဲ့ဝင် အဖြစ်မှ ရပ်နားခဲ့ပါသည်။ [14]

NUG တွင် KPICT ကိုယ်စားလှယ်တချို့ ဆက်လက်ပါဝင်နေဆဲဖြစ်သကဲ့သို့ ၎င်းတို့အနေဖြင့် အဆင်သင့်ဖြစ်ပါက NUCC တွင် ပြန်လည်ပါဝင်နိုင်သည်ဟုလည်း KPICT အတွင်းရေးမှူး ဂမ်ဆန်းအန်ဆန်းက ပြောဆိုထားပါသည်။

---

14 ကချင်နိုင်ငံရေး ကြားကာလညှိနှိုင်းရေးအဖွဲ့ (KPICT) အတွင်းရေးမှူး ဂမ်ဆန်းအန်ဆန်းနှင့် DVB မေးမြန်းချက် http://rb.gy/e5lbj

# နွေဦးတော်လှန်ရေးတပ်ဦး သို့မဟုတ် NUCC အခန်းကဏ္ဍ

## နိဒါန်း

တချို့က နွေဦးတော်လှန်ရေးသည် အမှန်နှင့် အမှား၊ ဘက်နှစ်ဖက်၊ လမ်းနှစ်ခုသာရှိသည်ဟု မြင်ကြသည်။ တချို့ကတော့ အာဏာသိမ်းစစ်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးခြင်းသည်သာ အဖြေဟု ရှုမြင်ကြသည်။ တချို့ကမူ ခေတ်အဆက်ဆက် ကြုံတွေ့ရသော အာဏာရှင်စစ်ခေါင်းဆောင်များ၏ အမူအကျင့်၊ အပြုအမူနှင့် စဉ်းစားတွေးခေါ်မှု ပုံစံများကို ကောက်ယူချဉ်းကပ်ကာ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးအတွက် အာဏာသိမ်းစစ်အုပ်စုကို ဖယ်ထုတ်ထားနိုင်ဖို့ လိုသည်ဟု ယုံကြည်နေကြသည်။

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ကို စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေး ရည်မှန်းချက်များဖြင့် ဖွဲ့စည်းခဲ့ခြင်းသည်။ NUCC ကို နွေဦးတော်လှန်ရေး၏ တပ်ဦးဟုလည်း ဆိုနိုင်ပေလိမ့်မည်။

## NUCC ဆိုရာဝယ်

၂၀၂၁ ခုနှစ် မတ်လ ၈ရက်တွင် NUCC ကို ဖွဲ့စည်းသည်။ အဖွဲ့အစည်းပေါင်း ၂၈ ဖွဲ့မှ ကိုယ်စားလှယ် ၅၆ ဦးဖြင့် NUCC ကို ကနဦးစတင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှ လူထုထောက်ခံမဲဖြင့် တရားဝင်မှု (De Jure Legitimacy) ရရှိထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ၊ ကိုယ်ပိုင်ထိန်းချုပ်နယ်မြေအတွင်း လူထုထောက်ခံမှုဖြင့် အုပ်ချုပ်မှုယန္တရားများ လည်ပတ်လျက်ရှိသော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ(EROs)၊ ပြည်နယ်/ဖက်ဒရယ်ယူနစ်နှင့် လူမျိုးအခြေပြု ဖွဲ့စည်းထားသော အတိုင်ပင်ခံကောင်စီများ၊ နိုင်ငံရေးပါတီများ၊ စစ်အာဏာရှင်စနစ် ဆန့်ကျင်သော လူငယ်၊ အမျိုးသမီးအဖွဲ့အစည်းများ၊ အလုပ်သမားသမဂ္ဂများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အကြမ်းမဖက် အာဏာဖီဆန်ရေးပြည်သူ့လှုပ်ရှားမှု (CDM)တွင်ပါဝင်သူများ၊သပိတ်ကော်မတီများ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လူထုလူတန်းစားအလွှာစုံပါဝင်သော နွေဦးတော်လှန်ရေး အင်အားစုများ စသဖြင့် အစုအဖွဲ့ (၅) ခုပါဝင်ကြောင်း ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် NUCC က ထုတ်ပြန်ခဲ့သည်။

| အစုအဖွဲ့ (၅) ခု | အရေအတွက် | အဖွဲ့အစည်းအမည်များ |
|---|---|---|
| ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ | ၂ | ■ ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြု ကော်မတီ – CRPH<br>■ ၁၉၉၀၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအဖွဲ့ |
| နိုင်ငံရေးပါတီများ | ၁ | ■ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ – DPNS |
| သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့်လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် အရပ်ဖက် အဖွဲ့အစည်းများ၊ အာဏာရှင်စနစ် ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာအဖွဲ့အစည်းများ၊ လူထုသပိတ် လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ | ၁၆ | ■ စစ်အာဏာရှင်ဆန့်ကျင်ရေးပြည်သူ့အင်အားများချိတ်ဆက်ညှိနှိုင်းရေးကော်မတီ-မန္တလေး – AFCC<br>■ အရေးပါသောလှုပ်ရှားမှု<br>■ မြန်မာနိုင်ငံအလုပ်သမားတပ်ပေါင်း စု – LA<br>■ အထွေထွေသပိတ်ပေါင်းစပ်ညှိနှိုင်းရေးအင်အားစု – GSCB<br>■ အခြေခံနှင့် အဆင့်မြင့်ပညာအထွေထွေသပိတ် ကော်မတီ – GSCBHE<br>■ စစ်အာဏာရှင်တိုက်ဖျက်ရေး အထွေထွေသပိတ် ကော်မတီ – GSC<br>■ အထွေထွေသပိတ်ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ – GSCC<br>■ လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီ – GSCN<br>■ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း – 88<br>■ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာဆရာမများအဖွဲ့ချုပ် – MTF<br>■ နည်းပညာဆိုင်ရာ ဆရာဆရာမများအဖွဲ့ ချုပ် – TTF<br>■ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) – WLB<br>■ မုံရွာလူထုသပိတ်တိုက်ပွဲဦးဆောင်ကော်မတီ<br>■ Synergy Social Harmony Organization<br>■ အမျိုးသမီးငြိမ်းချမ်းရေးကွန်ရက် – WPN<br>■ အမျိုးသမီးမဟာမိတ်အဖွဲ့ – WAC-M |
| တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ | ၃ | ■ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ – KNPP<br>■ ကရင်အမျိုးသားအစည်းအရုံး – KNU<br>■ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး – ABSDF |
| ကြားကာလ ပြည်နယ်/ဖက်ဒရယ်ယူနစ် ကိုယ်စားပြုအဖွဲ့/ ကော်မတီများ | ၅ | ■ ကြားကာလချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ – ICNCC<br>■ မွန်ပြည်ကြားကာလပူးပေါင်းဆောင်ရွက်ရေး ကော်မတီ – MSICC<br>■ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ – KSCC<br>■ ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ – PNFC<br>■ တအာင်းနိုင်ငံရေးအတိုင်ပင်ခံကောင်စီ – TPCC |
| အထူးလေ့လာသူအဖွဲ့ | ၁ | ■ ကျောင်းသားသမဂ္ဂများ ကိုယ်စားပြု ကော်မတီ – SURC |

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ပြုလုပ်ခဲ့သော ပထမအကြိမ် ပြည်သူ့ညီလာခံ အပြီးတွင်တော့ NUCC ကို အဖွဲ့ဝင်အဖွဲ့အစည်းပေါင်း (၃၃) ဖွဲ့ဖြင့် ဖွဲ့စည်းကြောင်း အတည်ပြုခြင်း၊ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၁)နှင့် အစိတ်အပိုင်း(၂)ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အစီအမံများကို အတည်ပြုခြင်း၊ NUCC ၏ အစုအဖွဲ့ဝင် အဖွဲ့အစည်းများ အနေဖြင့် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ကို အတူတကွ ကတိကဝတ်ပြု သန္နိဋ္ဌာန်ချကာ လက်တွေ့အကောင်အထည်ဖော်ရန် သဘောတူအတည်ပြုခြင်း၊ ၂၀၂၁ ခုနှစ် ဧပြီ ၁၆ ရက်တွင် CRPH ၏ အဆိုပြုချက်ဖြင့် NUCC မှ ဖွဲ့စည်းပေးခဲ့သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)ကို ပြည်သူ့ညီလာခံတွင် ထပ်မံအတည်ပြုခြင်း အပါအဝင် ဆုံးဖြတ်ချက် (၈) ခု ချမှတ်ခဲ့သည်ကို တွေ့ရပါသည်။

နိုင်ငံတကာ ဧည့်သည်တော်များနှင့် လေ့လာသူများအပါဝင် NUCC အစုအဖွဲ့အသီးသီးမှ တက်ရောက်သူပေါင်း ၃၈၈ ဦး ရှိခဲ့သည့် ပထမအကြိမ် ပြည်သူ့ညီလာခံအပြီး ဇန်နဝါရီ ၃၀ ရက်၊ ထုတ်ပြန်ချက်တွင် ပြည်ထောင်စုတစ်ဝှမ်းလုံးရှိ အပြစ်မဲ့ပြည်သူများအား အာဏာသိမ်း စစ်ကောင်စီ၏ ဖမ်းဆီးနှိပ်စက် သတ်ဖြတ်မှုများ၊ လူသားမျိုးနွယ်စုများအပေါ် ကျူးလွန်သော ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများ၊ လူမျိုးတုန်း သတ်ဖြတ်မှုများ စသည့် လုပ်ရပ်များကို ပြည်သူ့ညီလာခံက ရှုတ်ချခဲ့ပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ တဆင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) တွင် စစ်ကောင်စီအား အရေးယူနိုင်ရေး ကြိုးပမ်းသွားမည်ဟု ဖော်ပြထားပါသည်။

## NUCC ဘာလုပ်နေသလဲ

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း(၂) အရ ပြည်သူ့ညီလာခံကို တာဝန်ခံရသည့် NUCC တွင် နိုင်ငံခြား ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဂျန်ဒါအရေး၊ CDM အရေး၊ ဖက်ဒရယ်အရေး စသဖြင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (၉) ခုကို ဖွဲ့စည်းထားသည်။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း(၁)တွင် ကတိကဝတ်ပြု ဖော်ပြထားသော အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ် (သို့မဟုတ်) နိုင်ငံရေးလမ်းပြမြေပုံပါ အချက် (၁၂) ချက်ကိုလည်း တဆင့်ချင်း အကောင်အထည်ဖော်လျက်ရှိသည်ကို တွေ့ရပါသည်။

| | | |
|---|---|---|
| စဉ် | အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ် (သို့မဟုတ်) နိုင်ငံရေးလမ်းပြမြေပုံ (၁၂) ချက် | ပေါင်းစပ်ညှိနှိုင်းရေးကော်မတီများ (၉) ခု |
| ၁ | စစ်အာဏာသိမ်းမှု အဆုံးသတ်နိုင်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်ရေးအတွက် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပြုတ်ကျသည်အထိ ဝန်ထမ်းများ၏ CDM လှုပ်ရှားမှုများအပါအဝင် လူထု အထွေထွေသပိတ်လှုပ်ရှားမှုများကို အဆက်မပြတ် ဆက်လက်လှုပ်ရှား ဆောင်ရွက်နိုင်ရေး စည်းရုံးလှုံ့ဆော်ခြင်း၊ အားပေးခြင်းနှင့် ပံ့ပိုးကူညီခြင်း။ | စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ် ဟူသမျှ ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး မဟာဗျူဟာ ရေးဆွဲမှု ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ |
| ၂ | ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကိုယ်စားပြု ကော်မတီများ ဖွဲ့စည်း၍ ကဏ္ဍအလိုက် ပေါင်းဆောင်ရွက်ခြင်း။ | နိုင်ငံခြားရေးရာပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ |
| ၃ | နိုင်ငံရေးဆိုင်ရာသဘောတူညီချက်များ ဆွေးနွေးအတည်ပြုနိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိတ်ဖက်နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများနှင့်သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့်လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် အရပ်ဖက် လူထုအဖွဲ့အစည်းများ လက်တွဲဆောင်ရွက်နိုင်သည့် အခင်းအကျင်း ဖော်ဆောင်ခြင်း။ | ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး ကြိုတင်ပြင်ဆင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ |
| ၄ | ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ကို ရေးဆွဲ အတည်ပြုခြင်း။ | ဂျန်ဒါ မူဝါဒဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ |
| ၅ | ဤပဋိညာဉ်နှင့်အညီကြားကာလအမျိုးသား ညီညွတ်ရေးအစိုးရ (Interim National Unity Government) ဖွဲ့စည်းခြင်း၊ ဥပဒေပြုရေးနှင့် တရားရေး မဏ္ဍိုင်ဆိုင်ရာ အဖွဲ့အစည်းများကို ဖွဲ့စည်းခြင်း။ | ကျန်းမာရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ |
| ၆ | အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးအတွက် ဘုံပန်းတိုင်တူ အင်အားစုအားလုံး ပါဝင်သော ပြည်သူ့ညီလာခံတစ်ရပ် ခေါ်ယူကျင်းပခြင်း။ | ဖက်ဒရယ် ဒီမိုကရေစီပညာရေး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ |
| ၇ | အာဏာရှင်စနစ် ပပျောက်ရေး၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် မဟာဗျူဟာချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ | လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ |
| ၈ | အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း။ | CDM ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ |
| ၉ | အသွင်ကူးပြောင်းရေးကာလ အစိုးရဖွဲ့စည်းခြင်း။ | အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ |
| ၁၀ | တိုင်းပြုပြည်ပြုညီလာခံ (Constitutional Assembly) ခေါ်ယူကျင်းပပြီး ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲအတည်ပြုခြင်း။ | |
| ၁၁ | တိုင်းပြုပြည်ပြုညီလာခံက ရေးဆွဲအတည်ပြုထားသည့် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လူထုဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုပြဋ္ဌာန်းခြင်းနှင့် ရွေးကောက်ပွဲ ကျင်းပခြင်း။ | |
| ၁၂ | အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဖက်ဒရယ် ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်များကို ဖွဲ့စည်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် (Constitutionalism) အရ လိုက်နာကျင့်သုံးခြင်း။ | |

နိုင်ငံရေးလမ်းပြမြေပုံပါ (၈) ခုမြောက် အဆင့်ဖြစ်သော "အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်း" အတွက် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံ ဥပဒေ (မူကြမ်း)ရေးဆွဲရေး လုပ်ငန်းအဖွဲ့ကို ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၁ ရက်တွင် NUCC က ဖွဲ့စည်းခဲ့သည်။ NUCC ကောင်စီဝင်များ၊ အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ NUG ကိုယ်စားလှယ်များနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၊ Kachin Political Interim Coordination Team (KPICT) စသည့် ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်သည့်အဖွဲ့ဝင်၂၄ ဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၆ ရက်တွင် ထုတ်ပြန်ထားသည်။

၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၅ ရက်တွင်လည်း အာဏာရှင်စနစ် ပပျောက်ရေး၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး မဟာဗျူဟာ (မူကြမ်း) အတည်ပြုနိုင်ရေး အတွက် NUCC တွင် ဆွေးနွေးခဲ့ကြောင်း သိရပါသည်။ အဆိုပါမူကြမ်းကို စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ် ဟူသမျှ ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး မဟာဗျူဟာရေးဆွဲမှု ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ (JCC-Strategy) မှ ပြုစုခဲ့ခြင်း ဖြစ်သည်။ JCC-Strategy သည် နိုင်ငံရေးလမ်းပြမြေပုံ၏ (၇)ခုမြောက် အဆင့်ဖြစ်ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် ဖွဲ့စည်းထားခြင်း ဖြစ်သည်။




## တွေ့ရှိချက်များ

၂၀၂၁ ခုနှစ် မတ်လကတည်းက ကနဦးစုစည်း ဖြစ်ပေါ်လာသည့် NUCC သည် စတင် ဖွဲ့စည်းပြီး ၈ လ အကြာ ဖြစ်သည့် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင်မှ ၎င်းတို့၏ ဖွဲ့စည်းမှုနှင့်

လုပ်ငန်းဆောင်ရွက်ချက်များကို တရားဝင်သတင်းထုတ်ပြန်နိုင်ခဲ့သည့်အတွက် သတင်းထုတ်ပြန်မှု အပိုင်းအားနည်းချက်ကို ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။ ပို၍မြင်သာသည်ကတော့ NUCC ၏ လူမှုကွန်ရက်စာမျက်နှာကို ၂၀၂၂ ခုနှစ် ဇွန်လ ၁၄ ရက်တွင်မှ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ NUCC ၏ တရားဝင်ဝက်ဆိုက်ဒ်(nucc-federal.org) ကိုမူ ဇူလိုင်လ ၂၂ ရက်တွင်မှ တရားဝင် လွှင့်တင်နိုင်ခဲ့ပါသည်။ ထို့ကြောင့် NUCC အနေဖြင့် သတင်းပြန်ကြားရေးနှင့် လူထုဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုအားကောင်းစေရန်အတွက် လိုချက်များစွာ ရှိနေသေးသည်ကို သတိပြုမိပါသည်။

သို့နှင့်တိုင် ပထမအကြိမ် ပြည်သူ့ညီလာခံအပြီး နောက်ပိုင်းကာလများတွင်တော့ NUCC သည် နွေဦးတော်လှန်ရေးအတွင်း အာဏာသိမ်းစစ်အုပ်စု၏ ပြုမူဆောင်ရွက်ချက်များကို အာရုံစိုက်စောင့်ကြည့်ကာ သဘောထား ရပ်တည်ချက်များကို ထုတ်ပြန်ပြသလာခဲ့ပါသည်။

အာဏာသိမ်းစစ်ခေါင်းဆောင်ကိုယ်တိုင်ဖိတ်ခေါ်သည့် "ငြိမ်းချမ်းရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးရေး" ကို "အတုအယောင် ငြိမ်းချမ်းရေး ဖိတ်ခေါ်မှု" ဟု ဆိုကာ ၂၀၂၂ ခုနှစ် မေလ၆ ရက်တွင် သဘောထားထုတ်ပြန်ခဲ့သည်။ "စစ်အာဏာရှင်မင်းအောင်လှိုင်၏ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ ခေါင်းဆောင်များကို ကိုယ်တိုင်တွေ့ဆုံဆွေးနွေးလိုကြောင်း ဖိတ်ခေါ်မှုသည် နိုင်ငံရေး၊ စစ်ရေးအပါအဝင် အဘက်ဘက်က အကျပ်အတည်းဆိုက်ပြီး ဆက်လက် ရပ်တည်ရန် ခက်ခဲလာနေသော စစ်အုပ်စု၏ ငြိမ်းချမ်းရေးအကြောင်းပြ ဆွေးနွေးပွဲ ဖိတ်ခေါ်ချက်သာဖြစ်ပြီး အတုအယောင်ငြိမ်းချမ်းရေးဆွေးနွေးပွဲများဖြင့် ၎င်းကြုံတွေ့နေရသည့် နိုင်ငံရေး၊ စစ်ရေး၊သံတမန်ရေးနှင့် စီးပွားရေး အခက်အခဲများကိုယာယီဖြေရှင်းရန် ကြိုးစားခြင်းပင် ဖြစ်ပါသည်" ဟု ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်အသက်သွင်းမည့် စစ်အုပ်စု၏ အတုအယောင်ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်သည် တရားဝင်မှုမရှိကြောင်းနှင့် နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ ပြည်သူ့ခုခံတော်လှန်ရေးအင်အားစုအားလုံးအနေဖြင့်လည်း ပြည်သူလူထုနှင့် တသားတည်း ဆက်လက်ရပ်တည်ကာ စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှင် စနစ်ဟူသမျှ ချုပ်ငြိမ်းရေးအတွက် ကျရာကဏ္ဍမှ ဆောင်ရွက်ကြရန်လည်း NUCC က တိုက်တွန်းထားပါသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်၊ ပင်လုံစာချုပ်ချုပ်ဆိုခြင်း (၇၅)နှစ်မြောက်နေ့တွင်လည်း "အစိုးရအဆက်ဆက်က ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်များအား ချိုးဖောက်ကာ သမိုင်းတလျှောက် ရက်ရက်စက်စက် ဖိနှိပ်အနိုင်ကျင့်ခဲ့မှုများ၊ ခွဲခြားဆက်ဆံမှုများအတွက် မိမိတို့ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) အနေဖြင့်လည်း တိုင်းရင်းသား ပြည်သူတရပ်လုံးအား လေးနက်စွာတောင်းပန်အပ်ပါသည်" ဟု ဆိုကာ အချက် (၇)ချက်ပါ သဘောထားများကို ထုတ်ပြန်ခဲ့ပါသည်။ စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှင်စနစ်ဟူသမျှ ချုပ်ငြိမ်းရေး၊

ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်နှင့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အခြေခံမူများကို အခြေပြုသည့် ညီညွတ်ရေး၊ ကတိကဝတ်များ အကောင်အထည်ဖော်ရေးနှင့် လူမျိုးကြီးဝါဒ ချုပ်ငြိမ်းရေးတို့ကို ဖော်ဆောင်ကာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို အမှန်တကယ် တည်ဆောက်နိုင်သည်အထိ မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက် သွားမည်ဟု NUCC က သန္နိဋ္ဌာန်ပြု ထားသည်ဟုလည်း ဆိုပါသည်။

NUCC သည် အင်းစိန်အကျဉ်းထောင်အတွင်း နိုင်ငံရေးအကျဉ်းသားများအား သေဒဏ် စီရင်ခြင်းနှင့်စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်လက်ယက်ကုန်းရွာ စာသင်ကျောင်းအားလေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သည့် အာဏာသိမ်းစစ်အုပ်စု၏လုပ်ရပ်များကို ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်ခဲ့ပါသေးသည်။

ဆိုခဲ့ပါတွေ့ရှိချက်များသည် NUCC မှ တရားဝင်သတင်းထုတ်ပြန်ချက်များအပေါ် သာ လေ့လာတင်ပြခဲ့ခြင်းဖြစ်ပြီး အခြားသော NUCC အတွင်းရှိ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများနှင့် ဆုတ်ယုတ်ယိုင်နဲ့မှု အခြေအနေများကို တူးဆွ ရှာဖွေနိုင်ခြင်း မရှိသေးကြောင်း တင်ပြလိုပါသည်။ ပထမညီလာခံအပြီး ထုတ်ပြန်ချက်ပါ အစုအဖွဲ့ (၅) ခု မှ အဖွဲ့အစည်းပေါင်း ၃၃ ဖွဲ့ဆိုသည်ကိုမူ NUCC ၏ တရားဝင်သတင်းထုတ်ပြန်ရေးလမ်းကြောင်းတွင် အမည်နာမ တိကျစွာ မြင်တွေ့ရခြင်း မရှိသေးပေ။

ထို့အပြင် ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ကျင်းပရန် လျာထားသည့် ဒုတိယအကြိမ် ပြည်သူ့ ညီလာခံကို သတ်မှတ်ထားသည့် အချိန်အတွင်း မလုပ်ဆောင်နိုင်ခဲ့သည့်အကြောင်း ထုတ်ပြန် ထားသည့် NUCC ၏ အောက်တိုဘာ ၃ရက်၊ ထုတ်ပြန်ချက်တွင် တော်လှန်ရေး ပိုမိုအားကောင်း စေရန်အတွက် ပြင်ဆင်မှုများ လုပ်ဆောင်ပြီးစီးမှသာ ဒုတိယအကြိမ် ပြည်သူ့ညီလာခံကို ကျင်းပ သွားမည်ဟု ဆိုထားပြီး တိကျသည့်အချိန်ကို ဖော်ပြနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။

## သုံးသပ်တင်ပြချက်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုသည် ဘက်ပေါင်းစုံ၊ ကဏ္ဍစုံ ချို့နဲ့ ပြိုပျက်နေသည့်အခြေအနေများမှ ရုန်းထရန် ကြိုးပမ်းအားထုတ်နေသည့် မြန်မာ့အနာဂတ်ကို အမှောင်ဖုံး ပျက်သုဉ်းစေခဲ့သည်။ သို့သော် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်လာကြသော တောင်တန်းမြေပြန့် မြို့ပြကျေးလက်ဒေသအသီးသီးမှ တိုင်းရင်းသားလူမျိုးအစုံ၊ လူထု လူတန်းစား အလွှာစုံ၏ တုံ့ပြန်လှုပ်ရှားမှုများသည် မြန်မာ့အနာဂတ်သစ်ကို လင်းလက်ထွက်ပေါ်စေခဲ့သည်။ လူငယ်လူရွယ်များ ဦးဆောင်သည့် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လှုပ်ရှားမှုများသည် နည်းလမ်းမျိုးစုံဖြင့် သက်ဝင်လှုပ်ရှားနေဆဲ ဖြစ်သည်။

အမှန်နှင့် အမှား၊ ဓမ္မနှင့် အဓမ္မကို ခွဲခြားပိုင်းဖြတ်ကာ စစ်အာဏာသိမ်းမှုနှင့် စစ်အာဏာရှင်

စနစ် အမြစ်ပြုတ်ရေးအတွက်ဦးတည်လှုပ်ရှားလှုပ်လုပ်ကိုင်နေကြသော နွေဦးတော်လှန်ရေး ခရီးလမ်းသည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအထိ ရည်မှန်းဦးတည်နေခြင်းဖြစ်သည်။ ထို့အတွက် NUCC သည် ဦးတည်ဖော်ဆောင် နေသော နွေဦးတော်လှန်ရေး တပ်ဦးသဖွယ် မားမတ်နိုင်မာစွာ ရပ်တည်နိုင်ရန် အထူးလိုအပ်ပေလိမ့်မည်။ NUCC ယိုင်နဲ့၍ မဖြစ်။ အပေါ်ယံမဟုတ်သော လက်တွဲမှုဆောင်ရွက်မှုများ၊ ခိုင်မြဲသော ချိတ်ဆက်ပူးပေါင်းမှုများ၊ အားကောင်းသော စုစည်းမှုများအတွက် ပုဂ္ဂိုလ်ရေးအရ အကျိုးစီးပွား၊ မာနတရား၊ အယူအဆနှင့် တိမ်းညွှတ်မှုများကို အလေးပေးရှေ့တန်း မတင်မိစေရေးသည် NUCC ၏ အဖွဲ့ဝင် အဖွဲ့အစည်းတိုင်းအတွက် အထူးသတိပြုသင့်ပေသည်။


စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် လမ်းချင်းတူသောအစုအဖွဲ့တိုင်းသည် NUCC တွင် တွဲဖက်လုပ်ကိုင်နေကြပြီဖြစ်သည်။ လက်ချင်းချိတ်ဆက်နိုင်မှုသည် ခရီးလမ်းဆုံးသည်အထိ မြဲမြံနိုင်မာရေးသည် အရေးကြီးသကဲ့သို့ လမ်းတဝက်တွင် ကျန်ရစ်မနေရန်အတွက်လည်း သတိပြုဆောင်ရွက်သင့်ကြောင်း ရှုမြင်သုံးသပ်ရပါသည်။

*(မှတ်ချက်။ ၂၀၂၂ ခုနှစ် ဇွန်လထုတ် BNI-Myanmar Peace Monitor ၏ အပတ်စဉ် သတင်းသုံးသပ်ချက် စာစောင် အမှတ် - ၇၆ မှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်သည်)*

# မြန်မာနိုင်ငံတဝှမ်း တိုက်ပွဲဖြစ်ပွားမှု အခြေအနေများ

# မြန်မာနိုင်ငံတဝှမ်းတိုက်ပွဲဖြစ်ပွားမှုအခြေအနေများ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လအထိ တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံတဝှမ်းလုံးတွင် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၁၆၃၇ ရက်ရှိခဲ့ပြီး ပြီးခဲ့သည့်ကာလတူအခြေအနေထက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၅၈ ရာခိုင်နှုန်း (၆၉၅ ရက်) ပိုမိုများပြားစွာ ဖြစ်ပွားခဲ့သည်ကို တွေ့ရပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဆိုင်ရာ အချက်အလက်များအား မှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ ကောက်ယူမှတ်တမ်းပြုထားသည့်အတွက် တိုက်ပွဲဖြစ်ပွားမှု အကြိမ်ရေအားဖြင့်မူ ယခုထက် ပိုမို များပြားနိုင်ကြောင်း အသိပေးအပ်ပါသည်။




၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လအထိ တစ်နှစ်တာကာလအတွင်း တိုက်ပွဲဖြစ်ပွားမှုအခြေအနေများကို လအလိုက်လေ့လာကြည့်ပါက ၂၀၂၂ ခုနှစ် နိုဝင်ဘာလသည် တိုက်ပွဲဖြစ်ပွားမှု အများဆုံးလ ဖြစ်ခဲ့ပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာလသည် တိုက်ပွဲဖြစ်ပွားမှု ဒုတိယ အများဆုံးလ ဖြစ်ခဲ့သည်ကို တွေ့ရပါသည်။ ၂၀၂၃ ခုနှစ် မတ်လသည် တတိယမြောက် တိုက်ပွဲဖြစ်ပွားမှု အများဆုံးလအဖြစ် မှတ်တမ်းဝင်နေပါသည်။

**၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လအထိ လအလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း**




အဆိုပါတိုက်ပွဲဖြစ်ပွားမှု အများဆုံးလ (၃) လအတွင်း တိုက်ပွဲများကို လေ့လာကြည့်ပါက အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF-LDF) များအကြား တိုက်ပွဲဖြစ်ပွားမှုသည် ၃၄၁ ရက်အထိ ရှိခဲ့ပြီး စစ်ကောင်စီတပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO) များအကြား တိုက်ပွဲဖြစ်ပွားမှုသည် ၁၇၆ရက်ရှိခဲ့ပါသည်။ ERO အချင်းချင်းအကြား တိုက်ပွဲဖြစ်ပွားမှုသည် ၅ ရက်ရှိခဲ့ပြီး ရှမ်းတပ်နှစ်ခုဖြစ်သည့် RCSS/SSA နှင့် SSPP/SSA အကြား တိုက်ပွဲဖြစ်ပွားမှု ၃ ရက် ရှိခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် RCSS/SSA နှင့် PNLO/PNLA အကြားတွင် တစ်ရက်၊ ရှမ်းနီတပ်(SNA) နှင့် KIO/KIA အကြားတွင် တစ်ရက် ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ပါသည်။ [1]

စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးသို့ ဦးတည်လျှောက်နေကြသည့် နွေဦးတော်လှန်ရေးအင်အားစုများအနေဖြင့် စစ်အာဏာသိမ်းကာလ ၂ နှစ်ကျော်အတွင်း အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် လက်တွဲလုပ်ဆောင်မှုများ ပိုမိုခိုင်မြဲသည်ဟု ဆိုနိုင်ပြီး အာဏာသိမ်းစစ်ကောင်စီတပ်များအား ခုခံတော်လှန်စစ်ဆင်နွှဲရာတွင် PDF-LDF များ၊ ERO များနှင့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)တို့၏အဆင့်ဆင့် ချိတ်ဆက်ကွပ်ကဲမှုများသည် ပိုမိုပီပြင်လာသည်ကို တွေ့ရှိရပါသည်။

၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လအထိ တစ်နှစ်တာအတွင်း နိုင်ငံတဝှမ်း ဒေသအလိုက် တိုက်ပွဲဖြစ်ပွားမှုများကို ပြီးခဲ့သည့် ကာလတူတိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့် နှိုင်းယှဉ် လေ့လာကြည့်ပါက တောင်တန်းမြေပြန့်ဒေသအားလုံးတွင်တိုက်ပွဲဖြစ်ပွားမှုများပိုမိုများပြားလာခဲ့ပြီး အထူးသဖြင့် အာဏာသိမ်းစစ်အုပ်စုရုံးစိုက်ရာ နေပြည်တော်ကောင်စီနယ်မြေအတွင်းအထိ တိုက်ပွဲဖြစ်ပွားမှုများ ရှိလာခဲ့သည်ကို သတိပြုမိပါသည်။

1 Myanmar Armed Conflict Dashboard (Live update), BNI-MPM, http://rb.gy/ogyyi

## ၂ နှစ်အတွင်း ဒေသအလိုက် တိုက်ပွဲဖြစ်ပွားမှုအခြေအနေများကို နှိုင်းယှဉ်ကြည့်ခြင်း





စစ်ကိုင်းတိုင်းသည် တိုက်ပွဲအပြင်းထန်ဆုံးဒေသ ဖြစ်ခဲ့ပြီး ကာလတူအခြေအနေမျိုးတွင် ယခင်နှစ် တိုက်ပွဲဖြစ်ပွားမှု၏ နှစ်ဆကျော်(၄၄၇ ရက်)အထိ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ မကွေး၊ ကရင်၊ ကရင်နီ(ကယား)၊ ချင်း၊ တနင်္သာရီ၊ မွန်၊ ရခိုင်၊ ရှမ်း (တောင်)၊ မန္တလေးနှင့် ပဲခူး(အရှေ့) စသည့် တောင်တန်းမြေပြန့်တခွင်လုံးတွင် တိုက်ပွဲဖြစ်ပွားမှုများ အပြန့်ကျယ်စွာ မြင့်တက်လာခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် ထူးခြားမှုအဖြစ် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုမစတင်မီ လပိုင်းအလိုတွင်မှ ယာယီအပစ်ရပ်ခဲ့ကြသည့် ရက္ခိုင့်တပ်တော် (ULA/AA) နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာခဲ့ခြင်းဖြစ်သည်။ ကချင်နှင့် ရှမ်း (မြောက်)ဒေသ တို့တွင်တော့ ယခင်နှစ်ကာလတူထက် လျော့ကျသွားခဲ့သည်ဟု ဆိုနိုင်ပါသည်။

ကချင်နှင့် ရှမ်းမြောက်ဒေသများသည် KIO/KIA ၊ PSLF/TNLA ၊ MNDAA ၊ ULA/AA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားရာ ဒေသများဖြစ်ကြပြီး တရုတ်အစိုးရ၏ ကြားဝင်စေ့ဆော်မှုကြောင့် တိုက်ပွဲများလျော့ကျသွားခြင်း ဖြစ်နိုင်သကဲ့သို့ အဆိုပါ ERO များကိုယ်တိုင်ပင် နေ့ဦးတော်လှန်ရေး ခုခံတော်လှန်ရေး အင်အားစုများအား ချိတ်ဆက်ကွပ်ကဲထိန်းကျောင်းကာ စစ်မျက်နှာဖွင့်ပြီး ဖြန့်ကျက်လှုပ်ရှားနေခြင်းကြောင့်ဟုလည်း ရှုမြင်သုံးသပ်နိုင်ပါသည်။

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လအထိ တစ်နှစ်တာအတွင်းဖြစ်ပွားခဲ့သည့် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း၏ ၇၀ရာခိုင်နှုန်းကျော် (၁၁၅၈ ရက်)သည် စစ်ကောင်စီတပ်နှင့်မြို့ပြဒေသအလိုက် PDF-LDF များအကြား ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး မြန်မာနိုင်ငံတဝှမ်းလုံးရှိ ပြည်တွင်းစစ်မီး ပိုမိုပြင်းထန် ကျယ်ပြန့်လာရခြင်းသည်


ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော စစ်အုပ်စု၏ စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုကြောင့် ဖြစ်ကြောင်းကို သိသာထင်ရှားစေပါသည်။ [2]




ဆိုခဲ့ပါ တစ်နှစ်တာအတွင်း KNU/KNLA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၁၉၇ ရက်၊ KIO/KIA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၁၁၁ ရက်၊ ULA/AA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၉၀ ရက်၊ KNPP/KA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၂၅ ရက် စသဖြင့် အသီးသီး ရှိခဲ့သည်ကို တွေ့ရှိရပါသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇွန်လကုန်အထိ (၆) လတာ ကာလအတွင်း တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို လေ့လာကြည့်ပါက တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၇၆၈ ရက် အထိ ရှိခဲ့ပြီး ၂၀၂၃ ခုနှစ် မတ်လသည် တိုက်ပွဲဖြစ်ပွားမှု အများဆုံးလအဖြစ် မှတ်တမ်းဝင်နေပါသည်။

## ၂၀၂၃ ခုနှစ် ဇန်နဝါရီမှ ဇွန်လအထိ (၆) လတာအတွင်း တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း




2 Myanmar Armed Conflict Dashboard (Live update), BNI-MPM, http://rb.gy/gpb69

ထို့အပြင် အမျိုးသားညီညွတ်ရေးအစိုးရ(NUG) အပါအဝင် ERO ခေါင်းဆောင်များနှင့် နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်ရေး အင်အားစုအလိုက် ဟစ်ကြွေးပြင်ဆင်နေကြသော ၂၀၂၃ ခုနှစ်အတွက် "တစ်နှစ်စီမံချက်"၏သက်ရောက်မှုကြောင့်သော်လည်းကောင်း၊ NUG ကာကွယ်ရေး ဝန်ကြီးဌာနနှင့် မဟာမိတ်တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်း (EROs) (၄) ဖွဲ့ ပူးပေါင်းကာ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ဖွဲ့စည်းခဲ့သည့် "ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ" (Central Command and Coordination Committee – C3C)၏ သက်ဝင်လှုပ်ရှားမှု ကြောင့်သော်လည်းကောင်း ၂၀၂၃ ခုနှစ်၏ လများသည် လစဉ်တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၁၀၀ အထက်တွင် ရှိနေသည်ကို ထူးခြားစွာတွေ့ရှိရပါသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်၊ ပြည်သူလူထုထံ နိုင်ငံတော်အခြေပြမိန့်ခွန်းတွင်တော့ NUG ယာယီသမ္မတကြီး ဒူဝါလရှီးလက ယခုလိုပြောဆိုထားပါသည်။


"၂၀၂၂ ခုနှစ်အတွင်း အမျိုးသားညီညွတ်ရေးအစိုးရဟာ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့များနှင့်ယုံကြည်မှုကို ပိုမိုတည်ဆောက်နိုင်သလို လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့တွေအားလုံးနဲ့ ချိတ်ဆက်နိုင်ခဲ့သလို အရေးကြီးတဲ့ အဖွဲ့အစည်းတွေနဲ့ စစ်ရေး၊ နိုင်ငံရေး ပူးပေါင်းမှုများကို ခိုင်မာကောင်းမွန်စွာ ဆောင် ရွက်လာနိုင်ပြီးဖြစ်ပါတယ်။ တဆက်တည်းမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျကျ လက်တွဲဆောင်ရွက်မှုအပြင် ပြည်တွင်းပြည်ပမှာရှိတဲ့ အရက်ဖက်အဖွဲ့ အစည်းတွေနဲ့လည်း ပိုမိုအားကောင်းချိတ်ဆက်လာနိုင်ပြီး စစ်ကောင်စီကို အဖက်ဖက်ကနေ ချိန့်သွားအောင် ဆောင်ရွက်လာနိုင်ပြီဖြစ်ပါတယ်"။ [3]

နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်သည် အရှိန်အဟုန်အပြင်းဆုံးဖြင့် အပြန့်ကျယ်လာ နိုင်သည့်အတွက် စစ်ဘေးရှောင်ပြည်သူလူထု၏ အရေးကို ကြိုတင်ထည့်သွင်းစဉ်းစား ထားသင့် ပေသည်။ အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီး လက်နက်ငယ် အသွယ်သွယ်ဖြင့် ရမ်းသန်းပစ်ခတ်မှုများ၊ နေအိမ်အဆောက်အအုံ မီးရှို့ဖျက်ဆီးမှုများကို သတိပြု ရနိုင်သကဲ့သို့ ဟန့်တားနိုင်မည့် နည်းလမ်းများကိုလည်း တွက်ဆရှာဖွေထားရပေလိမ့်မည်။

မိမိတို့ BNI-Myanmar Peace Monitor ၏ နေ့စဉ်စောင့်ကြည့်မှတ်တမ်းပြုမှုများ၊ လေ့လာ တွေ့ရှိချက်များအရ ၂၀၂၃ ခုနှစ်အတွင်း နွေဦးတော်လှန်ရေးအင်အားစုများ အချင်းချင်းအကြား စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများသည် သိသာထင်ရှားစွာ အားကောင်းလာသည်ကို တွေ့ရှိ နေရပါသည်။ အာဏာသိမ်းစစ်အုပ်စုအား တောင်တန်းမြေပြန့်ဒေသအလိုက် နိုင်ငံတဝှမ်းလုံးတွင် စစ်မျက်နှာဖွင့် ဖြန့်ကျက်လှုပ်ရှားနေသည်ကိုလည်း တွေ့ရှိရပါသည်။ ထို့ကြောင့် အာဏာသိမ်း စစ်အုပ်စုအား ခုခံတော်လှန်စစ်အရှိန်အဟုန်သည် ဆက်လက်ပြင်းထန်နေမည့် အလားအလာများ ရှိနေကြောင်း ရှုမြင်သုံးသပ်ရပါသည်။


3 Intensifying Final Offensives and Integration Signs – Issue 99၊ BNI-MPM's WNR ၊ http://rb.gy/n1rye

## ဧပြီ၂၀၂၀မှ၂၀၂၁မတ်လ





| State and Region | Number Of Clash Days |
|---|---|
| Shan | 41 |
| Arakan | 38 |
| Kachin | 10 |
| Karen | 7 |
| Chin | 4 |
| Mandalay | 3 |
| Bago | 2 |
| Karenni | 1 |
| Sagaing | 1 |

## ဧပြီ၂၀၂၁မှ၂၀၂၂မတ်လ




| State and Region | Number Of Clash Days |
|---|---|
| Sagaing | 206 |
| Shan | 154 |
| Kachin | 120 |
| Chin | 103 |
| Kayin | 83 |
| Magway | 71 |
| Kayah | 66 |
| Mon | 43 |
| Mandalay | 28 |
| Tanintharyi | 27 |
| Yangon | 19 |
| Bago | 11 |
| Nay Pyi Taw | 4 |
| Rakhine | 4 |
| Ayeyarwady | 3 |

## ဧပြီ၂၀၂၂မှ၂၀၂၃မတ်လ




| State and Region | Number Of Clash Days |
|---|---|
| Sagaing | 447 |
| Magway | 170 |
| Shan | 145 |
| Kayin | 141 |
| Kayah | 132 |
| Chin | 116 |
| Tanintharyi | 106 |
| Mon | 87 |
| Kachin | 80 |
| Bago | 79 |
| Rakhine | 72 |
| Mandalay | 47 |
| Yangon | 11 |
| Ayeyarwady | 4 |

ဧပြီ ၂၀၂၀ မှ ၂၀၂၁ မတ်လ၊ ဧပြီ ၂၀၂၁ မှ ၂၀၂၂ မတ်လ၊ ဧပြီ ၂၀၂၂ မှ ၂၀၂၃ မတ်လအထိ actor အလိုက် တိုက်ပွဲဖြစ်ပွားမှုဇယား

| Actor 1 | Actor 2 | 2020 Apr - 2021 Mar | 2021 Apr - 2022 Mar | 2022 Apr - 2023 Mar |
|---|---|---|---|---|
| MA | ABSDF | | | 3 |
| MA | ARSA | 1 | 2 | |
| MA | CNF | | 1 | 1 |
| MA | DKBA | 1 | 4 | |
| MA | Kaw Thoo Lei Army | | | 5 |
| MA | KIO/KIA | 23 | 140 | 111 |
| MA | KNPP | 1 | 8 | 25 |
| MA | KNU | 7 | 103 | 197 |
| MA | MNDAA | 1 | 47 | 17 |
| MA | NA-B | | 4 | 1 |
| MA | PDF | | 577 | 1158 |
| MA | RCSS/SSA | 10 | 4 | |
| MA | SNA | 1 | 6 | 1 |
| MA | SSPP/SSA | | | 8 |
| MA | TNLA | 9 | 10 | 10 |
| MA | ULA/AA | 41 | 5 | 90 |
| KNU | Kaw Thoo Lei Army | | | 2 |
| KNU/KNLA (PC) | NMSP | 1 | | |
| RCSS/SSA | TNLA | 7 | 4 | |
| RCSS/SSA | SSPP/SSA | 4 | 23 | 4 |
| RCSS/SSA | NA-B | | 2 | |
| RCSS/SSA | UWSA | | | 1 |
| RCSS/SSA | PNLO | | | 1 |
| SNA | KIO/KIA | | | 1 |
| SNA | PDF | | | 1 |
| ZRO/ZRA | CNF | | 1 | |
| ZRO/ZRA | PDF | | 1 | |
| **Total** | | **107** | **942** | **1637** |

# စစ်ဘေးရှောင်များ အခြေအနေ

# စစ်ဘေးရှောင်များအခြေအနေ


၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်တပ်အာဏာသိမ်းချိန်မှစ၍ မြန်မာနိုင်ငံတဝှမ်း ကုန်းကြောင်းလေကြောင်း တိုက်ပွဲများအပြင်၊ စစ်ကောင်စီတပ်၏ တရွာဝင်တရွာထွက် မီးရှို့ဖျက်ဆီးမှုများ၊ ဖမ်းဆီးနှိပ်စက် သတ်ဖြတ်မှုများနှင့် လူသားဒိုင်းအဖြစ် အသုံးပြုခြင်း စသည့်တို့ကြောင့် စစ်ဘေးရှောင်ပြည်သူအရေအတွက်သည် တနေ့ထက်တနေ့ပိုမိုများပြားလာသည်ကိုတွေ့ရသည်။


ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOHCA) ၏ မတ်လ ၂၁ ရက် ထုတ်ပြန်ချက်အရ စစ်အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံတဝန်းမှာ စစ်ဘေးဒုက္ခသည်ပေါင်း ၁ ဒသမ ၄သန်း တိုးလာပြီး အာဏာမသိမ်းခင်ကတည်းကရှိခဲ့တဲ့ စစ်ဘေးဒုက္ခသည် ၃ သိန်းကျော်နှင့် အားလုံးပေါင်း ၁ ဒသမ ၇ သန်း ရှိနေကြောင်းနှင့် လက်နက်ကိုင် ပဋိပက္ခတွေ ဖြစ်နေသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်း အရှေ့ပိုင်းတွင် စစ်ဘေးရှောင်များ တိုးလာကြောင်း ဖော်ပြထားသည်။ [1]

Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၂ ခုနှစ် ဧပြီလမှစပြီး ၂၀၂၃ မတ်လအထိ တနိုင်ငံလုံးတွင် စစ်ဘေးရှောင် အရေအတွက် ၉ သိန်း ၈သောင်း ကျော် တိုးလာပြီး စစ်ကိုင်းတိုင်းတွင် စစ်ဘေးရှောင် အရေအတွက် ၄ သိန်းခွဲကျော်၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ၁ သိန်းခွဲကျော်၊ ကရင်နီ၊ ကရင်၊ မွန်နှင့် တနင်္သာရီတိုင်း များတွင်လည်း စစ်ဘေးရှောင် အရေအတွက် ၃ သောင်းကျော် အသီးသီး တိုးလာသည်ကို တွေ့ရသည်။

---

1 https://www.rfa.org/burmese/program_2/nationwide-refugee-increased-within-fortnight-03222023073118.html








## စစ်ဘေးရှောင်များ ကြုံတွေ့ရသော အခက်အခဲများ

တစ်နိုင်ငံလုံးအနှံ့ အာဏာသိမ်းစစ်ကောင်စီတပ်ကို တော်လှန်သည့် တိုက်ပွဲဖြစ်ပွားရာ ဒေသများတွင် စစ်တပ်သည် ကုန်းကြောင်းလေကြောင်း တိုက်ခိုက်မှုများ အပါအဝင် ပြည်သူပိုင်ပစ္စည်းများဖြစ်သော နေအိမ်နှင့် စပါးကျီ မီးရှို့မှုများ၊ ရေပိုက်လိုင်းများ မီးရှို့ဖျက်ဆီးမှုများနှင့် အိမ်မွေးတိရစ္ဆာန်များ သတ်ဖြတ်မှုများ စသည်တို့ကြောင့် စစ်ဘေးရှောင်များသည် နီးစပ်ရာ ဘုန်းကြီး

ကျောင်းများ၊ ယာခင်းများနှင့် တောထဲတောင်ထဲတွင် ထွက်ပြေးတိမ်းရှောင်နေရပြီး အသက်ရှင်သန်ဖို့အတွက် အခြေခံလိုအပ်ချက်များဖြစ်သော အစာရေစာနှင့် ဆေးဝါးများအပြင် မိုးဒဏ်လေဒဏ် ကာကွယ်ဖို့နှင့် နေထိုင်နိုင်ဖို့ နေအိမ်၊ အမိုးအကာနှင့် အဝတ်အထည် စသည်များ လိုအပ်လျက်ရှိကြသည်။

အစာရေစာနှင့် သောက်သုံးရေ မလုံလောက်မှုများစွာ ရှိနေပြီး ထိုအကျိုးဆက်အနေဖြင့် စစ်ဘေးရှောင်များတွင် ဝမ်းရောဂါများ၊ အရေပြားဆိုင်ရာ ရောဂါများ၊ အာဟာရပြတ်လပ်သည့် ရောဂါများနှင့် ငှက်ဖျားရောဂါ စသည်များ ခံစားကြရပြီး စစ်ဘေးရှောင်ရင်း အသက်သေဆုံးသူများလည်း ရှိသည်။ [2] ထို့အပြင် မြွေများသည့်ဒေသဖြစ်သော စစ်ကိုင်းတိုင်းတွင် စစ်ဘေးရှောင်များ မြွေကိုက်ခံရမှု အများဆုံး ကြုံတွေ့ရကြောင်းနှင့် စစ်ဘေးရှောင် ၃၈ ဦး မြွေကိုက်ခံရပြီး မြွေအဆိပ်ဖြေဆေး မရရှိနိုင်သည့်အတွက် ၃ ဦး သေဆုံးသွားကြောင်းနှင့် လမ်းပမ်းဆက်သွယ်ရေး အခက်အခဲကြောင့် ဆေးဝါးများအချိန်မီမရရှိဘဲ စစ်ဘေးရှောင်များ သေဆုံးသည့်အရေအတွက် များလာသည်ကို တွေ့နိုင်သည်။[3] မြန်မာနိုင်ငံအလယ်ပိုင်းရှိ စစ်ဘေးရှောင်များသည် ကုန်းတွင်းပိတ်ဒေသဖြစ်သည့်အတွက် နယ်စပ်ဒေသများဖြစ်သော ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်




2 https://www.rfa.org/burmese/program_2/sagaing-kayah-refugee-children-health-problem-03242023060957.html

3 https://www.rfa.org/burmese/news/snakes-bites-kanbalu-11232022051430.html

ကရင်နီပြည်နယ်များကဲ့သို့ အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးစရာ မြေမရှိဘဲ ပိုပြီးဒုက္ခရောက်ကြရသည်။ ထို့အပြင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်သည့် အချိန်များတွင်လည်း မြေပြန့်ဒေသဖြစ်သည့်အလျောက် ပုန်းခိုစရာ တောတောင်လျှိုမြောင်မရှိခြင်းကြောင့် ပိုပြီးအထိနာကြောင်း သိရသည်။ တဘက်တွင်လည်း အိမ်နီးချင်းနိုင်ငံများတွင် စစ်ဘေးခိုလှုံရန် သွားရောက်နေသူများသည်လည်း အကျပ်အတည်းမျိုးစုံ ကြုံရသည်ပင်ဖြစ်သည်။ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံထဲသို့ ထွက်ပြေးခိုလှုံကြသည့် မြန်မာစစ်ဘေးရှောင်များအား အိမ်နီးချင်းအာဏာပိုင်များမှ အသိအမှတ်မပြုသည့်အပြင် နှင်ထုတ်ခြင်းများ၊ ဖမ်းဆီးထိန်းသိမ်းခြင်းများနှင့် အသွားအလာကန့်သတ်ခြင်း စသည်များရင်ဆိုင်နေရသည်။ [4] ၂၀၂၃ ဇန်နဝါရီလထဲတွင် မဏိပူရ်ပြည်နယ်ရောက် မြန်မာစစ်ဘေးရှောင် ၈၀ ကျော်ကို အိန္ဒိယအာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းသွားခဲ့ပြီး ၂ နှစ်အတွင်း ဖမ်းဆီးခံရသူ ၃၀၀ ခန့် ရှိပြီဖြစ်ကြောင်းနှင့် မြန်မာဘက်ခြမ်းပြန်ပို့မည်ဟု ခြိမ်းခြောက်ခံကြရသည့်အပြင် သူတို့ကို အကူအညီပေးမည့် အဖွဲ့အစည်းလည်း မရှိကြောင်း တွေ့ရှိရသည်။ [5]

## ပြည်တွင်းနှင့် နိုင်ငံတကာအကူအညီရရှိမှုများ

အထက်ဖော်ပြပါ အခြေအနေများကြောင့် စစ်ဘေးရှောင်များအနေဖြင့် အလုပ်လုပ်ကိုင်ရန်နှင့် ကိုယ့်ဝမ်းစာရှာဖွေရန် မဖြစ်နိုင်သည့်အခြေအနေသို့ ရောက်ရှိနေကြသည်။ စစ်ဘေးရှောင်အရေအတွက် တနေ့ထက်တနေ့တိုးလာပြီး အလှူငွေအပေါ် မှီခိုမှုအချိန်ကာလကြာလာသည်နှင့်အမျှ ပြည်တွင်းအကူအညီများ လျော့လာသည်ကိုလည်း တွေ့မြင်နိုင်သည်။ [6] မြန်မာနိုင်ငံ အလယ်ပိုင်းဖြစ်သော စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ စစ်ဘေးရှောင်ပြည်သူများသည် နိုင်ငံတကာအထောက်အပံ့များ မရရှိသည့်အပြင် ပြည်တွင်းနှင့် အနီးနားရှိ ရွာသားများ၏ အကူအညီဖြင့် ရပ်တည်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် ထိုအနီးနားရွာများကို စစ်တပ်ဝင်စီးမှုများကြောင့် ထိုရွာသားများပင် စစ်ဘေးရှောင်အခြေအနေသို့ ရောက်ရှိသွားကြသည့်အပြင် အကူအညီမဲ့ ဖြစ်သွားကြ ပြီး စစ်ရှောင်အရေအတွက် တိုးလာသည်။ ထို့အပြင် စစ်ဘေးရှောင်များသည် ဖုန်းနှင့်အင်တာနက်လိုင်းမပိတ်ခင်အထိ အွန်လိုင်းဘဏ်စနစ်ဖြင့် အလှူငွေများ ရရှိခဲ့ကြသော်လည်း စစ်ကောင်စီ၏ အင်တာနက်လိုင်းများ ဖြတ်တောက်မှုများကြောင့် ထိုအလှူငွေများလည်း ရရှိနိုင်ခြင်း မရှိတော့ပေ။

ထို့ကြောင့် ထိုဒေသများအတွက် လိုအပ်သည့် အထောက်အပံ့များ ရရှိအောင် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် လုပ်ဆောင်ရန် အရေးတကြီးလိုအပ်သည်။ ကျန်ဒေသနှင့်

---

4 https://tinyurl.com/2ews6k9h/

5 https://myanmar-now.org/mm/news/13869/

6 https://www.bbc.com/burmese/burma-61058460

ပြည်နယ်များတွင် စစ်ဘေးရှောင်များအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ အထောက်အပံ့တချို့ ရရှိသော်လည်း တကယ်လိုအပ်သည့်သူများထံ ရောက်ရှိနိုင်ခြင်းမရှိသည်ကိုလည်း တွေ့မြင်ရသည်။ စစ်ဘေးရှောင် သိန်းနှင့်ချီပြီးရှိသော ကရင်နီပြည်နယ်တွင် ၂၀၂၂ ခုနှစ်အတွင်း အာဆီယံနှင့် UN တို့၏ အစီအစဉ်အရ စစ်ကောင်စီထံမှတဆင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်၏ အထောက်ပံ့များ ဝင်လာခဲ့သော်လည်း ထိုအထောက်အပံ့များသည် မြို့နှင့်နီးသော ပြည်သူများထံသာ ရောက်ရှိနိုင်ပြီး အမှန်တကယ်လိုအပ်သည့် ဒေသခံများနှင့် စစ်ဘေးရှောင်စခန်းများထံသို့ရောက်ရှိနိုင်ခြင်း မရှိသည်ကိုလည်း ကြားသိရသည်။ [7] ထိုအထောက်အပံ့များသည် စစ်ဘေးရှောင်ပြည်သူများ၏ ၁၀ ရာခိုင်နှုန်းသာ ထိရောက်မှုရှိကြောင်းကိုလည်း ကရင်နီပြည်အတိုင်ပင်ခံကောင်စီ (KSCC) မှ ဦးဗညားက မှတ်ချက်ပြုသည်။ [8]

ထို့အပြင် တိုက်ပွဲဖြစ်ပွားသည့် ဒေသများတွင် စစ်ကောင်စီက ဖုန်းလိုင်းနှင့်အင်တာနက်လိုင်းများ ဖြတ်တောက်သည့်အတွက် စစ်ဘေးရှောင်များအနေဖြင့် မြို့ရွာတွင်းသတင်းများရရှိနိုင်မှု မရှိသည့်အပြင် သူတို့၏ အခက်အခဲများကို ထောက်ပံ့ကူညီသူများထံ သတင်းပေးရန်နှင့် ထောက်ပံ့ငွေများ ရရှိရန်မလွယ်ကူပေ။ ၎င်းအပြင် စစ်ကောင်စီက အာဏာသိမ်းပြီးနောက်ပိုင်းစစ်ဘေးရှောင်ကူညီသူများကို ဖမ်းဆီးသတ်ဖြတ်ခြင်းများ၊ ပို့ဆောင်ရေးလမ်းကြောင်းများ ကန့်သတ်ခြင်း၊ အကူအညီပေးသည့် ပစ္စည်းများကို ဖျက်ဆီးမှုပြုလုပ်ခြင်း၊ ဆန်နှင့် စက်သုံးဆီ သယ်ယူမှုများ တင်းကြပ်ခြင်းများကြောင့်လည်း အထောက်ပံ့အကူညီများ စစ်ဘေးရှောင်များထံ လိုအပ်သည့်အချိန်တွင် မရောက်ရှိနိုင်ပေ။

အချုပ်အားဖြင့်ဆိုသော် စစ်တပ်အာဏာသိမ်းပြီးနောက် စစ်ဘေးရှောင်အရေအတွက်သည် နေ့စဉ်တိုးလာပြီး တော်လှန်ရေးကာလ အချိန်ကြာလာသည်နှင့်အမျှ ပြည်တွင်းအလှူငွေ ရရှိမှုနည်းခြင်းနှင့် နိုင်ငံတကာအကူအညီများလည်း လိုအပ်သည့်သူများထံ ရောက်ရှိမှုမရှိသည့် အချက်များကြောင့် စစ်ဘေးရှောင်များ ရေရှည်ဆက်လက် အသက်ရှင်နေထိုင်နိုင်ရေး အကျပ်အတည်း ဖြစ်လာပြီ ဖြစ်သည်။

ထို့ကြောင့် ပြည်တွင်းပြည်ပ အကူအညီပေးသည့် အဖွဲ့အစည်းများအနေဖြင့် အမှန်တကယ် လိုအပ်သည့် စစ်ဘေးရှောင်များထံ အကူအညီများရောက်ရှိအောင် နည်းလမ်းပေါင်းစုံသုံးပြီး စဉ်းစားအဖြေရှာရန် လိုအပ်သည်။ နယ်စပ်တွင်ရှိသော စစ်ဘေးရှောင်များအတွက် တဖက်အစိုးရနှင့် ညှိနှိုင်းပြီး နယ်စပ်ဖြတ်ကျော်အကူအညီများ ပိုမိုအားဖြည့်ရန် လိုအပ်သကဲ့သို့ ပြည်တွင်းစစ်ဘေးရှောင်များအတွက်လည်း နယ်မြေစိုးမိုးမှုရှိသော အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အကူအညီရောက်ရှိအောင် လုပ်ဆောင်ရန် အရေးတကြီး လိုအပ်လာသည်ကို တွေ့ရှိရပါသည်။

7 https://www.bbc.com/burmese/burma-61775666


8 https://myanmar-now.org/mm/news/11518/

# စစ်အာဏာသိမ်းကာလအတွင်း
# စစ်ကောင်စီတပ်၏
# လေကြောင်းတိုက်ခိုက်မှု မှတ်တမ်း

# စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုမှတ်တမ်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းချိန်မှစတင်ပြီး ၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်အထိ မြန်မာနိုင်ငံတဝှမ်းလုံးတွင် မြို့နယ်အလိုက် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှု ရက်ပေါင်း ၄၇၁ ရက်အထိ ရှိခဲ့ပါသည်။ [1] နေ့စဉ်သတင်းဖော်ပြချက်များအရ လေကြောင်းတိုက်ခိုက်မှု (၁) ရက်တွင် ၃ ကြိမ်မှ ၁၀ ကြိမ် အထက် တိုက်ခိုက်လေ့ရှိသဖြင့် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမိုများပြားနိုင်ပါသည်။


စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီတပ်၏ နှစ်အလိုက် လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်မှုအခြေအနေ




BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၃ ခုနှစ် ပထမခြောက်လတာအတွင်း စစ်ကောင်စီတပ် လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှု ရက်ပေါင်းသည် ၂၀၂၁ ခုနှစ် ၂၀၂၂ ခုနှစ် (၂) နှစ်တာအတွင်း တိုက်ခိုက်မှုများထက်ပင် ပိုမိုများပြားနေသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် ၂၀၂၃ ခုနှစ်၏ ဧပြီလသည် စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်မှု အများဆုံးလအဖြစ် မှတ်တမ်းဝင်နေပါသည်။

1 Military Regime's Airstrikes in Myanmar (1 Feb 2021 – 30 Jun 2023) http://rb.gy/rqs2r

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇွန်လအထိ စစ်အာဏာသိမ်းကာလတလျှောက် လအလိုက် စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုအခြေအနေ





၂၀၂၃ ခုနှစ် ဇွန်လကုန်အထိ စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုများကို မြို့နယ်အလိုက် လေ့လာကြည့်ပါက နိုင်ငံတဝှမ်းလုံးရှိ မြို့နယ်ပေါင်း ၆၈ မြို့နယ်အတွင်း စစ်ကောင်စီတပ်အနေဖြင့် လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ကရင်နီ(ကယား)ပြည်နယ် ဒီးမော့ဆိုမြို့နယ်သည် လေကြောင်းတိုက်ခိုက်မှု ရက်ပေါင်း ၂၃ ရက်ဖြင့် အများဆုံး ခံခဲ့ရသည်ကို တွေ့ရပါသည်။ ကရင်ပြည်နယ် ကော့ကရိတ်၊ မြဝတီ၊ ကြာအင်းဆိပ်ကြီးနှင့် ချင်းပြည်နယ် ထန်တလန်၊ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်တို့သည် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှု ရက်ပေါင်း ၁၈ ရက် အထက် ရှိခဲ့သည် မြို့နယ်များ ဖြစ်ခဲ့ပါသည်။ [2]

စစ်အာဏာသိမ်း ကာလတလျှောက်လုံးအတွင်း စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများကိုမှ နိုင်ငံတဝှမ်း မြို့နယ်ပေါင်း ၉၃ မြို့နယ် အထိ ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ကရင်ပြည်နယ် မြဝတီမြို့နယ်သည် လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်ခံရသည့် ရက်ပေါင်း ၄၂ ရက်ဖြင့် အများဆုံးခံခဲ့ရသည့် မြို့နယ်ဖြစ်ခဲ့ပါသည်။ ထို့အပြင် ကရင်နီ(ကယား) ပြည်နယ် ဒီးမော့ဆိုမြို့နယ်၊ ကရင်ပြည်နယ် ဖာပွန်နှင့် ကော့ကရိတ်မြို့နယ်တို့သည် လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုခံရမှုရက်ပေါင်း ၂၈ ရက်အထိ ခံခဲ့ရသည့် မြို့နယ်များ ဖြစ်ခဲ့ပါသည်။ [3]

2 Military Regime's Airstrikes in Myanmar (1 Feb 2021 – 30 Jun 2023) http://rb.gy/rqs2r
3 Military Regime's Airstrikes in Myanmar (1 Feb 2021 – 30 Jun 2023) http://rb.gy/rqs2r


၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇွန်လအထိ စစ်အာဏာသိမ်းကာလတလျှောက် ဒေသအလိုက် စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုအခြေအနေ




စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကိုတိုင်းနှင့်ပြည်နယ်အလိုက်လေ့လာကြည့်ပါက စစ်ကိုင်းတိုင်းသည် လေကြောင်းတိုက်ခိုက်ခံရမှုရက်ပေါင်း ၁၂၃ ရက်အထိ အများဆုံးဖြစ်ခဲ့ပြီး ကရင်ပြည်နယ်သည် လေကြောင်းတိုက်ခိုက်ခံရမှု ရက်ပေါင်း ၁၀၈ ရက်ဖြင့် ဒုတိယအများဆုံးဖြစ်ခဲ့သည်ကို တွေ့ရပါသည်။ ကရင်နီ (ကယား) ပြည်နယ်သည် လေကြောင်းမှတိုက်ခိုက်ခံရမှု ၅၄ ရက်၊ ကချင်ပြည်နယ်သည် လေကြောင်းမှ တိုက်ခိုက်ခံရမှု ၄၇ ရက်၊ ချင်းပြည်နယ်သည် လေကြောင်းမှတိုက်ခိုက်ခံရမှု ၃၉ ရက် စသဖြင့် အသီးသီးတိုက်ခိုက်ခံခဲ့ရသည်ကို တွေ့ရပါသည်။ စစ်အာဏာသိမ်း ကာလတလျှောက် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုမခံရသည့် ဒေသများအဖြစ် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့သာ ကျန်ရှိသည်ကို တွေ့ရသည်။

စစ်အာဏာသိမ်းရန် ကြိုးပမ်းနေမှု၏ နောက်ဆက်တွဲအဖြစ် စစ်ကောင်စီတပ်များသည် နိုင်ငံတဝှမ်းလုံးရှိ ခုခံတော်လှန်ရေးအင်အားစုများ၏ စစ်မျက်နှာဖွင့်ခြင်းကို ရင်ဆိုင်ကြုံတွေ့နေရပြီး ခုခံတော်လှန်စစ် ပြင်းထန်စွာဖြစ်ပွားရာ တောင်တန်းမြေပြန့် ဒေသအလိုက် စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ထိုးစစ်ဆင်တိုက်ခိုက်မှုများကို တွေ့ရှိရပါသည်။ အထူးသဖြင့် ခုခံတော်လှန်စစ်ပြင်းထန်ရာ စစ်ကိုင်းတိုင်း၊ ကရင်ပြည်နယ်၊ ကရင်နီ (ကယား) ပြည်နယ်နှင့် ချင်းပြည်နယ်တို့သည် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုများကို ပိုမိုကြုံတွေ့ခဲ့ရသည်ဟု ဆိုရမည်ဖြစ်သည်။

**လေကြောင်းတိုက်ခိုက်မှုနှင့် ဆက်စပ်နေသော စစ်ကောင်စီတပ်သား သေဆုံးမှုအခြေအနေ**





မိမိတို့ BNI-Myanmar Peace Monitor ၏ လေ့လာတွေ့ရှိချက်အရ နွေဦးတော်လှန်ရေးကာလအတွင်း စစ်ကောင်စီတပ်များ၏ သေဆုံးမှု၊ စခန်းသိမ်းခံရမှုများနှင့် လေကြောင်းတိုက်ခိုက်မှုများသည် ဆက်စပ်နေသည်ကို ထူးခြားစွာ တွေ့ရှိရပါသည်။ စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးကို ဦးတည်တိုက်ပွဲဝင်နေသည့် နွေဦးတော်လှန်ရေးအင်အားစုများ၏ ခုခံတော်လှန်စစ်အတွင်း စစ်ကောင်စီတပ်သားများ သေဆုံးမှုများလေလေ၊ နယ်မြေခြေကုတ်ယူ စိုးမိုးနိုင်မှု ဆုတ်ယုတ်သွားလေလေ လေကြောင်းမှတဆင့် ထိုးစစ်ဆင်တိုက်ခိုက်မှုများကို အရှိန်အဟုန်မြှင့် တိုက်ခိုက်လေလေဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဖော်ပြပါ ဂရပ်ဖစ် Chart သည် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်သည့်ရက်များအတွင်း တွေ့ရှိရသည့် စစ်ကောင်စီတပ်သား သေဆုံးမှု ကိန်းဂဏန်းများကို နှိုင်းယှဉ်ပြသထားခြင်းဖြစ်ပြီး နိုင်ငံတဝှမ်းလုံးရှိ စစ်ကောင်စီတပ်သားများ သေဆုံးမှုအားလုံးနှင့် သက်ဆိုင်ခြင်း မရှိပေ။

သို့သော် အရပ်သားပြည်သူပေါင်း ရာနှင့်ချီပြီး အသက်ဆုံးရှုံးခဲ့ရသည့် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ပဇီကြီးရွာ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခံရမှုဖြစ်စဉ်နှင့် ကချင်ပြည်နယ် ဖားကန့်မြို့နယ် အနန့်ပါဒေသ ဖြစ်စဉ်တို့ကဲ့သို့သော အရပ်သားပြည်သူများ အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရသည့် စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများသည် စစ်ကောင်စီတပ်သားများ သေဆုံးမှုနှင့် သက်ဆိုင်ခြင်းမရှိဘဲ အရပ်သားပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်မှတ်ထားတိုက်ခိုက်မှုများလည်း ရှိပါသည်။ စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်

လက်ယက်ကုန်းရွာ စာသင်ကျောင်းနှင့် ကရင်နီ (ကယား) ပြည်နယ်မှ စစ်ဘေးရှောင်စခန်းများ ကဲ့သို့သော ကလေးသူငယ်နှင့် ခိုကိုးရာမဲ့နေသော စစ်ဘေးရှောင်ပြည်သူများ၏ အသက်များ၊ ဘဝ များကိုလည်း စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုများက ခြိမ်းခြောက်လျက်ရှိပါသည်။ [4]

**နှစ်အလိုက် စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများနှင့် ပစ်မှတ်ထားခံရမှုအခြေအနေများ**





အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများနှင့် ပစ်မှတ်ထားခံရမှု အခြေအနေများကို လေ့လာကြည့်ပါက ၂၀၂၃ ခုနှစ် ၆ လတာ ကာလအတွင်း မြို့နယ်ပြည်သူ အလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF-LDF) များကို အများဆုံး ပစ်မှတ်ထားတိုက်ခိုက်ခဲ့ သည်ကို တွေ့ရပြီး အရပ်သားပြည်သူများအား ပစ်မှတ်ထားတိုက်ခိုက်မှုသည် ဒုတိယအများဆုံး ဖြစ်ခဲ့ပါသည်။ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (ERO) များထဲတွင်တော့ ကရင်အမျိုးသားအစည်းအရုံး (KNU/KNLA) သည် စစ်ကောင်စီတပ်၏ လေကြောင်းမှ ပစ်မှတ် ထားတိုက်ခိုက်ခံရမှုအများဆုံး ဖြစ်ခဲ့ပါသည်။

၂၀၂၂ ခုနှစ်ထဲတွင်တော့ အာဏာသိမ်းစစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ပစ်မှတ် ထား တိုက်ခိုက်မှုများသည် အရပ်သားပြည်သူများအပေါ် အဓိကပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ကို တွေ့ရပြီး PDF-LDF တို့သည် ဒုတိယမြောက် ပစ်မှတ်ထား တိုက်ခိုက်ခံခဲ့ရပါသည်။ ERO များထဲ တွင်တော့ KNU/KNLA သည် စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ပစ်မှတ်ထားတိုက်ခိုက်ခံ ရမှု အများဆုံး ဖြစ်ခဲ့သည်ဟု ဆိုရပါမည်။

4 တိုးမြင့်လာသော လေကြောင်းတိုက်ခိုက်မှု၏ နောက်ကွယ်၊ WNR အမှတ်စဉ် ၁၀၅၊ http://rb.gy/k383j

**စစ်အာဏာသိမ်းကာလတလျှောက် စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ပစ်မှတ်ထားတိုက်ခိုက်မှုအခြေအနေ**




စစ်အာဏာသိမ်းကာလတစ်လျှောက်လုံး ၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်အထိ စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ပစ်မှတ်ထားတိုက်ခိုက်ခံရမှုကို လေ့လာကြည့်ပါက အရပ်သားပြည်သူများသည် အများဆုံး ပစ်မှတ်ထား တိုက်ခိုက်ခံခဲ့ရပြီး PDF – LDF များသည် ဒုတိယအများဆုံး ပစ်မှတ်ထားတိုက်ခိုက်ခံခဲ့ရပါသည်။

သို့သော် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး အတွက် ဦးတည်လျှောက်လှမ်းနေကြသော နွေဦးတော်လှန်ရေးတွင် ဘက်ပေါင်းစုံမှ ပံ့ပိုးကူညီကာ ပူးပေါင်းပါဝင်နေကြသည့် ERO များ အားလုံးအပေါ် လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှု ရက်ပေါင်းသည် ၁၇၇ ရက် အထိ ရှိခဲ့ပြီး အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှု အရေအတွက်ထက်ပင် ပိုမိုများပြားနေသည်ဟု ဆိုနိုင်ပါသည်။ အဆိုပါ ERO များအနက် KNU/KNLA သည် လေကြောင်းတိုက်ခိုက်ခံရမှု ၈၃ ရက်၊ KIO/ KIA သည် လေကြောင်းတိုက်ခိုက်ခံရမှု ၄၅ ရက်၊ CNF/CNA နှင့် ULA/AA တို့သည် လေကြောင်း တိုက်ခိုက်ခံရမှု ၁၃ ရက်၊ KNPP/KA သည် လေကြောင်းတိုက်ခိုက်ခံရမှု ၈ ရက် စသည်ဖြင့် အသီးသီး ရှိခဲ့သည်ကို တွေ့ရပါသည်။

ဆိုရသော် နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ် အရှိန်အဟုန်ပြင်းထန်လာသည်နှင့်အမျှ အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများသည်လည်း ပိုမိုတိုးမြင့်လာမည်ဟု သုံးသပ်နိုင်သကဲ့သို့ လေကြောင်းတိုက်ခိုက်မှုများ၏ ဦးတည်ရာ၊ ပစ်မှတ်ထားရာ


သည့်လည်း ခုခံတော်လှန်ရေး အင်အားစုများထက် လက်နက်မဲ့အရပ်သားပြည်သူများကို ပိုမို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

ပြည်သူလူထု၏ ထောက်ခံအားပေးမှုဖြင့် ချီတက်နေသည်ဆိုသော နွေဦးတော်လှန်ရေး အင်အားစုများ အနေဖြင့် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းအန္တရာယ်ကို မကာကွယ်နိုင်သေး သည့်တိုင် အရှိန်မြှင့်လုပ်ဆောင်လာနေသော စစ်ကောင်စီတပ်၏ လေကြောင်းမှ တဆင့် ပစ်မှတ်ထား ဗုံးကြဲတိုက်ခိုက်မှုများကိုတော့ သတိကြီးစွာဖြင့် ရှောင်လွှဲနိုင်ရန် ပြင်ဆင်ထားသင့်ပါသည်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အစိုးရများအနေဖြင့်လည်း စစ်ကောင်စီတပ်၏ လေကြောင်းမှ တဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများအား ရပ်တန့်ပစ်နိုင်ရေးအတွက် ပြင်ဆင်ကြိုးပမ်းသင့်ပြီဖြစ် ကြောင်း တင်ပြအပ်ပါသည်။

## ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် မတ်လ အထိ စစ်အာဏာသိမ်းကာလအတွင်း လအလိုက် လေကြောင်းမှတစ်ဆင့် ဗုံးကြဲတိုက်ခိုက်မှုအခြေအနေပြမှတ်တမ်း

| Year_Month | Actor | Days of Airstrike |
|---|---|---|
| 2021-Mar | KIO/KIA | 2 |
| 2021-Mar | Local Community | 4 |
| 2021-Apr | KIO/KIA | 4 |
| 2021-Apr | Local Community | 1 |
| 2021-May | KIO/KIA | 9 |
| 2021-May | KNU | 4 |
| 2021-Jun | ULA/AA | 1 |
| 2021-Jul | PDF | 4 |
| 2021-Sep | PDF | 1 |
| 2021-Oct | KIO/KIA | 1 |
| 2021-Oct | PDF | 2 |
| 2021-Nov | KIO/KIA | 1 |
| 2021-Nov | Local Community | 2 |
| 2021-Nov | PDF | 1 |
| 2021-Dec | KNU | 3 |
| 2021-Dec | Local Community | 4 |
| 2021-Dec | MNDAA | 1 |
| 2021-Dec | PDF | 1 |
| 2022-Jan | DKBA | 1 |
| 2022-Jan | KNPP | 1 |
| 2022-Jan | KNU | 1 |
| 2022-Jan | Local Community | 16 |
| 2022-Jan | PDF | 3 |
| 2022-Feb | KIO/KIA | 3 |
| 2022-Feb | KNU | 2 |
| 2022-Feb | Local Community | 11 |
| 2022-Feb | NA-B | 1 |
| 2022-Feb | PDF | 5 |
| 2022-Mar | KNU | 3 |
| 2022-Mar | Local Community | 6 |
| 2022-Apr | KNU | 2 |
| 2022-Apr | Local Community | 7 |
| 2022-Apr | PDF | 2 |
| 2022-May | KNU | 1 |
| 2022-May | Local Community | 3 |
| 2022-May | PDF | 6 |
| 2022-Jun | KNU | 4 |
| 2022-Jun | PDF | 1 |
| 2022-Jul | KIO/KIA | 2 |
| 2022-Jul | Local Community | 6 |
| 2022-Jul | PDF | 2 |
| 2022-Jul | ULA/AA | 1 |
| 2022-Aug | KIO/KIA | 2 |
| 2022-Aug | KNU | 6 |
| 2022-Aug | Local Community | 5 |
| 2022-Aug | PDF | 2 |
| 2022-Aug | ULA/AA | 1 |
| 2022-Sep | KIO/KIA | 2 |
| 2022-Sep | KNU | 1 |
| 2022-Sep | Local Community | 7 |
| 2022-Sep | PDF | 2 |
| 2022-Sep | ULA/AA | 5 |
| 2022-Oct | Local Community | 8 |
| 2022-Oct | PDF | 5 |
| 2022-Oct | ULA/AA | 2 |
| 2022-Nov | CDF | 6 |
| 2022-Nov | KIO/KIA | 1 |
| 2022-Nov | KNU | 11 |
| 2022-Nov | Local Community | 9 |
| 2022-Nov | PDF | 5 |
| 2022-Nov | ULA/AA | 3 |
| 2022-Dec | KIO/KIA | 4 |
| 2022-Dec | KNU | 4 |
| 2022-Dec | Local Community | 3 |
| 2022-Dec | MNDAA | 1 |
| 2022-Dec | PDF | 2 |
| 2023-Jan | ABSDF | 2 |
| 2023-Jan | CNF | 2 |
| 2023-Jan | DKBA | 1 |
| 2023-Jan | KIO/KIA | 1 |
| 2023-Jan | KNDF | 2 |
| 2023-Jan | KNU | 12 |
| 2023-Jan | Local Community | 7 |
| 2023-Jan | PDF | 2 |
| 2023-Feb | CDF | 1 |
| 2023-Feb | CNF | 3 |
| 2023-Feb | KIO/KIA | 2 |
| 2023-Feb | KNDF | 1 |
| 2023-Feb | KNPP | 1 |
| 2023-Feb | KNU | 9 |
| 2023-Feb | Local Community | 6 |
| 2023-Feb | PDF | 7 |
| 2023-Feb | TNLA | 2 |
| 2023-Mar | CDF | 1 |
| 2023-Mar | KIO/KIA | 4 |
| 2023-Mar | KNPP | 4 |
| 2023-Mar | KNU | 2 |
| 2023-Mar | Local Community | 8 |
| 2023-Mar | PDF | 17 |

# ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် မတ်လ အထိ စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှု အခြေအနေပြမြေပုံ



# တွေ့ဆုံဆွေးနွေးမှုဆိုင်ရာ အခြေအနေများ

# တွေ့ဆုံဆွေးနွေးမှုဆိုင်ရာအခြေအနေများ

BNI - Myanmar Peace Monitor မှ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များ အချင်းချင်း ဖြစ်စေ၊ EROs နှင့် စစ်ကောင်စီတပ်တို့ အကြားတွင်ဖြစ်စေ ပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများကို ကောက်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။ ၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လကုန်အထိ စစ်ကောင်စီတပ်မှ မတရားအာဏာသိမ်းထားဆဲ တစ်နှစ်တာကာလအတွင်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တချို့အပါအဝင် တော်လှန်ရေးအင်အားစုများနှင့် စစ်ကောင်စီတပ်တို့အကြား တိုက်ပွဲများ ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။ [1]

စစ်ကောင်စီတပ်သည် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် တော်လှန်ရေးတပ်ဖွဲ့များကိုသာမက ပြည်သူလူထုကိုပါမချန် ဝေဟင်၊ မြေပြင်တို့မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြမ်းဖက် ဖြိုခွင်းတိုက်ခိုက်ခဲ့ပြီး၊ အိုးအိမ်နှင့် စားနပ်ရိက္ခာများကိုလည်း ဖျက်ဆီးခဲ့ပါသည်။ [2]

သို့သော် တဖက်တွင်လည်း အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် "ငြိမ်းချမ်းရေး" ဆိုသည့် စကားလုံးကို နုတ်ကမချဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့ကို ၎င်းဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် ဖိတ်ကြားခဲ့ပါသည်။ ၎င်းဖိတ်ခေါ်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လက်မှတ်ရေးထိုးထားခြင်း မရှိသည့် အဖွဲ့တချို့လည်း ပါဝင်ခဲ့ပါသည်။ တချို့လက်နက်ကိုင်အဖွဲ့များကို ၃ ကြိမ်ထက်မနည်း တွေ့ဆုံမှုများပြုလုပ်ခဲ့သည်ကိုလည်းတွေ့မြင်ရပါသည်။ [3]

---

1 ၂၀၂၂ ခုနှစ်အတွင်း တိုက်ပွဲပေါင်း (၃၄၁) ကြိမ်၊ စစ်ကောင်စီတပ်သား (၇၉၇) ဦးသေဆုံးပြီး KNDF ရဲဘော် ၆၅ ဦးကျဆုံးခဲ့ ဟု ကရင်နီအမျိုးသားများကာကွယ်ရေးတပ်ကထုတ်ပြန် https://tinyurl.com/2mfx9pcn

2 ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံမှာ စစ်ဘေးဒုက္ခသည်ကလေး သန်းတစ်ဝက်ကျော်ရှိ https://tinyurl.com/2ogmsft4

3 SSPP အပါအဝင် မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့ဝင်နှင့် စစ်ကောင်စီ နေပြည်တော်တွင်တွေ့ဆုံ https://tinyurl.com/2mthkexs

စစ်ခေါင်းဆောင်ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနက် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)၊ ကရင်ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA-PC)၊ မွန်ပြည်သစ်ပါတီ (NMSP) နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ/ သျှမ်းပြည်တပ်မတော် (RCSS/ SSA)၊ "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (NDAA) မိုင်းလားအဖွဲ့ နှင့် သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP) အစရှိသည့် အဖွဲ့တို့ တက်ရောက်ဆွေးနွေးခဲ့သည်ကို တွေ့ရှိရပါသည်။ [4]

ထို့သို့ ဖိတ်ကြားခြင်းခံရသော အဖွဲ့များတွင် အပစ်ရပ် လက်နက်ကိုင်အဖွဲ့များသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် အထူးအစည်းအဝေးတရပ်ပြုလုပ်ပြီး အမြင်မတူမှုများကို စုစည်းကာ တူညီသော သဘောထားရပ်တည်ချက်များ ချမှတ်ရန် ရည်ရွယ်ဆွေးနွေးခဲ့ကြသော်လည်း အဖွဲ့များအကြား သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး၊ ဖိတ်ကြားခြင်းခံရသည့် အဖွဲ့များအနက် PNLO၊ DKBA၊ KNU/KNLA-PC၊ NMSPနှင့် ALP တို့မှ တက်ရောက်ခဲ့သည်ကိုသာ တွေ့ရှိရပါသည်။ [5]

ထို့အပြင် စစ်ကောင်စီတပ်သည် အပစ်ရပ်လက်မှတ်ထိုးထားခြင်းမရှိသည့် အဖွဲ့တချို့ကိုလည်း ဖိတ်ခေါ်ဆွေးနွေးခဲ့ပြီးဒေသဖွံ့ဖြိုးရေးဆိုင်ရာမက်လုံးများပေးခဲ့သည်ကို တွေ့မြင်ရပါသည်။ အထူးသဖြင့် NCA လက်မှတ် ရေးထိုးထားခြင်းမရှိသည့် UWSPနှင့် စစ်ကောင်စီတပ် တွေ့ဆုံရာတွင် "ဝ" ပြည်နယ် သတ်မှတ်ရေးကိစ္စကို အဓိကထား ဆွေးနွေးခဲ့ပြီး ပြည်နယ်သတ်မှတ်ရေးကို မူအားဖြင့် သဘောတူညီခဲ့သည်ကို တွေ့ရှိရပါသည်။ [6]

အခြားအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် ငြိမ်းချမ်းရေးတည်ဆောက်ရန်၊ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်နိုင်ရန်၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တို့ကို အခြေခံပြီး ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားရန် အဓိကထားဆွေးနွေးခဲ့ကြပြီး၊ ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်ကို တွေ့ရပါသည်။

---

4 ဝ'၊ မိုင်းလားနှင့် SSPP ကိုယ်စားလှယ်အဖွဲ့ စစ်ခေါင်းဆောင်နှင့်တွေ့ဆုံ၊ နိုင်ငံတော်မှ ခွဲမထွက်ရေး ဆွေးနွေး https://tinyurl.com/226zqxyl

5 အကြမ်းဖက်စစ်ခေါင်းဆောင်နှင့်တွေ့မည့်ကိစ္စ PPSTအဖွဲ့တွင်း သဘော ထားကွဲလွဲ၊ ၅ဖွဲ့သာ တွေ့မည် https://tinyurl.com/29jor4up

6 ဝပြည်နယ်သတ်မှတ်ရန် စစ်ကောင်စီက မူအားဖြင့်သဘောတူဟု UWSP ဆက်ဆံရေးတာဝန်ခံပြော https://tinyurl.com/28joqqym

တစ်နှစ်တာအတွင်း ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် တွေ့ဆုံဆွေးနွေးမှုများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချင်းချင်းဖြစ်သော ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေး ကော်မတီ (FPNCC) အဖွဲ့ဝင်တို့အကြား တွေ့ဆုံမှုကိုလည်း မြင်တွေ့ခဲ့ရသလို၊[7] မြန်မာနိုင်ငံဆိုင်ရာ တရုတ်အထူးကိုယ်စားလှယ်သစ် မစ္စတာတိန့်ရှီကျွန်း(Deng Xijun) နှင့် မြောက်ပိုင်း EROs ၇ ဖွဲ့တို့၏ တရုတ်နိုင်ငံ ယူနန်ပြည်နယ်အတွင်း တွေ့ဆုံမှုလည်း ရှိခဲ့ပါသည်။ သို့သော် ၎င်းတွေ့ဆုံမှုအများစုမှာ အာဏာသိမ်း စစ်ကောင်စီ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖိတ်ကြားမှုနှင့် စစ်ကောင်စီဦးဆောင်သော ရွေးကောက်ပွဲများနှင့် ဆက်စပ်နေကြောင်းကို တွေ့ရှိရပါသည်။ [8]

ယင်းသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် စစ်ကောင်စီတို့အကြား ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး တွေ့ဆုံမှုများ ရှိခဲ့သော်လည်း ဆွေးနွေးပွဲတက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့နှင့် စစ်ကောင်စီတပ်တို့၏ မြေပြင်တိုက်ပွဲများမှာ ရပ်တန့်မသွားဘဲ တိုက်ပွဲများ ဆက်လက် ဖြစ်ပေါ်နေသည် ကိုလည်း တွေ့ရှိရပါသည်။

ဖြစ်စဉ်များအနေဖြင့် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကြိမ်ချောင်း (လေးဝါးဖလို့) ရွာတွင် အခြေစိုက်သည့် DKBA အဖွဲ့၏ အမှတ် ၂ စစ်နည်းဗျူဟာဌာနချုပ်နေရာကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်က စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် DKBA အဖွဲ့၏ မိသားစုနေအိမ်နှင့် ရုံးအဆောက်အဦးတချို့ မီးလောင်ပျက်စီးခဲ့ပြီး၊ ၎င်းတို့အဖွဲ့၏ အခမဲ့လူထုကျန်းမာရေး ဆေးခန်းနေရာ အနီးနှင့် ကျေးရွာ ဘုရားရှိခိုးကျောင်းတို့လည်း ပျက်စီးထိခိုက်ခဲ့ပါသည်။ [9]

ထို့အပြင် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၇ ရက်တွင် ရှမ်းပြည်မြောက်ပိုင်း၊ မိုးမိတ်မြို့နယ်၊ ဝမ်အုံကျေးရွာ အုပ်စုအတွင်းရှိ ပေါ့ခမ်းတောင်ကြောတွင် နေရာယူထားသော SSPP/SSA ကို စစ်ကောင်စီတပ်မှ စတင်ထိုးစစ်ဆင်ခဲ့ခြင်းကြောင့် တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ [10]

စစ်အာဏာသိမ်းထားဆဲ တစ်နှစ်တာကာလအတွင်း နောက်ထပ်တွေ့ဆုံမှု အသစ်အနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ရခိုင်အမျိုးသားအဖွဲ့ချုပ် (ULA/AA) ကို အွန်လိုင်းမှ တဆင့် တရားဝင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်ကို တွေ့မြင်ရပါသည်။ တွေ့ဆုံမှုတွင် ၎င်းတို့အနေ

---

7 FPNCC အဖွဲ့ဝင်များ ဝဒေသတွင်တွေ့ဆုံ https://tinyurl.com/2qhgg4n8

8 မြောက်ပိုင်းEAO၇ဖွဲ့နှင့်တရုတ်ကိုယ်စားလှယ်တွေ့ဆုံမှုမှာရွေးကောက်ပွဲသဘောထားများကို မေးမြန်းခြင်းဖြစ်နိုင်ကြောင်းနိုင်ငံရေးအကဲခတ် သူများပြော https://tinyurl.com/2gu3jrk3

9 NCA ထိုးထားသည့် DKBA အဖွဲ့ ဗိုလ်မှူးအေဝမ်းနေရာ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခံရပြီး ပျက်စီးဆုံးရှုံးမှုများပြားနေ https://tinyurl.com/2nxqxfoz

10 မိုးမိတ်မြို့နယ်အတွင်း SSPP နှင့် စစ်ကောင်စီ တိုက်ပွဲဖြစ်ပွားပြီး အကျအဆုံးရှိ https://tinyurl.com/2e296p3f

ဖြင့် လက်ရှိ ဖြစ်ပေါ်နေသည့် အခြေအနေများပေါ်တွင် နှစ်ဘက်အပြန်အလှန် ဆွေးနွေးသုံးသပ်ပြီး အမြင်ချင်း ဖလှယ်ခဲ့ကြခြင်းသာ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ [11]

ထိုသို့တွေ့ဆုံမှုမျိုးကို NUG အနေဖြင့် အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြုလုပ်ခဲ့သည်ကို မတွေ့ရှိရသော်လည်း အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် NUG တို့ အကြား ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့သည်ကို တွေ့ရှိရပါသည်။

NUG ကာကွယ်ရေးဝန်ကြီးဌာနနှင့် မဟာမိတ်တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (EROs) (၄) ဖွဲ့ ပူးပေါင်းပြီး "ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ" (Central Command and Coordination Committee – C3C) ကို ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း ဖွဲ့စည်းခဲ့သည်။ C3C တွင် အဖွဲ့ဝင်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌ၊ စစ်ဦးစီးချုပ် အစရှိသည့် နိုင်ငံရေး၊ စစ်ရေး ဆုံးဖြတ်ခွင့်ရှိသူများပါဝင်ပြီး NUG ၏ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုဝန်ကြီး၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးတို့က NUG ကိုယ်စားပြု ပါဝင်နေပါသည်။ [12]

11 NUGအစိုးရနဲ့ AAခေါင်းဆောင်တွေ ပထမဆုံး အကြိမ်ဆွေးနွေး https://tinyurl.com/2cuxhjp3

12 "လမ်းများအားလုံး... နေပြည်တော်သို့" (သို့မဟုတ်) တောင်ပိုင်းစစ်ဒေသကို လှေ့လာခြင်း http://rb.gy/8076v

## တွေ့ဆုံဆွေးနွေးမှုအခြေအနေပြဇယား

| နေ့စွဲ | အကြောင်းအရာ | နေရာ | ကောက်နုတ်ချက် |
|---|---|---|---|
| ၆-၅-၂၀၂၂ | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေး ထိုးထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) မှ အထူးအစည်းအဝေးခေါ်ယူ ဆွေးနွေးခဲ့ကြပါသည်။[1] | အွန်လိုင်း | အာဏာသိမ်းစစ်ခေါင်းဆောင်ဖိတ်ခေါ်ထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရောက်ရန် NCA အပစ်ရပ် အဖွဲ့များအကြား ဆွေးနွေးခဲ့သော်လည်း သဘောထား ကွဲလွဲမှုများရှိခဲ့ခြင်းကြောင့် အဖွဲ့ ၅ ဖွဲ့သာ နေပြည်တော်သို့ ဆွေးနွေးပွဲ သွားတက်မည်ဖြစ်ကြောင်း PPSTမှ ပြောပါသည်။ အစည်းအဝေးတက်ရောက်မည့် အဖွဲ့များမှာ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) ၊ကရင်ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ မွန်ပြည်သစ်ပါတီ (NMSP)နှင့် ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) တို့ ဖြစ်ကြပါသည်။ |
| ၂၀-၅-၂၀၂၂ | သျှမ်းပြည်ပြန်လည်ထူထောင် ရေးကောင်စီ/ သျှမ်းပြည်တပ်မတော် (RCSS/ SSA) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်နှင့် အာဏာသိမ်းစစ် ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။[2] | နေပြည်တော် | တွေ့ဆုံဆွေးနွေးမှုတွင် ငြိမ်းချမ်းရေးကို မဖြစ်ဖြစ်အောင် အကောင်အထည်ဖော်ရန်၊ အချင်းချင်းယုံကြည်မှု တည်ဆောက်ကြရန်နှင့် တိုင်းရင်းသားပေါင်းစုံ စုဝေးပြီး စစ်မှန်သည့် ဖယ်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်တို့ကို ဆွေးနွေးခဲ့ကြပါသည်။ RCSS/SSA သည် စစ်ကောင်စီဖိတ်ခေါ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်သည့် ပထမဆုံး တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ ဖြစ်ပါသည်။ |
| ၁၆-၅-၂၀၂၂ | စစ်အာဏာသိမ်းကာလ တစ်နှစ်ကျော် အတွင်း အမျိုးသားညီညွတ်ရေး အစိုးရ(NUG)နှင့် ရခိုင်အမျိုးသား အဖွဲ့ချုပ် (ULA/AA) တို့ တွေ့ဆုံခဲ့ပါသည်။[3] | အွန်လိုင်း | တွေ့ဆုံပွဲကို NUG နှင့် ULA/AA တို့ ဘက်မှ ထိပ်ပိုင်း ခေါင်းဆောင်များ တက်ရောက်ခဲ့ကြပါသည်။ ထို့နောက် လက်ရှိ ဖြစ်ပေါ်နေသည့် အခြေအနေများပေါ်တွင် နှစ်ဖက်အပြန်အလှန် ဆွေးနွေးသုံးသပ်ကာ၊ အမြင်ချင်း ဖလှယ်ခဲ့ကြကြောင်း ULA/AA ပြောခွင့်ရပုဂ္ဂိုလ် ဦးခိုင်သုခကပြောပါသည်။ |

---

1 အကြမ်းဖက်စစ်ခေါင်းဆောင်နှင့် တွေ့မည့်ကိစ္စ PPST အဖွဲ့တွင်း သဘောထားကွဲလွဲ၊ ၅ ဖွဲ့သာ တွေ့မည် https://tinyurl.com/29jor4up

2 ဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်နိုင် ရန် RCSSနှင့် စစ်ကောင်စီဆွေးနွေး https://tinyurl.com/y3n3wu8r

3 NUGအစိုးရနဲ့ AAခေါင်းဆောင်တွေ ပထမဆုံး အကြိမ်ဆွေးနွေး https://tinyurl.com/2cuxhjp3

| | | | |
|---|---|---|---|
| ၁၆-၆-၂၀၂၂ | ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ (PNLO) ဒုတိယဥက္ကဋ္ဌ ဦးခွန်ထွန်းတင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ တွေ့ဆုံ ဆွေးနွေးခဲ့ကြပါသည်။[4] | နေပြည်တော် | ဆွေးနွေးပွဲတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများကို အကြမ်းဖျင်း ဆွေးနွေးခဲ့ကြပါသည်။ သို့သော် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေး အကျပ်အတည်းများ အပေါ် အပြန်အလှန်ဆွေးနွေးခြင်းမျိုး မရှိခဲ့ကြောင်း သိရပါသည်။ |
| ၁-၆-၂၀၂၂ | "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) သည် စစ်ကောင်စီ၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ နှင့် တွေ့ဆုံခဲ့ ပါသည်။[5] | နေပြည်တော် | တွေ့ဆုံပွဲတွင် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးနှင့် "ဝ" ပြည်နယ် သတ်မှတ်ရေးကိစ္စများ ကို အဓိက ဆွေးနွေးခဲ့ကြပါသည်။ "ဝ"ပြည်နယ်သတ်မှတ် ရေးနှင့် ပတ်သက်၍ စစ်ကောင်စီဘက်မှလည်း မူအားဖြင့် သဘောတူညီခဲ့ကြောင်း သိရပါသည်။ |
| ၁၉-၆-၂၀၂၂ | ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)နှင့် အာဏာသိမ်းစစ်ခေါင်း ဆောင်တို့ တွေ့ဆုံခဲ့ပါသည်။[6] | နေပြည်တော် | တွေ့ဆုံရာတွင် စစ်ကောင်စီတပ် တာဝန်ရှိသူများနှင့် DKBA တို့ အကြား ပါတီစုံဒီမိုကရေစီစနစ် နှင့် ဖက်ဒရယ် ကိစ္စများကို ဆွေးနွေးခဲ့ကြပါသည်။ |
| ၂၂-၈-၂၀၂၂ | NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် ၃ ဖွဲ့နှင့် အာဏာသိမ်း စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ တွေ့ဆုံခဲ့ပါသည်။[7] | နေပြည်တော် | တွေ့ဆုံပွဲတွင် PNLO ဥက္ကဋ္ဌ ခွန်သူရိန်၊ LDU ဥက္ကဋ္ဌ ကျားဆော်လမွန်နှင့် ALP ဒုဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ပါဝင်ခဲ့ပါသည်။ ယင်းနောက် တိုင်းပြည်ငြိမ်းချမ်းရေးနှင့် နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် ငြိမ်းချမ်းရေးဆိုင်ရာ လက်တွေ့ တိုးတက်မှု တစ်ခုကို ဆွေးနွေးဆောင်ရွက်သွားရန် ဆွေးနွေး ခဲ့ကြပါသည်။ ၎င်းတို့ ၃ ဖွဲ့နှင့် စစ်ခေါင်းဆောင်တို့ တွေ့ဆုံမှုမှာ ဒုတိယအကြိမ်မြောက် ဖြစ်ပြီး၊ ပထမအကြိမ်ကို ၂၀၂၂ ခုနှစ် မေလအတွင်းက တွေ့ဆုံခဲ့ပါသည်။ |

4 စစ်ကောင်စီဥက္ကဋ္ဌနဲ့ပအိုဝ်းအမျိုးသားလွတ် မြောက်ရေးအဖွဲ့တွေ့ဆုံ https://tinyurl.com/25bkvdk6

5 ဝပြည်နယ်သတ်မှတ်ရန်စစ်ကောင်စီကမူအား ဖြင့်သဘောတူဟုUWSPဆက်ဆံရေးတာဝန်ခံပြော https://tinyurl.com/28joqqym

6 စစ်တပ်နှင့်အမြဲတမ်းလက်တွဲဆောင်ရွက်မည် ဟု DKBA က ပြောကြားခဲ့ဟုဆို https://tinyurl.com/2ydkoqsq

7 တိုင်းရင်းသားလက်နက်ကိုင် ၃ ဖွဲ့က စစ်ခေါင်းဆောင်နှင့်တွေ့ဆုံ၊ ဆင်ဖြူတော်ပေါ်ထွန်းမှု အတိတ်နိမိတ်ကောင်းကြောင်း ဆွေးနွေးတင်ပြ https://tinyurl.com/2aqwg4a8

| | | | |
|---|---|---|---|
| ၁၉-၉-၂၀၂၂ | "ဝ"ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) နှင့် ရက္ခိုင့်တပ်တော်(AA) တို့သည် "ဝ" ထိန်းချုပ်နယ်မြေ ပန်ဆန်းတွင် တွေ့ဆုံခဲ့ကြပါသည်။[8] | ပန်ဆန်း | နှစ်ဖက်တွေ့ဆုံမှုနှင့် ပတ်သက်ပြီး ရလဒ်ကောင်းခဲ့ ကြောင်း UWSA နှင့် သွားရောက်တွေ့ဆုံခဲ့သည့် AA ဒုစစ်ဦးချုပ်၊ ဗိုလ်မှူးချုပ် ဒေါက်တာညိုထွန်းအောင် က ပြောပါသည်။ ထို့ပြင် ULA/AA အနေဖြင့် တစ်ရက်ထက်တစ်ရက် ပိုမိုကောင်းမွန်အောင် ကြိုးစားနေပြီး၊ ယခုကဲ့သို့ တွေ့ဆုံမှုသည် လာမည့် ကာလများအတွက် များစွာ အကျိုးဖြစ်ထွန်းသည့် တွေ့ဆုံမှုဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောပါသည်။ |
| ၂၆-၉-၂၀၂၂ | အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် "ဝ" ပြည်သွေးစည်း ညီညွတ်ရေးပါတီ (UWSP)၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော်(NDAA) မိုင်းလားအဖွဲ့နှင့် သျှမ်းပြည် တိုးတက်ရေး ပါတီ (SSPP) အဖွဲ့တို့ ဒုတိယအကြိမ် တွေ့ဆုံခဲ့ပါသည်။[9] | နေပြည်တော် | ၎င်းတွေ့ဆုံပွဲတွင် တိုင်းရင်းသားလက်နက်ကိုင် ၃ဖွဲ့က နိုင်ငံတော်မှ ခွဲမထွက်ဘဲ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့နှင့် ပတ်သက်ပြီး ထိန်းသိမ်းလိုက်နာနေသည့် အခြေအနေများကို ဆွေးနွေးခဲ့ပါသည်။ ထို့အပြင် သဘောထားကွဲလွဲမှုများကို လက်နက်နှင့် ဖြေရှင်းခြင်း မပြုလုပ်ဘဲ ငြိမ်းချမ်းစွာ ဆွေးနွေးဖြေရှင်းရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံး ဆောင်ရွက်ရေး၊ ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး တို့ကို ဆွေးနွေးခဲ့ကြပါသည်။ ပထမအကြိမ် တွေ့ဆုံမှုများကို UWSP နှင့် ၂၀၂၂ ခုနှစ် မေ ၃၀ ရက်၊ NDAA (မိုင်းလား) အဖွဲ့နှင့် ၂၀၂၂ ခုနှစ် ဇွန် ၄ ရက်နှင့် SSPP အဖွဲ့နှင့် ၂၀၂၂ ခုနှစ် ဩဂုတ် ၄ ရက် တို့တွင် ပြုလုပ်ခဲ့ပါသည်။ |
| ၁၆-၉-၂၀၂၂ | ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေး ကော်မတီ (FPNCC) အဖွဲ့ ဝင် တိုင်းရင်းသားလက်နက်ကိုင် များသည် "ဝ" ဒေသ တစ်နေရာတွင် တွေ့ဆုံခဲ့ကြပါသည်။[10] | "ဝ" ဒေသ | တွေ့ဆုံမှုကို စစ်ခေါင်းဆောင်၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် အကြိုညှိနှိုင်းမှုအဖြစ် အစည်းအဝေး ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ အစည်းဝေးတွင် FPNCC အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင် များဖြစ်သော "ဝ" ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)၊ မြန်မာအမျိုးသား ဒီမိုကရေစီမဟာမိတ်အဖွဲ့ (MNDAA)၊ မိုင်းလားအထူးဒေသ (၄) (NDAA)၊ တအာင်း အမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)၊ သျှမ်းပြည် တိုးတက်ရေးပါတီ (SSPP/SSA)နှင့် ရက္ခိုင့်တပ်တော် (AA) တို့ ပါဝင်ခဲ့ပါသည်။ |

8 UWSA နှင့်တွေ့ဆုံမှု ရလဒ် ကောင်းသည်ဟု AA ဒု-စစ်ဦးချုပ်ပြော ကြား https://tinyurl.com/2oe39qfj

9 ဝ'၊ မိုင်းလားနှင့် SSPP ကိုယ်စားလှယ်အဖွဲ့ စစ်ခေါင်းဆောင်နှင့်တွေ့ဆုံ၊ နိုင်ငံတော်မှ ခွဲမထွက်ရေး ဆွေးနွေး https://tinyurl.com/226zqxyl

10 FPNCC အဖွဲ့ဝင်များ ဝဒေသတွင်တွေ့ဆုံ https://tinyurl.com/2qhgg4n8

| | | | |
|---|---|---|---|
| ၁၁-၁၀-၂၀၂၂ | မွန်ပြည်သစ်ပါတီ (NMSP)ကိုယ်စားလှယ် အဖွဲ့နှင့် အာဏာသိမ်းစစ်ခေါင်းဆောင်တို့ တွေ့ ဆုံ ဆွေးနွေးမှု တစ်ခု ပြုလုပ်ခဲ့ပါသည်။[11] | နေပြည်တော် | တွေ့ဆုံဆွေးနွေးရာတွင် NMSP အနေဖြင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေး ရရှိရေးကို ရည်မှန်းချက်ထားပြီး ငြိမ်းချမ်းရေး လမ်းကြောင်းပေါ် အစဉ်တစိုက် ပါဝင် လျှောက်လှမ်း နေကြောင်း နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် သဘောထားကွဲလွဲမှုများကို နိုင်ငံရေးအရသာ ဆွေးနွေး ဖြေရှင်းရေးကို ရပ်တည်ကြောင်း ဆွေးနွေးခဲ့ပါသည်။ |
| ၂၇-၁၂-၂၀၂၂ | NCA အပစ်ရပ် တိုင်းရင်းသား လက်နက်ကိုင် ၅ ဖွဲ့ နှင့် စစ်ကောင်စီမှ တာဝန်ရှိသူများ တွေ့ဆုံ ဆွေးနွေးခဲ့ပါ သည်။[12] | နေပြည်တော် | ဆွေးနွေးပွဲနှင့် ပတ်သက်ပြီး စစ်ကောင်စီက NCA လက်မှတ်ထိုး တိုင်းရင်းသားလက်နက်ကိုင် EAO ၇ ဖွဲ့ဖြစ်သည့် ALP၊ PNLO၊ DKBA၊ KNU/KNLA-PC၊ NMSPနှင့် RCSS တို့ကို ဖိတ်ခေါ်ခဲ့ပါသည်။<br>သို့သော် လက်နက်ကိုင် ၂ ဖွဲ့ဖြစ်သည့် NMSPနှင့် RCSS တို့ တက်ရောက်ခြင်း မရှိပေ။<br>၎င်းဆွေးနွေးပွဲနှင့် ပတ်သက်၍ တိုင်းရင်းသား လက်နက်ကိုင် ၇ ဖွဲ့၏ ပြောခွင့်ရ ဗိုလ်မှူးကြီး စောကျော်ညွန့်က ဖွဲ့စည်းပုံ ပြင်ရန် တက်ရောက်ဆွေးနွေးကြသူများသည် တစ်ဖွဲ့ချင်း၏ ဆန္ဒသဘောထားနှင့်သာ တက်ရောက်ခြင်း ဖြစ်ပြီး ၇ ဖွဲ့ကို ကိုယ်စားပြု တက်ရောက်ခြင်း မဟုတ်ကြောင်း ပြောထားပါသည်။ |
| ၂၉-၁၂-၂၀၂၂ | မြန်မာနိုင်ငံဆိုင်ရာ တရုတ်အထူး ကိုယ်စားလှယ်သစ် မစ္စတာတိန့်ရှီကျွန်း(Deng Xijun) နှင့် မြောက်ပိုင်း EAOs ၇ ဖွဲ့တို့ တွေ့ဆုံခဲ့ပါသည်။[13] | တရုတ်နိုင်ငံ၊ ယူနန်ပြည် နယ် | တွေ့ဆုံမှုသည် မိတ်ဆက်ပွဲအနေဖြင့် တွေ့ခြင်းသာဖြစ်ပြီး၊ ထူးထူးခြားခြား ဆွေးနွေးမှုများ မရှိခဲ့ကြောင်း သိရပါသည်။ သို့သော်လည်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ကိုယ်စားလှယ် အနေဖြင့် မြန်မာနိုင်ငံတွင် စစ်ကောင်စီမှ ကျင်းပမည့် ရွေးကောက်ပွဲ အခြေအနေများကို ပိုပြီးနားလည် သဘောပေါက် မှုရရှိရန် ၎င်းအဖွဲ့များထံမှ သဘောထားများကို လာရောက် မေးမြန်း စုံစမ်းခြင်း ဖြစ်နိုင်ကြောင်း မြန်မာနိုင်ငံအရေးလေ့လာသုံးသပ်သူများမှ ပြောဆိုထားပါသည်။ ဆွေးနွေးပွဲသို့ UWSA၊ KIA၊ NDAA၊ SSPP၊ AA၊ TNLA နှင့် MNDAA တို့ ပါဝင်ခဲ့ပါသည်။ |
| ၄-၂-၂၀၂၃ | နိပ္ပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ မစ္စတာဆာဆာကာဝါသည် ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ သွား ရောက်ခဲ့ပြီး ရက္ခိုင့်တပ်တော်(AA)နှင့် တွေ့ဆုံ ခဲ့ပါသည်။[14] | ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ | တွေ့ဆုံမှုတွင် မစ္စတာဆာဆာကာဝါနှင့် ရက္ခိုင်တပ်တော် ဘက်မှ နိုင်ငံရေးမှူးနှင့် အရာရှိတချို့တို့သည် ၁၅ မိနစ်ခန့် ဆွေးနွေးခဲ့သော်လည်း ဆွေးနွေးခဲ့သည့် အကြောင်းအရာကို ဖော်ပြခြင်း မရှိခဲ့ပေ။ |

11 မွန်ပြည်သစ်ပါတီ(NMSP)ကိုယ်စားလှယ်အဖွဲ့နှင့်အာဏာသိမ်းစစ်ခေါင်းဆောင်တို့ တွေ့ဆုံ https://tinyurl.com/27grtd95

12 ခြေ/ဥ ပြင်ရေးALPအပါအဝင်EAO၅ဖွဲ့ နေပြည်တော် တွင်တက်ရောက်ဆွေးနွေး https://tinyurl.com/2hesvr9o

13 မြောက်ပိုင်းEAO၇ဖွဲ့နှင့်တရုတ်ကိုယ်စားလှယ်တွေ့ဆုံမှုမှာရွေးကောက်ပွဲသဘောထားများကို မေးမြန်းခြင်းဖြစ်နိုင်ကြောင်းနိုင်ငံရေးအကဲခတ် သူများပြော https://tinyurl.com/2gu3jrk3

14 နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဆာဆာကာဝါ မြောက်ဦးကိုသွားရောက် အေအေနိုင်ငံရေးမှူးများနှင့် တွေ့ဆုံ https://tinyurl.com/287t3fyn

| | | | |
|---|---|---|---|
| ၁၆-၃-၂၀၂၃ | မြောက်ပိုင်းမဟာမိတ် တပ်ဖွဲ့ဝင် အချို့သည် "ဝ" တပ်ဖွဲ့ UWSA ထိန်းချုပ်ရာ ပန်ဆန်းမြို့တွင် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ပါသည်။ [15] | ပန်ဆန်းမြို့ | ယခုတွေ့ဆုံခြင်းသည် FPNCC အနေဖြင့် ကျင်းပပြုလုပ်သည့် တွေ့ဆုံမှု မဟုတ်ကြောင်း SSPP/SSA ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး ဖုန်းဟန်က ပြောပါသည်။ တွေ့ဆုံမှုတွင် SSPP/SSA တပ်ဖွဲ့အပါအဝင် မြောက်ပိုင်း မဟာမိတ် တပ်ဖွဲ့တချို့ ပါဝင်ခဲ့သော်လည်း ပါဝင်ခဲ့သည့် တပ်ဖွဲ့များအမည်ကို ဖော်ပြခြင်း မရှိခဲ့ကြောင်း သိရပါသည်။ မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့ EAOs (၇) ဖွဲ့တွင် UWSA ၊ NDAA၊ AA ၊ TNLA၊ MNDAA၊ KIAနှင့် SSPP/SSA တို့ ဖြစ်ပါသည်။ |
| ၂၂-၃-၂၀၂၃ | အာဏာသိမ်း စစ်ကောင်စီ ဦးဆောင်သည့် NSPNC အဖွဲ့နှင့် SSPP/SSA တို့ တွေ့ဆုံခဲ့ပါသည်။[16] | နေပြည်တော် | အစည်းအဝေးတွင် စစ်ကောင်စီက ပြုလုပ်မည့်ရွေးကောက်ပွဲ အကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံမှ ၂၀၀၈ ပြင်ဆင်ရေးနှင့် ပတ်သက်ပြီး တင်ပြထားသည့် အကြောင်း၊ ငြိမ်းချမ်းရေးအ ကြောင်းတို့ကို ဆွေးနွေး ခဲ့ကြပါသည်။ ယခု တွေ့ဆုံမှုသည် NSPNC အဖွဲ့နှင့် SSPP/SSA တို့အကြား တတိယ အကြိမ်မြောက် တွေ့ဆုံဆွေးနွေးခြင်း ဖြစ်ပြီး၊ ဆွေးနွေးပွဲတွင် UWSA နှင့် NDAA တို့လည်း ပါဝင်ခဲ့ပါသည်။ NSPNC အဖွဲ့နှင့် SSPP/SSA တို့သည် ၂၀၂၂ ခုနှစ် စက်တင်ဘာလနှင့် ဩဂုတ်လတို့တွင် ပထမအကြိမ်နှင့် ဒုတိယအကြိမ် အဖြစ် တွေ့ဆုံခဲ့ပါသည်။ |
| ၂၈-၃-၂၀၂၃ | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်း (NCA-S EAO) ၇ဖွဲ့နှင့် စစ်ကောင်စီဦးဆောင်သည့် အမျိုးသား စည်းလုံးညီညွတ် ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးမှူး ကော်မတီ(NSPNC) တို့သည် နေပြည်တော်တွင် အလွတ်သဘော တွေ့ဆုံ ဆွေးနွေးမှုပြုလုပ်ခဲ့ကြပါသည်။[17] | နေပြည်တော် | တွေ့ဆုံမှုတွင် NCA – S – EAO (၇) ဖွဲ့ အနေဖြင့် သက်ဆိုင်သူ အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးမှု အခင်းအကျင်း တစ်ရပ် ပေါ်ပေါက်ရေးကို ဆွေးနွေးခဲ့ပြီး ငြိမ်းချမ်းရေး အဆင့်ဆင့်နှင့် ဖက်ဒရယ်အခြေခံမူများစသည့် အကြောင်းအရာအများကို အလွတ်သဘော တွေ့ဆုံဆွေးနွေး ခဲ့ပါသည်။ |

15 SSPPနှင့်မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့များပန်ဆန်း တွင်တွေ့ဆုံဆွေးနွေးနေ https://tinyurl.com/2o34s2pc

16 SSPP အပါအဝင် မြောက်ပိုင်းမဟာမိတ် တပ်ဖွဲ့ဝင်နှင့် စစ်ကောင်စီ နေပြည်တော် တွင်တွေ့ဆုံ https://tinyurl.com/2mthkexs

17 အပစ်ရပ် (၇) ဖွဲ့နှင့် NSPNC တို့ နေပြည်တော်မှာ အလွတ်သဘော တွေ့ဆုံ https://tinyurl.com/2olhkjaj

# တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ အကြောင်း

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ - Arakan Liberation Party /Army– ALP/ALA

ရခိုင်ပြည်အမျိုးသားကောင်စီ (ANC/AA)

ချင်းအမျိုးသား တပ်ဦး (CNF/CNA)

ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် - Democratic Karen Benevolent Army (DKBA)

ကချင်ပြည်လွတ်လပ်ရေးအဖွဲ့/ကချင်လွတ်လပ်ရေးတပ်မတော်(KIO/KIA)

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP/KA)

ကရင်အမျိုးသားအစည်းအရုံး - KNU/KNLA

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) – KNU/KNLA PC (KPC)

လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)

မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (ကိုးကန့်တပ်ဖွဲ့) – MNTJP/MNDAA

အမျိုးသားဒီမိုကရေစီသွေးစည်းညီညွတ်ရေးအဖွဲ့(မိုင်းလားအဖွဲ့) - NDAA/ESS

မွန်ပြည်သစ်ပါတီ (NMSP)

နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ(ကပ်ပလန်) – (NSCN-K)

ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)

တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်ဦး (PSLF/TNLA)

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS / SSA)

သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP / SSA)

ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်(ULA/AA)

'ဝ' ပြည်နယ်သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA)



| | |
|---|---|
| **မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)** | |
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၁ နိုဝင်ဘာ ၁၉၈၈ |
| ရုံးချုပ် | - KNU ထိန်းချုပ်နယ်မြေအတွင်း |
| လှုပ်ရှားရာ နယ်မြေ | - KIA နှင့် KNU ထိန်းချုပ်နယ်မြေများအတွင်း |
| အင်အား | - ၁၅၀၀ အထက် |
| ဥက္ကဌ | - ရဲဘော်သံခဲ |
| ဒုဥက္ကဌ | - ရဲဘော်မျိုးဝင်း |
| အထွေထွေအတွင်းရေးမှူး | - ရဲဘော်ဆန်နီ |

၁၉၈၈ခုနှစ် ဒီမိုကရေစီအရေးအတွက် လူထုအရေးတော်ပုံနှင့်အတူ ဖြစ်တည်ပေါက်ဖွားလာခဲ့သည့် ABSDF သည် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲမှုသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း လိုက်ပါဆောင်ရွက်နေပါသည်။ အာဏာသိမ်း စစ်ကောင်စီမှ ကျင်းပသည့် NCA (၆) နှစ်ပြည့်အခမ်းအနားသို့ ABSDF အနေဖြင့် တက်ရောက်ခဲ့သည့်အတွက် ဝေဖန်မှုများ ကြုံတွေ့ခဲ့ရပြီး အဆိုပါတက်ရောက်သည့်ကိစ္စအား ဗဟိုကော်မတီဆုံးဖြတ်ချက်မဟုတ်ကြောင်း ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ထုတ်ပြန်ရှင်းလင်းခဲ့ရပါသည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂ ရက် ညနေ (၅) နာရီခန့်တွင်တော့ မြဝတီမြို့ ABSDF ဆက်ဆံရေးရုံးကို စစ်ကောင်စီတပ်နှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဆက်ဆံရေးရုံးမှ တာဝန်ခံ ရဲဘော်အောင်ဘော်၊ ရဲဘော် တင်စိုး အပါအဝင် ၄ ဦး ကို ဖမ်းဆီးသွားခဲ့ပါသည်။ ABSDF ဥက္ကဌအနေဖြင့်လည်း စစ်ကောင်စီ၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်မှုနှင့် ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအစုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းရေး မရရှိနိုင်တော့ကြောင်း ပြောဆိုထားပါသည်။

ယခုအခါ "လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုကို အာမခံပြီး ငြိမ်းချမ်းသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်မည်" ဆိုသော ပြည်ထောင်စုရည်မှန်းချက်နှင့်အတူ စစ်အာဏာရှင်အပါအဝင် အာဏာရှင်စနစ် ဟူသမျှ ချုပ်ငြိမ်းရေးအတွက် ဦးတည်လှုပ်ရှားလျက်ရှိသည့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC)တွင် ABSDF ၏ နာမည် ပါဝင်လာပြီဖြစ်သည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်၊ တည်ထောင်ခြင်း ၃၄ နှစ် မြောက်အဖြစ် ABSDF ၏ ထုတ်ပြန်ချက်တွင်တော့ ၎င်းတို့ အနေဖြင့် တပ်ဖွဲ့ဝင် မျိုးဆက်သစ်ရဲဘော်များအား လေ့ကျင့်၊

စုဖွဲ့မှုများ ပြုလုပ်နိုင်ခဲ့ပြီး ညီနောင်မဟာမိတ်အသီးသီးနှင့်အတူ လက်တွဲတိုက်ပွဲဝင်နေပြီ ဖြစ်ကြောင်း ဖော် ပြထားပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ(NUG) ယာယီသမ္မတ ဒူဝါလရှီးလကလည်း နွေဦးတော်လှန် ရေးကာလအတွင်း တော်လှန်သော လူငယ်မျိုးဆက်သစ်များအတွက် ABSDF ၏ စစ်ရေး နည်းဗျူဟာ၊ မဟာဗျူဟာများအား သွန်သင်လမ်းပြပေးနိုင်ခြင်းနှင့် တော်လှန်သော လက်နက်ကိုင် အင်အားစုများအတွက် အားနည်းချက်၊ အားသာချက်နှင့် သင်ခန်းစာများကို လက်ဆင့်ကမ်းပေး နိုင်ခြင်းတို့အပေါ် ချီးမွမ်းဂုဏ်ပြုထားပါသည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်၊ ဒေါင်းတမန်စခန်း တွင်ပြုလုပ်သော ABSDF ၏ ၃၄ နှစ်ပြည့်အခမ်းအနားတွင် ဥက္ကဋ္ဌဖြစ်သူ ရဲဘော်သံခဲကလည်း လက်ရှိကာလတွင် ABSDF အနေဖြင့် လူထုနှင့်အတူ၊ နွေဦးတော်လှန်ရေးနှင့်အတူ ရပ်တည် ရမည်ဖြစ်ပြီး နောင်မျိုး ဆက်တွေအတွက် စစ်အာဏာရှင်စနစ်အောက် မဖြစ်နိုင်သည့် နိုင်ငံအသစ် တခုကို ထူထောင်ရမည်ဖြစ်ကြောင်း မိန့်ခွန်းပြောဆိုခဲ့ပါသည်။

၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်၊ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ ၃၅ နှစ်မြောက်နေ့တွင် တော့ "လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တော်လှန်ရေးပေါင်းစပ်တိုက်ပွဲဝင်ရေး"သည် လက်ရှိ နွေဦးတော်လှန်ရေး၏ အဓိကတိုက်ပွဲပုံစံတခုအဖြစ် မှတ်ယူသကဲ့သို့ စစ်အာဏာရှင်စနစ် ဆန့်ကျင်တော်လှန်နေကြသည့် အင်အားစုများအားလုံး ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ကြ ရန် ABSDF က ထုတ်ပြန်တိုက်တွန်းထားပါသည်။ လက်ရှိနွေဦးတော်လှန်ရေးတွင် အမျိုးသား ညီညွတ်ရေးအစိုးရ (NUG)အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (EROs)နှင့် ABSDF အကြား ချိတ်ဆက်ဆောင်ရွက်မှုများ ရှိနေပြီဖြစ်သည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၁၂ ခုနှစ်တွင် တိုက်ပွဲဖြစ်ပွားမှုတစ်ခုနှင့် ၂၀၂၃ ခုနှစ် (ဩဂုတ်လအထိ) တိုက်ပွဲဖြစ်ပွားမှု ၅ ခု ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ နွေဦးတော်လှန်ရေးတွင် ပေါ်ပေါ်ထင်ထင်ပါဝင်လာသည့် ABSDF သည် ဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်(PDF-LDF)များနှင့် ပူးပေါင်းကာ စစ်ကောင်စီတပ်များအား ခုခံတော်လှန်စစ် ဆင်နွှဲလျက်ရှိပါသည်။ |

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် NCA လက်မှတ်ရေးထိုးခဲ့သည်။

NCA လက်မှတ်ရေးထိုးပြီးနောက် တိုက်ပွဲပြန်လည်ဖြစ်ပွားခဲ့သည်။

၂၀၁၅ - ၂၀၁၆ (အတိအကျမသိရ)

## တရားဝင်ကိုယ်စားလှယ်အဖွဲ့

ဦးမျိုးဝင်း (UPDJC)

ဆလိုင်းယောအောင် (JMC)

## ဆက်ဆံရေးရုံးများ

(၁) မြဝတီ

(၂) မူဆယ်

(၃) တင်ပြထားသည့်နေရာများ - လွိုင်ကော်၊ ကလေး၊ ဘုရားသုံးဆူ၊ မြိတ်

## မဟာမိတ်အဖွဲ့များ

KIA ထိန်းချုပ်နယ်မြေရှိ ABSDF တပ်စခန်းများ

## ဆက်သွယ်ရန်

အီးမေးလ် - absdfinfo@gmail.com

## ဗဟိုကော်မတီအဖွဲ့ဝင်များ

(၁) ရဲဘော်သံခဲ - ဥက္ကဋ္ဌ

(၂) ရဲဘော်မျိုးဝင်း - ဒု-ဥက္ကဋ္ဌ

(၃) ရဲဘော်ဆန်နီ - အထွေထွေအတွင်းရေးမှူး

(၄) ရဲဘော်မြင့်ဦး - အတွင်းရေးမှူး - ၁

(၅) ရဲဘော်ထွန်း @ Hla Htay - အတွင်းရေးမှူး - ၂

(၆) ရဲဘော်လွမ်းနီ - ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်

(၇) ရဲဘောမိဆူးပွင့် @ Ma Lay Lone - ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်

(၈) ရဲဘော်မောင်ဦး - ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်

(၉) ရဲဘော်ဆလိုင်းယောအောင် - ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်



## ရခိုင်ပြည်လွတ်မြောက်ရေးပါတီ - Arakan Liberation Party /Army– ALP/ALA

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၉ ဧပြီ ၁၉၆၇(ပထမအကြိမ်)၊ ၁ ဇွန်၁၉၇၄(ဒုတိယအကြိမ်) |
| ရုံးချုပ် | - အိန္ဒိယ - မြန်မာ နယ်စပ် |
| လှုပ်ရှားရာနယ်မြေ | - ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် ကရင်ပြည်နယ် |
| အင်အား | - ၁၀၀ ခန့် |
| ဥက္ကဋ္ဌ | - ခိုင်ရဲခိုင် |
| စစ်ဦးစီးချုပ် | - ဗိုလ်မှူးချုပ် ခိုင်မင်းစိုး |
| အထွေထွေအတွင်းရေးမှူး | - ခိုင်ကျော်ခိုင် |

စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC)နှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှု တချို့ရှိခဲ့သကဲ့သို့ စစ်ကောင်စီမှ ဦးဆောင်ကျင်းပသည့် NCA (၆) နှစ်ပြည့်အခမ်းအနားအပါအဝင် ပြည်ထောင်စုနေ့အခမ်းအနား စသည်တို့တွင် ALP ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူဒေါ်စောမြရာဇာလင်းက ဦးဆောင်တက်ရောက်ခဲ့သည်ကို တွေ့ရပါသည်။

၂၀၂၃ ခုနှစ် မတ်လ ၅ ရက်တွင်တော့ "သွားလိုသည့်လမ်းကြောင်း မတူညီမှု" ဟု ဆိုကာ ဒုဥက္ကဋ္ဌဖြစ်သူ ဒေါ်စောမြရာဇာလင်းက ရခိုင်ပြည်လွတ်မြောက်ရေးပါတီကို ပြန်လည်ဖွဲ့စည်းကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အဆိုပါအဖွဲ့အသစ်တွင် သူမကိုယ်တိုင် ဥက္ကဋ္ဌ အဖြစ် တာဝန်ယူထားပြီး ဒုဥက္ကဋ္ဌအဖြစ် ခိုင်နီရောင်နှင့် အတွင်းရေးမှူးအဖွဲ့အဖြစ် ဦးအောင်လွင်၊ ဗိုလ်မှူး ခိုင်သူရိန်၊ ဗိုလ်မှူးခိုင်လှမြင့်နှင့် ဗိုလ်မှူး စောစုန္ဒီအောင်တို့ကို တာဝန်ပေးထားသည်။

၂၀၂၃ ခုနှစ် မတ်လ ၂၀ ရက်တွင်တော့ ဒေါ်စောမြရာဇာလင်း၏ ပါတီပြန်လည်ဖွဲ့စည်းခြင်းသည် တရားဝင်မှုမရှိကြောင်း မူလ ALP ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ခိုင်ကျော်ခိုင်က ကြေညာချက်ထုတ်ပြန် ရှင်းလင်းခဲ့သည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နေ့က ALP/ALA ၏ ဒုတိယစစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်မှူးချုပ်ခိုင်မင်းစိုးနှင့် စစ်သည်နှစ်ဦးအား စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့သည့်ဖြစ်ရပ်အား စုံစမ်းစစ်ဆေးရန်အတွက် ဒေါ်စောမြရာဇာလင်း၏ တာဝန်များဖြစ်သော နိုင်ငံရေးဆွေးနွေးရေးကော်မတီ ခေါင်းဆောင်တာဝန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) တာဝန်တို့အား ယာယီရပ်စဲထားမှုကို မနာခံဘဲ "ပါတီကို ပြန်လည်ဖွဲ့စည်းခြင်း" ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုပါသည်။ ထို့ကြောင့် ဒေါ်စောမြရာဇာလင်းသည် ALP ပါတီနှင့် လုံးဝသက်ဆိုင်ခြင်း မရှိတော့ကြောင်း ALP အထွေထွေအတွင်းရေးမှူး ခိုင်ကျော်ခိုင်၏ ရှင်းလင်းချက်တွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့၊ စစ်တွေတက္ကသိုလ်ကျောင်းရှေ့တွင် ဒေါ်စောမြရာဇာလင်း ဦးဆောင်သောအဖွဲ့မှ ဒုဥက္ကဌ ခိုင်နီရောင်၊ အမှတ် (၁၀၁) တပ်ရင်းမှ တပ်ရင်းမှူးခိုင်ကျော်မင်းနှင့် တပ်သားကျော်ကျော်နိုင်တို့ (၃)ဦး သေနတ်ပစ်ခတ်ခံရသဖြင့် သေဆုံးခဲ့သည်။ သေနတ်ဖြင့် ပစ်ခတ်သွားသူများကို ဖော်ထုတ်နိုင်ခြင်းမရှိသေးဟု ဆိုရ ပါမည်။

လက်ရှိ ALP/ALA အဖွဲ့အတွင်း ကိစ္စရပ်များသည် ရှုတ်ထွေးနေဆဲအခြေအနေ ဖြစ်ပါသည်။ ဒုဥက္ကဌဟောင်းဖြစ်သူ ဒေါ်စောမြရာဇာလင်းသည်လည်း PPST အတွင်း ALP အနေဖြင့် ပါဝင်နေဆဲဖြစ်ပြီး အာဏာသိမ်းစစ်ကောင်စီနှင့် သွားရောက်တွေ့ဆုံ ဆွေးနွေးမှုများ ဆက်လက်ပြုလုပ် ရှိသည်ကို တွေ့ရပါသည်။ တဆက်တည်းတွင် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) ဖွဲ့စည်းမှုအား ဂုဏ်ပြုကြိုဆိုကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည့် မူလ ALP/ ALA ၏ အခန်းကဏ္ဍနှင့် လှုပ်ရှားမှုများကိုလည်း စောင့်ကြည့်ရဦးမည် ဖြစ်သည်။

### အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

ပြည်နယ်အဆင့် ၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး - ဧပြီလ ၅ ရက်၊ ၂၀၁၂

### ငြိမ်းချမ်းရေးဆွေးနွေးမှုများ

NCA လက်မှတ်ထိုးရက် - ၁၅ အောက်တိုဘာ၊ ၂၀၁၅

### တရားဝင်ကိုယ်စားလှယ်အဖွဲ့

ဒေါ်စောမြရာဇာလင်း (UPDJC)

### လက်နက်တပ်ဖွဲ့

ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် (ALA)

### စစ်ရေး

ကာကွယ်ရေးဦးစီးချုပ် - ခိုင်ရဲခိုင် ၊ ဒုတိယဗိုလ်မှူးကြီး - ခိုင်စိုးနိုင် ၊ ဗိုလ်မှူး ခိုင်မိုးဝင်း ၊

ဗိုလ်မှူး ခိုင်ဘုန်းမြင့်ဇော် (ရမ္မာဝတီတပ်ရင်းမှူး) ၊ ဗိုလ်မှူး ခိုင်နေမင်း (ရမ္မာဝတီ ဒု-တပ်ရင်းမှူး)

ဒေါ်စောမြရာဇာလင်းသည် NCCT အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သည်။

### ဆက်ဆံရေးရုံးများ

(၁) ကျောက်တော် (ရခိုင်ပြည်နယ်) အောက်တိုဘာလ ၃ ရက်၊ ၂၀၁၂ ၊

(၂) ပလက်ဝ (ချင်းပြည်နယ်) - လျှောက်ထားဆဲ

### ဆက်သွယ်ရန်

ဝက်ဘ်ဆိုက် - http://www.arakanalp.com/ အီးမေးလ် - alpinfoandorg@gmail.com

ဖုန်း - +၉၅၉၄၂၅၀၁၈၁၅၄

| ရခိုင်ပြည်အမျိုးသားကောင်စီ (ANC/AA) | |
|---|---|
| စတင်ဖွဲ့စည်းသည့်နေ့စွဲ | - ၂၀၀၄ ၊ ၂၀၁၀ |
| ရုံးချုပ် | - KNU တပ်မဟာ (၅) နယ်မြေ၊ ကရင်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | - ကရင်ပြည်နယ်အတွင်း |
| အင်အား | - ၃၅၀ အထက် |
| ဥက္ကဋ္ဌ ၊ စစ်ဦးစီးချုပ် | - ဗိုလ်မှူးကြီးမင်းထွန်း (ခ) မင်းဇံဝေ |

လူမျိုးစုံရခိုင်ပြည်သူလူထုတစ်ရပ်လုံး ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်ရရှိရေး၊ အမျိုးသားရေးလက္ခဏာနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာပြည်ရှိ လူမျိုးစုတိုင်း၊ နိုင်ငံသူ/ နိုင်ငံသားတိုင်း အာဏာရှင်စနစ်လက်အောက်မှ လွတ်မြောက်ရေး စသည်တို့သည် ANC/AA ၏ ရည်မှန်းချက်များ ဖြစ်ပါသည်။

စစ်အာဏာသိမ်းကာလအတွင်း ကရင်အမျိုးသားအစည်းအရုံး (KNU)တပ်မဟာ (၅) နှင့် ပူးပေါင်းကာ စစ်ကောင်စီတပ်များအား ခုခံတိုက်ခိုက်လျက်ရှိပါသည်။ ထို့အပြင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ဖွဲ့စည်းခြင်းအပေါ် ထောက်ခံကြိုဆိုပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးနှင့် ဖက်ဒရယ်တပ်မတော်ဖွဲ့စည်း ထူထောင်ရေးအတွက် မည်သည့်အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် အဆင်သင့်ရှိကြောင်း ANC/AA စစ်ဦးစီးချုပ်က ပြောဆိုထားပါသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် စတင်ကျင်းပခဲ့သည့် အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ၏ ပထမအကြိမ် ပြည်သူ့ညီလာခံကို ANC/AA ခေါင်းဆောင် ဗိုလ်မှူးကြီးမင်းထွန်း တက်ရောက်ခဲ့သည်ကို တွေ့ရသည်။

၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်၊ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (FDC) (၂) နှစ်ပြည့် အခမ်းအနားသို့ ANC/AA မှ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့ပြီး NUCC အဖွဲ့ဝင် အဖွဲ့အစည်းများအနေဖြင့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် ရေးဆွဲအတည်ပြုရာတွင် မပါဝင်သေးသည့် ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားတော်လှန်ရေး အင်အားစုများအားလုံး ပါဝင်နိုင်မည့် အခင်းအကျင်းသစ်များကို ထပ်မံဖော်ဆောင်ရန် တိုက်တွန်းထားပါသည်။

စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း ANC/AA အနေဖြင့် KNU/KNLA နှင့် မဟာမိတ်ဖွဲ့ပူးပေါင်းကာ စစ်ကောင်စီတပ်များအား ခုခံတိုက်ခိုက်နေခြင်းကြောင့် တိုက်ပွဲဖြစ်ပွားမှုကို အချက်အလက်ဖြင့် ဖော်ပြနိုင်ခြင်း မရှိသေးပါ။

**အပစ်အခတ်ရပ်စဲမှု**

မရှိ

**မဟာမိတ်အဖွဲ့များ**

KNU/KNLA ၊ DKBA ၊ UNFC အဖွဲ့ဝင်

**ဆက်သွယ်ရန်**

anc.hq1@gmail.com
FB lanc.arakannationalcouncil



| ချင်းအမျိုးသား တပ်ဦး (CNF/CNA) | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၂၀ မတ် ၁၉၈၈ |
| ရုံးချုပ် | - ချင်းပြည်နယ် ထန်တလန် (ဗစ်တိုရိယစခန်း) |
| လှုပ်ရှားရာနယ်မြေ | - ချင်းပြည်နယ် ထန်တလန်၊ ဟားခါး၊ တီးတိန်၊ မတူပီနှင့် ပလက်ဝ မြို့နယ်များ |
| အင်အား | - ၁၅၀၀ အထက် (အရံတပ်ဖွဲ့ဝင်-၁၀၀၀၀ အထက်) |
| ဥက္ကဋ္ဌ | - ပူးဇင်ကျုံး (Pu Zing Cung) |
| အထွေထွေအတွင်းရေးမှူး | - ဆလိုင်း တလာဟဲ (Salai Thla Hei) |

၂၀၂၀ပြည့်နှစ်တွင် ကျင်းပသော ချင်းအမျိုးသား တပ်ဦး (CNF) ၏ သတ္တမအကြိမ်ညီလာခံက ကြေညာချက် ထုတ်ပြန် တောင်းဆိုခဲ့သည်။ အဆိုပါညီလာခံမှတဆင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြန်လည်ရရှိရေး၊ နိုင်ငံရေးတန်းတူမှု ရှိသော ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးနှင့် ဒီမိုကရေစနစ် တည်ဆောက်ရေးဆိုသည့် နိုင်ငံရေးရည်မှန်းချက် (၃) ချက်ကို ချမှတ်ခဲ့ပါသည်။

စစ်အာဏာသိမ်းကာလအတွင်း CNF အနေဖြင့် ချင်းပြည်သူလူထုနှင့်အတူ ရပ်တည်ကာ နွေဦးတော်လှန်ရေးတွင် ပါဝင်ပြီး အာဏာသိမ်းစစ်ကောင်စီတပ်များအား ခုခံတော်လှန်စစ် ဆင်နွှဲလျက် ရှိပါသည်။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တွင်လည်း CNF ၏ ဒုဥက္ကဋ္ဌတစ်ဦးဖြစ်သူ ဒေါက်တာလျန်မှုန်းဆာခေါင်းက ဖက်ဒရယ်ရေးရာပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ NUCC ၏ အစုအဖွဲ့ဝင်ဖြစ်သော ကြားကာလချင်းအမျိုးသား အတိုင်ပင်ခံကောင်စီ (ICNCC) တွင် CNF ၏ လက်ထောက်အထွေထွေအတွင်းရေးမှူး (၂) ဖြစ်သူ ဆလိုင်းထက်နီက အထွေထွေအတွင်းရေးမှူး တာဝန်ယူထားသည်။

နွေဦးတော်လှန်ရေးကာလအတွင်း ချင်းဒေသကာကွယ်ရေးအဖွဲ့(CDF) ၁၈ ဖွဲ့ဖြင့် စုဖွဲ့ထားသော Chinland Joint Defense Committee (CJDC)တွင် CNF၏အထွေထွေအတွင်းရေးမှူး ဆလိုင်းတလာဟဲကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူကာ စစ်ကောင်စီတပ်များအားခုခံတော်လှန်စစ် ဆင်နွှဲရာတွင် ပူးပေါင်းလှုပ်ရှားလျက်ရှိပါသည်။ ၂၀၂၃ ခုနှစ်သည် ချင်းအမျိုးသားတရပ်လုံးအတွက် ချင်းပြည်ထောင် တည်ဆောက်ရေးအတွက် အဓိကကျသည့်နှစ် "Chin Nation - Building နှစ်" ဆောင်ပုဒ်ဖြင့် ချင်းအမျိုးသားတော်လှန်ရေးကို ဆက်လက်တိုက်ပွဲဝင်ကြရန် CJDC ဥက္ကဋ္ဌ တာဝန်ယူထားသည် ဆလိုင်းတလာဟဲက တိုက်တွန်းထားသည်။ [1]

ချင်းအမျိုးသားတပ်ဦးနှင့် တပ်မတော်အနေဖြင့် ပြည်သူ့တော်လှန်ရေးလမ်းစဉ်ကို အခိုင်အမာကိုင်စွဲပြီး စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်ချေမှုန်းကာ ဖက်ဒရယ်ဒီမိုကရေစီစနစ်တည်ဆောက်ရေးအတွက် တိုက်ပွဲဝင်ရာတွင် နိုင်ငံရပ်တည်ချက်တူညီသော မည်သည့်နိုင်ငံ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်နှင့်မဆို လက်တွဲကာ အဆုံးတိုင်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ၃၅ နှစ်မြောက် ချင်းတော်လှန်ရေးနေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ [2]

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၂၁ ခုနှစ်တွင် စစ်ကောင်စီတပ်နှင့် တိုက်ပွဲတစ်ခု၊ ၂၀၂၃ ခုနှစ် (ဇူလိုင်လအထိ) အတွင်း တိုက်ပွဲ ၁၅ ခု ဖြစ်ပွားခဲ့ပါသည်။ CNF/CNA အနေဖြင့် CJDC စုဖွဲ့မှုတွင် ဦးဆောင် ပါဝင်နေသကဲ့သို့ CJDC အဖွဲ့ဝင် ချင်းဒေသကာကွယ်ရေးတပ်ဖွဲ့(CDF)များနှင့် ပူးပေါင်းကာ စစ်ကောင်စီတပ်များအား ခုခံတော်လှန်စစ် ဆင်နွှဲလျက် ရှိပါသည်။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | ဇိုမီးတော်လှန်ရေးအဖွဲ့(ZRO/ZRA) နှင့် ၂၀၂၁ ခုနှစ်တွင် တိုက်ပွဲ (၁) ခု ဖြစ်ပွားခဲ့ပါသည်။ |

1 Chinland Joint Defense Committee (CJDC) ဥက္ကဋ္ဌ Salai Thla Hei ၏ ၂၀၂၃ နှစ်သစ်နှုတ်ခွန်းဆက် သဝဏ်လွှာ http://rb.gy/wuuba

2 ၃၅ နှစ်ပြည့် ချင်းတော်လှန်ရေးနေ့ ထုတ်ပြည့်ကြေညာချက် http://rb.gy/t9oy7

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

- အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် (၁၁) ဖွဲ့မြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့။
- အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဇန်နဝါရီ ၆ ၊ ၂၀၁၂)
- အဆင့် ၂- ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (မေ ၇၊ ၂၀၁၂)
- အဆင့် ၃- တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (အောက်တိုဘာ ၁၅, ၂၀၁၅)

## တရားဝင်အပစ်အခတ်ရပ်စဲရေးအဖွဲ့

အဖွဲ့ဝင် (၂၀) ဦးပါဝင်သည့် ကော်မတီအတွက် ဗဟို အလုပ်အမှုဆောင်ကော်မတီ၊ ဗဟိုကော်မတီနှင့် အမြင့်ဆုံးကောင်စီအဖွဲ့ဝင်များမှ ရွေးထုတ်ထားပါသည်။ ပြည်ထောင်စုအဆင့် နှစ်ဘက်သဘောတူညီချက်ကို ၂၀၁၂ ခုနှစ် မေလတွင် ရရှိပြီးနောက် ချင်းပြည်နယ် တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကော်မတီအဖွဲ့ဝင် ၂၄ - ၃၁ ဩဂုတ်, ၂၀၁၂။

## ဆက်ဆံရေးရုံးများ

၁။ တီးတိန် (၂၅/၀၉/၂၀၁၂)
၂။ ထန်တလန် (၂၉/၀၆/၂၀၁၂)
၃။ မတူပီ (၂၃/၀၆/၂၀၁၂)

## စီးပွားဆက်ဆံရေးရုံးများ

၁။ ပလက်ဝ (၁၉/၁၀/၂၀၁၃)
၂။ ရန်ကုန်
၃။ အိန္ဒိယမြန်မာနယ်စပ်
၄။ ဖလမ်း (ဇွန် ၉ရက်၊ ၂၀၁၄ နေ့တွင် ခွင့်ပြုချက်ရရှိခဲ့သည်)
၅။ မင်းတပ် (ဇွန် ၉ရက်၊ ၂၀၁၄ နေ့တွင် ခွင့်ပြုချက်ရရှိခဲ့သည်)

## ဆက်သွယ်ရန်

ဝက်ဆိုဒ်: www.chinland.org
အီးမေးလ်: chianlandweb@gmail.com
ဖုန်း: +9189741215887 (အမြင့်ဆုံးကောင်စီ)

၁။ ပူးထန်းရန်
၂။ ဆလိုင်းကစ်ပ်ခိုလျန်
၃။ ဒေါက်တာဇာလှေထန်း
၄။ ပူးလျန်အုပ်
၅။ ဘွေလျန်မန်း
၆။ ပူးဟာအိုကန်
၇။ ပူးလာလ်ရမ်လောမာ
၈။ ပူးနိုင်ထောင်
၉။ ပူးမာန်လိန်
၁၀။ ပူးဗုန်းဇာနိုင်
၁၁။ ပူးအောင်လိန်ထန်း

## ဒေသဆိုင်ရာ ကော်မတီ

၁။ ပူးဘွေကျုံး
၂။ ပူးထလာပဲန်
၃။ ပူးငွန်ကျုံးလျန်
၄။ ဆလိုင်း ပါမွန်း
၅။ ပူးသော့ကျဲအို

D.K.B.A

## ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် - Democratic Karen Benevolent Army (DKBA)

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၈ နိုဝင်ဘာ ၂၀၁၀ |
| ရုံးချုပ် | - ကရင်ပြည်နယ် မြဝတီမြို့နယ်၊ ဆုံစည်းမြိုင် |
| လှုပ်ရှားရာနယ်မြေ | - လှိုင်းဘွဲ့မြို့နယ်၊ ကြာအင်းဆိပ်ကြီး - ဘုရားသုံးဆူတောင်ကြား၊ ကော့ကရိတ်မြို့နယ်၊ မြဝတီမြို့နယ် |
| အင်အား | - ၃၀၀၀ နီးပါး |
| စစ်ဦးစီးချုပ် | - ဗိုလ်ချုပ်ကြီး စောစတီး |
| စစ်ထောက်ချုပ် | - ဗိုလ်မှူးကြီး စောစိန်ဝင်း |

၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၁ ရက်တွင် ဆေးကုသမှုခံယူနေစဉ် ကွယ်လွန်သွားသည့် DKBA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမိုရှေး၏ နေရာတွင် ဒုတိယစစ်ဦးစီးချုပ်ဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီး စောစတီးကို ၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ခန့်အပ်ခဲ့သည်။

၂၀၂၂ ခုနှစ် ဧပြီလ ၂၆ ရက်တွင် ဗိုလ်စလုံးဦးဆောင်သည့် DKBA တပ်ဖွဲ့ ၂၀၀ ကျော်သည် ကရင်အမျိုးသားအစည်း အရုံး (KNU) လက်အောက်မှ ဗိုလ်မှူးချုပ်စောနယ်ဒါးဘိုမြ ဦးဆောင်သော KNDO တပ်ဖွဲ့ထံသို့ ဘက်ပြောင်း ဝင်ရောက်သွားခဲ့သည်။[1] ၂၀၂၂ ခုနှစ် ဇွန်လ ၅ ရက်၊ မြဝတီမြို့နယ် ဖလူးကြီးရွာအတွင်း စစ်ကောင်စီတပ်၊ နယ်ခြားစောင့်တပ် (BGF) တို့နှင့်အတူ ဒေသခံများနှင့်တွေ့ဆုံစဉ် ဗိုလ်ချုပ်ကြီးစောစတီးက လေးကော့ကော်ဒေသအတွင်း လက်နက်ကိုင် ပဋိပက္ခများတွင် ပါဝင်တိုက်ခိုက်နေသူများသည် နိုင်ငံခြားရောက် ပြည်သူများထံမှ ငွေကြေး ထောက်ပံ့မှုဖြင့် စစ်တိုက်စားနေခြင်းဖြစ်ကြောင်း ဝါဒဖြန့်ပြောဆိုခဲ့ပါသည်။[2]

၂၀၂၂ ခုနှစ် ဩဂုတ် ၃ ရက်တွင်တော့ KNU/KNLA ၏ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောဂျော်နီ ပါဝင်သည့် ထိပ်ပိုင်းခေါင်းဆောင်တချို့နှင့် DKBA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောစတီးဦးဆောင် သည့် A ထိပ်ပိုင်းခေါင်းဆောင်တို့ တွေ့ဆုံမှုတစ်ခု ပြုလုပ်ခဲ့ပြီး ပြန်လည်ပေါင်းစည်းရေးအပါအဝင် နှစ်ဖက်သဘောတူညီချက် ၅ ချက်ကို နှုတ်အား ဖြင့် သဘောတူညီခဲ့ကြသည်။ [3] ၂၀၂၂ ခုနှစ်

---

1 KNDO သို့ ဘက်ပြောင်းသည့် ဗိုလ်စလုံး ဦးဆောင် DKBA တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုကြိုဆိုပွဲ ပြုလုပ် http://rb.gy/mlck5

2 အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်စစ်ဆင်နွှဲနေသူများအား နိုင်ငံခြားရောက်အကူအညီဖြင့် စစ်တိုက်စားနေကြကြောင်း DKBA စစ်ဦးစီးချုပ် စွပ်စွဲပြောဆို http://rb.gy/h0i1s

3 ကော်သူးလေတပ်မတော်စာတမ်းပါ တူညီရင်ဘတ်တံဆိပ်များကို DKBA တပ်ဖွဲ့ဝင်တချို့ စတင်အသုံးပြု http://rb.gy/hqp24

စက်တင်ဘာ ၆ ရက်၊ ည ၁၂ နာရီဝန်းကျင်အချိန်တွင် ဆုံးစည်းမြို့စခန်းဝန်းအတွင်းရှိဗိုလ်ချုပ်ကြီး စောစတီး၏ နေအိမ်ကို ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး မည်သည့်အဖွဲ့အစည်းမှတိုက်ခိုက်သည်ကို အတည်ပြုနိုင်ခြင်းမရှိသေးပေ။[4]

DKBA အနေဖြင့် အဖွဲ့အစည်းအတွင်း ခေါင်းဆောင်မှုအပြောင်းအလဲ ရှိခဲ့သော်လည်း PPST ၏ အဖွဲ့ဝင်အဖြစ် ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ အာဏာသိမ်းစစ်အုပ်စုနှင့်လည်း အလွတ်သဘောတွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါသည်။ အာဏာသိမ်းစစ်ကောင်စီအား ဘက်ပေါင်းစုံမှ ဆန့်ကျင်တော်လှန်နေကြသော နွေဦးတော်လှန်ရေးအင်အားစုများနှင့် DKBA အကြား ချိတ်ဆက် ဆောင်ရွက်မှုမျိုးကိုတော့ ယနေ့အချိန်အထိ မတွေ့ရသေးဟု ဆိုရပါမည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၂၁ ခုနှစ်အတွင်း စစ်ကောင်စီတပ်နှင့် DKBA အကြား တိုက်ပွဲဖြစ်ပွားမှု (၄) ခုဖြစ်ပွားခဲ့ သော်လည်း ၂၀၂၂၊ ၂၀၂၃ ခုနှစ်အတွင်း တိုက်ပွဲဖြစ်ပွားခြင်း မရှိတော့ဟု ဆိုရပါမည်။ |

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

- အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် (၃) ဖွဲ့မြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့။
- အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (နိုဝင်ဘာ ၃၊ ၂၀၁၁)
- အဆင့် ၂ - ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဒီဇင်ဘာ၁၁၊ ၂၀၁၁)
- အဆင့် ၃ - တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (အောက်တိုဘာ ၁၅, ၂၀၁၅)

## ဆက်ဆံရေးရုံးများ

ဘားအံ (၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင်ဖွင့်လှစ်ခဲ့သည်)
မြဝတီ (၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင်ဖွင့်လှစ်ခဲ့သည်)
ကြာအင်းဆိပ်ကြီး၊ ကျိုက်ဒုံ၊ ဘုရားသုံးဆူ၊ မြိုင်ကြီးငူ (လျှောက်ထားပြီး)

## မဟာမိတ်

ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းမှု အဖွဲ့၏အဖွဲ့ဝင်ဖြစ်သည်။

4 DKBA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောစတီးနေအိမ် ဒရုန်းနဲ့ဗုံးကြဲခံရ http://rb.gy/rbym9



| ကချင်ပြည်လွတ်လပ်ရေးအဖွဲ့/ကချင်လွတ်လပ်ရေးတပ်မတော်(KIO/KIA) | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၅ ဖေဖော်ဝါရီ ၁၉၆၁ |
| ရုံးချုပ် | - လိုင်ဇာ ၊ ကချင်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | - ကချင်ပြည်နယ်တစ်ဝှမ်းလုံးနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများ |
| အင်အား | - ၁၂၀၀၀ အထက် (တပ်မဟာ ၈ ခု) |
| ဥက္ကဋ္ဌ | - ဗိုလ်ချုပ်ကြီးအင်ဘန်လ |
| ဒုဥက္ကဋ္ဌ | - ဗိုလ်ချုပ်ကြီး ဂမ်ရှောင် |
| အထွေထွေအတွင်းရေးမှူး | - ကွမ်ထပ်ထိန်နန် |

၁၉၉၄ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(နဝတ)အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု ရယူခဲ့သည့် KIO/KIA သည် ဦးသိန်းစိန်အစိုးရလက်ထက်၊ ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်မှ စတင်ကာ ယနေ့အချိန်အထိ တပ်မတော်နှင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ အားလုံးပါဝင်ရေးမူကို ကိုင်ဆွဲထားပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ထိုးရေးအတွက် ဦးသိန်းစိန်အစိုးရ၏ ကမ်းလှမ်းချက်ကို KIO က ငြင်းပယ်ခဲ့ပါသည်။

၂၀၁၇ ခုနှစ် ဇွန် ၂၀ ရက်မှ ၂၃ ရက် အထိ ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ညီလာခံဆုံးဖြတ်ချက်ဖြင့် UNFC မှ နှုတ်ထွက်ခဲ့သည်။ ၂၀၁၇ ခုနှစ် ဧပြီလ ၁၉ ရက်၊ UWSA ဦးဆောင်သည့် မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၇)ဖွဲ့ဖြင့် စုစည်းထားသော ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) တွင် ပါဝင်လျက် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေး ဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများကို ကြိုးပမ်းလျက်ရှိပါသည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၃၁ ရက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့တွင် KIO ဦးဆောင်သည့် မြောက်ပိုင်းမဟာမိတ် (၄) ဖွဲ့မှကိုယ်စားလှယ်များနှင့် အမျိုးသားပြည်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ ကိုယ်စားလှယ်များ တွေ့ဆုံပြီး တိုက်ပွဲများအမြန်ဆုံး ရပ်တန့်ရေးနှင့် နှစ်ဖက်အပစ်ရပ်စဲရေးသဘောတူညီမှုရရှိရေး အတွက် ဆွေးနွေးခဲ့ကြသည်။ Bilateral Ceasefire Agreement လက်မှတ်ရေးထိုးပြီးမှသာ NCA အတွက် ဆက်လက်ဆွေးနွေးရန် သဘောတူညီမှု ရရှိခဲ့သည်။

စစ်အာဏာသိမ်းကာလအတွင်း ဓမ္မဘက်မှ ရပ်တည်ကြရန် KIO ဥက္ကဋ္ဌ အင်ဘန်လက တိုက်တွန်းခဲ့သလို KIO အနေဖြင့်လည်း ဓမ္မဘက်မှ ရပ်တည်ကြောင်း ပြောဆိုခဲ့ပါသည်။ ၂၀၂၂

ခုနှစ် ဧပြီ ၂၂ ရက်၊ အာဏာသိမ်းစစ်ခေါင်း ဆောင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်မှုနှင့် ၂၀၂၂ ခုနှစ်မေလ ၂ရက်၊ တွေ့ဆုံဆွေးနွေးရန် စစ်အုပ်စု၏ အကြောင်းကြားစာတို့နှင့်ပတ်သက်ပြီး “ပါဝင်သင့်သူများအားလုံး ပါဝင်နိုင်ပြီး နိုင်ငံ၏အရေးအရာများကို တန်းတူ ဆွေးနွေးနိုင်မည့် အချိန်အခါ၊အခင်းအကျင်းရောက်ရှိမှသာ ပါဝင်ဆွေးနွေးမည်” ဟုအကြောင်းပြန်ကာ ငြင်းပယ်ခဲ့ပါသည်။ [1]

နွေဦးတော်လှန်ရေးအတွင်း ဖြစ်တည်လာသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ငွေတိုက်စာချုပ် ရောင်းချမှုတွင်လည်း KIO ၏ ငွေကြေးစီးဆင်းမှုစနစ်ကို အသုံးပြုကာ ပူးပေါင်းဆောင်ရွက်များ ရှိနေပါသည်။ ထို့ပြင် ပညာရေး ကဏ္ဍတွင်လည်း NUG နှင့် ပူးပေါင်းကာ ကချင်ပြည်နယ် ပညာရပ်စုံတက္ကသိုလ်  Kachin State Comprehensive University (KSCU) ကို ဖွင့်လှစ်ထားပါသည်။[2]  KIO/KIA အနေဖြင့် CRPH ၊ NUG တို့နှင့် နားလည်မှု အပြည့်အဝ ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအတွက် စစ်ရေးကဏ္ဍတွင်လည်း C3C အစုအဖွဲ့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ကချင်လွတ်မြောက်ရေးကောင်စီ (KIC) ဒုဥက္ကဋ္ဌ (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ဂွမ်မော်က ဆိုပါသည်။ [3]

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၃ ရက်၊ ည ၈ နာရီခွဲအချိန်၊ အနန့်ပါဒေသတွင် အရပ်သားပြည်သူများနှင့်အတူ ပူးပေါင်းကျင်းပနေသည့် (၆၂) နှစ်မြောက် KIO နှစ်ပတ်လည်နေ့တွင် စစ်ကောင်စီတပ်က စစ်လေယာဉ် ၃ စီးဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် အရပ်သားပြည်သူများနှင့် KIO အမှုထမ်းအများအပြား သေဆုံးခဲ့ရသည်။ အဆိုပါဝမ်းနည်းဖွယ်ဖြစ်ရပ်အတွက် အာဏာသိမ်းစစ်ကောင်စီအား ခုခံတော်လှန်ရေးကို အရှိန်မြှင့်တင်သွားမည်ဖြစ်ကြောင်း KIO ဗဟို ကော်မတီက ထုတ်ပြန်ခဲ့ပါသည်။ [4]

၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၀ ရက်တွင် ကျရောက်သည့် ၄၈ နှစ်မြောက် ကချင်အာဇာနည်နေ့တွင်တော့ လက်ရှိနွေဦးတော်လှန်ရေးသည် အာဏာသိမ်းစစ်ကောင်စီနှင့် ပြည်သူလူထုအကြား ဖြစ်ပွားနေသည့် တော်လှန်ရေးဖြစ်ပြီး KIO/KIA အမှုထမ်းများအနေဖြင့် ပြည်သူလူထုဘက်တွင် ပြတ်ပြတ်သားသား ရပ်တည်ပါဝင်နေကြောင်းနှင့် အခြားသော ERO အဖွဲ့အစည်းတချို့၊ လူပုဂ္ဂိုလ်တချို့အနေဖြင့်လည်း ကိုယ်ကျိုးအတွက် ကြည့်ကာ စစ်ကောင်စီအား နလန်ထူ

1 ထုတ်ပြန်ကြေညာချက် (၂/၂၀၂၂) http://rb.gy/ea284

2 ကေအိုင်အို နှင့် NUG တို့ ပူးပေါင်းဖွင့်ထားသည့် ကချင်ပြည်နယ်ပညာရပ်စုံတက္ကသိုလ် ပထမဆုံးဘွဲ့ နှင်းသဘင်ကျင်းပ http://rb.gy/6t01f

3 စစ်ကောင်စီတပ်ဖွဲ့တွေ ရေရှည်ရပ်တည်ဖို့ ခက်ခဲလာနေကြောင်း ဒုဗိုလ်ချုပ်ကြီးဂွမ်မော် ပြောကြား http://rb.gy/675rv

4 ထုတ်ပြန်ကြေညာချက် (၃/၂၀၂၂) http://rb.gy/i4ynd

ထွက်ပေါက်ရစေမည့် လှုပ်ရှားမှုများကို သတိထားကြရန် KIO ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးအင်ဘန်လက တိုက်တွန်းထားပါသည်။ [5]

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း။ | ၂၀၁၉ တွင် ၁၃ ခု၊ ၂၀၂၀ တွင် ၇ ခု ၊ ၂၀၂၁ တွင် ၁၃၈ ခု၊ ၂၀၂၂ တွင် ၉၀ ခု၊ ၂၀၂၃ (မတ်လအထိ) တွင် ၃၈ ခု အဖြစ် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်များ အတွင်း တိုက်ပွဲဖြစ်ပွားမှုများတွင် KIO အနေဖြင့် ဒေသခံ PDF များနှင့် ပူးပေါင်းကာ စစ်ကောင်စီတပ်အား တိုက်ခိုက်ခဲ့သည်ကို အများဆုံး တွေ့ရှိရသည်။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | ရှမ်းနီတပ် (SNA) နှင့် ၂၀၂၂ ခုနှစ်တွင် တိုက်ပွဲ (၁) ခု ဖြစ်ပွားခဲ့သည်။ |

### အပစ်အခတ်ရပ်စဲရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

ငြိမ်းချမ်းရေး၊ ဓနစပ်ဆွေးနွေးခြင်းများနှင့် အစည်းအဝေးများ

- ယခင် အပစ်အခတ်ရပ်စဲရေး-ဖေဖော်ဝါရီ ၂၄၊ ၁၉၉၄
- ပြည်ထောင်စုအဆင့် နှစ်ဘက်သဘောတူညီချက် (ပဋိပက္ခလျော့ချရေးအတွက်) -အောက်တိုဘာ ၁၀၊ ၂၀၁၃
- ပဋိပက္ခဖြေရှင်းရေး အဖွဲ့ (CRT) ကို ၂၀၁၃ ခုနှစ် သဘောတူညီချက်ရရှိပြီးနောက် ဖွဲ့စည်းခဲ့သည်။

### ပဋိပက္ခဖြေရှင်းရေး အဖွဲ့၏အဖွဲ့ဝင်များ

အစိုးရကိုယ်စားလှယ်အဖွဲ့မှ အဖွဲ့ဝင် (၅) ဦး

၁။ ဗိုလ်မှူးချုပ် အဇောထောင် (ခေါင်းဆောင်)
၂။ ဒုဗိုလ်မှူးကြီး နော်လီ
၃။ ဦးဒဲခ
၄။ ဦးလာရစ်
၅။ မင်ဇာဒဲလီယန်

### ဆက်ဆံရေးရုံး - နည်းပညာအကြံပေးရုံး

မြစ်ကြီးနား

### မဟာမိတ်များ

၂၀၀၉ မှ ၂၀၁၅ - ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ် ကောင်စီ၊
တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး ဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ အကြီးတန်း ကိုယ်စားလှယ်အဖွဲ့၊
နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့
၂၀၀၇ မှ လက်ရှိ - ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေ ကော်မတီ၊
မြောက်ပိုင်းမဟာမိတ်အဖွဲ့-ဗမာပြည်

### ဆက်သွယ်ရန်

ဝက်ဆိုဒ်: http://kachinnet.net
အီးမေးလ်: kachinnet.net@outlook.com

5 ပြည်သူမျှော်လင့်နေသည့်ပန်းတိုင် ရောက်တော့မည်ဟု ကေအိုင်အိုဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လ ပြော http://rb.gy/odk9s



## ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP/KA)

| | |
|---|---|
| KA စတင်ဖွဲ့စည်းသည့် နေ့ | - ၁၇ ဩဂုတ် ၁၉၄၈ |
| KNPP ဖွဲ့စည်းသည့် နေ့ | - ၂ မေ ၁၉၅၇ |
| ရုံးချုပ် | - ညာမူ၊ ရှားတောမြို့နယ်၊ ကရင်နီ(ကယား)ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | - လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဖားဆောင်း၊ မယ်စဲ၊ မော်ချီးနှင့် ဘောလခဲ မြို့နယ်များ၊ ကရင်နီ (ကယား) ပြည်နယ် |
| အင်အား | - ၂၀၀၀ အထက် |
| ဥက္ကဋ္ဌ | - ခူဦးရယ် |
| ဒုဥက္ကဋ္ဌ | - ခွန်းအေဘယ်တွဒ် |
| အတွင်းရေးမှူး (၁) | - ခူဒယ်နီယာယ် |
| KA စစ်ဦးစီးချုပ် | - ဗိုလ်မှူးချုပ်အောင်မြတ် |

၁၉၉၅ ခုနှစ် မတ်လ ၂၁ ရက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(နဝတ) အစိုးရနှင့် KNPP အကြား အချက် (၁၆) ချက်ပါ အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးနိုင်ခဲ့သော်လည်း သုံးလအကြာ ဇွန်လ ၂၉ ရက်တွင် နစ်ဖက်တိုက်ပွဲများ ပြန်လည်ဖြစ်ပွားကာ အပစ်ရပ်သဘောတူညီချက်လည်း ပျက်ပြယ်ခဲ့ရသည်။ ဦးသိန်းစိန်အစိုးရလက်ထက်တွင် UNFC နှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်ခဲ့ပြီး ၂၀၁၂ ခုနှစ် မတ်လနှင့် ဇွန်လများတွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်ရပ်ရေးလက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း ၂၀၁၅ ခုနှစ် NCA လက်မှတ်ရေးထိုးချိန်တွင်တော့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အားလုံး ပါဝင်ရေးမှုကို ကိုင်စွဲကာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးရန် ငြင်းပယ်ခဲ့သည်။

နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခအားလုံး ချုပ်ငြိမ်းရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ရေးအတွက် အစိုးရနှင့် တပ်မတော်တို့အနေဖြင့်တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကို ထုတ်ပြန်ကြေညာရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အားလုံးပါဝင်မှုကိုဖော်ဆောင်ရန်နှင့်အပြန်အလှန်အသိအမှတ်ပြုခြင်း၊ တန်းတူရေးကို အခြေခံသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု အခင်းအကျင်းကို ဖော်ဆောင်ရန်ဆိုသည့် အချက်( ၃) ချက်ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် KNPP က ထုတ်ပြန်တောင်းဆိုခဲ့သည်။

၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း အမျိုးသားညီညွတ်ရေးအစိုးရ(NUG) ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဌာနတို့နှင့် မဟာမိတ်တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (EROs)

(၄) ဖွဲ့ ပူးပေါင်းဖွဲ့စည်းထားသည့် "ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ" (Central Command and Coordination Committee – C3C) တွင် KNPP/KA အနေဖြင့် ပူးပေါင်းပါဝင်လျက်ရှိပါသည်။ ကရင်၊ ကရင်နီ(ကယား)၊ မွန်၊ တနင်္သာရီ၊ ဧရာဝတီ၊ ရန်ကုန်နှင့်ပဲခူး စသည့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊ နေပြည်တော်နှင့် ဆက်စပ်နယ်မြေများဖြစ်သည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများပါဝင်သော တောင်ပိုင်းစစ်ဒေသအတွင်း ကရင်အမျိုးသားအစည်းအရုံး (KNU/KNLA)၊ NUG နှင့်အတူ ပူးတွဲညှိနှိုင်းရေးကော်မတီ(Joint Coordination Committee - J2C) နှင့် ပူးတွဲ စစ်ရေးကွပ်ကဲမှု (Joint Operation Command-JOC) တို့ကို ဖွဲ့စည်းပြီး အဖွဲ့ဝင်အဖွဲ့အစည်းများ နိုင်ငံရေး၊ စစ်ရေး အရ အဓိကတာဝန်ရှိသူများ ပါဝင်ဆောင်ရွက်လျက် ရှိသည်။ နိုင်ငံရေး၊ စစ်ရေး အရ မဟာဗျူဟာများနှင့် မူဝါဒများကို J2C မှ ညှိနှိုင်းဆွေးနွေး ချမှတ်ပြီး မြေပြင်စစ်ရေးအရ ပူးပေါင်းကွပ်ကဲမှုများ၊ စစ်ရေးဖော်ဆောင်မှုများ ကို JOC က ဆောင်ရွက်ရပါသည်။ [1]

ကရင်နီပြည်အတိုင်ပင်ခံကောင်စီ (KSCC) မှ တဆင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသကဲ့သို့ KSCC ၏ ကြားကာလအစီအမံဖြင့်စုဖွဲ့ထားသော ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ (IEC) တွင်လည်း KNPP ဥက္ကဋ္ဌ ခူဦးရယ်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည်ကိုတွေ့ရသည်။ KNPP/KA သည် ကရင်နီဒေသတွင်း အာဏာသိမ်းစစ်ကောင်စီတပ်များအား ခုခံတော်လှန်စစ် ဆင်နွှဲနေကြသည့် လက်နက်ကိုင်အင်အားစုများကို ဦးဆောင်ထိန်းကျောင်းပေးလျက်ရှိသကဲ့သို့ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များတွင်လည်း အမျိုးသမီးအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့များ၊ နိုင်ငံရေး အစုအဖွဲ့များနှင့် အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၂၀ တွင် ၁ ခု ၊ ၂၀၂၁ တွင် ၈ ခု၊ ၂၀၂၂ တွင် ၄ ခု၊ ၂၀၂၃ (မတ်လအထိ) တွင် ၂၁ ခု အဖြစ် တိုက်ပွဲဖြစ်ပွားခဲ့သည်။ သတင်းတွေ့ရှိချက်များအရ KNPP/KA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုအဖြစ် အရေအတွက် နည်းပါသည်ဟု ဆိုနိုင်သော်လည်း ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်(KNDF) ကို ဦးစီးထိန်းကျောင်းပေးလျက်ရှိပါသည်။ ထို့ကြောင့် KNPP/KA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုအရေအတွက်သည်ယခုထက်ပိုမိုများပြားနိုင်ပါသည်။ |

1 "လမ်းများအားလုံး... နေပြည်တော်သို့" (သို့မဟုတ်) တောင်ပိုင်းစစ်ဒေသကို လေ့လာခြင်း
http://rb.gy/kcpoe

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

### ငြိမ်းချမ်းရေး ဖေ့စပ်ဆွေးနွေးခြင်း

- အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် (၁၀) ခုမြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့။
- အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (မတ် ၇, ၂၀၁၂)
- အဆင့် ၂ - ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဇွန် ၉, ၂၀၁၂)
- တရားဝင်ကိုယ်စားပြုအဖွဲ့ (အလုညွှ်ကျ)

## စစ်ဘက်ခေါင်းဆောင်များ

စစ်ဦးစီးချုပ် - ဗိုလ်ချုပ် ဘီထူး
ဒုစစ်ဦးစီးချုပ် - ဗိုလ်ချုပ်အောင်မြတ်
စစ်ရေးချုပ် - ဗိုလ်မှူးကြီး ဘုန်းနိုင်

## ဆက်ဆံရေးရုံးများ

၁။ လွိုင်ကော် (၂၅-၇-၂၀၁၂ ခုနှစ်တွင် စတင်ဖွင့်လှစ်)
၂။ ရှားတော (၁-၈-၂၀၁၂ ခုနှစ်တွင် စတင်ဖွင့်လှစ်)

## မဟာမိတ်များ

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၊ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး ဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့။

## ဆက်သွယ်ရန်

ဝက်ဆိုဒ်: https://www/khpphq.org/
အီးမေးလ်: knpphq2013@gmail.com



| ကရင်အမျိုးသားအစည်းအရုံး - KNU/KNLA | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၅ ဖေဖော်ဝါရီ ၁၉၄၇ |
| ရုံးချုပ် | - ကလိုယော်လေး၊ ဘားအံခရိုင်၊ကရင်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | - ကရင်ပြည်နယ် တစ်ဝန်းလုံး၊ မွန်ပြည်နယ် သထုံ၊ ဘီးလင်း၊ ကျိုက်ထိုမြို့နယ်များ၊ ပဲခူးတိုင်း ကျောက်ကြီး၊ ရွှေကျင်၊မုန်းမြို့နယ်များ၊ တနင်္သာရီတိုင်း မြိတ်၊ ထားဝယ် မြို့နယ်များ |
| အင်အား | - ၁၀၀၀၀ အထက် |
| ဥက္ကဋ္ဌ | - ပဒိုစောကွယ်ထူးဝင်း |
| ဒုဥက္ကဋ္ဌ | - ပဒိုစောဆဲဂေ |
| အထွေထွေအတွင်းရေးမှူး | - ပဒိုစောတာဒိုမူး |
| KNU/KNLA စစ်ဦးစီးချုပ် | - ဗိုလ်ချုပ်ကြီးစောဂျော်နီ |
| KNU/KNLA ဒုစစ်ဦးစီးချုပ် | - ဒု-ဗိုလ်ချုပ်ကြီးဘောကျော်ဟဲ |
| KNDO စစ်ဦးစီးချုပ် | - ဗိုလ်မှူးချုပ် စောရီးလေ |

ဥက္ကဋ္ဌ စောဘဦးကြီးမှ ချမှတ်ပေးခဲ့သော "လက်နက်ချစကား အလျှဉ်းမပြောရ၊ ကရင့်လက်နက် ကရင့်လက်ထဲတွင် ရှိရမည်။ ကရင်ပြည် အသိအမှတ်ပြုခြင်း ပြီးပြည့်စုံစေရမည်။ ကရင့်ကြမ္မာ ကရင်ဖန်တီးရမည်" ဟူသည့် အချက် (၄)ချက်ကို ကရင့်အမျိုးသား ခုခံတော်လှန်ရေး၏ အဓိက အခြေခံမူကြီး (၄) ရပ် အဖြစ် KNU က ခံယူထားသည်။ စစ်အာဏာရှင်ကြီးစိုးမှုအား တိုက်ဖျက်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် နဝတစစ်အစိုးရခေတ်၊ ၁၉၉၂ ခုနှစ် ဇူလိုင်လ ၃၁ ရက်ကတည်းက စစ်အုပ်စုကို ဆန့်ကျင်တော်လှန်နေကြသည့် ပြည်ထောင်စုမြန်မာအမျိုးသားညွန့်ပေါင်းအစိုးရ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၊ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုနှင့် KNU ဦးဆောင်သော မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ်တို့ အကြား အချက် ၅ ချက်ပါ "ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတည်ဆောက်ရေးသဘောတူစာချုပ်-မာနယ်ပလောစာချုပ်" ကို ချုပ်ဆိုခဲ့ကြသည်။ [1]

သမ္မတဦးသိန်းစိန်လက်ထက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း KNU အနေဖြင့် တက်ကြွစွာ ဦးဆောင်ပါဝင်ခဲ့ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို

1 မာနယ်ပလောစာချုပ် http://rb.gy/6qh1i

အခြားသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO) (၇)ဖွဲ့နှင့်အတူ လက်မှတ်ရေးထိုးခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဦးဆောင်သည့် အစိုးရသက်တမ်းတွင်လည်း NCA စာချုပ်အရ ဖြစ်တည်လာသော ငြိမ်းချမ်းရေးလုပ်ငန်းဆောင်တာများကို ရှေ့တန်းမှ ဦးဆောင်ပါဝင်ခဲ့သည်ကို တွေ့ရသည်။ သို့သော် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ရင်ဆိုင်ကြုံတွေ့နေရသည့် တစ်စိုးမှုများ၊ စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး အဖြေမရှာနိုင်ခြင်း၊ NCA တွင် ဖော်ပြပါဝင်သည့် စကားလုံးများအပေါ် လိုသလိုကွဲလွဲစွာ အဓိပ္ပါယ်ဖွင့်ဆိုပြီး ပြုမူဆောင်ရွက်ချက်များကြောင့် တပ်မတော်နှင့် ဖြစ်စေ၊ အစိုးရအဖွဲ့နှင့် ဖြစ်စေ နှစ်ဖက်အကြား ဘုံသဘောထားရယူ ဖြေရှင်းနိုင်ရေးအတွက် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၆ ရက် တွင် KNU က ထုတ်ပြန်တောင်းဆိုခဲ့သည်။ NCA အရ ဖြစ်တည်လာသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း KNU ၏ လုပ်ဆောင်ချက်များအပေါ် တပ်မတော်မှ ဟန့်တားမှုများ ပြုလုပ်ခဲ့သဖြင့် ထိပ်တိုက်တွေ့မှုများ မကြာခဏဖြစ်ပွားလေ့ရှိသကဲ့သို့ KNU နယ်မြေအတွင်း ဒေသဖွံ့ဖြိုးရေး အကြောင်းပြကာ တပ်မတော်မှလမ်းဖောက်လုပ်သည့် ကိစ္စနှင့်ပတ်သက်ပြီးလည်း နှစ်ဖက်တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့ပါသည်။

စစ်အာဏာသိမ်းကာလအတွင်း အကြမ်းမဖက်ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) ပြုလုပ်သော နိုင်ငံ့ဝန်ထမ်းများအား ကူညီထောက်ပံ့ပေးခဲ့ပြီး နွေဦးတော်လှန်ရေးနှင့်အတူ ရပ်တည်ကာ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်ခဲ့သည်။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) ၏ ERO များ အစုအဖွဲ့တွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသကဲ့သို့ ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း အမျိုးသားညီညွတ်ရေးအစိုးရ(NUG)ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဌာနတို့နှင့် မဟာမိတ်တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (EROs) (၄) ဖွဲ့ ပူးပေါင်းဖွဲ့စည်းထားသည့် "ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ" (Central Command and Coordination Committee – C3C) တွင် KNPP/KA နှင့် ပူးပေါင်းပါဝင်လျက်ရှိပါသည်။ ကရင်၊ ကရင်နီ(ကယား)၊ မွန်၊ တနင်္သာရီ၊ ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးစသည့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊ နေပြည်တော်နှင့် ဆက်စပ်နယ်မြေများဖြစ်သည့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများပါဝင်သော တောင်ပိုင်းစစ်ဒေသအတွင်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP/KA)၊ NUG နှင့်အတူ ပူးတွဲညှိနှိုင်းရေးကော်မတီ (Joint Coordination Committee - J2C)နှင့်ပူးတွဲစစ်ရေးကွပ်ကဲမှု (Joint Operation Command-JOC) တို့ကို ဖွဲ့စည်းပြီး အဖွဲ့ဝင်အဖွဲ့အစည်းများ နိုင်ငံရေး၊ စစ်ရေးအရ အဓိကတာဝန်ရှိသူများ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံရေး၊ စစ်ရေးအရ မဟာဗျူဟာများနှင့် မူဝါဒများကို J2C မှ ညှိနှိုင်းဆွေးနွေးချမှတ်ပြီး မြေပြင်စစ်ရေးအရပူးပေါင်းကွပ်ကဲမှုများ၊ စစ်ရေးဖော်ဆောင်မှုများကို JOC က ဆောင်ရွက်ရပါသည်။ [2]

2 "လမ်းများအားလုံး...နေပြည်တော်သို့"(သို့မဟုတ်)တောင်ပိုင်းစစ်ဒေသကိုလေ့လာခြင်း http://rb.gy/kcpoe

၂၀၂၃ ခုနှစ် ဧပြီလ ၂၄ ရက်မှ မေလ ၄ ရက် အထိ ပြုလုပ်သည့် (၁၇) ကြိမ်မြောက် KNU ကွန်ဂရက်တွင်တော့ ပဒိုစောကွယ်ထူးဝင်းဦးဆောင်သည့် ဗဟိုအလုပ်အမှုဆောင် ကော်မတီသစ်ကို ရွေးကောက်တင်မြှောက်နိုင်ခဲ့သည်။[3] ဩဂုတ်လ ၁၀ ရက်တွင် ပြုလုပ်သော"First 100 Day : KNU in New Era" သတင်းစာရှင်းလင်းပွဲတွင်တော့ "မြန်မာ့နိုင်ငံရေးတွင် လုံးဝ ပါဝင်ခွင့်မရှိသည့် စစ်တပ်တည်ဆောက်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ခု ရေးဆွဲရေး၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ်များအား သဘောတူအကောင်အထည်ဖော်ရေးနှင့် နိုင်ငံသစ်ထူထောင်ရေး၏ အဆင့်တိုင်းတွင် နိုင်ငံတကာပါဝင်သည့် အခန်းကဏ္ဍကို သဘောတူ ပါဝင်စေရေး" ဟူသည့် နိုင်ငံရေးရည်မှန်းချက် (၄) ရပ်ကို KNU အထွေထွေ အတွင်းရေးမှူးဖြစ်သူ ပဒိုစောတာဒိုမူးက ကြေညာခဲ့သည်။

စစ်အာဏာသိမ်းမှုကြောင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) ပျက်ပြယ်သွားပြီဟု ကြေညာခဲ့ပြီး တရားမျှတရေး၊ တန်းတူရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေးနှင့် တစ်နိုင်ငံလုံး ဖက်ဒရယ်ဒီမိုကရေစီစနစ် ပေါ်ထွန်းရေးကို ဆက်လက်ဆုပ်ကိုင်ထားကြောင်းနှင့် စစ်အာဏာသိမ်းယူမှုကိုဖယ်ရှားပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ဒီမိုကရေစီစနစ်ကျင့်သုံးသည့် ကော်သူးလေဖက်ဒရယ်ယူနစ်တစ်ခု ပေါ်ထွန်းအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။[4]

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၁၉ တွင် ၃ ခု၊ ၂၀၂၀ တွင် ၇ ခု ၊ ၂၀၂၁ တွင် ၈၅ ခု၊ ၂၀၂၂ တွင် ၁၆၇ ခု၊ ၂၀၂၃ (မတ်လအထိ) တွင် ၅၃ ခု အဖြစ် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်များအတွင်း တိုက်ပွဲဖြစ်ပွားမှုများတွင် KNU/KNLA အနေဖြင့် ဒေသခံ PDF များနှင့် ပူးပေါင်းကာ စစ်ကောင်စီတပ်အား တိုက်ခိုက်ခဲ့သည်ကို အများဆုံးတွေ့ရှိရသည်။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | မွန်ပြည်သစ်ပါတီ(NMSP) နှင့် ၂၀၁၉ ခုနှစ်တွင် တိုက်ပွဲ (၁) ခု၊ ဗိုလ်ချုပ်နယ်ဒါးမြ ဦးဆောင်သော ကော်သူးလေတပ်မတော် (KTLA) နှင့် ၂၀၂၃ ခုနှစ်တွင် တိုက်ပွဲ (၂) ခု ဖြစ်ပွားခဲ့ပါသည်။ |

3 ၁၇ ကြိမ်မြောက် knu ကွန်ကရက် ထုတ်ပြန်ချက် http://rb.gy/qe866

4 စစ်တပ်အာဏာသိမ်းမှုကြောင့် NCA အပစ်ရပ်စာချုပ် ပျက်ပြယ်သွားပြီဟု KNU ပြော http://rb.gy/wndkb

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

- အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် (၆) ခုမြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့။
- အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဇန်နဝါရီ ၁၂၊ ၂၀၁၂)
- အဆင့် ၂ - ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဧပြီ ၇၊ ၂၀၁၂)
- အဆင့် ၃ - တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (အောက်တိုဘာ ၁၅, ၂၀၁၅)

## တရားဝင် ကိုယ်စားလှယ်များ

(အလှည့်ကျ)

## ဆက်ဆံရေးရုံးများ

၁။ ဘားအံ၊ စက်တင်ဘာ ၂၉၊၂၀၁၂

၂။ ဘုရားသုံးဆူ၊ မေ ၁၅၊ ၂၀၁၂

၃။ ထီးဝီ ဧပြီ ၁၂၊ ၂၀၁၂

၄။ ကျောက်ကြီး ဧပြီ ၉၊ ၂၀၁၂

၅။ သထုံ မတ် ၅၊ ၂၀၁၂

## စီးပွားဆက်ဆံရေးရုံး

၁။ မော်လမြိုင်၊ နိုဝင်ဘာ ၂၂၊ ၂၀၁၃

၂။ ဘားအံ

၃။ ရန်ကုန်

## မဟာမိတ်များ

အခြားကရင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ။

## ဆက်သွယ်ရန်

ဝက်ဆိုဒ်: http://www.knu hq.org/

အီးမေးလ်: info@knuhq.org

## ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) – KNU/KNLA PC (KPC)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၁ ဖေဖော်ဝါရီ ၂၀၀၇ |
| ရုံးချုပ် | - | ကော့ကရိတ်မြို့နယ် ၊ ကရင်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | - | ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ် ကရင်ပြည်နယ် |
| အင်အား | - | ၅၀၀ အထက် |
| ဥက္ကဋ္ဌ | - | ဗိုလ်ချုပ်ကြီးစောထော့လေး |
| ဒုတိယဥက္ကဋ္ဌ | - | ဒေါက်တာနော်ကပေါ်ထူး |
| အထွေထွေအတွင်းရေးမှူး | - | ဗိုလ်မှူးကြီးစောကျော်ညွန့် |

ကရင်အမျိုးသားအစည်းအရုံး (KNU) ဗဟို၏ ခွင့်ပြုချက်မရဘဲ စစ်အစိုးရနှင့် ငြိမ်းချမ်းရေး ဆွေးနွေးခဲ့သည့်အတွက် KNU ဗဟိုမှ ထုတ်ပယ်ခြင်းခံရပြီးနောက် ဗိုလ်မှူးချုပ်စောထိန်မောင် ဦးဆောင်ပြီး KNU/KNLA-PC (KPC) ကို ဖွဲ့စည်းကာ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် စစ်အစိုးရနှင့် KPC အကြား ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးလက်မှတ် ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင်တော့ ဦးသိန်းစိန်အစိုးရနှင့် NCA လက်မှတ်ရေးထိုးကာ NCA အရ ဖြစ်ပေါ်လာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း လိုက်ပါဆောင်ရွက်ခဲ့သည်။

လက်ရှိ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် အခက်အခဲ၊ အကြပ်အတည်း များစွာ ရှိနေသကဲ့သို့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်ရေးဆိုင်ရာသဘောတူစာချုပ် (NCA) လမ်းကြောင်းအတွင်း တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ အားလုံး ပါဝင်လာခြင်း မရှိသေးခြင်းသည် ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း KPC၏ ၁၃ကြိမ်မြောက်ငြိမ်းချမ်းရေး ကောင်စီနေ့တွင် ဗိုလ်ချုပ်ကြီးစောထော့လေးက ပြောဆိုခဲ့ပါသည်။

သို့သော် NCA ကို ဆက်လက်စွဲကိုင်ကာ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်သော်လည်းကောင်း၊ စစ်ကောင်စီလက်အောက်ခံ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ(NSPNC) နှင့်သော်လည်းကောင်း ၂၀၂၂ ခုနှစ် မေလ တတိယအပတ်ထဲတွင် တွေ့ဆုံဆွေးနွေးမှုများရှိခဲ့ပြီး ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးနှင့် ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို တင်ပြခဲ့ပါသည်။ [1]

1 တိုင်းရင်းသားအားလုံး စုပေါင်းဖွဲ့စည်းထားသည့် ပြည်ထောင်စုဖြစ်သည့်အတွက် မိမိတိုင်းရင်းသား၊ မိမိပြည်နယ်မှစ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်စဉ်းစားဆောင်ရွက်ကြရမည်ဖြစ် http://rb.gy/9t82k

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) တွင် ပြောခွင့်ရပုဂ္ဂိုလ်အဖြစ် တာဝန်ယူထားသည့် KPC အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးစောကျော်ညွန့်ကတော့ လက်တလော ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲသည် မည်သည့်ခေတ်၊ မည်သည့်အစိုးရလက်ထက်တွင်မှ မကြုံတွေ့ခဲ့ရဖူးသော နက်ရှိုင်းကျယ်ပြန့်သော အခက်အခဲဖြစ်နေသည်ဟု ဆိုပါသည်။ [2]

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ် မတ်လကုန်အထိ စစ်ကောင်စီတပ်နှင့် KPC အကြား တိုက်ပွဲဖြစ် ပွားမှုတစုံတရာ မရှိခဲ့ဟု ဆိုရပါမည်။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | မွန်ပြည်သစ်ပါတီ(NMSP)နှင့် ၂၀၂၀ ခုနှစ်တွင် တိုက်ပွဲ (၁) ခုဖြစ်ပွားခဲ့ပါသည်။ |

## အပစ်အခတ်ရပ်စဲရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

- အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် (၉) ခုမြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ။
- အဆင့် ၁-ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဖေဖော်ဝါရီ ၇၊ ၂၀၁၂)
- အဆင့် ၂- တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (အောက်တိုဘာ ၁၅. ၂၀၁၅)
- ယခင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်- (ဖေဖော်ဝါရီ ၁၁၊ ၂၀၁၇)

## တရားဝင်ကိုယ်စားပြုအဖွဲ့

စောဒွေးမောင် ၊ ဒေါက်တာ တီမောသေ လက်လန် ၊ စောယဉ်န ၊ ဒေါက်တာနော် ကပေါ်ထူး စောအယ်လ်ကောထူး ၊ ဒေါက်တာ စောအောင်သန်း ၊ နော်ကယန်းန

## ဆက်ဆံရေးရုံး

၁။ မန္တလေး ၊ ၂။ ဘုရားသုံးဆူ

## မဟာမိတ်များ

ကရင်လက်နက်ကိုင်အဖွဲ့များ

2 ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ PPST ပြောခွင့်ရပုဂ္ဂိုလ်နှင့် အမေးအဖြေ၊ BNI-MPM၊ ၂၂ မတ် ၂၀၂၃ http://rb.gy/gqh1u

| လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၁ ဇန်နဝါရီ ၁၉၇၃ ၊ ၁၉၈၇၊ ၁၉၉၇၊ ဧပြီ ၂၀၀၈ |
| ရုံးချုပ် | - ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင် လွယ်လန်းဒေသ |
| အင်အား | - ၁၀၀၀ အထက် |
| ဥက္ကဋ္ဌ | - ကျာဟား |
| ဒုဥက္ကဋ္ဌ | - ကျာခွန်ဆာ |
| အထွေထွေအတွင်းရေးမှူး | - ကျာကော် |

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို ဖော်ဆောင်ရန် ဦးစားပေးအစီအစဉ်တရပ်အဖြစ်ချမှတ်ခဲ့ပြီး ပြန့်ကျဲနေသော လားဟူလူမျိုးများကို စုစည်းကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည့်အကြောင်း LDU အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန်က ပြောဆိုဖူးသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်အတူ နိုင်ငံရေးဆွေးနွေးပွဲများမှတဆင့် လားဟူလူမျိုးတို့၏ ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်အထိ တဆင့်ချင်း ဖော်ဆောင်သွားမည်ဟု ဆိုပါသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီး နောက်ပိုင်း NCA အရ ဖြစ်ပေါ်လာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) တွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့သကဲ့သို့ စစ်အာဏာသိမ်းကာလအတွင်းတွင်လည်း PPST နှင့် အတူ အာဏာသိမ်းစစ်အုပ်စုနှင့် သွားရောက်တွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်၊ အာဏာသိမ်းစစ်ခေါင်းဆောင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်မှုအပေါ် အကြောင်းပြုပြီး LDU အဖွဲ့အတွင်း သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၇ ၊ ၂၈ ရက်တွင် LDU ဗဟိုကော်မတီအစည်းအဝေးပြုလုပ်ခဲ့ကာ ဥက္ကဋ္ဌ အသစ်အဖြစ် အထွေထွေအတွင်းရေးမှူးဖြစ်သူ ကျာဆော်လမွန်က တာဝန်ယူမည်ဖြစ်ကြောင်း ကြေညာချက်ထွက်ပေါ်လာသည်။ PPST အစုအဖွဲ့တွင် ဆက်လက်ပါဝင်ပြီး အာဏာသိမ်းစစ် ကောင်စီနှင့် သွားရောက်တွေ့ဆုံဆွေးနွေးမှုများကိုတော့ ကျာဆော်လမွန်ဦးဆောင်သည့် LDU-အဖွဲ့အသစ်က ဦးဆောင်ပြုလုပ်နေသည်ကို တွေ့ရပါသည်။

သို့သော် ကျာဆော်လမွန်နှင့် အဖွဲ့သည် LDU မှ ထုတ်ပယ်ကြောင်း ၂၀၂၂ ခုနှစ် ဇူလိုင်လ ၈ ရက်တွင် ဥက္ကဋ္ဌ ကျာဟားက ထုတ်ပြန်ရှင်းလင်းခဲ့ပြီး ဩဂုတ်လ ၂၂ ရက်တွင်တော့ စစ်ကောင်စီနှင့် သွားရောက်တွေ့ဆုံနေသည့် ကျာဆော်လမွန်နှင့် အဖွဲ့သည် LDU ကို ကိုယ်စားမပြုကြောင်း သဘောထားထုတ်ပြန်ခဲ့ပါသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ရက်၊ လားဟူတော်လှန်ရေးနှစ်(၅၀)ပြည့်အခမ်းအနားတွင်တော့ "မြန်မာနိုင်ငံအား ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်နိုင်သည်အထိ ရည်မှန်းချက်တူညီသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ လူမှုအသင်းအဖွဲ့များနှင့် မဟာမိတ်ဖွဲ့ကာ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း LDU ဥက္ကဋ္ဌ ကျာဟားက ပြောဆိုခဲ့ပါသည်။



## မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (ကိုးကန့်တပ်ဖွဲ့) – MNTJP/MNDAA

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၁ မတ် ၁၉၈၉ |
| ရုံးချုပ် | - | ရွှေ့လျားဌာနချုပ် ၊ |
| လှုပ်ရှားရာ နယ်မြေ | - | ကိုးကန့်ဒေသ မုံးကိုးနှင့်လောက်ကိုင်၊ ကွတ်ခိုင်၊ လားရှိုး၊ သိန္နီ၊ မူဆယ်၊ ပန်ဆိုင်းမြို့နယ်များ |
| အင်အား | - | ၆၀၀၀ အထက် |
| ဥက္ကဋ္ဌ | - | ဖုန်တာရှင် |
| ဒုဥက္ကဋ္ဌ | - | ရန်ဝေကျိုး |
| အထွေထွေအတွင်းရေးမှူးချုပ်/စစ်ဦးစီးချုပ် | - | ဦးဖုန်တဲရှင် |

မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတမှုအမျိုးသားပါတီ (MNTJP) နှင့် ကိုးကန့်တပ်ဖွဲ့ (MNDAA) ၏ ခေါင်းဆောင်ဖြစ်သူ ဖုန်ကြားရှင်သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ကွယ်လွန်ခဲ့သည်။ ၎င်း၏ရှာပနအခမ်းအနားသို့ စစ်ကောင်စီကိုယ်စားလှယ်၊ အမျိုးသား ညီညွတ်ရေးအစိုးရ(NUG) ကိုယ်စားလှယ်နှင့် ULA/AA စစ်ဦးစီးချုပ် အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်ကို တွေ့ရပါသည်။

"ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA) ဦးဆောင်သည့် ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ(FPNCC)တွင် ပါဝင်ပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းကို လမ်းဖွင့်ထားသော်လည်း ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA)၊ ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် (ULA/AA) တို့နှင့် စစ်ရေးအရ ပူးပေါင်းချိတ်ဆက်မှု အားကောင်းစွာဖြင့် ညီနောင်မဟာမိတ် စုဖွဲ့ထားသည်ကိုတွေ့ရသည်။

အဆိုပါ ညီနောင်မဟာမိတ်(၃)ဖွဲ့နှင့်အတူ နွေဦးတော်လှန်ရေးကာလအတွင်း အာဏာသိမ်း စစ်အုပ်စုအား ခုခံတော်လှန်စစ် ဆင်နွှဲလျက်ရှိသည့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့(PDF-LDF) များအား ပူးတွဲကြေညာချက်များဖြင့် ထုတ်ပြန်ဂုဏ်ပြုလျက်ရှိပါသည်။ အထူး သဖြင့် ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်(KNDF)၊ ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA) တို့၏ ဖွဲ့စည်းတည်ထောင်ခြင်း နှစ်ပတ်လည်နေ့များတွင် ULA/AA၊ PSLF/TNLA တို့နှင့် အတူ MNTJP/MNDAA ၏ ဂုဏ်ပြုသဝဏ်လွှာများကို တွေ့ရှိရပါသည်။

MNTJP/MNDAA သည် တရုတ်အစိုးရ၏ ကြားဝင်မှုကြောင့် ၂၀၂၃ ခုနှစ် ဇွန် ၁ ရက်နေ့၊ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (NDAA) ထိန်းချုပ်နယ်မြေ မိုင်းလားမြို့တွင်

စစ်ကောင်စီလက်အောက်ခံ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC) ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း သဘောတူညီချက် တစုံတရာရရှိခြင်းမရှိဘဲ ဖွန်လ ၂ ရက်တွင် ဆွေးနွေးပွဲပြီးဆုံးခဲ့ရသည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၂၀ တွင် ၁ ခု၊ ၂၀၂၁ တွင် ၄၇ခု၊၂၀၂၂ တွင် ၁၄ ခု၊ ၂၀၂၃ (ဩဂုတ်လအထိ) တွင် ၈ ခု အဖြစ် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ စစ်ကောင်စီတပ်များနှင့် MNDAA အကြား တိုက်ပွဲဖြစ်ပွားမှုများကို လေ့လာကြည့်ပါက TNLA နှင့်သော်လည်းကောင်း၊ကချင်လွတ်လပ်ရေးတပ်မတော်(KIA) နှင့်သော်လည်းကောင်း ပူးပေါင်းတပ်အဖြစ် တိုက်ပွဲဖော်ဆောင်လျက်ရှိသည်ကို တွေ့ရပါသည်။ |

## အပစ်အခတ်ရပ်စဲရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားခြင်းမရှိသည့်အဖွဲ့။

## မိတ်ဖက်

ညီညွတ်သောတိုင်းရင်းသားလူမျိုးများ
ဖက်ဒရယ်ကောင်စီ၊ တနိုင်ငံလုံးဆိုင်ရာ
အပစ်အခတ်ရပ်စဲရေးညှိနှိုင်းအဖွဲ့
မြောက်ပိုင်း မဟာမိတ်အဖွဲ့(မြန်မာ)

## ဦးဆောင်မှု

ဦးဖုန်ကြားရှင် (နာယက)၊ အတွင်းရေးမှူးနှင့် စစ်ဦးစီးချုပ် ဖုန်ဒီးရန်(ခ) ဖုန်ဒါးရှန်
ဒုတိယ စစ်ဦးစီးချုပ် - ယန်ဝင်းရှန်၊ စစ်ဦးစီးအရာရှိချုပ် - ဖန်ဒီးချူ၊ ပြောခွင့်ရပုဂ္ဂိုလ် - ဦးထွန်းမြတ်လင်း

## နိုင်ငံရေးတောင်းဆိုမှုများ

ကိုးကန့်ဒေသတွင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေး။ အခြားတိုင်းရင်းသားအဖွဲ့များကဲ့သို့ တိုင်းရင်းသားအခွင့်အရေးတူညီစွာရရှိရေး။ ကိုးကန့်တိုင်းရင်းသားများအတွက် နိုင်ငံသားအခွင့်အရေးအပြည့်အဝရရှိရေး။

## ဆက်သွယ်ရန်

ဝက်ဆိုဒ်: http://www.kokang123.com



## အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် - ရှမ်းပြည်အရှေ့ပိုင်း NDAA/ESS

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၉၈၉ |
| ရုံးချုပ် | - | မိုင်းလား ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း |
| လှုပ်ရှားရာ နယ်မြေ | - | မိုင်းယန်း၊ မိုင်းလား၊ မိုင်းယောင်း၊ ရှမ်းပြည်နယ် (အထူးဒေသ ၄) |
| အင်အား | - | ၃၀၀၀ အထက် |
| ဥက္ကဋ္ဌ | - | စိုင်းလင်း |
| ဒုဥက္ကဋ္ဌ | - | ဦးစန်းပေ |
| အထွေထွေအတွင်းရေးမှူး | - | ဦးကြည်မြင့် |

ဗမာပြည်ကွန်မြူနစ်ပါတီ (CPB) မှ ခွဲထွက်ကာ ၁၉၈၉ ခုနှစ်တွင် တည်ထောင်ခဲ့သည့် NDAA-ESS သည် ထိုနှစ် ဇွန် ၃၀ ရက်တွင်ပင် တပ်မတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရယူကာ မိုင်းလားမြို့တွင် အခြေစိုက်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ဖြစ်သည်။ ၂၀၁၁ ခုနှစ် စက်တင်ဘာနှင့် ဒီဇင်ဘာလများအတွင်း ဦးသိန်းစိန်အစိုးရနှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးခဲ့သော်လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ကိုမူ လက်မှတ်ရေးထိုးခဲ့ခြင်းမရှိပေ။

"ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA) ဦးဆောင်သည့် ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC)တွင်ပူးပေါင်းပါဝင်ထားသည့် NDAA–ESS သည် စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီနှင့်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသကဲ့သို့ ၎င်းတို့၏ထိန်းချုပ်နယ်မြေ မိုင်းလားမြို့ပေါ်တွင်ပင်ရက္ခိုင့်တပ်တော်(ULA/AA)၊တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်(PSLF/TNLA)၊ ကိုးကန့်တပ်ဖွဲ့(MNTJP/MNDAA) တို့နှင့် အာဏာသိမ်း စစ်အုပ်စုအကြား တွေ့ဆုံဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ် ဇွန်လ ၁ ရက်မှ ၃ ရက်အထိ စီစဉ်ပေးခဲ့သည်။ သို့သော် အစည်းအဝေးဒုတိယမြောက်နေ့တွင်ပင် ဆွေးနွေးပွဲ ရပ်တန့်သွားခဲ့ပါသည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲကို တရုတ်အစိုးရမှ ကြားဝင်စီစဉ်ပေးခြင်းဖြစ်သော်လည်း သဘောတူညီချက် တစုံတရာမရရှိဘဲ အဆုံးသတ်သွားခဲ့ခြင်း ဖြစ်သည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၆ ရက်၊ အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် တွေ့ဆုံစဉ်တွင်တော့ NDAA – ESS အနေဖြင့် ၎င်းတို့၏ အထူးဒေသ(၄) ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအဖြစ် သတ်မှတ်ပေးရန် တောင်းဆိုခဲ့သည်ဟု ဆိုပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

ဒုတိယမြောက် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးသည့် EAO
အဆင့် (၁) နိုင်ငံတော်အဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်
(စက်တင်ဘာလ ၇ ရက်၊ ၂၀၁၁)
အဆင့် (၂) ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်
(ဒီဇင်ဘာလ ၂၇ ရက်၊ ၂၀၁၁)
ယခင်အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်
၃၀ ရက် ဇွန်၊ ၁၉၈၉

## တရားဝင်ကိုယ်စားလှယ်အဖွဲ့

အလှည့်ကျ

## ဆက်သွယ်ရေးရုံးများ

- ရန်ကုန်၊
- တောင်ကြီး၊
- ကျိုင်းတုံ၊
- တာချီလိတ်၊
- မန္တလေး (ပြန်လည်ဖွင့်လှစ်)



| မွန်ပြည်သစ်ပါတီ (NMSP) | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၂၀ ဇူလိုင် ၁၉၅၈ |
| ရုံးချုပ် | - | ရေးချောင်းဖျား ၊ မွန်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | - | မွန်ပြည်နယ် သထုံ၊ ပေါင်၊ ချောင်းဆုံ၊ မော်လမြိုင်၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ တနင်္သာရီတိုင်း ရေဖြူ မြိတ်၊ ထားဝယ်နှင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး၊ ဖားအံ၊ ကော့ကရိတ်၊ ဘုရားသုံးဆူတောင်ကြား |
| အင်အား | - | ၁၅၀၀ အထက် (အရန်တပ်ဖွဲ့ဝင် - ၅၀၀၀ ခန့်) |
| ဥက္ကဋ္ဌ | - | နိုင်ဟံသာ |
| ဒုဥက္ကဋ္ဌ | - | နိုင်အောင်မင်း |
| အထွေထွေအတွင်းရေးမှူး | - | နိုင်ကျော်ယှဲ |

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို အားပေးရန်လိုအပ်ကြောင်း၊ အာဏာသိမ်းစစ်ကောင်စီနှင့်ပူးပေါင်းခြင်းသည် အကျိုးမရှိကြောင်း ၇၄ ကြိမ်မြောက် မွန်တော်လှန်ရေးနေ့အတွက် NMSP ဥက္ကဋ္ဌ နိုင်ဟံသာက နှိုးဆော်ခဲ့သည်။ သို့သော် NMSP အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းသွားရန်ဆိုသည့် အမြင်ကို ဆုပ်ကိုင်ကာ အာဏာသိမ်းစစ်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးမှု (၅) ကြိမ်ထက်မနည်း ပြုလုပ်ခဲ့ပါသည်။ ယင်းသို့တွေ့ဆုံဆွေးနွေးမှုများမှတဆင့် အာဏာသိမ်းစစ်ကောင်စီနှင့် NMSP အကြား ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစွာတည်ဆောက်သွားရန် ၊ ပါတီစုံဒီမိုကရေစီစနစ်မှတဆင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်သွားရန်နှင့် မွန်ရေးရာကိစ္စရပ်များ ဆောင်ရွက်ပေးရန်အပါအဝင် အချက် ၇ ချက် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည်ဟု ဆိုပါသည်။ [1]

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးကတည်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တက်ကြွစွာပူးပေါင်းပါဝင်လာခဲ့သည့် NMSP သည် စစ်အာဏာသိမ်းကာလအတွင်းတွင်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) တွင် ခေါင်းဆောင်မှုနေရာမှ ဦးဆောင်ပြီး အာဏာသိမ်းစစ်ကောင်စီနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်း လျှောက်လှမ်းခဲ့သည်။ ၂၀၂၃ ခုနှစ် ဧပြီလထဲတွင်တော့ PPST မှ နုတ်ထွက်ရန် စာတင်ခဲ့ပြီး PPST အတွင်း ပါဝင်မှုအဆင့် လျော့ချခဲ့ပါသည်။

1 မွန်ပြည်သစ်ပါတီ စစ်ကောင်စီနဲ့ သွားတွေ့တာဟာ လူထုဆန္ဒကို မထီမဲ့မြင်ပြုတာလို့ မွန်လူငယ်တွေဝေဖန် http://rb.gy/5ojhv

တွေ့ဆုံဆွေးနွေးရေးလမ်းစဉ်ကို ဆုပ်ကိုင်ထားသည့် မွန်ပြည်သစ်ပါတီ (NMSP) ဥက္ကဋ္ဌ နိုင်ဟံသာကတော့ စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုရေးအတွက် နွေဦးတော်လှန်ရေးတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (EROs) အားလုံး ပါဝင်လာပါက ၎င်းတို့အနေဖြင့် လည်း ပါဝင်သွားမည်ဟု ဆိုထားပါသည်။ [2]

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်၊ မွန်အမျိုးသားနေ့တွင် ထုတ်ပြန်သည့် NMSP ၏ ထုတ်ပြန် ချက်တွင်တော့ နိုင်ငံရေးအကျပ်အတည်းအား မဖြေရှင်းဘဲ ရွေးကောက်ပွဲကျင်းပဖို့ ကြိုးစား နေခြင်းသည် သွေးထွက်သံယိုမှုများသည့် ပဋိပက္ခဆီ ဦးတည်နိုင်သည့်အတွက် မွန်ပြည်သစ်ပါတီ အနေဖြင့် ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးနိုင်ရေးအတွက် တိုင်းရင်းသားပေါင်းစုံနှင့် လက်တွဲသွားမည် ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့အပြင် ၎င်းတို့အနေဖြင့် စစ်ကောင်စီနှင့် တွေ့ဆုံဆွေးနွေး နေရသည့်တိုင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုင်ဆွဲနေခြင်းကြောင်းမျှော်မှန်းထားသည့် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများ အလှမ်းဝေးနေဆဲဖြစ်ကြောင်းထောက်ပြထားပါသည်။ [3]

အမျိုးသားညီညွတ်ရေးအစိုးရ(NUG) ယာယီသမ္မတ ဒူဝါလရှီးလကတော့ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက် အတူလက်တွဲဆောင်ရွက်ရန် မွန်ပြည်သစ် ပါတီအား ဖိတ်ခေါ်ထားပါသည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | စစ်ကောင်စီနှင့် တိုက်ပွဲဖြစ်ပွားမှု မရှိသေးပါ။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | ၂၀၁၉ ခုနှစ်အတွင်း ကရင်အမျိုးသားအစည်းအရုံး(KNU/KNLA)နှင့် NMSP တို့၏ အောက်ခြေတပ်ဖွဲ့များအကြား ထိတွေ့တိုက်ပွဲတချို့ ရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၁ ရက်တွင် KNU/KNLA (PC)နှင့် NMSPအကြား နှစ်ဖက် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွား ခဲ့သည်။ |

2 နွေဦးတော်လှန်ရေးမှာ EAO တွေ အားလုံးပါရင် မိမိတို့လည်းပါဝင်မယ်လို့ မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌပြော http://rb.gy/bp7ad

3 စစ်ကောင်စီနဲ့ ဆွေးနွေးခဲ့တဲ့ မွန်ပြည်သစ်ပါတီရဲ့ နိုင်ငံရေးရပ်တည်ချက် http://rb.gy/zaf8n

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

ငြိမ်းချမ်းရေးဆွေးနွေးမှုများ

အဆင့် (၁) - နိုင်ငံတော်အဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (ဖေဖော်ဝါရီလ ၁ ရက်၊ ၂၀၁၂)။

NCA - ဖေဖော်ဝါရီလ ၁၃ ရက်၊ ၂၀၁၈

ယခင်အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် - ဇွန်လ ၂၉ ရက်၊ ၁၉၉၅

## တရားဝင်ကိုယ်စားလှယ်အဖွဲ့

မြန်မာနိုင်ငံပြင်ပ

(၁) နိုင်ဟံသာ။

(၂) နိုင်တလညီ။

မြန်မာနိုင်ငံတွင်း

(၁) နိုင်ထောမွန်။

(၂) နိုင်တလညီ။

(၃) ဗိုလ်ချုပ်ဖေယျ

(၄) နိုင်အောင်မင်း (အတွင်းရေးမှူး -၁)။

(၅) ဗိုလ်မှူးချုပ်လရီကောင်း

## ဆက်ဆံရေးရုံးများ

(၁) မုဒုံ။ (၂) သံဖြူဇရပ်။ (၃) ရေး။ (၄) ရေဖြူ (ရေဖြူရွာ)။ (၅) ကျိုက်မရော။

(၆) ဖင်းကျိုက် (ပေါင်မြို့နယ်)။ (၇) မြိတ်

## လုပ်ငန်းများ

(၁) မြဝတီ။ (၂) ဘုရားသုံးဆူ။ (၃) မော်လမြိုင်။

## မဟာမိတ်အဖွဲ့များ

UNFC၊

NCCT၊

SD နှင့် DPN အဖွဲ့ဝင်



| နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ(ကပ်ပလန်) – (NSCN-K) | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁ ဇန်နဝါရီ ၁၉၈၈ |
| ရုံးချုပ် | - | တကားနယ်မြေ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်း |
| လှုပ်ရှားရာ နယ်မြေ | - | လဟယ်၊ လေရှီးနှင့် နန်းယွန်း မြို့နယ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး |
| အင်အား | - | ၅၀၀ အောက် |
| ဥက္ကဋ္ဌ | - | ဦးယုံးအောင် (Yung Aung) |
| ပြောရေးဆိုခွင့်ရှိသူ | - | ဦးကျော်ဝမ်းစိန် |

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သည့် အစိုးရလက်ထက်၊ ၂၁ ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံသို့ လေ့လာသူအနေဖြင့် တက်ရောက်ခဲ့ပြီး ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုတချို့ရှိခဲ့သော်လည်း ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်တွင် စစ်ကောင်စီ၏ အနောက်မြောက်ပိုင်းစစ်ဌာနချုပ်၊ ခန္တီးဗျူဟာတပ်ရင်း ၆ ခု မှ အင်အား ၄၀၀ ခန့်သည် NSCN-K ဌာနချုပ်ရှိရာ တဂါးနယ်မြေကို ဝင်ရောက်နေရာယူထိန်းချုပ်ခဲ့သည်။

NSCN-K အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်းကို လျှောက်လှမ်းရန်အပါအဝင် Bilateral စာချုပ်ပါ သဘောတူညီချက်များကို လေးစားလိုက်နာရန်၊ အာသံနှင့် ကသည်း သူပုန်များအား လက်မခံရန် စသည့် အချက် ၃ ချက်ကို လိုက်နာပါက ယခုပြဿနာအား ဖြေရှင်းနိုင်ကြောင်း လက်ရှိအာဏာသိမ်းစစ်ကောင်စီမှ ဗိုလ်ချုပ်ဇော်မင်းထွန်းက ထိုစဉ်က ဖိအားပေးခဲ့သည်။

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံစလုံးရှိ နာဂလူမျိုးများအားလုံး ပူးပေါင်းနိုင်ရေးအတွက် အဓိကထား လုပ်ဆောင်နေခြင်းကြောင့် NCAလက်မှတ်ထိုးရန် NSCN-K အတွက် အခက်အခဲရှိနေသော်လည်း ၂၀၁၂ ခုနှစ် ဧပြီလ ၉ ရက်၊ တိုင်းဒေသကြီးအဆင့် အပစ်ရပ်လက်မှတ်ထားသည့်အတွက် NSCN-K ၏ ဗဟိုဌာနချုပ်ကို အခြားဒေသသို့ ပြောင်းရွှေ့ရန် အစီအစဉ်မရှိကြောင်း အဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဦးကျော်ဝမ်းစိန်က ပြောဆိုထားပါသည်။

စစ်အာဏာသိမ်းကာလအတွင်း NSCN-K ၏ လှုပ်ရှားမှုဆောင်ရွက်မှုများကို မမြင်တွေ့ရတော့ပေ။

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့်
(၁၂) ဖွဲ့မြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့။
အဆင့် ၁-ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး
သဘောတူညီချက် (ဧပြီ ၉ ၊ ၂၀၁၂)
အပစ်အခတ်ရပ်စဲရေး ပြုလုပ်ပြီးနောက်
ပဋိပက္ခဖြစ်ပွားမှုများ-မရှိ။
တရားဝင်ကိုယ်စားပြုအဖွဲ့ - မရှိ။

## ခေါင်းဆောင်များ

ဥက္ကဋ္ဌ - အက်စ်အက်စ်ကပ်ပလန်
အတွင်းရေးမှူး - ဒါလီမန် ဂါယူအို
စစ်ဦးစီးချုပ် - ခိုလီခွန်းရက်

## ဆက်ဆံရေးရုံးများ

ခန္တီး၊
စစ်ကိုင်းတိုင်း



| ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၁၁ ဒီဇင်ဘာ ၁၉၄၉ (ပထမအကြိမ်)၊ ၇ - ၉ ဒီဇင်ဘာ ၂၀၀၉ (ဒုတိယအကြိမ်) |
| ရုံးချုပ် | - မောက်မယ်မြို့နယ်၊ ကဒူးကြီးဒေသ၊ ရှမ်းပြည်နယ်တောင်ပိုင်း |
| လှုပ်ရှားရာ နယ်မြေ | - ဆီဆိုင်၊ ဟိုပုန်း၊ နမ့်စန်၊ လင်းခေးနှင့် မောက်မယ်မြို့နယ်များ၊ ရှမ်းပြည်နယ် |
| အင်အား | - ၄၀၀ အထက် |
| ဥက္ကဋ္ဌ | - ဗိုလ်ချုပ်ခွန်သူရိန် |
| ဒုဥက္ကဋ္ဌ | - ခွန်ထွန်းတင် |
| အထွေထွေအတွင်းရေးမှူး | - ခွန်အောင်မန်း |

PNLO အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက်လည်း "လူတစ်ကိုယ် မဲတစ်ပြား" ဟူသော တန်းတူနိုင်ငံသားအခွင့်အရေးကို အမိအရအသုံးချကြရန် တိုက်တွန်းခဲ့ပြီး ၂၀၂၀ ရွေးကောက်ပွဲအလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အခြေခံသည့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)ပေါက်ပေါက်လာရေးအတွက်လည်း PNLO က ထောက်ခံကြိုဆိုခဲ့သည်။

စစ်အာဏာသိမ်းမှုကာလအတွင်း အာဏာသိမ်းစစ်ကောင်စီ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC) နှင့် PNLO အကြား အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုတချို့ ရှိခဲ့သော်လည်း PNLO ဒုဥက္ကဋ္ဌဖြစ်သူ ခွန်မြင့်ထွန်း ကတော့ ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ (PNFC)တွင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူကာ အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၂ ခုနှစ် မေလ ၂၉ ရက်မှ ဇွန်လ ၁ ရက်အထိ ပြုလုပ်သည့် PNLO တတိယအကြိမ် ညီလာခံအပြီးတွင်တော့ PNLO ဗဟိုကော်မတီအသစ်တွင် ဒုဥက္ကဋ္ဌလည်းဖြစ်၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST)အတွင်း PNLO ကိုယ်စားလှယ်အဖြစ် ပါဝင်နေသူ ခွန်မြင့်ထွန်း ပြန်ပါလာခြင်း မရှိတော့သည်ကိုတွေ့ရသည်။ ခွန်မြင့်ထွန်းကိုယ်တိုင်သည်လည်းပအိုဝ်းအမျိုးသား ဖက်ဒရယ်ကောင်စီ (PNFC) ဖွဲ့စည်းကာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အမျိုးသား ညီညွတ်ရေး

အတိုင်ပင်ခံကောင်စီတွင်ပါဝင်ကာ နွေဦးတော်လှန်ရေးအင်အားစုများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ဥက္ကဌ ခွန်သူရိန် ဦးဆောင်သည့် PNLO ဗဟိုကော်မတီအသစ်အနေဖြင့်တော့ PPST တွင် ဦးဆောင်မှု အခန်းကဏ္ဍမှ ပါဝင်ကာ အာဏာသိမ်းစစ်အုပ်စုနှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လာသည်ကို တွေ့ရသည်။ ၂၀၂၃ ခုနှစ် ဇွန်လနောက်ဆုံးအပတ်တွင် ပြုလုပ်သည့် စစ်ကောင်စီနှင့် အပစ်ရပ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅) ဖွဲ့တွေ့ဆုံမှုကို PNLO နာယက ဖြစ်သူ ဗိုလ်မှူးကြီးခွန်ဥက္ကာက ဦးဆောင်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စ၊ ငြိမ်းချမ်းရေးညီလာခံကျင်းပနိုင်ရေးကိစ္စ စသည့် အချက်(၄) ချက်ကို ဆွေးနွေးခဲ့ပါသည်။

၂၀၂၃ ခုနှစ် မေလ ၇ ရက်တွင်တော့ PNLO ထိန်းချုပ်နယ်မြေသို့ အကူအညီပေးရန် သွားရောက်ခဲ့သည့် အာဆီယံသံတမန်များ၊ အင်ဒိုနီးရှားနှင့် စင်္ကာပူသံရုံးမှ တာဝန်ရှိသူများ၊ အာဆီယံ လူသားချင်းစာနာမှုအကူအညီ ညှိနှိုင်းဆောင်ရွက်ရေးဗဟိုဌာန(AHA Center)မှ တာဝန်ရှိသူများ၊ PNLO ကိုယ်စားလှယ်များ၊ စစ်ကောင်စီလက်အောက်ခံ ရှမ်းပြည်နယ်စစ်ကောင်စီမှ တာဝန်ရှိသူများပါဝင်သည့် ယာဉ်တန်းသည် တောင်ကြီးမြို့မှ ဆီဆိုင်သို့သွားရာလမ်းတွင် ပစ်ခတ်ခံခဲ့ရပါသည်ကို တွေ့ရသည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | စစ်အာဏာမသိမ်းခင်ကာလရော၊ လက်ရှိစစ်အာဏာသိမ်းကာလ အတွင်းတွင်ရော PNLO နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်မှု တစုံတရာ မရှိခဲ့ဟု ဆိုရပါမည်။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | ၂၀၂၃ ခုနှစ် (ဩဂုတ်လအထိ) PNLO နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/ SSA) အကြား တိုက်ပွဲဖြစ်ပွားမှု (၂) ခု ရှိခဲ့ပါသည်။ |

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် (၁၃) ဖွဲ့မြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့။

အဆင့် ၁-ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဩဂုတ် ၂၅၊ ၂၀၁၂)

အဆင့် ၂- ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (မတ် ၂၃၊ ၂၀၁၃)

အဆင့် ၃- တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (အောက်တိုဘာ ၁၅, ၂၀၁၅)

## တရားဝင်ကိုယ်စားလှယ်အဖွဲ့

### ပြည်နယ်အဆင့်- ၇ ဦး

၁။ ခွန်မြင့်ထူး (အဖွဲ့ခေါင်းဆောင်)၊ ၂။ ဗိုလ်မှူးကြီး ခွန် သူရိန် (ဒုအဖွဲ့ခေါင်းဆောင်)

၃။ ဗိုလ်မှူးချုပ် ခွန်တီးဆောင် (အဖွဲ့ဝင်)၊ ၄။ ဗိုလ်မှူး ခွန်ကျော်ထင် (အဖွဲ့ဝင်)

၅။ ခွန်ဦး (အဖွဲ့ဝင်)၊ ၆။ ခွန်ထွန်းတင် (အဖွဲ့ဝင်)၊ ၇။ ဗိုလ်မှူး ခွန်ဆွေထူး (အဖွဲ့ဝင်)

### ပြည်ထောင်စုအဆင့်-၁၂ ဦး

၁။ ဗိုလ်မှူးကြီးခွန် ဥက္ကာ (အဖွဲ့ခေါင်းဆောင်)။ ၂။ ခွန်မြင့်ထွန်း (ဒုအဖွဲ့ခေါင်းဆောင်)

၃။ ဗိုလ်မှူးကြီး ခွန်သူရိန် (အဖွဲ့ဝင်)၊ ၄။ ဗိုလ်မှူးကြီးအောင်ကျော် (အဖွဲ့ဝင်)၊ ၅။ ခွန်ဦး (အဖွဲ့ဝင်)

၆။ ခွန်တင်ရွှေဦး (အဖွဲ့ဝင်) ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်ငြိမ်းချမ်းရေးတည်ဆောက်ရေးအဖွဲ့

၇။ ဗိုလ်မှူး ခွန်ဆွေထူး (အဖွဲ့ဝင်)၊ ၈။ခွန်ထီး (အဖွဲ့ဝင်)၊ ၉။ ခွန်ထွန်းတင် (အဖွဲ့ဝင်)

၁၀။ ခွန်သောမတ် (အဖွဲ့ဝင်)၊ ၁၁။ နန်းနွယ်နွယ် (အဖွဲ့ဝင်)၊ ၁၂။ နန်းမြင့် (အဖွဲ့ဝင်)

## ဆက်ဆံရေးရုံးများ

၁။ တောင်ကြီး (၂၆/၀၁/၂၀၁၃)၊၂။ သထုံ (၂၁/၀၈/၂၀၁၃)၊ ၃။ မောက်မယ် (၀၈/၁၂/၂၀၁၃)

၄။ ဆီဆိုင် (မကြာမီဖွင့်လှစ်မည်)

## မဟာမိတ်များ

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အလုပ်အဖွဲ့/.

လုပ်ငန်းဆွေးနွေး ညှိနှိုင်းရေးအဖွဲ့

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၊ ပူးတွဲစောင့်ကြည့်ရေးကော်မတီ။

## ဆက်သွယ်ရန်

အီးမေးလ်: pnlopower@gmail.com




| ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၉၆၃ ၊ ၁၉၇၆ ၊ ဇန်နဝါရီ ၁၉၉၂ ၊ ဇန်နဝါရီ ၂၀၀၉ |
| ရုံးချုပ် | - | ရွှေ့လျား |
| လှုပ်ရှားရာ နယ်မြေ | - | ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ ကွတ်ခိုင်၊ နမ္မတူ၊ မန်တုံ၊ နမ့်စန်(တောင်ပိုင်း)၊ နမ့်ဆန်(မြောက်ပိုင်း)၊လားရှိုး၊ တန့်ယန်း၊ နမ့်ခမ်း၊ မူဆယ်၊ မိုးမိတ်နှင့် မန္တလေးတိုင်း မိုးကုတ် |
| အင်အား | - | ၆၀၀၀ အထက် |
| ဥက္ကဋ္ဌ | - | ဒုတိယဗိုလ်ချုပ်ကြီး တာအိုက်ဘုန်း |
| ဒုဥက္ကဋ္ဌ (၁) | - | ဗိုလ်ချုပ် တားဂျုတ်ဂျား |
| အထွေထွေအတွင်းရေးမှူး | - | ဗိုလ်မှူးချုပ် တာဘုန်းကျော် |

PSLF/TNLA အနေဖြင့် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးဟူသော နိုင်ငံရေးဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ KIO/KIA ပါဝင်သည့် မြောက်ပိုင်းမဟာမိတ် (၄)ဖွဲ့၊ MNDAA၊ ULA/AA ပါဝင်သည့် ညီနောင်မဟာမိတ်(၃)ဖွဲ့နှင့်အတူ စစ်ရေး၊ နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှုများ ရှိနေပြီး UWSA ဦးဆောင်သည့် FPNCC တွင်လည်း အဖွဲ့ဝင်အနေဖြင့် ပူးပေါင်းပါဝင်လျက် ရှိနေပါသည်။

စစ်အာဏာသိမ်းမှုကို ကန့်ကွက်ရှုတ်ချကြောင်း ကြေညာထားပြီး နွေဦးတော်လှန်ရေး၏ ဦးတည်ရာဖြစ်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက် ပူးပေါင်းပါဝင်သွားမည်ဟုပြောဆိုမှုများရှိသော်လည်း လက်ရှိအချိန်ထိတော့ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ(NUCC)အတွင်း PSLF/TNLA ၏ ပါဝင်မှုကို မမြင်တွေ့ရသေးဟု ဆိုရပါမည်။ သို့သော် NUCC ၏ အစုအဖွဲ့ဝင်တဖွဲ့ဖြစ်သည့် တအာင်းနိုင်ငံရေးအတိုင်ပင်ခံကော်မတီ(TNPP)နှင့်ထိတွေ့ဆက်ဆံမှုများ၊ သတင်းအချက်အလက်ဖလှယ်မှုများရှိနေပြီး TPCCတွင် ၎င်းတို့၏ အသံများ ပါဝင်နေကြောင်း PSLF/TNLA အထွေထွေအတွင်းရေးမှူးကပြောပါသည်။ ၂၀၂၃ ခုနှစ် မတ်လ ၁၁ ရက်နှင့် ၁၂ ရက်နေ့ TPCC မှ ဦးဆောင်ပြုလုပ်သည့် တအာင်းပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ တတိယမူကြမ်း ဆွေးနွေးပွဲတွင် PSLF/TNLA လည်း ပါဝင်တက်ရောက်ခဲ့သည်ကို တွေ့ရသည်။

တရုတ်အစိုးရ၏ တိုက်တွန်းမှုကြောင့် အာဏာသိမ်းစစ်အုပ်စုနှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုတချို့ ရှိခဲ့သော်လည်း စစ်ကောင်စီတပ်များနှင့် PSLF/TNLA အကြား တိုက်ပွဲများ ဖြစ်ပွားခဲ့ပါသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၂ ရက် တအာင်းအမျိုးသားတော်လှန်ရေးနေ့ နှစ် ၆၀ ပြည့် အခမ်းအနားတွင်တော့ အာဏာသိမ်းစစ်ကောင်စီမှ ပြုလုပ်ရန်ပြင်ဆင်နေသည့်ရွေးကောက်ပွဲများကို

တော်လှန်ရေးအင်အားစုများအနေဖြင့် ထိထိရောက်ရောက် ဟန့်တားကြရန် PSLF/ TNLA ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး တားအိုက်ဘုန်းက တိုက်တွန်းထားသည်။ [1]

စစ်အာဏာသိမ်းမှုအား ခုခံတော်လှန်စစ်ဆင်နွှဲနေကြသည့် ဗမာ့ပြည်လွတ်မြောက်ရေးတပ်မတော် (BPLA)၊ ကျောင်းသားလက်ရုံးတပ်တော် (SAF)၊ ကရင်နီအမျိုးသားများကာကွယ်ရေးတပ်(KNDF) အပါအဝင် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF-LDF) အား စစ်သင်တန်းပေးခြင်းနှင့် ပံ့ပိုးကူညီမှုများကို ရက္ခိုင့်တပ် တော်(ULA/AA)၊ ကိုးကန့်တပ်ဖွဲ့(MNDAA) တို့နှင့် အတူ လုပ်ဆောင်လျက်ရှိပါသည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၂၀ ခုနှစ်တွင် ၁၅ ခု ၊ ၂၀၂၁ တွင် ၁၁ ခု၊ ၂၀၂၂ တွင် ၈ ခု၊ ၂၀၂၃ (ဩဂုတ်လအထိ) တွင် ၁၃ ခု အဖြစ် တိုက်ပွဲဖြစ်ပွားခဲ့သည်။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS/SSA) နှင့် ၂၀၂၂ ခုနှစ်တွင် တိုက်ပွဲ (၂) ခု၊ ၂၀၂၁ ခုနှစ်တွင် ၉ ခု ဖြစ်ပွားခဲ့ပါသည်။ |

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေးလက်မှတ်မထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့။

## ခေါင်းဆောင်များ

ဗိုလ်မှူးချုပ် တာအိုက်ဘုန်း (ဥက္ကဋ္ဌ)၊ ဗိုလ်မှူးချုပ် တာခူလန်း(ဒုတိယဥက္ကဋ္ဌ)
ဗိုလ်မှူးချုပ် တာဘုန်းကျော် (အတွင်းရေးမှူး)၊ ပြန်ကြားရေးရုံး-မိုင်အိုက်ကျော်
နိုင်ငံခြားဆက်ဆံရေးရုံး - တာပန်လှ ၊ ဗဟိုကော်မတီ - ၂၃ ဦး၊ အရံကော်မတီ - ၈ ဦး
တရားဝင်ကိုယ်စားပြုအဖွဲ့ - မရှိ၊ ဆက်ဆံရေးရုံး - မရှိ

## မဟာမိတ်များ

ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေး ကော်မတီ၊ မြောက်ပိုင်းမဟာမိတ်အဖွဲ့ - မြန်မာပြည်။

## ဆက်သွယ်ရန်

ဝက်ဆိုဒ်: http://www.pslfnla.org/
အီးမေးလ်: pslftnlanews@gmail.com

1 တော်လှန်ရေးအင်အားစုတွေ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲကို ဟန့်တားဖို့ TNLA တိုက်တွန်း http://rb.gy/v1wm8



| သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS / SSA) | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၁၉၆၄ ၊ ၁၉၉၆ |
| ရုံးချုပ် | - လွယ်တိုင်လန်း ၊ ရှမ်းပြည်နယ်တောင်ပိုင်း |
| လှုပ်ရှားရာနယ်မြေ | - ရှမ်းအရှေ့ပိုင်းရှိ မိုင်းပျဉ်း၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းတုံ၊ မိုင်းဆတ်၊ ရှမ်းတောင်ပိုင်းရှိ မိုင်းပန်၊ မိုးနဲ၊ လဲချား၊ ကွန်ဟိန်း၊ မောက်မယ်၊ နမ့်စန်နှင့် ရှမ်းမြောက်ပိုင်းရှိ သီပေါ၊ နမ့်မတူ၊ မူဆယ်၊ ကျောက်မဲ၊ နမ့်ခမ်းမြို့နယ်များ |
| အင်အား | - ၈၀၀၀ ကျော် |
| ဥက္ကဋ္ဌ | - ဗိုလ်ချုပ်ကြီး ယွက်စစ် |
| ဒုဥက္ကဋ္ဌ | - ဒုတိယဗိုလ်ချုပ်ကြီး စိုင်းယီ |
| စစ်ဦးစီးချုပ် | - ဗိုလ်ချုပ်ခေးငင်း |
| အတွင်းရေးမှူး (၁) | - ဗိုလ်မှူးကြီးစိုင်းငင်း |

စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီတပ်နှင့် တိုက်ပွဲတချို့ဖြစ်ပွားခဲ့သော်လည်း စစ်ကောင်စီ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC)နှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ ရှိခဲ့သည်။ ၂၀၂၂ ခုနှစ် မတ်လ ၂၈ ရက်၊ နေပြည်တော်ရှိ အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုအပြီးတွင် ၎င်းတို့အနေဖြင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်ရပ်သဘောတူစာချုပ်ကိုစွဲကိုင်ပြီး စစ်ကောင်စီနှင့်ဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဟု RCSS အတွင်းရေးမှူး(၁)ဗိုလ်မှူးကြီးစိုင်းငင်းကပြောဆိုပါသည်။ ၂၀၂၃ ခုနှစ် မတ်လနောက်ဆုံးအပတ်တွင် ပြုလုပ်ခဲ့သည့် အာဏာသိမ်းစစ်ကောင်စီနှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲအထိ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(ERO) (၇) ဖွဲ့ကို ဦးဆောင်ခဲ့သည့် RCSS/SSA သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) အဖွဲ့တွင် ပါဝင်မှုကို အဆင့်လျှော့ချပစ်ခဲ့ပြီး အာဏာသိမ်းစစ်ကောင်စီနှင့် သီးခြားတွေ့ဆုံသည့် လမ်းကြောင်းကို ပြောင်းလဲလျှောက်လှမ်းနေသည်ကို တွေ့ရသည်။

RCSS/SSAအနေဖြင့် တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းဖြင့် လက်ရှိနိုင်ငံရေး၊ စစ်ရေးပြဿနာများကို ဖြေရှင်းရန် ပေါ်လစီချမှတ်ထားကြောင်းနှင့် သျှမ်းပြည်အပါအဝင် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးကို ၂၀၂၂ ခုနှစ် အောက်တိုဘာ (၁၀) ရက်တွင် ထုတ်ပြန်ကမ်းလှမ်းခဲ့သည်။ "အဖွဲ့အစည်းအားလုံးနှင့် တွေ့ဆုံဆွေးနွေးခြင်းမှသည် မဟာမိတ်ဖြစ်လာနိုင်ရေး၊ စည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအထိ ဆောင်ရွက်နိုင်မည်" ဟု ဆိုထားသည့် RCSS

ထုတ်ပြန်ချက်ပါ "အဖွဲ့အစည်းအားလုံး"သည် အာဏာသိမ်းစစ်အုပ်စုအား ဆန့်ကျင်တော်လှန်နေကြသော နွေဦးတော်လှန်ရေးအင်အားစုများအားလုံး ပါဝင်သလားဟူသည်က မေးခွန်းတစ်ခု ဖြစ်နေပါသည်။ [1]

၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၈ ရက်မှ ၂၀ ရက် အထိ သုံးရက်တာ ပြုလုပ်ခဲ့သော RCSS ၏ (၆) လပတ် အစည်းအဝေး အပြီးတွင်တော့ RCSS အနေဖြင့် "NCA ၏ အနှစ်သာရကို စွဲကိုင်ထားဆဲ" ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

နွေဦးတော်လှန်ရေးကာလအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်များအတွက် ရိက္ခာပို့ပေးခြင်းနှင့် စီးပွားရေး အပေးအယူကိစ္စရပ်များအပါအဝင် RCSS/ SSA အပေါ် နွေဦးတော်လှန်ရေးအင်အားစုများ၏ ဝေဖန်ပြစ်တင်မှုများ ရှိခဲ့သည်ကို တွေ့ရပါသည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၂၀ ပြည့်နှစ်တွင် ၈ ခု ၊ ၂၀၂၁ ခုနှစ်တွင် ၈ ခု ဖြစ်ပွားခဲ့သော်လည်း ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွင်း တိုက်ပွဲဖြစ်ပွားမှု မရှိခဲ့ဟု ဆိုရပါမည်။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | KIA၊ AA၊ MNDAAနှင့် TNLA တို့ပါဝင်သောမြောက်ပိုင်းမဟာမိတ်အဖွဲ့နှင့် RCSS/SSA အကြား တိုက်ပွဲဖြစ်ပွားမှုသည်၂၀၂၁ခုနှစ်တွင်၁ ခု၊ ၂၀၂၂ ခုနှစ်တွင် ၁ ခု တွေ့ရှိရသည်။ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) နှင့် RCSS/SSA အကြား တိုက်ပွဲဖြစ်ပွားမှုသည် ၂၀၂၀ ပြည့်နှစ်တွင် ၂ ခု၊ ၂၀၂၁ ခုနှစ်တွင် ၂၄ ခု၊ ၂၀၂၂ ခုနှစ်တွင် ၄ ခု၊ ၂၀၂၃ ခုနှစ်တွင် (ဩဂုတ်လအထိ) ၃ ခု တွေ့ရှိရသည်။<br>တအာင်းလွတ်မြောက်ရေးတပ်မတော် (PSLF/TNLA) နှင့် RCSS/SSA အကြား တိုက်ပွဲဖြစ် ပွားမှုသည် ၂၀၂၀ပြည့်နှစ်တွင်၂ ခု၊ ၂၀၂၁ ခုနှစ်တွင် ၁၁ ခု တွေ့ရှိရသည်။<br>၂၀၂၃ ခုနှစ်တွင် (ဩဂုတ်လအထိ) "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP/UWSA)နှင့် RCSS/ SSA အကြား တိုက်ပွဲဖြစ်ပွားမှု ၁ ခု ရှိခဲ့သည်။<br>၂၀၂၃ ခုနှစ်တွင် (ဩဂုတ်လအထိ) ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)နှင့် RCSS/SSA အကြား တိုက်ပွဲဖြစ်ပွားမှု ၂ ခု ရှိခဲ့သည်။<br>ဆိုရသော် RCSS/SSA နှင့် တိုက်ပွဲ ဖြစ်ပွားခဲ့သည့် ERO (၇) ဖွဲ့အထိ ရှိပြီး ထိုအနက် SSPP/SSA နှင့် အများဆုံး တိုက်ပွဲဖြစ်ခဲ့သည်ဟု ဆိုရပါမည်။ |

1 တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်းခြင်းနှင့်ပတ်သက်၍ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၏ ထုတ်ပြန်ကြေညာချက် http://rb.gy/vs802

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

စတုတ္ထမြောက် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးသည့် EAO

အဆင့် (၁) နိုင်ငံတော်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (ဒီဇင်ဘာလ ၂ ရက်၊ ၂၀၁၁)

အဆင့် (၂) ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (ဇန်နဝါရီ ၁၆ ရက်၊ ၂၀၁၂)

အဆင့် (၃) NCA (အောက်တိုဘာလ ၁၅ ရက်၊ ၂၀၁၅)

## တရားဝင်ကိုယ်စားလှယ်အဖွဲ့

ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် - ပေါင်ခေး

## ဆက်ဆံရေးရုံးများ

(၁) တောင်ကြီး (ဖေဖော်ဝါရီလ ၂၂ ရက်၊ ၂၀၁၂)

(၂) ကျိုင်းတုံ (ဖေဖော်ဝါရီလ ၂၂ ရက်၊ ၂၀၁၂)

(၃) တာချီလိတ် (ဖေဖော်ဝါရီလ ၂၉ ရက်၊ ၂၀၁၂)

(၄) မိုင်းတုံ (ဖေဖော်ဝါရီလ ၂၉ ရက်၊ ၂၀၁၂)

(၅) နီလမ် (မတ်လ ၂၉ ရက်၊ ၂၀၁၂)

(၆) မူဆယ် (စီးပွားရေးဆိုင်ရာဆက်ဆံရေးရုံး)

(၇) မိုင်းပန် (မတ်လ ၆ ရက်၊ ၂၀၁၄)

## မဟာမိတ်အဖွဲ့များ

PPST ၊ PPWT/CT ၊ UPDJC ၊ JMC အဖွဲ့ဝင်

## ဆက်သွယ်ရန်

ဝက်ဘ်ဆိုက် - http://www.taifreefom.com ၊ http://www.rcssanc.org

အီးမေးလ် - rcssinfordepartment@gmail.com



| ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP / SSA) | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၂၄ ဧပြီ ၁၉၆၄ |
| ရုံးချုပ် | - ဝမ်ဟိုင်း ၊ ကျေးသီးမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း |
| လှုပ်ရှားရာနယ်မြေ | - ရှမ်းပြည်တောင်ပိုင်း မိုင်းရှူး၊ ကျေးသီး၊ မိုင်းကိုင်၊ လဲချား၊ ပင်လုံ၊ လွိုင်လင်၊ ဟိုပုံးနှင့်ရပ်စောက်မြို့နယ်များ၊ ရှမ်းပြည်မြောက်ပိုင်း မိုင်းရယ်၊ တန့်ယန်း၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ မိုးမိတ်၊ နမ္မတူ၊ နမ့်ဆန်၊ မန်တုံ၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်နှင့် နမ့်ခမ်းမြို့နယ်များ |
| အင်အား | - ၁၀၀၀၀ ကျော် |
| ဥက္ကဋ္ဌ | - ဗိုလ်ချုပ်ကြီး စဝ်ပန်ဖ |
| ဒုဥက္ကဋ္ဌ | - ဒုတိယ ဗိုလ်ချုပ်ကြီး စဝ်ခေးတိုင်း |
| အထွေထွေ အတွင်းရေးမှူး | - ဗိုလ်မှူးကြီး ကျော်လှ |

၂၀၂၀ပြည့်နှစ်၊ နှစ်ချုပ်ဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေးတွင်ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးတည်ပြီး တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းသည်အထိ ဆောင်ရွက်သွားရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေး ပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့်အတူ ဆက်လက်ပူးပေါင်းသွားရန်ဆိုသည့်အချက်များအပါအဝင် အချက် (၄) ချက်ကို SSPP/SSA ၏ ရှေ့လုပ်ငန်းစဉ်များအဖြစ် ဆုံးဖြတ်ချက်ချထားသည်။

၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၆ ရက်တွင် ထုတ်ပြန်သည့် SSPP တည်ထောင်ခြင်း (၅၁) မြောက် ထုတ်ပြန်ချက်တွင်တော့ နိုင်ငံရေးအကျပ်အတည်း၊ စီးပွားရေးအကျပ်အတည်းနှင့် လူမှုရေး ပြဿနာများဖြေရှင်းနိုင်ဖို့အတွက် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံ အခြေခံဥပဒေ ပြန်လည်ရေးဆွဲကျင့်သုံးရေး၊ နိုင်ငံရေးအကျဉ်းသားများ အားလုံးလွှတ်မြောက်ရေး၊ မတရားဖိနှိပ်သတ်ဖြတ်မှုများ ရပ်တန့်ရေးနှင့် အားလုံးပါဝင်သည့် အစစ်အမှန် နိုင်ငံရေးဖြေရှင်းမှု အဝန်းအဝိုင်းဖန်တီးရေး အထူးလိုအပ်ကြောင်း ဖော်ပြထားပါသည်။ [1]

"ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA) ဦးဆောင်သည့် ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေး ကော်မတီ (FPNCC) တွင် ပါဝင်နေသော SSPP/SSA သည် အာဏာသိမ်းစစ်အုပ်စု၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်မှုကို ငြင်းဆန်နိုင်စွမ်းမရှိသဖြင့်

1 ရှမ်းပြည်တိုးတက်ရေးပါတီ တည်ထောင်ခြင်း (၅၁)နှစ်မြောက် ထုတ်ပြန်ကြေညာချက်၊ http://rb.gy/kz2j3

စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ ရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၆ ရက်နေ့ စစ်ကောင်စီနှင့် တွေ့ဆုံဆွေးနွေးမှုအတွင်း ပင်လုံစာချုပ်၊ ပင်လုံမှု၊ ပင်လုံကတိကဝတ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ၁၉၆၁ ခုနှစ် ပြည်နယ်ပေါင်းစုံ ညီလာခံတွင် ချမှတ်ခဲ့သည့် သဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ အမျိုးသားတန်းတူရေးကိုဖော်ဆောင်နိုင်ရန်အတွက် ဗမာပြည်နယ်ကို ဖွဲ့စည်းရန်၊ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်ရန် စသည့် အချက် (၉) ချက်ကို စစ်ကောင်စီထံ တင်ပြခဲ့သည်ဟု ဆိုပါသည်။ [2]

၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၀၊ ၂၁ ရက်နေ့များတွင် UWSA၊ မိုင်းလားအဖွဲ့(NDAA)၊ SSPP နှင့် စစ်ကောင်စီအကြား တွေ့ဆုံဆွေးနွေးမှုအပြီးတွင်တော့ အာဏာသိမ်းစစ်အုပ်စုက ကျင်းပနိုင်ရေး ကြိုးပမ်းနေသည့် ငြိမ်းချမ်းရေး ညီလာခံကို ၎င်းတို့ (၃)ဖွဲ့အနေဖြင့် တက်ရောက်ရန် အဆင့်သင့် မဖြစ်သေးကြောင်း တင်ပြခဲ့သည်ဟု ဆိုပါသည်။ [3]

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၂၂ ခုနှစ်တွင် ၆ ခု ၊ ၂၀၂၃ ခုနှစ် (ဩဂုတ်လအထိ) ၃ ခု ဖြစ်ပွားခဲ့သည်။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) နှင့် RCSS/SSA အကြား တိုက်ပွဲဖြစ်ပွားမှုသည် ၂၀၂၀ ပြည့်နှစ်တွင် ၂ ခု၊ ၂၀၂၁ ခုနှစ်တွင် ၂၄ ခု၊ ၂၀၂၂ ခုနှစ်တွင် ၄ ခု၊ ၂၀၂၃ ခုနှစ်တွင် (ဩဂုတ်လအထိ) ၃ ခု တွေ့ရှိရသည်။ တအာင်းလွတ်မြောက်ရေးတပ်မတော် (PSLF/TNLA) နှင့် RCSS/SSA အကြား တိုက်ပွဲဖြစ်ပွားမှုသည် ၂၀၂၀ ပြည့်နှစ်တွင် ၂ ခု၊ ၂၀၂၁ ခုနှစ်တွင် ၁၁ ခု တွေ့ရှိရသည်။ |

2 ပင်လုံကတိကဝတ်များ အကောင်အထည်ဖော်ရန်နှင့် ဗမာပြည်နယ်ဖွဲ့စည်းရေးအပါအဝင် အချက် ၉ ချက်အား အာဏာသိမ်းစစ်ကောင်စီကို တင်ပြခဲ့ကြောင်း SSPP ထုတ်ပြန် http://rb.gy/4il9a

3 ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ပြောခွင့်ရသူ ဒုတိယဗိုလ်မှူးကြီးစိုင်းဆုနှင့် အမေးအဖြေ http://rb.gy/2xo3h

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းဖြစ်စဉ်

သတ္တမမြောက် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးသည့် EAO

အဆင့် (၁) နိုင်ငံတော်အဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (ဇန်နဝါရီလ ၂၈ ရက်၊ ၂၀၁၂)

အဆင့် (၂) ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (ဇန်နဝါရီ ၂၈ ရက်၊ ၂၀၁၂)

## ယခင်အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်

စက်တင်ဘာလ ၂ ရက်၊ ၁၉၈၉

## တရားဝင်ကိုယ်စားလှယ်အဖွဲ့

အလှည့်ကျ

## ဆက်ဆံရေးရုံးများ

(၁) လားရှိုး

(၂) တောင်ကြီး

(၃) မိုင်းလဲ

(၄) မူဆယ် (ဖွင့်လှစ်ခြင်းမရှိသေး)

(၅) တာချီလိတ် (အတည်ပြုခြင်းမရှိသေး)

## မဟာမိတ်အဖွဲ့များ

UNFC ၊ FUA၊ NCCT၊ DPN အဖွဲ့ဝင်

## ဆက်သွယ်ရန်

အီးမေးလ် - sspp.hq@gmail.com

| ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်(ULA/AA) | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၀ ဧပြီ ၂၀၀၉ |
| ရုံးချုပ် | - | KIO ထိန်းချုပ်နယ်မြေ၊ ကချင်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | - | ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ချင်းပြည်နယ် ပလက်ဝနှင့် ရခိုင်ပြည်နယ်တဝှမ်းလုံး |
| အင်အား | - | ၃၀၀၀၀ အထက် |
| စစ်ဦးစီးချုပ် | - | ဗိုလ်ချုပ်ထွန်းမြတ်နိုင် |
| ဒုစစ်ဦးစီးချုပ် | - | ဒေါက်တာညိုထွန်းအောင် |
| အတွင်းရေးမှူး - ၁ | - | ဗိုလ်မှူးကြီး ကျော်ဟန် |

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအလွန်ကာလ ULA/AA နှင့် စစ်ကောင်စီအကြား ရုတ်တရက် တိုက်ပွဲများ ရပ်တန့်သွားခဲ့ပြီး ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့သည့် မဲဆန္ဒနယ်များအား ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးရေး ပြောဆိုမှုများနှင့်အတူ ULA/AA နှင့် စစ်ကောင်စီအကြား နားလည်မှုဖြင့် အပစ်ရပ်သဘောတူခဲ့သည်။ စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီတပ်နှင့် ULA/AA အကြား တိုက်ပွဲဖြစ်ပွားမှုတချို့ ပြန်လည်မြင်တွေ့လာရပြီး ရခိုင်ပြည်နယ်အတွင်း နယ်မြေစိုးမိုး အုပ်ချုပ်ရေးအတွက် စစ်ကောင်စီနှင့် ULA/AA အကြား အားပြိုင်မှုများ ရှိခဲ့သည်။

ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) တွင် ပါဝင်နေခြင်းနှင့် တရုတ်အစိုးရ၏ ကြားဝင်မှုတို့ကြောင့် ULA/AA အနေဖြင့် အာဏာသိမ်းစစ်အုပ်စုနှင့် တွေ့ဆုံ ဆွေးနွေးမှုတချို့ ပြုလုပ်ခဲ့ရသည်ကို တွေ့ရပါသည်။ အခြားတဖက်တွင်တော့ ကချင် လွတ်လပ်ရေးတပ်မတော် (KIA)၊ တအာင်းအမျိုးသား လွတ်မြောက်ရေးပါတီ (TNLA)၊ ကိုးကန့် တပ်ဖွဲ့ (MNDAA) တို့နှင့် မြောက်ပိုင်းမဟာမိတ်ညီနောင်စုဖွဲ့မှုအရ ပူးပေါင်းတပ်များနှင့် စစ်ကောင်စီတပ်များအကြား တိုက်ပွဲများ ဖြစ်ပွားခဲ့ပါသည်။

အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်စစ်ဆင်နွှဲနေကြသော ကျောင်းသားလက်ရုံး တပ်တော် (SAF)၊ ယောဒေသကာကွယ်ရေးတပ် (YDF)၊ ဗမာပြည်သူ့လွတ်မြောက်ရေး တပ်မတော် (BPLA)၊ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF)၊ လူထုတော်လှန်ရေး မဟာမိတ်အင်အားစု (PRA-Magway) စသည့် နွေဦးတော်လှန်ရေးအင်အားစုများနှင့်ပတ်သက်ပြီး ULA/AA ၏ ချီးမြှောက်ဂုဏ်ပြုသည့် သဘောထားထုတ်ပြန်ချက်များနှင့် အဆိုပါ နွေဦးတော်လှန် ရေးအင်အားစုများ၏ ULA/AA အပါအဝင် ညီနောင်မဟာမိတ်အဖွဲ့များ၏ စစ်သင်တန်းပေးမှု၊ ထောက်ကူပံ့ပိုးမှုများကို မကြာခဏ ထုတ်ဖော်ကျေးဇူး ပြုနေကြသည်ကို လေ့လာကြည့်ပါက

နွေဦးတော်လှန်ရေးအတွင်း ULA/AA ၏ ပတ်သက်ဆက်နွယ်မှုကို ကြီးမားကျယ်ပြန့်နေသည်ဟု ဆိုရပါမည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ မဟာမိတ်ဆက်ဆံရေးကော်မတီ (ARC) နှင့် ULA/AA ခေါင်းဆောင်များအကြား အွန်လိုင်းမှတဆင့် တရားဝင်တွေ့ဆုံမှုများကို တွေ့ရှိလာရပြီ ဖြစ်သည်။ နွေဦးတော်လှန်ရေးအတွင်း ULA/AA ၏ အခန်းကဏ္ဍသည် တဖြည်းဖြည်း ရုပ်လုံးပေါ်လာဖွယ် ရှိနေပါသည်။ ၂၀၂၃ ခုနှစ် ဧပြီလ ၁၀ ရက်တွင် ကျရောက်သော ရက္ခိုင့်တပ်တော် (ULA/AA) ၏ ၁၄ နှစ်မြောက်နှစ်ပတ်လည်နေ့တွင် ညီနောင်မဟာမိတ်များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များ၊ မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ၊ NUG စသည့် အဖွဲ့အစည်းပေါင်း ၃၀ နီးပါးက ဂုဏ်ပြုသဝဏ်လွှာများ ပေးပို့ခဲ့ကြပါသည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၂၀ တွင် ၈၁ ခု ၊ ၂၀၂၁ တွင် ၅ ခု၊ ၂၀၂၂ တွင် ၉၀ ခု တိုက်ပွဲဖြစ်ပွားခဲ့သည်။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | ARSA ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့နှင့် ၂၀၂၃ ခုနှစ်တွင် တိုက်ပွဲ (၂) ခု ဖြစ်ပွားခဲ့ပါသည်။ |

### အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

### တရားဝင်ကိုယ်စားလှယ်အဖွဲ့

ဗိုလ်မှူးကျော်ဟန်
ပြောခွင့်ရပုဂ္ဂိုလ် - ခိုင်သုခ

### ဆက်ဆံရေးရုံးများ

မရှိ

### မဟာမိတ်အဖွဲ့များ

FPNCC နှင့် မြန်မာပြည်မြောက်ပိုင်းမဟာမိတ်အဖွဲ့

### ဆက်သွယ်ရန်

ဝက်ဘ်ဆိုက် - http://thearakanarmy.com/
အီးမေးလ် - unitedleagueofarakan@yahoo.com



| '၀' ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA) | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၇ ဧပြီ ၁၉၈၉ |
| ရုံးချုပ် | - | ပန်ခမ်း (ပန်ဆန်း) |
| လှုပ်ရှားရာ နယ်မြေ | - | ပန်ဆန်း၊ မိုင်းမော၊ ပန်ဝိုင်၊ နားဖန်း၊ မိုင်းပေါက်၊ မိုင်းတုံ၊ မိုင်းဆက်၊ တာချီလိတ် |
| အင်အား | - | ၃၀၀၀၀ အထက် |
| ဥက္ကဋ္ဌ | - | ပေါက်ယူချန်း |
| စစ်ဦးစီးချုပ် | - | ပေါက်ကျှိန်းဖင်း(ခ)ဦးပေါက်အိုက်ချန် |
| အတွင်းရေးမှူး | - | ဦးပေါက်အိုက်ခမ်း |

၂၀၂၂ ခုနှစ် ဧပြီလတွင် ကျရောက်သည့် "ဝ" ဒေသ ငြိမ်းချမ်းရေးတည်ဆောက်မှု ၃၃ နှစ်မြောက်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ကာကွယ်ရေးဝန်ကြီးဌာနမှ သဝဏ်လွှာပေးပို့ရာတွင် " "ဝ" ပြည်နယ်၏ ရရှိပြီးသော ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်မှုနှင့် လူမှုစီးပွားကဏ္ဍပေါင်းစုံ တိုးတက်ဖွံ့ဖြိုးမှုများ အခွန့်ရှည် တည်တံ့ခိုင်မာစေရန် "ဝ" အမျိုးသားခေါင်းဆောင်များနှင့် "ဝ" ပြည်သူများ ဆထက်ထမ်းပိုး ကြိုးပမ်းနိုင်ပါစေကြောင်း"ဟု ဆုတောင်းထားသည်။ တဆက်တည်းတွင် "ဝ" ခေါင်းဆောင်များအနေဖြင့် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသစ် အုတ်မြစ်ချထူထောင်ရာ၌ အမြော်အမြင်ကြီးမားစွာ ဦးဆောင်ပါဝင်နိုင်စေရန်လည်း တိုက်တွန်းထားပါသည်။

စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီနှင့်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည့် UWSP/UWSA သည် "ဝ" ဒေသကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အမျိုးသားပြည်နယ်အဖြစ် သတ်မှတ်ပေးရန်တောင်းဆိုခဲ့ပြီး ယင်းတောင်းဆိုချက်ကို အာဏာသိမ်းစစ်အုပ်စုအနေဖြင့် မူအားဖြင့် သဘောတူထားသည်ဟု ဆိုပါသည်။

UWSP/UWSA ဦးဆောင်သည့် ၂၀၂၃ ခုနှစ် မတ်လ ၁၅ ရက်နှင့် ၁၆ ရက်တွင် ပြုလုပ်သော FPNCC အစည်းအဝေးအပြီးတွင်တော့ မြန်မာပြည်တွင်းပဋိပက္ခ ပြေလည်စေဖို့အတွက် တရုတ်အစိုးရ၏ ကြားဝင်ဆောင်ရွက်မှုကို ကြိုဆိုကြောင်းနှင့် နယ်စပ်ဒေသတည်ငြိမ်ရေးအတွက် တရုတ်အစိုးရနှင့် လက်တွဲလုပ်ကိုင်သွားမည်ဆိုသည့် အချက်များအပါအဝင် အချက် (၇) ချက်ကို ထုတ်ပြန် ခဲ့သည်။ [1]

1 ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ " FPNCC " လုပ်ငန်းအစည်းအဝေး ထုတ်ပြန်ချက် http://rb.gy/rmuvr

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | စစ်ကောင်စီနှင့် တိုက်ပွဲဖြစ်ပွားမှု မရှိသေးပါ။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | ၂၀၂၂ ခုနှစ် ဧပြီလတွင် UWSA နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS/SSA) အကြား တိုက်ပွဲဖြစ်ပွားမှု ရှိခဲ့သည်။ |

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

ပထမဆုံး NCA လက်မှတ်ရေးထိုးသည့် EAO
အဆင့် (၁) နိုင်ငံတော်အဆင့် ငြိမ်းချမ်းရေးသဘောတူစာချုပ် (စက်တင်ဘာလ ၆ ရက်၊ ၂၀၁၁)
အဆင့် (၂) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးသဘောတူ စာချုပ် (ဒီဇင်ဘာလ ၂၅ ရက်၊ ၂၀၁၁)

## ယခင်အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးမှု

မေလ ၁၈ ရက်၊ ၁၉၈၉
တရားဝင်ကိုယ်စားလှယ်အဖွဲ့- မသိရ

## ဆက်ဆံရေးရုံးများ

(၁) လားရှိုး။ (၂) တန့်ယန်း။ (၃) ကျိုင်းတုံ။ (၄) တာချီလိတ်။ (၅) တောင်ကြီး။ (၆) မန္တလေး။ (၇)ရန်ကုန်

## ဗဟိုအလုပ်မှုဆောင်ကော်မတီအဖွဲ့ဝင်များ

ဥက္ကဋ္ဌ - ပေါက်ယူချန်း၊ ဒု-ဥက္ကဋ္ဌ - ပေါက်ယူယီ၊ ဒု-ဥက္ကဋ္ဌ - ရှောက်မီလျံ၊ စစ်ဦးစီးချုပ် - ပေါက်ယူချမ်း
ဒု-စစ်ဦးစီးချုပ် - ကျောက်ကျုံးတန်၊ ပြောခွင့်ရပုဂ္ဂိုလ် - ဦးအောင်မြင့် @ Le Kyu Lee၊
ဆက်ဆံရေးအရာရှိ - ကျောက်ကော်အန်း၊ ဒု- ဆက်ဆံရေးအရာရှိ - ဆမ်ခွန်၊
တရားသူကြီးချုပ် - လီကျောက်ကော်၊ ဘဏ္ဍာရေးနှင့်စီးပွားရေးအရာရှိ - ပေါက်ယူလျံ

## နိုင်ငံရေးအဖွဲ့

ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)
အစိုးရဌာနများ၏ နယ်မြေညွှန်းဆိုမှု - ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)လက်နက်ကိုင်တပ်ဖွဲ့
ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)


## မဟာမိတ်အဖွဲ့များ

FPNCC


# တစ်နှစ်တာအတွင်း နိုင်ငံတဝှမ်း
# စစ်ကောင်စီတပ်၏
# အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ

# တစ်နှစ်တာအတွင်းနိုင်ငံတဝှမ်းစစ်ကောင်စီတပ်၏ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ

၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လကုန်အထိ အာဏာသိမ်းစစ်ကောင်စီတပ်များ၏ အရပ်သားပြည်သူများအပေါ် ကျူးလွန်သည့် ၅ ဦး အထက် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ပေါင်း ၄၄ မှု အထိ ရှိခဲ့ကြောင်း BNI-Myanmar Peace Monitor မှတ်တမ်းပြုနိုင်ခဲ့ပါသည်။ Burma News International (BNI) ၏ အဖွဲ့ဝင်သတင်းဌာန (၁၅) ခု အပြင် အခြားသော ပြည်တွင်း ပြည်ပသ တင်းဌာနများတွင် နေ့စဉ် ဖော်ပြခဲ့သည့် သတင်းအချက်အလက်များကို အခြေခံ ကောက်ယူမှတ်တမ်းပြုထားခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ် မတ်လနှင့် ရှေ့ပိုင်းကာလအတွင်း အစုလိုက် အပြုံလိုက် သတ်ဖြတ်ဖြစ်စဉ်များ၊ ၂၀၂၃ ခုနှစ် မတ်လနောက်ပိုင်း တွေ့ရှိရသည့် အစုလိုက်အပြုံ လိုက် သတ်ဖြတ်မှုဖြစ်စဉ်များ မပါဝင်သေးကြောင်း အသိပေးအပ်ပါသည်။



## စစ်ကိုင်းတိုင်း




အဆိုပါဖြစ်စဉ်များအနက် စစ်ကိုင်းတိုင်းတွင် တစ်နှစ်တာအတွင်း ၅ ဦးနှင့်အထက် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှု ၁၅ ခုထိ ရှိခဲ့ပြီး၊ သေဆုံးသူဦးရေ စုစုပေါင်း ၁၃၀ဦးရှိခဲ့ကာ၊ ဖြစ်စဉ်အများစုမှာ စစ်ကိုင်း၊ ကန့်ဘလူ၊ ဆားလင်းကြီး၊ ဒီပဲယင်း၊ ခင်ဦး၊ ပုလဲ၊ ကောလင်း၊ အင်းတော်၊ ကသာ၊ ဘုတလင်နှင့် ချောင်းဦးမြို့နယ်တို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။

အစုလိုက်အပြုံလိုက် လူဦးရေအများဆုံး သေဆုံးခဲ့သည့် စစ်ကိုင်းမြို့နယ်၊ တာတိုင်ကျေးရွာတွင် စစ်ကောင်စီ တပ်မ ၉၉ မှ ၂၀၂၃ ခုနှစ် မတ်လ ၁ ရက်နှင့် ၂ ရက်တို့တွင် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ခေါင်းဆောင်တစ်ဦးနှင့်အတူ လူသားဒိုင်းအဖြစ် ဖမ်းဆီးခံခဲ့ရသည့် ဒေသခံ ၁၆ ဦးအား ကိုယ်လက်အင်္ဂါများကို ဖြတ်တောက် သတ်ဖြတ်ခဲ့ပြီး၊ အမျိုးသမီးများကိုလည်း အဓမ္မပြုကျင့် သတ်ဖြတ်ခဲ့ပါသည်။ သေဆုံးသူများတွင် အသက် ၁၇ နှစ်မှ ၆၇ အရွယ် အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး၃ ဦး ပါဝင်ခဲ့ပါသည်။[1]

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့အထိုင် ခမရ ၃၆၃ မှ စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ် မြောက်ဘက်ခြမ်း ဆားတောင်ပြင်ဒေသမှ ဒေသခံအမျိုးသား ၁၈ ဦးအား ဖမ်းဆီးခဲ့ပြီး ၄ဦးကို ပြန်လည်လွှတ်ပေးခဲ့သော်လည်း ကျန် ၁၄ ဦးအား နိုဝင်ဘာ ၅ရက်နှင့် ၆ရက်တို့တွင် မတရားညှင်းပန်းနှိပ်စက်သတ်ဖြတ်ကာ မီးရှို့အလောင်းဖျောက်ခဲ့ကြပါသည်။[2]

ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်းကျေးရွာ စာသင်ကျောင်းကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် စစ်ကောင်စီတပ်မှ လေကြောင်းတိုက်ခိုက်သဖြင့် ကလေးငယ်များအပါအဝင် စုစုပေါင်း ၁၁ ဦး သေဆုံးခဲ့ပါသည်။ စစ်ကောင်စီတပ်သည် စစ်ရဟတ်ယာဉ်နှစ်စင်းဖြင့် ဝေဟင်မှ တိုက်ခိုက်မှု အပါအဝင် မြေပြင်တိုက်ခိုက်မှုများလည်း ပြုလုပ်ခဲ့ခြင်းကြောင့် အသက် ၅ နှစ်အရွယ်မူလတန်းကျောင်းသား ၄ ဦး၊ အသက် ၃၀ အရွယ် ဒေသခံ ၄ ဦးနှင့် ကျေးရွာလုံခြုံရေးယူထားသည် အရပ်သား ၃ ဦး စုစုပေါင်း ၁၁ ဦးထိ သေဆုံးခဲ့ပြီး၊ ဒဏ်ရာရရှိသည့် ကလေးငယ် ၂၀ ဦးခန့်ကိုလည်း စစ်ကောင်စီတပ်မှ ဖမ်းဆီးခေါ်ဆောင် သွားခဲ့ပါသည်။[3]

1 တာတိုင်ရွာသတ်ဖြတ်မှုမှာ အမျိုးသမီးသုံးဦး အဓမ္မပြုကျင့်အသတ်ခံခဲ့ရ https://tinyurl.com/2m5hpf3b

2 ကန့်ဘလူ ဆားတောင်ပြင်ဒေသခံ ၁၄ ဦးကို စစ်ကောင်စီ ဖမ်းဆီးသတ်ပစ် https://tinyurl.com/24xglczv

3 စစ်ကောင်စီတပ်တိုက်ခိုက်မှုကြောင့် ဒီပဲယင်းမြို့နယ် လက်ယက်ကုန်းရွာမှာ သေဆုံးသူ ၁၁ ဦးရှိလာ https://tinyurl.com/2g8ryt7m




## ကချင်ပြည်နယ်

ကချင်ပြည်နယ်သည် တစ်နှစ်တာအတွင်း ၅ ဦးနှင့်အထက် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုဖြစ်စဉ် ၄ ခုသာ ရှိခဲ့သော်လည်း သေဆုံးသူဦးရေမှာ ၁၂၂ ဦးထိ ရှိခဲ့ကာ ဒုတိယအများဆုံး ဖြစ်ခဲ့ပါသည်။ ဖြစ်စဉ်အားလုံးမှာ ဖားကန့်မြို့နယ်အတွင်း ဖြစ်ပွားခဲ့ပါသည်။

၂၀၂၂ခုနှစ် အောက်တိုဘာလ ၂၃ရက်၊ ညဘက်တွင် ဖားကန့်မြို့နယ်၊ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA ) တပ်မဟာ ၉ နယ်မြေအတွင်း ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) တည်ထောင်ခြင်း ၆၂ နှစ်ပြည့် အခမ်းအနားအကြို ဂီတဖျော်ဖြေပွဲ ကျင်းပနေချိန်တွင် စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ကချင်အနုပညာရှင်များအပါအဝင် စုစုပေါင်း လူဦးရေ ၈၀ ခန့် သေဆုံးခဲ့ပြီး၊ ထိခိုက်ဒဏ်ရာရရှိသူလည်း ၇၀ ဦးခန့် ရှိခဲ့ပါသည်။[4]

တိုက်ပွဲများဖြစ်ပွားခဲ့သည့် ဖားကန့်မြို့နယ် ဆယ်ဇင်းကျေးရွာတွင် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၉ ရက် ညက စစ်ကောင်စီတပ်မှ လေယာဉ်ဖြင့် မီးလောင်ဗုံးများကြဲချခြင်းခဲ့ခြင်းကြောင့် ဒေသခံနေအိမ် ၄၀၀ကျော်ကို မီးရှို့ဖျက်စီးခဲ့ပြီး၊ စစ်ကောင်စီတပ်၏ ဂျက်လေယာဉ်များဖြင့် ဗုံးကြဲခြင်းနှင့် ပစ်သတ်ခဲ့ခြင်းတို့ကြောင့် အရပ်သား ၃၀ ဦးခန့်လည်း ထိခိုက်သေဆုံးခဲ့ပါသည်။[5]

4 ဖားကန့်တွင် ဒဏ်ရာပြင်းထန်ရရှိသူများ ကယ်ဆယ်ခွင့်ပိတ်ဆို့ခံထားရဆဲ၊ သေဆုံးသူ ရုပ်အလောင်းများ ၈၀ ကျော်အထိတွေ့ရှိ https://tinyurl.com/2gj2v57q

5 ဆယ်ဇင်း နေအိမ် ၄၀၀ ကျော်ကို စစ်ကောင်စီတပ် မီးရှို့၊ ဒေသခံ ၃၀ ခန့် ထိခိုက် သေဆုံးမှုရှိ https://tinyurl.com/2ke2ac4g




## ရန်ကုန်တိုင်း

၅ ဦးနှင့်အထက် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုကြောင့် သေဆုံးသူ တတိယအများဆုံးနေရာမှာ ရန်ကုန်တိုင်းဖြစ်ပြီး၊ ဖြစ်စဉ်ပေါင်း ၄ ခု ရှိခဲ့ကာ စုစုပေါင်းသေဆုံးသူဦးရေ ၃၀ ဦးထိ ရှိခဲ့ပါသည်။ ဖြစ်စဉ်များမှာ ကြည့်မြင်တိုင်၊ လှည်းကူးနှင့် တွံတေးမြို့နယ်တို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။

လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာ၊ တပင်ရွှေထီးလမ်းဘေးတွင် သေဆုံးနေသည့် ရိုဟင်ဂျာ အလောင်း ၁၃ လောင်းအား ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၅ ရက်၊ နံနက် ၇ နာရီခန့်က ဒေသခံများမှ တွေ့ရှိခဲ့ကြပါသည်။ သေဆုံးသူများမှာ အသက် ၁၅ နှစ်မှ ၁၆ နှစ်အတွင်း ရိုဟင်ဂျာလူငယ်များဖြစ်ပြီး၊ အလောင်းများကို စစ်ကောင်စီတပ်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များမှ လာရောက်သယ်ဆောင်သွားခဲ့ကြပါသည်။ အဆိုပါဖြစ်စဉ် မဖြစ်ပွားမီ နိုဝင်ဘာ ၂၈ ရက်တွင် လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင် ဂုန် ၁ အနီးမှ ၁၂ ဘီး ယာဉ်တစ်စီးအတွင်း ယာဉ်မောင်းအပါအဝင် ယာဉ်နောက်လိုက်နှစ်ဦးနှင့် ရိုဟင်ဂျာ ၆၆ ဦးအား စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့ဖူးပါသည်။[6]

၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၉ ရက် ညနေ ၅ နာရီခန့်တွင် ကြည့်မြင်တိုင်မြို့နယ် တဖက်ကမ်း၊ စက်ဆန်း ရပ်ကွက်ရှိ ခေါင်ရည်ဆိုင် တစ်ဆိုင်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လူငယ် ၆ ဦး သေဆုံးခဲ့ကာ ၎င်းတို့၏ အလောင်းများကို စစ်ကောင်စီတပ်မှ ယူဆောင်သွားခဲ့ပြီး ရက်လည်ဆွမ်းသွပ်ခွင့်မရဘဲ ကျန်ရစ်သူ မိသားစုများကိုလည်း ခြိမ်းခြောက်ပြောဆိုမှုများ ပြုလုပ်ခဲ့ပါသည်။[7]

6 လှည်းကူးတွင် အလောင်း ၁၃ လောင်း တွေ့ရှိ https://tinyurl.com/2ncwdw7j

7 ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သည့် လူငယ်များ၏ အလောင်းများပြန်မရ၊ ရက်လည်လုပ်ခွင့်မပေးဘဲ မိသားစုများကို ခြိမ်းခြောက်ပြောဆို https://tinyurl.com/2jhbyh49




## မကွေးတိုင်း

မကွေးတိုင်းတွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုဖြစ်စဉ် စုစုပေါင်း ၄ ခုရှိခဲ့ပြီး စုစုပေါင်း သေဆုံးသူ ၂၉ ဦး ရှိခဲ့ကာ၊ ဖြစ်စဉ်များမှာ ဂန့်ဂေါ၊ မြိုင်၊ ရေစကြိုနှင့် ပေါက်မြို့နယ်တို့တွင် ဖြစ်ပွားခဲ့ပါသည်။

၂၀၂၂ ခုနှစ် ဧပြီလ ၁၂ရက်တွင် ပေါက်မြို့နယ်၊ တံစူးရွာက စစ်ဘေးဒုက္ခသည် ၉ ဦးသည် စစ်ကောင်စီတပ်မှ ပစ်ခတ်သည့် လက်နက်ကြီးထိမှန်ပြီး သေဆုံးခဲ့ပါသည်။ သေဆုံးသူများတွင် မဇင်ဇင်အောင် ၁၆ နှစ်၊ ဒေါ်ခင်သန်းန ၄၇ နှစ်၊ ဒေါ်စန်းထွေး ၇၅ နှစ်၊ မမိုးလှိုင် ၂၂ နှစ်၊ ဒေါ်သန်း စော ၆၂ နှစ်၊ ဦးမြင့်ပို ၃၇ နှစ်၊ ဒေါ်ဌေးဝ ၃၇ နှစ်၊ မလှမျိုးနွယ် ၂၂ နှစ်နှင့် မလှမျိုးကြွယ် ၁၉ နှစ်တို့ ဖြစ်ကြပါသည်။[8]

ရေစကြိုမြို့နယ်တွင် CDM ကျောင်းအုပ်ကြီးတစ်ဦး၊ သူနာပြုတစ်ဦးနှင့် ကိုယ်ဝန်ဆောင် ကျောင်းဆရာမတစ်ဦး အပါအဝင် ၅ ဦးအား စစ်ကောင်စီတပ်မှ ၂၀၂၂ ခုနှစ် ဖွန်လ ၁၀ ရက်တွင် ဖမ်းဆီးပြီး အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့ပါသည်။[9]

8 ပေါက်မြို့က စစ်ဘေးဒုက္ခသည် ကိုးဦး လက်နက်ကြီးထိမှန် သေဆုံး https://tinyurl.com/yxpn2g75

9 သူနာပြုနှင့် ကိုယ်ဝန်ဆောင် ကျောင်းဆရာမ အပါအဝင် ၅ ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီး မီးရှို့သတ် https://tinyurl.com/2dq7p5ge





## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်တွင် ၅ ဦးအထက် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုဖြစ်စဉ် တစ်ခုသာရှိခဲ့သော်လည်း စုစုပေါင်း သေဆုံးသူ ၂၈ ဦး ထိရှိခဲ့ပါသည်။

၂၀၂၃ ခုနှစ် မတ်လ ၁၁ ရက်တွင် ပင်လောင်းမြို့နယ်၊ နမ်းနိန်းကျေးရွာရှိ ဘုန်းကြီးကျောင်းတွင် စစ်ဘေးရှောင်နေကြသည့် စစ်ရှောင်ပြည်သူများနှင့် ဘုန်းကြီးများကို စစ်ကောင်စီတပ်မှ အစုလိုက်အပြုံလိုက် သတ်ဖြတ်သွားခဲ့ရာ အလောင်း ၂၈ လောင်းအား ဒေသခံကာကွယ်ရေးတပ်ဖွဲ့များမှ တွေ့ရှိခဲ့ကြပါသည်။[10]

10 နမ်းနိန်းကျေးရွာဘုန်းကြီးကျောင်းတွင် ခိုလှုံနေသူများကို စစ်ကောင်စီတပ်က အစုလိုက်အပြုံလိုက် သတ်ဖြတ်၊ စုစုပေါင်း ၂၈ လောင်းတွေ့ရှိထား https://tinyurl.com/2nwdqpya




## တနင်္သာရီတိုင်း


တနင်္သာရီတိုင်းတွင် တစ်နှစ်တာအတွင်း ၅ ဦး အထက် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှု ဖြစ်စဉ် ပေါင်း ၃ ခုရှိခဲ့ပြီး၊ သေဆုံးသူ ၂၀ ဦးရှိခဲ့ပါသည်။ အဆိုပါ ဖြစ်စဉ်များမှာ ရေဖြူ၊ ဘုတ်ပြင်းနှင့် လောင်းလုံမြို့နယ် တို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။

၂၀၂၃ခုနှစ် ဇန်နဝါရီလ ၁၆ ရက်တွင် ဘုတ်ပြင်း မြို့နယ်၊ ရွာပေါ့လူ - နမ်မတွန်အကြား လမ်းဘေး၌ အသတ်ခံထားရသည့် အမျိုးသား ၈ ဦး၏ ရုပ်အလောင်း များ လာရောက်စွန့်ပစ်ထားသည်ကို ဒေသခံများမှတွေ့ရှိ ခဲ့ကြပါသည်။[11]

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်တွင် ပုလော မြို့နယ်၊ ပလောက်မြို့၊ ကျောက်လုံးကြီးကျေးရွာအုပ်စု၊ ညောင်ရှင်ကုန်းရွာမှ စစ်ကောင်စီခန့် အုပ်ချုပ်ရေးမှူး မိသားစုဝင်(၇)ဦးအား အမည်မသိလက်နက်ကိုင်လူတစ်စု မှ သတ်ဖြတ်ခဲ့ပါသည်။ သေဆုံးသူများတွင် စစ်ကောင်စီ ခန့် အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်၏ မိသားစုဝင်များဖြစ် သော ဇနီးဖြစ်သူ ဒေါ်ကြင်နွဲ့ (၆၂နှစ်) ၊ သမီးဖြစ်သူ ဒေါ်သန်းသန်းမော် (၄၂နှစ်)၊ မောင်နေထက်သိန်း (၁၇နှစ်)၊ မောင်ဇေယျာအောင် (၁၆နှစ်)၊ မောင်စိုးမင်းပိုင် (၁၃နှစ်)၊ မမေဇင်ဖြူ (၉နှစ်)နှင့် မောင်သားသား (၁ နှစ်) တို့ ပါဝင်ခဲ့ပါသည်။[12]

11 ဘုတ်ပြင်းမြို့နယ် ရွာပေါ့လူကျေးရွာတွင် အမျိုးသား ၈ ဦး၏ ရုပ်အလောင်းများစွန့်ပစ်ထားသည်ကိုတွေ့ရှိ https://tinyurl.com/2gsgjh5h

12 စစ်ကောင်စီ အုပ်ချုပ်ရေးမှူး မိသားစုဝင် ၇ ဦးသတ်ဖြတ်ခံရပြီးနောက် ပလောက်မြို့တွင် လုံခြုံရေး တင်းကြပ် https://tinyurl.com/2jrwuwz4





## မန္တလေးတိုင်း

မန္တလေးတိုင်းအတွင်း နွားထိုးကြီး၊ မြင်းခြံနှင့် မတ္တရာ မြို့နယ်တို့တွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုများ ဖြစ်ပွားခဲ့ပြီး၊ ဖြစ်စဉ် ၄ ခုရှိခဲ့ကာ စုစုပေါင်း သေဆုံးသူ ၂၃ ဦး ရှိခဲ့ပါသည်။

နွားထိုးကြီးမြို့နယ်မှ ဒေသခံ ၅ ဦးအား စစ်ကောင်စီတပ်နှင့် ကျောက်ပန်းတောင်းသွေးသောက်အဖွဲ့များမှ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ဖမ်းဆီးခဲ့ပြီး၊ အောက်တိုဘာ ၄ ရက်တွင် အလောင်းများအား မြို့အပြင်တွင် စွန့်ပစ်ခဲ့ကာ၊ အလောင်းများပေါ်တွင် ကျောက်ပန်းတောင်း သွေးသောက်အဖွဲ့ကဒ်ပြားများကို ချိတ်ဆွဲထားခဲ့ကြပါသည်။[13]

13 နွားထိုးကြီးမြို့၌ အသတ်ခံရသည့် ရုပ်အလောင်းများပေါ် ကျောက်ပန်းတောင်း သွေးသောက်အဖွဲ့ ကဒ်ပြားများ ချိတ်ဆွဲထား https://tinyurl.com/2lxalclp




## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်တွင် စစ်ကောင်စီတပ်မှလက်နက်ကြီး ပစ်ခတ်ခြင်းနှင့် ကျေးရွာအတွင်းသို့ ဝင်ရောက်သတ်ဖြတ်ခဲ့ခြင်းတို့ကြောင့် ၅ ဦးနှင့်အထက် အစုလိုက်အပြုံလိုက် သေဆုံးမှု ၂ ခုရှိခဲ့ကာ သေဆုံးသူ စုစုပေါင်း ၂၈ ဦး ရှိခဲ့ပါသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်တွင် မြို့လူမျိုးများနေထိုင်သော မောင်တောမြို့နယ်၊ ငြိတ်ချောင်းကျေးရွာတွင် ဒေသခံများ ကလေးနားထိုးပွဲကျင်းပနေစဉ် ကြိမ်ချောင်း နယ်ခြားစောင့်တပ်မှ လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ခြင်းကြောင့် ကလေးငယ်များအပါအဝင် ဒေသခံ ၁၁ ဦးသေဆုံးပြီး၊ ထိခိုက်ဒဏ်ရာရရှိသူ ၃၀ ကျော် ရှိခဲ့ပါသည်။[14]

ပုဏ္ဏားကျွန်းမြို့နယ် ဆင်အင်းကြီးရွာတွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်က စစ်ကောင်စီတပ် မှ သတ်ဖြတ်ခဲ့သည့် အလောင်း ၉ လောင်းအား တွေ့ရှိခဲ့ပြီး၊ သေဆုံးသူများ၏ ကိုယ်ပေါ်တွင် ဓားထိုးဒဏ်ရာများ၊ သေနတ်ဖြင့် ပစ်သတ်ထားသည့် ဒဏ်ရာများကို ဒေသခံများ တွေ့ရှိခဲ့ကြပါသည်။[15]

14 စကစမှ ပစ်ခတ်လိုက်သော လက်နက်ကြီးကျည် မောင်တော၊ ငြိတ်ချောင်းမြို့ကျေးရွာကလေးနားထိုးပွဲထဲကို ကျရောက်ပေါက်ကွဲ၍ လူ ၁၁ ဦးသေဆုံး၊ ၃၀ ခန့်ဒဏ်ရာရ https://tinyurl.com/25xr343s

15 မြန်မာစစ်တပ်သတ်ဖြတ်ထားသော အလောင်း ၉ လောင်း ဆင်အင်းကြီးရွာတွင် လက်ရှိတွေ့ရှိထား https://tinyurl.com/2d7uu9jq




# ကရင်ပြည်နယ်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်နှင့် ဖာပွန်မြို့နယ်တို့တွင် ၅ ဦးနှင့် အထက် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှု ၃ စု ရှိခဲ့ပြီး၊ စုစုပေါင်းသေဆုံးသူ ၁၇ ဦးရှိခဲ့ကာ အများစုမှာ လေကြောင်း တိုက်ခိုက်ခံရခြင်းကြောင့် သေဆုံးခဲ့ခြင်း ဖြစ်ပါသည်။

၂၀၂၃ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် စစ်ကောင်စီတပ်မှ လေကြောင်းပစ်ခတ်ခြင်းကြောင့် ဖာပွန်မြို့နယ် ဒွဲလိုးမြို့နယ်၊ မဲသုကျေးရွာအုပ်စု၊ ယာထီးထကျေးရွာထဲရှိ လူနေအိမ်အပေါ်သို့ လက်နက် ကြီး ၄ လုံး ကျရောက်ပေါက်ကွဲခဲ့ရာ ရွှေတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်သူ မိသားစုဝင် (၄) ဦးနှင့် ရွှေတူး လုပ်သား ၂ ဦး ထိခိုက်သေဆုံးခဲ့ပါသည်။[16]

16 ကေအဲန်ယူ မူတြော်(ဖာပွန်)ခရိုင်အတွင်း စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံ (၆)ဦး သေဆုံး https://tinyurl.com/2zcl2ngq



## ချင်းပြည်နယ်

ချင်းပြည်နယ်တွင် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှု ၂ ခု ရှိခဲ့ပြီး သေဆုံးသူ ၁၄ ဦးရှိခဲ့ကာ ဖြစ်စဉ်များမှာ မတူပီမြို့နယ်နှင့် ထန်တလန်မြို့နယ်တို့ ဖြစ်ပွားခဲ့ပါသည်။

၂၀၂၃ခုနှစ် မတ်လ ၃၀ ရက်တွင် ထန်တလန်မြို့နယ် ခွါဖိုး (Khuafo) ကျေးရွာအတွင်း စစ်ကောင်စီတပ်မှ တိုက်လေယာဉ်နှင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ၁၀ နှစ်အောက်ကလေးငယ် ၂ ဦး အပါအဝင် အရပ်သားပြည်သူ ၈ ဦးသေဆုံးခဲ့ပြီး ၂၀ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ သေဆုံးသူများတွင် အသက် ၆ နှစ်နှင့် ၉ နှစ်အရွယ် ကလေးနှစ်ဦးနှင့် အမျိုးသမီး ၅ ဦး ပါဝင်ခဲ့ပါသည်။[17]

17 စစ်ကောင်စီ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ထန်တလန်မြို့နယ်မှာ ၁၀ နှစ်အောက်ကလေးငယ် ၂ ဦးအပါအဝင် အရပ်သားပြည်သူ ၈ ဦးသေဆုံး https://tinyurl.com/2ou6y5bl



## မွန်ပြည်နယ်

မွန်ပြည်နယ်၊ ရေးမြို့နယ်နှင့် သထုံမြို့နယ်တို့တွင် ၅ ဦးနှင့် အထက် အစုလိုက် အပြုံလိုက် သတ်ဖြတ်ခံရမှု ဖြစ်စဉ် ၂ ခုရှိခဲ့ပြီး၊ စုစုပေါင်းသေဆုံးသူ ၁၀ ဦး ရှိခဲ့ပါသည်။

သထုံမြို့နယ်ရှိ ထုံးဘိုလေး ကျေးရွာအား ၂၀၂၂ ခုနှစ် ဇွန်လ ၅ ရက်က စစ်ကောင်စီတပ်မှ ဝင်ရောက် မီးရှို့ခဲ့ပြီး ဒေသခံအမျိုး သမီး ၂ ဦးနှင့် အမျိုးသား ၃ ဦး အား ပစ်သတ်ခဲ့ပါသည်။[18]

18 ထုံးဘိုလေးရွာ မီးရှို့ခံရစဉ် အမျိုးသမီးအပါအဝင် အရပ်သား (၅)ဦးထက်မနည်း သတ်ဖြတ်ခံရပြီး ၇,၀၀၀ နီးပါး ထွက်ပြေးတိမ်းရှောင်ရ https://tinyurl.com/25u5leeh

# နိုင်ငံတကာ အခန်းကဏ္ဍ

# ကမ္ဘာ့ကုလသမဂ္ဂ၏တုံ့ပြန်ဆောက်ရွက်ချက်များ (၂၀၂၂ဧပြီလမှ ၂၀၂၃ခုနှစ်မတ်လအတွင်း)

ကမ္ဘာ့ကုလသမဂ္ဂသည် ၂၀၂၂-၂၀၂၃ ခုနှစ်ထဲတွင်လည်း မြန်မာနိုင်ငံအရေးနှင့် ပတ်သက်ပြီး စိုးရိမ်သည့် ထုတ်ပြန်မှုများစွာ ပြုလုပ်နေဆဲဖြစ်သည်။ စစ်ကောင်စီက သေဒဏ်ပေး ကွပ်မျက်မှုအပေါ် အပြင်းအထန်ရှုတ်ချသည့်အပြင်၊ မွန်ပြည်နယ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဝန်ထမ်းတစ်ဦးပစ်သတ်ခံရမှုအပေါ် ရှုတ်ချကြောင်းနှင့် ဖားကန့်လေကြောင်းတိုက်ခိုက်မှုအတွက် အလွန်စိုးရိမ်ပူပန်ကြောင်း ထုတ်ပြန်ခဲ့ပြီး သေဒဏ်ချမှတ်မှု တရားဝင်ဆိုင်းငံ့ခြင်းဆိုင်ရာ အဆို မူကြမ်းကိုလည်း အတည်ပြုခဲ့သည်။ UN တွင်လည်း မြန်မာကိုယ်စားပြုအဖြစ် ဦးကျော်မိုးထွန်းကို ဆက်လက်ထားရှိရန် ကုလအထွေထွေညီလာခံက အတည်ပြုခဲ့သည့်အပြင်၊ ဒေါ်အောင်ဆန်းစုကြည် ကို ချက်ချင်းပြန်လွှတ်ပေးရန် ကုလသမဂ္ဂအကြီးအကဲက ထပ်မံတောင်းဆိုခဲ့ကြောင်းနှင့် NUG ကို နိုင်ငံတကာအစိုးရများအနေဖြင့် အသိအမှတ်ပြုကြရန်လည်း ထုတ်ပြန်ထားပါသည်။

ထို့အပြင် စစ်ကောင်စီက ၂၀၂၃ ခုနှစ်မှာ အတုအယောင် ရွေးကောက်ပွဲတရပ် ကျင်းပဖို့ စီစဉ်နေကြောင်းနှင့် နိုင်ငံတကာအစိုးရများ၊ အဖွဲ့အစည်းများ၊ ရွေးကောက်ပွဲလေ့လာစောင့် ကြည့်ရေးအဖွဲ့များအနေဖြင့် စစ်ကောင်စီ၏ရွေးကောက်ပွဲကိုနည်းပညာပိုင်းဆိုင်ရာပံ့ပိုးကူညီမှုများ မလုပ်ရန် တောင်းဆိုထားပါသည်။ ထို့အပြင် မြန်မာစစ်အာဏာရှင်များသည် ဒီမိုကရေစီရေး လှုပ်ရှားသူများကိုဖိနှိပ်ရန် လူမှုကွန်ရက်ကို လက်နက်သဖွယ် အသုံးချနေကြောင်းနှင့် အွန်လိုင်း အကြမ်းဖက်မှုများ လုပ်ဆောင်နေကြကြောင်း မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူး ကိုယ်စားလှယ် အပါအဝင် ကုလသမဂ္ဂကျွမ်းကျင်သူများက ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

| နေ့စွဲ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ၂၇.၀၅.၂၂ | မြန်မာနိုင်ငံရှိ သန်းပေါင်းများစွာသော ကလေးသူငယ်များ၏ သင်ယူလေ့လာနိုင်ခြင်း လက်လှမ်းမီမှု အခွင့်အလမ်းနှင့် စပ်လျဉ်းသည့် ထုတ်ပြန်ချက်၊ ကလေးများအတွက် ပညာသင်ယူခွင့်[1] | လွယ်ကူချောမွေ့စွာ လေ့လာသင်ယူနိုင်ရေးအတွက် ကလေးများ၊ ၎င်းတို့၏ မိဘများနှင့် သင်ကြားပေးသူများ၏ ဘေးကင်းလုံခြုံရေးကို ကာကွယ်ပေးရပါမည်။ သင်ကြားပေးသူတို့တွင် ဆရာ / ဆရာမ များ၊ လုပ်အားပေး စေတနာ့ဝန်ထမ်း ဆရာ / ဆရာမ များ၊ သင်ယူလေ့လာမှုဆိုင်ရာ ပံ့ပိုးကူညီသူများနှင့် ပညာရေးတာဝန်ရှိသူများ အားလုံးပါဝင်ပါသည်။ သင်ယူလေ့လာမှု အထောက်အကူပြုပစ္စည်းများ အပါအဝင် လူသားချင်းစာနာထောက်ထားမှု အကူအညီအားလုံးကို ဘေးအန္တရာယ်ကင်းစွာဖြင့် အတားအဆီးမရှိ ပေးပို့နိုင်ရေးအတွက် တာဝန်ယူရန် လိုအပ်ပါသည် |
| ၀၈.၀၆.၂၀၂၂ | ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဝန်ထမ်းတစ်ဦး အသတ်ခံရမှုနှင့် ပတ်သက်၍ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး (ယာယီ) မစ္စတာ Ramanathan Balakrishnan ၏ ထုတ်ပြန်ချက်[2] | ကုလသမဂ္ဂဝန်ထမ်းများ အသတ်ခံရမှုအပေါ် ရှုတ်ချကြောင်း ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ၏ ဘက်မလိုက်မှုနှင့် လူသားချင်း စာနာထောက်ထားမှုတို့ကို လေးစားလိုက်နာရန် အုပ်စုများအားလုံးနဲ့ သက်ဆိုင်သူများကို ကုလသမဂ္ဂအနေဖြင့် ပန်ကြား/ အရပ်သားများ၏ အခွင့်အရေးနှင့် လုံခြုံမှုကို ကာကွယ်ရန် အုပ်စုများအားလုံးအား ထပ်လောင်းတောင်းဆို/ အရပ်သားများအပေါ် အကြမ်းဖက် လုပ်ရပ်များကို ပြင်းထန်စွာ ရှုတ်ချ/ ဘက်မလိုက်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်နှင့် ကျူးလွန်သူများအား တာဝန်ခံရန် ကုလသမဂ္ဂက မျှော်လင့် |
| ၂၆.၀၇.၂၀၂၂ | မလေးရှားနိုင်ငံ ခရီးစဉ်အတွင်း ကုလသမဂ္ဂ အထူးသံတမန်သည် ရိုဟင်ဂျာများ အတွက် သစ်လွင်သော ဖြေရှင်းနည်းများ ရှာဖွေရန်နှင့် အားလုံးပါဝင်သော ထိတွေ့ဆက်ဆံမှု လုပ်ဆောင်ရန် တောင်းဆို[3] | ရိုဟင်ဂျာအရေး၏ အရင်းခံပြဿနာများကို ဖြေရှင်းရန်သည် မြန်မာနိုင်ငံ၏ တာဝန်သာဖြစ်ပြီး၊ ဒုက္ခသည်များနှင့် အခြမ်း ရွှေ့ပြောင်းခံရသူများ အားလုံး၏ ဆန္ဒအရ ဘေးကင်းလုံခြုံ ဂုဏ်သိက္ခာရှိရှိ စဉ်ဆက်မပြတ် နေရပ်ပြန်နိုင်ရေးအတွက် အဖြေရှာရန် အထူးသံတမန်က အလေးပေးပြောကြားခဲ့ |

1 https://tinyurl.com/2e4rphp2

2 https://tinyurl.com/2qk5n6ld

3 https://tinyurl.com/2kjcnycr

| | | |
|---|---|---|
| ၂၅.၀၇.၂၀၂၂ | သေဒဏ်ပေးကွပ်မျက်မှုအပေါ် ကုလအကြီးအကဲ အပြင်းအထန် ရှုတ်ချ[4] | ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးဂျင်မီ၊ အန်အယ်လ်ဒီလွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးဖြိုးဇေယျာသော်အပါအဝင် ၄ ဦးကို စစ်ကောင်စီက သေဒဏ်ပေးကွပ်မျက်လိုက်တာနဲ့ပတ်သက်လို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ ပြောရေးဆိုခွင့်ရှိသူက ကြေညာချက်ထုတ်ပြန်ပြီး အခုလို သေဒဏ်ပေး ကွပ်မျက်မှုဟာ မြန်မာနိုင်ငံမှာ အလွန့်အလွန်ဆိုးရွားနေတဲ့ လူ့အခွင့်အရေး အခြေအနေကို ပိုလို့ယိုယွင်း ဆိုးရွားလာစေတယ်လို့လည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ပြော |
| ၁၇.၀၈.၂၂ | ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ပေးရန် ကုလအထူးကိုယ်စားလှယ် တောင်းဆို[5] | ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူတွေကို လတ်တလော သေဒဏ်ပေးအပြီးမှာ အနာဂတ် ကွပ်မျက်မှုတွေ အားလုံးကို တရားဝင် ဆိုင်းငံ့ ထားဖို့လည်း အထူးကိုယ်စားလှယ်က စစ်ခေါင်းဆောင်ကို တိုက်ရိုက်တိုက်တွန်းခဲ့/ နိုင်ငံရေးအကျဉ်းသား အားလုံးကို လွှတ်ပေးဖို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဂူတာရပ်စ်ရဲ့ တောင်းဆိုချက်ကို ထပ်လောင်းပြောကြားခဲ့ပြီး ဩစတြေးလျအစိုးရရဲ့ အထူးတောင်းဆိုချက်ဖြစ်တဲ့ စီးပွားရေးပညာရှင် ရှောင်တာနယ်ကို ပြန်လွှတ်ပေးဖို့နဲ့ အကျဉ်းထောင်တွေမှာ ထိန်းသိမ်းခံနေရတဲ့ အရွယ်မရောက်သေးတဲ့ ကလေးတွေအားလုံးကို ပြန်လွှတ်ပေးဖို့ တောင်းဆိုခဲ့ |
| ၁၅.၀၉.၂၂ | ရခိုင် ၆ မြို့နယ်တွင် အကူအညီပေးလုပ်ငန်းများ ရပ်ထားရန် စစ်တပ်ညွှန်ကြားထားဟု ကုလပြော[6] | ရခိုင်ပြည်နယ်က မြို့နယ် ၆ မြို့နယ်အတွင်း အကူအညီပေးရေး လုပ်ငန်းတွေ ရပ်ဆိုင်းထားဖို့ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းတွေကို စစ်ကောင်စီဘက်က ညွှန်ကြားထားတယ်လို့ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) က ပြော |
| ၂၃.၁၀.၂၂ | ဖားကန့်က လေကြောင်းတိုက်ခိုက်မှုအတွက် အလွန်စိုးရိမ်ပူပန်ကြောင်း ကုလသမဂ္ဂထုတ်ပြန်[7] | အောက်တိုဘာ ၂၃ ရက် ည ၈ နာရီဝန်းကျင်မှာ ဖြစ်ပွားတဲ့ ကချင်ပြည်နယ်၊ ဖားကန့်ဒေသက လေကြောင်းတိုက်ခိုက်မှု သတင်းတွေကြောင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ မစ်ရှင်အနေနဲ့ အလွန်စိုးရိမ်ပူပန်ပြီး စိတ်မကောင်းဖြစ်ရတယ်၊ ကနဦး သတင်းတွေအရ ဗုံးကြဲမှုဒဏ်ကို အရပ်သား ၁၀၀ ကျော် ထိခိုက်သက်ရောက်ခဲ့တယ်လို့ သိရတယ်၊ အသေအဆုံး တော်တော်များတယ်လို့လည်း သတင်းရထားတယ်" ဟု မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ မစ်ရှင်က ထုတ်ပြန် |

4 https://burmese.dvb.no/archives/545257

5 https://burmese.dvb.no/archives/549506

6 https://burmese.dvb.no/archives/555364

7 https://www.mizzimaburmese.com/article/117819

| | | |
|---|---|---|
| ၂၅.၁၀.၂၂ | မြန်မာနိုင်ငံက ဒုက္ခသည်တွေနဲ့ ခိုလှုံခွင့် တောင်းခံလာသူတွေကို အတင်းအကြပ် ဖိအားပေး ပြန်ပို့နေတာတွေကို ရပ်တန့်ဖို့ မလေးရှားနိုင်ငံကို ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာအေဂျင်စီ (UNHCR) က ထပ်မံတောင်းဆိုလိုက်ပါတယ်။[8] | ပြီးခဲ့တဲ့ နှစ်လအတွင်းမှာ မလေးရှားကနေ မြန်မာသားတွေကို နေရပ်ပြန်ပို့တဲ့အကြိမ်ပေါင်း ၁၀၀ ကျော်ရှိခဲ့တယ်လို့ သိရကြောင်း UNHCR က ပြော |
| ၁၁.၁၁.၂၀၂၂ | သေဒဏ်ချမှတ်မှု တရားဝင်ဆိုင်းငံ့ခြင်းဆိုင်ရာ အဆိုမူကြမ်း ကုလအတည်ပြု[9] | သံအမတ်ကြီးက မြန်မာနိုင်ငံရဲ့ပြစ်မှုဆိုင်ရာဥပဒေမှာ သေဒဏ်ပေးတာကို တရားဝင် ဖျက်သိမ်းတာ မရှိသေးပေမယ့် သေဒဏ်ချမှတ်တာကို တရားဝင် ဆိုင်းငံ့တာကို ဆယ်စုနှစ်လေးခုအထိ ဆောင်ရွက်ခဲ့ပေမယ့် စစ်ကောင်စီက အာဏာသိမ်းပြီးနောက် ဒီမိုကရေစီအရေး တက်ကြွသူလေးဦးကို သေဒဏ်ပေး ကွပ်မျက်ခဲ့ကြောင်း တင်ပြခဲ့ပါတယ် |
| ၁၆.၁၁.၂၀၂၂ | မြန်မာနိုင်ငံ၌ လူနည်းစု အခွင့်အရေးကို ကာကွယ်ရန် ကုလသမဂ္ဂ တောင်းဆို [10] | ရိုဟင်ဂျာ မွတ်ဆလင်များနှင့် အခြား လူနည်းစုများ ခံစားရသည့် မြန်မာလုံခြုံရေးတပ်များနှင့် စစ်တပ်က ကျူးလွန်သော နိုင်ငံတကာဥပဒေအောက်တွင် စိုးရိမ်ဖွယ် ရာဇဝတ်မှုမြောက်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားမှုများ၏ သက်သေများကို မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်၏ တွေ့ရှိချက်များကိုလည်း ယခု ဆုံးဖြတ်ချက်တွင် သတိပေးဖော်ပြ |
| ၀၂.၁၂.၂၀၂၂ | သေဒဏ်ပေးကွပ်မျက်မှု ရပ်ဆိုင်းထားရန် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးတောင်းဆို[11] | ဒဂုံတက္ကသိုလ်ကျောင်းသား ၇ ဦးကို စစ်ကောင်စီရဲ့စစ်ခုံရုံးက နိုဝင်ဘာ ၃၀ ရက်က သေဒဏ်ချမှတ်ခဲ့ပြီး စစ်တပ်အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံမှာ လူပေါင်း ၁၃၀ ကျော်ကို သေဒဏ် ချမှတ်ခဲ့တာနဲ့ပတ်သက်လို့ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး မစ္စတာ ဖော်လ်ကာတာ့ခ်က ဒီဇင်ဘာ ၂ ရက်မှာ ထုတ်ပြန်ပြောကြားခဲ့တာပါ။ |
| ၀၂.၁၂.၂၀၂၂ | ကပ္ပလီပင်လယ်ပြင်ကို စွန့်စားဖြတ်ကူးသူ ပိုမိုများပြားလာဟု UNHCR သတိပေး[12] | အရှေ့တောင်အာရှ ရေလမ်းခရီးဟာ ကမ္ဘာ့အဆိုးရွားဆုံး ရေလမ်းကြောင်းတခုဖြစ်ပြီး အခုနှစ် ဇန်နဝါရီလနောက်ပိုင်းမှာ ကပ္ပလီ ပင်လယ်ပြင်ကို စက်လှေတွေနဲ့ ဖြတ်ကူးခဲ့သူပေါင်း ၁၉၀၀ ကျော် ရှိခဲ့ပြီလို့ အဲဒီ ထုတ်ပြန်ချက်က ဆိုပါတယ်။ ဒါဟာ ၂၀၂၀ ပြည့်နှစ်က ဖြတ်ကူးမှုတွေနဲ့ ယှဉ်ရင် ၆ ဆ ပိုများတဲ့အရေအတွက် ဖြစ်တယ်လို့ ဆိုပါတယ်။ |

8 https://burmese.dvb.no/archives/560822

9 https://tinyurl.com/2473fgaf

10 https://www.mizzimaburmese.com/article/119259

11 https://burmese.dvb.no/archives/566954

12 https://burmese.dvb.no/archives/567232

| | | |
|---|---|---|
| ၁၇.၁၂.၂၀၂၂ | မြန်မာကိုယ်စားပြုအဖြစ် ဦးကျော်မိုးထွန်းကို ဆက်လက်ထားရှိရေး ကုလအထွေထွေ ညီလာခံက ကန့်ကွက်သူမရှိ အတည်ပြု[13] | United Nations(UN)တွင် ကိုယ်စားပြုခွင့် ရရှိရန် စစ်ကောင်စီက သုံးကြိမ်တိုင်တိုင် ကြိုးစားနေသော်လည်း လက်ရှိအချိန်အထိ ကိုယ်စားပြုခွင့် မရရှိသေးပေ။ |
| ၀၃.၀၁.၂၀၂၃ | ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းပြန်လွှတ်ပေးရန် ကုလသမဂ္ဂအကြီးအကဲ ထပ်မံတောင်းဆို[14] | နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို နောက်ထပ် ချမှတ်လိုက်တဲ့ ပြစ်ဒဏ်တွေပေါ်မှာ အလွန် စိုးရိမ်စိတ်မကောင်း ဖြစ်ရကြောင်း အတွင်းရေးမှူးချုပ်က ဖော်ပြခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်၊ သမ္မတကြီးဦးဝင်းမြင့်နဲ့အတူ မြန်မာနိုင်ငံမှာ ဥပဒေမဲ့ စိတ်ထင်တိုင်း ဖမ်းဆီးခံထားရသူတွေကို ချက်ချင်းလွှတ်ပေးဖို့ ထပ်မံတောင်းဆိုလိုက်ပါတယ် |
| ၁၇.၀၁.၂၀၂၃ | ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသည် မြန်မာစစ်ကောင်စီနှင့် အမြဲတမ်း ကိုယ်စားလှယ်သံအမတ်ကို နိုင်ငံကိုယ်စားပြုခွင့် ပေးမည်မဟုတ်ဘဲ ယမန်နှစ်အတိုင်း လစ်လပ်ထားရှိမည်ဟု ထုတ်ပြန်သည်။[15] | ကုလသမဂ္ဂဌာနချုပ်၌ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် မြန်မာပြည်သူများနှင့် တသားတည်းရပ်တည်ပြီး အမျိုးသားညီညွတ်ရေးအစိုးရ NUG ကို ထောက်ခံသည့် အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်းက ဆက်လက် နေရာရရှိထားသည်။ |
| ၃၀.၀၁.၂၀၂၃ | စစ်ကောင်စီကျင်းပမည့် ရွေးကောက်ပွဲကို ကုလအတွင်းရေးမှူးချုပ် စိုးရိမ်[16] | မြန်မာပြည်သူတွေကို သူတို့ရဲ့ နိုင်ငံရေး အခွင့်အရေးတွေ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးထားတဲ့ အခြေအနေမရှိဘဲ ဆန္ဒမဲပေးပွဲလုပ်ဖို့ အဆိုပြုတာဟာ တိုင်းပြည် မတည်ငြိမ်မှုကို ပိုလို့ ဆိုးရွားစေလိမ့်မယ်လို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ ပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၃၀ ရက်မှာ ကြေညာချက်ထုတ်ပြန် |
| ၃၁.၀၁.၂၀၂၃ | NUG ကို အသိအမှတ်ပြုဖို့ ကုလအထူးကိုယ်စားလှယ် တိုက်တွန်း[17] | စစ်ကောင်စီက ၂၀၂၃ ခုနှစ်မှာ အတုအယောင် ရွေးကောက်ပွဲတရပ် ကျင်းပဖို့ စီစဉ်နေကြောင်းနဲ့ နိုင်ငံတကာအစိုးရတွေ၊ အဖွဲ့အစည်းတွေ၊ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေး အဖွဲ့တွေအနေနဲ့ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲကို နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီတာတွေ မလုပ်ဖို့ သူက တောင်းဆို |

13 https://www.mizzimaburmese.com/article/120784

14 https://burmese.dvb.no/archives/571994

15 https://www.mizzimaburmese.com/article/122828

16 https://burmese.dvb.no/archives/576275

17 https://tinyurl.com/2yole3lu

| | | |
|---|---|---|
| ၃၁.၁.၂၀၂၃ | မြန်မာ့အရေးကို နိုင်ငံတကာက ထိထိရောက်ရောက် မဖြေရှင်းနိုင်တာ ၂ နှစ် ပြည့်ပြီဟု ကုလအထူးကိုယ်စားလှယ်ပြော[18] | စစ်အာဏာရှင်တွေ သူတို့ကိုယ်သူတို့ ကျားကန်ထားနိုင်ဖို့အတွက် ပိုက်ဆံရယ်၊ လက်နက်ရယ်၊ တရားဝင်မှုရယ် ဆိုတဲ့ ၃ ခု လိုအပ်ပြီး မြန်မာနိုင်ငံသားတွေရဲ့ အမြင်မှာ ဒီစစ်အာဏာရှင်တွေဟာ တရားဝင်မှု လုံးဝမရှိဘူးလို့ ကုလသမဂ္ဂအထူးကိုယ်စားလှယ် တွမ်အန်ဒရူးစ်က ပြောပါတယ်။ |
| ၁၃.၀၃.၂၀၂၃ | မြန်မာစစ်အာဏာရှင်က ဒီမိုကရေစီရေးလှုပ်ရှားသူများကို ဖိနှိပ်ရန် လူမှုကွန်ရက်ကို လက်နက်သဖွယ် အသုံးချနေဟု ကုလပြော[19] | မြန်မာစစ်အာဏာရှင်တွေဟာ ဒီမိုကရက်တစ် အတိုက်အခံတွေကို ဖိနှိပ်ဖို့အတွက် ဆိုရှယ်မီဒီယာတွေကို လက်နက်လို အသုံးချနေပြီး အွန်လိုင်းအကြမ်းဖက်မှုတွေ ဆောင်ရွက်နေတယ်လို့ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် တွမ်အန်ဒရူးစ် အပါအဝင် ကုလသမဂ္ဂကျွမ်းကျင်သူတွေက မတ်လ ၁၃ ရက်မှာ ကြေညာချက် ထုတ်ပြန် ပြောလိုက်ပါတယ်။ |
| ၁၅.၀၃.၂၀၂၃ | စစ်ကောင်စီအပေါ် ပြည်သူတွေ လုံးဝမယုံကြည်ကြောင်း အထူးကိုယ်စားလှယ် ကုလသမဂ္ဂမှာတင်ပြ[20] | မြန်မာစစ်အာဏာရှင်လက်အောက်ခံ အမျိုးသမီးမှန်းတီးရေးသမားတွေ၊ မဘသတွေရဲ့ အွန်လိုင်းအကြမ်းဖက်မှုတွေကို တားဆီးဖို့လည်း တယ်လီဂရမ်ကို ကုလသမဂ္ဂ ကျွမ်းကျင်သူ ပညာရှင်တွေက တိုက်တွန်း |

18 https://burmese.dvb.no/archives/576521

19 https://burmese.dvb.no/archives/583386

20 https://tinyurl.com/2ecrd94r

# မြန်မာ့အရေးနှင့် စစ်လျှဉ်း၍ အာဆီယံ၏ တုန့်ပြန်ဆောင်ရွက်ချက်များ

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)သည် မြန်မာ့အရေးနှင့်ပတ်သက်၍အဖွဲ့ဝင်နိုင်ငံများကြား ညီညွတ်သောချဉ်းကပ်မှုဖြင့် ထိထိရောက်ရောက် တုန့်ပြန်ဖြေရှင်းနိုင်ခြင်းမရှိသေးသည်ကို တွေ့ရသည်။ ၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် အာဆီယံအဖွဲ့ဝင် ကိုးနိုင်ငံမှ ခေါင်းဆောင်များနှင့် မြန်မာအာဏာသိမ်း စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့သည် နိုင်ငံတွင်း အကြမ်းဖက်မှုများကို ချက်ချင်းရပ်တန့်ရေး၊ သက်ဆိုင်သူအားလုံးအကြား တွေ့ဆုံဆွေးနွေးရေး၊ အထူးသံတမန်တစ်ဦး ခန့်အပ်ရေး၊ အာဆီယံ၏ လူသားချင်းစာနာမှု အကူအညီပေးအပ်နိုင်ရေး၊ အထူးသံတမန်၏ မြန်မာနိုင်ငံခရီးစဉ်တွင် သက်ဆိုင်သူအားလုံးနှင့် တွေ့ဆုံရေး အစရှိသည့် အချက် ၅ ချက်ကို သဘောတူညီခဲ့သည်။

လက်ရှိ မြန်မာနိုင်ငံ၏ အခြေအနေမှာ တည်ငြိမ်မှုမရှိသေးဘဲ အဖွဲ့ဝင်မြန်မာ၏ အကျပ်အတည်းကို အာဆီယံအကျပ်အတည်းကို မည်သို့ဖြေရှင်းမည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရပေ။

အာဆီယံသည် မြန်မာ့အရေးကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန် ပျက်ကွက်မှုကြောင့် ကုလသမဂ္ဂ၊ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့ အပါအဝင် ကမ္ဘာ့နိုင်ငံအများအပြား၏ ဝေဖန်မှုကိုလည်း ရင်ဆိုင်နေရသည်။ အာဆီယံသည် မြန်မာစစ်အစိုးရကို ကိုင်တွယ်ရာတွင် ပျော့ပျောင်းလွန်းသကဲ့သို့ ဒုက္ခရောက်နေသည့် မြန်မာပြည်သူများအတွက် လုံလောက်သည့် ကူညီပေးမှု မရှိဟုလည်း စွပ်စွဲမှုနှင့် ရင်ဆိုင်နေရသည်။

မြန်မာစစ်အစိုးရအပေါ် အရေးယူရန် ပျက်ကွက်မှုသည် အာဆီယံ၏ အဓိက စိန်ခေါ်မှုတရပ်ဖြစ်သည်။ မြန်မာ့အကျပ်အတည်းသည် ဒေသတွင်း တည်ငြိမ်မှုကို ပျက်ပြားစေနိုင်သကဲ့သို့ အာဆီယံအဖွဲ့၏ အများယုံကြည်လေးစားခံရမှုကို ပျက်ပြားစေနိုင်သည်။ အာဆီယံအနေဖြင့် အဖွဲ့ဝင်မြန်မာ၏ အကျပ်အတည်းကိုဖြေရှင်းရန် နည်းလမ်းရှာ၍ နိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်သူများကို ထိထိရောက်ရောက် ကိုင်တွယ်ရန် ဆန္ဒရှိကြောင်း ပြသရန်လိုအပ်သည်။

မြန်မာနိုင်ငံအပေါ် အာဆီယံ၏ လုပ်ဆောင်ချက်သည် အစုအဖွဲ့အတွက် အဓိက စိန်ခေါ်မှုဖြစ်သည်။ မြန်မာနိုင်ငံရှိ အကျပ်အတည်းသည် ဒေသတွင်းမတည်မငြိမ်ဖြစ်စေရန်နှင့် အာဆီယံ၏ ယုံကြည်ကိုးစားမှုကို ပျက်ပြားစေမည့် အလားအလာရှိသည်။ အစုအဖွဲ့သည် အကျပ်အတည်းကို ဖြေရှင်းရန် နည်းလမ်းရှာရန် လိုအပ်ပြီး လူ့အခွင့်အရေး ချိုးဖောက်သူများကို ပြင်းထန်စွာ အရေးယူရန် ဆန္ဒရှိကြောင်း ပြသရန် လိုအပ်သည်။

| | | |
|---|---|---|
| ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၉ ရက် | မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်၏ ဒုတိယအကြိမ်မြန်မာနိုင်ငံခရီးစဉ်[1] | မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ် PRAK Sokhonn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒုတိယအကြိမ်အဖြစ် ၂၀၂၂ ခုနှစ် ဇွန်လ ၂၉ ရက်မှ ဇူလိုင်လ ၃ ရက်နေ့အထိ မြန်မာနိုင်ငံသို့ ၅ ရက်ကြာ လာရောက် လည်ပတ်ခဲ့သည်။ |
| ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၇ ရက် | မြန်မာနိုင်ငံတွင် အတိုက်အခံ တက်ကြွလှုပ်ရှားသူ လေးဦးကို ကွပ်မျက်ခြင်းနှင့် စပ်လျဉ်း၍ အာဆီယံဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်[2] | သေဒဏ်ချမှတ်မှုကို ပြန်လည်သုံးသပ်ရန် ကမ္ဘောဒီးယားဝန်ကြီးချုပ်၊ အာဆီယံဥက္ကဋ္ဌ ဟွန်ဆန်အပြင် အခြားသော အာဆီယံ အဖွဲ့ဝင်နိုင်ငံများက မေတ္တာရပ်ခံခဲ့သော်လည်း ဖြိုးဇေယျာသော်၊ ကျော်မင်းယု၊ လှမျိုးအောင်နှင့် အောင်သူရဇော် အပါအဝင် အတိုက်အခံ တက်ကြွလှုပ်ရှားသူလေးဦး ကွပ်မျက်ခံရမှုအား အာဆီယံက ရှုတ်ချသကဲ့သို့ အလွန်ပင် စိတ်ပျက်မိပါသည်။ |
| ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃ ရက် | ၅၅ ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် စပ်လျဉ်း၍ အဖွဲ့ဝင် စင်ကာပူနိုင်ငံ၏ ထုတ်ပြန်ချက်[3] | အာဆီယံ ဘုံသဘောတူညီချက် ၅ ရပ် အကောင်အထည်ရာတွင် တစုံတရာ တိုးတက်မှု မရှိသေးသည်ကို တွေ့ရသည်။ ၅၅ ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး မကျင်းပမီ သီတင်းတပတ်အလိုတွင် အတိုက်အခံ တက်ကြွလှုပ်ရှားသူ လေးဦးအား ကွပ်မျက်လိုက်သည့် မြန်မာစစ်တပ်အာဏာပိုင်များ၏ ဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံအတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းသော အဖြေတစ်ခု ရရှိရေးအတွက် ကြိုးပမ်းလျှက်ရှိသည့် အာဆီယံ၏ ကြိုးပမ်းချက်များကို ဆုတ်ဆိုင်းစေသည်။ ထို့အပြင် အာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်တို့၏ ကြိုးပမ်းချက်ကိုလည်း မလေးစားရာရောက်သည်။ ဤငါးချက်အကောင်အထည်ဖော်ရာတွင် တိုးတက်မှုမရှိပါက မြန်မာစစ်တပ်အာဏာပိုင်များနှင့် ဆက်လက်ထိတွေ့ဆက်ဆံပါကလည်း သိသာသည့် အကျိုးရလဒ်ရှိနိုင်မည် မဟုတ်ပေ။ မြန်မာနိုင်ငံရှိ သက်ဆိုင်သူအားလုံးနှင့် တွေ့ဆုံဆွေးနွေးနိုင်မည့် နည်းလမ်းများကို အာဆီယံက ရှာဖွေလျှက်ရှိသည်။ |

1 https://www.mfaic.gov.kh/Posts/2022-06-29-News-A-Second-Working-Visit-to-the-Republic-of-the-Union-of-Myanmar---29-June-2022----14-03-26

2 https://asean.org/asean-chairmans-statement-on-the-execution-of-four-opposition-activists-in-myanmar/

3 https://www.mfa.gov.sg/Newsroom/Press-Statements-Transcripts-and-Photos/2022/08/20220803-55th-ASEAN-Foreign-Ministers-Meeting

| | | |
|---|---|---|
| ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃ ရက် | ၅၅ ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ထုတ်ပြန်ချက်[4] | မကြာသေးမီက မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်မှုများကို အကျယ်တဝင့် ဆွေးနွေးခဲ့သည်။ အတိုက်အခံ တက်ကြွလှုပ်ရှားသူ လေးဦးကို ကွပ်မျက်ခြင်း အပါအဝင် နိုင်ငံတွင်း ကာလရှည်ကြာ နိုင်ငံရေး အကျပ်အတည်းအပေါ် စိုးရိမ်ကြောင်း ဖော်ပြခဲ့သည်။ နေပြည်တော် အာဏာပိုင်များဘက်မှ အားစိုက်ထုတ် လုပ်ဆောင်မှု မရှိသည့်အတွက် အာဆီယံ ဘုံသဘောတူညီချက် ၅ ရပ် အကောင်အထည်ဖော် ဆောင်ရွက်မှု တိုးတက်မှုမရှိသည့်အတွက် အာဆီယံအနေဖြင့် အလွန်စိတ်ပျက်လျက်ရှိသည်။ အာဆီယံသည် လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးအပ်ခြင်း အပါအဝင် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ငြိမ်းချမ်း၍ အပြုသဘောဆောင်သော နည်းလမ်းများဖြင့် ကူညီရန်အသင့်ရှိသည်။ |
| ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက် | မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှု ပိုမိုဆိုးရွားလာမှုနှင့် ပတ်သက်၍ အာဆီယံဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်[5] | အင်းစိန်ထောင်တွင် ဗုံးပေါက်ကွဲမှုနှင့် လူအသေအပျောက်များစွာ ဖြစ်ပေါ်ခဲ့သည့် ကချင်ပြည်နယ်ရှိ အရပ်သားစုဝေးမှု လေကြောင်း တိုက်ခိုက်ခံရမှု အပါအဝင် မြန်မာနိုင်ငံတွင် အကြမ်းဖက်လုပ်ရပ်များ ပိုမိုဆိုးရွားလာသည့်အတွက် အာဆီယံက အလွန်အမင်းစိုးရိမ်လျက်ရှိသည်။ သာမန်အရပ်သားပြည်သူ သေကြေ ဒဏ်ရာရရှိမှု ယခင်ထက်ပို များပြားလာသည့်အပေါ်တွင်လည်း အလွန်ပင် စိတ်မကောင်းဖြစ်မိသည်။ |

4 https://asean.org/wp-content/uploads/2022/08/Joint_Communique-of-the-55th-AMM-FINAL.pdf

5 https://asean.org/asean-chairmans-statement-on-the-recent-escalation-of-violence-in-myanmar/

| | | |
|---|---|---|
| ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် | အာဆီယံ ဘုံသဘောတူညီချက် ၅ ရပ် အကောင်အထည်ဖော်ရေးဆိုင်ရာ အာဆီယံ ခေါင်းဆောင်များ၏ သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်[6] | အကြိမ် ၄၀ နှင့် ၄၁ ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးများအတွင်း ခေါင်းဆောင်များသည် ၂၀၂၁ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သည့် အာဆီယံခေါင်းဆောင်များ အစည်းအဝေးတွင် သဘောတူညီထားသည့် အာဆီယံ ဘုံသဘောတူညီချက် ၅ ချက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေကို အကဲဖြတ်ခဲ့သည်။ ခေါင်းဆောင်များသည် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် ကျင်းပခဲ့သော ၅၅ ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးမှ အကြံပြုချက်များကိုလည်း ထည့်သွင်းစဉ်းစားခဲ့ကြသည်။ |
| ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် | အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး[7] | အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့ Siem Reap မြို့တွင် ကျင်းပသည့် ၉ ကြိမ်မြောက် အာဆီယံ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (ADMM-Plus) မှ မြန်မာစစ်တပ်မှ ခန့်အပ်ထားသည့် ကာကွယ်ရေးဝန်ကြီးအား တက်ရောက်ခွင့် ဖျက်သိမ်းခဲ့သည်။ |

6 https://asean.org/asean-leaders-review-and-decision-on-the-implementation-of-the-five-point-consensus/

7 https://english.cambodiadaily.com/politics/cambodia-blacklists-myanmar-from-an-asean-meeting-180621/

# ဥရောပသမဂ္ဂ (အီးယူ) ၏တုံ့ပြန်မှုများ

ဥရောပသမဂ္ဂ(အီးယူ) သည် စစ်တပ်အာဏာသိမ်းမှုနှင့် ဆန္ဒပြသူများနှင့် အရပ်သားများအပေါ် အကြမ်းဖက်မှုများကို ပြင်းပြင်းထန်ထန်ရှုတ်ချခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဖမ်းဆီးခံထားရသော နိုင်ငံရေးခေါင်းဆောင်များကို ချက်ခြင်းပြန်လွှတ်ပေးရန်နှင့် ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်ရောက်ရေးတို့ကို တောင်းဆိုခဲ့သည်။ အီးယူသည် အာဏာသိမ်းမှုတွင် ပါဝင်ပတ်သက်နေသည့် လူတစ်ဦးချင်းနှင့် အဖွဲ့အစည်းများအပေါ် ပစ်မှတ်ထား ပိတ်ဆို့အရေးယူမှုများ ချမှတ်ထားပြီး ခရီးသွားလာခွင့်ပိတ်ပင်ခြင်းနှင့် ပိုင်ဆိုင်မှု ရပ်ဆိုင်းခြင်းများ ပါဝင်သည်။ အာဏာသိမ်းမှုကို တုံ့ပြန်သည့်အနေဖြင့် အီးယူက မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးရေးအကူအညီများကို ပြန်လည်သုံးသပ်ရန် ကြေညာခဲ့ပါတယ်။

အီးယူသည် မြန်မာနိုင်ငံတွင် အကျပ်အတည်းအပေါ် စည်းလုံးညီညွတ်သော နိုင်ငံတကာတုံ့ပြန်မှုကို ညှိနှိုင်းဆောင်ရွက်ရန် သံတမန်ရေးရာ ကြိုးပမ်းမှုများတွင် ပါဝင်ခဲ့သည်။ ကုလသမဂ္ဂ(UN)နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) အပါအဝင် ၎င်း၏ နိုင်ငံတကာမိတ်ဖက်များနှင့် အနီးကပ်ပူးပေါင်းပြီး အကျပ်အတည်းကို ငြိမ်းချမ်းပြီး အားလုံးပါဝင်နိုင်သည့် အဖြေကို ရှာဖွေရန် ကြိုးပမ်းသည်။ အီးယူက ပါဝင်ပတ်သက်သူ အားလုံးအကြား တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် တောင်းဆိုခဲ့ပြီး ငြိမ်းချမ်းသော အသွင်ကူးပြောင်းရေးတွင် အာဆီယံအား အပြုသဘောဆောင်သော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

ထို့အပြင်အီးယူသည် လူသားချင်းစာနာမှု အကူအညီများကိုတိုးမြှင့်လိုက်ပြီး၊ကျန်းမာရေးစောင့်ရှောက်မှု၊ စားနပ်ရိက္ခာအကူအညီနှင့် အကျပ်အတည်းကြောင့် ထိခိုက်လွယ်သော လူ့အုပ်စုကို အကာအကွယ်ပေးခြင်းစသည့် မရှိမဖြစ်လိုအပ်သောဝန်ဆောင်မှုများကိုထောက်ပံ့ရန် ရံပုံငွေထောက်ပံ့ပေးခဲ့သည်။

အီးယူသည် အရပ်ဖက်အဖွဲ့အစည်းများ၊ အမှီအခိုကင်းသောမီဒီယာများနှင့်မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို ပံ့ပိုးပေးခဲ့သည်။ လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မြှင့်တင်ကာကွယ်ရန် ၎င်းတို့၏စွမ်းဆောင်ရည်ကိုမြှင့်တင်ရန် ရည်ရွယ်သည်။ အီးယူသည် စစ်အစိုးရက ဖမ်းဆီးထားသည့် သတင်းထောက်များနှင့် တက်ကြွလှုပ်ရှားသူတွေကို လွှတ်ပေးရန်ကိုလည်း တောင်းဆိုခဲ့သည်။

| နေ့စွဲ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ၁.၀၆. ၂၀၂၂ | European External Action Service (EEAS) ၏ Deputy Managing Director ဖြစ်သူ Paola Pampaloniနှင့် | လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အာဆီယံအထူးသံတမန်အနေဖြင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးနှင့် တွေ့ဆုံနိုင်ရေး အစရှိသည်တို့ကို အဓိကထားဆွေးနွေးခဲ့ကြသည်။ |
| | ဒေါက်တာခော်ဝေစိုးတို့တွေ့ဆုံခဲ့ကြသည်။[1] | |
| ၂၅၊၀၇၊ ၂၀၂၂ | မြန်မာနိုင်ငံတွင် ဒီမိုကရေစီလိုလားသူများနှင့် အတိုက်အခံ ခေါင်းဆောင်များအား ကွပ်မျက်ခြင်းနှင့် ပတ်သက်၍ ဥရောပသမဂ္ဂကိုယ်စား အထူးကိုယ်စားလှယ်၏ သဘောထားထုတ်ပြန်ချက်။[2] | မြန်မာနိုင်ငံတွင် ယခုကဲ့သို့ နိုင်ငံရေးဆိုင်ရာ သေဒဏ်ပေးကွပ်မျက်ခြင်းများသည် တရားဥပဒေစိုးမိုးရေးကို အပြီးတိုင်ဖျက်သိမ်းပြီး လူ့အခွင့်အရေးကို သိသာထင်ရှားစွာ ချိုးဖောက်ခြင်းဆီသို့ ဦးတည်နေသည့် နောက်ထပ်ခြေလှမ်းတရပ်ကို ဖော်ဆောင်နေသည်။ အဆိုပါကွပ်မျက်မှုသည် မြန်မာနိုင်ငံ၌ဆယ်စုနှစ် သုံးခုကျော်အတွင်း ပထမဆုံး သေဒဏ်ပေးကွပ်မျက်ခံရသူများ ဖြစ်ကြပြီး သေဒဏ်ပေးခြင်းကို ဖျက်သိမ်းရန် လုပ်ဆောင်လျက်ရှိသည့် ကမ္ဘာလုံးဆိုင်ရာ လုပ်ဆောင်ချက်များနှင့် ဆန့်ကျင်နေသည့် လုပ်ရပ်လည်း ဖြစ်သည်။ ဥရောပသမဂ္ဂသည် သေဒဏ်ပေးကွပ်မျက်ခြင်းကို ထာဝရရှိနေသော အခွင့်အရေးတရပ်ကို ချိုးဖောက်ရာ ရောက်သည့် လူမဆန်စွာပြုမူသော ပြစ်ဒဏ်တစ်ခုအဖြစ် သတ်မှတ်ပြီး ကန့်ကွက်ပါသည်။ သေဒဏ်ပေးကွပ်မျက်ခြင်း လုပ်ရပ်များသည် တပ်မတော်အာဏာပိုင်များက ကာကွယ်စောင့်ရှောက်ပေးရမည့် ပြည်သူများ၏ အသက်နှင့်ဂုဏ်သိက္ခာကို လေးစားမှုမရှိကြောင်း ပြသနေသည့် ပြစ်တင်ရှုတ်ချဖွယ်ကောင်းသော လုပ်ရပ်များ ဖြစ်သည်။ |
| ၂၆၊၀၇၊ ၂၀၂၂ | ဥရောပသမဂ္ဂကိုယ်စား အထူးကိုယ်စားလှယ်နှင့် ဩစတြေးလျ၊ ကနေဒါ၊ ဂျပန်၊ နယူးဇီလန်၊ နော်ဝေ၊ ကိုးရီးယား၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့၏ နိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ လိုလားသူများနှင့် အတိုက်အခံ ခေါင်းဆောင်များအား သေဒဏ်ပေး ကွပ်မျက်ခြင်းအား ပြင်းထန်စွာ ရှုတ်ချကြောင်း ပူးတွဲထုတ်ပြန် လိုက်သည်။[3] | ဒီမိုကရေစီလိုလားသူများနှင့် အတိုက်အခံခေါင်းဆောင်များကို စစ်အစိုးရက ကွပ်မျက်ခြင်းသည် စစ်အစိုးရ၏ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးကို လျစ်လျူရှုထားခြင်းကို ပိုမိုထင်ရှားစေသည့် လုပ်ရပ်များ ဖြစ်သည်။ မတရားဖမ်းဆီးခံထားရသော အကျဉ်းသားအားလုံးကို လွှတ်ပေးရန်၊ အကျဉ်းထောင်များသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပေးရန်နှင့် နောက်ထပ် အကြမ်းဖက်မှုများ မဟုတ်ဘဲ ငြိမ်းချမ်းရေးရယူရန်၊ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာဆီယံ) လက်အောက်ရှိ တာဝန်ငါးရပ်ကို ကျေပွန်ရန် ကျွန်ုပ်တို့ တိုက်တွန်းအပ်ပါသည်။ |

1 https://www.facebook.com/EUinMyanmar/photos/a.197755080374039/2248559725293554/

2 https://www.consilium.europa.eu/en/press/press-releases/2022/07/25/myanmar-burma-declaration-by-the-high-representative-on-behalf-of-the-eu-on-the-execution-of-pro-democracy-and-opposition-leaders-in-myanmar-burma/?fbclid=IwAR3CmFRI552ugLHOHEXBXLjgGykgDeB6HwXojnwuhr88Ckfb1dD8et7s-IM

3 https://www.eeas.europa.eu/eeas/myanmar-joint-statement-execution-pro-democracy-and-opposition-leaders_en?fbclid=IwAR36D4F3RdO3UwiDE7oT_CAd5Q7HNT7yjppJTuDxEQdJYFIstXp-qDROQiY

| | | |
|---|---|---|
| ၅၊၀၉၊၂၀၂၂ | ဥရောပသမဂ္ဂသည် ဒေါ်အောင်ဆန်းစုကြည်အား အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ် ထပ်မံချမှတ်ခြင်းနှင့် ပတ်သတ်ပြီးထုတ်ပြန်ခြင်း။[4] | တရားမျှတမှုမရှိသော စီရင်ချက်ကိုရှုတ်ချပါသည်။ သူမသည် စွဲချက်ပေါင်း(၁၁)ချက်ဖြင့် ထောင်ဒဏ်အနှစ်(၂၀) ချမှတ်ခံရပြီး ကျန်ရှိသည့် စွဲချက်များစွာကိုလည်း ရင်ဆိုင်နေရပါသည်။ ဥရောပသမဂ္ဂသည် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ပြန်လွှတ်ပေးရန် မြန်မာစစ်အစိုးရကို တောင်းဆိုပါသည်။ |
| ၃၀၊၀၉၊၂၀၂၂ | ဒေါ်အောင်ဆန်းစုကြည်အပေါ် စီရင်ချက်ထပ်မံချခြင်းနှင့် စပ်လျဉ်းပြီး ပြောရေးဆိုခွင့်ရှိသူ၏ သဘောထားထုတ်ပြန်ချက်[5] | နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ကို အထူးတရားရုံးမှ ထောင်ဒဏ်(၃)နှစ် ထပ်မံချမှတ်လိုက်သည်။ သူမအပေါ် အမှုစစ်ဆေးစီရင်ခြင်းများသည် နိုင်ငံရေးအရ လှုံ့ဆော်မှုသက်သက်သာဖြစ်သည်ဟု ထပ်လောင်းပြောကြားအပ်ပါသည်။ |
| ၂၄၊၁၀၊၂၀၂၂ | ကချင်ပြည်နယ်တွင် အရပ်သားပြည်သူများအား လေကြောင်းတိုက်ခိုက်မှုအပေါ် ပူးတွဲကြေညာချက် ထုတ်ပြန်ခြင်း။[6] | မြန်မာနိုင်ငံတွင်းနှင့်ဒေသတွင်း ကြုံတွေ့နေရသော အကျပ်အတည်းနှင့် မတည်ငြိမ်မှုများအတွက် စစ်အာဏာရှင်အဖွဲ့အစည်းတွင် တာဝန်ရှိကြောင်းနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေအရ အရပ်သားများကို အကာအကွယ်ပေးရမည့် ၎င်း၏တာဝန်ဝတ္တရားကို အလေးမထားကြောင်းကို ယခုဖြစ်ပွားခဲ့သော တိုက်ခိုက်မှုက အထင်အရှားပြသနေကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ |
| ၈၊ ၁၁၊ ၂၀၂၂ | ဥရောပသမဂ္ဂသည် လူပုဂ္ဂိုလ်(၁၉)ဦးနှင့် အဖွဲ့အစည်းတစ်ခုပေါ် ပြစ်ဒဏ်ခတ် ပိတ်ဆို့မှုများ ချမှတ်ကြောင်း ထုတ်ပြန်ခြင်း။[7] | လူပုဂ္ဂိုလ်(၁၉)ဦးနှင့် အဖွဲ့အစည်းတစ်ခု ပါဝင်သည့်စာရင်းသစ်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဦးကံဇော်၊ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်နှင့် တပ်မတော်(လေ)မှ အဆင့်မြင့်အရာရှိများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် တပ်မတော်နှင့် အနီးကပ်ဆက်နွယ်ပြီး ချိတ်ဆက် ပံ့ပိုးပေးလျက်ရှိသည့် ပုဂ္ဂလိကကုမ္ပဏီများမှ စီးပွားရေး ကိုယ်စားလှယ်များ ပါဝင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ |

4 https://twitter.com/JosepBorrellF/status/1566453905688612865

5 https://www.eeas.europa.eu/.../myanmar-statement...

6 https://www.facebook.com/EUinMyanmar/photos/a.197755080374039/2371300569686135/

7 https://www.consilium.europa.eu/.../myanmar-burma-eu.../

| | | |
|---|---|---|
| ၁၅၊၁၂၊ ၂၀၂၂ | အီးယူ-အာဆီယံအထိမ်းအမှတ် ထိပ်သီးအစည်းအဝေး ခေါင်းဆောင်များ၏ ပူးတွဲထုတ်ပြန်ချက်။[8] | မြန်မာနိုင်ငံတွင်း အကျပ်အတည်းအခြေအနေနှင့် စပ်လျဥ်း၍ လေးလေးနက်နက် စိုးရိမ်ပူပန်လျက်ရှိကြောင်း/ အာဆီယံထိပ်သီးအစည်းအဝေးများတွင် ချမှတ်ခဲ့သော အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် အကောင်အထည်ဖော်မှုဆိုင်ရာ ဆုံးဖြတ်ချက်အပါအဝင် အာဆီယံသဘောတူညီချက် ငါးရပ်ကိုအချိန်နှင့် တပြေးညီအကောင်အထည်ဖော်ရန်တိုက်တွန်း။ အာဆီယံဥက္ကဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးသံတမန်၏ လုပ်ငန်းရပ်များမှတဆင့် သက်ဆိုင်သူများအားလုံးနှင့် တွေ့ဆုံပြီး ယုံကြည်မှုတည်ဆောက်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လိုအပ်နေသည့် မြန်မာပြည်သူများထံ ထိရောက်စွာပေးအပ်ရေးတို့ အပါအဝင် မြန်မာပြည်သူများ၏ အကျိုးစီးပွားအတွက် ငြိမ်းချမ်းသော ဖြေရှင်းနည်းကို ပံ့ပိုးပေးနိုင်ရန် အာဆီယံ၏ ကြိုးပမ်းမှုများကို ဆက်လက်ပံ့ပိုး ကူညီသွားမည် ဖြစ်ပါသည်။ |
| ၃၀၊၁၂၊ ၂၀၂၂ | ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့ကို အပြီးသတ် စီရင်ချက်မှတ်ခြင်းနှင့် စပ်လျဥ်း၍ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ကြေညာချက်။[9] | ဤစစ်ဆေးစီရင်မှုများသည် ဥပဒေလုပ်ထုံးလုပ်နည်းကို လေးစားလိုက်နာခြင်း မရှိခဲ့ဘဲ ဒီမိုကရေစီနည်းကျ ရွေးချယ် တင်မြှောက်ထားသော ခေါင်းဆောင်များကို နိုင်ငံရေးလောကမှ ဖယ်ထုတ်ရန် လုပ်ဆောင်သည့် ကြိုးပမ်းမှုဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့သည် အလုပ်ကြမ်းသုံးနှစ် အပါအဝင် စုစုပေါင်းထောင်ဒဏ် (၃၃) နှစ်နှင့် (၁၂) နှစ် အသီးသီးကျခံရမည်ဖြစ်ပြီး ထပ်မံ၍မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို သဏ္ဌာန်ထင်ဟပ်လျက် ရှိပါသည်။ အာဆီယံသဘောတူညီချက်ငါးရပ်ဖြင့် အဆိုပြု တောင်းဆိုထားသော အားလုံးပါဝင်သည့် ဆွေးနွေးပွဲအပါအဝင် မြန်မာနိုင်ငံတွင် အကျပ်အတည်းကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေးအတွက် အာဆီယံ၏ကြိုးပမ်းအားထုတ်မှုများကို ထောက်ခံကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။ |

8 https://www.consilium.europa.eu/.../eu-asean.../

9 https://www.eeas.europa.eu/.../myanmar-statement...

| | | |
|---|---|---|
| ၁၀၂၊ ၂၀၂၃ | စစ်အာဏာသိမ်းခြင်း (၂) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ဥရောပသမဂ္ဂကိုယ်စား အဆင့်မြင့်ကိုယ်စားလှယ်၏ သဘောထားထုတ်ပြန်ချက် ။[10] | ဖေဖော်ဝါရီ (၁) ရက်၊ ၂၀၂၁ခုနှစ်တွင် မြန်မာစစ်တပ်သည် နိုင်ငံတွင် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရကို အင်အားသုံး ဖြုတ်ချခဲ့/ ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံမှပြည်သူများနှင့်အတူ အမြဲတမ်း ပြတ်ပြတ်သားသား ရပ်တည်ခဲ့ပါသည်။<br>စစ်အစိုးရ၏ အကြမ်းဖက်မှုများ တိုးမြင့်လာခြင်းနှင့် မြန်မာနိုင်ငံတဝှမ်း ကာလရှည်ကြာ ပဋိပက္ခများအဖြစ်သို့ ဆင့်ကဲပြောင်းလဲလာခြင်းသည် စိုးရိမ်ဖွယ်ရာဖြစ် ကျယ်ပြန့်သည့် ဒေသတွင်း တည်ငြိမ်ရေးအတွက် အကျိုးဆက်သက်ရောက်မှုများ ရှိနေသည်။ စစ်တပ်ကို စစ်လက်နက်ပစ္စည်းများ ရောင်းချခြင်းကို ရပ်တန့်စေရန်အတွက် လက်နက်ပိတ်ဆို့မှု အပါအဝင် နိုင်ငံတကာ၏ ကြိုတင်ကာကွယ်မှု လုပ်ငန်းရပ်များကို တိုးမြှင့်လုပ်ဆောင်ရန် ထပ်မံတောင်းဆိုလိုက်သည်။<br>သေဒဏ်ပေးမှုကို အသက်ရှင်သန်နေထိုင်ခွင့်ကို ချိုးဖောက်သည့်၊ ပြင်းထန်ရက်စက်ပြီး လူမဆန်သည့် ပြစ်ဒဏ်အဖြစ် လုံးဝဆန့်ကျင်သည်။ လူသားချင်းစာနာမှု၊ ကြားနေမှု၊ ဘက်မလိုက်မှုနှင့် လွတ်လပ်မှုတို့၏ အခြေခံမှုများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဆက်လက်ပံ့ပိုးပေးမည် ဖြစ်ပါသည်။<br>မြန်မာနိုင်ငံတွင် အကျပ်အတည်းအတွက် အာဆီယံနှင့် ကုလသမဂ္ဂ၏ ကူညီကြိုးပမ်းအားထုတ်မှုများကို ထောက်ခံပြီး မြန်မာနိုင်ငံဆိုင်ရာအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ ကို အတည်ပြုလက်ခံမှုကို ကြိုဆိုပါသည်။<br>(NUG)၊ (CRPH)၊ (NUCC)၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက် လူ့အဖွဲ့အစည်းများ အပြင် ဆိုင်သူများအားလုံး ပါဝင်သည့် နိုင်ငံရေးဖြစ်စဉ်ဖြင့် နှစ်ရှည်လများ ဖြစ်ပေါ်လျက်ရှိသည့် အကျပ်အတည်းမှ လွတ်မြောက်နိုင်စေရန်နှင့် ဒီမိုကရေစီ လုပ်ငန်းစဉ်အတွက် လမ်းကြောင်းကို ဦးတည်စေနိုင်ပါသည်။ |

10 https://www.consilium.europa.eu/.../myanmar-statement-by.../

| | | |
|---|---|---|
| ၂၁၊၀၂၊ ၂၀၂၃ | ဥရောပသမဂ္ဂမှ လူပုဂ္ဂိုလ် (၉) ဦး နှင့်အဖွဲ့အစည်း (၇) ခု အပေါ် ဆဋ္ဌမအကြိမ်မြောက် ပိတ်ဆို့အရေးယူမှုများ ချမှတ်ခြင်း။[11] | ပြစ်ဒဏ်ခတ်ပိတ်ဆို့ခြင်းခံရသူများတွင် စွမ်းအင်ဝန်ကြီးနှင့် စစ်အာဏာရှင်စနစ်၏ ဖိနှိပ်မှုကို လက်နက်ကိရိယာများနှင့် စစ်ဖက်အရပ်ဖက် နှစ်သွယ်သုံးပစ္စည်းနှင့် နည်းပညာများ(dual use goods) ပံ့ပိုးပေးသည့် ထင်ရှားသော စီးပွားရေး လုပ်ငန်းရှင်များ၊ စစ်အစိုးရနှင့် အနီးကပ် ဆက်စပ်နေသည့် မြန်မာစစ်တပ်မှ အဆင့်မြင့်အရာရှိများ ပါဝင်သည်။ ထို့အပြင် ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ဒီမိုကရေစီရေး လှုပ်ရှားသူ လေးဦးအား သေဒဏ်ပေး ကွပ်မျက်သည့် ဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးမှ နိုင်ငံရေးသမားများနှင့် အုပ်ချုပ်ရေးမှူးများနှင့် ကချင်ပြည်နယ်တွင် လေကြောင်း တိုက်ခိုက်မှုများ၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ စီးနင်းတိုက်ခိုက်ခြင်း၊ မီးရှို့မှုနှင့် စစ်တပ်မှ ကျူးလွန်သည့် လူသားဒိုင်းများ အသုံးပြုခြင်းတို့ကို ကြီးကြပ်ဆောင်ရွက် ခဲ့ကြသူများ ပါဝင်သည်။ |
| ၈၊၀၃၊ ၂၀၂၃ | အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ တွင် ဥရောပကောင်စီသည် မြန်မာ၊ ရုရှား၊ တောင်ဆူဒန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့မှ လူပုဂ္ဂိုလ်ကိုးဦးနှင့် အဖွဲ့အစည်းသုံးခုကို ဥရောပသမဂ္ဂ၏ ပိတ်ဆို့အရေးယူမှု ပြုလုပ်မည့်လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ စာရင်းတွင် ထည့်သွင်းလိုက်သည် ။[12] | ပြင်းထန်ဆိုးရွားသည့်လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အထူးသဖြင့် လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု အကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်နေသည့် ယင်းတို့၏အခန်းကဏ္ဍကြောင့် ဥရောပသမဂ္ဂသည် ပြည်ထဲရေးဒုဝန်ကြီးဗိုလ်ချုပ်တိုးရီနှင့် ထိန်းသိမ်းရေးနှင့် စစ်ကြောရေးစင်တာများ စီမံခန့်ခွဲရေးတို့အတွက် တာဝန်ရှိသော စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံးတို့ကို ပိတ်ဆို့အရေးယူရန် ဆုံးဖြတ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ |
| ၂၉၊၀၃၊ ၂၀၂၃ | ဒီမိုကရေစီလိုလားသည့် နိုင်ငံရေးပါတီများ ဖျက်သိမ်းခြင်းနှင့် ပတ်သက်၍ ဥရောပသမဂ္ဂ အဆင့်မြင့်ကိုယ်စားလှယ်၏ ပြောကြားချက်။[13] | မတ်လ(၂၈)ရက်နေ့တွင် စစ်တပ်မှခန့်အပ်ထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် နိုင်ငံရေးပါတီလေးဆယ်ကို နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့သည်။ ယင်းပါတီများထဲတွင် ၂၀၂၀ခုနှစ် နိုဝင်ဘာလ(၈) ရက်နေ့ ရွေးကောက်ပွဲတွင် မြန်မာနိုင်ငံသူနိုင်ငံသားအများစု၏ ဆန္ဒမဲဖြင့် အနိုင်ရရှိခဲ့သော နိုင်ငံရေးပါတီများပါဝင်သည်။ သို့သော်လည်း ယင်းတို့၏ နိုင်ငံရေးခေါင်းဆောင် အများအပြားသည် စစ်တပ်မှ အာဏာသိမ်းပြီးနောက် ဖမ်းဆီးခြင်းခံခဲ့ရပြီး အကျဉ်းကျခံနေဆဲဖြစ်ပါသည်။ |
| | | ဤဆုံးဖြတ်ချက်သည် ဒီမိုကရေစီနှင့် မြန်မာပြည်သူလူထု၏ ရပိုင်ခွင့်များနှင့်ဆန္ဒများကို စစ်အာဏာရှင်အစိုးရမှ မလေးစားခြင်း၏ နောက်ထပ်သရုပ်သကန်ဖြစ်ပြီး ယင်းတို့၏ အုပ်ချုပ်မှုကို ငြိမ်းချမ်းသည့် ဆန့်ကျင်မှုမှန်သမျှကို အမြစ်ပြတ်ချေမှုန်းမည့် စစ်အာဏာရှင်၏ သန္နိဋ္ဌာန်ကို ပြသနေပါသည်။ |

11 https://www.consilium.europa.eu/.../myanmar-burma-eu.../

12 https://www.consilium.europa.eu/.../violence-against.../

13 https://www.consilium.europa.eu/.../myanmar-statement-by.../

# တရုတ်၏တုံ့ပြန်မှုများ

တရုတ်မြန်မာနယ်နိမိတ်သည် ကီလိုမီတာ ၂၁၈,၅၇၄ (၁၃၇၀မိုင်) ရှည်လျားသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် သမိုင်းကြောင်းအရနီးကပ်သောဆက်ဆံရေးရှိပြီး၊ စစ်တပ်က အာဏာသိမ်းပြီးနောက် စစ်ကောင်စီနှင့် ဆက်လက် ထိတွေ့ဆက်ဆံမှု ပြုလုပ်ခဲ့သည်။ တရုတ်နိုင်ငံသည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်ရေး မူဝါဒကို ကာလရှည်ကြာ လိုက်နာခဲ့သည်။ မြန်မာနိုင်ငံအပေါ် ထားရှိသည့် အဆိုပါရပ်တည်ချက်ကိုလည်း ထိန်းထားခဲ့သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် အခြေခံအဆောက်အအုံ စီမံကိန်းများ၊ သဘာဝအရင်းအမြစ်များနှင့် စွမ်းအင်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများအပါအဝင် ထင်ရှားသောစီးပွားရေးဆိုင်ရာ အကျိုးစီးပွားများရှိပါသည်။ ၎င်း၏စီးပွားရေးအကျိုးစီးပွားများကို ကာကွယ်ရန်နှင့် နိုင်ငံတွင်းဆောင်ရွက်ဆဲ စီမံကိန်းများအတွက် တည်ငြိမ်သော အခြေအနေများကို ထိန်းသိမ်းရန်ကြိုးပမ်းခဲ့သည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့်စီးပွားရေးအရဆက်ဆံရေးကို မထိခိုက်စေရန် သတိထားဆောင်ရွက်လျှက်ရှိသည်။

တရုတ်နိုင်ငံသည် အာဏာသိမ်းစစ်ကောင်စီ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးအပါအဝင် မြန်မာနိုင်ငံရှိ မတူညီသော သက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံမှုများပြုလုပ်လျှက်ရှိသည်။ မြန်မာနိုင်ငံ၏အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရာတွင် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ ပါဝင်ပတ်သက်မှုကို တရုတ်နိုင်ငံက ထောက်ခံခဲ့သည်။ တရုတ်နိုင်ငံသည် စစ်တပ်အာဏာသိမ်းမှုနှင့် နောက်ဆက်တွဲလူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်ပြီး ခိုင်မာသော ရပ်တည်ချက်မရှိသည့်အတွက် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဝေဖန်မှုများနှင့်ရင်ဆိုင်ခဲ့ရသည်။

မြန်မာနိုင်ငံအပေါ် တရုတ်နိုင်ငံ၏ရပ်တည်ချက်ကို ၎င်း၏မဟာဗျူဟာအကျိုးစီးပွားများ၊ စီးပွားရေးထည့်သွင်း စဉ်းစားမှုများ၊ ဒေသတွင်း တက်ကြွမှုနှင့် ပိုမိုကျယ်ပြန့်သောနိုင်ငံခြားရေးမူဝါဒများအပါအဝင် အချက်များစွာဖြင့် ပုံဖော်ထားကြောင်းသတိပြုရန်အရေးကြီးပါသည်။ သို့သော်လည်း တရုတ်နိုင်ငံ၏ရပ်တည်ချက်သည် အချိန်နှင့်အမျှပြောင်းလဲလာနိုင်သည့်အခြေအနေနှင့် နိုင်ငံတကာဖိအားများအပေါ် အခြေခံ၍ ပြောင်းလဲလာနိုင်ပါသည်။

| နေ့စွဲ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ၁၊ ၀၄၊ ၂၀၂၂ | တရုတ်နိုင်ငံခြားရေးဝန်ကြီးမစ္စတာဝမ်ယီ၏ ဖိတ်ကြားချက်အရစစ်ကောင်စီနိုင်ငံခြားရေး ဝန်ကြီးဦးဝဏ္ဏမောင်လွင်သည်တရုတ်နိုင်ငံ၊ အန်းဟွေးပြည်နယ်၊ဟွမ်ရှမ်မြို့သို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့ကြောင်း စစ်ကောင်စီနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။[41] | ဆွေးနွေးပွဲတွင်ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကိုပိုမိုတိုးတက်ခိုင်မာရေး၊နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်စီမံကိန်းများကို နှစ်ဖက်အပြန်အလှန်အကျိုးရှိစေမှုအပေါ် မူတည်ပြီးအရှိန်အဟုန်မြှင့်အကောင်အထည် ဖော်သွားရေး၊ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများပိုမိုအားကောင်း လာစေရေး၊ တရုတ်နိုင်ငံ၊ ချုံချင်းမြို့၌ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်သွားရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက်ငြိမ်းချမ်း တည်ငြိမ်ရေးနှင့်ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးစသည်တို့ ဆွေးနွေး |
| ၂၇၊ ၀၆၊ ၂၀၂၂ | မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်မစ္စတာ ချန်းဟိုင်နှင့်စစ်ကောင်စီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဦးကိုကိုလှိုင်တို့ တွေ့ဆုံခဲ့ကြောင်းစစ်ကောင်စီနိုင်ငံခြားရေး ဝန်ကြီးဌာနကထုတ်ပြန်ခဲ့သည်။[42] | တရုတ်မြန်မာနှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ |
| ၃၀၊၀၆၊ ၂၀၂၂ | တရုတ်နိုင်ငံအစိုးရက မြန်မာနိုင်ငံအတွက် လှူဒါန်းသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ အာဆီယံသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနား ကျင်းပ[43] | တရုတ်နိုင်ငံသည် ယခုအချိန်ထိ မြန်မာနိုင်ငံသို့ ကာကွယ်ဆေး အလုံးရေ ၅၁ သန်း ပံ့ပိုးပေးခဲ့ပြီး ပြည်တွင်း ကာကွယ်ဆေး ပုလင်းသွင်း ထုတ်လုပ်ရေး အတွက် ကူညီခဲ့သလို ကပ်ရောဂါ တိုက်ဖျက်ရေးပစ္စည်းများ ပံ့ပိုးရေးအတွက် အစိမ်းရောင်လမ်းကြောင်း ဖွင့်လှစ်ပေးခဲ့သည် |
| ၃၊ ၀၇၊ ၂၀၂၂ | တရုတ်နိုင်ငံနိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေး ဝန်ကြီး ဝမ်ရီသည် ဇူလိုင်၃ရက်တွင် မြန်မာနိုင်ငံပုဂံမြို့၌ ကျင်းပပြုလုပ်သည့်လန်ချန်းမဲခေါင်ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ(၇)ကြိမ်မြောက်နိုင်ငံခြား ရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက် စဉ်ကာလအတွင်း မြန်မာနိုင်ငံနိုင်ငံခြားရေးဝန်ကြီး ဝဏ္ဏမောင်လွင်နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။[44] | နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်သွားရန်၊ နှစ်နိုင်ငံနယ်စပ်ဒေသတလျှောက်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးထိန်းသိမ်းရန်နှင့်နှစ်နိုင်ငံ နယ်စပ်ဂိတ်များ၌ကုန်သွယ်မှုချောမွေ့စေရေး ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်စသည့် ကိစ္စရပ်များဆွေးနွေးခဲ့ကြကြောင်းစစ်ကောင်စီ သတင်းစာက ရေးသားထားသည်။ တရုတ်နိုင်ငံအနေဖြင့်လင်ချန်းမဲခေါင်အစီအမံ အောက်တွင်လည်းမြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင် ရွက်မှုတိုးမြှင့်သွားမည်ဖြစ်ပြီး တရုတ် သမ္မတရှီကျင့်ဖျင်၏ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းစဉ် (Global Development Initiative)နှင့် ကမ္ဘာလုံးဆိုင်ရာ |

41 https://www.facebook.com/photo/?fbid=2001147813418837&set=pcb.2001148020085483

42 https://www.facebook.com/mofamyanmar/photos/a.514086435458323/2070295893170695/

43 https://xinhuamyanmar.com/mm-cn/nc-22030060016/ /photo/?fbid=5189793484429996&set=pcb.5189793717763306

44 https://www.facebook.com/mofamyanmar/videos/564033791873587

| | | |
|---|---|---|
| | | လုံခြုံရေးလုပ်ငန်းစဉ်(GlobalSecurityInitiative) တို့နှင့်ပေါင်းစပ်ကာမဲခေါင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရမည်ဖြစ်ကြောင်းပြောဆိုခဲ့သည်။ |
| ၄၊ ၀၇၊ ၂၀၂၂ | တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိ က မြန်မာဆိုင်ရာအာဆီယံ အထူးသံ ပရတ်ဆော့ခွန်း နှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံအရေး အကျပ်အတည်းဖြေရှင်းရေး အချက်သုံးချက်ကို အလေးပေးပြောကြားခဲ့သည်ဟုတရုတ်သံရုံးကထုတ်ပြန်သည်။[45] | ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဥပဒေမူဘောင်များအောက်တွင်မြန်မာနိုင်ငံ၏နိုင်ငံရေးပြန်လည်သင့်မြတ်ရေးအတွက်တရုတ်နှင့်အာဆီယံပူးတွဲလုပ်ဆောင်ရန် မျှော်လင့်ကြောင်း၊ မြန်မာနိုင်ငံရှိအဖွဲ့အစည်းအသီးသီးက ပြည်သူလူထုအကျိုးစီးပွားကိုအလေးထားပြီး အပြန်အလှန်နားလည်သည်းခံမှုများဖြင့် တည်ငြိမ်အေးချမ်းရေးကိုဖော်ဆောင်ကြရန် မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် ပြန်လည်စတင်ရေးအတွက် တရုတ်နှင့် အာဆီယံအတူတွန်းအားပေးရင်း မြန်မာနိုင်ငံအခြေအနေနှင့်ကိုက်ညီသောနိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းကိုရှာဖွေနိုင်ရန် မြန်မာ့အကျပ်အတည်းဖြေရှင်းရေးအတွက် "အာဆီယံနည်းလမ်း"ကို လက်ကိုင်စွဲ၍ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှုမရှိရေး၊ ပေါင်းစပ်ညှိနှိုင်းရေးဟူသော အခြေခံမှုဖြင့် အာဆီယံဘုံတူညီမှုငါးရပ်ကို အကောင်အထည်ဖော်ရင်း အာဆီယံ၏ စည်းလုံးညီညွတ်မှုနှင့် ဦးဆောင်မှုအခန်းကဏ္ဍကို ထိန်းသိမ်းရန် |
| ၂၅၊ ၀၇၊ ၂၀၂၂ | စစ်ကောင်စီကမြန်မာ့ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူလေးဦးကိုကွပ်မျက်ခဲ့သည့်ကိစ္စနှင့်ပတ်သတ်ပြီးတရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောခွင့်ရပုဂ္ဂိုလ် ကျောက်လီကျန်းက ပုံမှန်သတင်းစာရှင်းလင်းပွဲတွင်မှတ်ချက်ပေးပြောကြားမှု။[46] | တရုတ်နိုင်ငံအနေဖြင့်အခြားနိုင်ငံများ၏ပြည်တွင်းရေးကိုဝင်ရောက်မစွက်ဖက်သည့်မူအတိုင်းစွဲကိုင်ကျင့်သုံးလျက် ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ်ကပြောကြားခဲ့သည်။ |

45 https://burmese.narinjara.com/local-news/detail/62c2afe894b0e820480784c6

46 https://www.fmprc.gov.cn/eng/xwfw_665399/s2510_665401/2511_665403/202207/t20220725_10727739.html

| | | |
|---|---|---|
| ၂၄၊ ၁၂၊၂၀၂၂ | တရုတ်အထူးကိုယ်စားလှယ် (FPNCC)အဖွဲ့ဝင်တိုင်းရင်းသားလက်နက်ကိုင်ခုနစ်ဖွဲ့မှကိုယ်စားလှယ်များကို ယူနန်ပြည်နယ်တွင်သီးခြားစီတွေ့ဆုံခဲ့သည်။[47] | တွေ့ဆုံပွဲတွင်တရုတ်အထူးကိုယ်စားလှယ်က တရုတ်နိုင်ငံ၏လိုလားချက်ဖြစ်သည့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊တိုက်ပွဲများရှောင်ရှားရေး၊တိုက်ပွဲများအစမပြုရေး၊ အပြန်အလှန်တိုက်ခိုက်မှုများကိုတရုတ်နိုင်ငံအနေနှင့်အားမပေးကြောင်းနှင့်တိုက်ပွဲများကြောင့်ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် အတားအဆီးဖြစ်မည်ကိုစိုးရိမ်ပူပန်ကြောင်း ပြောကြားခဲ့သည်။ |
| ၂၉၊၁၂၊၂၀၂၂ | ၂၀၂၂ခုနှစ်ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်းတို့ နေပြည်တော်တွင်တွေ့ဆုံဆွေးနွေးခဲ့သည်။[48] | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးခြင်းနှင့်တရုတ်နိုင်ငံကငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်ကူညီဆောင်ရွက်ခြင်းကို ဆွေးနွေးခဲ့ကြသည်။ |
| ၂၁၊ ၀၂ ၊၂၀၂၃ | တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနအာရှရေးရာအထူးကိုယ်စားလှယ်မစ္စတာတိန့်ရှီးကျွင်းသည်ဖေဖော်ဝါရီလတတိယပတ်ထဲတွင် ဝပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) အပါအဝင်မြောက်ပိုင်းလက်နက်ကိုင်အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။[49] | ဝါရှင်တန်ဒီစီမြို့တော်တွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နိုင်ငံခြားရေးရုံး ဖွင့်ခွင့်ရသည့်ကိစ္စကို ဆွေးနွေးခဲ့ကြပြီးအဆိုပါကိစ္စနဲ့ပတ်သက်ပြီး တရုတ်ဘက်က သိပ်မကြိုက်ကြောင်း ပြောဆိုခဲ့ကြောင်းဆွေးနွေးပွဲတွင်ပါဝင်သူများကိုကိုးကားပြီး မဲခေါင်သတင်းဌာနက ဖော်ပြထားသည်။ |
| ၆၊ ၀၃ ၊၂၀၂၃ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေသည်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှအာရှရေးရာ အထူးကိုယ်စားလှယ်မစ္စတာတိန့်ရှီးကျွင်းအား နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။[50] | ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မာရေး၊ မြန်မာတရုတ်နယ်စပ်ဒေသတလျှောက် ငြိမ်းချမ်းရေး နှင့် တည်ငြိမ်ရေးကို ပိုမိုမြင့်တင်ရန်အတွက်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင်တရုတ်နိုင်ငံမှ အပြုသဘောကူညီဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များအပေါ်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့သည်။ |

47 https://www.ispmyanmar.com/burmese/ispcd-timeline2022/

48 https://cincds.gov.mm/node/20573?d

49 https://www.facebook.com/photo/?fbid=1184655408861061&set=pcb.1184655485527720

50 https://www.facebook.com/mofamyanmar/photos/a.524188071114826/2277823282417954/

# အိန္ဒိယအစိုးရ၏တုံ့ပြန်မှုများ

အိန္ဒိယနိုင်ငံသည် စစ်အာဏာသိမ်းပြီးနောက် အာဏာသိမ်းစစ်ကောင်စီနှင့် ဆက်ဆံရေး ကောင်းမွန်လျှက်ရှိပြီး သံတမန်နည်းနှင့်ဖြစ်စေ၊ စစ်ရေးနည်းဖြင့်ဖြစ်စေ စစ်ကောင်စီကို အကူ အညီပေးနေကြောင်းတွေ့မြင်နိုင်သည်။ အိန္ဒိယအစိုးရအနေဖြင့် တရားဝင်ထုတ်ပြန်ချက်မပြုလုပ် သော်လည်း စစ်ကောင်စီကို လက်နက်အင်အားဖြင့် ထောက်ပံ့သည့်အပြင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီမံကိန်းများလည်း ဆက်လက်လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။ ၂၀၂၂ ခုနှစ် ဧပြီနှင့် ဇွန်လများတွင် အိန္ဒိယ သံအမတ်ကြီးနှင့် စစ်ကောင်စီ၏ဝန်ကြီး ဦးကိုကိုလှိုင်၊ ဦးခင်ရီတို့နှင့် တွေ့ဆုံ ခဲ့ကြပြီး၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင်လည်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးနှင့် မင်းအောင်လှိုင်တို့ အကြား တွေ့ဆုံခဲ့ကြသည်။ ထို့အပြင် ၂၀၂၃ ဇန်နဝါရီလတွင်လည်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီးသည် စစ်ကောင်စီ၏ လွတ်လပ်ရေးအခမ်းအနား တက်ရောက်ခဲ့သည်ကို တွေ့ရှိရ ပါသည်။ အာဏာသိမ်း နှစ်နှစ်အတွင်းတွင် အိန္ဒိယနိုင်ငံသည် စစ်ကောင်စီကို လက်နက် ထောက်ပံ့မှု လေးကြိမ်ရှိခဲ့ကြောင်းလည်း သိရှိရသည်။

တဘက်တွင်လည်း အိန္ဒိယအစိုးရသည် နယူးဒေလီမြို့တွင် ကျင်းပရန်စီစဉ်သည့် စစ်ကောင်စီ၏ သေဒဏ်စီရင်မှု ဆန့်ကျင်ရှုတ်ချပွဲကိုလည်း ခွင့်မပြုခဲ့ပေ။ ထို့အပြင် အိန္ဒိယနိုင်ငံ ပိုင်နက်အတွင်းသို့ စစ်တပ်ပစ်ခတ်သည့် ဗုံး ၂ လုံး ကျရောက်ခဲ့သော်လည်း အိန္ဒိယအစိုးရ အနေဖြင့် ထိုကိစ္စနှင့်ပတ်သက်ပြီး စစ်ကောင်စီကို တစုံတရာတုံ့ပြန်မှု မရှိခဲ့ပေ။ ထိုကဲ့သို့ အိန္ဒိယ အစိုးရက စစ်ကောင်စီဘက် ရပ်တည်နေခြင်းနှင့်ပါတ်သက်ပြီး အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးမှ မြန်မာနိုင်ငံသည် အနီးဆုံးအိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် အိန္ဒိယအနေဖြင့် မြန်မာ စစ်ကောင်စီနှင့် ဆက်ဆံမှုကို ရှောင်လွှဲ၍ မရနိုင်ခဲ့ကြောင်း၊ အကြောင်းမှာ စနစ်တကျ စီစဉ်သော ရာဇဝတ်မှု၊ ကိုရိုနာဗိုင်းရပ်စ်နှင့် မြန်မာနိုင်ငံရှိ အိန္ဒိယသူပုန်များကဲ့သို့ နယ်စပ်ကိစ္စရပ်များ ရှိနေ၍ ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် မီဇိုရမ်အစိုးရမှ အိန္ဒိယအစိုးရကို မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ရရှိစေရေးအတွက် အိန္ဒိယအနေနှင့် ကြားဝင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောဆို ခဲ့ရာမှာ အိန္ဒိယဝန်ကြီးချုပ်မှ ထိုကဲ့သို့လုပ်ဆောင်ရန် အတတ်နိုင်ဆုံး ကြိုးစားပေးမည်ဖြစ်ကြောင်း မီဇိုရမ်ဝန်ကြီးချုပ်ထံ ပြန်လည်ဖြေကြားခဲ့ကြောင်းသိရသည်။ ၂၀၂၃ ခုနှစ်လဆန်းပိုင်းတွင် စစ်တွေ ဆိပ်ကမ်း ဆောက်လုပ်ပြီးစီးသွားပြီဖြစ်ပြီး ထိုစီမံကိန်းသည် မီဇိုရမ်အပါအဝင် တခြားပြည်နယ် များလည်း ခံစားနိုင်ကြမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးက ပြောကြားခဲ့သည်။

| နေ့စွဲ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ၀၂.၀၈.၂၀၂၂ | စစ်ကောင်စီ၏ သေဒဏ်စီရင်မှု ဆန့်ကျင်ရှုတ်ချပွဲ အိန္ဒိယအစိုးရက ခွင့်မပြု[24] | မြန်မာနိုင်ငံတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား စစ်ကောင်စီက မတရားသေဒဏ်စီရင်ခဲ့မှုကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ဆန္ဒဖော်ထုတ်ရန် စီစဉ်ခဲ့ကြသော်လည်း အိန္ဒိယအစိုးရက ခွင့်မပြုခဲ့ကြောင်း သိရသည်။ |
| ၁၄.၀၈.၂၀၂၂ | စစ်ကောင်စီနှင့် မီဇိုရမ်အစိုးရအကြား လျှို့ဝှက်ဆက်သွယ်မှု မရှိကြောင်း မီဇိုရမ်ပြည်ထဲရေးဝန်ကြီးပြော[25] | မြန်မာစစ်ကောင်စီ၏ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင် လက်မှတ်ဖြင့် ဩဂုတ်လ ၅ ရက်နေ့က ထွက်ပေါ်လာသည့် မီဇိုရမ်ရောက် စစ်ဘေးရှောင်များ နေရပ်ပြန်လည်ပို့ဆောင်ရေးနှင့် ပတ်သက်ပြီး ကာချုပ်ထံတင်ပြထားသည့် ရုံးတွင်းစာ ပေါက်ကြားပြီးနောက် စစ်ဘေးရှောင်ဒုက္ခသည်များ အကြား စိုးရိမ်မှု မြင့်တက်လာသည်ဟုလည်း သိရသည်။ |
| ၁၉.၀၈.၂၀၂၂ | မြန်မာအာဏာသိမ်းစစ်ကောင်စီနှင့် ဆက်ဆံမှုအပေါ် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ကာကွယ်ပြောဆို[26] | အနီးဆုံး အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံ ဖြစ်နေသည့်အတွက် အိန္ဒိယအနေဖြင့် မြန်မာစစ်ကောင်စီနှင့် ဆက်ဆံမှုကို ရှောင်လွှဲ၍ မရနိုင်ခဲ့ကြောင်း၊ အကြောင်းမှာ စနစ်တကျ စီစဉ်သော ရာဇဝတ်မှု၊ ကိုရိုနာဗိုင်းရပ်စ်နှင့် မြန်မာနိုင်ငံရှိ အိန္ဒိယသူပုန်များ ကဲ့သို့ နယ်စပ်ကိစ္စရပ်များ ရှိနေ၍ ဖြစ်ကြောင်း  နိုင်ငံခြားရေးဝန်ကြီး က ပြောသည်။ |
| ၁၄.၀၉.၂၀၂၂ | မြန်မာအရေး ကြားဝင်ဆောင်ရွက်ပေးရန် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ကို မီဇိုရမ်ပြည်နယ် ဝန်ကြီးချုပ် တိုက်တွန်း[27] | မီဇိုရမ်ပြည်နယ်ဝန်ကြီးချုပ်က အိမ်နီးချင်းဖြစ်သည့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ရရှိစေရေးအတွက် အိန္ဒိယအနေနှင့် ကြားဝင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောဆိုခဲ့သည်/ အိန္ဒိယ ဝန်ကြီးချုပ်ကလည်း အတတ်နိုင်ဆုံး ကြိုးစားပေးမည်ဖြစ်ကြောင်း မီဇိုရမ်ဝန်ကြီးချုပ်ထံ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ |
| ၁၂.၀၁.၂၀၂၃ | စစ်တွေဆိပ်ကမ်းအသုံးပြုရန် အသင့်ဖြစ်ပြီဟု အိန္ဒိယဝန်ကြီးပြော[28] | ဒီစီမံကိန်းမှာ သယ်ယူပို့ဆောင်ရေးခရီးစဉ်ကို စစ်တွေဆိပ်ကမ်းကနေ ပလက်ဝအထိ ရေလမ်းအတိုင်းသွားပြီး ပလက်ဝကနေ အိန္ဒိယမြန်မာနယ်စပ်ကို ကားလမ်းကနေသွားဖို့ စီစဉ်ထားတာ ဖြစ်ပါတယ်။ |

24 https://tinyurl.com/27kdnxvx

25 https://tinyurl.com/2qk8kpojhttps://tinyurl.com/2f2vwjkn

26 https://tinyurl.com/2f2vwjkn

27 https://tinyurl.com/2jgcjruj

28 https://tinyurl.com/2nklfvqe

| | | |
|---|---|---|
| ၁၈.၀၁.၂၀၂၃ | အိန္ဒိယနိုင်ငံပိုင်နက်အတွင်းသို့ ဗုံး ၂ လုံး ကျရောက်ခဲ့ကြောင်း ခေတ်ပုံသက်သေနှင့်တကွ CIC ထုတ်ပြန်[29] | လေကြောင်းတိုက်ခိုက်မှုကြောင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်အတွင်းသို့ ဗုံးကျရောက်ပေါက်ကွဲမှုများ ရှိသည်ဟု ဒေသခံများက ၎င်းတို့၏ အစိုးရကို တိုင်ကြားမှုများ ရှိခဲ့သည်။ သို့သော် အိန္ဒိယအစိုးရမှ ဝေဟင်ပိုင်နက် ကျူးကျော်မှုအပြင် ဗုံးကျရောက်ခဲ့မှုများနှင့် ပတ်သက်၍ တစုံတရာတုံ့ပြန်မှု မပြုလုပ်သည်ကို တွေ့ရသည်။ |
| ၁၉.၀၁.၂၀၂၃ | မြန်မာစစ်ကောင်စီ လက်နက်ထုတ်နိုင်ဖို့ အိန္ဒိယကုမ္ပဏီ ပံ့ပိုးနေ[30] | ကပစလို့ အတိုကောက်ခေါ်တဲ့ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေး စက်ရုံတွေကနေ မြန်မာစစ်ကောင်စီတပ် လက်နက်တွေ ထုတ်လုပ်နိုင်ဖို့ အိန္ဒိယနိုင်ငံက Tonbo Imaging ကုမ္ပဏီက ပံ့ပိုးကူညီနေတယ်လို့ မြန်မာစစ်တပ်နဲ့ စီးပွားရေးချိတ်ဆက် လုပ်ကိုင်နေသူတွေကို သုတေသနလုပ် ဖော်ထုတ်နေတဲ့ Justice for Myanmar က ထုတ်ပြန်ထားသည် |
| ၁၉.၀၃.၂၀၂၃ | ကုလအထူးကိုယ်စားလှယ် အစီရင်ခံစာကို အိန္ဒိယ တုံ့ပြန်[31] | မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် တွမ်အန်ဒရူးစ် က မတ် ၉ ရက်က တင်ပြတဲ့ အစီရင်ခံစာမှာ အိမ်နီးချင်း မြန်မာနိုင်ငံက အကြမ်းဖက်မှုနဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုကြောင့် ထွက်ပြေးလာတဲ့ ဒုက္ခသည်တွေကို တားဆီးဖို့ အိန္ဒိယအစိုးရက နည်းလမ်းရှာကြိုးပမ်းနေကြောင်း ပါဝင်ခဲ့ရာ အိန္ဒိယသံတမန် Thulasidass မှ အစီရင်ခံစာထဲက အိန္ဒိယကို ရည်ညွှန်းတဲ့ တချို့အချက်အလက်တွေဟာ အကြောင်းမဲ့ ဖြစ်နေတာမို့ စိုးရိမ်မကင်းဖြစ်ရကြောင်း၊ ဒါဟာ မြန်မာနိုင်ငံက လူ့အခွင့်အရေးအခြေအနေနဲ့ ပတ်သက်ပြီး ကုလအထူးသံရဲ့ လုပ်ပိုင်ခွင့်ထက် ကျော်လွန်ကြောင်း ပြောခဲ့သည်။ |

29 https://tinyurl.com/2njvz9ukhttps://tinyurl.com/2kelecod

30 https://tinyurl.com/2kelecod

31 https://tinyurl.com/22crdbmr

# မြန်မာ့အရေးနှင့်စပ်လျဉ်း၍ထိုင်းနိုင်ငံ၏ တုန့်ပြန်ဆောင်ရွက်ချက်များ

ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ အကျပ်အတည်းနှင့်ပတ်သက်၍ အလွန်သတိထား တုန့်ပြန်သည်ကို တွေ့ရသည်။ အိမ်နီးချင်းမြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များ ပိုမိုဆိုးရွားလာမှုအပေါ် စိုးရိမ်ကြောင်းနှင့် ပဋိပက္ခကို ငြိမ်းငြိမ်းချမ်းချမ်း အဖြေရှာရန် ထိုင်းအစိုးရက တိုက်တွန်းထားသည်။ တစ်ချိန်တည်းတွင် ထိုင်းအစိုးရသည် မြန်မာစစ်အစိုးရကို အရှိအတိုင်းဝေဖန်ရန် ပျက်ကွက်လျှက်ရှိသည်။

ထိုင်းနိုင်ငံအနေဖြင့် မြန်မာ့အရေးအပေါ် သတိထားချဉ်းကပ်နေရခြင်း အကြောင်းအရင်းတချို့ ရှိသည်။ ပထမအချက်မှာ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံနှင့် ရှည်လျားသည့် နယ်နိမိတ်ရှိနေသည့်အတွက် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျှက်ရှိသည့် လက်နက်ကိုင်ပဋိပက္ခများ ၎င်းတို့နိုင်ငံသို့ စိမ့်ဝင်လာမည်ကို စိုးရိမ်သည်။ ဒုတိယအချက်မှာ ထိုင်းစစ်တပ်သည် မြန်မာစစ်အစိုးရနှင့် နီးကပ်သောဆက်ဆံရေးထားရှိပြီး ထိုင်းအစိုးရအနေဖြင့် အဆိုပါဆက်ဆံရေးကို အထိအခိုက်မခံလိုပေ။ တတိယအချက်မှာ ထိုင်းနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် အားလျော်စွာ အိမ်နီးချင်းမြန်မာနိုင်ငံအား အာဆီယံမှ ပထုတ်စေနိုင်သည့် ရပ်တည်ချက်မျိုးကို အားပေးရန် တွန့်ဆုတ်လျှက်ရှိသည်။

အိမ်နီးချင်းမြန်မာ့အရေးကို လိုသည်ထက်ပို သတိထားတုန့်ပြန်သည့် ထိုင်းနိုင်ငံ၏ ချဉ်းကပ်မှုသည် မြန်မာပြည်သူများအပါအဝင် နိုင်ငံတချို့၏ ဝေဖန်မှုနှင့် ရင်ဆိုင်နေရသည်။ ထိုင်းအစိုးရကမူ ၎င်းတို့အနေဖြင့် မြန်မာ့ပဋိပက္ခ ဖြေရှင်းရာတွင် ၎င်းတို့အနေဖြင့် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှပါဝင်ရန် ကြိုးပမ်းလျှက်ရှိကြောင်း တုန့်ပြန်ထားသည်။

ထိုင်းနိုင်ငံအနေဖြင့် အထူးသဖြင့် အာဏာသိမ်းစစ်ကောင်စီ၏ အကြမ်းဖက်တိုက်ခိုက်မှု တစတစ ပိုမိုဆိုးရွားလာနေသည့် အိမ်နီးချင်းအရေးနှင့်ပတ်သက်၍ မည်မျှကြာ သတိထား တုန့်ပြန်နေမည်ကို မသိရပေ။

| | | |
|---|---|---|
| ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် | မြန်မာ့အရေးနှင့် စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အလွတ်သဘော အစည်းအဝေး[8] | ထိုင်းနိုင်ငံသည် အိမ်နီးချင်းမြန်မာ့အကျပ်အတည်းဖြေရှင်းရေးနှင့်ပတ်သက်၍ စိတ်ဝင်စားသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို အလွတ်သဘော တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သည်။ အဆိုပါအစည်းအဝေးသို့ မြန်မာစစ်အစိုးရ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။ ထူးခြားသည်မှာ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် စင်္ကာပူတာဝန်ရှိသူများ တက်ရောက်ခဲ့ခြင်း မရှိပေ။ |
| ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် | (၈) ကြိမ်မြောက် မြန်မာနှင့် ထိုင်းတပ်မတော်ကြား အဆင့်မြင့်ကော်မတီ အစည်းအဝေး [9] | မြန်မာအာဏာသိမ်းစစ်ခေါင်းဆောင် မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး Chalermpol Srisawat နှင့် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်ရှိ ငပလီကမ်းခြေတွင် တွေ့ဆုံခဲ့သည်။ နှစ်နိုင်ငံ တပ်မတော်ခေါင်းဆောင်များသည် နယ်စပ်လုံခြုံရေးနှင့် တည်ငြိမ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးခဲ့ကြပြီး အနာဂတ်တွင် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်တရပ် ချမှတ်ရန် သဘောတူညီခဲ့ကြသည်။ |

8 https://www.thaipbsworld.com/thailand-to-host-non-asean-meeting-on-myanmar/

9 https://www.gnlm.com.mm/8th-high-level-committee-meeting-between-myanmar-and-thai-armed-forces-held/

# အမေရိကန်၏တုံ့ပြန်မှုများ

အမေရိကန်ပြည်ထောင်စုသည် စစ်အာဏာသိမ်းပြီးကတည်းက မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြန်လည်ရရှိရေးကို တက်ကြွစွာဦးဆောင်ပါဝင်ဆောင်ရွက်နေသည့် နိုင်ငံတစ်ခုဖြစ်သည်။ အာဏာသိမ်းစစ်ကောင်စီတာဝန်ရှိသူများနှင့် ၎င်းတို့နှင့်ဆက်နွယ်သည့် စီးပွားရေးလုပ်ငန်းများကို အရေးယူပိတ်ဆို့မှုများကိုလည်း အစဉ်တစိုက် ပါဝင်လုပ်ဆောင်လျက် ရှိသည်။ မြန်မာနိုင်ငံတွင် တိုးမြင့်လာသည့်နေရပ်စွန့်ခွာရမှုများ၊ လက်နက်ကိုင်ပဋိပက္ခများနှင့် စားနပ်ရိက္ခာပိုမိုရှားပါးလာမှုများက ရှိရင်းစွဲလိုအပ်ချက်များနှင့် ပေါင်းစပ်လျက်ရှိသည့်ဒေသများအတွက် လူသားချင်းဆိုင်ရာ အကူအညီအဖြစ် အရေးပေါ်စားနပ်ရိက္ခာနှင့် အာဟာရအထောက်အပံ့များအတွက် အမေရိကန်ပြည်ထောင်စုသည် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ(USAID)မှတဆင့် အမေရိကန်ဒေါ်လာ သန်း (၅၀) ကို ထပ်မံထောက်ပံ့သွားမည်ဖြစ်ကြောင်း ၂၀၂၃ ဖေဖော်ဝါရီ ၁၅ နေ့တွင် အမေရိကန်သံရုံးကထုတ်ပြန်ခဲ့သည်။

ပိုမိုထူးခြားသည့်အချက်မှာ အာဏာသိမ်းစစ်ကောင်စီတာဝန်ရှိသူများကို ပိတ်ဆို့အရေးယူရန်နှင့် အာဏာရှင်ဆန့်ကျင်ရေးအင်အားစုများကို ကူညီထောက်ပံ့မည့် BurmaAct ဥပဒေကြမ်းကို အမေရိကန်အစိုးရ၏ အမျိုးသားကာကွယ်ရေးလုပ်ပိုင်ခွင့်အက်ဥပဒေ(NDAA)၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၂၂ ဒီဇင်ဘာလ ၇ ရက်နေ့တွင် အမေရိကန်အောက်လွှတ်တော်က မဲခွဲအတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါဥပဒေကြမ်းတွင် အမေရိကန်အစိုးရက မြန်မာနိုင်ငံတွင် အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားနေသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ(NUCC)နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)တို့ကို အားပေးထောက်ခံသွားရန်၊ စစ်ကောင်စီတာဝန်ရှိသူများနှင့် နိုင်ငံပိုင်လုပ်ငန်းများမှ အကြီးအကဲများကို ပိတ်ဆို့အရေးယူရန်၊ မြန်မာစစ်တပ်၏လူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက်အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)နှင့် လွတ်လပ်သည့်လေ့လာစုံစမ်းရေးယန္တရား(IIMM)တို့၏လုပ်ရပ်များကို အားပေးထောက်ခံသွားရန်၊ အရေးပေါ်အကူအညီလိုအပ်နေသည့်မြန်မာပြည်သူများကို လူသားချင်းစာနာမှုအကူအညီများအား စစ်ကောင်စီကို ကြားမခံပဲပေးအပ်သွားရန်၊ အရပ်ဖက်အဖွဲ့အစည်းများ၊ CDM ဝင်ရောက်လာသည့်စစ်သားများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် PDFတပ်ဖွဲ့များကို လက်နက်မဟုတ်သည့် ကူညီထောက်ပံ့မှုတွေ လုပ်ဆောင်ရန်ပါရှိသည်။

အမျိုးသားကာကွယ်ရေး လုပ်ပိုင်ခွင့်အက်ဥပဒေကို ၂၀၂၂ဒီဇင်ဘာ၂၃ ရက်နေ့တွင် အမေရိကန်သမ္မတဘိုင်ဒင်က လက်မှတ်ရေးထိုးခဲ့ပါသည်။

| နေ့စွဲ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ၁၁၊၀၅၊ ၂၀၂၂ | အာဆီယံ၏ထိပ်တန်းအဆင့် အစည်းအဝေးများတွင်မြန်မာနိုင်ငံမှ နိုင်ငံရေးနှင့် မပတ်သက်သည့် ကိုယ်စားလှယ်များကိုသာ ဖိတ်ကြားရန် ဆုံးဖြတ်သည့် အာဆီယံ၏ ဆုံးဖြတ်ချက်ကို အားပေးထောက်ခံကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဌာနပြောခွင့်ရပုဂ္ဂိုလ် နက်ဒ်ပရိုက်စ်ပြောကြားခဲ့သည်။[14] | မကြာမီ ကျင်းပမည့် အမေရိကန်-အာဆီယံ ထိပ်သီးအစည်းအဝေးတွင်လည်း အဆိုပါ လမ်းစဉ်ကို ကျင့်သုံးမည် ဖြစ်ပြီး စစ်အာဏာရှင်အဖွဲ့သည် အာဆီယံဘုံသဘောတူညီချက် ၅ ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ခြင်းနှင့် မြန်မာပြည်သူများအပေါ် အကြမ်းဖက်မှုနှင့် နှိပ်ကွပ်မှုများကို ဆက်လက်တိုးမြှင့် လုပ်ဆောင်နေခြင်းကြောင့် အဆိုပါမှုကို ဆက်လက် ကျင့်သုံးခြင်း ဖြစ်ကြောင်း အမေရိကန်သံရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ |
| ၁၃၊၀၅၊ ၂၀၂၂ | အမေရိကန်ဒုတိယနိုင်ငံခြားရေး ဝန်ကြီးရှားမန်းသည် ဒေါ်ဇင်မာအောင် အပါအဝင် NUGကိုယ်စားလှယ်များနှင့်ဝါရှင်တန် မြို့တော်တွင်တွေ့ဆုံခဲ့ပါသည်။[15] | ဒုတိယနိုင်ငံခြားရေးဝန်ကြီးက အာဏာရှင်အဖွဲ့၏ ရက်စက်ကြမ်းကြုတ်စွာ ဖြိုခွင်းမှုများကို ရင်ဆိုင်နေရသည့် မြန်မာပြည်သူများအတွက် အမေရိကန်ပြည်ထောင်စု၏ ခိုင်ခိုင်မာမာအားပေးထောက်ခံမှုနှင့်မြန်မာနိုင်ငံကိုအားလုံး ပါဝင်နိုင်သည့်ဒီမိုကရေစီလမ်းကြောင်းပေါ်ပြန်လည် ရောက်ရှိရန်ငြိမ်းချမ်းစွာဆောင်ရွက်နေကြသည့်သူများ အားလုံးကိုဆက်လက်အားပေးထောက်ခံသွားမည့် ကတိကဝတ်တို့ကိုအလေးပေးပြောကြားခဲ့ပါသည်။ |
| ၁၆၊၀၅၊ ၂၀၂၂ | အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေး၂၀၂၂ ပူးတွဲကြေညာချက်ထုတ်ပြန်ခြင်း။[16] | ၂၀၂၁ဧပြီ၂၄ တွင် ကျင်းပသည့်အာဆီယံခေါင်းဆောင်များ အစည်းအဝေးမှ အာဆီယံဘုံသဘောတူညီချက်၅ရပ်အပေါ် မြန်မာနိုင်ငံ၏ကတိကဝတ်ကိုအလေးပေးဆွေးနွေးခဲ့ကြပြီး အဆိုပါဘုံသဘောတူညီချက်၅ရပ်ကို မြန်မြန်ဆန်ဆန်နှင့် ပြည့်ပြည့်ဝဝအကောင်အထည်ဖော်ဆောင်ရန်တိုက်တွန်း ပါသည်။ သက်ဆိုင်သူအားလုံးနှင့် အပြည့်အဝတွေ့ဆုံနိုင်ရန် အတွက် စိတ်ချယုံကြည်မှုကိုတည်ဆောက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ များကို အရေးပေါ် လိုအပ်နေသူများထံသို့ ပို့ဆောင်နိုင်ရေးတို့ အတွက် မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ |
| | | ဆောင်ရွက်မှုများ အပါအဝင် မြန်မာပြည်သူများ၏ သဘောထားနှင့်အညီ ငြိမ်းချမ်းစွာ အဖြေရှာခြင်းအတွက် အာဆီယံအဖွဲ့အစည်း၏ကြိုးပမ်းအားထုတ်မှုများကို မိမိတို့ ဆက်လက်အားပေးထောက်ခံပါသည်။ ယခုကဲ့သို့ အရေးပါသည့် ကြိုးပမ်းအားထုတ်မှုတွင် ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ကောင်းကို ရရှိစေရန် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံ ဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ကုလသမဂ္ဂအတွင်းရေးမှူး ချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်တို့၏အနီးကပ် ပူးပေါင်းဆောင်ရွက်မှုကိုလည်းကြိုဆိုကြောင်းထုတ်ပြန်ချက် တွင် ဖော်ပြထားသည်။ |

14 https://tinyurl.com/2zxghb57

15 go.usa.gov/xuH93

16 https://go.usa.gov/xuMGE

| | | |
|---|---|---|
| ၂၃၊၀၅၊ ၂၀၂၂ | သမ္မတဘိုင်ဒင်နှင့် ကိုရီးယားသမ္မတ နိုင်ငံတော်သမ္မတယွန်းဆွတ်ခ်ရီးတို့၏ပူးတွဲကြေညာချက်ထုတ်ပြန်ခြင်း။[17] | သမ္မတနှစ်ဦးသည် မြန်မာနိုင်ငံအာဏာသိမ်းမှုနှင့် အရပ်သားများအပေါ် စစ်တပ်၏ ရက်စက်ကြမ်းကြုတ်သည့် တိုက်ခိုက်မှုများအပေါ် ပြတ်ပြတ်သားသား ရှုတ်ချခဲ့ကြပြီး အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရန်၊ ဖမ်းဆီးထားသူများအား ပြန်လွှတ်ပေးရန်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ တစ်နိုင်ငံလုံးသို့ အချုပ်အချယ်အကန့်အသတ်မရှိ ရောက်ရှိစေရန်နှင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ အမြန် ပြန်ရောက်ရန်တွန်းအားပေးရန်သံနိဋ္ဌာန်ပြုခဲ့ကြပါသည်။ သမ္မတနှစ်ဦးသည်အခြားနိုင်ငံများအားလည်းမြန်မာနိုင်ငံသားများအတွက် ဘေးကင်းလုံခြုံသော နားခိုရာများပေးအပ်ရန်နှင့် မြန်မာနိုင်ငံအားလက်နက်ရောင်းချမှုများတားမြစ်ရန်တို့ကို လည်း တောင်းဆိုခဲ့ကြသည်။ |
| ၂၃၊ ၀၅၊ ၂၀၂၂ | ဂျပန်ဝန်ကြီးချုပ်ကီရှီဒါနှင့် အမေရိကန်သမ္မတဘိုင်ဒင်တို့ ပူးတွဲကြေညာချက်ထုတ်ပြန်ခြင်း။[18] | ဝန်ကြီးချုပ်ကီရှီဒါနှင့်သမ္မတဘိုင်ဒင်တို့သည် မြန်မာနိုင်ငံ အာဏာသိမ်းမှုနှင့် အရပ်သားများအပေါ် စစ်တပ်၏ ရက်စက် ကြမ်းကြုတ်သည့် တိုက်ခိုက်မှုများအပေါ် ရှုတ်ချခဲ့ကြပြီး အကြမ်းဖက်မှုများချက်ချင်းရပ်တန့်ရေး၊ မတရားဖမ်းဆီး ထိန်းသိမ်းထားသူများအားပြန်လွှတ်ပေးရေး၊လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီများတစ်နိုင်ငံလုံးသို့ အချုပ်အချယ်အကန့်အသတ်မရှိရောက်ရှိစေရေးနှင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့အမြန်ပြန်ရောက်ရေး တွန်းအားပေးရန် သံနိဋ္ဌာန်ပြုခဲ့ကြပါသည်။ |
| ၂၄၊ ၀၅၊ ၂၀၂၂ | လေးပွင့်ဆိုင်ခေါင်းဆောင်များ၏ ပူးတွဲကြေညာချက်ကိုထုတ်ပြန်ခြင်း။[19] | စိုးရိမ်ဖွယ်ရာလူသားချင်းစာနာမှုဆိုင်ရာ ဆင်းရဲဒုက္ခများ ဖြစ်ပေါ်စေခဲ့ပြီး ဒေသတွင်း တည်ငြိမ်မှုဆိုင်ရာ စိန်ခေါ်မှု များကိုလည်း ဖြစ်ပွားစေသည့် မြန်မာနိုင်ငံ၏ အကြပ်အတည်း နှင့် ပတ်သက်ပြီး မိမိတို့အလွန်အမင်း စိုးရိမ်လျက်ပင် ရှိပါ သည်။ မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများကို ချက်ချင်း ရပ်တန့်ရေး၊ နိုင်ငံခြားသားများ အပါအဝင် နိုင်ငံရေးအရ ဖမ်းဆီးထိန်းသိမ်းထားသူများ အားလုံးပြန်လွှတ်ပေးရေး၊ အပြုသဘောဆောင်သည့်အပြန်အလှန်ဆွေးနွေးမှုများဖြင့် ထိတွေ့ဆက်ဆံမှုပြုလုပ်ရေး၊လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအကူအညီများရောက်ရှိရေးနှင့် ဒီမိုကရေစီ မြန်မြန် ဆန်ဆန်ပြန်လည်ဖော်ဆောင်ရေးတို့အတွက် မိမိတို့ ဆက်လက်တောင်းဆိုပါသည်။မြန်မာနိုင်ငံအတွက်အဖြေ တစ်ခုကိုဦးဆောင်ရှာဖွေလျက်ရှိသောအာဆီယံအဖွဲ့အစည်း၏ ကြိုးပမ်းအားထုတ်မှုနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စား လှယ်၏အခန်းကဏ္ဍကိုလည်းမိမိတို့ဆက်လက်အားပေး ထောက်ခံပါသည်။ အာဆီယံဘုံသဘောတူညီချက်၅ရပ်ကို မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်ဆောင်ရန်ကိုလည်း ဆက်လက်တောင်းဆိုကြောင်း ထုတ်ပြန်ချက်တွေ ဖော်ပြထားသည်။ |

17 https://go.usa.gov/xJ3P4

18 https://go.usa.gov/xJ3vY

19 https://go.usa.gov/xJxa5

| | | |
|---|---|---|
| ၆၊ ၀၆၊ ၂၀၂၂ | အတိုက်အခံခေါင်းဆောင်များကို ကွပ်မျက်ရန်မြန်မာစစ်အာဏာရှင် အဖွဲ့အစည်း၏သတင်းထုတ်ပြန်ချက် အပေါ်အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန တုံ့ပြန်ချက်[20] | ဒီမိုကရေစီလိုလားသည့်အတိုက်အခံခေါင်းဆောင်များကို ကွပ်မျက်ရန် မြန်မာစစ်အာဏာရှင်အဖွဲ့အစည်း၏ သတင်းထုတ်ပြန်ချက်သည် စစ်အာဏာရှင်အဖွဲ့အစည်းက လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဂရုမစိုက်ကြောင်း သာဓကပြလျက်ရှိပြီး အမေရိကန်ပြည်ထောင်စုက ပြင်းထန်စွာ ရှုတ်ချသည်။ မတရား ဖမ်းဆီးထိန်းသိမ်းထား သူများအားလုံးကို ပြန်လွှတ်ပေးရန် တောင်းဆိုကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် နက်ဒ်ပရိုက်စ်က ပြောကြားခဲ့သည်။ |
| ၁၇၊ ၀၆၊ ၂၀၂၂ | "ရုရှားနှင့် မြန်မာစစ်တပ်ကို ထောက်ပံ့ကူညီသည့် ကုမ္ပဏီများကို ဒဏ်ခတ်ပိတ်ဆို့အရေးယူမှု အကြောင်း ယူနိုက်တက်ကင်းဒမ်း၏ ထုတ်ပြန်ချက်ကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန် ချီးကျူး[21] | "ယူကရိန်းအပေါ်ရုရှ၏ကျူးကျော်ရန်စမှုကို ထောက်ခံ အားပေးသည့်လူပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့်အတူ မြန်မာ ပြည်သူများအပေါ် မြန်မာစစ်အာဏာရှင်အဖွဲ့အစည်းက ကြမ်းကြုတ်ရက်စက်သည့် အကြမ်းဖက်မှုများပြုလုပ်နိုင် စေရန်အထောက်အပံ့ပြုနေသည့်ကုမ္ပဏီများကို ဒဏ်ခတ် ပိတ်ဆို့အရေးယူမှုအကြောင်း ယူနိုက်တက်ကင်းဒမ်း၏ ထုတ်ပြန်ချက်ကို၏ချီးကျူးကြောင်း" အမေရိကန် နိုင်ငံခြား ရေးဝန်ကြီးအန်တိုနီဘလင်ကန်က ပြောကြားခဲ့သည်။ |
| ၂၂၊၀၆၊ ၂၀၂၂ | စစ်အာဏာရှင်အဖွဲ့အစည်း၏၂၀၂၁ ဖေဖော်ဝါရီအာဏာသိမ်းမှုမှစပြီး သတ်ဖြတ်ခံခဲ့ရသည့်အရပ်သား ပြည်သူ၂,၀၀၀ အတွက် မိမိတို့ဝမ်းနည်းပူဆွေးကြောင်း ထုတ်ပြန်ခဲ့သည်။[22] | နိုင်ငံတဝှမ်းတွင် မြန်မာပြည်သူများအပေါ် ကျူးလွန်ခဲ့သည့် စစ်တပ်၏လူမဆန်သောကြမ်းကြုတ်ရက်စက်မှုများသည် စစ်တပ်အတွင်းမှတာဝန်ရှိသူများကိုတာဝန်ယူမှုတာဝန်ခံမှု ရှိစေရေး အပူတပြင်းလိုအပ်လျက်ရှိကြောင်း မီးမောင်းထိုးပြ နေပါသည်။ အာဏာသိမ်းသည့်အချိန်မှစပြီး အမေရိကန် ပြည်ထောင်စုသည်မြန်မာစစ်တပ်၊စစ်ခေါင်းဆောင်များနှင့် ၎င်းတို့၏ဘဏ္ဍာရေးအကျိုးစီးပွားများကိုအရေးယူပိတ်ဆို့မှု များပြုလုပ်ခြင်းနှင့် နိုင်ငံတကာဘဏ္ဍာရေးစနစ်အတွင်း ၎င်းတို့ဝင်ရောက်နိုင်မှု၏ဟန့်တားရေးတို့ကို ဆောင်ရွက်ခဲ့ ပါသည်။ မိမိတို့၏မိတ်ဖက်များ၊မြန်မာပြည်သူများနှင့်အတူ ကုလသမဂ္ဂ၏မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော စုံစမ်း စစ်ဆေးမှုယန္တရား(IIMM)ကိုပံ့ပိုးကူညီခြင်းကဲ့သို့တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေးတိုးမြှင့်ဆောင်ရွက်ခြင်းကိုဆက်လက်လုပ် ဆောင်သွားမည်ဖြစ်ပြီးတဖက်မှလည်းမြန်မာနိုင်ငံကိုငြိမ်းချမ်း ရေးနှင့်ဒီမိုကရေစီလမ်းကြောင်းပေါ်ပြန်လည်ရောက်ရှိစေရန် ဆက်လက်တွန်းအားပေးသွားမည်ဖြစ်ကြောင်းထုတ်ပြန်ချက် တွင်ဖော်ပြထားသည်။ |

20 https://www.facebook.com/usembassy.rangoon/photos/a.127051360710025/5132551736826604/

21 https://www.facebook.com/usembassy.rangoon/photos/a.127051360710025/5163230857092025/

22 https://www.facebook.com/usembassy.rangoon/videos/1392319584567994

| | | |
|---|---|---|
| ၂၆၊၀၇၊ ၂၀၂၂ | ဒီမိုကရေစီလိုလားသောတက်ကြွလှုပ်ရှားသူများနှင့်ရွေးကောက်ခံခေါင်းဆောင်များကို စစ်အာဏာရှင်အဖွဲ့အစည်းကကွပ်မျက်ခဲ့ခြင်းအပေါ် အမေရိကန်ပြည်ထောင်စုမှ အပြင်းထန် ဆုံးရှုတ်ချ[23] | "မိမိတို့၏အခြေခံကျသောလွတ်လပ်ခွင့်များကိုကျင့်သုံးသည့်အတွက်ဒီမိုကရေစီလိုလားသောတက်ကြွလှုပ်ရှားသူများနှင့်ရွေးကောက်ခံခေါင်းဆောင်များဖြစ်သော ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော်တို့ကို စစ်အာဏာရှင် အဖွဲ့အစည်းက ကွပ်မျက်ခဲ့ခြင်းအပေါ် အမေရိကန်ပြည်ထောင်စုမှအပြင်းထန်ဆုံးသော ရှုတ်ချမှုဖြင့် ရှုတ်ချကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်ကပြောကြားခဲ့သည်။ |
| ၂၆ ၊၀၇၊ ၂၀၂၂ | ဒီမိုကရေစီလိုလားသည့်အတိုက်အခံခေါင်းဆောင်များကိုစစ်အာဏာရှင်အဖွဲ့အစည်းကကွပ်မျက်မှုအပေါ် ရှုတ်ချ[24] | ဥရောပသမဂ္ဂ ကိုယ်စားအဆင့်မြင့်ကိုယ်စားလှယ်နှင့် ဩစတေးလျ၊ကနေဒါ၊ဂျပန်၊နယူးဇီလန်၊နော်ဝေး၊ကိုရီးယား၊ယူနိုက်တက်ကင်းဒမ်းနှင့်အမေရိကန်နိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံတွင်ဒီမိုကရေစီလိုလားသည့် အတိုက်အခံခေါင်းဆောင်များကို စစ်အာဏာရှင် အဖွဲ့အစည်းက ကွပ်မျက်မှုအပေါ်ရှုတ်ချသည့် ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။ |
| ၂၉၊ ၀၇၊ ၂၀၂၂ | မြန်မာနိုင်ငံတွင်ဒီမိုကရေစီလိုလားသော အတိုက်အခံခေါင်းဆောင်များကိုကွပ်မျက်ခြင်းနှင့်စပ်လျဉ်း၍ဂျီ၇အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများ၏ ကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသည်။[25] | စစ်အာဏာရှင်မှလူလေးဦးကိုကွပ်မျက်ခဲ့ခြင်းအပေါ် မိမိတို့ဂျီ၇အဖွဲ့ဝင်နိုင်ငံများဖြစ်သော ကနေဒါ၊ပြင်သစ်၊ ဂျာမနီ၊အီတလီ၊ ဂျပန်၊ယူကေနှင့် အမေရိကန် ပြည်ထောင်စုတို့မှနိုင်ငံခြားရေးဝန်ကြီးများနှင့်ဥရောပသမဂ္ဂအဆင့်မြင့်ကိုယ်စားလှယ်တို့မှပြင်းထန်စွာရှုတ်ချကြောင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ |
| ၂၊၀၈၊ ၂၀၂၂ | အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဒန်နီရယ်ကျေခရစ်တင်ဘရင့်ခ်သည် အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့မှ ဦးမိုးဇော်ဦးနှင့်တွေ့ဆုံခဲ့သည်။[26] | "မြန်မာစစ်တပ်ရဲ့ဆိုးရွားတဲ့ကွပ်မျက်မှုတွေနဲ့ပတ်သက်ပြီး ကိုယ်တိုင်ကိုယ်ကျဝမ်းနည်းစိတ်မကောင်းဖြစ်ရကြောင်းပြောဆိုခွင့်ရခဲ့ပါတယ်။မြန်မာပြည်သူတွေကိုအားပေးထောက်ခံရာမှာ ဘယ်လိုတိုးမြှင့်ဆောင်ရွက်နိုင်မလဲဆိုတာကိုလည်း ဆွေးနွေးခဲ့ရပါတယ်။အများတကာမေးငေါ့အပြစ်တင်ကြတဲ့ အကြမ်းဖက်မှုတွေနဲ့နှိပ်ကွပ်မှုတွေအတွက်အာဏာရှင် အဖွဲ့အစည်းကို ဒဏ်ခတ်အရေးယူမှုတွေ မိမိတို့ဆက်လက်ပြုလုပ်သွားပါမယ်။"ဟုအမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီးဒန်နီရယ်ကျေခရစ်တင်ဘရင့်ခ်က ပြောကြားခဲ့သည်။ |
| ၈၊ ၀၈၊ ၂၀၂၂ | ၈လေးလုံးဒီမိုကရေစီလှုပ်ရှားမှု၃၄နှစ်မြောက်နှစ်ပတ်လည်နေ့အတွက် အမေရိကန်သံရုံးကထုတ်ပြန်ချက်[27] | ၈လေးလုံးဒီမိုကရေစီလှုပ်ရှားမှု၃၄နှစ်မြောက်နှစ်ပတ်လည်နေ့အတွက်ပြည်တွင်းပြည်ပအထိမ်းအမှတ်လှုပ်ရှားမှုတွေပြုလုပ်နေကြချိန်တွင်မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံရုံးက မြန်မာပြည်သူများ လိုလားတောင့်တသည့် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို လေးစားလိုက်နာရန် စစ်ကောင်စီကို တောင်းဆိုကြောင်းအမေရိကန်သံရုံးကထုတ်ပြန်သည်။ |

23 https://bit.ly/3zA2s8B

24 https://bit.ly/3cuJt63

25 https://bit.ly/3PZjWk3

26 https://www.facebook.com/usembassy.rangoon/photos/a.127051360710025/5289459864469123/

27 https://www.facebook.com/usembassy.rangoon/photos/a.127051360710025/5298551383559971/

| | | |
|---|---|---|
| ၂၀၊၀၉၊ ၂၀၂၂ | အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနသည်နိုင်ငံ တကာမှုးယစ်ဆေးဝါးနှိမ်နှင်းရေးနှင့် ဥပဒေစိုးမိုးရေးဗျူရိုမှတဆင့်ကုလသ မဂ္ဂ၏မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား(IIMM)ထံသို့ အမေရိကန်ဒေါ်လာ ၁ သန်း ထပ်မံပံ့ပိုးကူညီကြောင်း အသိပေးကြေညာခဲ့ပါသည်။ [28] | ယခုပံ့ပိုးကူညီမှုသည် ၂၀၁၁ မှစပြီး မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော အကြီးလေးဆုံး နိုင်ငံတကာရာဇဝတ်မှုများ၏ သက်သေအထောက်အထားများကို စုံစမ်းစစ်ဆေးရန်၊ စုဆောင်းထိန်းသိမ်းရန်နှင့် စီစစ်သုံးသပ်ရန် ဆောင်ရွက်ရာတွင် အကျုံးဝင်သည့် ရာဇဝတ်မှုများနှင့် စပ်လျဉ်းပြီး အရေးပါသော အချက်အလက်များ ရယူနိုင်သည့် အခွင့်အလမ်းပိုမိုကောင်းမွန်စေသကဲ့သို့ ထိခိုက်နစ်နာသူများနှင့် သက်သေများအပေါ် အကာအကွယ်ပေးနိုင်ရန် IIMM ၏ အားထုတ်ကြိုးပမ်းမှုများကိုလည်း ပိုမိုအထောက်အကူပြုပါလိမ့်မည်။ |
| ၆၊ ၁၀၊ ၂၀၂၂ | မြန်မာနိုင်ငံတွင်တရားမျှတမှုနှင့် တာဝန်ခံမှုတာဝန်ယူမှုရှိစေရန် ပစ်မှတ်ထားအရေးယူသတ်မှတ်ခြင်း ကိုထုတ်ပြန်ခဲ့ပါသည်။[29] | အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိနိုင်ငံရပ်ခြားပိုင်ဆိုင်မှုထိန်းချုပ်ရေးရုံးသည်လူပုဂ္ဂိုလ်သုံးဦးဖြစ်သည့်ဦးအောင်မိုးမြင့်၊ဦးလှိုင်မိုးမြင့်၊ဦးမျိုးသစ္စာနှင့်အတူDynastyInternationalCompanyLimitedတို့ကိုမြန်မာစစ်အာဏာရှင်အဖွဲ့အစည်းအတွက်ရုရှထုတ်စစ်လက်နက်များကိုဘီလာရုစ်မှတဆင့်ဝယ်ယူပေးရာတွင်၎င်းတို့၏အခန်းကဏ္ဍအတွက်သမ္မတ၏အမိန့်အမှတ်၁၄၀၁၄အရအရေးယူဆောင်ရွက်ခြင်းဖြစ်သည်။ |
| ၂၄၊ ၁၀၊ ၂၀၂၂ | ကချင်ပြည်နယ်တွင်အရပ်သားပြည်သူများကိုတိုက်ခိုက်မှုများအပေါ်ပူးတွဲကြေညာချက်ထုတ်ပြန်ခြင်း။[30] | အဆင်ခြင်မဲ့တိုက်ခိုက်မှုများကြောင့်အပြစ်မဲ့အရပ်သားများထိခိုက်ခြင်း၊အတိဒုက္ခခံစားရခြင်းများနိုင်ငံတဝန်းဖြစ်ပေါ်လျက်ရှိပါသည်။မြန်မာနိုင်ငံတွင်းနှင့်ဒေသတွင်းကြုံတွေ့နေရသော အကျပ်အတည်းနှင့်မတည်ငြိမ်မှုများအတွက်စစ်အာဏာရှင်အဖွဲ့အစည်းတွင်တာဝန်ရှိကြောင်းနှင့်နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေအရ အရပ်သားများကို အကာအကွယ်ပေးရမည့်၎င်း၏တာဝန်ဝတ္တရားကို အလေးမထားကြောင်းကိုယခုဖြစ်ပွါးခဲ့သောတိုက်ခိုက်မှုကအထင်အရှားပြသနေပါသည်။ |

28 https://mm.usembassy.gov/my/u-s-contribution-for-the-uns-independent-investigative-mechanism-for-myanmars-witness-protection-efforts-mm/

29 https://www.facebook.com/usembassy.rangoon/photos/a.127051360710025/5472469566168151/?paipv=0&eav=Afa7iKiiWPqE_tK8FEcGOamszS91Swj61rqxauXBDG_armCmVdYjm02nNJcTed8dsKY&_rdr

30 https://www.facebook.com/usembassy.rangoon/photos/a.127051360710025/5524550780960029/

| | | |
|---|---|---|
| ၇၊၁၁၊<br>၂၀၂၂ | မြန်မာနိုင်ငံတွင်၂၀၂၀ရွေးကောက်ပွဲ နှစ်နှစ်ပြည့်ခြင်း<br>သတင်းထုတ်ပြန်ခြင်း။ [31] | အာဏာရှင်အဖွဲ့ အစည်း၏ကြမ်းကြုတ်ရက်စက်မှုများအတွက် နောက်ဆက်တွဲအကျိုးဆက်အရေးယူမှုအစီအမံများကို အမေရိကန်ပြည်ထောင်စုကမိမိတို့၏မဟာမိတ်များ၊မိတ်ဖက်များနှင့်အတူဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ အကြမ်းဖက်မှုများ ရပ်တန့်ရန်နှင့် ပြည်သူများ၏ ဆန္ဒနှင့် ၎င်းတို့တောင်းဆိုနေကြသည့်ဒီမိုကရေစီ၊တရားဥပဒေ စိုးမိုးရေးနှင့်လူ့ဂုဏ်သိက္ခာတို့ကိုလေးစားလိုက်နာရန် အာဏာရှင်အဖွဲ့ အစည်းကိုဖိအားပေးရင်းတရားမျှတမှုနှင့် တာဝန်ခံမှု တာဝန်ယူမှုတို့ ရှိစေရန်နှင့် အာဏာရှင် အဖွဲ့ အစည်း၏ ဝင်ငွေရလမ်းနှင့် အရင်းအမြစ်များကို ပိတ်ဆို့ရန် အမေရိကန်ပြည်ထောင်စုသည် မိမိတို့၏မိတ်ဖက်များနှင့် အတူ ဆက်လက်လုပ်ဆောင် သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဂျေဘလင်ကန် ပြောကြားသည်။ |
| ၈၊၁၁၊<br>၂၀၂၂ | မြန်မာအာဏာရှင်အဖွဲ့ အစည်း၏ စစ်လေယာဉ်အဝယ်တော်များအား အရေးယူသတ်မှတ်ခြင်းသတင်းထုတ်ပြန်ခြင်း။[32] | အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနသည်မြန်မာ့စီးပွားရေး နယ်ပယ်တွင်ကာကွယ်ရေးကဏ္ဍအတွက်လုပ်ကိုင်ဆောင်ရွက်နေမှုကြောင့် Sky Aviator Company Limitedနှင့် ၎င်း၏ ပိုင်ရှင်နှင့် ဒါရိုက်တာဖြစ်သည့် ဦးကျော်မင်းဦးကို "မြန်မာနိုင်ငံ အတွင်းအခြေအနေနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်မှုများကို ထိန်းချုပ်ကန့်သတ်ခြင်း" သမ္မတအမိန့်အမှတ် ၁၄၀၁၄ အရ အရေးယူ သတ်မှတ်ခြင်းကို ဆောင်ရွက်မည်ဖြစ်သည်။ |
| ၂၂၊၁၂၊<br>၂၀၂၂ | မြန်မာနိုင်ငံအရေးနှင့်ပတ်သတ်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ၂၆၆၉ ကို အမေရိကန်ပြည်ထောင်စုက ကြိုဆိုကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဂျေ ဘလင်ကန်၏ပြောကြားချက်ကို ထုတ်ပြန်ခဲ့ပါသည်။[33] | မြန်မာနိုင်ငံအရေးနှင့်ပတ်သတ်ပြီးကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ဆုံးဖြတ်ချက် - ၂၆၆၉ ကို အမေရိကန်ပြည်ထောင်စုက ကြိုဆိုပါသည်။ ဤဆုံးဖြတ်ချက်သည်အကျပ်အတည်းကိုဖြေရှင်းရန်နှင့် မြန်မာစစ်အာဏာရှင်အဖွဲ့ အစည်းကအရပ်သားပြည်သူများကို ဖိနှိပ်ချုပ်ခြယ်မှုနှင့် အကြမ်းဖက်မှုများ တိုးမြင့်ဆောင်ရွက်လာခြင်းကို အဆုံးသတ်ရန် လုံခြုံရေးကောင်စီ၏အရေးပါသော ခြေလှမ်းတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်းမှ အကျပ်အတည်းအတွက်တရားမျှတသည့် ဖြေရှင်းမှုတစ်ခု ပေါ်ပေါက်လာစေရန်လုံခြုံရေးကောင်စီက ဆက်လက်ဆောင်ရွက် |
| | | နိုင်သည့်အရာများစွာကျန်ရှိနေပါသေးသည်။ မြန်မာနိုင်ငံတွင်အကြမ်းဖက်မှုများအဆုံးသတ်ရန်နှင့် အကျပ်အတည်းမှငြိမ်းချမ်းစွာပြန်လည်သင့်မြတ်ရေးကို ရှာဖွေရန်အာဆီယံအပါအဝင်ကုလသမဂ္ဂနှင့်နိုင်ငံတကာ မိတ်ဖက်များနှင့်အတူမိမိတို့ဆောင်ရွက်သွားရန်ဆက်လက် သံန္နိဋ္ဌာန်ချထားလျက်ရှိကြောင်းထုတ်ပြန်ချက်တွင်ဖော်ပြထား သည်။ |

31 https://mm.usembassy.gov/my/the-second-anniversary-of-the-2020-elections-in-burma-mm/

32 https://mm.usembassy.gov/my/designation-of-the-burmese-regimes-military-aircraft-suppliers-mm/

33 https://www.facebook.com/usembassy.rangoon/photos/a.127051360710025/5701527896595649/

| | | |
|---|---|---|
| ၂၃၊၁၂၊<br>၂၀၂၂ | Burma Act ပါဝင်သည့်<br>အမေရိကန်ကာကွယ်ရေးဌာန၏<br>အမျိုးသားကာကွယ်ရေးအက်ဥပဒေ<br>(NDAA) ကို သမ္မတဂျိုးဘိုင်ဒင်<br>လက်မှတ်ရေးထိုး အတည်ပြု[34] | NDAA တွင်ပါဝင်သည့် Burma Act အရ အမေရိကန်အစိုးရ<br>အသုံးစရိတ်ထဲမှ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားမှုများအတွက်<br>တစ်နှစ်လျှင် ဒေါ်လာသန်း ၅၀ နှင့် ငါးနှစ်စာချထားပေးရန်<br>လည်းကောင်း၊ ၂၀၂၃ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံကို<br>လူသားချင်းစာနာမှု အကူအညီ ဒေါ်လာ သန်း၂၂၀ ပေးရန်<br>လည်းကောင်း ပါဝင်ပြီး မြန်မာနိုင်ငံအတွက် ၂၀၂၃ ခုနှစ်မှ<br>နေ၍ ၂၀၂၇ ခုနှစ် အထိ အကူအညီများ ရရှိမည်ဖြစ်သည်။ |
| ၃၁၊၀၁၊၂၀<br>၂၃ | ၂၀၂၁ ဖေဖော်ဝါရီ ၁<br>စစ်အာဏာသိမ်းမှု၏ အကျိုးဆက်<br>အဖြစ် အသက်ဆုံးရှုံးခဲ့ရသော<br>လူပေါင်း ၂,၉၀၀ကျော်ကို ဂုဏ်ပြု<br>ကြောင်း အမေရိကန်သံရုံးက<br>ထုတ်ပြန်ခဲ့သည်။ [35] | အာဏာသိမ်းသည့်အချိန်မှစပြီးအာဏာရှင်အဖွဲ့အစည်းကို<br>၎င်းတို့ကျူးလွန်ခဲ့သည့်အကြမ်းဖက်မှုများအတွက်တာဝန်ယူမှု<br>တာဝန်ခံမှုရှိစေရန်ကြိုးပမ်းအားထုတ်ရာတွင်အမေရိကန်<br>ပြည်ထောင်စုကဦးဆောင်ပါဝင်ပြီးစစ်လက်နက်နှင့် လေယာဉ်<br>ပစ္စည်းအဝယ်တော်များအပါအဝင်လူပုဂ္ဂိုလ်များနှင့်အဖွဲ့<br>အစည်းများကို အရေးယူလျက်ရှိပါသည်။<br>ဘားမားအက်ဥပဒေပါဝင်သည့်အမျိုးသားကာကွယ်ရေး<br>လုပ်ပိုင်ခွင့်အက်ဥပဒေကို၂၀၂၂ဒီဇင်ဘာတွင်သမ္မတဘိုင်ဒင်က<br>လက်မှတ်ရေးထိုးခဲ့ပါသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး<br>အတွက်တိုက်ပွဲဝင်နေကြသည့် မြန်မာပြည်သူများကို အားပေး<br>ထောက်ခံရာတွင်မိမိတို့၏နိုင်ငံတကာမိတ်ဖက်များနှင့်အတူ<br>ဆက်လက်ဆောင်ရွက်သွားပါမည်။<br>အရပ်သားပြည်သူများအပေါ်ရက်ရက်စက်စက် အကြမ်းဖက်<br>မှုများ အဆုံးသတ်ရန်နှင့် ပြည်သူများ၏ဆန္ဒကို လေးစားရန်<br>စစ်အာဏာရှင်အဖွဲ့အစည်းကိုမိမိတို့ဆက်လက်ဖိအားပေး<br>သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ |
| ၃၁၊ ၀၁၊<br>၂၀၂၃ | မြန်မာနိုင်ငံတွင်စစ်အာဏာသိမ်းမှု<br>နှစ်နှစ်ပြည့်မြောက်ခြင်းနှင့်<br>ပတ်သတ်ပြီးနိုင်ငံခြားရေးဝန်ကြီး<br>အန်တိုနီဘလင်ကန်၏<br>သတင်းထုတ်ပြန်ချက်။[36] | ၂၀၂၁ ဖေဖော်ဝါရီ ၁ စစ်တပ်အာဏာသိမ်းခဲ့ချိန်မှစပြီး<br>လူပေါင်း ၃,၀၀၀ နီးပါး သတ်ဖြတ်ခံရခြင်း၊<br>၁၇,၀၀၀ နီးပါး ထိန်းသိမ်းခံရခြင်းနှင့် လူ၁.၅သန်းခန့်<br>နေရပ်စွန့်ခွာထွက်ပြေးရခြင်းများရှိသည်ဟုအစီအရင်ခံစာများ<br>တွင်ဖော်ပြလျက်ရှိသည့်အတိုင်းမြန်မာနိုင်ငံတွင်နိုင်ငံရေး၊<br>စီးပွားရေးနှင့်လူသားချင်းစာနာထောက်ထားမှုအကူအညီပေး<br>ရေးအကျပ်အတည်းများသည် ဆိုးဝါးလာသည်။<br>မြန်မာ့စွမ်းအင်ဝန်ကြီးဌာန၊ရေနံနှင့်သဘာဝဓါတ်ငွေ့<br>ဝန်ကြီးဌာနနှင့်မြန်မာ့လေတပ်တို့မှာအကြီးတန်းခေါင်းဆောင်<br>များအပါအဝင်လူပုဂ္ဂိုလ်ခြောက်ဦးနှင့်အဖွဲ့အစည်းသုံးခုကို<br>အမေရိကန်ပြည်ထောင်စုကယနေ့တွင်ဒဏ်ခတ်ပိတ်ဆို့အရေး<br>ယူမှုများပြုလုပ်မည်ဖြစ်ပါသည်။<br>ထို့အပြင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုလည်းမိမိ<br>တို့ဒဏ်ခတ်ပိတ်ဆို့အရေးယူသွားပါမည်။<br>မြန်မာနိုင်ငံတွင်ဒီမိုကရေစီအရေးလှုပ်ရှားမှုများကိုဆက်လက်<br>ထောက်ခံအားပေးသွားမည်ဖြစ်ပြီးငြိမ်းချမ်းရေးဖော်ဆောင်<br>ရန်နှင့်ပါတီစုံအစိုးရတစ်ရပ်ပေါ်ထွန်းလာရန်ဆက်လက်<br>ကြိုးပမ်းအားထုတ်သွားပါမည်။ |

34 https://news-eleven.com/article/242168

35 https://www.facebook.com/usembassy.rangoon/videos/728263762161844

36 https://home.treasury.gov/news/press-releases/jy1233

37 http://www.usaid.gov/humanitarian.../burma-bangladesh

| | | |
|---|---|---|
| | | ရိုဟင်ဂျာများကဲ့သို့ထိခိုက်လွယ်အသိုက်အဝန်းများကို ကာကွယ်ရန်နှင့်ပံ့ပိုးကူညီရန်ကုလသမဂ္ဂ၏မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားနှင့်အခြားသော နိုင်ငံတကာကြိုးပမ်းအားထုတ်မှုများကိုအကူအညီပေးခြင်း အပါအဝင်စစ်တပ်၏ ကြမ်းကြုတ်ရက်စက်မှုများအတွက် တာဝန်ယူမှုတာဝန်ခံမှုရှိစေရေးကိုအမေရိကန်ပြည်ထောင်စု က ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ |
| ၁၅၊၀၂၊ ၂၀၂၃ | မြန်မာပြည်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ ဒေါ်လာ သန်း ၅၀ ထပ်မံထောက်ပံ့ကြောင်း ထုတ်ပြန်ခြင်း။[37] | မြန်မာနိုင်ငံတွင်တိုးမြင့်လာသည့်နေရပ်စွန့်ခွာရမှုများ၊ လက်နက်ကိုင်ပဋိပက္ခများနှင့်စားနပ်ရိက္ခာပိုမိုရှားပါးလာမှု များကရှိရင်းစွဲလိုအပ်ချက်များနှင့်ပေါင်းစပ်လျက်ရှိသည့် ဒေသများအတွက်လူသားချင်းဆိုင်ရာအကူအညီအဖြစ် အရေးပေါ်စားနပ်ရိက္ခာနှင့်အာဟာရအထောက်အပံ့များ အတွက်အမေရိကန်ပြည်ထောင်စုသည်အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ(USAID)မှတဆင့်အမေရိကန် ဒေါ်လာသန်း၅၀ကို ထပ်မံထောက်ပံ့သွားပါမည်။ |
| ၄၊ ၀၃၊ ၂၀၂၃ | အမေရိကန်ကူးသန်းရောင်းဝယ်ရေး က မြန်မာနိုင်ငံတွင် ဗိုကုန်ထိန်းချုပ်မှု အသစ်များကို လုပ်ဆောင်နေပြီး စစ်တပ်အာဏာသိမ်းမှုနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြသူများအပေါ် အကြမ်းဖက်မှုများကို တုံ့ပြန်သည့် အနေဖြင့် အမည်ပျက် စာရင်းသွင်းမှု များကိုလည်း ထပ်တိုးခဲ့သည်။[38] | မြန်မာစစ်အာဏာရှင်အဖွဲ့အစည်းကိုစောင့်ကြည့်ရေး နည်းပညာများဖြည့်ဆည်းပေးခြင်းဖြင့်အာဏာရှင် အဖွဲ့အစည်းကမြန်မာနိုင်ငံအတွင်းမှလူပုဂ္ဂိုလ်များကို ခြေရာခံခြင်း၊စီစစ်ဖော်ထုတ်ခြင်းနှင့်လူ့ခွင့်အရေးချိုးဖောက်မှု များကျူးလွန်ခြင်းတို့ကိုဆောင်ရွက်နိုင်စေခဲ့သည့်အဖွဲ့အစည်း သုံးခုကိုအမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဒဏ်ခတ်ပိတ်ဆို့မှုစာရင်းတွင်ထည့်သွင်းခဲ့ပါသည်။ |
| ၂၄၊၀၃၊ ၂၀၂၃ | မြန်မာစစ်အာဏာရှင်အဖွဲ့အစည်း၏ ကြမ်းကြုတ်ရက်စက်မှုများအတွက် လေယာဉ်လောင်စာဆီအဝယ်တော် များနှင့်စစ်တပ်ခရိုနီများကို အမေရိကန်ပြည်ထောင်စုမှ ထပ်တိုးဒဏ်ခတ်ပိတ်ဆို့အရေးယူမှု များပြုလုပ်မည်ဖြစ်ကြောင်းအမေရိ ကန်နိုင်ငံခြားရေးဝန်ကြီးအန်တိုနီဂျေ ဘလင်ကန်ပြောကြား။[39] | လူပုဂ္ဂိုလ်နှစ်ဦးနှင့်လုပ်ငန်းအဖွဲ့အစည်းခြောက်ခုကို မိမိတို့အရေးယူသတ်မှတ်မှုများပြုလုပ်မည်ဖြစ်သည်။ အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဦးထွန်းမင်းလတ်၊ ၎င်း၏ဇနီးဒေါ်ဝင်းမင်းစိုးနှင့်ဦးထွန်းမင်းလတ်ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်မှုအောက်တွင်ရှိသည့် လုပ်ငန်းအဖွဲ့ အစည်းသုံးခုတို့ကိုဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများပြုလုပ်မည် ဖြစ်သည်။ |
| ၃၀၊၀၃၊၂၀ ၂၃ | မြန်မာနိုင်ငံတွင် နိုင်ငံရေးပါတီများ ဖျက်သိမ်းမှုသတင်းထုတ်ပြန်ချက်[40] | မြန်မာစစ်အာဏာရှင်အဖွဲ့အစည်း၏ ထိန်းချုပ်မှု အောက်တွင် ရှိသည့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် နိုင်ငံရေးပါတီ၄၀ ကို ဖျက်သိမ်းရန် ဆုံးဖြတ်ခြင်းအပေါ် မိမိတို့ ပြင်းထန်စွာ ရှုတ်ချပါသည်။ |

38 https://tinyurl.com/USDC20230304MM

39 https://www.facebook.com/usembassy.rangoon/photos/a.127051360710025/5985775141504255

40 https://www.facebook.com/usembassy.rangoon/photos/a.127051360710025/6003020326446403/

# ဂျပန်အစိုးရ၏ တုံ့ပြန်မှုများ

ဂျပန်အစိုးရအနေဖြင့် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ၂၀၂၂ ခုနှစ်အတွင်း လူသားချင်းစာနာမှုအကူအညီများ ဆက်လက်ပေးအပ်ခဲ့သကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွလှုပ်ရှားသူများ တောင်းဆိုထားသည့်အတိုင်း စစ်တပ်နှင့်ပူးပေါင်းကာ စစ်တပ်အရာရှိများအား သူ့နိုင်ငံတွင် စစ်ပညာသင်ပေးခြင်းများကို ရပ်တန့်ခဲ့သည်။ ထို့အပြင် ဖားကန့် လေကြောင်းတိုက်ခိုက်မှုကို ရှုတ်ချခဲ့သည့်အပြင် စစ်ကောင်စီက ရွေးကောက်ပွဲပြုလုပ်ရန် ပြင်ဆင်နေချိန်တွင် NLD ကို နိုင်ငံရေးပါတီမှ ထပ်မံဖယ်ထုတ်ခြင်းကိုလည်း စိုးရိမ်ကြောင်းနှင့် ပြည်သူလူထုအပေါ် အကြမ်းဖက်လုပ်ရပ်တွေကိုချက်ချင်းရပ်ဆိုင်းရန်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ထိန်းသိမ်းခံထားရတဲ့ ပုဂ္ဂိုလ်တွေကို ပြန်လွှတ်ပေးရန်၊ ဒီမိုကရေစီနည်းလမ်းကျတဲ့ နိုင်ငံရေးစနစ် အမြန်ဆုံးပြန်လည်ရရှိစေရေး လက်တွေ့ကျသည့် လုပ်ငန်းစဉ်များကို ဖော်ဆောင်သွားရန်လည်း စစ်အုပ်စုကို တိုက်တွန်းထားသည်။

ဂျပန်နိပ္ပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာဆာဆာကာဝါကလည်း ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရန်အတွက် စစ်ကောင်စီနှင့် AA အကြားနားလည်မှုဖြင့် ရပ်တန့်ထားသော တည်ငြိမ်မှုကာလကို ဆက်လက် ထိန်းသိမ်းထားကြရန် ပြောခဲ့သည်။

| | | |
|---|---|---|
| | ထုတ်ပြန်[32] | ပြန်လည်ထူထောင်ခြင်းဖြင့် အခြေအနေများကို ငြိမ်းချမ်းစွာ ဖြေရှင်းရေးအတွက် သစ္စာရှိရှိ လုပ်ဆောင်ရန် ဂျပန်နိုင်ငံမှ စစ်ကောင်စီအား ထပ်မံ တိုက်တွန်းထားသည်။ |
| ၁၀.၀၈.၂၀၂၂ | မြန်မာနှင့် စစ်သင်တန်းပေးရေး အစီအစဉ်ကို ဂျပန်အစိုးရအနေဖြင့် ချက်ချင်း ရပ်တန့်သင့်ပြီး စစ်သင်တန်း ပေးခဲ့သူများသည် စစ်ဥပဒေ ချိုးဖောက်သော စစ်ဆင်ရေးများ၌ ပါဝင်ခြင်း ရှိမရှိကို စုံစမ်းစစ်ဆေးသင့်ကြောင်း HRW က တိုက်တွန်း[33] | ဂျပန်နိုင်ငံတွင် စစ်သင်တန်း တက်ရောက်ခဲ့သည့် မြန်မာစစ်တပ် ဗိုလ်ချုပ်တစ်ဦးသည် တိုင်းရင်းသားလူနည်းစုဒေသများ၌ ကြီးလေးသော မတော်မတရား ဖိနှိပ်ခြင်းများတွင် ပါဝင်ပတ်သက်မှုရှိသော ဒေသဆိုင်ရာ ကွပ်ကဲမှု၌ အဆင့်မြင့်အရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည် |
| ၁၉.၀၈.၂၀၂၂ | ဂျပန်အစိုးရအနေနဲ့ မြန်မာနိုင်ငံအပေါ် ယခင်ချုပ်ဆိုထားတဲ့ အိုဒီအေကူအညီ အပါအဝင် လူသားချင်းစာနာထောက်ထားမှု အစီအစဉ်တွေကို ဆက်လက် ပေးအပ်မယ်လို့ ပြောကြား[34] | ဆန္ဒပြသူတွေဟာ ဂျပန်နိုင်ငံအနေနဲ့ အကူအညီတွေကို NUG အမျိုးသားညီညွတ်ရေးအစိုးရထံ ဆက်သွယ်ဆောင်ရွက်ပေးအပ်ရေး အပါအဝင် အိုဒီအေ ရပ်ဆိုင်းရေး တောင်းဆိုစာကို ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာန အရာရှိတွေက တဆင့် ဂျပန်အစိုးရဆီ ပေးအပ်ခဲ့ကြသည်။ |
| ၂၀.၀၉.၂၀၂၂ | အကြမ်းဖက်စစ်ကောင်စီအရာရှိများ ဂျပန်တွင် ပညာသင်ခွင့် ရပ်ဆိုင်းမည်[35] | စစ်ကောင်စီအနေနဲ့ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလမှာ အာဏာသိမ်းပြီး မြန်မာပြည်သူတွေကို အကြမ်းဖက်တာတွေအပေါ် သတိပေးချက်တွေကို လျစ်လျူရှုပြီး ပြီးခဲ့တဲ့ ဇူလိုင်လမှာ ဒီမိုကရေစီရေးလှုပ်ရှားသူ ၄ ယောက်ကို ကွပ်မျက်ခဲ့တဲ့အတွက် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်တာတွေနဲ့ ဖလှယ်တာတွေ ဆက်လုပ်ဖို့ မသင့်တော်ဘူးလို့ ဆုံးဖြတ်လိုက်ကြောင်း ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူကပြော |
| ၂၅.၁၀.၂၀၂၂ | ဖားကန့် လေကြောင်းတိုက်ခိုက်မှုအပေါ် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ရှုတ်ချ၊ အကြမ်းဖက်လုပ်ရပ် ချက်ချင်းရပ်ရန် တောင်းဆို[36] | ပြည်သူလူထုအပေါ် အကြမ်းဖက်လုပ်ရပ်တွေကို ချက်ချင်းရပ်ဆိုင်းဖို့၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ထိန်းသိမ်းခံထားရတဲ့ ပုဂ္ဂိုလ်တွေကို ပြန်လွှတ်ပေးဖို့၊ ဒီမိုကရေစီနည်းလမ်းကျတဲ့ နိုင်ငံရေးစနစ် အမြန်ဆုံး ပြန်လည်ရရှိစေရေး လက်တွေ့ကျတဲ့ လုပ်ငန်းစဉ်တွေကို ဖော်ဆောင်သွားဖို့လည်း မြန်မာစစ်အုပ်စုကို တိုက်တွန်းထားတာပါ။ |
| ၂၃.၀၁.၂၀၂၃ | ဂျပန်ဆောက်လုပ်ရေးကုမ္ပဏီ မြန်မာစစ်အာဏာရှင်ကို ထောက်ပံ့ကူညီနေဟု HRW ထုတ်ပြန်[37] | ရန်ကုန်က ပဲခူးမြစ်ကူးတံတား ဆောက်လုပ်ရေး စီမံကိန်းအတွက် ၂၀၂၂ ခုနှစ် ဇူလိုင်လကနေ နိုဝင်ဘာလအတွင်း Yokogawa ကော်ပိုရေးရှင်းကနေ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းကို အမေရိကန်ဒေါ်လာ |

32 https://yktnews.com/2022/07/25216/

33 https://tinyurl.com/2lw77yes

34 https://tinyurl.com/2q968wxp

35 https://tinyurl.com/2lsufw88

36 https://tinyurl.com/2bqsjmp3

| | | |
|---|---|---|
| | | ၁ ဒသမ ၃ သန်းကျော် လွှဲပြောင်းပေးခဲ့တာကို တွေ့ရှိရတယ်လို့ HRW က ပြော |
| ၀၄.၀၂.၂၀၂၃ | ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရန် အတွက် နှစ်ဖက်တပ်များအကြား နားလည်မှုနှင့် ရပ်တန့်ထားသော တည်ငြိမ်မှုကာလကို ဆက်လက် ထိန်းသိမ်းထားကြရန် ဂျပန်နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာဆာဆာကာဝါက ပြောကြား[38] | ဒေါက်တာဆာဆာကာဝါသည် ဖေဖော်ဝါရီလ ၄ ရက်နေ့က ရခိုင်ပြည်နယ်သို့ တတိယအကြိမ်မြောက် လာရောက်သောခရီးစဉ်၌ ရက္ခိုင့်တပ်တော်(AA)၏ နိုင်ငံရေးမှူး ဦးခိုင်ဦးလှုစောနှင့်တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း |
| ၂၃.၀၃.၂၀၂၃ | NLD ကို နိုင်ငံရေး လုပ်ငန်းစဉ်မှ ထပ်မံဖယ်ထုတ်ခြင်းကို စိုးရိမ်ကြောင်း ထုတ်ပြန်[39] | နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် NLD ခေါင်းဆောင်များကို အမြန်ဆုံး လွှတ်ပေးရန်နှင့် သက်ဆိုင်ရာ ပါတီများအားလုံး ပါဝင်သည့် နည်းလမ်းဖြင့် ငြိမ်းချမ်းသော ဖြေရှင်းမှုဆီသို့ ဦးတည်သည့် လမ်းကြောင်းကို ပြသရန် ဂျပန်အစိုးရက မြန်မာအစိုးရကို အလေးအနက် တိုက်တွန်းထားသည်။ |

37 https://tinyurl.com/2z5q9gqz

38 https://tinyurl.com/2b9btewc

39 https://tinyurl.com/2e6z9rfp

# အပတ်စဉ်သတင်း သုံးသပ်ချက်များ

“

၂၆ ယောက်တောင်သတ်ဖူးတယ်၊
ဘယ်လိုသတ်ဖူးလဲလို့ လူကို...
သေနတ်နဲ့ ပစ်သတ်တာ ရှိတယ်...
ကျနော်ကတော့ လည်ပါလှီးခဲ့တယ်...
အဲလို လည်လှီးတာကတော့ အများကြီးပဲ။

”

# လူသတ်ရာဇဝတ်ကောင်များ၏ ဖွင့်ဟဝန်ခံချက် (အမှတ်စဉ် ၅၉)

## နိဒါန်း

စစ်အာဏာသိမ်းကာလအတွင်း တရားမျှတမှုသည် အာဏာသိမ်းစစ်အုပ်စု၏ လုယူထိန်းချုပ်ခြင်းခံထားရပြီး မတရားသော အမိန့်ညွှန်ကြားချက်များ၊ စေခိုင်းမှုများကြောင့် နိုင်ငံတဝှမ်းလုံးတွင် လူသားမဆန်၊ ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို နေ့စဉ်နှင့်အမျှ မြင်တွေ့ကြားသိနေရပါသည်။

“၂၆ ယောက် သတ်ခဲ့တယ် ” ခေါင်းစဉ်ဖြင့် ဇွန်လ ၁၈ ရက်၊ RFA သတင်းမှတ်တမ်းသည် အာဏာသိမ်းစစ်အုပ်စုနှင့် အစေအပါးတသိုက်၏ အရပ်သားပြည်သူများအပေါ် ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ မီးရှို့ခြင်း စသည့် လူသားမဆန်သော အကြမ်းဖက်လုပ်ရပ်များကို ထင်ရှားစွာ မြင်သာစေခဲ့ပါသည်။

ယခုတစ်ပတ် Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် ဆိုခဲ့ပါ သတင်းမှတ်တမ်းကို အခြေပြုကာ သုံးသပ်တင်ပြသွားပါမည်။

ဖြစ်စဉ်

စစ်ကိုင်းတိုင်း အရာတော်မြို့နယ်အတွင်းရှိ ဒေသခံတစ်ဦးမှ စသည်။ စစ်ကောင်စီတပ်သားများ၏ ကျကျန်ရစ်ခဲ့သော Oppo အမျိုးအစား မိုဘိုင်းဖုန်းတစ်လုံးကို ကောက်ယူရရှိခဲ့သည်။ ထို့နောက် ဖုန်းအတွင်းရှိ ဖုန်းပိုင်ရှင်ကိုယ်တိုင် ရိုက်ကူးထားသော ရုပ်သံဗွီဒီယိုဖိုင်များနှင့် ဓာတ်ပုံမှတ်တမ်းကို RFA သတင်းဌာနသို့ပေးပို့ခဲ့သည့်အတွက် ဇွန် ၁၈ ရက်တွင် "၂၆ ယောက် သတ်ခဲ့တယ်" ခေါင်းစဉ်ဖြင့် သတင်းဖော်ပြခဲ့သည်။

သတင်းမှတ်တမ်းအတွင်း စစ်ကောင်စီတပ်သား သုံးဦးသည် ၎င်းတို့ကျူးလွန်ခဲ့သော အရပ်သားပြည်သူများအား သတ်ဖြတ်ခဲ့ပုံများကို မြိန်ရေရှက်ရေဖြင့် စမြုံ့ပြန်ကာ အောက်ပါအတိုင်း အပြန်အလှန် ပြောဆိုနေကြသည်ကို တွေ့ရသည်။

"၂၆ ယောက် သတ်ခဲ့တာ" ... "လူတွေကို ဘယ်လိုသတ်ဖူးလဲ" ... "ဟိုဒင်းကိုက" ... "၂၆ ယောက်တောင် သတ်ဖူးတယ်၊ ဘယ်လိုသတ်ဖူးလဲလို့ လူကို" ... "သေနတ်နဲ့ ပစ်သတ်တာ ရှိတယ်" ... "ကျနော်ကတော့ လည်ပါလှီးခဲ့တယ်" ... "အဲလို လည်လှီးတာကတော့ အများကြီးပဲ" ။

လက်မောင်းတွင် နှစ်ရစ်ဖြင့် တပ်ကြပ်အဆင့်ရှိသူ စစ်ကောင်စီ၏ အစေအပါးနှင့် ကိုယ်တိုင်ရိုက်ကူးနေသည့် စစ်ကောင်စီတပ်သားတို့ အပြန်အလှန် မေးမြန်းပြောဆိုနေကြခြင်းဖြစ်သည်။ အရပ်သားပြည်သူများအပေါ် ဖမ်းဆီးသတ်ဖြတ်ခဲ့သည့် ၎င်းတို့၏ လူသားမဆန်သော လုပ်ရပ်များကို ယင်းတို့အပြန်အလှန်ပြောဆိုထားသည့် ရုပ်သံဗွီဒီယိုဖိုင်သည် ၉ မိနစ်ခွဲခန့်ကြာမြင့်ကြောင်း RFA သတင်းမှတ်တမ်းက ဆိုပါသည်။ ထို့အပြင် စစ်ကောင် စီတပ်သား၏ ဖုန်းအတွင်းမှ အခြားသော ဓာတ်ပုံမှတ်တမ်း ၁၄၄ ပုံကိုလည်း ရရှိထားသည်ဟု ဆိုပါသည်။

ဆိုခဲ့ပါရုပ်သံဗွီဒီယိုကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရေဦးမြို့နယ် မုံတိုင်ပင်ရွာအနောက်ဘက် သုံးမိုင်ခန့်အကွာရှိ ပုဏ္ဏကား(အရှေ့)ပင်စည်ရွာ အ.ထ.ကခွဲကျောင်းတွင် ၂၀၂၂ ခုနှစ် မေ ၁၂ ရက်တွင် ရိုက်ကူးထားခြင်းဖြစ်ကြောင်း အကြမ်းမဖက်ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)ပြုလုပ်ထားသည့် ကပ္ပတိန်ဇီးရိုး ခေါ် ဗိုလ် ကြီးခန့်ကိုက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ဇွန် ၁၈ ရက် ည ၇ နာရီ ၄၆ မိနစ်တွင် ရေးသားဖော်ပြခဲ့သည်။

မေလ ၁၂ ရက်က ပုဏ္ဏကားရွာမှ ဒေသခံရွာသား (၄၀) ဦးကို ဖမ်းဆီးထားခဲ့ပြီး အသက် ၂၆ နှစ်အရွယ် ကိုအောင်မျိုးထက်ဆိုသူကို သတ်ဖြတ်ကာ ခန္ဓာကိုယ်အား (၃)ပိုင်း ပိုင်းပြီး စာသင်ကျောင်း၏ တောင်ဘက်တွင် သဲဖြင့်ဖုံးထားခဲ့ကြောင်း CDM စစ်သား ဗိုလ်ကြီးခန့်ကိုက ဆိုပါသည်။

RFA ၏ သတင်းမှတ်တမ်းအရ သတင်းဌာနမှ ရရှိထားသည့် ဓာတ်ပုံမှတ်တမ်း ၁၄၄ ပုံအနက်မှ ပုံတချို့ကိုဖော်ပြခဲ့ရာ ဘုန်းကြီးကျောင်းဝန်းတစ်ခုအတွက် အရပ်သားပြည်သူ ၃၀ ခန့်အား လက်ပြန်ကြိုးတုတ်ကာ ထိုင်ခိုင်းထားသည်ကို တွေ့ရသကဲ့သို့ မျက်လုံးများအား ပုဆိုးစဖြင့်



စည်းကာ ဦးခေါင်းနောက်စေ့မှ သေနတ်ဖြင့် ပစ်သတ်ခံထားရသည့် အရပ်သား ၅ ဦး၏ ရုပ်အလောင်းများအား ဖုန်းဖြင့်မှတ်တမ်းတင်နေသည့် စစ်ကောင်စီတပ်သားအား မြင်တွေ့ရပါသည်။ ထို့အပြင် အရပ်သားတစ်ဦးအား ဓားဖြင့် ရင်ဘတ်ကိုထောက်ကာ စစ်မေးနေသည့် ဓာတ်ပုံကိုလည်း တွေ့ရပါသည်။ မိုဘိုင်းဖုန်းအတွင်းရှိ ဓာတ်ပုံမှတ်တမ်းပါ ရက်စွဲများအရ ဖုန်းပိုင်ရှင်စစ်ကောင်စီတပ်သားသည် ၂၀၂၂ ခုနှစ် ဧပြီ ၁၃ ရက်မှ ဇွန်လ ၈ ရက်အတွင်း ရိုက်ကူးထားသည်ကို တွေ့ရပါသည်။

## ဆက်စပ်သတင်းမှတ်တမ်းများ

၂၀၂၂ခုနှစ် မေလဆန်းပိုင်းစတင်ကာ စစ်ကြောင်း နှစ်ကြောင်းဖြင့် ထိုးစစ်ဆင်ဝင်ရောက်လာသည့် စစ်ကောင်စီတပ်သားများသည် မေ ၁၀ ရက်နေ့တွင် ရေဦးမြို့နယ် မုံတိုင်ပင်ရွာအတွင်း ပစ်ခတ်ဝင်ရောက်လာသဖြင့် ဒေသခံရွာသူရွာသားများ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရာ မပြေးနိုင်ဘဲ ကျန်ရစ်ခဲ့သည့် ဒေသခံအရပ်သား ၅၀ ကျော်ကို ဖမ်းဆီးထားသည်။ မေလ ၁၂ ရက်တွင်တော့ အမျိုးသမီးနှင့် ကလေးငယ် ၂၀ ကျော်ကို ပြန်လွှတ်ပေးခဲ့သည်။ ရွာသား ၃၀ ဦးကျော်ကို ဆက်လက်ဖမ်းဆီးထားပြီး မုံတိုင်ပင်ရွာကို မီးရှို့ဖျက်ဆီးကာ ထွက်ခွာသွားကြောင်း သိရသည်။

စစ်ကောင်စီတပ်သားများ ထွက်ခွာသွားသည့်အတွက် ကျေးရွာအတွင်း မီးလောင်နေသည့် နေအိမ်များအား မီးငြိမ်းသတ်ရန် ဒေသခံရွာသားများ ပြန်လာချိန်တွင်တော့ နေအိမ် ၂၉ လုံး မီးလောင်ပျက်စီးသွားသည့်အပြင် မီးလောင်ကျွမ်းနေသည့် ရုပ်အလောင်း ၃၁ လောင်းကို တွေ့ရှိခဲ့ရသည်။ ရေဦးမြို့နယ် ဒေသခံတစ်ဦးက DVB သတင်းဌာနကို ယခုလိုပြောဆိုထားပါသည်။

"မုံတိုင်ပင်ရွာမှာတော့ လူနေအိမ် ၂၉ လုံးမီးလောင်သွားတယ်။ မုံတိုင်ပင်ရွာထဲက အခု

လက်ရှိ ရှာလို့ရတဲ့အခြေအနေက ပထမနေ့မှာ ၁၇ ဦး၊ လက်နက်ကြီးထိတာ ၂ ဦး၊ ၁၃ ရက်နေ့မှာ ထပ်ရှာတော့ ၁၂ ဦးထပ်တွေ့တယ်။ စုစုပေါင်း ၃၁ ဦးတွေ့ပါတယ်။ သေဆုံးသူတွေဟာ ဘယ်သူတွေဆိုတာ အတည်မပြုနိုင်သေးဘူး" ။

၂၀၂၂ ခုနှစ် မေလ ၄ ရက်မှ ၁၃ လရက်အထိ ၁၀ ရက်တာအတွင်း ရေဦးမြို့နယ်ထဲမှ အင်ပင်ရွာတွင် အိမ်ခြေ ၁၂ လုံး၊ ဆီဆုံရွာတွင် နေအိမ် ၇ လုံး၊ ပေကြီးရွာတွင် နေအိမ် ၇၅ လုံး၊ နောကုန်းရွာတွင် အိမ် ၉ လုံး၊ ချမ်းသာရွာတွင် အိမ် ၂၁ လုံး၊ သံသည်ရွာတွင် အိမ် ၂ လုံးနှင့်မုံတိုင်ပင်ရွာတွင် အိမ် ၂၉လုံး စုစုပေါင်း အရပ်သားပြည်သူပိုင် နေအိမ်ပေါင်း ၁၁၅ လုံးအထိ စစ်ကောင်စီတပ်သားများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရပါသည်။ ထို့အပြင် ၂၀၂၂ ခုနှစ် ဧပြီလအတွင်းတွင်လည်း ရေဦးမြို့နယ်အတွင်းရှိ ကျေးရွာအနီးတဝိုက်၊ မြစ်ချောင်းဘေး၊ ကားလမ်းဘေး၊ ရထားသံလမ်းဘေး စသည့် နေရာများတွင် သတ်ဖြတ်ခံထားရသည့် ရုပ်အလောင်းပေါင်း ၆၀ ကျော်အထိ တွေ့ရှိခဲ့ပြီး သယ်ယူသင်္ဂြိုလ်ပေးခဲ့ရကြောင်း ပုညကုသလလူမှုကူညီရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက KNG သတင်းဌာနကို ပြောဆိုထားပါသည်။

## သုံးသပ်တင်ပြချက်

စစ်အာဏာသိမ်းကာလအတွင်း စစ်အာဏာရှင်အမြစ်ပြုတ်ချေမှုန်းရေးအတွက် ဦးတည်တိုက်ပွဲဝင်နေကြသော မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးအင်အားစုများ၏ စစ်ကိုင်းတိုင်းအတွင်းရှိ ခုခံတော်လှန်စစ်သည် ၂၀၂၂ ခုနှစ် မေလကုန်အထိ တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၂၇၉ ရက်အထိ ရှိခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အာဏာသိမ်း စစ်ကောင်စီတပ်အား ခုခံတော်လှန်စစ်အရှိန်အပြင်းဆုံး ဒေသဖြစ်ကြောင်း မိမိတို့ BNI – Myan mar Peace Moni-tor က မှတ်တမ်းပြုထားပါသည်။

ယင်းသို့ ခုခံတော်လှန်စစ်အရှိန်အပြင်းထန်ဆုံး ဒေသဖြစ်သည်နှင့်အတူ အာဏာသိမ်းစစ်ကောင်စီတပ်များ၏ လူသားမဆန်သော သတ်ဖြတ်မှုများ၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ ရွာလုံးကျွတ်မီးရှို့ဖျက်ဆီးမှုများ၊ အရပ်သားများ ဖမ်းဆီးကာ လူသားဒိုင်းအဖြစ် အသုံးပြုမှုဖြစ်စဉ်များအပြင် လေကြောင်းမှ ပုံးကြဲတိုက်ခိုက်မှု များကိုပါ အကြိမ်ကြိမ် ကျူးလွန်လုပ်ဆောင်လျက်ရှိပါသည်။ Data For Myanmar ၏ ၂၀၂၂ ခုနှစ် မေလ ၃၁ ရက်အထိ မှတ်တမ်းအရ စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ် ၂၇ခုတွင် အရပ်သားပြည်သူပိုင် နေအိမ်ပေါင်း ၁၃၈၃၇ လုံးအထိ မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း သိရပါသည်။

စစ်ကောင်စီတပ်သားများ တစ်နည်းအားဖြင့် လူသတ်ရာဇဝတ်ကောင်များ၏ ၎င်းတို့ကိုယ်တိုင်ကျူးလွန်ခဲ့သော သတ်ဖြတ်မှုများအတွက် ဖွင့်ဟဝန်ခံချက်သည် အာဏာသိမ်းစစ်အုပ်စုနှင့်အစေအပါးတသိုက်၏ ရက်စက်ကြမ်းကြုတ်မှုများကို ပေါ်လွင်စေသည်။

ထို့ကြောင့် အထက်တွင်ဖော်ပြခဲ့သော စစ်ကောင်စီတပ်သားများ တစ်နည်းအားဖြင့် လူသတ်ရာဇဝတ်ကောင်များ၏ ၎င်းတို့ကိုယ်တိုင်ကျူးလွန်ခဲ့သော သတ်ဖြတ်မှုများအတွက် ဖွင့်ဟဝန်ခံချက်သည် အာဏာသိမ်းစစ်အုပ်စုနှင့် အစေအပါးတသိုက်၏ ရက်စက်ကြမ်းကြုတ်မှုများကို ပေါ်လွင်စေသည်။

"ငါဖမ်းတဲ့ကောင်ကို ငါသတ်တာ၊ အဲဒါ..ဆာဂျင်ကြီးက သုံးပိုင်းလောက်ပိုင်းပြီး မြေမြှုပ်ခဲ့ပါဦးတဲ့" ဆိုသော စစ် ကောင်စီလက်အောက်ခံ နစ်ရစ်တပ်ကြပ်တစ်ဦး၏ ပြောစကားကို ထောက်ရှုကြည့်ပါက အာဏာသိမ်းစစ်အုပ်စု သည် ၎င်းတို့အား ဆန့်ကျင်သည်ဖြစ်စေ၊ မဆန့်ကျင်သည်ဖြစ်စေ ၎င်းတို့၏ ပြုမှုလုပ်ဆောင်ချက်များတွင် အရပ်သားပြည်သူလူထုအပေါ် ကြက်၊ ငှက်၊ ဝက်ကဲ့သို့ သဘောထားပြီး ဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းကို စိတ်ဆန္ဒအလျောက် စာနာမှုကင်းမဲ့စွာ ကျူးလွန်လျက်ရှိသည်ကို မြင်တွေ့ရပါသည်။

စစ်ဆင်ရေးကာလအတွင်း အရပ်သားပြည်သူများအပေါ် ကျူးလွန်ခဲ့သော လူသတ်ရာဇဝတ်ကောင်များ၏ ကိုယ်တိုင်ဖွင့်ဟဝန်ခံချက်များသည် ဖျောက်ဖျက်မရသည့် သက်သေမှတ်တမ်းအဖြစ် ထင်ရှားစွာတည်ရှိနေမည်ဖြစ်သော်လည်း ရခိုင်ပြည်နယ် အင်းဒင်ဖြစ်စဉ်ကဲ့သို့ ခေါင်းရှောင်ကာ လက်အောက်ငယ်သားများအား ထိုးကျွေးတတ်သည့် အာဏာသိမ်းစစ်အုပ်စု၏ လုပ်ရပ်များကိုလည်း သတိမူရပေလိမ့်မည်။

ဓမ္မနှင့် အဓမ္မခွဲခြားနိုင်စွမ်းမရှိသေးသော တရုတ်၊ ရုရှားနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် နွေဦးတော်လှန်ရေးကာလအတွင်း အာဏာသိမ်းစစ်အုပ်စုနှင့် အလွမ်းသင့်နေသော အစုအဖွဲ့များ၊ လူပုဂ္ဂိုလ်များအတွက် အမှန်နှင့် အမှားခွဲခြားနိုင်ရေးအတွက် အဆိုပါဖွင့်ဟဝန်ခံချက်များက စွမ်းဆောင်နိုင်မလား စောင့်ကြည့်ချင်ဖွယ် ဖြစ်ပါသည်။

လူသားမဆန်သော ရက်စက်ကြမ်းကြုတ်မှုများအား နေ့စဉ်နှင့်အမျှ ရင်ဆိုင်ကြုံတွေ့နေရသည့် မြန်မာပြည်သူလူထုတစ်ရပ်လုံးအတွက် ဆိုခဲ့ပါလူသတ်ရာဇဝတ်ကောင်များ၏ ဖွင့်ဟဝန်ခံချက်များသည် မြို့နယ်တစ်ခု၊ ကျေးရွာတစ်ခုအတွင်းမှ အဖြစ်အပျက်တစ်ခုမျှသာဖြစ်ပြီး ထိုကဲ့သို့သော အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံတဝှမ်းလုံး တွင် မည်မျှကျူးလွန်နေကြသလဲဆိုသည်က တွက်ဆနိုင်ရန် ခက်ခဲပါသည်။

ထို့ကြောင့် အာဏာသိမ်းစစ်အုပ်စုနှင့် အစေအပါးတသိုက်၏ မည်သို့သော ဥပဒေမဲ့လုပ်ရပ်များကိုမျှ ပျောက်ပျက်သွားခြင်းမရှိစေရန်မှတ်တမ်းပြုကာ ပြည်သူလူထုကိုယ်စားပြုသော တရားစီရင်မှုရှေ့မှောက်တွင် တရားမျှတမှုကို ရှာဖွေပေးကြရမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

> မပြုသွဲ့သွဲ့ခိုင်သည်
> စစ်အာဏာသိမ်းကာလအတွင်း
> ပထမဆုံး အသက်ပေးခဲ့ရသည့်
> အမျိုးသမီးငယ်တစ်ဦးဖြစ်ခဲ့ပါသည်။

# စစ်အာဏာသိမ်းမှုနှင့် အကာအကွယ်မဲ့နေသော အမျိုးသမီးများ
(အမှတ်စဉ် ၇၉)

"စစ်ရာဇဝတ်မှုများကို ကျူးလွန်နေသူများနှင့် အနှစ်သာရကင်းမဲ့သော ဓေ့စပ်ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်ရန်အတွက် ဖိအားပေးတိုက်တွန်းနေခြင်းသည် မြန်မာနိုင်ငံ၏ လုံခြုံရေးသာမက ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာဖြစ်စဉ်များကိုပါ အကြီးအကျယ် ထိခိုက်စေသည်" ဟု မြန်မာငြိမ်းချမ်းရေးတည်ဆောက်သူ အမျိုးသမီးများက အောက်တိုဘာ ၃၁ ရက်တွင် သဘောထား ထုတ်ပြန်ခဲ့ပါသည်။

ကုလသဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ (UNSCR 1325) ၏ ၂၂ နှစ်မြောက်အထိမ်းအမှတ်အနေဖြင့် ၎င်းတို့၏ သဘောထားကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး "ပြည်သူများကို ရန်သူသဖွယ် သဘောထားကြသည့် စစ်ကောင်စီနှင့် ၎င်းတို့အဖွဲ့ဝင်များ၏ လူသားမျိုးနွယ် အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ (Crime Against Humanity)၊ ရိုဟင်ဂျာအပါအဝင် လူမျိုးစုများ အပေါ် စစ်ကောင်စီက ကျူးလွန်သည့် လူမျိုးတုံးသတ်ဖြတ်မှုများ(Genocide) နှင့် စစ်ရာဇဝတ်မှုများ (War Crime) ကျူးလွန်မှုများကို နိုင်ငံတကာက မျက်ကွယ်ပြုထားသည်ဟုလည်း ဝေဖန်ထောက်ပြထားပါသည်။

ယခုတစ်ပတ် BNI – Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် စစ်အာဏာသိမ်းကာလ တလျှောက်လုံး မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ အမျိုးသမီးများ၏ လုံခြုံရေးဆိုင်ရာအကြောင်းအချက်များကို လက်လှမ်းမီသမျှ လေ့လာတင်ပြသွားပါမည်။

## UNSCR 1325 ဆိုတာ

၂၀၀၀ ပြည့်နှစ် အောက်တိုဘာလ ၃၁ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီ အစည်းအဝေးတွင် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကဏ္ဍတခုကို စတင် ဆွေးနွေးနိုင်ခဲ့ပြီး စစ်ပွဲများ၏ ပြောင်းလဲမှု သဘောသဘာဝများ၊ အရပ်သား ပြည်သူများအပေါ် ဦးတည်ချေမှုန်းခံရခြင်းများ၊ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် အမျိုးသမီးများပါဝင်မှု နည်းပါးလွန်းခြင်း တို့ကို အဖွဲ့ဝင် နိုင်ငံအသီးသီးက အသိအမှတ်ပြု စဉ်းစားလာရာမှ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ကို ချမှတ်နိုင်ခဲ့ခြင်းဖြစ်သည်။

အချက်ပေါင်း (၁၈)ချက် ပါဝင်သည့် ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ တွင် စစ်ပွဲများ၊ ပဋိပက္ခများ၏ အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် သက်ရောက်မှုများနှင့် ပဋိပက္ခကြိုတင်ကာကွယ်ရေး၊ ဖြေရှင်းရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင် တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ အရေးပါမှုကို အလေးအနက်ထား စဉ်းစားဆုံးဖြတ်ထားသည်ကို တွေ့ရပါသည်။

ငြိမ်းချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းစဉ်များတွင် ကျားမရေးရာ အမြင်သဘောထားများ ထည့် သွင်း ပေါင်းစပ်ရေးကို တိုက်တွန်းထားသည်။ ပဋိပက္ခဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သူများ အနေ ဖြင့် အမျိုးသမီးနှင့် မိန်းကလေးငယ်များကို ကျားမရေးရာ အကြမ်းဖက်မှုမျိုးစုံမှ ကာကွယ်ပေးရေး၊ အထူးသဖြင့် ပဋိပက္ခဖြစ်စဉ်များအတွင်း ဖြစ်ပွားလေ့ရှိသည့် မုဒိမ်းကျင့်မှုအပါအဝင် လိင်ပိုင်းဆိုင် ရာ အကြမ်းဖက်မှုများမှ ကာကွယ်ပေးရေးကို အထူးအလေးပေး ဖော်ပြထားသည်ကိုတွေ့ရသည်။

အမျိုးသမီးများ၊ မိန်းကလေးငယ်များ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှုနှင့် သက် ဆိုင်သည့် နိုင်ငံတကာ ဥပဒေများ၊ အထူးသဖြင့် ဂျနီဗာကွန်ဗင်းရှင်း (၁၉၄၉) နှင့် additional protocol များ (၁၉၇၇)၊ ဒုက္ခသည်များဆိုင်ရာ သဘောတူစာချုပ် (၁၉၅၁) နှင့် optional protocol (၁၉၆၇)၊ စီဒေါစာချုပ် (၁၉၇၉)နှင့် optional protocol (၁၉၉၉)၊ ကလေးသူငယ်ရေးရာစာချုပ် (၁၉၈၉)နှင့် optional protocol (၂၀၀၀)၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး Rome Statue ပါ ဖော်ပြချက်များအား လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သည့် မည်သည့်အဖွဲ့အစည်းမဆို လေး စားလိုက်နာရန် ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ က တောင်းဆိုထားသည်။

ထို့အပြင် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပြုခြင်းအား အဆုံးသတ်ရေးနှင့် အမျိုးသမီးနှင့် မိန်းကလေး ငယ်များအပေါ် လိင်ပိုင်းဆိုင်ရာနှင့်အခြားအကြမ်းဖက်မှုများအပါအဝင် လူမျိုးတုန်းသတ်ဖြတ်မှုနှင့် စစ်ရာဇဝတ်မှုများအတွက် တာဝန်ရှိသူများအား အရေးယူဆောင်ရွက်ရေးနှင့် အဆိုပါ မှုခင်းကျူး




လွှန်မှုများအား ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပေးခြင်း မပြုလုပ်ရန်အတွက် နံပါတ် (၁၁) ခုမြောက်ဆုံးဖြတ်ချက်တွင် အဆိုပြုထားပါသည်။

## စစ်အာဏာသိမ်းမှုနှင့် အကာအကွယ်မဲ့နေသော အမျိုးသမီးများ

စစ်အာဏာသိမ်းရန် စတင်ကြိုးပမ်းခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက် အထိ အာဏာသိမ်းစစ်အုပ်စု အကြမ်းဖက်လုပ်ရပ်အမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်း သေဆုံးခဲ့ရသူ အမျိုးသမီးပေါင်း ၃၄၄ ဦးအထိ ရှိခဲ့ပြီဖြစ်သည်။ စစ်အုပ်စု၏အကျဉ်းထောင်နှင့် အချုပ်ခန်းများအတွင်း ဖမ်းဆီးထိန်းသိမ်းခံနေရသည့် အမျိုးသမီးအရေအတွက် ၂၆၃၆ ဦးအထိ ရှိလာပြီဖြစ်ကြောင်း မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) နှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP)တို့က ပူးပေါင်းထုတ်ပြန်ထားပါသည်။

၎င်းတို့၏ ထုတ်ပြန်ချက်အရ အမျိုးသမီးအရေအတွက် ၂၂၇ ဦးအထိ အသီးသီး ပြစ်ဒဏ်ချမှတ်ခြင်းခံထားရပြီး ထိုအနက် သေဒဏ်ချမှတ်ခံရသူ အမျိုးသမီး (၉) ဦးနှင့် ထောင်ဒဏ် တသက်တကျွန်း ချမှတ်ခံရသူ (၁၁) ဦးအထိ ရှိနေကာ ထောင်ဒဏ် (၉)နှစ်နှင့် အထက် ချမှတ်ခံရသူ အမျိုးသမီးအရေအတွက် ၃၇ ဦးအထိ ရှိနေသည်ကို တွေ့ရပါသည်။

စစ်အာဏာသိမ်းမှုအား ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်နေစဉ် စစ်ကောင်စီအစေအပါး၏ ဦးခေါင်းတည့်တည့် ချိန်ရွယ်ပစ်ခတ်ခြင်းကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် သေဆုံးခဲ့ရသည့် မြသွဲ့သွဲ့ခိုင်သည် စစ်အာဏာသိမ်းကာလအတွင်း ပထမဆုံးအသက်ပေးခဲ့ရသည့် အမျိုး

သမီးငယ်တစ်ဦး ဖြစ်ခဲ့ပါသည်။ ထို့နောက် မန္တလေးမြို့ပေါ်ရှိ ဆန္ဒပြပွဲတစ်ခုအတွင်း မပြည့်သွဲ့သွဲ့ခိုင် ကဲ့သို့ ကျည်ဆန်အစစ်ဖြင့် ချိန်ရွယ်ပစ်ခတ်ခံရကာ အသက် ၁၉ နှစ်အရွယ် မကြေယ်စင်(ခ)ကျားရှိ သေဆုံးခဲ့ရသည်။

အထက်တွင် တင်ပြခဲ့သည့် BWU နှင့် AAPPတို့၏ ကိန်းဂဏန်းများသည် အာဏာသိမ်း စစ်အုပ်စု၏ ဖမ်းဆီးမှု၊ သတ်ဖြတ်မှုနှင့် ပြစ်ဒဏ်ချမှတ်မှုဆိုသည့် အကြောင်းအရာ (၃)ခု အောက် တွင်သာ အကျုံးဝင်နိုင်ပြီး အခြားသော ကိန်းဂဏန်းဖော်ပြရန် ခက်ခဲသည့် မလုံခြုံမှုများ၊ စိန်ခေါ် မှု အခက် အခဲပေါင်းများစွာကို မြန်မာအမျိုးသမီးထုတစ်ရပ်လုံး ရင်ဆိုင်ကြုံတွေ့နေရပါသည်။

စစ်အာဏာသိမ်းကာလအတွင်း ပြည်တွင်းစစ် အပြန့်ကျယ်လာမှုကြောင့် တိုင်းနှင့် ပြည်နယ် အလိုက် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသည့် သန်းနှင့်ချီသော စစ်ဘေးရှောင် ပြည်သူ များထဲတွင် အမျိုးသမီးနှင့် ကလေးသူငယ်များသည် အများဆုံးအရေအတွက်ဖြင့် ပါဝင်နေနိုင်ပါ သည်။ သို့နှင့်တိုင် စစ်အုပ်စုနှင့်အပေါင်းအပါများသည် စစ်ဘေးရှောင်စခန်းများကိုပင် ပစ်မှတ်ထား ကာ လက်နက်ကြီး လက်နက်ငယ်များဖြင့် အဝေးမှပစ်ခတ်ခြင်း၊ လေကြောင်းမှတဆင့် ဗုံးကြဲ တိုက်ခိုက်ခြင်း စသော လူသားမဆန်သည့် အကြမ်းဖက်လုပ်ရပ်များကို နေ့စဉ် သတင်းဖော်ပြမှုများ တွင် မြင်တွေ့ကြားသိနေရပါသည်။

## သုံးသပ်တင်ပြချက်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုစတင်ကတည်းက စစ်အာဏာသိမ်း မှု ဆန့်ကျင်ရေး ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ပွဲများကို မြန်မာအမျိုးသမီးထုကြီးသည် အမျိုးသားများ နည်းတူ ရှေ့တန်းမှ ဦးဆောင်ခဲ့ကြပါသည်။ ထို့အပြင် အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်လုပ် ရပ်များကြောင့် မိမိကိုယ်မိမိခုခံကာကွယ်ရေးမှသည် ခုခံတော်လှန်စစ်အတွက် ရွေးချယ်လျှောက် လှမ်းနေကြသည့် မြန်မာ့နွေဦးတော်လှန်ရေးလှုပ်ရှားမှုတိုင်းတွင် အမျိုးသမီးများ၏ ပုံရိပ်များ၊ ဟစ်ကြွေးသံများကို ပဲ့တင်သံအထပ်ထပ်ဖြင့် ကဗ္ဗည်းတင်လျက်ရှိပါသည်။ အမျိုးသမီးများ ဦး ဆောင်သည့် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးသပိတ်စစ်ကြောင်းများ ချီတက်နေကြဆဲ ဖြစ်သကဲ့ သို့ အမျိုးသမီးများဖြင့်သာ စုဖွဲ့ထားသော ခုခံတော်လှန်ရေးတပ်ရင်း၊ တပ်ဖွဲ့များကိုလည်း နွေဦး တော်လှန်ရေးကာလအတွင်း မြင်တွေ့နေရပြီဖြစ်သည်။

စစ်အာဏာသိမ်းကာလအတွင်း မွေးကင်းကလေးငယ်မှသည် လူငယ်လူလတ်၊ သက်ကြီးရွယ် အိုအထိ အာဏာသိမ်းစစ်အုပ်စု၏ ပစ်မှတ်ထားတိုက်ခိုက်ခြင်း ခံနေရသည့် မြန်မာနိုင်ငံအတွင်း အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲ၊ စိန်ခေါ်မှုနှင့်မလုံခြုံမှုများသည်လည်း နေ့ စဉ်နှင့်အမျှ တိုးပွားလာနေပါသည်။ အာဏာသိမ်းစစ်အုပ်စု၏ လက်ချက်ဖြင့် မုဒိမ်းကျင့် သတ်ဖြတ်

(သို့မဟုတ်) သတ်ဖြတ်ပြီးနောက် မုဒိမ်းကျင့်ခြင်းခံခဲ့ရသည်ဟု ဆိုနိုင်သော အရပ်သားပြည်သူ အနည်းဆုံး (၁၂) ဦးရှိခဲ့ကြောင်း AAPP က နိုဝင်ဘာ ၉ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

အမျိုးသမီးနှင့် ကလေးသူငယ်များသည် စစ်ရေးပဋိပက္ခအပါအဝင် တရားဥပဒေစိုးမိုးမှု ပျက်ပြားနေသော အခြေအနေနှင့် ပတ်ဝန်းကျင်တွင် ကျားမရေးရာ အခြေပြုအကြမ်းဖက်ခံရမှုများ၊ အထူးသဖြင့် မုဒိမ်းကျင့်မှုအပါအဝင် အခြားသော အကြမ်းဖက်မှုများကို ကြုံတွေ့ရတတ်သဖြင့် အကြမ်းဖက်မှုများမှ ကာကွယ်စောင့်ရှောက်နိုင်ရန် အထူးစီမံချက်များ ပြုလုပ်ဆောင်ရွက်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ က တောင်းဆိုထားပါသည်။

စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် သစ္စာအဓိဋ္ဌာန်ပြုကာ ဦးတည်လျှောက်လှမ်းနေကြသော နွေဦးတော်လှန်ရေး အင်အားစုအသီးသီးအတွက် ကုလသမဂ္ဂအဖွဲ့ကြီး၏ စိုးရိမ်ပူပန်မှုများထက် ပိုမိုသော လက်တွေ့ အထောက်အပံ့များ မမြင်တွေ့ခဲ့ရသကဲ့သို့ စစ်အာဏာသိမ်းကာလအတွင်း မြန်မာအမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသည့် မလုံခြုံမှုများကိုလည်း ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၁၃၂၅ က တစ်စုံတစ်ရာ အကာအကွယ်မပေးနိုင်သေးသည်ကို တွေ့ရပါသည်။

ကမ္ဘာ့ကုလသမဂ္ဂသည် ၎င်းတို့၏ လုံခြုံရေးကောင်စီမှ ချမှတ်ထားသော ဆုံးဖြတ်ချက် အမှတ် ၁၃၂၅ ကို ပြန်လည်သတိရကာ အာဏာသိမ်း စစ်အုပ်စု၏ ရန်အပေါင်းမှ လွတ်မြောက်ရာ လွတ်မြောက်လမ်းကို မြန်မာအမျိုးသမီးများအတွက် အလေးအနက်ထား ရှာဖွေချဉ်းကပ်သင့်ပြီဖြစ်ကြောင်း ရှုမြင်သုံးသပ်ရပါသည်။

"မလုပ်ရဲတာ ဘာမှမရှိဘူး" ဆိုသောစကားအတိုင်း တပ်မတော်သားများ၏ ဆန္ဒမဲများ စစ်ဆေးခွင့်တောင်းခြင်း၊ မဲစာရင်းများ ပြန်စစ်ခိုင်းခြင်းစသဖြင့် တည်ဆဲဥပဒေများကို ကျော်လွန်သောတောင်းဆိုမှုများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား စစ်အုပ်စုက ဖိအားပေးခဲ့သည်။

# နွေဦးတော်လှန်ရေးနှင့် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ

(အမှတ်စဉ် ၅၆)

## နိဒါန်း

"အသည်းကြားက မဲတစ်ပြား"ဟုဆိုကာ ပြည်သူလူထု၏ ဆန္ဒမဲများကို ကောက်သင်းကောက်သလို မက်လုံးအမျိုးမျိုးပေးပြီး ရွေးကောက်ခံကြမည့် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍနှင့် နွေဦးတော်လှန်ရေး တစ်နည်းအားဖြင့် လူထုတော်လှန်ရေးကာလအတွင်း ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်ချက်များသည် တိမ်မြုပ်ပျောက်ကွယ်နေသည်ဟု ဆိုရပါမည်။ ရွေးကောက်ပွဲကျင်းပချိန်နီးမှ ပြည်သူလူထုထံ မဲပြားလက်ဖြန့် တောင်းမည့် နိုင်ငံရေးပါတီများအနေဖြင့် စစ်အာဏာသိမ်းမှုနှင့် အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်ဖြိုခွင်း၊ ဖမ်းဆီးသတ်ဖြတ်၊ မီးရှို့ဖျက်ဆီးစသည့် အကြမ်းဖက်လုပ်ရပ်များကို နေ့စဉ်နှင့်အမျှ မြင်တွေ့ကြားသိနေကြရသည့်တိုင် ၎င်းတို့၏ နှုတ်ဆိတ်နေစိမ့်နိုင်မှုသည် အံ့ဖွယ်ဖြစ်ပေသည်။

ယခုတစ်ပတ် Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် နွေဦးတော်လှန်ရေးကာလအတွင်း အနီနိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို စေ့ငုတင်ပြသွားပါမည်။

## ကောက်ကြောင်းနောက်ခံ


မြန်မာနိုင်ငံအတွင်း နောက်ဆုံးအကြိမ်ပြုလုပ်ခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှ စပါမည်။ အဆိုပါ ရွေးကောက်ပွဲမဲရလဒ်များသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုနှင့်လည်း တနည်းတဖုံ ဆက်စပ်နေပါသည်။ စစ်အာဏာသိမ်းမသိမ်းမီ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၅ ရက်တွင် အပြီးသတ်ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC)၏ မှတ်တမ်းများအရ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ပေါင်း ပြည်ထောင်စုလွှတ်တော်အတွင်း ရွေးကောက်ခံကိုယ်စားလှယ် ၄၇၆ ဦးအထိ ရှိလာမည်ဖြစ်ပြီး စစ်အာဏာသိမ်းသည့် ဖေဖော်ဝါရီ ၁ ရက်နေ့သည်ပင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၁၅ ဦးတို့၏ ပထမဆုံးအကြိမ်လွှတ်တော်တက်မည့် နေ့ရက်လည်း ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD)သည် ပြည်ထောင်စုလွှတ်တော်၏ အမတ်နေရာ ၃၉၆ နေရာအထိ အများဆုံးရရှိခဲ့ပြီး ဒုတိယမြောက်နေရာအများဆုံးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ(USDP)သည် ၃၃ နေရာသာ ရရှိခဲ့ပါသည်။ တတိယမြောက် အမတ်နေရာအများဆုံး အနိုင်ရရှိသည့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(SNLD)သည် ၁၅ နေရာအထိ ရရှိခဲ့ပြီး ရခိုင်အမျိုးပါတီ (ANP)သည် ၈နေရာအထိ အနိုင်ရရှိခဲ့ပါသည်။ မွန်ညီညွတ်ရေးပါတီ (MUP)၊ တအာင်း (ပလောင်) အမျိုးသားပါတီ(TNP)နှင့် ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ(KySDP)ပါတီတို့သည် ပြည်ထောင်စုလွှတ်တော်အတွင်း အမတ်နေရာ ၅ နေရာစီ အသီးသီးအနိုင်ရရှိခဲ့သည်။ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)က ၄ နေရာ၊ ရခိုင့်ဦးဆောင်ပါတီ (AFP)၊ ကချင်ပြည်နယ် ပြည်သူ့ပါတီ(KSPP)၊ ဝအမျိုးသားပါတီ(WNP)၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (ZCD)နှင့် ဒီမိုကရေစီပါတီသစ် - ကချင် (NDP-Kachin) တို့က တစ်နေရာစီ အသီးသီး အနိုင်ရရှိခဲ့ပါသည်။

နိုင်ငံရေးပါတီပေါင်း ၉၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲကျင်းပချိန်၊ မဲပေးချိန်အထိ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်အတွင်း လာရောက်ဆန္ဒမဲပေးခဲ့သည့် အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်က ပြည်သူ့ဆန္ဒနှင့်အညီ ထွက်ပေါ်သည့် ရွေးကောက်ပွဲရလဒ်ကို လက်ခံမည့်အကြောင်း ပြောဆိုခဲ့ပါသည်။

"ကျွန်တော်ကတော့ ပြည်သူ့ဆန္ဒနဲ့ ထွက်ပေါ်လာတဲ့ ရလဒ်ကို လက်ခံရမှာ။ ဒါကတော့ ဘယ်လိုမှ ငြင်းပယ်လို့မရဘူး။ လက်ခံရမှာပဲ။ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ ခံစားနေရတဲ့ ဒေါကတွေ၊ ဒါတွေကို ဘယ်လိုဖြေသိမ့်ဖို့အတွက် စဉ်းစားပြီးတော့ လုပ်ဆောင်ဖို့ လိုပါတယ်" ဟု ရွေးကောက်ပွဲရလဒ်များ မထွက်ပေါ်ခင် စစ်ခေါင်းဆောင်က ပြောဆိုခဲ့ပါသည်။ သို့သော် ရွေးကောက်

## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲရလဒ်များမှတဆင့် ဖြစ်ပေါ်လာမည့် ပြည်ထောင်စုလွှတ်တော်အတွင်း အခြေအနေ




| Parties | Pyidaungsu Hluttaw (2020 Election Results) |
|---|---|
| NLD | 396 |
| USDP | 33 |
| PNO | 4 |
| SNLD | 15 |
| AFP | 1 |
| ANP | 8 |
| KySDP | 5 |
| MUP | 5 |
| KSPP | 1 |
| WNP | 1 |
| ZCD | 1 |
| TNP | 5 |
| NDP(Kachin) | 1 |

BURMA NEWS INTERNATIONAL
data : mpm , graphic : hninnko

ပွဲရလဒ်များ ထွက်ပေါ်လာပြီးနောက်ပိုင်းတွင်တော့ ၎င်း၏ "မလုပ်ရဲတာ ဘာမှမရှိဘူး" ဆိုသော စကားအတိုင်း တပ်မတော်သားများ၏ ဆန္ဒမဲများ စစ်ဆေးခွင့်တောင်းခြင်း၊ မဲစာရင်းများ ပြန်စစ်ခိုင်းခြင်းစသဖြင့် တည်ဆဲဥပဒေများကို ကျော်လွန်သောတောင်းဆိုမှုများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား စစ်အုပ်စုက ဖိအားပေးခဲ့သည်။

သို့သော် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ ပြည်သူ့လွှတ်တော်ခေါ်ယူသည့်နေ့ နံနက်အာရုဏ်ဦးချိန်တွင်တော့ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံနှင့် အစိုးရအဖွဲ့ ထိပ်ပိုင်းခေါင်းဆောင်များကို ဖမ်းဆီးကာ တိုင်းပြည်အာဏာကို ကာချုပ်မင်းအောင်လှိုင်ဦးဆောင်သော စစ်အုပ်စုက အဓမ္မသိမ်းယူခဲ့ပါသည်။

## အာဏာသိမ်းစစ်အုပ်စုနှင့် အလွမ်းသင့်သော နိုင်ငံရေးပါတီများ၏ ဦးတည်ရာ

ကာချုပ်မင်းအောင်လှိုင်ဦးဆောင်သော အာဏာသိမ်းစစ်အုပ်စုအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးအမည်ရှိ စစ်ကောင်စီကို ဖွဲ့စည်းကာ ၎င်းနှင့် အလွမ်းသင့်သော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များကို ဖိတ်ခေါ်နေရာပေးခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ အနိုင်ရပါတီဟု ဆိုဖွယ်ရာအဖြစ် ရခိုင်အမျိုးသားပါတီ (ANP) ပါတီကိုသာ စစ်ကောင်စီအဖွဲ့ဝင်အဖြစ် မြင်တွေ့ခဲ့ရပါသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)သည်ပင် စစ်ကောင်စီအဖွဲ့ဝင်အဖြစ် ပါဝင်လာခြင်းမရှိဟုဆိုရပါမည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမကျင်းပမီ စစ်ခေါင်းဆောင်နှင့် သွားရောက်တွေ့ဆုံခဲ့ကြသည့် နိုင်ငံရေးပါတီ (၃၄) ပါတီထဲမှ ဦးခင်မောင်ဆွေ (အမျိုးသားဒီမိုကရေစီအင်အားစုပါတီ-NDF)နှင့် ဦးသိန်းညွန့် (အမျိုး သားဒီမိုကရေစီပါတီသစ်-NNDP)တို့သည် ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သော်လည်း အာဏာသိမ်းစစ်အုပ်စု၏ စစ်ကောင်စီတွင်တော့ ကောင်စီဝင်များအဖြစ် ပါဝင်လာသည်ကို တွေ့ရပါသည်။ ထူးခြားသည်ကတော့ အဆိုပါ တပ်ချုပ်နှင့် တွေ့ဆုံခဲ့သည့် ၃၄ ပါတီတွင် USDP အပါအဝင် KySDP၊ PNO နှင့် WNP တို့သာ ပြည်ထောင်စု လွှတ်တော်အဆင့်၊ ပြည်နယ်/တိုင်းလွှတ်တော်အဆင့်တွင် နေရာတချို့ အနိုင်ရရှိခဲ့ကြပြီး ကျန် ၂၉ ပါတီသည် မည်သည့်နေရာတွင်မှ အနိုင်ရရှိခဲ့ခြင်း မရှိသည်ကိုတွေ့ရပါသည်။

ယခုအခါ အာဏာသိမ်းစစ်ကောင်စီအနေဖြင့် ၎င်းတို့၏ စစ်အာဏာသိမ်းကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပါအဝင် အထွေထွေရွေးကောက်ပွဲစနစ်ကိုပါ ပြောင်းလဲအသက်သွင်းရန် ကြိုးပမ်းနေသည်ကိုတွေ့ရပြီး အများစုသည် ၎င်းတို့နှင့်အလွမ်းသင့်သော နိုင်ငံရေးပါတီများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်း ဖြစ်သည်ကို သတိပြုမိပါသည်။ အစိုးရအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့များ မရှိဘဲ တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်းမှ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)ရှိ နိုင်ငံရေးပါတီများအစုအဖွဲ့ကို ပြောင်းလဲဖွဲ့စည်းခဲ့ သည့်အတွက် မူလပါဝင်နေသော ပြည်သူ့ပါတီမှ ဦးကိုကိုကြီးနှင့် ရခိုင့်ရှေ့ဆောင်ပါတီမှဒေါက်တာ အေးမောင်တို့ နုတ်ထွက်ခဲ့သည်ကို တွေ့ရသည်။

မဲအများဆုံးရရှိသူ အနိုင်ရသည့်စနစ် (FPTP) မှ အချိုးကျကိုယ်စားပြုစနစ် (PR) ကို ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် စစ်ကောင်စီမှ ပြောင်းလဲဖွဲ့စည်းထားသော ဦးသိန်းစိုးဦးဆောင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြိုးပမ်းနေပြီး ရွေးကောက်ခံမဟုတ်ဘဲ လွှတ်တော်အသီးသီးတွင် ဝင်ရောက်နေရာယူကြမည့် အာဏာသိမ်းစစ်အုပ်စု၏ ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းကိုမူ လစ်လျူရှုထားဆဲ ဖြစ်သည်ဟု ဆိုရပါမည်။

အာဏာသိမ်းစစ်အုပ်စုအနေဖြင့် ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ ရလဒ်များအား လက်သင့်မခံဘဲ အာဏာသိမ်းခဲ့သော်လည်း ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံရေးပါတီများအား ငွေကြေးစီးဆင်းမှုလမ်းကြောင်းများအား စစ်ဆေးရန် ကြိုးပမ်းလျက်ရှိသည်ကို တွေ့ရပါသည်။ အထူးသဖြင့် ပါတီခေါင်းဆောင်များ ဖမ်းဆီးခံထားရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD)နှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ (SNLD) အပါအဝင် ရွေးကောက်ပွဲအနိုင်ရပါတီများအား ပစ်မှတ်ထားစိစစ်ရန် ကြိုးပမ်းနေခြင်းကို ထောက်ရှုပါက အာဏာသိမ်းစစ်အုပ်စုသည် တိုင်းသိပြည်သိကမ္ဘာသိ ကြေညာထားသော ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်နိုင်ရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း ထောက်ရှုမိပါသည်။

စစ်အာဏာသိမ်းကာလအတွင်း အာဏာသိမ်းစစ်အုပ်စုနှင့် နီးကပ်စွာ ဆက်ဆံလျက်ရှိသည့် နိုင်ငံရေးပါတီများအား မြင်တွေ့ရသကဲ့သို့ စစ်အာဏာသိမ်းမှုအား ဆန့်ကျင်သော နိုင်ငံရေးပါတီများလည်းရှိနေပါသည်။ ထို့ပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းမှ မလွတ်မြောက်နိုင်သေးသော နိုင်ငံရေးပါတီများကိုလည်း စစ်အာဏာသိမ်းကာလအတွင်း မြင်တွေ့ရပါသည်။

## နွေဦးတော်လှန်ရေးနှင့်အတူ လိုက်ပါနေသော နိုင်ငံရေးပါတီများ

စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးတည်ဆောင်ရွက်နေသော နွေဦးတော်လှန်ရေးတွင် အမည်နာမထုတ်ဖော်ကာ ပါဝင်လှုပ်ရှားနေသည့် ပါတီများအဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD)နှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS)တို့ကို တွေ့ရပါသည်။ သို့နှင့်တိုင် NLD အနေဖြင့် နွေဦးတော်လှန်ရေး၏ တပ်ဦး၏ ဆိုနိုင်သော အမျိုးသားညီညွတ်ရေးတိုင်ပင်ခံကောင်စီ(NUCC)တွင် ပါတီကိုယ်စားပြုပါဝင်နေခြင်းမဟုတ်ဘဲ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြု ကော်မတီ (CRPH) အနေဖြင့် ပါဝင်နေခြင်းဖြစ်ပါသည်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(DPNS) ကမူ NUCC တွင် နိုင်ငံရေးပါတီအစုအဖွဲ့အနေဖြင့် တစ်ပါတီတည်း ရပ်တည်ပါဝင်ကာ စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံနိုင်သောဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးတည်ဆောက်ရေးအထိ နိုင်ငံရေးဦးတည်ချက်များထားရှိကာ နွေဦးတော်လှန်ရေးနှင့်အတူ လိုက်ပါဆောင်ရွက်နေသည်ကိုတွေ့ရပါသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နေရာတချို့အနိုင်ရရှိခဲ့သော ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ (KySDP) နှင့် တအာင်း(ပလောင်း)အမျိုးသားပါတီ (TNP) တို့သည်

လည်း CRPH တွင် ပူးပေါင်းပါဝင်ကာ နွေဦးတော်လှန်ရေးကာလအတွင်း လိုက်ပါဆောင်ရွက်နေပါသည်။ ပြီးခဲ့သည့်ရက်ပိုင်းကမှ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) ဥက္ကဋ္ဌ စိုင်းညွန့်လွင်ကလည်း ၎င်းတို့ပါတီအနေဖြင့် ဓမ္မဘက်မှ ရပ်တည်မည်ဟု ထုတ်ဖော်ပြောဆိုလာပါသည်။

နွေဦးတော်လှန်ရေးကာလအတွင်း နိုင်ငံရေးပါတီများအနေဖြင့် သက်ဆိုင်ရာလူမျိုးစုအလိုက် ကိုယ်စားပြု၍ သော်လည်းကောင်း၊ ပြည်နယ်အလိုက်သော်လည်းကောင်း ပါတီကိုယ်စားပြုမဟုတ်ဘဲ အာဏာသိမ်းစစ်အုပ်စု အား ဆန့်ကျင်တော်လှန်နေသော အစုအဖွဲ့တိုင်း၊ အလွှာတိုင်းတွင် ပါဝင်နေကြသည်ကို တွေ့ရသော်လည်း နိုင်ငံရေးပါတီ တစ်ရပ်အဖြစ် အမည်ခံကာ လိုက်ပါဆောင်ရွက်နိုင်မှု အားနည်းနေကြောင်း တွေ့ရှိရပါသည်။

## တွေ့ရှိသုံးသပ်ချက်

ချုပ်၍ဆိုရသော် နွေဦးတော်လှန်ရေးကာလအတွင်း နိုင်ငံရေးပါတီများ၏ ရပ်တည်မှုနှင့် လှုပ်ရှားဆောင်ရွက်မှုများကို လေ့လာကြည့်ပါက အာဏာသိမ်းစစ်အုပ်စုနှင့် အလွမ်းသင့်သော နိုင်ငံရေးပါတီများ၊ မည်သည့်ဘက်တွင် ရပ်တည်ရမည်ကို မဆုံးဖြတ်နိုင်သေးသော နိုင်ငံရေးပါတီများ၊ ၂၀၀၈ ဖွဲ့စည်းပုံအရ ပါတီဖြစ်တည်မှုကို ဖက်တွယ်ထားသော နိုင်ငံရေးပါတီများနှင့် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးအထိ ဦးတည်ဆောင်ရွက်နေသော နိုင်ငံရေးပါတီများ စသဖြင့် အုပ်စုအသီးသီးတည်ရှိနေသည်ကို တွေ့ရပါသည်။ ထို့အပြင် အာဏာသိမ်းစစ်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို ဦးတည်နေသော နိုင်ငံရေးပါတီများကိုလည်း သတိပြုမိရပါသည်။

နွေဦးတော်လှန်ရေးသည် လက်တွေ့အားဖြင့် ပေါင်းစပ်ဆောင်ရွက်မှု အားနည်းနေသေးသည့် နိုင်ငံရေးအင်အားစုအသီးသီးကို စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး၊ ဒီမိုကရေစီအရေး၊ ငြိမ်းချမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး စသည့် ဘုံရည်မှန်းချက်များအပေါ်တွင် အခိုင်အမာပူးပေါင်းဆောင်ရွက်ကြဖို့ အရေးတကြီး တောင်းဆိုနေသည့်ကာလဟု ဆိုရပါမည်။

စစ်အာဏာသိမ်းမှုနှင့်အတူ စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးအတွက် ဟစ်ကြွေးတော်လှန်နေကြသော နွေဦးတော်လှန်ရေးသည် လက်တွေ့အားဖြင့် ပေါင်းစပ်ဆောင်ရွက်မှု အားနည်းနေသေးသည့် နိုင်ငံရေးအင်အားစုအသီးသီးကို စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ဒီမိုကရေစီအရေး၊ ငြိမ်းချမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး စသည့် ဘုံရည်မှန်းချက်များအပေါ်တွင် အခိုင်အမာပူးပေါင်းဆောင်ရွက်ကြဖို့ အရေးတကြီး တောင်းဆိုနေသည့်ကာလဟု ဆိုရပါမည်။

နွေဦးတော်လှန်ရေးအတွင်းရှိ အစုအဖွဲ့များ၊အင်အားစုများ၏ စုစည်းဦးဆောင်မှုဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဖျက်သိမ်းပြီးဖြစ်သည်။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို ပြဌာန်းကာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)ကို ဖွဲ့စည်းပြီးဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့ပြ ဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များစုဖွဲ့ကာ အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန် စစ်ဆင်နွှဲလျက်ရှိသည်။ နိုင်ငံတကာအသိုင်းအဝိုင်းတစ်ခုလုံးသည်လည်း နိုင်မည့်မြင်းဘက်လောင်း ကြေးထပ်ဖို့ ဆိုင်းပြင်းနေကြသည်။ စစ်အာဏာသိမ်းမှုနှင့်အတူ စစ်အာဏာရှင်စနစ် အမြစ်ပြုတ် ချေမှုန်းရေးအတွက် ဦးတည်နေသော နွေဦးတော်လှန်ရေးသည် အရှိန်အဟုန်အားကောင်းနေဆဲဟု ဆိုရပါမည်။

ရွေးကောက်ပွဲရောက်မှ ပြည်သူလူထုထံ ဆန္ဒမဲလက်ဖြန့်တောင်းမည့် နိုင်ငံရေးပါတီများ အနေဖြင့် ဓမ္မနှင့် အဓမ္မကို ရွေးချယ်ဆုံးဖြတ်ကာ ပြည်သူလူထုဘက်မှ ပြတ်ပြတ်သားသား ရပ်တည်ဆောင်ရွက်ကြရန် အချိန်တန်ပြီ ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

> စစ်အာဏာသိမ်းကာလအတွင်း
> ပြည်တွင်းရှိသတင်းသမား ၁၅၀ ဦးထက်မနည်းကို အာဏာသိမ်း စစ်အုပ်စုက ဖမ်းဆီးခဲ့ကြောင်း သတင်းသမား ကာကွယ်ရေးအဖွဲ့များကမှတ်တမ်းပြုစုထားပြီး ပြန်လည်လွတ်မြောက်လာသူများ ရှိခဲ့သည့်တိုင် သတင်းသမား ၅၅ ဦးခန့်သည် အကျဉ်းထောင်အသီးသီးတွင် ဖမ်းဆီးထိန်းသိမ်းခံနေကြရပါသည်။

# စစ်အာဏာသိမ်းကာလအတွင်း သတင်းသမားများ၏လုံခြုံရေးနှင့် ဆိုးဝါးစွာကျဆင်းလာသော သတင်းလွတ်လပ်ခွင့် ညွှန်းကိန်းများ

(အမှတ်စဉ် ၆၃)

## နိဒါန်း

ပြည်သူလူထု၏ သတင်းအချက်အလက်သိပိုင်ခွင့်အတွက် တာဝန်ထမ်းဆောင်နေကြသော သတင်းသမားများသည် အကြမ်းဖက်သမားများမဟုတ်သကဲ့သို့ ပြစ်မှုကျူးလွန်နေသူများလည်း မဟုတ်သည်ကို အာဏာသိမ်းစစ်အုပ်စုအတွက် နားလည်နိုင်မည်မဟုတ်ပေ။ ယင်းသို့ နားမလည်ကြသည့်အတွက်ကြောင့်သာ ၎င်းတို့၏ အကြမ်းဖက် လုပ်ရပ်များကို စုံစမ်းဖော်ထုတ်ပြီး သတင်းရယူတင်ပြနေကြသော မြန်မာနိုင်ငံအတွင်း သတင်းသမားများကို ဖမ်းဆီး ကာ အကြမ်းဖက်မှုအပါအဝင် ပုဒ်မအမျိုးမျိုးတပ်ပြီး ပြစ်ဒဏ်အသီးသီးချမှတ်လျက်ရှိပါသည်။

ရလဒ်အဖြစ် စစ်အာဏာသိမ်းကာလ ပထမနှစ်ဖြစ်သည့် ၂၀၂၁ ခုနှစ်ထက် ၂၀၂၂ ခုနှစ်၏ မြန်မာနိုင်ငံအတွင်း သတင်းလွတ်လပ်ခွင့်အညွှန်းကိန်းသည် ၃၆ ဆင့်အထိ ကျဆင်းသွားခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၈၀ ကို အစဉ်လိုက် တန်းစီထားသည့် သတင်းလွတ်လပ်ခွင့်အညွှန်းကိန်းတွင်

မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်အညွှန်းသည် ၁၇၆ တွင် ရောက်ပြီးနေပြီး မြန်မာနိုင်ငံထက် နိမ့်ကျသည့် နိုင်ငံများအဖြစ် မြောက်ကိုးရီးယားအပါအဝင် လေးနိုင်ငံသာ ရှိပါတော့သည်။

ယခုတစ်ပတ် BNI-Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် မြန်မာနိုင်ငံအတွင်း သတင်းသမားများ ရင်ဆိုင်ကြုံတွေ့နေရသည် အခက်အခဲများ၊ စိန်ခေါ်မှုကို လေ့လာတင်ပြသွားပါမည်။

## သတင်းဖြစ်စဉ်များ

၂၀၂၂ ခုနှစ် ဇူလိုင် ၁၄ ရက်၊ အင်းစိန်ထောင်တွင်း တရားရုံးက မဇ္ဈိမသတင်းဌာန၏ အလွတ် သတင်းထောက် မမေဘယ်လ်(ခ)မညိမ်းညိမ်းအေးကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ်အမိန့်ချ မှတ်ခဲ့သည်။ ပြီးခဲ့သည် ၂၀၂၂ခုနှစ် ဇန် နဝါရီ ၁၅ ရက်၊ ရန်ကုန်မြို့ပေါ်တွင် သတင်းရယူနေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ပြီး စစ်ကောင်စီလက်အောက်ခံ တာမွေမြို့နယ် ရဲစခန်းမှူး ဒုရဲမှူးစန်းဝင်းအောင်က တရားပြုလုပ်ကာ ရာဇသတ်ကြီးပုဒ်မ ၅၀၅-၅ ဖြင့် တရားစွဲအမိန့်ချခံရ ခြင်း ဖြစ်သည်။

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ်တရားရုံးကလည်း DVB သတင်းထောက် ဦးအောင်စံလင်း ကို ဇူလိုင်လ ၇ ရက်က အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၆နှစ်ချမှတ်ခဲ့ပါသည်။ အသက် ၄၇နှစ်အရွယ် ဦးအောင်စံလင်းကို ဝက်လက်မြို့နယ် ပင်ဇင်ရွာ နေအိမ်တွင် ၂၀၂၁ခုနှစ် ဒီဇင်ဘာလအတွင်း စစ်



ကောင်စီတပ်များက ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ (က)၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂ တို့ဖြင့် တရားစွဲအမိန့်ချခဲ့ခြင်း ဖြစ်သည်။

၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၆ ရက်၊ လားရှိုးမြို့ပေါ်တွင် စစ်ကောင်စီတပ် အင်အား (၃၀) ဝန်းကျင်ဖြင့် ဖမ်းဆီးခြင်းခံရသည့် အသက် ၂၁ နှစ်အရွယ် ရွှေဖီမြေရုပ်သံသတင်းထောက်ဟောင်း လေးအမ်ဖောင်ကိုလည်း ၂၀၂၂ ခုနှစ် ဧပြီလ ၇ ရက် နံနက်ပိုင်းတွင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅(က) ဖြင့် စွဲချက်တင်ကာ ထောင်ဒဏ် ၂ နှစ်ချမှတ်ခဲ့ပါသည်။

မဇ္ဈိမသတင်းဌာန၏ နေပြည်တော်အခြေစိုက် သတင်းအယ်ဒီတာ ကိုသန်းထိုက်အောင်ကို ၂၀၂၂ ခုနှစ် မတ် ၂၂ ရက်တွင် ဇမ္ဗူသီရိမြို့နယ်တရားရုံးက ထောင်ဒဏ် ၂ နှစ် ချမှတ်ခဲ့ပါသည်။ ကိုသန်းထိုက်အောင်သည် ၂၀၂၁ ခုနှစ် မတ်လ ၁၉ ရက်နေ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိ အဖွဲ့ဝင် ဦးဝင်းထိန်၏ တရားရုံးထုတ်သတင်းကို သွားရောက်ရယူစဉ် နေပြည်တော် ဒက္ခိဏသီရိ ခရိုင်တရားရုံးရှေ့တွင် ဖမ်းဆီးခံပြီး ရာဇသတ်ကြီးပုဒ်မ ၅၀၅ - ကဖြင့် တရားစွဲအမိန့်ချမှတ်ခံရခြင်း ဖြစ်သည်။

အာဏာသိမ်းစစ်အုပ်စုသည် မြန်မာနိုင်ငံအတွင်းရှိ သတင်းသမားများကို နေရာ၊ အချိန်မရွေး ဖမ်းဆီးရန် ပစ်မှတ်ထားလုပ်ဆောင်နေပြီး ဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းအပြင် အသက်အိုးအိမ် စည်းစိမ်များ စသည်တို့ကိုပါအန္တရာယ်ပြုလုပ်ဆောင်လျက်ရှိပါသည်။ စစ်အာဏာသိမ်းကာလအတွင်း ပြည်တွင်းရှိသတင်းသမား ၁၅၀ ဦးထက်မနည်းကို အာဏာသိမ်းစစ်အုပ်စုကဖမ်းဆီးခဲ့ကြောင်း သတင်းသမားကာကွယ်ရေးအဖွဲ့များက မှတ်တမ်းပြုစုထားပြီး ပြန်လည်လွတ်မြောက်လာသူများ ရှိခဲ့သည်တိုင် သတင်းသမား ၅၅ ဦးခန့်သည် အကျဉ်းထောင်အသီးအသီးတွင် ဖမ်းဆီးထိန်းသိမ်းခံနေကြရပါသည်။ အလွတ်တန်းသတင်းထောက် ကိုစိုးရာဇာထွန်းဆိုလျှင် စစ်ကောင်စီတပ်၏ ဖမ်းဆီးခံပြီး ပြန်လည်လွတ်မြောက်လာသူဖြစ်သော်လည်း လွတ်မြောက်လာပြီး ၇ လအကြာတွင် ပြန်လည်ဖမ်းဆီးခံရကာ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂-က ဖြင့် အမှု ရင်ဆိုင်နေရပါသည်။

## ဆက်စပ်လေ့လာ တွေ့ရှိချက်များ

၂၀၂၂ ခုနှစ် မေလ ၃ ရက်၊ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့တွင် ထုတ်ပြန်သော အသံအဖွဲ့၏ စာရင်းအရ စစ်အာဏာသိမ်းကာလအတွင်း မြန်မာတစ်နိုင်ငံလုံးရှိ အာဏာသိမ်းစစ်အုပ်စု၏ ဖမ်းဆီးခြင်းခံရသော သတင်းသမားစုစုပေါင်း ၁၅၆ ဦးအထိ ရှိခဲ့ပြီး ထိုအနက် အမျိုးသမီးသတင်းသမား ၂၈ ဦးအထိ ပါဝင်နေပါသည်။ အာဏာသိမ်းစစ်အုပ်စု၏ လက်အောက်ခံတရားရုံးအသီးသီးမှ ထောင်ဒဏ်အသီးသီးချမှတ်ခံထားရသူ သတင်းသမားအရေအတွက် ၂၆ ဦးရှိပြီး ထိုအနက် အမျိုးသမီး သတင်းသမား ၄ ဦး ပါဝင်နေပါသည်။

အာဏာသိမ်းစစ်အုပ်စု၏ ဖမ်းဝရမ်းထုတ်ခြင်းခံထားရသည့် သတင်းသမားအရေအတွက် ၃၉ ဦး အထိ ရှိပြီး ထိုအနက် အမျိုးသမီးသတင်းသမား ၄ ဦး ပါဝင်နေကြောင်း အသံအဖွဲ့က ထုတ်ပြန်ထားပါသည်။ သတင်းသမားအရေတွက် ၉၀ ကျော်သည် ပြန်လည်လွတ်မြောက်သော်လည်း သတင်းသမား ၆၁ ဦးသည် စစ်ကောင်စီ၏ အချုပ်ခန်း၊ အကျဉ်းထောင်နှင့် စစ်ကြောရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံနေရဆဲဖြစ်ပါသည်။ ထိုအနက် အမျိုးသမီးသတင်းသမား ၁၀ ဦးလည်း ဖမ်းဆီးထိန်းသိမ်းခံနေရပါသည်။ အာဏာသိမ်းစစ်အုပ်စု၏ ဖမ်းဆီးညှင်းပန်းနှိပ်စက်မှုဖြစ်စဉ်များကြောင့် သတင်းသမား ၃ ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း အသံအဖွဲ့က ဆိုပါသည်။

ပြည်သူလူထု၏ သတင်းသိပိုင်ခွင့်အတွက် အလုပ်အကျွေးပြုနေကြသော သတင်းအေဂျင်စီ လုပ်ငန်းပေါင်း ၁၁ ခုအထိ အာဏာသိမ်းစစ်အုပ်စုက လုပ်ပိုင်ခွင့်လိုင်စင် ရုပ်သိမ်းခဲ့ပါသည်။ သို့သော် ၎င်းတို့မှ လုပ်ပိုင်ခွင့်ရုပ်သိမ်းခဲ့သော်လည်း ယနေ့အထိ ပြည်သူလူထု၏ သတင်းသိပိုင်ခွင့်အတွက် အလုပ်အကျွေးပြုကာ ရေးသား၊ ထုတ်လုပ်၊ တင်ဆက်နေကြသော သတင်းမီဒီယာအေဂျင်စီများ ရှိနေဆဲဖြစ်သည်။ ဥပမာ - DVB၊ မဇ္ဈိမ၊ ခေတ်သစ်၊ မြစ်ကြီးနား နယူးစ်၊ တာချီလိတ်နယူးစ် စသဖြင့်။

စစ်အုပ်စု၏ အာဏာသိမ်းကာလအတွင်း မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်အညွှန်းကိန်းသည် အဆိုးဆုံးအခြေအနေထိ ကျဆင်းခဲ့ရပြီး ပြင်သစ်နိုင်ငံအခြေစိုက် နယ်စည်းမခြားသတင်းထောက်များအဖွဲ့(RSF)၏ ထုတ်ပြန်ချက် အရ ၂၀၂၂ ခုနှစ်အတွင်း မြန်မာ့သတင်းလွတ်လပ်ခွင့် အညွှန်းကိန်းသည် ကမ္ဘာ့နိုင်ငံပေါင်း ၁၈၀ တွင် အဆင့် ၁၇၆ အထိ ရောက်ရှိနေသည်ကို တွေ့ရပါသည်။ နှစ်ပေါင်း ၃၀ ကျော်အတွင်း အဆိုးဝါးဆုံး သတင်းလွတ်လပ်ခွင့်အညွှန်း ကိန်းဖြစ်ခဲ့ရပြီး မြန်မာနိုင်ငံထက် ဆိုးသည့်နိုင်ငံများအဖြစ် မြောက်ကိုးရီးယားနိုင်ငံအပါဝင် လေးနိုင်ငံသာ ရှိတော့သည်ကို တွေ့ရပါသည်။

၂၀၂၂ ကမ္ဘာ့တစ်ဝန်း ဆန္ဒထုတ်ဖော်ခွင့် အစီရင်ခံစာ (Global Expression Report) အရ လွတ်လပ်စွာဆွေးနွေး ပြောဆိုခွင့်၊ အစိုးရ၏ဆင်ဆာဖြတ်တောက်မှု၊ နိုင်ငံရေးနှင့် ပတ်သက်ပြီး ပြောဆိုသဖြင့် ဖမ်းဆီးမှုများအပါအဝင် အချက် ခုနစ်ချက်ကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်ညွှန်းကိန်း ၅ ဖြင့် အောက်ဆုံးအဆင့်ကို ရောက်ရှိနေကြောင်း ရန်ကုန်မြို့ အမေရိကန် သံရုံးက ဇူလိုင်လ ၈ ရက် ထုတ်ပြန်ခဲ့ပါသည်။

နိုင်ငံရေးကြောင့် သတ်ဖြတ်မှု၊ စာနယ်ဇင်းသမားများကို အနှောင့်အယှက်ပြုမှု၊ လွတ်လပ်စွာ စုဝေးခွင့်၊ အစိုးရ၏ ဆင်ဆာဖြတ်တောက်မှုနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအပေါ် ဖိနှိပ်မှုများကြောင့် ၂၀၂၁ ခုနစ်မှစပြီး ညွှန်းကိန်းများအရ ကမ္ဘာပေါ်တွင် တစ်ရှိန်ထိုး ဆုတ်ယုတ်ကျဆင်းမှု အများဆုံးနိုင်ငံ ဖြစ်နေကြောင်း အမေရိကန်သံရုံးက ဆိုပါသည်။




## သုံးသပ်တင်ပြချက်

အာဏာသိမ်းစစ်အုပ်စုနှင့် ၎င်းတို့အား ဆန့်ကျင်တော်လှန်နေကြသော မြန်မာပြည်သူလူထု အကြား သတင်းဖြစ်စဉ် ဖြစ်ရပ်များ၊ အချက်အလက်များကို စုံစမ်းဖော်ထုတ်ရေးသားနေကြသော သတင်းသမားများအတွက် စစ်အာဏာသိမ်းကာအတွင်း အကြီးမားဆုံးစိန်ခေါ်မှုသည် စိတ်ပိုင်းဆိုင် ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးပင် ဖြစ်ကြောင်း မိမိတို့ Myanmar Peace Monitor မှ စုံစမ်းမေးမြန်း ခဲ့သော မြေပြင်သတင်းသမားများက ဆိုပါသည်။

စစ်အုပ်စု၏ အချိန်မရွေး၊ နေရာမရွေး အသက်အန္တရာယ်ခြိမ်းခြောက်မှုအပြင် ဖမ်းဆီး၊ နှိပ်စက် ကာ အကြောင်းအမျိုး မျိုးပြပြီး ပုဒ်မအမျိုးမျိုးတပ်ဆင် အမှုဆင်လာနိုင်ခြင်းကို နေ့စဉ်နှင့်အမျှ ရင် ဆိုင်ကြုံတွေ့နေရသည်ဟု ဆိုပါသည်။ ရန်ကုန်မြို့တွင် မြေပြင်သတင်းများ စုံစမ်းထောက်လမ်းရေး သားနေသော လူငယ်သတင်းသမားတစ်ဦးက "လုံခြုံ ရေး၊ ငွေကြေးနဲ့ ယုံကြည်မှု ဒီသုံးခုက သတင်း သမားတွေအတွက် အကြီးမားဆုံးအခက်အခဲတွေလို့ ပြောလို့ရတယ်" ဟု ဆိုပါသည်။ ငွေကြေး အခက်အခဲကြောင့် လုံခြုံရေးအတွက် ပြင်ဆင်စီမံရသည့် သတင်းသမားတစ်ဦး၏ နေ့စဉ် လုပ်ငန်း ဆောင်တာများကို လုပ်ဆောင်နိုင်စွမ်းရှိသကဲ့သို့ သတင်းအရင်း အမြစ်များနှင့် သတင်းသမားများအ ကြား ယုံကြည်မှုလျော့ပါးလာခြင်းကလည်း မြေပြင်သတင်းအချက်လက်များ ရယူနိုင်ရေးအတွက် စိန်ခေါ်မှုတစ်ခုဖြစ်နေကြောင်း သူက ဆိုပါသည်။



ရခိုင်ပြည်နယ်အတွင်းတွင်လည်း အာဏာသိမ်းစစ်အုပ်စု၏ စစ်ဆေးရေးတင်းကြပ်မှုကြောင့် မြေပြင်သတင်းများ ကွင်းဆင်းစုံစမ်းဖော်ထုတ်ရေးသားရန်အတွက် လိုအပ်သည့် ကင်မရာ၊ အသံဖမ်းစက် စသည့်အသုံးအဆောင်ပစ္စည်း များကို ကိုယ်နှင့်တပါတည်းယူဆောင်နိုင်ရန် များစွာ အခက်ကြုံရကြောင်း ရခိုင်ပြည်နယ် စစ်တွေ အခြေအစိုက်သတင်းသမားတစ်ဦးက ပြောပါသည်။ "အခုချိန်မှာ လုံခြုံရေးက အခက် အခဲဆုံးပဲ။ အဓိကတော့ လုံခြုံရေး တင်းကြပ်စစ်ဆေးမှုရှိနေတာက ကျနော်တို့မြေပြင်သတင်းထောက်တွေအတွက် အခက်ခဲဆုံး စိန်ခေါ် မှုတခုပါ"ဟု သူက ပြောပါသည်။

အာဏာသိမ်းစစ်အုပ်စုသည် ၎င်း၏ စစ်အာဏာသိမ်းကာလအတွင်း ၎င်းတို့ဝါဒဖြန့်ရာတွင် အသုံးပြုနိုင်မည့် လက်ဝေခံသတင်းသမားများကို တဖက်တလမ်းမှ ပံ့ပိုးထောက်ပံ့ကာ ၎င်းတို့၏ လစဉ် သတင်းစာရှင်းလင်းပွဲများတွင် အသုံးပြုလေ့ရှိသော်လည်း အမှန်တကယ်လွတ်လပ်စွာ ရပ်တည်ပြီး ပြည်သူလူထု၏ သတင်းသိပိုင်ခွင့်အတွက် သတင်းစာပညာ ကျင့်ဝတ်စည်းကမ်းများ လိုက်နာကာ အလုပ်အကျွေးပြုနေကြသော သတင်းသမားများကိုမူ အသက်အန္တရာယ် ခြိမ်းခြောက်မှုအပြင် အိုးအိမ်စည်းစိမ်ပိုင်ဆိုင်မှုများကိုပါ အန္တရယ်ပြုလျက်ရှိသည်ကို တွေ့ရပါသည်။

သတင်းသမားများအတွက် လုံခြုံ ရေးနှင့် သက်ရှင်ရပ်တည်ရေးအတွက် စိန်ခေါ် မှုကြီးမားလာနေသော မြန်မာနိုင်ငံအတွင်းရှိ တောင်းတန်းမြေပြန့် နေရာဒေသအသီးသီးတွင်မြေပြင်သတင်းဖြစ်စဉ်များ၊ အချက်အလက်မှတ်တမ်းစုံစမ်းဖော်ထုတ်လျက်ရှိသော သတင်းသမားများသည် အာဏာ

သိမ်းစစ်အုပ်စု၏ ထိန်းချုပ်နယ်မြေမြင်ပြင်ပအထိ ထွက်ခွာကာ အဝေးမှတဆင့် စုံးစမ်းဖော်ထုတ်ရေးသားရသည့် အခြေအနေများကို ရောက်ရှိလာပါသည်။

"စကစလက်အောက်က လွတ်အောင်ပြေးပြီးမှပဲ သတင်းအလုပ်တွေ လုပ်နိုင်လိမ့်မယ်။မဟုတ်ရင် သတင်းရေးရတာကို နောက်ကျောမလုံဘူး။ ကြာတော့စိတ်ပိုင်းဆိုင်ရာကိုပါ ထိခိုက်လာတယ်။ မလုံခြုံတော့ဘူး"ဟု ရန်ကုန် မြေပြင်သတင်းသမားတစ်ဦးက သူ့အခြေအနေကို ပြောပြပါသည်။

အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့၏ ပြည်သူလူထုအပေါ် ကျူးလွန်သော အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်လိုသော စိတ်ဆန္ဒဖြင့် မြေပြင်သတင်းသမားများအပေါ် ရန်သူကဲ့သို့သဘောထားကာ ဖမ်းဆီးနှိပ်စက် သတ်ဖြတ်မှုများကို ကျူးလွန်လာနေသည့်အတွက် သတင်းသမားများ၏လုံခြုံမှုနှင့် သက်ရှင်ရပ်တည်နိုင်မှုသည် ကြီးမားသည့်စိန်ခေါ်မှုတစ်ခု ဖြစ်လာနေပါသည်။

လွတ်လပ်စွာ ပြောဆိုထုတ်ဖော်ခွင့်နှင့် သတင်းအချက်အလက်များ လွတ်လပ်စွာစီးဆင်းခွင့်၊ ရယူသုံးစွဲပိုင်ခွင့်တို့သည် ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ အသက်သွေးကြောတစ်ရပ်ဖြစ်သကဲ့သို့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်သည်လည်း လူ့အဖွဲ့အစည်းတခု၊ ဒီမိုကရေစီနိုင်ငံတခုအတွက် မရှိမဖြစ်အရေးပါသော အခြေခံလူသား အခွင့်အရေးတစ်ရပ်အဖြစ် ရှိနေပါသည်။ စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး စသည့် နွေဦးတော်လှန်ရေး၏ ဦးတည်လှုပ်ရှားမှုများထဲတွင် ပြည်သူလူထု၏ သတင်းသိ ပိုင်ခွင့်အတွက် အလုပ်အကျွေးပြုနေကြသော သတင်းသမားများ၏လုံခြုံရေးနှင့် သက်ရှင်ရပ်တည်နိုင်ရေးအတွက် ထည့်သွင်းစဉ်းရလိမ့်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

အမျိုးသမီးရဲဘော်ပုတူးအပါအဝင်
တပ်ဖွဲ့ဝင် ၃ ဦးဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည့်
အဆိုပါမစ်ရှင်အတွင်း စစ်ကောင်စီတပ်ဘက်မှ
မောင်းပြန်သေနတ် ၂ လက် ရရှိခဲ့သည်

# မကွေးတိုင်းအတွင်းက မောင်းပြန်သေနတ်ရရှိရေးမစ်ရှင်

(အမှတ်စဉ် ၇၁)

## နိဒါန်း

အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်စစ်သည် တစ်နှစ်ကျော်လာခဲ့ပြီဖြစ်သည်။ လေးခွ၊ တုတ်၊ ဓား၊ တူမီးဖြင့် စတင်ခဲ့သည့် မြန်မာ့နွေဦး တော်လှန်ရေး၏ ခုခံတော်လှန်စစ်သည် အာဏာသိမ်းစစ်အုပ်စု၏ လက်နက်ကြီး၊ လက်နက်ငယ်အသွယ်သွယ်အပြင် လေကြောင်းတိုက်ခိုက်မှုများဖြင့် အရှိန်အဟုန်မြှင့် ထိုးစစ်ဆင်မှုများအောက်တွင် တပ်ဆင်းသွားခြင်းမရှိဘဲ ကြံ့ကြံ့ခံကာ တွန်းလှန်ခုခံနေဆဲ ဖြစ်သည်။

သို့နှင့်တိုင် ခုခံတော်လှန်စစ်၏ မြေပြင်စစ်ဆင်ရေးအခြေအနေများတွင် လက်နက်ခဲယမ်းလိုအပ်ချက်၊ ငွေကြေးလိုအပ်ချက်များသည် ခုခံတော်လှန်ရေးကာလကြာမြင့်လာသည်နှင့်အမျှ ပိုမိုကြီးမားလာနေသည်ကို တွေ့ရပါသည်။

ယခုတစ်ပတ် BNI – Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် မောင်းပြန်သေနတ်ရရှိရေးအတွက် "ရန်သူ့လက်နက်၊ ကိုယ့်လက်နက်" ဆိုသည့် ယုံကြည်ယူဆဖြင့် အသက်အန္တရာယ်ကိုပင် ဂရုမထားဘဲ စွန့်စားမှုကြီးမားခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များကို အခြေပြုကာ လေ့လာတင်ပြသွားပါမည်။

## ဖြစ်စဉ်

စက်တင်ဘာ ၄ ရက်၊ မောင်းပြန်သေနတ်ရရှိရေး မစ်ရှင်။ မကွေးတိုင်း၊ ပခုက္ကူ-ဧရာဝတီ တံတားတောင်ဘက်ရှိ အာဏာသိမ်းစစ်ကောင်စီတပ် ဂိတ်စခန်းတစ်ခုကို ပခုက္ကူမြို့ပြပျောက်ကြားတပ်ဖွဲ့-၂ က ဝင်ရောက်တိုက်ခိုက်ကာ မောင်းပြန်သေနတ်ရရှိရေးအတွက် မစ်ရှင်တစ်ခု စတင်ခဲ့သည်။ အမျိုးသမီးရဲဘော် ပူတူးအပါအဝင်တပ်ဖွဲ့ဝင် ၃ ဦးဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည့် အဆိုပါမစ်ရှင်အတွင်း စစ်ကောင်စီတပ်ဘက်မှ မောင်းပြန်သေနတ် (၂) လက် ရရှိခဲ့ သည်ဟု ဆိုပါသည်။

မြို့ပြပြောက်ကျားတပ်ဖွဲ့ဘက်မှ ပစ္စတိုတစ်လက်၊ ဆိုင်ကယ်နှစ်စီး၊ လက်ပစ်ဗုံးနှစ်လုံးနှင့် ကျည်အတောင့် ၂၀ ဆုံးရှုံးခဲ့ရသော်လည်း တပ်ဖွဲ့ ဝင် ရဲဘော်များအနေဖြင့် အကျအဆုံးအထိ အနိုက်မရှိဘဲ မောင်းပြန်သေနတ်ရရှိရေးမစ်ရှင် အောင်မြင်စွာအဆုံးသတ်နိုင်ခဲ့သည်ကို တွေ့ရသည်။ မစ်ရှင်အတွက် တစ်လကျော်ကြာ အချိန်ယူပြင်ဆင်ခဲ့ရသည်ဟု ပခုက္ကူမြို့ပြပျောက်ကြားတပ်ဖွဲ့-၂ တာဝန်ခံ ရဲဘော်ရန်နောင်က သတင်းမီဒီယာကို ပြောဆိုထားပါသည်။


မကွေးတိုင်း ပခုက္ကူမြို့ရှိ အထည်ချုပ်စက်ရုံတစ်ခုတွင် လုံခြုံရေးယူထားသည့် စစ်ကောင်စီတပ်သားများကို စက်တင်ဘာ ၈ ရက် နေ့လည်ပိုင်းတွင် ဒေသကာကွယ်ရေးတပ်ဖွဲ့တစ်ခုဖြစ်သည့် Royal Defenses Force က ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ကျည်ဆံထိမှန်လဲကျသွားသည့် စစ်ကောင်စီတပ်သားတစ်ဦး၏ သေနတ်ကို သွားရောက်ကောက်ယူစဉ် အခြားသော စစ်ကောင်စီတပ်သားများက ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် ဒေသကာကွယ်ရေးတပ်ဖွဲ့ဝင် နှစ်ဦးကျဆုံးခဲ့သည်။ ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဘက်မှ သေနတ်တစ်လက် ဆုံးရှုံးခဲ့ရသကဲ့သို့ နောက်ထပ်ရဲဘော်တစ်ဦးလည်း ကျည်ဆံထိမှန် ဒဏ်ရာရခဲ့သည်ဟု သိရပါသည်။

ရန်သူ့လက်နက် ကိုယ့်လက်နက်ဖြစ်ရေးအတွက် ချဉ်းကပ်တိုက်ပွဲဝင်နေကြသော မတူညီသည့် ဖြစ်စဉ်နှစ်ခုသာ တင်ပြခဲ့ခြင်းဖြစ်ပြီး မိမိတို့ လက်လှမ်းမမီသေးသော ပုံသဏ္ဍာန်တူဖြစ်စဉ် ဖြစ်ရပ်များစွာလည်းရှိနေနိုင်ပါသည်။ အဆိုပါဖြစ်စဉ်ဖြစ်ရပ်များသည် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးတည်လျှောက်လှမ်းနေကြသော ခုခံတော်လှန်ရေးအင်အားစုများအတွက် အကြီးမားဆုံးသော စိန်ခေါ်မှုနှင့် အခက်အခဲများ ဖြစ်နေကြောင်းကို ထင်ရှားစေပါသည်။

## ဆက်စပ်တွေ့ရှိချက်များ

BNI – Myanmar Peace Monitorမှ နေ့စဉ်သတင်းများကို အခြေခံကောက်ယူထားသည့် စာရင်းအရ မကွေးတိုင်းအတွင်း အာဏာသိမ်း စစ်ကောင်စီတပ်များအား ခုခံတော်လှန်စစ်


ဆင်နွဲနေကြသော မြို့ပြဒေသအလိုက် ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ (PDF/LDF) အရေအတွက် ၂၂ ဖွဲ့ အထိရှိပြီး  စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းပြီးလျှင် PDF/LDF အရေအတွက် အများဆုံး ဒေသ ဖြစ်ပါသည်။  (မှတ်ချက်။ အသစ်ထပ်မံရရှိသည့် PDF/LDF များကို BNI - Myanmar Peace Monitor ၏ PDF Dashboard တွင် နေ့စဉ်စောင့်ကြည့် ဖြည့်သွင်းလျက်ရှိပါသည်။)




၂၀၂၂ ခုနှစ် ဩဂုတ်လ ၃၁ ရက်အထိ မကွေးတိုင်းအတွင်း စစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက် PDF/LDF များအကြား  တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၁၄၃ ရက်အထိ ရှိခဲ့ပြီး စစ်ကိုင်းတိုင်းပြီးလျှင် ချင်းပြည်နယ်နှင့်အတူ ခုခံတော်လှန်စစ်အပြင်းထန်ဆုံး ဒေသဟုဆိုရပါမည်။ စစ်ကောင်စီတပ်များနှင့် PDF/LDF များအကြား ခုခံတော်လှန်စစ်အခြေအနေကို လေ့လာကြည့်ပါက BNI - Myanmar Peace Monitor ၏  စာရင်းအရ စစ်ကိုင်းတိုင်းအတွင်း တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၃၇၇ ရက်၊ ချင်းပြည်နယ်အတွင်း တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၁၄၅ ရက်၊ ကရင်နီ (ကယား) ပြည်နယ်အတွင်း တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၁၁၅ ရက် စသဖြင့်  အသီးသီးတွေ့ရှိရပါသည်။ (မှတ်ချက်။

တိုက်ပွဲဖြစ်ပွားမှုတစ်ရက်တွင် အကြိမ်ရေအားဖြင့် နှစ်ကြိမ်ထက်မနည်းဖြစ်ပွားလေ့ရှိသည့်အတွက် တိုက်ပွဲအကြိမ်ရေအားဖြင့်မူ ကိန်းဂဏန်း ယခုထက်ပိုမိုများပြားနိုင်ပါသည်။)


ခုခံတော်လှန်စစ်ပြင်းထန်ရာ ဒေသဖြစ်သည်နှင့်အမျှ အာဏာသိမ်းစစ်အုပ်စု၏ ကြည်းကြောင်း၊ ရေကြောင်း၊ လေကြောင်းစသည့် ထိုးစစ် အသွယ်သွယ်ကို တစ်နိုင်ငံလုံးရှိ တောင်တန်းမြေပြန့်ဒေသအလိုက် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များနည်းတူ PDF/LDF များလည်း ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ထို့အပြင် Data For Myanmar ၏ စစ်ကောင်စီတပ်များ၏ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရပ်သားပြည်သူပိုင်နေအိမ်များအား မီးရှို့ဖျက်ဆီးမှုစာရင်းတွင်လည်း စစ်ကိုင်းတိုင်းပြီးလျှင် ဒုတိယမြောက် မီးရှို့ဖျက်ဆီးမှုအခံရဆုံးဒေသဖြစ်နေသည်ကို တွေ့ရပါသည်။




စစ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲအဖြစ် အာဏာသိမ်းစစ်အုပ်စုအား ပြည်တွင်းခုခံတော်လှန်စစ်အရှိန် အပြန့်ကျယ်လာသည်နှင့်အတူ စစ်ကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရ

သည့် အရပ်သားပြည်သူပေါင်း (၉၇၄ ၄၀၀) ဦးအထိ ရှိနေကြောင်း UN-OCHA က ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ထုတ်ပြန်ထားပါသည်။ ထိုအနက် မကွေးတိုင်းအတွင်း စစ်ဘေးရှောင်အရေအတွက် တစ်သိန်းနီးပါးရှိနေပြီး စစ်ကိုင်းတိုင်းပြီးလျှင်  ဒုတိယမြောက် စစ်ဘေးရှောင်အရေအတွက် အများဆုံးဒေသဖြစ်နေပါသည်။

စစ်အာဏာသိမ်းကာလအတွင်း တိုင်းနှင့် ပြည်နယ်အလိုက် IDP အခြေအနေ




Source: UN-OCHA • Created by Hninnko

စစ်ကိုင်းတိုင်း၊ မကွေးတိုင်းအပါအဝင် ခုခံတော်လှန်စစ် အရှိန်အဟုန်ပြင်းထန်ရာ ဒေသများတွင် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများ၊ မီးရှို့ဖျက်ဆီးမှုများ၊ လူသားဒိုင်းကဲ့သို့ အရပ်သားပြည်သူများအား ဖမ်းဆီးအကာအကွယ်ယူမှုများစသည့် လူသားမဆန်သော အကြမ်းဖက်လုပ်ရပ်များကို မြင်တွေ့ခဲ့ရပါသည်။ စစ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့် စစ်ဘေးရှောင်အရပ်သားပြည်သူများကို ပစ်မှတ်ထားကာ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများကိုလည်း တွေ့ မြင်နေရပါသည်။

လက်နက်အင်အား သာလွန်သည့် အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်ရေးလုပ်ငန်းစဉ်သည် လက်နက်ခဲယမ်း လိုအပ်ချက်၊ ငွေကြေး လိုအပ်ချက်များကြောင့် စိတ်ဓာတ်ရှိသမျှစွမ်းဆောင်နိုင်ရန် အဟန့်အတားဖြစ်နေသည်ကို သတိပြုမိပါသည်။

## သုံးသပ်တင်ပြချက်

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ယာယီသမ္မတကြီးသည် ၎င်း၏ ခုခံတော်လှန်စစ်ကြေညာခြင်း တစ်နှစ်ပြည့်၊ စက်တင်ဘာ ၇ ရက် မိန့်ခွန်းတွင် နိုင်ငံတကာအစိုးရများ၊  နိုင်ငံတကာ

အဖွဲ့အစည်းများအနေဖြင့် အာဏာသိမ်းစစ်အုပ်စု၏ လက်နက်အင်အားကို အထောက်အပံ့ဖြစ်စေမည့် ဂင်ငွေရလမ်းကြောင်းများကို ဖြတ်တောက်ပေးကြဖို့ တိုက်တွန်းခဲ့သကဲ့သို့ နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်ရေး အင်အားစုများအတွက်လည်း လက်နက်ခဲယမ်း၊ နည်းပညာနှင့် ငွေကြေးအထောက်အပံ့များကို လက်တွေ့ကျစွာ ကူညီထောက်ပံ့ပေးကြဖို့လည်း မေတ္တာရပ်ခံ တိုက်တွန်းထားပါသည်။

မိမိတို့ BNI – Myanmar Peace Monitor ၏ နေ့စဉ်ကောက်ယူထားသည့် မှတ်တမ်းများအရမူ အာဏာသိမ်းစစ်အုပ်စုအား အခြေအနေ၊ နေရာဒေသအလိုက် အခွင့်အရေးရသည့်အချိန်တိုင်းတွင် မြို့ပြဒေသအလိုက် PDF/LDF များ၏ လှုပ်ရှားမှုများကို ပိုမိုမြင်တွေ့ရသည်ဟု ဆိုရပါမည်။ ထို့ကြောင့် မိမိတို့၏ PDF Dashboard တွင်လည်း အမှန်တကယ်တိုက်ပွဲဖြစ်ပွားပြီး PDF/LDF များကို အခြေပြုတင်ပြထားခြင်းဖြစ်ပါသည်။

စစ်အာဏာသိမ်းကာလအတွင်း မူလရှိနေပြီးဖြစ်သော ERO များအပြင် NUG ကာကွယ်ရေးဝန်ကြီးဌာနအောက်တွင် ဖွဲ့စည်းထားသည့် PDF တပ်ရင်း (၃၀၀) ကျော်၊ NUG ၏ မြို့နယ်အလိုက် ဖွဲ့စည်းထားသော PDF (၂၅၀) ကျော်တို့သည် NUG နှင့် ချိတ်ဆက်နိုင်မှုအပေါ် မူတည်ပြီး အလုံအလောက်မရရှိသေးသည့်တိုင် ငွေကြေးအားဖြင့်သော်လည်းကောင်း၊ နည်းပညာအားဖြင့်သော်လည်းကောင်း ထောက်ပံ့ကူညီမှုတချို့ ရရှိနေကြသည်ကို နေ့စဉ်သတင်းဖော်ပြချက်များအရ သတိပြုမိပါသည်။ အလားတူ နွေဦးတော်လှန်ရေးအတွက် ရံပုံငွေရှာဖွေအစုအဖွဲ့များနှင့် ချိတ်ဆက်နိုင်သည့် PDF/LDF များအနေဖြင့်လည်း ကြီးမားသည့်အခက်အခဲများအကြား တစုံတရာ အထောက်အကူရရှိနေကြသည်ကို တွေ့ရပါသည်။

သို့နှင့်တိုင် စစ်အာဏာရှင်စနစ်အမြစ်ပြုတ်ချေမှုန်းရေးအတွက် အန္တိမပန်းတိုင်ပြကာ မြို့ပြဒေသအလိုက် ခုခံတော်လှန်တိုက်ပွဲဝင်နေကြသော PDF/LDF များ၊ မြို့ပြမြေအောက်လှုပ်ရှားနေကြသည့် UG များအတွက်မူ ၎င်းတို့၏လှုပ်ရှားမှုများ၊ အခက်အခဲများ ၊ စိန်ခေါ်မှုများသည် လူမသိ သူမသိအခြေအနေဖြင့် အသက်များ၊ ဘဝများကို ပေးဆပ်နေကြရသည်ကို ဆို့နှင့်ဖွယ် မြင်တွေ့ကြားသိနေရပါသည်။ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအတွက် ရည်မှန်းချက်တူညီသော ခုခံတော်လှန်ရေးအင်အားစုအချင်းချင်း အပြန်အလှန်နားလည်မှုရှိစွာဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှသာ လိုရာပန်းတိုင်များသို့ အမြန်ရောက်ရှိမည်ကို နွေဦးတော်လှန်ရေးအတွက် ဦးဆောင်ဦးရွက်ပြုသူတိုင်း သတိပြုရပါလိမ့်မည်။

နွေဦးတော်လှန်ရေးအတွက်ရရှိသည့် ရံပုံငွေတစ်စေ့တစ်ချပ်တိုင်းအတွက် အကျိုးရှိစွာသာ တူညီမျှလိုအပ်ချက်အပေါ် မူတည်ပြီး ကျောသားရင်သားမခွဲခြားဘဲ မျှတစွာစီးဆင်းစေဖို့အတွက် NUG အပါအဝင် နွေဦးတော်လှန်ရေး ဦးဆောင်ဦးရွက်ပြုသူတိုင်းအတွက် တာဝန်ရှိသည်ဟု ဆိုရပါလိမ့်မည်။

မောင်းပြန်သေနတ်ရရှိရေးမစ်ရှင်တစ်ခုကို အမည်တပ်စတင်ခဲ့သည့် မကွေးတိုင်း ပခုက္ကူမြို့ပြ ပျောက်ကြားတပ်ဖွဲ့-၂ မှ အမျိုးသမီးရဲဘော်ပူတူးအတွက် မောင်းပြန်တစ်လက်ရရှိရေးအတွက် မကွေးနည်းပညာတက္ကသိုလ်ကျောင်းသားများသမဂ္ဂမှ ဦးဆောင်ကာ ရံပုံငွေရှာဖွေရေးအစီအစဉ် တစ်ရပ်ကို စက်တင်ဘာ ၁၈ ရက်တွင် စတင်လိုက်ပြီဖြစ်သည်။ တစ်ဦးလျှင် ၃၈၈၈ ကျပ်မှ စတင်လှူ ဒါန်းနိုင်သည့် အဆိုအပါအစီအစဉ်သည် အသက်နှင့်ခန္ဓာကိုအရင်းပြုပြီး "ရန်သူ့လက်နက် ကိုယ့် လက်နက်" ဖြစ်ရေးအတွက် မောင်းပြန်သေနတ်ရရှိရေးမစ်ရှင်ထက်တော့ နွေဦးတော်လှန်ရေး အတွက် ပိုမိုအထောက်အပံ့ဖြစ်နိုင်လိမ့်မည်ဟု ရှုမြင်မိပါသည်။

> အဆုံးသတ်တိုက်ပွဲ၏အဆုံးအဖြတ်နှစ် အဖြစ် သန္နိဋ္ဌာန်ချမှတ်ကာ တော်လှန်ရေးအင်အားစုများအားလုံး အတူတကွ တစ်သံတည်းညီ တစ်ချီတည်းရှန်းကြရန် အချိန်ကျပြီဖြစ်ကြောင်း

# ခုခံတော်လှန်စစ် ဘာကြောင့် အောင်မြင်နိုင်သလဲ (အမှတ်စဉ် ၇၅)

## နိဒါန်း

အမျိုးသားညီညွတ်ရေးအစိုးရ ( NUG ) ကတော့ လာမည့် ၂၀၂၃ ခုနှစ်သည် တော်လှန်ရေးကို အဆုံးအဖြတ်ပေးမည့်နှစ်အဖြစ် ခံယူကြောင်း အောက်တိုဘာ ၇ ရက်တွင် ကြေညာလိုက်ပါသည်။ တော်လှန်ရေးအင်အားစုများ၏ မဟာဗျူဟာမြောက် ပေါင်းစည်းမှုဖြင့် အဆုံးသတ်တိုက်ပွဲဆင်နွှဲရန် သန္နိဋ္ဌာန်ချသည်။ ဘက်ပေါင်းစုံမှထွက်ပေါက်ရှာနေသော အာဏာသိမ်းစစ်အုပ်စုအား အချိန်ပေး၍ မရတော့သည့် အခြေအနေဖြစ်သည့်အတွက် စစ်မျက်နှာ ၆ ခုဖွင့်ကာ ခုခံတော်လှန်စစ်မှ အရှိန်မြှင့် ထိုးစစ်ဆင်ရေး တစ်နှစ်စီမံချက်ကို ရေးဆွဲနေပြီဟုဆိုပါသည်။


ထို့ကြောင့် လာမည့်တစ်နှစ်တာ အရေးအကြီးဆုံးကာလအား " အဆုံးသတ်တိုက်ပွဲ၏ အဆုံးအဖြတ်နှစ်" အဖြစ် သန္နိဋ္ဌာန်ချမှတ်ကာ တော်လှန်ရေးအင်အားစုများအားလုံး အတူတကွ တစ်သံတည်းညီ တစ်ချီတည်းရှန်းကြရန် အချိန်ကျပြီဖြစ်ကြောင်း NUG ကြေညာချက်က တိုက်တွန်းထားပါသည်။

ယခုတပတ် BNI - Myanmar Peace Monitor ၏အပတ်စဉ်သုံးသပ်ချက်တွင် အာဏာသိမ်း စစ်အုပ်စုအား ပုံသဏ္ဍာန်မျိုးစုံ၊ နည်းလမ်းအသွယ်သွယ်ဖြင့် ဆန့်ကျင်နေကြသော နွေဦးတော်လှန်


ရေးသရုပ်သကန်များထဲမှ ခုခံတော်လှန်စစ်၏ အခန်းကဏ္ဍကို ကိန်းဂဏန်း အချက်အလက်များဖြင့် တွက်ထုတ်ချဉ်းကပ်ကာ အားနည်းချက်၊ အားသာချက်များကို ရှာဖွေတင်ပြသွားပါမည်။

## ချဉ်းကပ်မှု (၁)

မြို့ပြဒေသအလိုက် အမည်နာမမျိုးစုံဖြင့် စုစည်းထွက်ပေါ်လာသော ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF/LDF) များသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တောင်တန်းမြေပြန့်ဒေသအလိုက် နိုင်မာအားကောင်းလာပြီဖြစ်သည်။ မိမိတို့ BNI-MPM မှ နေ့စဉ်တင်ဖော်ပြလျက်ရှိသည့် People's Defense Force Dashboard အရ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် PDF/LDF ပေါင်း ၂၃၀ နီးပါး ရှိနေပြီဖြစ်သည်။ (စကားချပ် - ထပ်မံရှာဖွေ စုဆောင်းနေဆဲဖြစ်သည်) PDF/LDF အများဆုံးဒေသအဖြစ် စစ်ကိုင်းတိုင်းက ရပ်တည်နေပါသည်။ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ချင်းပြည်နယ် စသည်ဒေသများသည်လည်း PDF/LDF အများအပြား ပေါ်ထွက်ရာဒေသများဖြစ်သည်ကို တွေ့ရပါသည်။




ပြည်သူ့ကာကွယ်ရေးတပ်သားစုစုပေါင်းအရေအတွက်




ယာယီသမ္မတကြီး ဒူ၀ါလရှီလကတော့ NUG အနေဖြင့် မြို့နယ်ပေါင်း ၃၃၀ ကျော်ရှိသည့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် မြို့နယ်အခြေပြု ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (ပကဖ) အဖွဲ့ပေါင်း ၂၅၀ ကျော်ကို ဖွဲ့စည်းနိုင်ခဲ့သည့်အပြင် NUG ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်တွင်လည်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) တပ်ရင်းပေါင်း ၃၀၀ ကျော် အထိ ရှိနေပြီဖြစ်ကြောင်း သူ၏ ခုခံတော်လှန်စစ်ကြေညာခြင်း တစ်နှစ်ပြည့်မိန့်ခွန်းတွင် ထည့်သွင်းပြောဆိုခဲ့ပါသည်။ယာယီသမ္မတကြီးက ယခုလိုလည်း ပြည်သူသို့ အသိပေးသွားပါသေးသည်။

"ခုခံတွန်းလှန်စစ် တစ်နှစ်ပြည့်တဲ့ အခုချိန်မှာ ဖက်ဆစ်အကြမ်းဖက်စစ်ကောင်စီအနေနဲ့ သူတို့ ကောင်းကောင်း စိုးမိုးအုပ်ချုပ်နိုင်တာဆိုလို့ တိုင်းပြည်နယ်မြေအကျယ်အဝန်းရဲ့ ထက်ဝက်တောင် မရှိတော့ဘူးဆိုတာကို ကျနော်တို့ ပြည်သူလူထုကို အလေးအနက် တင်ပြလိုပါတယ်"။

အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များ၊ ဖိနှိပ်ချိုးနှိမ်မှုများကြောင့် မိမိကိုယ်ကိုယ် ကာကွယ်နိုင်ရေးအတွက် ရရာလက်နက်စွဲကိုင်ကာ ခုခံတော်လှန်လာကြသော PDF/LDF များ အနေဖြင့် ငွေကြေး၊ လက်နက်ခဲယမ်းနှင့် နည်းပညာကအစ ဘာတစ်ခုမျှ ပြည့်စုံလုံလောက်မှု မရှိသော်လည်း စစ်အာဏာသိမ်းမှုကိုဆန့်ကျင်သော ပြည်သူလူထု၏ ထောက်ခံပံ့ပိုးမှုဖြင့်သာ အာဏာသိမ်းစစ်အုပ်ကို ရှုန်းကန်တွန်းလှန်နေကြခြင်းဖြစ်သည်။ ယင်းသို့သော ခက်ခဲကြပ်တည်းမှုများ အကြားကပင် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ BNI - MPM ၏ မှတ်တမ်းအရ အာဏာသိမ်းစစ်ကောင်စီတပ်များနှင့် မြို့ပြဒေသအလိုက် PDF/LDF များအကြား တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း ၁၁၇၈ ရက် အထိ ရှိခဲ့သည်။ ထိုအနက် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းတို့သည် ခုခံတော်လှန်စစ် အပြင်းထန်ဆုံးဒေသများ ဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုအခြေအနေကို လေ့လာကြည့်ပါက မြို့နယ်ပေါင်း ၁၅၂ မြို့နယ်အတွင်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက် PDF/LDF များအကြား တိုက်ပွဲဖြစ်ပွားခဲ့သည်ကို တွေ့ရပြီး ရှမ်းတောင်ပိုင်းဒေသ၊ ကရင်နီ(ကယား)ပြည်နယ်အစပ် ဖယ်ခုံမြို့နယ်နှင့် စစ်ကိုင်းတိုင်း ကလေး မြို့နယ်တို့ အတွင်း တိုက်ပွဲဖြစ်ပေါင်း ၅၁ ရက်စီဖြင့် တိုက်ပွဲဖြစ်ပွားမှု အများဆုံးဒေသများ ဖြစ်နေသည်ကို တွေ့ရပါ သည်။

၂၀၂၂ခုနှစ် စက်တင်ဘာ ၃၀ရက်အထိ မြို့နယ်ပေါင်း ၁၅၀ ကျော်အတွင်း စစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက် PDF/LDF များအကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၁၁၇၈ရက်အထိ ဖြစ်ပွားခဲ့ပြီး မြို့နယ်တစ်ခုအတွင်း တိုက်ပွဲဖြစ်ရက်ပေါင်း ၂၀ ရက်အထိ မြို့နယ်များအခြေအနေ




Source: Data : BNI-Myanmar Peace Monitor

ဆိုရသော် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပြန့်ကျယ်စွာ ခိုင်မာအားကောင်းလာသော မြို့ပြ ဒေသအလိုက် PDF/ LDF များအား လက်နက်အင်အားတစ်ခုတည်းနှင့် ချေမှုန်းရှင်းကာ လုယူထားသော အာဏာတည်မြဲရေးအတွက် စိတ်ကူးယဉ်နေသော အာဏာသိမ်းစစ်အုပ်စု၏ ဟုတ်ယောင်ထင်မှုသည် လက်တွေ့ဖြစ်နိုင်ချေ အလွန်နည်းပါးသည်ဟုဆိုရပါမည်။ တစ်ဖက်တွင်လည်း PDF/LDF များအပါအဝင် နွေဦးတော်လှန်ရေးအင်အားစုများ အချင်းချင်းအကြားတွင် ချိတ်ဆက်ဆောင်ရွက်နိုင်မှု ပိုမိုအားကောင်းရန် လိုအပ်သကဲ့သို့ အချင်းချင်းအကြား စည်းလုံးညီညွတ်ရေးသည်လည်း ရွေးစေ့မျှပင် ပွန်းထိခံ၍ မဖြစ်သည်ကို သတိပြုရပါလိမ့်မည်။

## ချုပ်ကပ်မှု (၂)

မိမိတို့ BNI - MPM ၏ လေ့လာစောင့်ကြည့်မှုမှတ်တမ်းများအရ ကချင်၊ ကရင်၊ ကရင်နီ (ကယား)နှင့် ချင်းပြည်နယ် စသည့် ဒေသများအတွင်း စစ်အာဏာသိမ်းကာလအတွင်းတွင်မှ ဖြစ်တည်ပေါက်ဖွားလာသော PDF/LDF များနှင့် မူလကတည်းက ရှိနှင့်နေပြီးဖြစ်သော တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (EROs) များ ပူးပေါင်းကာ အာဏာသိမ်းစစ်ကောင်စီတပ်များအား ခုခံတော်လှန်စစ်ဆင်နွှဲနေကြခြင်းသည် ပိုမိုအားကောင်းလာသည်ကိုတွေ့ရပါသည်။


ကချင်ပြည်နယ်အတွင်း ကချင်လွတ်လပ်ရေးတပ်မတော်(KIA)နှင့်အတူ ကချင်ဒေသတွင်း PDF များအပြင် စစ်ကိုင်းတိုင်းအထက် မြို့နယ်များမှ PDF/LDF များနှင့်ပါ ပူးပေါင်းချိတ်ဆက်လှုပ်ရှားမှုများ၊ ကရင်နီ(ကယား)ပြည်နယ်အတွင်း ကရင်နီအမျိုးသားကာကွယ်ရေးတပ် KNDF ၏ တပ်ရင်းတပ်ဖွဲ့များသည် ကရင်နီအမျိုးသားတပ်မတော် (KNPP/KA)၏ ကွပ်ကဲမှုကိုခံယူကာ ခုခံ

တော်လှန်စစ်ဆင်နွှဲနေသည့် အခြေအနေများကို မြင်တွေ့ရပါသည်။ ချင်းပြည်နယ်အတွင်း ဒေသအလိုက် ချင်းဒေသကာကွယ်ရေးတပ် (CDF) များသည် အချင်းချင်းအကြား ချိတ်ဆက် ဖွဲ့စည်းထားသည့်အပြင်ချင်းအမျိုးသားတပ်ဦး(CNF)နှင့်လည်း ပူးပေါင်းလှုပ်ရှားမှုများကိုမြင်တွေ့ရပါသည်။

စစ်ကိုင်းတိုင်းအတွင်းတွင်လည်း ၁၉၈၈ လူထုအရေးတော်ပုံကြီးမှ ဖြစ်တည်ပေါက်ဖွားလာသော နိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)နှင့် ပူးပေါင်းကာ စစ်ကောင်စီတပ်များအား ခုခံတော်လှန်စစ်ဆင်နွှဲနေသော PDF/LDF များ တွေ့ရပါသည်။ အလားတူကရင်ပြည်နယ်အတွင်းတွင်လည်း ကရင်အမျိုးသားကာကွယ်ရေးတပ်မတော် (KNU/KNLA) ၏ တပ်ပိုင်းဆိုင်ရာ ဦးစီးကွပ်ကဲမှုများနှင့်အတူ စစ်ကောင်စီတပ်များအား ခုတော်လှန် စစ်ဆင်နွှဲနေကြသော ကော်ဘရာစစ်ကြောင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများကို တွေ့ရှိရပါသည်။

BNI - MPM ၏ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၃၀ ရက်၊ Armed Conflict Dashboard အရ စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီတပ်များနှင့် ERO များအကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၅၅၀ ကျော်ဖြစ်ပွားခဲ့ပြီး KIA, KNU/KNLA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှု အများဆုံး ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။

၂၀၂၂ခုနှစ် စက်တင်ဘာ ၃၀ရက်အထိ စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီတပ်နှင့် ERO များအကြား တိုက်ပွဲဖြစ်ပွားမှုအခြေအနေ




Source: Data : BNI-Myanmar Peace Monitor

နွေဦးတော်လှန်ရေးသည် လက်နက်မဲ့ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခြင်းဖြင့် စတင်ကာ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ခဲ့ခြင်းဖြစ်သည်။ အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်ဖြိုခွင်းမှုများကြောင့်သာ ခုခံကာကွယ်ရေးအတွက် လေးခွ၊ တူမီးစသော ရရာလက်နက်ဆွဲကိုင်ကာ ခုခံတော်လှန်မှုကို စတင်ခဲ့ခြင်းသည်။ မူလကတည်းက တန်းတူညီမျှရေး၊ ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းပိုင်ခွင့်နှင့် ဖက်ဒရယ်ဒီမိုကရေစီအတွက် အရေးဆိုတိုက်ပွဲဝင်နေကြသောEROများနှင့် PDF/LDF များ၊ နွေဦးတော်လှန်ရေး၏ တပ်ဦးဟုဆိုရမည့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)၊ NUG စသော အင်အားစုများအကြား စည်းလုံးညီညွတ်မှု၊ ချိတ်ဆက်စီမံဆောင်ရွက်နိုင်မှုနှင့် တပြိုင်နက် အစီအစဉ်တကျ စွမ်းဆောင်နိုင်မှုတို့သည် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေး ဦးတည်နေကြသော ခုခံတော်လှန်စစ် အောင်မြင်ရေးအတွက် များစွာအရေးပါသည်ဟုဆိုရပါမည်။

လူပုဂ္ဂိုလ်အကျိုးစီးပွား၊ အဖွဲ့အစည်းအကျိုးစီးပွားနှင့် ကိုယ်ကျိုးရှုအတ္တများကို ရှေ့တန်းမတင်ကြဘဲ အချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုလုပ်ဆောင်ကြရန် လိုအပ်သည်။ အာဏာသိမ်းစစ်အုပ်စုသည်နွေဦးတော်လှန်ရေးအင်အားစုများအကြား သပ်လျှိုသွေးခွဲရန် နည်းလမ်းမျိုးစုံ အသုံးပြုလာနိုင်သည်ကို အစဉ်သတိပြုရပါလိမ့်မည်။

## ချဉ်းကပ်မှု (၃)


မြန်မာနိုင်ငံအတွက် အထူးအကြံပေးကောင်စီ ( Special Advisory Council for Myanmar) (SAC-M) က ထုတ်ပြန်သော စက်တင်ဘာ ၅ ရက်၊ အစီရင်ခံစာအရ NUG လက်အောက်တွင် လှုပ်ရှားနေသော ပြည်သူ့အုပ်ချုပ်ရေး (ပအဖ) နှင့် ကာကွယ်ရေးအဖွဲ့ (ပကဖ) များသည် တိုင်းပြည်နယ်မြေ၏ ၅၂ ရာခိုင်နှုန်း (၁၇၂ မြို့နယ်) ကျော်ကို ထိန်းချုပ်ထားနိုင်ပြီး အာဏာသိမ်းစစ်ကောင်စီကတော့ ၁၇ ရာခိုင်နှုန်း (၉၃မြို့နယ်) ခန့်ကိုသာ တည်ငြိမ်အောင် ထိန်းထားနိုင်သည်ဟု ဖော်ပြထားပါသည်။ တိုင်းပြည်၏ ၂၃ ရာခိုင်နှုန်းခန့်တွင်တော့ စစ်ကောင်စီနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့ (PDF/LDF) များအကြား နယ်မြေထိန်းချုပ်နိုင်ရေး အားပြိုင်နေသည်ဟု ဆိုပါသည်။ SAC - M ၏ အစီရင်ခံစာအရ အာဏာသိမ်းစစ်ကောင်စီသည် ၎င်းတို့ ထိန်းချုပ်ထားသည့် (၉၃) မြို့နယ်အနက် (၂၁) မြို့နယ်ကို ၎င်းတို့၏ လက်အောက်ခံ ပြည်သူ့စစ်အဖွဲ့များ အားကိုးဖြင့် ထိန်းချုပ်ထားနိုင်ခြင်းဖြစ်သည်ဟု ဆိုပါသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်သော NUG ၏ ရှေ့လုပ်ငန်းစဉ်အစီရင်ခံစာတွင်လည်း နယ်မြေစိုးမိုးရေးအနေဖြင့် NUG နှင့် တိုင်းရင်းသားမဟာမိတ်တို့၏ စိုးမိုးနယ်မြေသည် တစ်နိုင်ငံလုံးဧရိယာ၏ ၅၀ ရာခိုင်နှုန်းကျော်ရှိနေပြီဟု ဖော်ပြထားပါသည်။ ယင်းနယ်မြေများအတွင်း NUG ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ဌာနအနေဖြင့် ပြည်ထောင်စုရဲတပ်ဖွဲ့ကို ဖွဲ့စည်းကာ ယာယီအချုပ်ခန်း (၂၀) ကျော် တည်ဆောက်ပြီး အမှုအခင်း (၁၁၆) မှုကို စတင်

စစ်ဆေးနေပြီဟုဆိုပါသည်။ ပြည်နယ်အတိုင်ပင်ခံကောင်စီများ၏ ဦးဆောင်မှုဖြင့် ပြည်နယ်များမှ အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင်ပါဝင်သော ရဲတပ်ဖွဲ့ဝင်များကို အခြေပြုကာ ပြည်နယ်ရဲတပ်ဖွဲ့များဖွဲ့စည်းပြီး တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကိုဆောင်ရွက်နေပြီ ဟု ဆိုပါသည်။

အာဏာသိမ်းစစ်အုပ်စုကမူ PDF/LDF များ၏ ခုခံတော်လှန်စစ်ပြင်းထန်ရာ ဒေသများနှင့် ၎င်းတို့ စိုးမိုးအုပ်ချုပ်နိုင်ခြင်းမရှိသော ဒေသများအတွင်း ကျေးရွာအလိုက် မီးရှို့ဖျက်ဆီးခြင်း၊ စာသင်ကျောင်းနှင့် ဘာသာရေးအဆောက်အအုံပါမကျန် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်း၊ အရပ်သားပြည်သူများအား ဖမ်းဆီးကာ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ပြောင်ပြောင်တင်းတင်း ကျူးလွန်လျက်ရှိသည်ကို တွေ့ရသည်။

၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၇ ရက်အထိ Data For Myanmar ၏ မှတ်တမ်းအရ မြန်မာတစ်နိုင်ငံလုံးတွင် စစ်ကောင်စီတပ်များ၏ မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်ပေါင်း ၂၈၄၃၄ လုံးအထိ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ ထိုအနက် စစ်ကိုင်းတိုင်းသည် နေအိမ်ပေါင်း ၂၀၁၅၃ လုံးဖြင့် မီးရှို့ ဖျက်ဆီးခံရမှုအများဆုံးဒေသဖြစ်ခဲ့ပြီး မကွေးတိုင်းသည်၊ နေအိမ်ပေါင်း ၅၄၁၈ လုံးဖြင့် ဒုတိယမြောက် မီးရှို့ဖျက်ဆီးခံရမှုအများဆုံးဒေသ ဖြစ်ခဲ့သည်ကိုတွေ့ရပါသည်။ တတိယမြောက် မီးရှို့ဖျက်ဆီးခံရမှုအများဆုံးဖြစ်သည့် ချင်းပြည်နယ်တွင် နေအိမ်ပေါင်း ၁၄၇၄ လုံး မီးရှို့ဖျက်ဆီးခံခဲ့ရသည်ကို တွေ့ရပါသည်။



ဆိုရသော် အာဏာသိမ်းစစ်အုပ်စု၏ အုပ်ချုပ်ရေးနှင့် ဌာနဆိုင်ရာယန္တရားများသည် CDM လှုပ်ရှားမှုကြောင့် စစ်အာဏာသိမ်းမှု အစကတည်းက ယိမ်းထိုးနေခဲ့ပြီဖြစ်သည်။ ယခုအခါ ခုခံတော်လှန်ရေးအင်အားစုများသည် မြို့ပြဒေသအလိုက် စစ်ကောင်စီတပ်များအပါအဝင် စစ်အုပ်စု၏ ဒေါက်တိုင်များကိုပင် ဖြိုဖျက်ရန် ပစ်မှတ်ထားကြိုးပမ်းလာသည့်အတွက် အာဏာသိမ်းစစ်အုပ်စု၏ နယ်မြေစိုးမိုးထိန်းချုပ်နိုင်မှုသည် ကန့်သတ်ချက်များစွာ ရှိလာသည်ကတော့ အငြင်းပွားဖွယ်မရှိပေ။ တဆက်တည်းတွင် အာဏာသိမ်းစစ်အုပ်စု၏ လူသားမဆန်သော အကြမ်းဖက်လုပ်ရပ်များသည်လည်း အချိန်မရွေး၊ နေရာမရွေး မြင်တွေ့လာနိုင်သည့်အတွက် ပြည်သူလူထုအတွက် လုံခြုံရေးအစီအမံများကို နွေဦးတော်လှန်ရေးအင်အားစုများက ပြင်ဆင်ထားရပေလိမ့်မည်။

## သုံးသပ်တင်ပြချက်

ဆိုခဲ့ပါ ချဉ်းကပ်မှု (၃)ရပ်သည် မြို့ပြဒေသအလိုက် PDF/LDF များ အပြန့်ကျယ်စွာ ခိုင်မာအားကောင်းလာခြင်း၊ ERO များနှင့် နွေဦးတော်လှန်ရေးအင်အားစုများအကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေနှင့် အာဏာသိမ်းစစ်အုပ်စု၏ လုယူထားသော အုပ်ချုပ်ရေးယန္တရားများ ပျက်ယွင်းနေမှုအခြေအနေများကို ချဉ်းကပ်တင်ပြထားပြီး အားနည်းချက်များနှင့် သတိပြုဆင်ခြင်ဖွယ်ရာများကို တို့ထိထားခြင်းသာဖြစ်ပါသည်။ ထိုထက်ပိုသော နိုင်ငံတကာမျက်နှာစာ၊ ပြည်သူလူထု၏ ယုံကြည်ထောက်ခံမှု စသဖြင့်လည်း ချဉ်းကပ်နိုင်ပါသေးသည်။

အာဏာသိမ်းစစ်အုပ်စုတွင် အားသာချက်ဟူ၍ စစ်လက်နက်ပစ္စည်းကိုသာ ပြစရာရှိပြီး အဖက်ဖက်မှ ကျရှုံးမှုများနှင့် ရင်ဆိုင်နေရသည်ဟု ဆိုရပါသည်။ ပြည်သူလူထု၏ ဆန့်ကျင်မှုသည် ယနေ့အချိန် လျော့ကျသွားခြင်း မရှိသေးသကဲ့သို့ နေ့စဉ်မြင်တွေ့ကြားသိနေရသော ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များ (ဥပမာ-လက်ယက်ကုန်းက ဖြစ်ရပ်ဆိုး) ကြောင့် ၎င်းတို့အပေါ် ရွံရှာမုန်းတီးမှုများသာ ပိုကဲလာသည်ကို သတိပြုမိပါသည်။

စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေး ဦးတည်ကြိုးပမ်းနေကြသော နွေဦးတော်လှန်ရေးအင်အားစုများဘက်တွင်မူ ဘုံရည်မှန်းချက်တူညီကြသဖြင့် အစုအဖွဲ့အလိုက် စုစည်းချိတ်ဆက်နေကြသည်ဆိုသော်လည်း လူထုထောက်ခံမှုကဲ့သို့သော ကြီးမားသည့် အားသာချက်များရှိနေသည့်တိုင် အားနည်းချက်များ၊ စိန်ခေါ်မှုများကို တွေ့ မြင်နေရပါသည်။ အထူးသဖြင့် ခုခံတော်လှန်စစ်အတွက် လက်နက်ခဲယမ်းလိုအပ်ချက်၊ နည်းပညာနှင့် ငွေကြေးလိုအပ်ချက်တို့သည် အကြီးမားဆုံးစိန်ခေါ်မှုများအဖြစ် ရှိနေပေသည်။ ထို့ကြောင့် နိုင်ငံတကာအစိုးရများအနေဖြင့် မြန်မာ့နွေဦးတော်လှန်ရေးအောင်မြင်ရေးအတွက် လက်နက်ခဲယမ်း၊ နည်းပညာနှင့် ငွေကြေးဆိုင်ရာအကူအညီများ ထောက်ပံ့ပေးရန် NUG

ယာယီသဘောတူညီမှုတကြီးက တောင်းဆိုနေခြင်း ဖြစ်သည်ဟု ဆိုရပါမည်။

အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးအတွက် ERO များအပါအဝင် နွေဦးတော်လှန်ရေးအင်အားစုများ၊ အစုအဖွဲ့များအကြား ထားရှိထားသည့် ကတိကဝတ်များအား အလေးထားအကောင်အထည်ဖော်ရေး၊ အထူးသဖြင့် ဖက်ဒရယ်ဒီမိုကရေစီအခြေခံသော ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ရေးဆွဲနိုင်ရေးသည် နွေဦးတော်လှန်ရေး အောင်မြင်ရေးအတွက် အခရာကျသည်ဟု ဆိုရပါမည်။ အလားတူ ခုခံတော်လှန်စစ်အတွက် အရေးပါသော PDF/LDF များ အပါအဝင် တော်လှန်ရေးအင်အားစုအချင်းချင်းအကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ချိတ်ဆက်လှုပ်ရှားနိုင်မှု ပိုမိုအားကောင်းလာရန် အထူးလိုအပ်နေသေးသည်ဟု ရှုမြင်မိပါသည်။

အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်စစ် ဘာကြောင့် အောင်မြင်နိုင်သလဲဆိုရာဝယ် အထက်ပါချဉ်းကပ်မှုများ၊ အကြောင်းအချက်များက အဖြေရှာပေးနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ဒီလိုလွှတ်ပေးတာကိုကြေညာအပြီး
၂၄ နာရီအတွင်းမှာပဲ ရခိုင်မြောက်ပိုင်းမှာ
စစ်တပ်က လက်နက်ကြီးနဲ့ပစ်ခတ်လိုက်လို့
အနည်းဆုံး ၁၀ ဦး သေဆုံးခဲ့ရပါတယ်

# ယနေ့မြန်မာ သို့မဟုတ် တစ်နိုင်ငံလုံး အချုပ်ထောင်

(အမှတ်စဉ် ၈၁)

## နိဒါန်း

၂၀၂၂ နိုဝင်ဘာ ၁၇ ရက်၊ အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် တစ်နိုင်လုံးရှိ အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား၊အကျဉ်းသူ ၅၇၇၄ ဦးကိုလွှတ်ပေးခဲ့ကြောင်း အာဏာသိမ်းစစ်ကောင်စီက ကြေညာခဲ့ပါသည်။ ထိုအနက် နိုဝင်ဘာ ၂၁ ရက်အထိ ပြုစုထားသည့် စာရင်းအရ အကျဉ်းထောင် ၁၉ ခုမှ နိုင်ငံရေးအကျဉ်းသား ၄၀၂ ဦးသာ ပါဝင်ခဲ့ပြီး ၁၆၁ ဦးကိုသာ နာမည်နှင့်တကွ မှတ်တမ်းပြုထားနိုင်သေးကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP)က ထုတ်ပြန်ထားပါသည်။

အာဏာသိမ်းစစ်ကောင်စီကတော့ ၎င်းတို့၏ သတင်းစာရှင်းလင်းပွဲတွင် စစ်အာဏာသိမ်းကာလအတွင်း လွတ်ငြိမ်းချမ်းသာခွင့် (၇) ကြိမ်ပြုလုပ်ခဲ့ရာ အကျဉ်းသား၊ အကျဉ်းသူပေါင်း ၆၀၀၀၀ နီးပါးလွှတ်ပေးခဲ့သည်ဟုဆိုပါသည်။ AAPP ၏ အဆိုအရတော့ စစ်ကောင်စီသည် နိုင်ငံရေးအကျဉ်းသားအမည်စာရင်း အနည်းငယ်သာထုတ်ပြန်ပြီး အများစုကို ပွင့်လင်းမြင်သာစွာ ကြေညာခြင်းမရှိသည့်

အတွက် စာရင်းများကို အမည်နှင့်တကွ အတည်ပြုကောက်ယူရာတွင် နှောင့်နှေးကြန့်ကြာနေရသည်ဟု ဆိုပါသည်။

ယခုတစ်ပတ် BNI - Myanmar Peace Monitor ၏ အပတ်စဉ် သတင်းသုံးသပ်ချက်တွင် အာဏာသိမ်းစစ်အုပ်စုအနေဖြင့် တစ်နိုင်ငံလုံးရှိ အကျဉ်းထောင်၊ အချုပ်ထောင်များအတွင်းရှိ အကျဉ်းသား၊ အကျဉ်းသူများအပေါ် မည်သို့မည်ပုံ အမြတ်ထုတ်၊ အသုံးချနေသလဲဆိုသည်ကို လေ့လာတင်ပြသွားပါမည်။

## လွတ်မြောက်လာသူများ၏ ကိုယ်တွေ့ဖြစ်ရပ်များ

ရက်ပေါင်း ၆၅၀ ကြာ အာဏာသိမ်းစစ်ကောင်စီ၏အကျဉ်းထောင်အတွင်းဖမ်းဆီးချုပ်နှောင်ခံခဲ့ရသူ ဩစတြေးလျနိုင်ငံသား မစ္စတာရှောင်တာနဲလ်က အင်းစိန်အကျဉ်းထောင်ကနေ အနီးရှိ တရားရုံးဆီ အပတ်စဉ်သွားရောက်ရသည့် ခရီးစဉ်သည် သူ့အတွက် အဆိုးရွားဆုံး ကိုယ်ထိလက်ရောက် နှိပ်စက်ညှဉ်းပန်းခံရမှုအဖြစ် ပြန်ပြောပြပါသည်။

"နိုင်ငံရေးအကျဉ်းသား ၅၀ လောက်နဲ့အတူ သံကြိုးနဲ့ ချုပ်နှောင်ခံရပြီး သွားရတာပါ။ လူအယောက် ၂၀ လောက်ကို ဗင်ကား နောက်အခန်းထဲ အတင်းထိုးသိပ်ထည့်တာပါ။ တယောက်နဲ့တယောက် ပူးကပ်နေကြပြီး အတော်ပူပါတယ်။ မျက်နှာက ချွေးတွေစီးကျနေတဲ့ အထိပါပဲ။ တချို့အော့အန်တယ်။ တချို့မူးလဲတယ်"။

နိုဝင်ဘာ ၂၁ ရက်က ပြုလုပ်သည့် The Australian သတင်းစာနှင့် မစ္စတာရှောင်တာနယ်လ်တို့ တွေ့ဆုံမေးမြန်းခန်းတွင် သူကြုံတွေ့ခဲ့ရသည့် အင်းစိန်ထောင်နှင့်နေပြည်တော်ထိန်းသိမ်းရေးစခန်းအကြား အခြေအနေများကိုလည်း ယခုလိုရှင်းပြထားပါသည်။

"မယုံနိုင်လောက်အောင်ပဲ။ နေပြည်တော် ထိန်းသိမ်းရေးစခန်းဟာ အင်းစိန်ထောင်ထက် ပိုဆိုးပါတယ်။ အချိန်ပြည့် သောက်စားမှုးယစ်နေတဲ့ ထောင်အာဏာပိုင်တွေက အုပ်စိုးနေတာပါ။ မိုးရွာတိုင်း မိုးရွာတိုင်း ခေါင်မိုးကနေ ရေတွေစီးကျနေပါတယ်။ ပိုးဟပ်တွေနဲ့ ခြင်တွေဆိုတာလည်း တအုပ်တမကြီးပါပဲ။ နေပြည်တော်အကျဉ်းခန်းထဲမှာ ဘာမှလုပ်စရာမရှိဘဲ တနေ့တနေ့ နာရီပေါင်း ၂၀ လောက် ချွေးတွေတဒီးဒီးကျပြီး ငုတ်တုပ်ထိုင်နေခဲ့ရတာပါ"။

စစ်ကောင်စီ၏ (၇)ကြိမ်မြောက် လွတ်ငြိမ်းချမ်းသာခွင့်အတွင်း ပါဝင်လာသူ ဂျပန်နိုင်ငံသား မစ္စတာတိုရှကူဘိုတာကလည်း နိုဝင်ဘာ ၂၃ ရက်က ထုတ်လွှင့်သည့် The News Makers သတင်းဌာနနှင့် မေးမြန်းခန်းတွင် "ညစ်ပတ်စုတ်ပြတ်ပြီး ပူလောင်အိုက်စက်နေတာပါ။ ဒီအခန်းကျဉ်းထဲ လူပေါင်း ၂၀ ကျော် လောက်ကို ပြွတ်သိပ်ထည့်ထား တာပါ။ အခန်းအကျယ်က ၁၅ ပေပတ်လည်လောက်ပဲ ရှိတာပါ။ တကယ့်ကို ကျန်းမာရေးနဲ့ မညီညွတ်တဲ့နေရာပါ။ နေရောင်လည်း



လုံးဝမရပါဘူး။ ဒီလူတွေအားလုံး အသုံးပြုဖို့ ရေပုံးတစ်ပုံးပဲရှိတာပါ။ ဒါကိုပဲ မျက်နှာသစ်တာရော အိမ်သာသုံးတာရောအတွက်ပါ သုံးရတာပါ။ အနံ့အသက်တွေကလည်း တကယ့်ကို ဆိုးရွားလွန်းပါတယ်"ဟု ပြန်လည်ပြောပြထားပါသည်။

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးမြအေးကလည်း နိုဝင်ဘာ ၁၈ ရက်၊ RFA နှင့် မေးမြန်းခန်းတွင် ယခုတစ်ကြိမ်ထောင်မှ လွတ်မြောက်လာခြင်းသည် ပျော်ရွှင်မှုလုံးဝမရှိကြောင်း ယခုလို ပြောဆိုထားပါသည်။

" ကျွန်တော် ထောင်ကလွတ်တဲ့နေ့ခံစားမှုက အရင်တစ်ခေါက် ထောင်ကလွတ်တဲ့ခံစားမှုနဲ့ လုံးဝမတူဘူးဗျ။ ဘာဖြစ်လို့လဲဆိုတော့ ထောင်ထဲမှာပဲ ကျွန်တော်ရဲ့သူငယ်ချင်း၊ ကျွန်တော်ရဲ့ ညီအစ်ကိုတွေဖြစ်တဲ့ ကိုဂျင်မီတို့ ကိုဇေယျာသော်တို့ကို ကျွန်တော် ထောင်ထဲမှာပဲ ထားခဲ့လိုက်ရသလိုမျိုး အဲ့လိုမျိုးပဲ ကျွန်တော့်စိတ်ထဲမှာ ခံစားရတယ်။ လုံးဝ မပျော်ပါဘူး"။

မစ္စတာရှောင်တာနယ်ကလည်း "မိသားစုနဲ့ ပြန်ဆုံခွင့်ရတာအရမ်းဝမ်းသာပေမယ့် မြန်မာပြည်သူ ၅၃ သန်းကတော့ သူတို့ကို ကိုယ်စားမပြုတဲ့ အုပ်ချုပ်သူတွေလက်ထဲမှာ ဒုက္ခဆက်ခံနေရတယ်" ဟု သူ၏ဖေ့ဘွတ်ခ်စာမျက်နှာတွင် ရေးသားထားပါသည်။

နိုဝင်ဘာ ၁၇ ရက်၊ စစ်ကောင်စီ၏ လွတ်ငြိမ်းချမ်းသာခွင့်တွင် နိုင်ငံခြားသား (၄) ဦးနှင့်အတူ ဦးမြအေး၊ စာရေးဆရာ မောင်သာချို၊ ရွှေညဝါဆရာတော် ဦးပညာသီဟ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့် စသော လူသိများသူ တချို့ ပါဝင်လာခဲ့သည်ကို တွေ့ရပါသည်။

## တစ်နိုင်ငံလုံး အချုပ်ထောင်

လက်လှမ်းမီသမျှ မှတ်တမ်းပြုထားသည့် AAPP ၏ နိုဝင်ဘာ ၂၃ ရက်အထိ စာရင်းအရ စစ်အာဏာသိမ်းစစ်ကောင်စီမှ ဖမ်းဆီးချုပ်နှောင်ထားသူပေါင်း ၁၃၀၀၀ နီးပါး (၁၂၉၆၇ ဦး)ရှိပြီး ထိုအနက် ၁၆၀၈ ဦးသည် ထောင်ဒဏ်အသီးသီး ချမှတ်ခံထားရပြီဖြစ်သည်။ မြန်မာ့နွေဦးတော်လှန်ရေးနှင့် ဆက်စပ်သဖြင့် သေဒဏ်ချမှတ်ခံထားရသူပေါင်း (၁၂၈) ဦးအထိ ရှိနေပါသည်။ ဆိုခဲ့ပါကိန်းဂဏန်း အချက်အလက်များသည် ကောက်ယူရရှိနိုင်သည့် အချက်အလက်များသာ ဖြစ်ပြီး လက်တွေ့မြေပြင်တွင် ဖြစ်ပွားနေသော ဖြစ်စဉ်ဖြစ်ရပ်များ၊ ကိန်းဂဏန်းအချက်အလက်များသည် ယခု ထက်ပိုမိုများပြားနိုင်သည်ဟု AAPP က ဆိုထားပါသည်။

အကျဉ်းထောင်၊ အချုပ်ထောင်များသည် ပြစ်မှုကျူးလွန်သူများ၊ ဥပဒေ ချိုးဖောက်သူများ အတွက် ချုပ်နှောင်ထိန်းသိမ်းရာနေရာအဖြစ် အကြမ်းဖျဉ်းမှတ်ယူနိုင်သော်လည်း အာဏာသိမ်းစစ်အုပ်စုကတော့ "ပြစ်မှု" ကျူးလွန်ကြောင်း တစုံတရာမပြနိုင်ဘဲ မြန်မာပြည်သူများကို လူထုလူတန်းစားမရွေး၊ ကျားမမရွေး၊ ကလေး လူကြီးမရွေး ဖမ်းဆီးချုပ်နှောင်ကာ နှိပ်စက်ရာ ရဲစခန်း၊ အချုပ်ခန်းများထံ ခေါ်ဆောင်သွားခြင်း၊ ထိုမှတဆင့် အမှုပြင်ဆင်ခြင်း၊ အမှုဖွင့်ခြင်းနှင့် တရားစွဲခြင်းတို့ကို အကန့် အသတ်မဲ့ ပြုလုပ်လျက်ရှိပါသည်။

" ကျွန်တော့်ကိုဖမ်းဖို့ သပ်သပ်အစီအစဉ်ချပြီး လုပ်ခဲ့တယ်လို့မထင်ပါဘူး။ အဲဒီနေ့က ဖြစ်စဉ်ဖြစ်တဲ့နေရာမှာ တွေ့သမျှသူတွေကို ဖမ်းဆီးသွားခဲ့တာမျိုးပါ" ဟု မစ္စတာတိုရူကူဘိုတာက ပြန်ပြောပြသည်။ စစ်အာဏာသိမ်းသည့် ၂၀၂၁ ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် ဖမ်းဆီးခံခဲ့ရသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်ဦးမြအေးဆိုလျှင်လည်း ၂၀၁၄ ခုနှစ်ကအီးမေးလ်တစ်စောင်ကို အကြောင်းပြအမှုဆင်ပြီး တရားစွဲကာ အင်းစိန်အကျဉ်းထောင်တရားရုံးက ထောင်ဒဏ် ၂ နှစ် ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ မတရားအမှုဆင်ပြီး ချမှတ်ထားသည့်ပြစ်ဒဏ်မှ လွတ်မြောက်ကာနီးချိန်တွင်မှ "လွတ်ငြိမ်းချမ်းသာခွင့်"ကို အသုံးပြုကာလွှတ်ပေးလိုက်ခြင်းကို ထောက်ရှုကြည့်လျှင် အာဏာသိမ်းစစ်အုပ်စုသည် အကျဉ်းထောင်၊ အချုပ်ထောင်နှင့် တရားစီရင်ရေး ကဏ္ဍအသီးသီးကို လိုသလို အသုံးချနေသည်မှာ ထင်ရှားနေပါသည်။

ထို့အပြင် အကျဉ်းထောင်များအတွင်းတွင်လည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်စဉ်များ၊ နှိပ်စက်ညှင်းပန်းမှုများကို လူမဆန်စွာ ပြုမှုကျူးလွန်နေသည့်အတွက် မကြာခဏဆိုသလို အကျဉ်းထောင်အတွင်း ဆန္ဒဖော်ထုတ်မှုဖြစ်စဉ်များကို မြင်တွေ့ကြားသိနေရပါသည်။ အကျဉ်းသားများနှင့် မိဘဆွေမျိုးများအကြား ထောင်ဝင်စာ တွေ့ခွင့် ပိတ်ပင်ကန့်သတ်မှုများကို စစ်ကောင်စီလက်အောက်ခံအကျဉ်းထောင်အရာရှိများက ပြုလုပ်လေ့ရှိပါသည်။ ၈၈ မျိုးဆက် ကျောင်းသား

ခေါင်းဆောင် ကိုဂျင်မီ (ခ)ကိုကျော်မင်းယု၊ ပြည်သူ့လွှတ် တော်ကိုယ်စားလှယ်ဟောင်း ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော်တို့ (၄)ဦးသည်ပင် ကွပ်မျက်ကာနီးအချိန်တွင်မှ မိသားစုနှင့်တစ်ကြိမ် ဆက်သွယ်ခွင့်ရခဲ့သည်ကို တွေ့ရသည်။

ယခုအခါ အာဏာသိမ်းစစ်အုပ်စုနှင့် ၎င်းတို့၏ အစေအပါးများသည် မြန်မာတစ်နိုင်ငံလုံးတွင် မြို့ပြကျေးလက်၊တောင်တန်းမြေပြန့်ဒေသအလိုက်နေရာဒေသမရွေး၊ အချိန်အခါမရွေး လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများ၊ အရပ်သားပြည်သူပိုင် နေအိမ်အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ အရပ်သားပြည်သူများအားပစ်မှတ်ထားကာ လက်နက်ကြီးလက်နက်ငယ်များဖြင့် အဝေးမှ ပစ်ခတ်ခြင်းနှင့် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်းများကို လူမဆန်စွာ ကျူးလွန်လျက်ရှိပေသည်။ အရပ်သားပြည်သူများအား ဖမ်းဆီးကာ လူသားဒိုင်းသဖွယ်အသုံးပြုခြင်း၊ ၎င်းတို့အား ဆန့်ကျင်တော်လှန်နေသူများ၏ မိဘဆွေမျိုး၊ ညီအစ်ကို၊ မောင်နှမများအား ဓားစာခံအဖြစ် ဖမ်းဆီးခြင်းစသည့် ဖြစ်စဉ်များကိုလည်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်သူလူထုသည် စစ်အာဏာသိမ်းမှု စတင်ကတည်းက ယနေ့အချိန်အထိ အကျဉ်းထောင်နှင့် အချုပ်ခန်းများအတွင်း ရောက်ရှိမနေသေးသည့်တိုင် ရုပ်ပိုင်းဆိုင်ရာလုံခြုံမှု၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုကင်းမဲ့စွာ ရပ်တည်ရှင်သန်နေကြရသည့်အတွက် ယနေ့ မြန်မာနိုင်ငံ၏ အခြေအနေသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကျဉ်းထောင်ကြီးသဖွယ်ဖြစ်နေသည်ဟု ဆိုရပါလိမ့်မည်။ ယနေ့အချိန်ထိ စစ်အုပ်စုထိန်းချုပ်ရာ အကျဉ်းထောင်များမှ လွတ်မြောက်လာသူများပင်လျှင် အချိန်မရွေး၊ နေရာမရွေး ပြန်လည်ဖမ်းဆီးခံရနိုင်ကြောင်းရပ်ဂေးလ်အဆိုတော်ကိုစောဖိုးခွားက သက်သေပြနေသည် မဟုတ်ပါလား။

မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာသောမတ်စ်တွန်အင်ဒရူးစ်ကလည်း သူ၏ နိုဝင်ဘာ ၂၁ ရက်၊ ကိုးရီးယားနိုင်ငံ ဆိုးလ်မြို့သတင်းစာရှင်းလင်းပွဲတွင် ယခုလို သတိပေးထားပါသည်။

"နိုင်ငံတကာကို လှည့်စားဖို့ မြန်မာနိုင်ငံမှာ တိုးတက်မှုရှိပါတယ်ဆိုပြီး အပေါ်ယံဖန်တီးပြတဲ့ စစ်ကောင်စီရဲ့ကြိုးပမ်းချက် တစိတ်တပိုင်းဖြစ်မှာကိုတော့သတိထားရပါမယ်။ ဒီလိုလွှတ်ပေးလိုက်တဲ့ အပေါ် နိုင်ငံတကာအနေနဲ့ စစ်ကောင်စီကို ချီးကျူးတာ ဒါမှမဟုတ် အာဏာသိမ်းစစ်တပ် သဘောထား ပျော့ပျောင်းလာတဲ့ အထောက်အထားအဖြစ် လက်ခံတာမျိုး မလုပ်သင့်ပါဘူး။ ဒီလိုလွှတ်ပေးပြီး ချက်ချင်းပြန်ဖမ်းတာတွေ ကျနော်ကြားရသိပါတယ်။ ဒါ့အပြင် ဒီလိုလွှတ်ပေးတာကို ကြေညာအပြီး ၂၄ နာရီအတွင်းမှာပဲရခိုင်မြောက်ပိုင်းမှာ စစ်တပ်ကလက်နက်ကြီးနဲ့ ပစ်ခတ်လိုက်လို့ အနည်းဆုံး ၁၈ ဦး သေဆုံး ခဲ့ရပါတယ်" ။



## သုံးသပ်တင်ပြချက်

အစကတည်းက မတရားဖမ်းဆီးခံခြင်းနှင့် အမှုဆင်တရားစွဲကာ ပြစ်ဒဏ်ချမှတ်ခြင်း ခံရသူများအတွက် ပြန်လည်လွတ်မြောက်လာခြင်းသည် ဂမ်းမြောက်ဖွယ်ဖြစ်သော်လည်းအာဏာသိမ်းစစ်အုပ်စု၏ လွတ်ငြိမ်းချမ်းသာခွင့်ကိုမူမည်သူကမျှ ကျေးဇူးတင်ကြောင်း ပြောဆိုခဲ့သည်ကို မတွေ့ရပေ။

စစ်အာဏာသိမ်းမှုဆန့်ကျင်ရေးအတွက် လက်နက်မဲ့ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နေကြသော ပြည်သူလူထုအား အကြမ်းဖက်ဖြိုခွင်းခြင်း၊ ကျည်ဆန်အစစ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်း၊ ခုခံကာကွယ်ရေးမှသည် ခုခံတော်လှန်ရေးအင်အားစုများအား လက်နက်ကြီး လက်နက်ငယ်အသွယ်သွယ်၊ ရာနှင့်ချီသော လေကြောင်းမှပစ်ခတ်တိုက်ခြင်း၊ ဗုံးကြဲတိုက်ခိုက်ခြင်း၊ အရပ်သားပြည်သူများအား အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ မြို့ရွာအလိုက် မီးရှို့ဖျက်ဆီးခြင်း စသည့် အာဏာသိမ်းစစ်ကောင်စီနှင့် ၎င်းတို့၏ အစေအပါးများ၏ ပြစ်မှုများသည် ယခုကဲ့သို့ လွတ်ငြိမ်းချမ်းသာခွင့် ဖြင့် မေ့ပျောက်နိုင်မည်မဟုတ်ဘဲ တရားမျှတမှုရရှိရေးအတွက် အားခဲ ရုန်းကန် တွန်းလှန်နေကြဆဲ ဖြစ်သည်။

ယခုအခါ အာဏာသိမ်းစစ်ကောင်စီသည် ၎င်းတို့၏ စစ်အာဏာသိမ်းရန်ကြိုးပမ်းသည့်ကာလကြာမြင့်လာသည်နှင့်အမျှ နွေဦးတော်လှန်ရေးအင်အားစုများ၊ အထူးသဖြင့် နွေဦးတော်လှန်ရေးအင်အားစုများ၊ အထူးသဖြင့် မြို့ပြဒေသ အလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF-LDF) များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ(EROs) များ၏ ခုခံတော်လှန်စစ်ဆင်နွှဲနေမှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရင်ဆိုင်ကြုံတွေ့နေရသကဲ့သို့ နိုင်ငံတကာမျက်နှာစာတွင်လည်း ဖယ်ကျဉ်ခံရမှု၊ ဖိအားပေးခံရမှုများကို ကြီးမားစွာ ရင်ဆိုင်နေရပါသည်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲရလဒ်ကို အကြောင်းပြကာ စစ်အာဏာသိမ်းရန် ကြိုးပမ်းနေသော စစ်အုပ်စုသည် ၎င်းတို့အလိုကျ ရွေးကောက်ပွဲတစ်ခုကို ဖန်တီးပြီး ထွက်ပေါက်ရှာရန် ပြင်ဆင်နေပြီ ဖြစ်သည်။ တစ်ဖက်တွင်လည်း အဆိုပါရွေးကောက်ပွဲကို နိုင်ငံတကာ အသိအမှတ်ပြုရေးအပြင် နွေဦးတော်လှန်ရေးနှင့် ကင်းကွာနေသော နိုင်ငံရေးအင်အားစုများကို ချဉ်းကပ်လျက်ရှိပါသည်။ လွှတ်တော်တွင်းနေရာ ၂၅ ရာခိုင်နှုန်းကို ဖက်တွယ်ထားသည့်တိုင် တိုင်းပြည်အာဏာကို ဆက်လက်ချုပ်ကိုင်နိုင်ရေးအတွက် အချိုးကျကိုယ်စားပြုစနစ် (PR) ကို ကျင့်သုံးနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိပါသည်။

လေ့လာစောင့်ကြည့်သူ၊ အကဲခတ်သူများကတော့ အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့အပေါ် ကျရောက်နေသော ပြည်တွင်းပြည်ပဖိအားပေးမှုများကို တစုံတရာလျော့ကျစေရေးအတွက် လွှတ်ရက်စေ့ကာနီး နိုင်ငံရေးအကျဉ်းသား တချို့ကို လွှတ်ငြိမ်းချမ်းသာခွင့်တွင် ပါဝင်စေခြင်းဖြစ်သည်ဟု ရှုမြင်ကြပါသည်။ သို့သော် ဥပဒေအရ သတ်မှတ်ထားသော အကျဉ်းထောင်၊ အချုပ်ထောင်မှ လွှတ်မြောက်လာခဲ့သည့်တိုင် စစ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲအကျိုးဆက်အဖြစ် ယနေ့မြန်မာနိုင်ငံသည် အကျဉ်းထောင်၊ အချုပ်ထောင်ထက်ပင် မလုံခြုံမှုများ ထူပြောနေပေသည်။

အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်မှုများ၊ ဥပဒေမဲ့ဖမ်းဆီးမှုများ၊ မြို့ရွာအလိုက် မီးရှို့ဖျက်ဆီးမှုများသည် ရပ်တန့်သွားခြင်းမရှိသကဲ့သို့ စစ်ကောင်စီတပ်များနှင့် ခုခံတော်လှန်ရေးအင်အားစုများ၊ အထူးသဖြင့် PDF , LDF , ERO များအကြား တိုက်ပွဲများသည် ပိုမို အပြန့်ကျယ်လာနေဆဲဖြစ်သည်။ တိုက်ပွဲများကြောင့် စစ်ဘေးရှောင်ပြည်သူပေါင်း သန်းနှင့်ချီလာခဲ့ပြီဖြစ်သည်။စစ်ဘေးရှောင်ပြည်သူများအတွက် အာဆီယံအပါအဝင် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရများ၏ အကူအညီပေးနိုင်မှုသည် ဝေးကွာနေဆဲဖြစ်သည်။ ခုခံတော်လှန်ရေးအင်အားစုများနှင့် စစ်ဘေးရှောင် ပြည်သူများအတွက်မူ "ပြည်သူမှ ပြည်သူသို့" ဆိုသကဲ့သို့ တပိုင်တနိုင်ပံ့ပိုးကူညီမှုများဖြင့်သာ ရုန်းကန်လှုပ်ရှားနေကြရပါသည်။

ထို့ကြောင့် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးတည်ရာ တူညီသော နွေဦးတော်လှန်ရေးအင်အားစုများအနေဖြင့် အချင်းချင်းညီညွတ်မှုကို ပိုမိုလိုအပ်သကဲ့သို့ အာဏာသိမ်းစစ်အုပ်စု၏ ခြေလှမ်းတိုင်းကိုလည်း သတိပြုချဉ်းကပ်ရပေလိမ့်မည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့်လည်းအာဏာသိမ်းစစ်အုပ်စု၏ ခြေလှမ်းတိုင်းသည် မြန်မာပြည်သူလူထုအတွက် မည်မျှအကျိုးသက်ရောက်မှုရှိသည်ကို တွက်ဆကာ ယနေ့မြန်မာနိုင်ငံကို အခြေအနေအရပ်ရပ်ကို အမှန်မြင်နိုင်ရန် အထူးလိုအပ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

တိုတောင်းလှတဲ့ဒီမိုကရေစီနဲ့
ထိတွေ့မှုလေးအတွက်တောင်
ဒီမိုကရေစီအတွက်ကာကွယ်တိုက်ပွဲဝင်နေကြတဲ့
ပြည်သူတွေအတွက် သူတကယ့်ကိုဂုဏ်ယူနေခဲ့တယ်

# မြန်မာ့နွေဦးတော်လှန်ရေးနှင့် ဒေါ်အောင်ဆန်းစုကြည်၏သတင်းစကား (အမှတ်စဉ် ၈၃)

နီဒါန်း

"မြန်မာနိုင်ငံအကြောင်း အမှန်တရားတွေကို ကျေးဇူးပြုပြီး လူတိုင်းကို ပြောပြပေးပါ။ ကျမတို့ နှုတ်ပိတ်ခံထားရပေမယ့် ရှင်ကတော့ ပြောနိုင်ပါတယ်"။

လွန်ခဲ့သော ရက်သတ္တပတ်ရှစ်ပတ်လောက်က သူနှင့်နှုတ်ဆက်စကားပြောဆိုစဉ်နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကတောင်းဆိုခဲ့သည်ဟု ဩစတြေးလျနိုင်ငံသား စီးပွားရေးပညာရှင် မစ္စတာရှောင်တာနဲလ်က သတိတရ ပြန်ပြောပြပါသည်။

"အထူးသဖြင့် မြန်မာလူငယ်တွေနဲ့ ပတ်သတ်ပြီး သူမ ဘယ်လောက်ဂုဏ်ယူခဲ့ရသလဲဆိုတာကိုပြောပြခဲ့တယ်။ တိုတောင်းလှတဲ့ ဒီမိုကရေစီနဲ့ထိတွေ့မှုလေးအတွက်တောင် ဒီမိုကရေစီအတွက် ကာကွယ်တိုက်ပွဲဝင်နေကြတဲ့ ပြည်သူတွေအတွက် သူတကယ့်ကိုဂုဏ်ယူနေခဲ့တယ်" ဟု မစ္စတာရှောင်က ပြောပါသည်။

ယခုသတင်းအပတ်အတွင်း စိတ်ဝင်စားဖွယ် မစ္စတာရှောင်၏ အင်တာဗျူးနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အကြောင်း တစေ့တစောင်းကို BNI – Myanmar Peace Monitor မှ ရှာဖွေတင်ပြသွားပါမည်။

## NEW 10 ABC နှင့် မစ္စတာရှောင် အင်တာဗျူး

" အကျဉ်းကျချိန်နှင့် မြန်မာ့အနာဂတ်အပေါ် သူ့အတွေ့၊ သူ့ အမြင်" အကြောင်း ပြောဆိုခြင်း ဆိုသည့် ခေါင်းစဉ်ဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၆ ရက်တွင် အမေရိကန်အခြေစိုက် NEW 10 ABC သတင်းဌာနက မစ္စတာရှောင်တာနဲလ်နှင့် မေးမြန်းဖြေကြားချက်များကို ဖော်ပြခဲ့ပါသည်။ စစ်အာဏာသိမ်းမှု (၅)ရက်အကြာတွင်မှ ဖမ်းဆီးခံရပြီး အကျဉ်းထောင်၊ အချုပ်ထောင်များအတွင်း ရက်ပေါင်း ၆၅၀ ကြာနေထိုင်ခဲ့ရသူ၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ပြန်လည် လွတ်မြောက်လာသူတစ်ဦး၏ အတွေ့အကြုံများ၊ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပေါ် သဘောထားအမြင်များနှင့် မြန်မာ့အနာဂတ်အကြောင်း၊ သူ့ အနာဂတ်အကြောင်းများကို ပြောဆိုဆွေးနွေးထားသည်ကို တွေ့ရပါသည်။

အသက် ၅၈ နှစ်အရွယ် မစ္စတာရှောင်တာနဲလ်သည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစု၏ စီးပွားရေးအကြံပေးအဖြစ် ဆောင်ရွက်ပေးနေသူဖြစ်သည်။ အာဏာသိမ်း စစ်အုပ်စုသည် သူ့အပေါ် သူလျှိုဟုစွပ်စွဲကာ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် နိုင်ငံတော် လျှို့ဝှက်ဖောက်ဖျက်မှုဖြင့် ထောင်(၃)နှစ် ချမှတ်ခံခဲ့ရသည်။

မစ္စတာရှောင်၏ ပြောဆိုချက်အရ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်၊ နေပြည်တော် အချုပ်ထောင်အတွင်း တရားရုံးတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နှုတ်ဆက်စကားပြောဆိုခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ အာဏာသိမ်းစစ်အုပ်စုမှ စွဲဆိုခဲ့သမျှ အမှုတွဲတိုင်းတွင် အပြစ်မရှိကြောင်း ကိုယ်တိုင်ထွက်ဆိုခဲ့သူ ဒေါ်အောင်ဆန်းစုကြည်အပေါ် စစ်အုပ်စုလက်အောက်ခံ တရားရုံးအသီးအသီးက ထိုအောက်တိုဘာ ၁၂ ရက်နေ့အထိ အမှုပေါင်း ၁၄ မှုအတွက် ထောင်ဒဏ် ၂၆ နှစ် အထိ ချမှတ်ထားခဲ့ပြီဖြစ်သည်။

သူ့အနာဂတ်နှင့်ပတ်သက်ပြီး သူ့ကိုယ်ပိုင်ဇာတ်လမ်းအကြောင်း၊ စီးပွားရေးအကြံပေးအနေဖြင့် သူကိုယ်တိုင် ပါဝင်ခဲ့သည့် အစိုးရ၏ လုပ်ဆောင်ဖို့ ကြိုးပမ်းဆောင်ရွက်ချက်များ အကြောင်း စသဖြင့် မှတ်တမ်းအမှန်များကို စာအုပ်အဖြစ် ရေးသားချင်သည်ဟု မစ္စတာရှောင်တာနဲလ်က NEW 10 ABC ကို ပြောဆို ထားပါသည်။

" ဒီအချိန်ဟာ တခြားအချိန်တွေထက် မြန်မာလူငယ်တွေရဲ့ အတောက်ပဆုံးအချိန်ပါ။ နောက်ကွယ်မှာပဲ ကောင်းကောင်းနေသွားချင်ပါတယ်"ဟု သူက ဆိုပါသည်။



## စစ်အာဏာသိမ်းကာလအတွင်း ဒေါ်အောင်ဆန်းစုကြည် ဘယ်လိုဖြတ်သန်းနေသလဲ

အထက်ပါမေးခွန်းအတွက် မည်သူ့ထံတွင်မျှ အဖြေရနိုင်မည်မဟုတ်ဘဲ ဒေါ်အောင်ဆန်းစုကြည်တစ်ဦးတည်သာ သိရှိနိုင်မည်ဖြစ်သည်။ အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့အကျပ်အတည်းကြုံမှသာ ဒေါ်အောင်ဆန်းစုကြည်၏ပုံရိပ်ကို အသုံးချလိုကြသည်။ စစ်အာဏာသိမ်းကာလရက်ပိုင်းမျှအကြာတွင်ပင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်သွယ်ရေးကွန်ရက်ကို ထိန်းချုပ်ထားသည့် စစ်အုပ်စုသည် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးလိုက်သကဲ့သို့ သတင်းအမှားများ ဖြန့်ခဲ့ဖူးသည်မဟုတ်ပါလား။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လိုအပ်သည့်အချိန်အခါတိုင်းတွင် သူမ၏ ရှေ့နေအဖွဲ့မှတဆင့် မြန်မာပြည်သူလူထုထံ သတင်းစကားပါးလေ့ရှိပါသည်။

၂၀၂၁ ခုနှစ် မေ ၂၁ ရက်က စစ်ကောင်စီလက်အောက်ခံ ရွေးကောက်ပွဲကော်မရှင်၏ NLD ပါတီ ဖျက်သိမ်းရေးပြောဆိုမှုနှင့် ပတ်သက်ပြီး မေလ ၂၄ ရက်၊ ရှေ့နေအဖွဲ့နှင့်တွေ့ဆုံစဉ် ပြည်သူလူထုထံ သတင်းစကားပါးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေ ဒေါ်မင်းမင်းစိုးက "အားလုံးကျန်းမာစေဖို့ဆုတောင်းပေးနေပါတယ်။ ပါတီကိုထောင်ထားတာလည်း ပြည်သူတွေအတွက် ထောင်ထားတာဖြစ်တဲ့အတွက်ကြောင့် ပြည်သူတွေရှိနေသရွေ့ ပါတီရှိနေမှာပါလို့ အဲဒီလို မှာပါတယ်ရှင့်" ဟု သတင်းမီဒီယာကို ပြန်လည်ပြောပြခဲ့သည်။

အာဏာသိမ်းစစ်အုပ်စု၏ အကူအညီအထောက်အပံ့များ လက်ခံထားခြင်းမရှိကြောင်းကိုလည်း ၂၀၂၁ ခုနှစ် ဇွန် ၇ ရက်၊ နေပြည်တော်ရှိ ရုံးချိန်းတစ်ခုတွင်ရှေ့နေအဖွဲ့ထံအသိပေးခဲ့ပါသည်။



"(ဒေါ်အောင်ဆန်းစုကြည်နှင့်)အတူနေတဲ့မိသားစု စားဝတ်နေရေးအတွက် ငွေလည်းနည်းသွားပြီ။ ဆေးတွေလည်း လိုအပ်တဲ့ဆေးလေးတွေ၊ နှစ်ပတ်တစ်ခါ သူတို့ (စစ်ကောင်စီ) သက်ဆိုင်ရာဌာနကတော့ ပြောပါတယ်၊ သူတို့ စီစဉ်ပေးမယ်လို့။ အမေ (ဒေါ်အောင်ဆန်းစုကြည်) ကတော့ အဲဒီလို မလိုချင်ဘူးပေါ့နော်" ဟု ရှေ့နေအဖွဲ့ဝင် ဒေါ်မင်းမင်းစိုးက သတင်းထောက်များကို ပြန်ပြောပြသည်။ ရှေ့နေအဖွဲ့ခေါင်းဆောင်ဖြစ်သူ ဦးခင်မောင်ဇော်ကလည်းအသုံးစရိတ်၊ ရိက္ခာနှင့်ဆေးဝါးပြတ်လပ်တော့မည်ဖြစ်သဖြင့် အချိန်မီ ကူညီနိုင်မည့်နည်းလမ်းရှာပေးရန် ဒေါ်အောင်ဆန်းစုကြည်ကမှာကြားခဲ့သည်ဟု ဆိုပါသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်၊ သီးသန့်တရားရုံး တရားခွင်တွင် ထွက်ဆိုခဲ့သော ရန်ကုန်တိုင်း ဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်း၏ "ဒေါ်အောင်ဆန်းစုကြည်ထံ အမေရိကန်ဒေါ်လာ ခြောက်သိန်းနှင့် အကယ်ဒမီ အခေါက်ရွှေ ခုနစ်ပိဿာ ပေးခဲ့ရသည်" ဆိုသော ထွက်ဆိုချက်အပေါ် အောက်တိုဘာ ၄ ရက်နေ့၊ ရှေ့နေအဖွဲ့နှင့်တွေ့ဆုံစဉ် ဒေါ်အောင်ဆန်းစုကြည်၏ သဘောထား မှတ်ချက်နှင့်ပတ်သက်ပြီး ရှေ့နေအဖွဲ့ခေါင်းဆောင် ဦးခင်မောင်ဇော်က "သီးခြားသဘောထား ပြောစရာမလိုဘူး။ အားလုံး မဟုတ်တမ်း တရားတွေပါပဲလို့ ပြောပါတယ်" ဟု ပြန်ပြောပြပါသည်။ အောက်တိုဘာ ၁၄ ရက်တွင်တော့ ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေအဖွဲ့ခေါင်းဆောင် ဦးခင်မောင်ဇော်ကို အာဏာသိမ်းစစ်ကောင်စီက ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄

ထုတ်ဆင့်ကာ ပြောရေးဆိုခွင့် ကန့်သတ်လိုက်ပါသည်။ ဦးခင်မောင်ဇော်သည် စစ်အာဏာသိမ်းသည့်နေ့က စစ်အုပ်စု၏ ဖိအားပေးခြိမ်းခြောက်ခဲ့ပုံများနှင့် ပတ်သက်သော ထွက်ဆိုချက်များကို သတင်းမီဒီယာသို့ ပြန်ပြောပြခဲ့ဖူးသည်။

၂၀၂၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်၊ နိုင်ငံတော် လျှို့ဝှက်အက်ဥပဒေဖြင့် စွဲဆိုခံရသည့် အမှုအတွက် တရားရုံးတရားခွင်တွင်တော့ နေရာထိုင်ခင်းအကြောင်းပြကာ ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေအားလုံးကို ဝင်ရောက်ခွင့်မပြုခဲ့ဘဲ နှစ်ဦးသာဝင်ရောက်ခွင့်ပြုခဲ့သည်။ ၂၀၂၁ ခုနှစ်နိုဝင်ဘာလ ၅ ရက်၊ နေပြည်တော်ကောင်စီဝင်းအတွင်း သီးသန့်တရားရုံးတွင် ရှေ့နေအဖွဲ့နှင့်တွေ့ဆုံစဉ် ပြည်သူလူထုအတွက် စိတ်ပူကြောင်း၊ အချင်းချင်းညီညွတ်ကြစေချင်ကြောင်းကို ဒေါ်အောင်ဆန်းစုကြည်က သတင်းစကားပါးခဲ့သည်ဟု ဆိုပါသည်။

"ပြည်သူပြည်သားတွေ ကျန်းမာရေး၊ စီးပွားရေး၊ တိုင်းပြည်အခြေအနေအတွက် စိတ်ပူတဲ့အကြောင်း၊ အကုန်လုံးညီညီညွတ်ညွတ် ရှိစေချင်တဲ့အကြောင်း၊ အများအတွက်လည်း စိတ်တူကိုယ်တူကူညီစေချင်တဲ့အကြောင်း အဲဒါမျိုးလေးတွေတော့ပြောပါတယ်" ဟု တရားခွင်နှင့်နီးစပ်သူတစ်ဦးကပြောပါသည်။ နောက်ပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်၏ သတင်းစကားများသည် ရှေ့နေအဖွဲ့မှပြောခွင့်မရတော့သည်အထိ အာဏာသိမ်းစစ်အုပ်စုက ကန့်သတ်ထိန်းချုပ်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက်၊ တရားခွင်တွင် နှုတ်ဆက်ခွင့်ရခဲ့သူ မစ္စတာရှောင်တာနဲလ်သည် ဒေါ်အောင်ဆန်းစုကြည်ထံမှ သတင်းစကားများကို မြန်မာပြည်သူလူထုနှင့် ကမ္ဘာ့အသိုင်းအဝိုင်းသို့ ကျယ်ပြန့်စွာပေးပို့လာခဲ့ပြီဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ စိတ်ဓာတ်ခိုင်မာမှုကို မစ္စတာရှောင်က လေးစားအံ့သြနေသည်။ ရေဒီယို၊ အင်တာနက်၊ ကွန်ပျူတာအားလုံး ကန့်သတ်ထိန်းချုပ်ခြင်း ခံထားရသူ ဒေါ်အောင်ဆန်းစုကြည်သည် အာဏာသိမ်းစစ်အုပ်စု၏ ဂါဒြဖြန့်သတင်းစာများကိုသာ ဖတ်ခွင့်၊ သိခွင့်ရရှိနေသည့်တိုင် ကမ္ဘာ့အရေး၊ မြန်မာ့အရေးရာများကို ဒေါ်အောင်ဆန်းစုကြည်တစ်ယောက် စိတ်ဝင်တစား ရှိနေသေးကြောင်း၊ သိနေကြောင်း မစ္စတာရှောင်က ပြန်ပြောပြသည်။

ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်အပါအဝင် နိုင်ငံရေးအကျဉ်းသား ၄ ဦး ကွပ်မျက်ခံရသည့်ကိစ္စလည်း စစ်အုပ်စု၏ဂါဒြဖြန့်သတင်းစာမှတဆင့် ဒေါ်အောင်ဆန်းစုကြည်သိသည်။ မြန်မာ့နွေဦးတော်လှန်ရေးအကြောင်း စကားလုံးတစ်လုံး၊ ဝါကျတစ်ကြောင်းမျှ မပါဝင်နိုင်သည့်စစ်အုပ်စု၏ ဂါဒြဖြန့်သတင်းစာတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)၊ စစ်အုပ်စု၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို အသိအမှတ်မပြုသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များအကြောင်း၊ တောင်တန်းမြေပြန့်နေရာတိုင်းတွင် ဖြစ်တည်ပေါက်ဖွားလာနေသော မြို့ပြ ဒေသ

အလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များအကြောင်းကို ဒေါ်အောင်ဆန်းစုကြည် သိရှိနေပေလိမ့်မည်။

ထို့ကြောင့်သာ ယနေ့အချိန်အထိ "လုံးဝအုပ်ချုပ်၍ မရစေရ" ဆိုသည့် ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ စစ်အာဏာသိမ်းမှုနှင့် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ရေး ဆန္ဒဖော်ထုတ်နေကြသော မြန်မာပြည်သူလူထုနှင့်မြန်မာလူငယ်များအတွက် ဒေါ်အောင်ဆန်းစုကြည်က ဂုဏ်ယူနေခြင်း ဖြစ်နိုင်ပေသည်။

## သုံးသပ်တင်ပြချက်

အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့အကျပ်အတည်း ကြုံတွေ့သည့်အခါတိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်၏ ပုံရိပ်နှင့်နှုတ်ထွက်စကားများကို အသုံးချကာ အကျပ်အတည်းမှရှောင်လွှဲရန် ကြိုးပမ်းလေ့ရှိပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော PDF/LDF များ၊ ERO များ၏ ခုခံတော်လှန်စစ်ကိုပင် ဒေါ်အောင်ဆန်းစုကြည်မှ တစ်စုံတစ်ခု ပြောကြားစေချင်နေပေလိမ့်မည်။ ထိုမှတ်ချက်ကိုအသုံးချကာ နွေဦးတော်လှန်ရေး အင်အားစုများအကြား သွေးခွဲသပ်လျှိုကာ ဖြိုခွင်းနိုင်ရေးကြိုးပမ်းပေလိမ့်မည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်တွင် ပြုလုပ်သော စစ်ကောင်စီအစည်းအဝေးတွင် အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က CRPH / NUG တို့နှင့် ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ရှေ့နေအဖွဲ့မှတဆင့် သဘောထားမှတ်ချက်ပေးနိုင်ကြောင်း ပြောဆိုခဲ့ပါသည်။ စစ်အုပ်စုသည် ဒေါ်အောင်ဆန်းစုကြည်၏ အကြမ်းမဖက်လမ်းစဉ်အပေါ် ရပ်တည်မှုကိုအသုံးချကာ ရရာလက်နက်စွဲကိုင်တော်လှန်နေကြသော မြန်မာ့နွေဦးတော်လှန်ရေး၏ အစိတ်အပိုင်းတစ်ခုကို ရှောင်လွှဲလိုဟန် ရှိပါသည်။

နှစ်ဆယ့်နှစ်လကျော် စစ်အာဏာသိမ်းရန်ကြိုးပမ်းနေသည့်ကာလအတွင်း နိုင်ငံတကာ ဖိအား၊ ပြည်တွင်းအင်အားစုများ၏ တွန်းလှန်မှု၊ ဆန့်ကျင်မှုများသည် ယနေ့အချိန်ထိ လျော့ကျသွားခြင်းမရှိသေးပေ။ စစ်အုပ်စုနှင့်အပေါင်းအပါများအား ပစ်မှတ်ထားဖြိုဖျက်နေသော ခုခံတော်လှန်စစ်သည် အရှိန်အဟုန်မြင့်တက်နေဆဲဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် စစ်အုပ်စုအတွက် အကျပ်အတည်းများမှ ထွက်ပေါက်ရှာနိုင်သည့် နည်းလမ်းတစ်ခုလည်း ဖြစ်နေနိုင်သေးသည်။

"တိုတောင်းလှတဲ့ ဒီမိုကရေစီနဲ့ ထိတွေ့မှုလေးအတွက်တောင် ဒီမိုကရေစီအတွက် ကာကွယ်တိုက်ပွဲဝင်နေကြတဲ့ ပြည်သူတွေအတွက် သူတကယ့်ကိုဂုဏ်ယူနေခဲ့တယ်"ဆိုသည့် မစ္စတာ

ရှောင်တာနဲလ်၏ ဒေါ်အောင်ဆန်းစုကြည်ထံမှ သတင်းစကားသည် မြန်မာ့နွေဦးတော်လှန်ရေးနှင့် အတူရှိနေကြောင်း သတင်းစကားအဖြစ်မှတ်ယူ၍မရသည့်တိုင် ထူးခြားလေးနက်မှုများစွာ ပါဝင် နေသည်ဟု ဆိုရပါလိမ့်မည်။

အသက် ၇၈ နှစ်အတွင်းရောက်ရှိနေပြီဖြစ်သည့်NLD ခေါင်းဆောင်၊ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် "ပြည်သူနှင့်အတူ"ဆိုသော ဆောင်ပုဒ်ကို မြန်မာပြည်သူများ အကြား ပို့ဆောင်ပေးခဲ့သူဖြစ်သည်။ ပြည်သူလူထုပါဝင်မှုကို "သံပုံးတီး" ညသပိတ် ၊ "သန်းချီစုရုံး နစ်ငါးလုံး" သပိတ်၊ "တိတ်ဆိတ်ငြိမ်သက်ခြင်း" သပိတ် စသဖြင့် ပြသခဲ့သော မြန်မာ့နွေဦး တော်လှန်ရေးသည် ပြည်သူနှင့်အတူရှိနေသရွေ့ ဒေါ်အောင်ဆန်းစုကြည်သည်လည်း ပြည်သူ လူထုကို မျက်ကွယ်ပြုလိမ့်မည်မဟုတ်ကြောင်း ရှုမြင်မိပါသည်။

အရောင်အသွေးစုံလင်လှသော နွေဦးတော်လှန်ရေး ပွင့်ဖက်ပွင့်ချက်များအနက် နိုင်ငံ့ဝန်ထမ်းများ၏ CDM တွင်ပါဝင်လှုပ်ရှားမှုသည် သိမ်မွေ့မွန်မြတ်လှသော လှုပ်ရှားမှုတစ်ခုအဖြစ် မှတ်ယူနိုင်ပါသည်။

# CDM မူဝါဒနှင့် ငြိမ်းချမ်းရေးကောက်ခြင်း၊ စည်းရုံးခြင်းဝိရောဓိ

(အမှတ်စဉ် ၈၉)

## နိဒါန်း

အများပြည်သူသိရှိလေ့လာနိုင်ရန်အတွက်ဟုဆိုကာ "အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှု - CDM နိုင်ငံ့ဝန်ထမ်းဆိုင်ရာ မူဝါဒစာတမ်း " ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) က ထုတ်ပြန်ခဲ့သည်။ CDM ဆိုင်ရာ ပေါင်း စပ်ညှိနှိုင်းရေးကော်မတီ (JCC-CDM) က ရေးပြုစုသည်ဆိုသော အပိုင်း ၃ ပိုင်း၊ အခန်း ၅ ခန်းနှင့် စာမျက်နှာ (၁၄) မျက်နှာပါဝင်သည့် အဆိုပါစာတမ်းနှင့်ပတ်သက်ပြီး သုံးသပ်ဝေဖန်ချက်များ ၊ ခြားနားသော ရှုမြင်ချက်များ ထွက်ပေါ်နေသည်ကို တွေ့ရပါသည်။ NUCC သည် ဆိုခဲ့ပါ JCC-CDM ၏ စာတမ်းကို အခြေပြုကာ အချက် (၄) ချက်ပါ နိုင်ငံ့ဝန်ထမ်း CDM မူဝါဒကို ချမှတ်ကြောင်း ဇန်နဝါရီ ၂၀ ရက်တွင် ကြေညာခဲ့သည်။

ယခုတစ်ပတ် BNI - Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် NUCC ၏ နိုင်ငံ့ဝန်းထမ်း CDM မူဝါဒနှင့် ကောင်းကျိုးဆိုးပြစ်များကို လေ့လာတင်ပြသွားပါမည်။

## CDM နှင့် CDM မှုဂါဒစာတမ်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းကတည်းက ကျန်းမာရေး၊ ပညာရေး၊ မီးရထားနှင့် အခြားသောအစိုးရအဖွဲ့ ဌာနဆိုင်ရာအလိုက် နိုင်ငံ့ဝန်ထမ်းပေါင်း သိန်းနှင့်ချီကာ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ပြီး CDM တွင် ပါဝင်ကာ ပြည်သူလူထုနှင့်အတူရပ်တည်တိုက်ပွဲဝင်ခဲ့ကြသည်။ ပြည်သူလူထုအနေဖြင့်လည်း အလုပ်အကိုင်နှင့်အတူ ဝင်ငွေရရှိမှုပါ ရပ်တန့်သွားခဲ့သည့် CDM နိုင်ငံ့ဝန်ထမ်းများကို တတ်စွမ်းသမျှ ကူညီထောက်ပံ့ခဲ့ကြသည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အနေဖြင့် CDM နိုင်ငံ့ဝန်ထမ်းများအား စနစ်တကျ ကူညီထောက်ပံ့နေသည်ဆိုသော်လည်း လက်တွေ့တွင် အထောက်အပံ့ တစ်စုံတစ်ရာမရရှိသေးသည့် CDM နိုင်ငံ့ဝန်ထမ်းပေါင်းများစွာ ရှိနေသေးသည်ကိုတွေ့ရှိနေရသည်။ ထို့ကြောင့်ပင် အခြေအနေ၊ အကြောင်းအမျိုးမျိုးကြောင့် CDM နိုင်ငံ့ဝန်ထမ်းမှ Non-CDM နိုင်ငံ့ဝန်ထမ်းအဖြစ် ပြောင်းလဲကာ ရပ်တည်ရှင်သန်နိုင်ရေး ရုန်းကန်နေကြရသူများလည်း ရှိလာခဲ့သည်။

JCC-CDM ၏ စာတမ်းတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်၊ မန္တလေးမြို့ကုတင် (၃၀၀) ကလေးဆေးရုံမှ လက်ထောက်ဆရာဝန်များ ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၏ သဘောထားကြေညာချက်အရ အကြမ်းမဖက်ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) ကို စတင်ခဲ့သည်ဟု အစချီထားသည်။ CDM နိုင်ငံ့ဝန်ထမ်းများ ၏ လုပ်ရပ်နှင့် စိတ်ဓာတ်သည် နွေဦးတော်လှန်ရေး၏ အဓိကမောင်းနှင်အား ဖြစ်ကြောင်း မှတ်တမ်းပြုထားသည်ကိုတွေ့ရသည်။

စာတမ်း၏ အပိုင်း (၁)တွင် မူဂါဒ၏အကျိုးသက်ရောက်မှု၊ CDM အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် ရည်ရွယ်ချက်ကို အခန်းနှစ်ခန်းဖြင့် ရှင်းလင်းတင်ပြထားသည်။ အပိုင်း (၂)တွင်တော့ CDM နိုင်ငံ့ဝန်ထမ်းများကို အသိအမှတ်ပြုမှတ်တမ်းတင်ခြင်း၊ ဂုဏ်ပြုချီးမြှင့်ခြင်း၊အမှန်တရားနှင့် တရားမျှတမှုကိုရှာဖွေခြင်း၊ နစ်နာမှုများကို ပြန်လည်ကုစားခြင်း၊ Non-CDM နိုင်ငံ့ဝန်ထမ်းများကို အရေးယူခြင်းတို့ကို အပိုဒ်၊ အပိုဒ်ခွဲအလိုက် တင်ပြထားပါသည်။ အပိုင်း (၃)တွင်တော့ အချက် (၁၂)ပါဝင်သော အကြောင်းအရာအထွေထွေကို ထည့်သွင်းရေးသားထားပါသည်။

စစ်အာဏာသိမ်းမှုအား ဆန့်ကျင်သော နွေဦးတော်လှန်ရေးလှုပ်ရှားမှုများအနက် CDM ၏ အခန်းကဏ္ဍသည် အရေးပါလှသကဲ့သို့ အာဏာသိမ်းစစ်ကောင်စီ၏ အုပ်ချုပ်ရေးနှင့်ဌာနဆိုင်ရာယန္တရားများအပေါ် သက်ရောက်မှုကြီးမားသည့် ဖိအားပေးမှုတစ်ခုဖြစ်ပေသည်။သို့သော်နိုင်ငံ့ဝန်ထမ်းတစ်ဦးချင်းစီ၏ စိတ်ဆန္ဒ၊ ရပ်တည်ချက်၊ခံယူချက် အရွေ့အပြောင်းအပေါ်များစွာ မူတည်နေသည့်အတွက် စည်းရုံးခြင်း၊ ထောက်ကူခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း စသည်တို့ကို လုံလောက်၊ ကျယ်ပြန့်စွာ လုပ်ဆောင်ပေးနိုင်ရေးအတွက် ဦးတည်ဆောင်ရွက်သင့်ကြောင်း ရှုမြင်မိပါသည်။




## တွေ့ရှိချက်များ

JCC-CDM ၏ မူဝါဒစာတမ်းပါတင်ပြချက်အများစုသည်CDM နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍကို အလေးအနက်ထည့်သွင်းစဉ်းစားထားသည်ကို တွေ့ရသော်လည်း အခြားတဖက်ရှိ Non-CDM ဝန်ထမ်းများအပေါ် ချဉ်းကပ်တင်ပြချက်များကမူ စည်းရုံးရေး အသွင်မဆောင်ဘဲ အပြစ်ပေး၊ အရေးယူနိုင်ရေးကို ပိုမိုဦးတည်နေသည့် သဘောမျိုးတွေ့ရှိရပါသည်။

အခန်း (၄) အရေးယူခြင်းတွင် အချက် (၁၄) ချက်ပါဝင်ပြီး အပိုဒ်ခွဲ (၁၃) ခု ပါရှိသည်။ CDM ဝန်ထမ်းများအား အလုပ်မှထုတ်ပယ်ခြင်း၊ ခြိမ်းခြောက်ခြင်းနှင့်ဖိနှိပ်ခြင်း၊ ပြည်သူလူထုအပေါ် ပုဒ်မ အမျိုးမျိုးတပ်၍တရားစွဲဆိုခြင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ ကြေညာချက်များကို မလိုက်နာခြင်း၊ အကြမ်းဖက်စစ်အုပ်စု၏ နိုင်ငံတော်ပုန်ကန်မှုတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ အကြမ်းဖက်စစ်အုပ်စုကိုထောက်ခံပြီး ၎င်းနှင့်ပူးပေါင်းဆောင်ရွက်ခြင်းတို့ကိုဆောင်ရွက်ခဲ့သော Non-CDM ဝန်ထမ်းများကို ပြစ်မှုဆိုင်ရာ ဥပဒေများအရ ထိရောက်စွာအရေးယူရမည် ဆိုသည့်အချက်သည် လက်တွေ့လုပ်ဆောင် နိုင်ပါက CDM ဝန်ထမ်းများအပြင် ပြည်သူလူထုတစ်ရပ်လုံးအတွက်ပါများစွာအထောက်အကူပြုနိုင်သည်ဟု ရှုမြင်ရပါသည်။

ထို့အပြင် Non-CDM ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရာထူး၊ တာဝန်အဆင့်အလိုက် အရေးယူရန်စဉ်းစားချက်များသည်လည်း စိတ်ဝင်စားဖွယ်ကောင်းပြီး အာဏာ

သိမ်းစစ်ကောင်စီ၏ အုပ်ချုပ်ရေးနှင့်ဌာနဆိုင်ရာယန္တရားများအား ယိုင်နဲ့ပြိုလဲစေရေးအတွက် အထောက်အကူပြုနိုင်လိမ့်မည်ဟု တွေးဆမိပါသည်။ စစ်အာဏာသိမ်းကာလအတွင်း Non - CDM ဝန်ထမ်းများ၏ အဂတိလိုက်စားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများအား ပြန်လည်ဖော်ထုတ်ကာ အရေးယူရေး ဆောင်ရွက်မည်ဟု စာတမ်းက ဆိုထားပါသည်။

သို့နှင့်တိုင် အခန်း (၄)၊ အပိုဒ် (၈)ပါ " နိုင်ငံတော်အစိုးရသည် CDMမှ Non-CDMသို့ ပြောင်းလဲသွားသည့် အရာထမ်း၊ အမှုထမ်းများကို Non-CDM များအဖြစ် သတ်မှတ်ပြီး ထိုက်သင့်သည့် အရေးယူမှုများဆောင်ရွက်ရမည် "ဆိုသောအချက်သည် လက်ရှိ CDM ပြုလုပ်ထားသော နိုင်ငံ့ဝန်ထမ်းများအတွက် ခြိမ်းခြောက်မှုတစ်ခုသဖွယ် အဓိပ္ပါယ်သက်ရောက်နေသည်ဟု ရှုမြင်မိပါသည်။ မူလကတည်းက အာဏာသိမ်းစစ်အုပ်စု၏ သပ်လျိုသွေးခွဲရန် ရည်ရွယ်ချက်၊ သတင်းအချက်ရယူရန်ရည်ရွယ်ချက်ဖြင့် ဝင်ရောက်လာသော CDM များ၏ Non-CDM အဖြစ်ပြောင်းလဲသွားခြင်းမျိုးကို အပြစ်ပေး အရေးယူနိုင်ရေး စဉ်းစားချက်မျိုးကို လက်ခံနိုင်သော်လည်း အထက်တွင် ဆိုခဲ့သကဲ့သို့ ဝင်ငွေမရရှိမှု၊ မလုံခြုံမှု၊ ခြိမ်းခြောက်ခံရမှု စသော ရပ်တည်ရှင်သန်ရေးအတွက် ရုန်းကန်နေကြရသော CDM များအတွက်မူ ယခုစဉ်းစားချက်သည် စာနာထောက်ထားမှု ကင်းမဲ့လွန်းနေသည်ဟု ဆိုရပါလိမ့်မည်။

စစ်အာဏာသိမ်းကာလအတွင်း နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ပြည်သူ့ဝန်ထမ်းအဖြစ် စစ်ကောင်စီမှ ခန့်အပ်ထားသော ဝန်ထမ်းများအား တရားမဝင်ကြောင်းကြေညာပြီး ဝန်ထမ်းအဖြစ်မှ ထုတ်






ပယ်မည့်စဉ်းစားချက်သည် အငြင်းပွားဖွယ်မရှိသော်လည်း အာဏာသိမ်းစစ်ကောင်စီမှ ကျင်းပသော ပြည်တွင်းစာမေးပွဲများကို တရားမဝင် ပျက်ပြယ်ကြောင်းစဉ်းစားချက်သည် လက်တွေ့မဆန်ဘဲ ပိုမို သော ရှင်းလင်းချက်မျိုး လိုအပ်နေသည်ဟု ရှုမြင်မိပါသည်။

နွေဦးတော်လှန်ရေးကာလအတွင်း အမျိုးသားညီညွတ်ရေးအစိုးရမှ ဦးဆောင်ပြုလုပ် နေသော ပညာရေးအစီအစဉ်များ၊ နွေဦးတော်လှန်ရေးအင်အားစုများမှ လုပ်ဆောင်နေသော ပညာရေး အစီအမံများကို သူငယ်တန်းမှ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ၊ အဆင့်မြင့် ပညာရေး လိုက်စားသော လူငယ်လူရွယ်များအတွက် မည်မျှ လက်လှမ်းမီနေနိုင်ပြီလဲဆိုသည်ကို ထည့်သွင်း စဉ်းစားရပေလိမ့်မည်။ ပညာသင်ကြားခွင့်သည် အသက်အရွယ်လိုက် အချိန်နှင့်အမျှ လေ့လာ သင်နိုင်ရပါမည်။ အင်တာနက်နှင့် ဒစ်ဂျစ်တယ်ဆိုင်ရာအသိဉာဏ်လက်လှမ်းမမီသေးသော တောင် တန်းမြေပြန့်၊ ကျေးလက်ရပ်ကွက် စသော အလွှာစုံမှ ကျောင်းသားပြည်သူများ၏ ပညာရေးအတွက် ကြိုးစားအားထုတ်မှုကို လစ်လျူမရှုမိစေရေးအတွက် အထူးဂရုပြုသင့်ပေသည်။

## သုံးသပ်တင်ပြချက်

မိမိတို့ Myanmar Peace Monitor သည် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ဒုတိယအပတ် ကလည်း CDM နိုင်ငံ့ဝန်ထမ်းများအရေးကိစ္စကို အလေးထားစဉ်းစားရမည့် အကြောင်းအရာတစ်ခု အဖြစ် သုံးသပ်တင်ပြခဲ့ဖူးပါသည်။

အကြမ်းမဖက်ပြည်သူ့အာဏာဖီဆန်ခြင်း (Civil Disobedience) အတွေးအခေါ်ကို စတင် မိတ်ဆက်ပေးခဲ့သူ အမေရိကန်နိုင်ငံမဟ္တာချူဆက်ပြည်နယ်က ဒေးဗစ်ဟင်နရီသော " David Henry

Thoreau" သည် ၁၈၄၈ ခုနှစ်တွင် "Resistance To Civil Government" ခေါင်းစဉ်ဖြင့် စာစီစာကုံးတစ်ပုဒ်ကိုရေးသားထုတ်ဖြန့်ခဲ့သည်။ ကျွန်စနစ်နှင့် မက္ကဆီကို - အမေရိကန်စစ်ပွဲကို စက်ဆုပ်သူ မစ္စတာသောသည် ထိုအချိန်က အရပ်ဖက်အစိုးရကို အခွန်မဆောင်ခြင်းဖြင့် သူ၏ အကြမ်းမဖက် အာဏာဖီဆန်မှုကို တစ်ဦးတည်း စတင်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယ၏ ဂုရုကြီး မဟတ္တမဂန္ဒီ (Mohandas Gandhi)သည်လည်း လူမှုအပြောင်းအလဲနှင့် နိုင်ငံလွတ်လပ်ရေးအတွက် အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ခြင်းလမ်းစဉ်ကို အစဉ်တစိုက် လှုပ်ရှားဆောင်ရွက်ခဲ့သည်။ မဟတ္တမဂန္ဒီသည် တစ်ဦးတည်း၊ တစ်ကိုယ်တည်း စတင်ပြီး လူထုကို စည်းရုံးခြင်းဖြင့်သာ သူမျှော်ရည်ရာပန်းတိုင်ကို လျှောက်လှမ်းခဲ့ခြင်းဖြစ်သည်။ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုများဖြင့် ဗြိတိသျှအစိုးရ၏ အာဏာဒေါက်တိုင်တို့အား ရိုက်ချိုးခဲ့သူ ဂန္ဒီ၏ အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် သစ္စာတရား၊ အကြမ်းမဖက်ခြင်းနှင့် သပိတ်မှောက်ခြင်းတို့ ပါဝင်ခဲ့ပြီး ဗြိတိသျှအင်ပါယာကိုတုန်လှုပ်စေခဲ့သည်။ မာတင်လူသာကင်းဂျူနီယာ (Martin Luther King jr) သည်လည်း မဟတ္တမဂန္ဒီ၏အတွေးအခေါ် များ ယုံကြည်လက်ခံသူဖြစ်သည့်အလျောက် အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ရေး ဦးဆောင်လှုပ်ရှားခဲ့သူဖြစ်သည်။ ၁၉၅၅ ခုနှစ်ဒီဇင်ဘာ ၅ ရက်က စတင်သော တစ်နှစ်ကျော်ကြာမြင့်သည့် မာတင်လူသာကင်း၏ မောင့်ဂိုမယ်ရီဘတ်စ်ကား ဗွိုင်းကော့ (Montgomery bus boycott) သည် ထင်ရှားသည်။

လက်ရှိအာဏာသိမ်းစစ်အုပ်စု၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရသူ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်သည်ပင် ၁၉၈၉ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် "အများပြည်သူ သဘော မတူတဲ့ ဥပဒေမှန်သမျှ တာဝန်အရအာဏာဖီဆန်ကြ" ဆော်ဩခဲ့ပြီး မစ္စတာ ဟင်နရီဒေးဗစ်သော၏ အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ရေး အယူအဆကို မြန်မာပြည်သူလူထုနှင့် မိတ်ဆက်ပေးခဲ့ ဖူးသည်။

နွေဦးတော်လှန်ရေးသည် (၂) နှစ်ပြည့်တော့မည်ဖြစ်သည်။ အကြမ်းမဖက်ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ရေး သပိတ်လှုပ်ရှားမှုများ၊ ခုခံတော်လှန်စစ် အရှိန်အဟုန်၊ နိုင်ငံရေးအရ ဖိအားပေးမှုများ၊ နိုင်ငံတကာအသိုင်းအဝိုင်း၏ အားပေးနှစ်သိမ့်မှု စသော အရောင်အသွေး စုံလင်လှသော နွေဦး တော်လှန်ရေး ပွင့်ဖက်ပွင့်ချက်များအနက် နိုင်ငံ့ဝန်ထမ်းများ၏ CDM တွင် ပါဝင်လှုပ်ရှားမှုသည် သိမ်မွေ့မွန်မြတ်လှသော လှုပ်ရှားမှုတစ်ခုအဖြစ်မှတ်ယူနိုင်ပါသည်။ အမှန်နှင့်အမှား၊ ဓမ္မနှင့်အဓမ္မ အကြား ခွဲခြားသိမြင်နိုင်သော တစ်ဦးချင်းစီ၏ စိတ်ဓာတ်၊ခံယူချက်နှင့်ယုံကြည်ချက်တို့အပေါ်တွင် မူတည်နေသဖြင့် ဖိအားပေးခြိမ်းခြောက် အကြပ်ကိုင်ခြင်းထက် စည်းရုံးရေးအသွင်ဆောင်သော ချဉ်းကပ်မှုမျိုးကသာ ပိုမိုထိရောက်နိုင်မည်ဟု ဆိုရပါမည်။

တဆက်တည်းတွင် အာဏာသိမ်းစစ်အုပ်စုဘက်မှ သက်လျှိုဝင်ရောက်လာနိုင်သော CDM အမည်ခံ၊ သတင်းပေး၊ သတင်းယူမှုများကိုလည်း အထူးသတိပြုသင့်ကြောင်းရှုမြင်မိပါသည်။ စွန့်လွှတ်နစ်နာခံမှု၊ အသက်သေဆုံးသည်အထိ ပေးဆပ်နေရမှု၊ ဘဝရှင်သန်ရပ်တည်ရေးအတွက်ပင် ခြိမ်းခြောက်ဖိအားပေးခံရမှု စသည်တို့အကြားမှ ကြံ့ကြံ့ခံကာ အာဏာသိမ်းစစ်အုပ်စုအား ဆန့်ကျင်နေကြဆဲဖြစ်သည့် နိုင်ငံ့ဝန်ထမ်း CDM များအား ထောက်ကူပံ့ပိုးမှု၊ ကာကွယ်စောင့်ရှောက်မှုများဖြင့် အားပေးဂုဏ်ပြုရရန် ကြိုးပမ်းထားသော နိုင်ငံ့ဝန်ထမ်း CDM မူဝါဒစာတမ်းသည် စာနာထောက်ထားမှုများဖြင့် စည်းရုံးရေးသဘောတရားများ ပိုမိုလိုအပ်နေသေးကြောင်း သုံးသပ်တင်ပြ အပ်ပါသည်။

> လှည်းနေလှေအောင်းမြင်းစောင်းမကျန်
> ခုခံတော်လှန်စစ်ဆင်နွှဲရာတွင်
> မိုင်းစစ်ဆင်ရေးသည် နွှဦးတော်လှန်ရေး၏
> အမှတ်သရုပ် သဖွယ် တွင်ရစ်နေပြီဖြစ်ကြောင်း

# မိုင်းစစ်ဆင်ရေး သို့မဟုတ် စစ်အုပ်စု အကြောက်ဆုံးအရာ

(အမှတ်စဉ် ၉၇)

## နိဒါန်း

၂၀၁၃ ခုနှစ်မှသည် ယနေ့အချိန် မြန်မာနိုင်ငံအတွင်းပဋိပက္ခဖြစ်စဉ်ဖြစ်ရပ်များနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အရွေ့အပြောင်းများအား အစဉ်တစိုက်လေ့လာစောင့်ကြည့်လာခဲ့သည့် BNI - Myanmar Peace Monitor အနေဖြင့် စစ်အာဏာသိမ်းကာလအတွင်း ခုခံတော်လှန်စစ် အခြေအနေနှင့် အလားအလာဦးတည်ရာများ၊ စစ်ကောင်စီ၏ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများ၊ ယင်းသို့ဗုံးကြဲတိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူများအပေါ် သက်ရောက်မှုများ၊ စစ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲခုခံတော်လှန်စစ်ကြောင့် အသစ်ဖြစ်ပေါ်လာသော စစ်ဘေးသင့်ဒုက္ခသည်အရပ်သားပြည်သူများ စသည့်အကြောင်းအရာများစွာကို လေ့လာသုံးသပ်တင်ပြခဲ့ပြီးဖြစ်သကဲ့သို့ ဆက်လက်ပြီးလည်း အကြောင်းအရာအသစ်များ၊ တွေ့ရှိချက်အသစ်များ အစဉ်တစိုက်စောင့်ကြည့်လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

ယခုတစ်ပတ် BNI - Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် စစ်အာဏာသိမ်းကာလအတွင်း စစ်အုပ်စုနှင့် ၎င်းတို့၏ အစေအပါးများအား ခုခံတော်လှန်ရေးအင်အား

စုများမှ မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များ၊ကိန်းဂဏန်း အချက်အလက်များကို စုဆောင်းရမိထားသမျှကို အခြေခံပြီး လေ့လာသုံးသပ်တင်ပြသွားပါမည်။

## ထူးခြားသည့် မိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ်များ

၂၀၂၃ ခုနှစ် မတ်လ ၇ ရက်နှင့် ၉ရက်နေ့များက စတင်ကာ စစ်ကိုင်းတိုင်း ကလေးမြို့မှ ချင်းပြည်နယ် ဖလမ်းမြို့နယ်ဘက်သို့တက်လာသည့် စစ်ကောင်စီတပ်များသည် သံချပ်ကာ ကားနှစ်စီးအပါအဝင် ကားအစီးရေ ၃၀ ကျော်သည်ဟု ဆိုပါသည်။ မတ်လ ၁၁ ရက်အရောက်တွင်တော့CDF-CDM Siyin နှင့် Mountain Eagle Defense Force (MEDF) ချင်းကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့များက နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီအထိမိုင်းဆွဲတိုက်ခိုက်မှုအကြိမ်ပေါင်း ၁၀ ကြိမ်တိုင်အောင်တိုက်ခိုက်ခဲ့သဖြင့် စစ်ကောင်စီတပ်သား ၆ ဦးသေဆုံးခဲ့ပြီး ၂၁ ဦး ဒဏ်ရာရရှိခဲ့သည်ဟု CDF - CDM Siyin က ထုတ်ပြန်ထားပါသည်။ ထိုတိုက်ခိုက်မှုသည် မိမိတို့စုဆောင်းရရှိထားသည့် မှတ်တမ်းများအရ တစ်ရက်တည်းအကြိမ်ရေအများဆုံးမိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ်ဟုလည်း ဆိုနိုင်ပါသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၈၊ ဖလမ်းမြို့မှ ဟားခါးမြို့သို့ ရိက္ခာပို့သွားသည့် စစ်ကောင်စီတပ်ယာဉ်အစီး ၂၀ ကျော်နှင့် တင့်ကားနှစ်စီးပါဝင်သော ယာဉ်တန်းအား ချင်းအမျိုးသားတပ်မတော် (CNF/CAN)၊ ချင်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (CNDF) နှင့် ချင်းဒေသကာကွယ်ရေးတပ်ဖွဲ့ (CDF) ပူးပေါင်းအဖွဲ့များက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၆၀ ကျော်သေဆုံးခဲ့ကြောင်း CNDF က ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ မိုင်းဆွဲတိုက်ခိုက်မှုသည်လည်း မိမိတို့စုဆောင်းရရှိထားသည့် မှတ်တမ်းများအရ စစ်ကောင်စီတပ်ဘက်မှ သေဆုံးမှုအများဆုံး တိုက်ခိုက်မှုဖြစ်စဉ်အဖြစ် တွေ့ရှိရပါသည်။


စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် အရာတော် - ထီးဆောင်းလမ်း၊ ၂၀၂၂ ခုနှစ် ဧပြီလ ၂၉ ရက်၊ စစ်ကောင်စီယာဉ်တစ်စီးအား မိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ်တွင် စစ်ကောင်စီတပ်ဘက်မှ ၃၅ ဦး သေဆုံးခဲ့သည်။ ၂၀၂၂ ခုနှစ် မတ်လ ၈ ရက်၊ ယင်းမာပင်မြို့နယ် လက်ပံတောရွာမှ ဒေသခံပြည်သူ ၁၂ ဦးအား မီးရှို့သတ်ဖြတ်ခဲ့သည့် စစ်ကောင်စီတပ်အား မတ်လ ၁၁ ရက်၊ မျောက်နံးရွာဘက်သို့ ဆင်းလာချိန်တွင် ချင်းတွင်းရိုးမ မဟာမိတ်တပ်ပေါင်းစု၊ ဗိုလ်သူရိန်တပ်ရင်းက ပဒေသာမိုင်း ၁၂ လုံးဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၃၂ ဦးသေဆုံးခဲ့ကြောင်း အဆိုပါတပ်ပေါင်းစုက ထုတ်ပြန်ထားပါသည်။ ၂၀၂၂ ခုနှစ် ဧပြီလ ၂၈ ရက်၊ မုံရွာမြို့မှ ထွက်လာသော စစ်ကောင်စီ မိုင်းရှင်းလင်းရေးအဖွဲ့အား ချောင်းဦးနှင့် မြင်းမူမြို့နယ်အကြားတွင် မြောင်မြို့နယ် (T.G.R) ပြည်သူ့ကာကွယ်ရေးတပ်က မိုင်းဆွဲတိုက်ခိုက်ရာ စစ်ကောင်စီတပ်သား ၃၀ ဦးခန့် သေဆုံးခဲ့ကြောင်း သိရပါသည်။



BNI – Myanmar Peace Monitor ၏ ၂၀၂၃ ခုနှစ် မတ် ၂၀ ရက်အထိ စစ်အာဏာသိမ်းကာလအတွင်း ခုခံတော်လှန်ရေးအင်အားစုများ၏ မိုင်းဆွဲတိုက်ခိုက်မှုများကြောင့် စစ်ကောင်စီတပ်သား ၁၀ ဦးနှင့်အထက် သေဆုံးခဲ့သည့် မိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ်ပေါင်း ၄၀ နီးပါးရှိခဲ့သည်ကို တွေ့ရပါသည်။ မိုင်းဆွဲတိုက်ခိုက်မှုများကြောင့် စစ်ကောင်စီတပ်သားပေါင်း ထောင်နှင့်ချီကာ သေဆုံးခဲ့ရသည်ကိုတွေ့ရပြီး ထိခိုက်ဒဏ်ရာရရှိသူပေါင်း ရာနှင့်ချီခဲ့သည်ကို တွေ့ရှိရပါသည်။


## မိုင်းဆွဲတိုက်ခိုက်မှုဆိုင်ရာ ကိန်းဂဏန်းများ

စစ်အာဏာသိမ်းကာလ ၂၀၂၃ ခုနှစ် မတ် ၂၀ ရက်အထိ BNI – Myanmar Peace Monitor ၏ မှတ်တမ်းအရ စစ်ကောင်စီတပ်များအား ခုခံတော်လှန်ရေးအင်အားစုများ၏ မိုင်းဆွဲတိုက်ခိုက်မှုရက်ပေါင်း ၂၇၂ ရက်အထိ ရှိခဲ့ပါသည်။ မိုင်းဆွဲတိုက်ခိုက်မှုတစ်ရက်လျှင် အနည်းဆုံးတစ်ကြိမ်မှ အများဆုံး ၁၀ ကြိမ်အထိ တွေ့ရှိရသဖြင့် မိုင်းဆွဲတိုက်ခိုက်မှုအကြိမ်ရေအားဖြင့်မူ ၂၇၂ ရက်ထက် ပိုမိုများပြားနိုင်သည်ဟု မှတ်ယူရပါမည်။




ဖော်ပြပါ နှစ်၊ လ အလိုက် မိုင်းဆွဲတိုက်ခိုက်မှုအခြေအနေကို လေ့လာကြည့်ပါက ၂၀၂၁ခုနှစ် ဒီဇင်ဘာလသည် စစ်ကောင်စီတပ်များအား မိုင်းဆွဲတိုက်ခိုက်မှုရက်ပေါင်း ၄၄ ရက်အထိ ရှိခဲ့ပြီး စစ်အာဏာသိမ်းကာလအတွင်း မိုင်းဆွဲတိုက်ခိုက်မှုအများဆုံးလဖြစ်ခဲ့ပါသည်။ ထို့နောက်တွင်မှ ၂၀၂၂ ခုနှစ် မေလတွင် မိုင်းဆွဲတိုက်ခိုက်မှု ၃၄ ရက်၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် မိုင်းဆွဲတိုက်ခိုက်မှု ၃၀ ရက်၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် မိုင်းဆွဲတိုက်ခိုက်မှု ၂၉ ရက်နှင့် ၂၀၂၂ ခုနှစ် ဇွန်လသည် မိုင်းဆွဲတိုက်ခိုက်မှု ၂၇ ရက်၊ စသဖြင့် လအလိုက် အသီးသီးရှိခဲ့သည်ကို တွေ့ရပါသည်။ နှစ်အလိုက်တွင်မူ ၂၀၂၁ ခုနှစ်အတွင်း မိုင်းဆွဲတိုက်ခိုက်မှု ၇၅ ရက်၊ ၂၀၂၂ ခုနှစ်အတွင်း မိုင်းဆွဲတိုက်ခိုက်မှု ၁၆၃ ရက်၊ ၂၀၂၃ ခုနှစ် မတ်လ ၂၀ ရက်အတွင်း မိုင်းဆွဲတိုက်ခိုက်မှု ၃၄ ရက် ရှိခဲ့ပါသည်။


စစ်အာဏာသိမ်းကာလအတွင်း ၂၀၂၃ မတ်လ ၂၀ ရက်အထိ တိုင်းနှင့် ပြည်နယ်အလိုက် စစ်ကောင်စီတပ်အား မိုင်းခွဲတိုက်ခိုက်မှုရက်ပေါင်း




စစ်ကောင်စီတပ်များအား မိုင်းဆွဲတိုက်ခိုက်မှုအခြေအနေကို တိုင်းနှင့်ပြည်နယ်အလိုက် လေ့လာကြည့်ပါက စစ်ကိုင်းတိုင်းသည် မိုင်းဆွဲတိုက်ခိုက်မှုရက်ပေါင်း ၁၃၂ ရက်ဖြင့် အများဆုံးဖြစ်နေသည်ကို တွေ့ရသည်။ ထို့ နောက်တွင်မှ မကွေးတိုင်းတွင် မိုင်းဆွဲတိုက်ခိုက်မှုရက်ပေါင်း ၄၅ ရက်၊ မန္တလေးတိုင်းအတွင်း မိုင်းဆွဲတိုက်ခိုက် မှု ၂၃ ရက်၊ မွန်ပြည်နယ်တွင် မိုင်းဆွဲတိုက်ခိုက်မှု ၁၄ ရက်၊ တနင်္သာရီနှင့် ကချင်ပြည်နယ်တို့တွင် မိုင်းဆွဲတိုက်ခိုက်မှု ၁၄ ရက်စီ စသဖြင့် တိုင်းနှင့်ပြည်နယ်တိုင်းတွင် စစ်ကောင်စီတပ်များအား မိုင်းဆွဲတိုက်ခိုက်မှုများ ရှိနေသည်ကို တွေ့ရပါသည်။

မိုင်းဆွဲတိုက်ခိုက်ခံရမှုကြောင့် စစ်ကောင်စီတပ်ဘက်မှ သေဆုံးမှုအခြေအနေတွင်လည်း စစ်ကိုင်းတိုင်းတွင် ၆၃၅ ဦး၊ မကွေးတိုင်းတွင် ၁၂၂ ဦး၊ ချင်းပြည်နယ်တွင် ၆၉ ဦး၊ မန္တလေးတိုင်းတွင် ၃၃ ဦး၊ ကချင်ပြည်နယ်တွင် ၃၂ ဦး စသဖြင့် သေဆုံးမှုများ ရှိခဲ့ပြီး ထူးခြားဖြစ်စဉ်အဖြစ် အာဏာသိမ်းစစ်ခေါင်းဆောင်နေထိုင်ရာ နေပြည်တော် ကောင်စီနယ်မြေအတွင်းတွင်ပင် ခုခံတော်လှန်ရေးအင်အားစုများ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် စစ်ကောင်စီ တပ်သား ၂၄ ဦး သေဆုံးခဲ့သည်ကို တွေ့ရှိရပါသည်။

စစ်အာဏာသိမ်းကာလအတွင်း ၂၀၂၃ မတ်လ ၂၀ ရက်အထိ ခုခံတော်လှန်ရေးအင်အားစုအလိုက် အလိုက် စစ်ကောင်စီတပ်အား မိုင်းခွဲတိုက်ခိုက်မှုရက်ပေါင်း




စစ်အာဏာသိမ်းကာလအတွင်း ဖြစ်တည်ပေါက်ဖွားလာသော တောင်တန်းမြေပြန့် ဒေသအလိုက် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF) သည် စစ်ကောင်စီတပ်များအား မိုင်းဆွဲတိုက်ခိုက်မှုတွင် အဓိက အင်အားစုများအဖြစ် တွေ့ရှိရပြီး PDF/LDF များ၏ မိုင်းဆွဲတိုက်ခိုက်မှုသည် ရက်ပေါင်း ၂၄၈ ရက်အထိ ရှိခဲ့ပြီး စစ်အုပ်စုအား မိုင်းဆွဲတိုက်ခိုက်မှုအားလုံး၏ ၉၁ ရာခိုင်နှုန်းအထိ ရှိခဲ့ပါသည်။ မိမိတို့သတ်မှတ်ထားသည့် မြို့ပြဒေသအလိုက် PDF/LDF များစာရင်းတွင် စစ်အာဏာသိမ်းကာလအတွင်း အသစ်ဖြစ်ပေါ်လာသည့်ခုခံတော်လှန်ရေးအင်အားစု၊ အဖွဲ့အစည်းများအားလုံးပါဝင်သည်ဟု ဆိုရပါမည်။

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO)များဖြစ်သည့် ကချင်လွတ်လပ်ရေးတပ်မတော် ( KIO/ KI A )၊ ကရင်အမျိုးသားအစည်းအရုံး(KNU/KNLA) နှင့် ရက္ခိုင့်တပ်တော် ( ULA/AA) တို့၏ အာဏာသိမ်းစစ်အုပ်စုအား မိုင်းဆွဲတိုက်ခိုက်မှုများကိုလည်း ဖော်ပြပါ ဂရပ်ဖစ်အတိုင်း မြင်တွေ့ရပါသည်။

## သုံးသပ်တင်ပြချက်

BNI – Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၁၄ ရက်အထိ စစ်အာဏာသိမ်းကာလတလျှောက်လုံးတွင် မြန်မာနိုင်ငံအတွင်း

စစ်အုပ်စု နှင့် တော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၂၅၂၅ ရက် ရှိခဲ့ပြီဖြစ်သည်။ ထိုအနက် မြို့ပြဒေသအလိုက် PDF/LDF များမှ စစ်အုပ်စုအား မိုင်းဆွဲတိုက်ခိုက်မှုသည် ၂၇၂ ရက်ရှိခဲ့ပြီး စစ်အုပ်စု၏ မြေပြင်စစ်ကြောင်းများအား များစွာအထိနာစေသည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် မြေပြင်အင်အားချိနဲ့လာသော အာဏာသိမ်းစစ်အုပ်စုသည် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများကိုသာ အားကိုးနေရပြီဖြစ်ကာ စစ်အုပ်စု၏ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုသည် ရက်ပေါင်း ၃၀၀ နီးပါးရှိသည်အထိ အရှိန်မြှင့်ထိုးစစ်ဆင်လျက်ရှိသည်ကို တွေ့ရပါသည်။

မိုင်းသည် စစ်ရေးပဋိပက္ခဖြစ်ပွားရာ စစ်မျက်နှာ၊ စစ်တလင်းတွင် နှစ်ဖက်လက်နက်ကိုင်တပ်ဖွဲ့ဝင်များအပြင် အရပ်သားပြည်သူများအား အန္တရာယ်အပေးနိုင်ဆုံး စစ်လက်နက်တစ်ခု ဖြစ်သည်။ မိမိတို့ စုဆောင်းရရှိထားသည့်မှတ်တမ်းအရ စစ်အာဏာသိမ်းကာလအတွင်း ဆိုခဲ့ပါ လူထိန်းချုပ်မှုအောက်မှ မိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ်မျိုးမဟုတ်ဘဲ မိုင်းစမ်းသပ်စဉ်အတွင်း ပေါက်ကွဲမှု၊ စစ်လက်ကျန် မိုင်းပေါက်ကွဲမှု၊ မြေမြှုပ်မိုင်းနင်းမိပြီး ပေါက်ကွဲမှုကဲ့သို့သော ဖြစ်စဉ်ပေါင်း ၉၄ ကြိမ် ရှိခဲ့ပြီး အရပ်သားပြည်သူပေါင်း ၂၂ ဦး သေဆုံးကာ ၄၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ မိုင်းစမ်းသပ်စဉ်ပေါက်ကွဲမှုကြောင့် PDF/LDF တပ်ဖွဲ့ဝင် ၁၁ ဦးသေဆုံးကာ ၃ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ လက်ရှိ နှစ်ဖက်ယာယီအပစ်ရပ်ထားသည့် ULA/AA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲအပြင်းထန်ဆုံး ဖြစ်ပွားခဲ့ရာ ရခိုင်ပြည်နယ်သည် စစ်အာဏာသိမ်းကာလအတွင်း မြေမြှုပ်မိုင်းပေါက်ကွဲမှု ၂၇ ကြိမ်အထိ ရှိပြီး အရပ်သားပြည်သူ ထိခိုက်သေဆုံးမှုအများဆုံးဖြစ်နေသည်ကို သတိပြုရပါမည်။

နွေဦးတော်လှန်ရေးကာလတလျှောက် အာဏာသိမ်းစစ်အုပ်စုအား မိုင်းဆွဲတိုက်ခိုက်မှုများ၏ ၇၃ ရာခိုင်နှုန်းကျော်သည် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးကဲ့သို့သော အညာဒေသတွင် တွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် အညာတခွင်လုံးပြန့်ထွက်လာသော ခုခံတော်လှန်သောစစ်ရေးလှုပ်ရှားမှုများတွင် မိုင်းဆွဲတိုက်ခိုက်ရေးနည်းဗျူဟာ (ဝါ) မိုင်းစစ်ဆင်ရေးသည် အချက်အခြာကျသော စစ်ရေးဗျူဟာတစ်ရပ်ဖြစ်နေသည်ဟု ဆိုရပါမည်။

ခုခံတော်လှန်ရေးအင်အားစုများ၏ ထိန်းချုပ်မှုအောက်မှ မိုင်းဆွဲတိုက်ခိုက်မှုများ (ဝါ) မိုင်းစစ်ဆင်ရေးသည် အာဏာသိမ်းစစ်အုပ်စုနှင့် အစေအပါးများအတွက် အကြောက်တရားကို ရိုက်သွင်းပေးနိုင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှည်းနေလှေအောင်း မြင်းစောင်းမကျန် ခုခံတော်လှန်စစ်ဆင်နွှဲရာတွင် မိုင်းစစ်ဆင်ရေးသည် နွေဦးတော်လှန်ရေး၏ အမှတ်သရုပ်သဖွယ်တွင်ရစ်နေပြီဖြစ်ကြောင်း ရှုမြင်မိပါသည်။ မြေပြင်အင်အားအများအပြားကို ချိနဲ့စေသော မိုင်းဆွဲတိုက်ခိုက်မှုများသည် အာဏာသိမ်းစစ်အုပ်စုအတွက် အကြောက်ဆုံးအရာ ဖြစ်နေနိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

# အထူးလေ့လာ သုံးသပ်ချက်များ


BNI
BURMA NEWS INTERNATIONAL
နိုင်ငံတကာ မြန်မာသတင်း (ဘီအဲန်အိုင်)
မြန်မာ့ငြိမ်းချမ်းရေးလေ့လာစောင့်ကြည့်ရေး
ခုခံတော်လှန်စစ်နှင့်
အမျိုးသမီးများ၏အခန်းကဏ္ဍကို
ဆန်းစစ်လေ့လာခြင်း
ဇွန်၊ ၂၀၂၂ ခုနှစ်

# ခုခံတော်လှန်စစ်နှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ဆန်းစစ်လေ့လာခြင်း

နိဒါန်း

တိုင်းပြည်လူဦးရေ၏ ၅၂ ရာခိုင်နှုန်းအထိရှိသည့် မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးထုကြီးသာ မပါဝင်ခဲ့သော် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးအတွက် နွေဦးတော်လှန်ရေးသည် လူထု တော်လှန်ရေးဟု ညွှန်းဆိုရန်ခက်ခဲပါလိမ့်မည်။ "အမျိုးသမီးတွေမပါရင် ဒီတိုက်ပွဲက မအောင်မြင် နိုင်ပါဘူး"ဆိုသည့် အဖြူရောင်ပိတ်စပေါ်မှအနီရင့်ရင့်ကြေးကြော်သံစာလုံးများသည် အမျိုးသမီးထု ၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုကို ရှေ့တန်းမှ ဝင့်ကြွားစွာဆန့်ကျင်တော် လှန်ဆဲ ပြယုဂ်ဖြစ်သည်။

မူလကတည်းက အမျိုးသမီး အမျိုးသား တန်းတူအခွင့်အရေး ရရှိရေး၊ ခွဲခြားဆက်ဆံမှုများ ရပ်တန့်ရေး၊ အမျိုးသမီးများအပေါ် ဖိနှိပ်မှုများရပ်တန့်ရေး၊ အိမ်တွင်းအကြမ်းဖက်မှု ရပ်တန့်ရေး စသည့် ဘာသာရေးအရ ခွဲခြားဆက်ဆံခံရမှုများပါမကျန် တွန်းလှန်ရုန်းကန်နေကြရသော အမျိုး သမီးများသည် အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်ဖြိုခွင်းမှုများ၊ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုများ နှင့် အဓမ္မပြုကျင့်ခံရမှုများ စသော ယုတ်မာရက်စက်သည့် လုပ်ရပ်များကို တရားဥပဒေ အထိန်း အကွပ်မဲ့စွာ ပြုမူနေကြသည့်တိုင် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်လှုပ်ရှားမှုများနှင့် လက်နက်စွဲကိုင် ခုခံတော်လှန်ရေးလှုပ်ရှားမှုကို ကြိုးပမ်းလုပ်ဆောင်နေကြဆဲ ဖြစ်ပါသည်။

ယခုသုတေသနစာတမ်းတွင် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေး၊ ဖက်ဒရယ် ဒီမို ကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးတည်နေကြသော နွေဦးတော်လှန်ရေး လှုပ်ရှား မှုများအတွင်း အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် အာဏာသိမ်းစစ်ကောင်စီတပ်အား ရရာလက်နက် စွဲကိုင်ကာ ခုခံတော်လှန်စစ်ဆင်နွှဲနေကြသော ပြည်သူ့ကာကွယ်ရေး အမျိုးသမီးစစ်သည်တော်များ အကြောင်းကို တင်ပြသွားမည်ဖြစ်ပါသည်။

## သုတေသနနည်းနာ

'ခုခံတော်လှန်စစ်နှင့် အမျိုးသမီးစစ်သည်တော်များ၏ အခန်းကဏ္ဍ' စာတမ်းတွင် Burma News Inter -national (BNI) ၏ အဖွဲ့ဝင်သတင်းဌာနများ အပါအဝင် Myanmar Peace Monitor မှ နေ့စဉ်မှတ်တမ်းပြုထားသည့် ပြည်တွင်းပြည်ပသတင်းဌာနများတွင် ရေးသားဖော်ပြခဲ့သော သတင်းအချက်အလက်များ၊ ဖြစ်စဉ်ဖြစ်ရပ်များကို အသုံးပြုကိုးကားထားသကဲ့သို့ မိမိတို့ BNI - Myanmar Peace Monitor ၏ သတင်းထောက်များမှတစ်ဆင့် စာတမ်းအတွက် သီးသန့်တွေ့ဆုံမေးမြန်းထားသော ကချင်၊ ကရင်၊ ကရင်နီ (ကယား)၊ ရခိုင်၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း စသည့် ဒေသများမှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်အမျိုးသမီးများ၊ သပိတ်လှုပ်ရှားမှုများတွင်ပါဝင်နေသော အမျိုးသမီးဦးဆောင်သူများ၊ အရပ်ဘက်နှင့်စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နေကြသော အမျိုးသမီးများ၏ ထင်မြင်ယူဆချက်များ၊ သုံးသပ်ချက်များ၊ အနာဂတ်မျှော်ရည်ချက်များကို စုစည်းတင်ပြထားခြင်းဖြစ်ပါသည်။

## နောက်ခံအကြောင်းတရား

လွဲမှားသည့် အယူအဆ၊ လွဲမှားသည့်လုပ်ရပ်များသည် နှစ်လရှည်ကြာလာသည့်အခါ မှန်ကန်သည့် အယူအဆ၊ မှန်ကန်သည့်လုပ်ရပ်များဖြစ်သည်ဟု လွဲမှားစွာလက်ခံယုံကြည်သွားစေသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင်သာမက လူ့အသိုက်အဝန်းကြီးတစ်ခုလုံးတွင် အမျိုးသမီးများအပေါ် ဖိနှိပ်မှု၊ ခွဲခြားဆက်ဆံခြင်းခံရမှုများသည်လည်း နှစ်လရှည်ကြာလာခဲ့သည်အတွက် ဖြစ်ရိုးဖြစ်စဉ် တစ်ခုကဲ့သို့ တွေးထင်ယုံကြည်လာကြပါသည်။ သို့နှင့်တိုင် အမျိုးသမီးများကတော့ မိမိတို့အပေါ် ဖိနှိပ်မှု၊ အကြမ်းဖက်ခံရမှု၊ ခွဲခြားဆက်ဆံခံရမှုများကို ခေတ်အဆက်ဆက်တွန်းလှန်လာခဲ့ကြပါသည်။ လူမှုစီးပွားမှသည် နိုင်ငံရေးဖြစ်စဉ်များအထိ ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အခန်းကဏ္ဍများတွင် အမျိုးသမီးများကို နေရာပေးနိုင်ဖို့အတွက် လူ့အဖွဲ့အစည်းအတွင်း တွန်းဆုတ်နေကြဆဲ ဖြစ်ပါသည်။

ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်ဂျပန်များ၏ လွှမ်းမိုးအုပ်ချုပ်ခံရခြင်းမှ လွတ်မြောက်ရေးအတွက် တော်လှန်လှုပ်ရှားမှုများမှသည် ခေတ်အဆက်ဆက် စစ်အာဏာသိမ်းမှုနှင့် အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုများ၊ ၁၉၈၈ ခုနှစ် ရှစ်လေးလုံးလူထုအရေးတော်ပုံ၊ ၂၀၀၇ရွှေဝါရောင် တော်လှန်ရေးနှင့် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ဖြစ်ပေါ်လာသော အစိုးရများ၏အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေး အစီအမံများအတွင်း အဆီအငေါ်မတည့်မှုများ၊ တရားမျှတခြင်းကင်းမဲ့မှုများကို ဆန့်ကျင် ဆန္ဒဖော်ထုတ်ကြရာတွင် အမျိုးသမီးများပါဝင်ခဲ့ကြပါသည်။ စစ်အာဏာရှင်အစိုးရများ လက်ထက်တွင်ဖြစ်စေ၊ ရွေးကောက်ခံအစိုးရများလက်ထက်တွင်ဖြစ်စေ မတရားသည့်အမိန့်နှင့် ဥပဒေများ၊ တရားမျှတမှုမရှိသည့် တရားစီရင်ချက်များအပေါ် အမျိုးသမီးအရေးလှုပ်ရှားသူများအနေဖြင့် နှုတ်ဆိတ်မနေဘဲ ဟစ်ကြွေးတော်လှန်ခဲ့ကြပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုဆန့်ကျင်သော နွေဦးတော်လှန်ရေးတွင်တော့ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှ အမျိုးသမီးထုကြီး၏ ပါဝင်မှုသည် ပိုမိုပေါ်လွင်ထင်ရှားလာခဲ့သည်။ နေအိမ်အတွင်း သံပုံးတီးလှုပ်ရှားမှုများ၊ လမ်းမပေါ်ချီတက်ကာ ဆန္ဒဖော်ထုတ်မှုများမှသည် ရရာလက်နက်စွဲကိုင်ကာ ခုခံတော်လှန်စစ်အတွင်း ရှေ့တန်းထွက်တိုက်ပွဲဝင်ခြင်းအပြင် ထောက်ပို့၊ ဆေးတပ်သား တာဝန်များအထိ စစ်အာဏာသိမ်းမှုနှင့် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးအတွက် အမျိုးသမီးများ အခန်းကဏ္ဍသည် ကြီးမားကျယ်ပြန့်နေပေသည်။ နေပြည်တော် ဆန္ဒဖော်ထုတ်ပွဲအတွင်း ဦးခေါင်းကို ကျည်ဆန်ထိမှန် သေဆုံးခဲ့ရသည့် မသွဲ့သွဲ့ခိုင်၊ မန္တလေးဆန္ဒဖော်ထုတ်

ပွဲမှ ဦးခေါင်းကို ကျည်ဆန်ထိမှန်သေဆုံးခဲ့ရသည့် မကြယ်စင်(ခ)ကျားရှိ၊ ရန်ကုန်မြို့ ၄၄ လမ်းရှိ တိုက်ပေါ်မှ ခုန်ချသေဆုံးခဲ့ရသည့် မပန်းသီးအပါအဝင် အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးများ၏ အကြမ်းဖက်ဖြိုခွင်း၊ ဖမ်းဆီးသတ်ဖြတ်မှုများအတွင်း ပေးဆပ်ခဲ့ရသည့် အမျိုးသမီး အရေအတွက်သည် ၁၅၆ ဦး အထိ ရှိခဲ့ပါပြီ။

စစ်အာဏာသိမ်းမှု တစ်နှစ်ကျော်ကာလအတွင်း အကျဉ်းထောင်များ၊ စစ်ဘေးရှောင်စခန်းများအတွင်း ထောင်နှင့်သောင်းနှင့်ချီသည့် ကလေးသူငယ်၊ လူငယ်လူရွယ်၊ လူကြီးလူလတ် စသည်တို့တွင် အမျိုးသမီးများပါဝင်နေရပါသည်။ အမျိုးသားများထက် ရုပ်ပိုင်းဆိုင်ရာ အားနည်းချက်များ၊ စိန်ခေါ်မှုများ ပိုမိုကြီးမားသည့် အမျိုးသမီးများတွင် မည်မျှစိတ်ခွန်အား ကြီးမားစွာတည်ရှိနေသည်ကို ယခုနွေဦးတော်လှန်ရေးအတွင်း ပိုမိုမြင်သာစေခဲ့ပါသည်။

မြန်မာ့နွေဦးတော်လှန်ရေးအတွင်း အမျိုးသမီးပါဝင်မှုကို သရုပ်ခွဲကြည့်ပါက အကြမ်းမဖက်ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်သည့် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုများတွင် အမျိုးသမီးများ၏ ဦးဆောင်မှုကိုမြင်တွေ့ရသကဲ့သို့ ရရာလက်နက်စွဲကိုင်ကာ ခုခံတော်လှန်နေကြသော လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်တွင်လည်း အမျိုးသမီးများ၏ ဦးဆောင်ပါဝင်မှု အခန်းကဏ္ဍကို မြင်တွေ့ခဲ့ရပါ သည်။ ထို့ပြင် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးနှင့် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင်လည်း အမျိုးသမီးများ ပါဝင်လှုပ်ရှားလျက်ရှိပါသည်။ ယင်းသို့ အမျိုးသမီးများ၏ ကျရာအခန်းကဏ္ဍမှ နိုင်ရာဝန်ဖြင့် ပါဝင်လာခဲ့သည့် လှုပ်ရှားဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး အမျိုးသမီးထဘီများ အလံလွှင့်ထူကာ ဂုဏ်တင်မှတ်တမ်းပြုရသည်အထိ နွေဦးတော်လှန်ရေးတွင် အမျိုးသမီးများ၏ အရေးပါမှုကို မြင်တွေ့ခဲ့ရပါသည်။

မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ အမျိုးသမီးထုကြီးသည် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးအပြင် ဖိနှိပ်မှု၊ ခွဲခြားဆက်ဆံရမှု၊ ဖိဝါဒ ကြီးစိုးမှုစသည့် လွဲမှားသည့် အတွေးအခေါ် အယူအဆများ၊ ယုံကြည်မှုများကိုပါ တပြိုင်တည်း တွန်းလှန်နေရသည့်အတွက် စိန်ခေါ်မှု ကြီးမားလျက်ရှိသည်ဟု ဆိုရပါမည်။



## နွေဦးတော်လှန်ရေးအတွင်း အမျိုးသမီးပါဝင်မှု အခန်းကဏ္ဍ

စစ်အာဏာသိမ်းမှုနှင့် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးအတွက်နွေဦးတော်လှန်ရေးအတွင်း အမျိုးသမီးများပါဝင်မှု အခန်းကဏ္ဍသည် အရှိန်အဟုန်မြင့်မားစွာဖြင့် သက်ဝင်လှုပ်ရှားနေဆဲဖြစ်သည်။ စစ်အာဏာရှင်စနစ်ကိုသာမက အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအတွက် ကျား - မ တန်းတူရေး၊ ခွဲခြားဆက်ဆံမှုများ ပပျောက်ရေးနှင့် လိင်အခြေပြု ဖိနှိပ်မှုများကင်းစင်ရေး စသည့် အခြေခံ အတွေးအခေါ် များ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် ဦးတည်တိုက်ပွဲ ဝင်နေကြခြင်းဖြစ်သည်။

“ကောက်ရိုးမီးလို မဟုတ်ဘဲ ဖွဲမီးလို တငွေ့ငွေ့နဲ့ ဆက်လောင်ကျွမ်းနေတာ” ဟု နွေဦးတော်လှန်ရေးအတွင်း အမျိုးသမီးများ၏ ပါဝင်မှုကို မိဆူးပွင့်က ခိုင်းနှိုင်းပါသည်။ မိဆူးပွင့်သည် ၁၉၈၈ ခုနှစ် ရှစ်လေးလုံးလူထုအရေးတော်ပုံကြီးတွင် ရှေ့တန်းမှပါဝင်လှုပ်ရှားခဲ့သူဖြစ်ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ ဗဟိုဦးဆောင်ကော်မတီဝင် အမျိုးသမီးခေါင်းဆောင်တစ်ဦးလည်း ဖြစ်သည်။

နွေဦးတော်လှန်ရေးကာလအတွင်း ဖြစ်တည်ပေါက်ဖွားလာသည့် စစ်ကိုင်းတိုင်းအတွင်းမှ အမျိုးသမီးစစ်သည်တော်တပ်ရင်း (မြောင်) – M2M ၏ ပြန်ကြားရေးတာဝန်ခံ အမ်မရာကလည်း သူတို့သည် နွေဦးတော်လှန်ရေး အောင်မြင်မှုအပြင် ကျား - မ တန်းတူအခွင့်အရေးရရှိရေးအတွက်လည်း ဖော်ဆောင်လျက်ရှိပြီး အမျိုးသားများနည်းတူ ရှေ့တန်းမှ တိုက်ပွဲဝင်လျက်ရှိသကဲ့သို့



နောက်တန်းမှ ထောက်ပို့လုပ်ငန်းများ၊ ဆေးတပ်သားတာဝန်များနှင့် မိုင်းထုတ်လုပ်မှု လုပ်ငန်းများကိုပါ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်ဟု ဆိုပါသည်။

"ဒီနွေဦးတော်လှန်ရေးလမ်းပေါ်မှာ ယုံကြည်ချက်ရှိရှိနဲ့ လျှောက်လှမ်းနေကြတယ်။ ... ငါတို့တွေက အမျိုးသားများနည်းတူ ဒီလက်နက်ကိုင်လမ်းစဉ်မှာ စွမ်းစွမ်းတမံ ပူးပေါင်းပါဝင်နိုင်ရမယ်ဆိုတဲ့ စိတ်ထားမျိုးက ကိုယ့်မှာ အမြဲတမ်း ရှိရတယ်" ဟု အမ်မရာက ပြောပြပါသည်။

ယခုစာတမ်းအတွက် BNI - Myanmar Peace Monitor ၏ သတင်းထောက်များမှ ဆက်သွယ်မေးမြန်းခဲ့သော ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် အမျိုးသမီးစစ်သည်တော်များ၊ မြို့ပြကျေးလက်သပိတ်ခေါင်းဆောင် အမျိုးသမီးများ၊ လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့နှင့် အရပ်ဘက်အဖွဲ့အစည်းများမှ အမျိုးသမီး ဦးဆောင်သူများ



ကတော့ ယနေ့အချိန်ထိ နွေဦးတော်လှန်ရေး ဆက်လက်အားကောင်းနေခြင်းသည်ပင် အမျိုးသမီး ထုတစ်ရပ်လုံး၏ ပါဝင်မှုအားကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း ရှုမြင်ကြပါသည်။

'ရုံးမတက်နဲ့ ရုန်းထွက်' ဆိုသည့် အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM)၊ ယနေ့အထိ သက်ဝင်လှုပ်ရှားနေဆဲ မြို့ပြဒေသအလိုက် အမျိုးသမီးသပိတ်စစ်ကြောင်းများ၊ ခုခံတော်လှန်စစ်အတွင်းမှ မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များ၊ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG)၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) စသဖြင့် နွေဦးတော်လှန်ရေး၏အစုအဖွဲ့အင်အားစုတိုင်းတွင် အမျိုးသမီးများ ပါဝင်မှုကို အားကောင်းစွာ မြင်တွေ့ရပါသည်။

NUG အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီး ဌာန၏ ၂၀၂၂ ခုနှစ် ဧပြီ ၁၁ ရက်အထိ မှတ်တမ်းအရ နွေဦးတော်လှန်ရေးအတွင်း အသက်ပေးခဲ့ရသူ ၁၆၇၃ ဦးအနက် ၁၅၆ ဦးသည် အမျိုးသမီးများဖြစ်သည်ကို တွေ့ရှိရသည်။ အသက်ပေးခဲ့ရသူများအနက် အသက် ၁၄ နှစ် အရွယ်မှ အသက် ၇၀ အရွယ် အထိပါဝင်နေပြီး အထူးသဖြင့် အသက် ၁၈နှစ် မှ ၅၀ နှစ်အောက် အမျိုးသမီးများ အများဆုံးပါဝင်နေပါသည်။ နေပြည်တော်ရှိ စစ်အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုအတွင်း ဦးခေါင်းတည့်တည့် ကျည်ဆန်အစစ်ဖြင့် ပစ်သတ်ခံခဲ့ရသည့် အသက် ၁၉ နှစ်အရွယ် မသွဲ့သွဲ့ခိုင်ဆိုလျှင် နွေဦးတော်လှန်ရေးအတွင်း ပထမဆုံးအသက်ပေးခဲ့သူဟု ဆိုနိုင်ပါသည်။

"အထင်ရှားဆုံး မြန်မာအမျိုးသမီးတို့ရဲ့ အမှတ်အသားဖြစ်တဲ့ ထဘီကို အလံလွှင့်ထူပြီးတော့ အာဏာရှင်ကို တော်လှန်ခဲ့ကြတယ်။ သူတို့ရဲ့ စည်းရုံးရေးနဲ့ ဆွဲဆောင်နိုင်မှုက တော်လှန်ရေးအတွက် အတော်ကိုခရီးရောက်တယ်လို့ ကျွန်မမြင်တယ်။ ... အခုလို ခက်ခဲတဲ့ အခြေအနေမျိုးမှာတောင် မြေပြင်သပိတ်တွေမှာ အမျိုးသမီးတွေက ဦးဆောင်ပါဝင်တာကိုတွေ့ရတော့ နွေဦးတော်လှန်ရေးမှာ အမျိုးသမီးတွေရဲ့ပါဝင်မှုက အပြောင်းအလဲတစ်ခုကို ဦးတည်နေတယ်ဆိုတာ အမှန်ပဲ" ဟု ရန်ကုန်မြို့ပြသပိတ် တိုက်ပွဲများအတွင်း ပါဝင်ဆောင်ရွက်နေသူ မဆုဇံနွေးက ရှုမြင်ပါသည်။

မုံရွာတက္ကသိုလ်ကျောင်းသားများသမဂ္ဂအဖွဲ့မှ မြို့ပြသပိတ် လှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်နေသူ မချောစုစံကလည်း "လက်ရှိတော်လှန်ရေးမှာ အမျိုးသမီးတွေက နေရာပေါင်းစုံ၊ ထောင့်ပေါင်းစုံကနေ ရှုပ်ရှုပ်ချုံချုံနဲ့ စစ်အာဏာရှင်ဖြုတ်ချရေးနဲ့အတူ အတွေးအခေါ် တော်လှန်ရေးကိုပါ တိုက်ပွဲဝင်နေကြတယ်"ဟု သုံးသပ်ရှုမြင်ပါသည်။

မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အမျိုးသားဖြစ်တည်မှုထက် ပိုမိုများပြားသည့် အမျိုးသမီးထုကြီး၏ နွေဦးတော်လှန်ရေးတွင် ပါဝင်စွမ်းဆောင်နိုင်မှုသည် ဆယ်စုနှစ်ပေါင်းများစွာ တိုက်ပွဲဝင်နေကြရဆဲဖြစ်သော ဖိနှိပ်အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံခံရမှု၊ နေရာပေးမခံရမှုများအတွက် လက်တွေ့ကျကျ သက်သေထူနေကြပြီဟု ဆိုရပါလိမ့်မည်။




## တိုက်ပွဲဝင် အမျိုးသမီးများအတွက် စိန်ခေါ်မှုများ

ခန္ဓာဗေဒအရ ကွဲပြားခြားနားမှုရှိသည့် အမျိုးသမီးဖြစ်ခြင်းအပေါ် မူတည်ကာ ဖိုဝါဒကြီးစိုးသော လူ့အဖွဲ့အစည်းအတွင်း အမျိုးသမီးများအတွက် စိန်ခေါ်မှုသည် အမျိုးသားများထက် ပိုမိုကြီးမားစွာ ရင်ဆိုင်ကြုံတွေ့လျက်ရှိပါသည်။ ယခု နွေဦးတော်လှန်ရေးအတွင်းတွင်လည်း အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှု၊ သတ္တိရှိမှု၊ ရဲရင့်မှု၊ စွန့်လွှတ်စွန့်စားမှု စသဖြင့် ဦးဆောင်နိုင်မှုများကို ပေါ်လွင်ထင်ရှားစွာ မြင်တွေ့နေရသည်တိုင် 'အမျိုးသမီးများ လုပ်ဆောင်နိုင်ပါ့မလား' ဆိုသည့် သံသယဖြင့် တန်းတူဆက်ဆံခြင်းမခံရမှုများကို ရင်ဆိုင်ကြုံတွေ့နေရဆဲ ဖြစ်ပါသည်။ နိုင်ငံရေးအရ ဆုံးဖြတ်ချက် ချမှတ်နိုင်သည့်နေရာများတွင် အမျိုးသမီးများအပေါ် အထင်အမြင်သေးခြင်း၊ ဖယ်ကြဉ်ခြင်းမျိုး ရင်ဆိုင်ကြုံတွေ့နေရဆဲ ဖြစ်ပါသည်။

မန္တလေးသပိတ်စစ်ကြောင်းအား ဦးဆောင်လှုပ်ရှားနေသူ အမျိုးသမီးမဟာမိတ်အင်အားစုမှ မအေးမြင့်အောင်အောင်က စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေးအတွက် စစ်ကောင်စီ၏ အစေအပါးများနှင့် ထိပ်တိုက်တွေ့ဆုံမှုအခြေအနေကို ယခုလို ပြန်ပြောပြပါသည်။

"မှတ်မှတ်ရရပေါ့နော်။ စစ်ကောင်စီဘက်က သေနတ်အစစ်တွေနဲ့ ပစ်နေတဲ့ဟာကို ဒီဘက်က ဘောက်ခွ(လေးခွ)တွေနဲ့ Battle ဆိုင်တဲ့အချိန်ကတည်းက အမျိုးသမီးတွေဆိုရင် ရှေ့မထွက်နဲ့ပေါ့။ အမျိုးသမီးတွေ နောက်မှာနေ၊ အမျိုးသားတွေက ငါတို့ကပဲ ရှေ့ထွက်မယ်ဆိုတာမျိုးပေါ့။ အမျိုးသမီးတွေ ကျတော့လည်း မဟုတ်ဘူး။ ငါတို့လည်း ဒိုင်းကိုင်ချင်တယ်။ ငါတို့လည်း အသက်စတေးရဲတယ်။ ငါတို့လည်း ရှေ့ထွက်နိုင်တယ်ဆိုတာမျိုးပေါ့။ အမျိုးသားတွေဘက်ကလည်း မင်းတို့က ခွန်အားသေး

တယ်။ မပြေးနိုင်ဘူးပေါ့။ ဒီဟာတွေ မင်းတို့ မနိုင်နိုင်ဘူးဆိုတာတွေ အဲဒီမှာကတည်းက စပြီးတော့ ပြဿနာတွေတော့ အသီးသီး ဖြစ်ကြတာပေါ့"

ကချင်ပြည်နယ်အတွင်း စစ်အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုများတွင်ပါဝင်နေသူ ကချင်တိုင်းရင်းသူ ဘောက်ဆိုင်းကလည်း နွေဦးတော်လှန်ရေးအတွင်း အမျိုးသမီးများ၏ပါဝင်စွမ်းဆောင်နိုင်မှုသည် ရှေးရိုးစွဲ အယူအဆများကြောင့် စိန်ခေါ်မှုကြီးမားစွာ ကြုံတွေ့ရသည်ဟု ဆိုပါသည်။

"ခေါင်းဆောင်ပိုင်းတွေမှာဆိုရင် ယောကျ်ားလေးပဲ၊ အမျိုးသမီးတွေကို နေရာသိပ်မပေးဘူးပေါ့နော်"

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်(NCA)လက်မှတ်ထိုးကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်ဆောင်ရွက်နေသူ ABSDF မှ ဗဟိုဦးဆောင်ကော်မတီဝင် မိဆူးပွင့်ကလည်း နိုင်ငံရေးအရ ဦးဆောင်မှုအခန်းကဏ္ဍများတွင် အမျိုးသမီးများကို နောက်လိုက်အဖြစ်သာထားပြီး နေရာမပေးချင်ကြဟု ဆိုပါသည်။ "ဆုံးဖြတ်ခွင့်ရှိတဲ့နေရာတွေမှာ ပါဝင်မှုအားနည်းနေဆဲပါ" ဟု မိဆူးပွင့်က ပြောပါသည်။

> ခေါင်းဆောင်ပိုင်းတွေမှာဆိုရင် ယောကျ်ားလေးပဲ၊ အမျိုးသမီးတွေကို နေရာသိပ်မပေးဘူးပေါ့နော်...

မြန်မာ့လူ့အဖွဲ့အစည်း၏ ထုံးတမ်းအစဉ်အလာအရ အမျိုးသမီးများ၏ စွမ်းဆောင်ရည်အပေါ် လက်တွေ့၏ ကျကျ မသိမြင်ကြဘဲ အပေါ်ယံ ထင်မြင်ယူဆချက်များဖြင့် ဘောင်ခတ်ကန့်သတ်ကာ လွဲမှားသည့် အတွေးအခေါ် အယူအဆများသည် အမျိုးသမီးများအတွက် အဓိက စိန်ခေါ်မှုများဖြစ်စေသည်ဟု ရခိုင်ရှေ့ဆောင်အမျိုးသမီးအဖွဲ့ (RWIO) ဥက္ကဋ္ဌ စောစံငြိမ်းသူက သုံးသပ်ပါသည်။

နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်တွင် ကိုယ်တိုင် ရှေ့တန်းစစ်မျက်နှာအထိ လိုက်ပါကာ စစ်ကောင်စီတပ်များအား ချေမှုန်းလျက်ရှိသည့် ကရင်နီအမျိုးသားကာကွယ်ရေးတပ် (KNDF B-09) မှ ဟယ်လာရီကတော့ လက်ရှိသူ့အတွေ့အကြုံအရ စစ်အာဏာရှင်စနစ်အမြစ်ပြုတ်ချေမှုန်းရေးအတွက် တိုက်ပွဲဝင်နေကြသည့် ကဏ္ဍအသီးသီးတွင် အမျိုးသမီးများအနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသည်ဟု ဆိုပါသည်။

ဥပမာ - စစ်ဘေးရှောင်ပြည်သူများနှင့် ပတ်သက်ပြီး စာသင်ကြားရေးအပိုင်း၊ ဆေးဝါးကုသစောင့်ရှောက်ရေးအပိုင်း၊ ထောက်ပို့အပိုင်း စသဖြင့်။

"အခက်အခဲဆုံးဖြစ်တဲ့ လက်နက်ကိုင်လမ်းစဉ်ကိုတောင် ရှေ့တန်းမှာ မိန်းကလေးတွေက ယောကျ်ားလေးတွေနဲ့တန်းတူ အသက်စွန့်ပြီး ပါဝင်လာတာကိုလည်း တွေ့ရတယ်။ ကျွန်တော်တို့ အမျိုးသမီးတွေက ကဏ္ဍအသီးသီးကနေ တက်တက်ကြွကြွနဲ့ ရှုပ်ရှုပ်ချုံချုံပါဝင်ပြီးတော့ အာဏာရှင်ကို တော်လှန်တဲ့နေရာမှာ ကျွန်တော်တို့မျိုးဆက်တွေက အုတ်တစ်ချပ် သဲတစ်ပွင့်၊ အခြေခံအုပ်မြစ်

ကို ချပေးသွားနိုင်မယ့်မျိုးဆက်လို့ ယုံကြည်ပါတယ်” ဟု မဟယ်လာရီက ခံယူထားပါသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) နယ်မြေအတွင်းမှ ပြည်သူ့ကာကွယ်ရေးတပ်မှ အမျိုးသမီး စစ်သည် နန်းထက်ထက်ကတော့ သူတို့ ကြုံတွေ့နေရသည့် စိန်ခေါ်မှုအခက်အခဲများထဲတွင် အသက်အန္တရာယ်ဆုံးရှုံးရသည်အထိ ရင်ဆိုင်ကြုံတွေ့ရသော်လည်း ကျန်ရှိနေခဲ့သည့် မိသားစုအပေါ် အသက်အန္တရာယ်ပြုနေသည့် အာဏာသိမ်းစစ်ကောင်စီနှင့် အပေါင်းအပါများ၏ ယုတ်ညံ့သည့်လုပ်ရပ်များကလည်း ကြောက်ရွံ့ဖွယ်စိန်ခေါ်မှုအဖြစ် ရှိနေသည်ဟု ဆိုပါသည်။

နွေဦးတော်လှန်ရေးအတွင်း ပါဝင်လှုပ်ရှားနေကြသော အမျိုးသမီးတိုင်းအတွက် လက်နက်ကိုင် ခုခံတော်လှန်ရေးလမ်းစဉ်တွင် ဖြစ်စေ၊ မြို့ပြဒေသအလိုက် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေး သပိတ်စစ်ကြောင်းများ၊ ပြောက်ကျားသပိတ်လှုပ်မှုများတွင် ဖြစ်စေ ကြီးမားသည့် စိန်ခေါ်မှုကိုယ်စီ ရှိနေကြပါသည်။ အထူးသဖြင့် အာဏာသိမ်းစစ်ကောင်စီ၏ ဖမ်းဆီးခြင်းခံရသည့် အမျိုးသမီးများတွင်လည်း ကာယကန္ဒြေပျက်ပြားအောင် ညှဉ်းပန်းနှိပ်စက်မှုများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ အဓမ္မပြုကျင့်ခံရမှုများကို အသက်သေဆုံးသည်အထိ ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ် ဖြစ်ရပ်ပေါင်းများစွာ ရှိနေပါသည်။

ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်မြို့နယ် အာလွှယ် (Aklui) ရွာတွင် အသက် ၂၇ နှစ်အရွယ် မိဖွားစအမျိုးသမီးတစ်ဦးကို စစ်ကောင်စီတပ်သားသုံးဦးက ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၁ ရက် ညနေပိုင်းတွင် အဓမ္မပြုကျင့်ခဲ့သည်။ ဖြစ်စဉ်တွင် အမျိုးသမီး၏ ခင်ပွန်းဖြစ်သူအား သေနတ်ဖြင့်တော့ချိန်ကာ ရေချိုးခန်းအတွင်း ဝပ်ခိုင်းပြီး ခင်ပွန်းဖြစ်သူ၏ရှေ့တွင်ပင် အမျိုးသမီးအား အဓမ္မပြုကျင့်ခဲ့ခြင်းဖြစ်ကြောင်း ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) ဒါရိုက်တာသင်းယုမွန်က ပြောပါသည်။

မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ထယ်လော့ရွာမှ သားအဖနှစ်ဦးကို ၂၀၂၂ ခုနှစ် ဧပြီလ ၄ ရက်တွင် စစ်ကောင်စီတပ်သားများက ဖမ်းဆီးပြီး အသက် ၁၄ နှစ်အရွယ် သမီးဖြစ်သူကို မုဒိမ်းပြုကျင့် သတ်ဖြတ်ခဲ့သကဲ့သို့ ဖခင်ဖြစ်သူကိုလည်း သတ်ဖြတ်သွားခဲ့သည်။ စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ် ကျော်ရွာတွင်လည်း ၂၀၂၂ ခုနှစ် မတ်လ ၂၇ ရက်တွင် စစ်ကောင်စီတပ်သားများ၏ အကြိမ်ကြိမ် အဓမ္မပြုကျင့်ခံခဲ့ရသည့် အမျိုးသမီးနှစ်ဦး ကိုယ်တိုင်ဆွဲကြိုးချ အဆုံးစီရင်သွားခဲ့ကြောင်း မင်းကင်းမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦးက ပြောဆိုထားသည်။ ကျော်ရွာတွင် မိမိကိုယ်ကိုယ်သတ်သေခဲ့သည့် အမျိုးသမီးနှစ်ဦး အပါအဝင် အရပ်သားပြည်သူ ငါးဦးထက်မနည်း ရှိနေသည်ဟု ဆိုပါသည်။

မန္တလေးအိုးဘိုအကျဉ်းထောင်အတွင်း နိုင်ငံရေးကြောင့် ဖမ်းဆီးခံထားရသည့် ဗကသ အဖွဲ့ဝင်တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့သည် စစ်ကောင်စီတပ်၏ စစ်ကြောရေးစခန်းတွင် အဓမ္မပြုကျင့်ခံရကာ ထောင်တွင်း တိုက်ပိတ်ခံထားရကြောင်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ) က ထုတ်ပြန်ခဲ့သည်။

ဆိုခဲ့ပါ ဖြစ်စဉ် ဖြစ်ရပ်များသည် အာဏာသိမ်းစစ်ကောင်စီတပ်၏ ယုတ်ညံ့သော လုပ်ရပ်များထဲမှ အချို့သာ ဖြစ်သည်ဟု ဆိုရပါမည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အာဏာသိမ်းကောင်စီတပ်၏ ကျေးရွာအလိုက် မီးရှို့

ဖျက်ဆီးမှုများ၊ အစုလိုက်အပြုံလိုက် မီးရှို့သတ်ဖြတ်မှုဖြစ်စဉ်များ၊ တိုက်ပွဲကြောင့် ဖြစ်ပေါ်လာသော စစ်ဘေးရှောင်ပြည်သူများ စသည့် ဖြစ်စဉ်ဖြစ်ရပ်များတိုင်းတွင် အမျိုးသမီးများအပေါ် မည်မျှ ရိုက်ခတ်မှု၊ သက်ရောက်မှုရှိမလဲဆိုသည်က တွက်ဆရန်ခက်ခဲပါသည်။ ထို့ကြောင့် စစ်အာဏာသိမ်းကာလသို့မဟုတ် နွေဦးတော်လှန်ရေးကာလအတွင်း ပါဝင်လှုပ်ရှားလျက်ရှိသော အမျိုးသမီးများ၏ စိန်ခေါ်မှုသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ အမျိုးသမီးများ၏ စိန်ခေါ်မှုနည်းတူ ကြီးမားကျယ်ပြန့်လှပါသည်။



## အမျိုးသမီးများ ပါဝင်လာခြင်း၏ အားသာချက်

နွေဦးတော်လှန်ရေးကာလအတွင်း ပါဝင်သော အမျိုးသမီးများ၏ ဦးတည်ချက်သည် စစ်အာဏာရှင်နှင့်အတူ အာဏာရှင်မှန်သမျှ အမြစ်ပြုတ်ချေမှုန်းရေးအပြင် ဖိုဝါဒကြီးစိုးမှု တိုက်ဖျက်ရေးသည်လည်း ဦးစားပေး အစီအစဉ်များထဲတွင် ပါဝင်နေပါသည်။ ထို့ကြောင့် စစ်အာဏာရှင်စနစ်တစ်ခုတည်းကို ဦးတည်တိုက်ပွဲဝင်နေကြသော အစုအဖွဲ့များထက် ပိုမိုခက်ခဲကြမ်းတမ်းသည်ဟု ဆိုရပါမည်။ ပို၍ ဆိုးသည်က တိုင်းပြည်အာဏာ ပြန်ရရေးကိုသာ ဦးစားပေးနေသည့် အုပ်စုများ

ထက် အဆပေါင်းများစွာ ခက်ခဲကြမ်းတမ်းပေလိမ့်မည်။ သို့သော် နွေဦးတော်လှန်ရေးတွင် အမျိုးသမီးများ အားတက်သရော ပါဝင်လာခြင်းသည် တော်လှန်ရေး၏ အရှိန်အဟုန်ကို ပိုမိုပြင်းထန်စေသည်ဟု ဆိုရပါမည်။

"ပထမဦးဆုံး အသက်ပေးခဲ့တဲ့ မြသွဲ့သွဲ့ခိုင်၊ မကျားရှိန္နဲ့ ဒီအာဏာရှင်ကို ဒူးမထောက်ဘဲနဲ့ တိုက်ပေါ်ကနေခုန်ချပြီးတော့ သတ်သေပြသွားတဲ့ မပန်းသီး၊ သူတို့ရဲ့ ပေးဆပ်မှုတွေက လူ့အဖွဲ့အစည်းကိုထိခိုက်စေတယ်၊ ထိရှစေတယ်။ ရှင်းလင်းတဲ့ အမြင်တစ်ခုကို ပြန်ပေါ်စေတယ်"ဟု ရန်ကုန် မြို့ပြ ပြောက်ကျားသပိတ်လှုပ်ရှားမှုများတွင် ပါဝင်နေသူ မဆူဇံနွေးက ပြောပါသည်။ အမျိုးသမီးများ၏ စွန့်လွှတ်စွန့်စားမှု၊ ရဲရင့်မှု၊ ပေးဆပ်အနစ်နာခံမှုများကို အဆိုပါ ဖြစ်စဉ် ဖြစ်ရပ်များက သက်သေထူလျက် ရှိသည်။ ဤသည်ပင် နွေဦးတော်လှန်ရေးအတွင်း အမျိုးသမီးပါဝင်မှု၏ အားသာချက်တစ်ခုဟု ဆိုနိုင်ပါသည်။

ကချင်ပြည်နယ်မှ စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်နေသူ ဘောက်ဆိုင်းကတော့ အမျိုးသမီးများကို အားနွဲ့သူများအဖြစ် သတ်မှတ်ကာ ခွဲခြားဆက်ဆံခဲ့ကြသူများ ကိုယ်တိုင်အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းကို မြင်တွေ့သိရှိသွားကြသည်။ သို့သော်လည်း အဆိုပါ အမျိုးသမီးများ ဖမ်းဆီးခံရပါက အမျိုးသားများနည်းတူ နှိပ်စက်ညှဉ်းဆဲခံရတာအပြင်လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ ကြုံတွေ့ရနိုင်သည့် အားနည်းချက်တစ်ခုတော့ ကပ်ပါနေသည်ဟု ရှုမြင်ပါသည်။

နွေဦးတော်လှန်ရေးအတွင်း အမျိုးသမီးများသည် အမျိုးသားများနည်းတူ ခုခံတော်လှန်စစ်၏ ကျရာနိုင်ရာ တာဝန်ကိုယ်စီ ရယူဆောင်ရွက်လျက် ရှိပါသည်။ အမျိုးသားများ ရှေ့တန်းစစ်မြေပြင်တွင် အာဏာသိမ်း စစ်ကောင်စီတပ်များအား ခုခံတော်လှန်နေကြစဉ် နောက်ပိုင်းမှ ထောက်ပို့လုပ်ငန်းများ၊ သပိတ်စစ်ကြောင်းများ စသဖြင့် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။ CDM လှုပ်ရှားမှု၊ လူထုသပိတ်တိုက်ပွဲများအပါအဝင် 'စစ်တပ်ထုတ်ကုန် မသုံးစွဲ' ဆိုသည့် ဘူးသပိတ်လှုပ်ရှားမှုများ စသဖြင့် စစ်တပ်ထောက်တိုင်များ ဖြိုချသည့် နေရာတွင်လည်း အမျိုးသမီးများ၏ ပါဝင်မှု အခန်းကဏ္ဍသည် များစွာအရေးပါသည်ဟု မုံရွာတက္ကသိုလ်ကျောင်းသားများသမဂ္ဂအဖွဲ့မှ မြို့ပြသပိတ်လှုပ်ရှားမှုတွင် ဦးဆောင် ပါဝင်နေသူ မချောစုစံက သုံးသပ်ပါသည်။ နွေဦးတော်လှန်ရေးကာလအတွင်း အမျိုးသမီးများ ပါဝင်မှု၏ အားသာချက်ကို မချောစုစံက ယခုလိုလည်း ဥပမာ ပေးပါသည်။

"ဥပမာ - ငါတို့ထဘီ ငါတို့အလံ ငါတို့အောင်ပွဲဆိုတဲ့သပိတ်မှာ စစ်ကောင်စီဘက်ကအမျိုးသမီးတွေကို ကြောက်နေတဲ့ပုံစံမျိုးမှာရှိတယ်။ အမျိုးသမီးတွေရဲ့ လုပ်ဆောင်နိုင်စွမ်းအပေါ်မှာ ကြောက်ရွံ့တာမျိုးတွေရှိတယ်။ သပိတ်တွေမှာ အမျိုးသမီးထဘီတွေကို လွှင့်ထူပြီး ပါဝင်တာရှိသလို တောတွင်း စစ်မြေပြင်မှာလည်း အမျိုးသမီးတွေက အမျိုးသားတွေနဲ့ ရင်ပေါင်တန်းနိုင်တယ်။ လူအချင်းချင်း အပြန်အလှန်အလေးအထားမှု အတွေးအခေါ်တွေက ပြည်သူကြားထဲမှာ ဖြစ်ပေါ်လာတယ်"

အမျိုးသမီးစစ်သည်တော်တပ်ရင်း (မြောင်)မှ အမ်မရာကတော့ နွေဦးတော်လှန်ရေးတွင်

အမျိုးသမီးများ ပါဝင်လာသည့်အတွက် အားသာချက်အဖြစ် လုပ်ငန်းဆောင်ရွက်ချက်တိုင်းတွင် အမျိုးသားများထက် အစီအစဉ်ချမှတ်သည့် အပိုင်းများတွင် ပိုမိုအားကောင်းစေသည်ဟု ဆိုပါသည်။ မြောင်မြို့ နယ်အတွင်း အာဏာသိမ်းစစ်ကောင်စီတပ်၏ လမ်းကြောင်းများအား အမျိုးသမီးများ ဦးဆောင်ကာ ချိတ်ဆက် စုံစမ်းရာတွင်လည်း အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုသည် အားကောင်း သည်ဟု ဆိုပါ သည်။ ထို့ပြင် စစ်လက်နက်ထုတ်လုပ်ရေးအပိုင်း၊ အထူးသဖြင့် မြောင်ဒေသအတွင်း မိုင်း ထုတ်လုပ်မှုတွင်လည်း အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုသည် အခရာကျသည်ဟု အမ်မရာက ပြောပြပါသည်။ သူတို့ ထုတ်လုပ်သည့် မိုင်းနှင့်ပတ်သက်ပြီးလည်း သူက ယခုလို ပြောပါသည်။

"ဒီမိုင်းရဲ့ အကျိုးသက်ရောက်မှုက ဘယ်လိုမျိုးလဲဆိုတော့ ဒီမိုင်းစစ်ဆင်ရေး လုပ်လိုက်ပြီဟေ့ ဆိုရင် စကစ အကြမ်းဖက်သမားတွေရဲ့လမ်းကြောင်းကိုလည်း ဖြတ်တောက်ရာ ရောက်တယ်။ ဒီမိုင်းကို အသုံးပြုခြင်းအားဖြင့် စကစ အကြမ်းဖက်သမားတွေကို အလွယ်တကူ ချေမှုန်းနိုင်တယ်။ တော်လှန်ရေးအင်အားစုတွေအနေနဲ့ကတော့ အန္တရာယ်ကင်းဘေးရှင်းနိုင်တယ်။ ဆိုတော့ ကိုယ့်အတွက် အန္တရာယ်နည်းပြီး ရန်သူကို အန္တရာယ်ကျရောက်လာနိုင်ဖို့အတွက်ဆိုရင် အမ်မရာတို့ တစ်တွေရဲ့ ဒီမိုင်းစစ်ဆင်ရေးက ပိုပြီးထိရောက်တယ်လို့ ယူဆထားတယ်"

အမျိုးသမီးများသည် ယေဘုယျအားဖြင့် နူးညံ့သည့် နှလုံးသားပိုင်ရှင်များ ဖြစ်ကြသည်။ သို့သော် အကြမ်းနည်းဖြင့် လုပ်ကိုင်ဆောင်ရွက်ရသည့် လက်နက်ကိုင်တော်လှန်ရေးအတွင်း အမျိုးသမီးများပါဝင်လာခြင်းသည် ညှိနှိုင်းဆွေးနွေးလုပ်ကိုင်နိုင်သည့် အခြေအနေများကို ဖြစ်ပေါ်စေနိုင်ကြောင်း ရခိုင်ရှေ့ဆောင်အမျိုးသမီးအဖွဲ့ (RWIO) ဥက္ကဋ္ဌစောစံငြိမ်းသူကယူဆပါသည်။ "အမျိုးသမီးတွေကပိုပြီး အသေးစိတ်ကျတယ်။ အခြေခံအကြောင်းတရားတွေကို အမျိုးသမီးတွေကပဲ ပိုပြီးဆွေးနွေးနိုင်တယ်" ဟု သူက ဆိုပါသည်။

ABSDF မှ အမျိုးသမီးခေါင်းဆောင်တစ်ဦးဖြစ်သူ မိဆူးပွင့်ကတော့ နွေဦးတော်လှန်ရေး အတွင်း အမျိုးသမီးများ ပါဝင်လာခြင်းသည် တော်လှန်ရေးလှုပ်ရှားမှုများကို ပိုမိုအားကောင်းစေပြီး ပိုမိုတက်ကြွ စေသည်ဟုသုံးသပ်ပါသည်။ ထို့အပြင် ပြည်သူလူထုနှင့် နိုင်ငံတကာ အသိုက်အဝန်း၏ အားပေး ထောက်ခံမှု၊ စာနာထောက်ထားမှုများလည်း ပိုမိုရရှိစေသည်ဟု ဆိုပါသည်။ "စည်းရုံးရေးမှာ အမြင့်ဆုံး၊ အားအကောင်းဆုံးဖြစ်မယ်" ဟု မိဆူးပွင့်က ယုံကြည်ထားပါသည်။

နွေဦးတော်လှန်ရေးတွင် အမျိုးသမီးများ ပါဝင်လာခြင်းကြောင့် သူတို့၏ ကျရာအခန်းကဏ္ဍ တိုင်းတွင် အသေးစိတ်ကအစ ထောင့်စေ့အောင် စီမံခန့်ခွဲနိုင်မည့်အပြင် နိုင်ငံရေးအရ တွေးခေါ် မြော်မြင်မှုအပိုင်းတွင်လည်း အားလုံးပါဝင်သည့် စုပေါင်းတွေးခေါ် ကြံဆလေ့ရှိသည့်အတွက် တော်လှန်ရေးတွင် အားဖြစ်စေပါသည်။ ထို့အပြင် တော်လှန်ရေး၏ ထောက်တိုင်များကိုလည်း ဟန်ချက်ညီစေသည်ဟု ဆိုရပါလိမ့်မည်။



## မြို့ပြကျေးလက် သပိတ်လှုပ်ရှားမှုနှင့် လက်နက်ကိုင်လမ်းစဉ် ဘာကွဲသလဲ

စစ်အာဏာသိမ်းမှုကို အကြမ်းမဖက်ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြသည့် အမျိုးသမီးများ အပါအဝင် ပြည်သူလူထုကြီးသည် အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးများ၏ အကြမ်းဖက်ဖြိုခွင်းမှု၊ ဖမ်းဆီး ညှဉ်းပန်းနှိပ်စက်မှု၊ အများပြည်သူရှေ့မှောက်တွင် ရက်စက်စွာ သတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကြောင့်သာ ရရာလက်နက်စွဲကိုင်ကာ ခုခံတော်လှန်ခဲ့ရသည့်လက်နက်ကိုင်လမ်းစဉ်များ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြစ်တည်လာရခြင်းဖြစ်သည်။ ရန်ကုန်နှင့်မန္တလေးကဲ့သို့ မြို့ကြီးများရှိ လမ်းမများပေါ်တွင် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ကြသော သပိတ်စစ်ကြောင်းများက အရှိန်ပြင်းမောင်းနှင်လာသည့် ကားဖြင့်တိုက်ကာ ဖြိုခွင်းသည့်လုပ်ရပ်သည် မြန်မာပြည်သူလူထုအတွင်းတွင်သာမက ကမ္ဘာ့လူ့အသိုက် အဝန်းအတွင်းထိပါ အံ့သြတုန်လှုပ်ဖွယ် ဖြစ်ခဲ့ရပါသည်။

မိမိတို့ BNI - Myanmar Peace Monitor ၏ သတင်းထောက်များမှတစ်ဆင့် စာတမ်းအတွက် သီးသန့်တွေ့ဆုံမေးမြန်းထားသော ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်အမျိုးသမီးများ၊သပိတ်လှုပ်ရှားမှုများတွင်ပါဝင်နေသော အမျိုးသမီးဦးဆောင်သူများ၊ အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နေကြသော အမျိုးသမီးများ၏ အဆိုအရတော့ အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်စစ်ဖြင့် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ရခြင်းသည် မလွှဲသာမရှောင်သာသည့်အတွက် ရွေးချယ်ခဲ့ရခြင်းဖြစ်သည်ဟု ဆိုကြပါသည်။

"လူထုသပိတ်တိုက်ပွဲနဲ့ စခဲ့တဲ့ ပေါ်ဒီတော်လှန်ရေးဟာဆိုရင် ဒီအတိုင်းတိုက်လို့ မရဘူး ဆိုတာကို ကျွန်တော်တို့ နားလည်လာတယ်။ ရန်သူကလည်း တစ်ဖက်က လက်နက်မချဘူး။ ကျွန်တော်တို့ မဖြစ်သာဘဲနဲ့ လက်နက်ကိုင်တော်လှန်ရေးလမ်းကို ရွေးချယ်ခဲ့ရတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ဘယ်လိုစိတ်နဲ့ ရွေးချယ်ခဲ့တာလဲဆိုတဲ့ စကားစုတစ်ရပ်တော့ ရှိတယ်" ဟု မန္တလေးသပိတ်လှုပ်ရှားနေသူ အမျိုးသမီးမဟာမိတ်အင်အားစု (WAB)မှမအေးမြင့်အောင်အောင်က ရှင်းပြသည်။ လက်နက်ကိုင်ခြင်း၊ မကိုင်ခြင်းသည် အရေးပါသည့်အချက်ဟုမမြင်ဘဲ ဘာရည်ရွယ်ချက်ဖြင့် လက်နက်ကိုင်သလဲဆိုသည်က အခရာကျသည်ဟု သူက ဆိုပါသည်။

လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်သည် အကြမ်းမဖက် ငြိမ်းချမ်းစွာ ဆန္ဒဖော်နေကြသော လူထုသပိတ်တိုက်ပွဲလမ်းစဉ်ကဲ့သို့ နိုင်ငံတကာ၏ အသိအမှတ်ပြုမှု မရရှိနိုင်သည့်အတွက် စစ်သည်တော်ကျင့်ဝတ်များ၊ အထက် အောက် အမိန့်နာခံမှုရှိသည့် စစ်စည်းမျဉ်းစည်းကမ်းများ၊ ဂျနီဗာ ကွန်ဗင်းရှင်းပါ သဘောတူညီမှုများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ စစ်ကိုင်းတိုင်းကဲ့သို့ လူထု သပိတ်တိုက်ပွဲနှင့် လက်နက်ကိုင်တော်လှန်ရေးကို တွဲဆက်လုပ်ကိုင်လာခြင်းသည် နွေဦးတော်လှန်ရေးကို ပိုမိုအားကောင်းစေသည်ဟု မအေးမြင့်အောင်အောင်က ရှုမြင်ပါသည်။

> လက်နက်ကိုင်ခြင်း၊မကိုင်ခြင်းသည်အရေးပါသည့်အချက်မဟုတ်ဘဲဘာရည်ရွယ်ချက်ဖြင့်လက်နက်ကိုင်သလဲဆိုသည်ကအခရာကျသည်

ထိုအချက်သည် ကချင်ပြည်နယ်မှ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးလှုပ်ရှားနေသည့် တိုင်းရင်းသူ ဘောက်ဆိုင်း၏ အယူအဆနှင့်လည်း နီးစပ်ပါသည်။ သူ့အတွေ့အကြုံအရ ကချင်ပြည်နယ်တွင်လက်နက်ကိုင်တော်လှန်ရေးနှင့် လူထုသပိတ်တိုက်ပွဲကို ဒွန်တွဲဖော်ဆောင်ဖို့လိုအပ်သည်ဟု ဘောက်ဆိုင်းက ရှုမြင်ပါသည်။ ထို့အပြင် ပြည်သူလူထုအနေဖြင့်လည်း ဒို့အရေးဟု ဟစ်အောင်နေမည့်အစား စစ်ကောင်စီနှင့် အလွမ်းသင့်သည့် ထောက်တိုင်များ၊ အုပ်စုများအား Boycott လုပ်ဆောင်ခြင်းဖြင့် နွေဦးတော်လှန်ရေးအောင်မြင်သည်အထိ ပါဝင်ဆောင်ရွက်ကြဖို့ အရေးကြီးသည်ဟု ဆိုပါသည်။ ပထဝီဝင်အနေထားကို အခြေပြုကာ ဘောက်ဆိုင်းက ယခုလို ပြောဆိုထားပါသေးသည်။

"တိုင်းရင်းသားလက်နက်ကိုင်တွေရှိတဲ့ နေရာတွေမှာဆို လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်နဲ့ ပိုအားကိုးလို့ရမယ်လို့ မြင်တယ်။ ရန်ကုန်မြို့လို တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ ဝေးတဲ့နေရာတွေမှာကတော့ မြို့ပြတော်လှန်ရေးကို များများလုပ်ဆောင်ပြီး လူထုတော်လှန်ရေး မငြိမ်သက်သွားအောင် မြို့ပြ တော်လှန်ရေးကိုပဲ လုပ်နေသင့်တယ်လို့ မြင်တယ်"

ယခုအခါ စစ်ကိုင်းတိုင်း မုံရွာ၊ မြောင်၊ ယင်းမာပင်ကဲ့သို့သော မြို့နယ်များအတွင်း စစ်အာဏာရှင် ဆန့်ကျင်ရေး သပိတ်စစ်ကြောင်းများအား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ ဝန်းရံချီတက်နေပြီ

ဖြစ်သည်။ ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက် နံနက်ပိုင်းကဆိုလျှင် မုံရွာဆန္ဒပြပွဲအတွက် လုံခြုံရေးရယူပေးသော ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ငါးဦးကို အာဏာသိမ်းစစ်ကောင်စီ လက်အောက်ခံ ပျူစောထီး အဖွဲ့က ဖမ်းဆီးသတ်ဖြတ်ခဲ့ပါသည်။

မြို့ပြကျေးလက်သပိတ်လှုပ်ရှားမှုနှင့် လက်နက်ကိုင်လမ်းစဉ်နှစ်ခုစလုံးသည် နွေဦးတော်လှန်ရေး၏ ဝိသေသများ ဖြစ်သကဲ့သို့ နှစ်ခုစလုံးသည် အသက်များ၊ ဘဝများ စတေးကာ ပါဝင်လှုပ်ရှားရသည့်အတွက် စွန့်လွှတ်စွန့်စားမှုကြီးမားသည်။ ပေးဆပ်မှု ကြီးမားသည်။ လမ်းစဉ်နှစ်ခုစလုံးသည် စစ်အာဏာရှင်စနစ် အမြစ်ပြတ်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ဦးတည် တိုက်ပွဲဝင်နေကြခြင်းဖြစ်သဖြင့် ဦးတည်ရာ ပန်းတိုင်တစ်ခုတည်းဟုဆိုရပါမည်။ နယ်မြေဒေသစိုးမိုးရေးအတွက် သပိတ်တိုက်ပွဲတစ်ခုတည်းဖြင့် မစိုးမိုးနိုင်သကဲ့သို့ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်တစ်ခုတည်းလည်း မအောင်မြင်နိုင်ကြောင်း စစ်ကိုင်းတိုင်း မုံရွာသပိတ်စစ်ကြောင်းမှ မချောစုစံက ဆိုပါသည်။

"ကိုယ်လိုချင်တဲ့ ဒီမိုကရေစီကို လက်နက်ကိုင်တိုက်ယူရသလို ကျွန်မတို့က မြေပြင်သပိတ်တွေကနေ တစ်ဖက်တစ်လမ်းက ပံ့ပိုးပေးနေတာ ဖြစ်တယ်။ သွားနေတဲ့ လမ်းစဉ်က မတူဘူးဆိုပေမယ့် ဒီနှစ်ခုက အချိတ်အဆက်မိမိနဲ့သွားနေတာဖြစ်တယ်။ လက်နက်ကိုင်တော်လှန်ရေးအတွက် ဘာတွေလိုအပ်လဲ၊ ဘယ်လို ပါဝင်ရလဲဆိုတာက ကျွန်မတို့က မြေပြင်သပိတ်တိုက်ပွဲကနေ သတင်းစကားပါးရတယ်။ ... ဒီနှစ်ခု ချိတ်ဆက်နိုင်မှသာလျှင် လွတ်မြောက်နယ်မြေကို ဖန်တီးလို့ရမှာ" ဟု သူကနားလည်ထားပါသည်။

ကရင်နီအမျိုးသားကာကွယ်ရေးတပ် (KNDF)မှ ဟယ်လာရီကတော့ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်သည် စစ်အာဏာရှင် အမြစ်ပြတ်ချေမှုန်းဖို့နှင့် အာဏာရှင်စနစ်ကြီး ချုပ်ငြိမ်းဖို့အတွက် မြန်ဆန်စွာ ခရီးပေါက်နိုင်မည်ဟု ယူဆထားပါသည်။ "ဘယ်နည်းလမ်းပဲသုံးသုံး ကျွန်တော်တို့ရဲ့ ဘုံရန်သူက ဒီစစ်အာဏာရှင်ပဲ။ ဘုံခရီးကဖက်ဒရယ်ဒီမိုကရေစီ ပေါ်ပေါက်ရေးပဲ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့တွေတူတာကို စလုပ်၊ မတူတာကိုခွဲလုပ်ပြီးတော့ ဒီအာဏာရှင်ဆိုတဲ့ စနစ်ကြီးကို ဘယ်လိုနည်းလမ်းနဲ့ပဲ တော်လှန်တော်လှန်၊ ဒီအာဏာရှင်ဆိုတဲ့ ကုလားထိုင်ကြီးကို တုန်လှုပ်သွားစေဖို့ မြို့ပြ၊ ကျေးလက်မကျန်၊ လက်နက်ကိုင်သူမကျန် ဒါတွေက အမြဲတမ်း ထုတ်ဖော်ရမယ့်နည်းလမ်းပဲ" ဟု ဟယ်လာရီက ပြောပါသည်။

မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) တွဲဖက်အထွေထွေအတွင်းရေးမှူး - ၁ မဇူဇူးကတော့ မြို့ပြကျေးလက်သပိတ် လှုပ်ရှားမှုနှင့် လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ် နှစ်ခုစလုံးသည် နွေဦးတော်လှန်ရေး၏ အဆင့်အလိုက် ဖြစ်တည်ပြောင်းလဲလာသော နည်းလမ်းများသာ ဖြစ်သည်ဟု ရှုမြင်ပါသည်။ ထို့ကြောင့် မြို့ပြကျေးလက်သပိတ်လှုပ်ရှားမှုများ ဆက်ရှိနေဖို့လိုအပ်သကဲ့သို့ လက်နက်ကိုင် တော်လှန်ရေးသည်လည်း မိမိလူထု၊ မိမိမြို့ရွာကာကွယ်နိုင်ဖို့အတွက်၊ ခုခံနိုင်ဖို့အတွက် ဆက်

လက်လိုအပ်နေမည်ဟု သုံးသပ်ပြသည်။ မဇူဇူးက ယခုလိုလည်း ပြောဆိုပါသည်။

"ဒီစစ်ကောင်စီက ကျွန်မတို့ကို မအုပ်ချုပ်နိုင်ဘူး၊ "ငါတို့ကို မအုပ်ချုပ်နိုင်ဘူး၊ နင်တို့ရဲ့ အမိန့်တွေကို ငါတို့က ဖီဆန်နေတယ်" ဆိုတဲ့ဟာမျိုးကို ပြဖို့ကလည်း ဒီသပိတ်လှုပ်ရှားမှုတွေက လိုအပ်တယ်၊ သပိတ်ဆိုရင် ကျွန်မတို့ လမ်းပေါ်ထွက်တာလည်း ဖြစ်နိုင်တယ်၊ သူတို့ရဲ့အမိန့်ကို မနာခံခြင်းအားဖြင့် အိမ်ထဲမှာနေပြီး သပိတ်မှောက်တာ၊ ကျောင်းမတက်တာ၊ အခွန်မပေးတာ ဒါတွေအားလုံးက အကျုံးဝင်နေတဲ့အခါကျတော့ ဒါက ဘယ်လိုပဲဖြစ်ဖြစ် လိုအပ်တဲ့ လုပ်ကိုလုပ်ရမယ့် လှုပ်ရှားမှုတွေ ဖြစ်တယ်"

မည်သည့်လမ်းစဉ်သည် ပိုမိုကောင်းမွန်သည်ဟု မဆိုသာသော်လည်း နွေဦးတော်လှန်ရေး၏ ဝိသေသနှစ်ခုဖြစ်သည့် လူထုသပိတ်လှုပ်ရှားမှုလမ်းစဉ်နှင့် လက်နက်ကိုင်ခုခံတော်လှန်ရေးလမ်းစဉ် နှစ်ခုစလုံးသည် မြန်မာ့နွေဦးတော်လှန်ရေး၏ အသက်သွေးကြောများ ဖြစ်နေသည်ကတော့ သံသယပွားဖွယ်မရှိဟု ဆိုရပါမည်။






## ခုခံတော်လှန်စစ်နှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ

နွေဦးတော်လှန်ရေးကို အမှီသဟဲပြုကာ အမျိုးသမီးများ၏ ကျား-မတန်းတူအခွင့်အရေးကိစ္စရပ်များကိုဖော်ဆောင်နေသည့်အမျိုးသမီးများသည် အမျိုးသားများနည်းတူ ခုခံတော်လှန်စစ်ဆင်နွှဲသည့်အခါတွင်လည်း မိမိတို့၏ ပူးပေါင်းပါဝင်မှုအားဖြင့် မိမိတို့၏လုပ်နိုင်စွမ်းရည်ကို မိမိတို့ကိုယ်တိုင် မြှင့်တင်နေရသည်ဟု အမျိုးသမီးစစ်သည်တော်တပ်ရင်း (မြောင်) မှ အမ်မရာက ပြောပါသည်။

"ဒီ နွေဦးတော်လှန်ရေး အောင်မြင်တာနဲ့ တစ်ပြိုင်နက်တည်း ကျား - မ တန်းတူအခွင့်အရေးရဖို့ကိစ္စရပ်တွေကလည်း တစ်ပါတည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်လိမ့်မယ်" ဟု အမ်မရာက ယုံကြည်ထားပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ ဗဟိုဦးဆောင်ကော်မတီဝင် မိဆူးပွင့်ကတော့ တိုက်ခိုက်ရေးဘက်တွင် စိတ်အားထက်သန်သည့် အမျိုးသမီးများအနေဖြင့် တပ်မှူးကောင်းများဖြစ်သည်အထိ ရည်မှန်းကာ ကြိုးစားသင့်ကြောင်းအကြံပြုပါသည်။ နွေဦးတော်လှန်ရေးတွင်ပါဝင်သော အမျိုးသမီးလူငယ်များ၏ စွမ်းဆောင်နိုင်အားသည် ထက်မြက်ကောင်းမွန်ပြီး ခွန်အားလည်းအပြည့်ရှိသည်ဟု သူကရှုမြင်သည်။ "ကိုယ် ဘာအတွက် တိုက်နေသလဲ၊

ကိုယ် ဘယ်အထိလိုက်ပါမလဲ၊ ရှင်းရှင်းလင်းလင်းရှိထားမယ်ဆိုရင် အောင်ပွဲရောက်တဲ့အချိန် အမျိုးသမီး ခေါင်းဆောင်ကောင်းတွေ အများကြီးတွေ့မြင်ရမယ်လို့ မျှော်လင့်ထားပါတယ်" ဟု မိဆူးပွင့်က ဆိုပါသည်။

ယခုအခါ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တောင်တန်းမြေပြန့်အလိုက် ခုခံတော်လှန်စစ်ဆင်နွှဲနေကြသော မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF) ပေါင်း ၄၀၀ ကျော်အထိရှိနေကြောင်း NUG ကာကွယ်ရေးဝန်ကြီး၏ ပြောဆိုချက်အရသိရပါသည်။ ထို့အပြင် NUGကာကွယ်ရေးဌာနအနေဖြင့်လည်း ပြည်သူ့ကာကွယ်ရေးတပ်ရင်းပေါင်း ၂၅၉ ခုအထိ တည်ထောင်ထားပြီး မြို့နယ်ပေါင်း ၂၅၀ကျော်တွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့(ပကဖ) များ ဖွဲ့စည်းထားပြီဟု ဆိုပါသည်။ အဆိုပါ PDF များ၊ တပ်ရင်းများ၊ ပကဖများအတွင်း အမျိုးသမီးစစ်သည်တော်ပါဝင်မှုကို ခန့်မှန်းတွက်ဆနိုင်ခြင်းမရှိသော်လည်း အမျိုးသမီးများ၏ ခုခံတော်လှန်စစ်အတွင်း ပါဝင်မှုကတော့ အနည်းနှင့် အများ ရှိနေပါလိမ့်မည်။

စစ်ကိုင်းတိုင်းအတွင်း အမျိုးသမီးစစ်သည်တော်တပ်ရင်း (မြောင်)တွင် အင်အား ၅၀၀ ကျော်ရှိသည်။ စစ်ကိုင်းတိုင်း အခြေစိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တစ်ခုဖြစ်သည့် Myanmar Defense Force (MDF - Special Force) တွင် အမျိုးသမီးကွန်မန်ဒိုစုဖွဲ့မှု တစ်ခုရှိသည်။ ကရင်နီ (ကယား) ပြည်နယ် ဒီမောဆိုမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွင် အမျိုးသမီးစစ်သည်အင်အား ၇၀၀ ခန့်ရှိသည်။

ကလေးမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ တပ်ရင်း ၇ တွင် ဆေးတပ်သားအဖြစ် တာဝန်ထမ်းနေသည့် အသက် ၂၅ နှစ်အရွယ် မသန္တာလင်းဆိုလျှင် ကလေးမြို့သူ ကျောင်းဆရာမတစ်ဦးဖြစ်သည်။ စစ်တပ်အာဏာသိမ်းပြီးနောက် စစ်အာဏာရှင်၏ မတရားဖိနှိပ်မှုများကို လုံးဝ လက်မခံနိုင်သည့်အတွက် အနာဂတ်ရည်မှန်းချက်များကို စွန့်လွှတ်ကာ ကျရာနေရာက ဆန့်ကျင်တွန်းလှန်နေကြသည့် လူငယ်လူရွယ်များထဲမှတစ်ဦး ဖြစ်သည်။

"တော်လှန်ရေးမှာ အများကြီး အသက်တွေ သွေးတွေ ချွေးတွေ ပေးဆပ်ခဲ့ရတယ်။ ကိုယ်လည်း ဘယ်နေ့ဘယ်အချိန် ပေးဆပ်ရမယ်ဆိုတာမသိဘူး။ အိမ်ကို ကိုယ့်အသက်နဲ့ ပြန်သွားရမလားဆိုတာလည်း မျှော်မှန်းထားလို့မရဘူး။ ခြေကျိုးလက်ကျိုးနဲ့လည်း ပြန်ရင်ပြန်ရနိုင်တယ်။ အသက်မပါဘဲနဲ့လည်း တိုက်ပွဲမှာကျသွားနိုင်တယ်။ ဒါပေမဲ့ ကျွန်တော်တို့မနိုင်မချင်း နောက်ပြန်မလှည့်ဘူး။ မနိုင်မချင်း အိမ်မပြန်ဘူး" ဟု မသန္တာလင်းက စိတ်ပိုင်းဖြတ်ထားပါသည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် ၁၁ မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာဆိုလျှင်လည်း စစ်အာဏာသိမ်းသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ စည်ပင်ဧည့်ရိပ်သာ၌ အခြားသော လွှတ်တော်ကိုယ်စားလှယ် ၄၀၀ ကျော်နှင့်အတူ အာဏာသိမ်းစစ်တပ်နှင့် ရဲများ၏ ဝိုင်းဝန်းပိတ်ဆို့ခြင်းကို ခံခဲ့ရပါသည်။ သူမ၏ မဲဆန္ဒနယ်ဖြစ်သော

ဘီးလင်းမြို့နယ်သို့ ပြန်ရောက်ချိန်တွင်တော့ စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများအား ဦးဆောင်ခဲ့သည့်အတွက် ပုဒ်မ - ၅၀၅ ထုတ်ကာ အာဏာသိမ်းစစ်အုပ်စု၏ လိုက်လံဖမ်းဆီးခြင်းကို ရင်ဆိုင်ခဲ့ရပါသည်။ ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ နယ်မြေအတွင်း ရောက်ရှိနေသည့် ဒေါ်သီရိရတနာအနေဖြင့် "အသက်အန္တရာယ်နဲ့ ကြုံတွေ့ခဲ့ရပေမယ့် ပြည်သူတွေအတွက် မပြီးဆုံးသေးတဲ့တာဝန်တွေကို ဆက်ထမ်းဆောင်ချင်တာကြောင့် တော်လှန်ရေး ဆက်လုပ်သွားမယ်" ဟု ဆိုပါသည်။

လွတ်မြောက်နယ်မြေတစ်ခုတွင် ၄၅ ရက်ကြာ စစ်သင်တန်းတက်ရောက်ခဲ့သည့် မဒါလီဆိုလျှင် စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရရှိထားသူဖြစ်ပြီး Digital Marketing အဖြစ် လုပ်ငန်းခွင် ဝင်နေသူဖြစ်သည်။ ခန္ဓာကိုယ်သေးငယ်သည့်အတွက် စစ်သင်တန်းအတွင်း ကလေးစစ်သားဟု စ နောက်ခြင်းခံခဲ့ရသည့် မဒါလီသည် ယခုအခါအာဏာသိမ်းစစ်ကောင်စီတပ်များအား ခုခံတော်လှန်ရန် အဆင်သင့်ဖြစ်နေပြီဟု ဆိုပါသည်။

> ကိုယ်သေရမယ်ဆိုရင်တောင် သူတို့(စစ်ကောင်စီတပ်သား)တွေကို ဘယ်လောက်သတ်ပြီး သေသွားရမလဲပေါ့။

"ကိုယ့်ကိုယ်ကိုယ် သေမယ်လို့ပဲ တွေးထားလိုက်တာ၊ ဘာမှမလုပ်ဘဲ သေသွားမယ့်အစား ကိုယ်သေသွားမယ်ဆိုရင်တောင် ကိုယ့်ခန္ဓာကိုယ်မှာ ဗုံးတွေဘာတွေချိတ်ပြီးတော့ သူတို့(စစ်ကောင်စီတပ်သား)အနည်းဆုံး ငါးယောက်လောက်ကို ဆွဲခေါ်သွားနိုင်ရင်တောင် သေရကျိုးနပ်တယ်မလား။ ကိုယ်သေရမယ်ဆိုရင်တောင် သူတို့တွေ (စစ်ကောင်စီတပ်သား)ကို ဘယ်လောက်သတ်ပြီး သေသွားရမလဲပေါ့။ ဘာမှမဟုတ်ဘဲတော့ မသေချင်ဘူး၊ ကိုယ့်ကိုယ်ကိုယ်တော့ မနမြောပါဘူး၊ အဓိကက သူတို့ကိုပါ အပါခေါ်သွားဖို့ပဲ" ဟု မဒါလီက စိတ်ပိုင်းဖြတ်ထားပါသည်။

ယခုအခါ နွေဦးတော်လှန်ရေးကာလ ကြာမြင့်လာသည်နှင့်အတူ ခုခံတော်လှန်စစ်၏ အရှိန်အဟုန်သည်လည်း မြင့်တက်လာနေသည့်အတွက် အာဏာသိမ်းစစ်အုပ်စု၏ စစ်အင်အား၊ လက်နက်အင်အား အလုံးအရင်းအသုံးပြုကာ ထိုးစစ်ဆင်ဖြိုခွင်းမှုများကို တနိုင်ငံလုံးအတိုင်းအတာဖြင့် မြင်တွေ့နေရပြီဖြစ်သည်။ အထိနာနေသည့် အာဏာသိမ်းစစ်အုပ်စုသည် ကျေးရွာများအလိုက် မီးရှို့ဖျက်ဆီးခြင်း၊ အရပ်သားပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း စသည့် ယုတ်ညံ့သောလုပ်ရပ်များအပြင် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများကိုလည်း အဆင်အခြင်ကင်းမဲ့စွာ ပြုမူလုပ်ဆောင်လျက်ရှိပါသည်။

၂၀၂၂ခုနှစ် ဖေဖော်ဝါရီ၂၀ ရက်၊ နံနက်ပိုင်းအချိန် စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်ဒေသခံ ပြည်သူ့ကာကွယ်ရေး တပ်စခန်းတစ်ခုအား စစ်ကောင်စီတပ်များ ဝင်ရောက်စီးနင်းခဲ့သဖြင့် ဆေးတပ်သားရဲမေ ခုနစ်ဦး အပါအဝင် ၁၀ ဦး ဖမ်းဆီးခံခဲ့ရသည်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၆ ရက်ကလည်း ကလေးမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ တပ်ရင်း ၃ စခန်း စီးနင်းခံရပြီး ဆေးတပ်သားရဲမေ

ကိုးဦး ဖမ်းဆီးခံခဲ့ရပါသည်။ ဖမ်းဆီးခံရသူများ၏ နောက်ဆက်တွဲ သတင်းအချက်အလက်များ ကတော့ ယနေ့အချိန်ထိ ပျောက်ဆုံးနေဆဲဖြစ်ပါသည်။

နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်တွင် မြို့ပြကျေးလက်ဒေသအလိုက် သာမန်အမျိုးသမီး များ ပါဝင်လာသကဲ့သို့ ကလေးမြို့မှ တက္ကသိုလ်ကထိက ဒေါ်ရတီအုန်း၊ သီလရှင် ဒေါ်ဝရဉာဏီ တစ်ဖြစ်လဲ ခုခံတော်လှန်စစ်တွင် ပါဝင်လာသည့် ရှမ်း - ကရင်စပ် မနန်းဝင့်ဝါ စသော လူသိများသည့် အမျိုးသမီး စစ်သည်တော်များကို မြင်တွေ့ခဲ့ရပါသည်။ ထို့အပြင် စစ်လက်နက်အပြည့်အစုံ၊ ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ဝတ်စုံများဖြင့် မြင်တွေ့ရသည့် အလှမယ် ထားထက်ထက်၊ သရုပ်ဆောင် မြနှင်း ရည်လွင်တို့၏ ရုပ်ပုံများသည်လည်း နွေဦးတော်လှန်ရေးအတွင်း ထွက်ပေါ်လာပါသည်။

ခုခံတော်လှန်စစ်အတွက် ပြင်ဆင်ကြိုးပမ်းနေကြသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ စစ်ရေး လေ့ကျင့်မှုများ၊ စစ်သင်တန်းများအတွင်း အမျိုးသားများနည်းတူ လိုက်ပါဆောင်ရွက်နေကြသည့် အမျိုးသမီးများ၏ လေ့ကျင့်ရေးမြင်ကွင်းများသည် နွေဦးတော်လှန်ရေးအတွင်း လေးစားဂုဏ်ယူဖွယ် အမှတ်သရုပ်များအဖြစ် ထာဝရ ဖြစ်တည်နေပေလိမ့်မည်။ လေဒဏ်၊ မိုးဒဏ်နှင့် အာဏာသိမ်းစစ်အုပ်စု၏ လူသူအင်အား၊ စစ်လက်နက် အလွန်အကျွံအသုံးပြု ထိုးစစ်ဆင်မှုများကို ကြံ့ကြံ့ခံကာ ခက်ခဲကြမ်းတမ်းမှုပုံသဏ္ဍာန်မျိုးစုံကို အမျိုးသားများနည်းတူ အမျိုးသမီးစစ်သည်တော်များလည်း ရှန်းကန်ဖြတ်သန်းနေကြရပါသည်။

"အမျိုးသမီးတွေရဲ့ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကတော့ ကျွန်မတို့သမိုင်းမှတ်တမ်းတင်ကို တင်ထားရမယ်၊ အသိအမှတ်ပြုကို ပြုရမယ့် လှုပ်ရှားမှုတစ်ခု ဖြစ်တယ်" ဟု BWU တွဲဖက် အထွေထွေ အတွင်းရေးမှူး - ၁ မရှုရှားက ဆိုပါသည်။






## အမျိုးသမီးစစ်သည်တော်များ၏ ကိုယ်တွေ့မှတ်တမ်း

ခုခံတော်လှန်စစ်အတွက် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ရသည့် အကြောင်းအရင်းနှင့် ပတ်သက်ပြီး ကရင်အမျိုးသားအစည်းအရုံး(KNU)ထိန်းချုပ်နယ်မြေအတွင်းမှ PDFအမျိုးသမီးစစ်သည် နန်းထက်ထက်က “ခေတ်အဆက်ဆက်မှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကိုယ်လိုချင်တာကို တောင်းခဲ့တာ လည်း တစ်ခါမှမရခဲ့ဘူး။ အခုဆိုရင် ကိုယ့်မျက်စိရှေ့တင်ပဲ အမျိုးသမီးတွေကို သတ်ဖြတ်ခဲ့တာတွေ ကိုယ်နဲ့ ပါလာတဲ့ သူငယ်ချင်းတွေကို ပစ်သတ်ခဲ့တာတွေ စစ်ကောင်စီဘက်ကပြောသလို သူတို့က ခဲနဲ့ပစ်လို့ ပြန်ပစ်ရတာပါဆိုပြီး ပထမဦးဆုံး မြသွဲ့သွဲ့ခိုင် သေသလိုမျိုးပဲ ငြိမ်းချမ်းစွာ ဆန္ဒပြတာကို ခဲနဲ့ပစ်လို့ ပြန်ပစ်ရတာဆိုတော့ ကျွန်မတို့ မဖြစ်မနေရွေးချယ်ရမယ့်လမ်းက ဒီလက်နက်ကိုင် လမ်းစဉ်ပဲ ကျန်တော့တယ်။ မေတ္တာထားလို့မရတဲ့သူကို မေတ္တာပြလို့မရတော့ လက်နက်ကိုင်လမ်း စဉ်ကို ရွေးချယ်ဖြစ်ခဲ့တာပဲဖြစ်တယ်” ဟု ဆိုပါသည်။

“စစ်သွေးကြွနေလို့ လက်နက်ကိုင်တာကို ရွေးချယ်ခဲ့တာ မဟုတ်ပါဘူး” ဟု နန်းထက်ထက်က ပြောပြသည်။

စစ်အာဏာသိမ်းကာလအတွင်း မြို့နယ်အတွင်းရှိ ကျေးရွာများအား တစ်ရွာဝင်တစ်ရွာထွက် လှည့်လည်သောင်းကျန်းနေကြသည့် အာဏာသိမ်းစစ်ကောင်စီတပ်သားများ၏ အပြစ်မဲ့ ပြည်သူများ အပေါ် ဖမ်းဆီးသတ်ဖြတ်မှုများ၊ အိုးအိမ်များဖျက်ဆီးမီးရှို့မှုများ၊ အရပ်သားပြည်သူပိုင်ပစ္စည်းများအား လုယူခိုးဝှက်ခြင်း စသည့် ရာဇဝတ်မှုမျိုးစုံကို နီးစပ်စွာ မြင်တွေ့နေရသည်က စစ်ကိုင်းတိုင်းအတွင်း အမျိုးသမီး စစ်သည်တော်တပ်ရင်း (မြောင်)ကို ဖြစ်တည် ပေါက်ဖွားစေခဲ့ပါသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည့် အမျိုးသမီးစစ်သည်တော်တပ်ရင်း (မြောင်) မှ အမ်မရာက "ပစ်မှုတွေ အများကြီး အများကြီး ကျူးလွန်နေတဲ့သူတွေကို ပြန်လည်ချေပနိုင်ဖို့ ပြန်လည်တော်လှန်နိုင်ဖို့ဆိုရင် အမ်မရာတို့တစ်တွေက လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်မှဖြစ်တော့မယ်။ လက်နက်ကိုင်ကို လက်နက်နဲ့ ယှဉ်ပြိုင်ရတော့မယ်ဆိုတဲ့အနေအထားမျိုးတစ်ခုနဲ့ ကြုံလာတဲ့ အခါ ရရာလက်နက်ကို စွဲကိုင်ပြီးတော့မှ တော်လှန်တိုက်ပွဲဝင်နေခဲ့တာဆိုရင် အောက်တိုဘာ ၂၆ က နေမှ ယနေ့ အချိန်အထိပဲ" ဟု ဆိုပါသည်။

နွေဦးတော်လှန်ရေးခရီးသည် ဖောက်ခင်းထားပြီးသား ဖြောင့်ဖြူးနေသည်မဟုတ်။ ခက်ခဲကြမ်းတမ်းမှု၊ စိန်ခေါ်မှု၊ ပေးဆပ်ရမှု ကြီးမားသည်။ "ပြည်တင်းရင် မင်းမခံနိုင်"ဆိုသကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဆက်လက်တောင့်ခံထားကြရန် ကရင်နီအမျိုးသားကာကွယ်ရေးတပ် (KNDF) မှ ဟယ်လာရီက တောင်းဆိုတိုက်တွန်းထားပါသည်။

ဘယ်နည်းလမ်းပဲသုံးသုံး ကျွန်တော်တို့ရဲ့ဘုံရန်သူက ဒီစစ်အာဏာရှင်ပဲ။ ဘုံခရီးက ဖက်ဒရယ်ဒီမိုကရေစီ ပေါ်ပေါက်ရေးပဲ...

"ဘယ်နည်းလမ်းပဲသုံးသုံး ကျွန်တော်တို့ရဲ့ဘုံရန်သူက ဒီ စစ်အာဏာရှင်ပဲ။ ဘုံခရီးက ဖက်ဒရယ်ဒီမိုကရေစီ ပေါ်ပေါက်ရေးပဲ။...ပြီးတော့ လုံးဝကို ဒီအာဏာရှင်ကို လုံးဝလက်မခံဘူးဆိုတဲ့ နည်းလမ်းမျိုး ပြကြမယ်" ဟု ဟယ်လာရီက ဆိုပါသည်။

ရှေ့တန်းစစ်မျက်နှာတွင် တိုက်ပွဲဝင်ရသည့်အခါတိုင်း ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့နှင့် ရန်သူ (စစ်ကောင်စီတပ်)ကို မည်သို့ ချေမှုန်းနိုင်မလဲ ဆိုသည့် စိတ်ပိုင်းဆိုင်ရာ ခံစားဖြစ်တည်မှုသည် သူ့အတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်ဟု အမ်မရာက ပြောပြသည်။ အသက်ကိုစတေးကာ စွန့်လွှတ်တိုက်ပွဲဝင်နေကြသော်လည်း အောင်မြင်မှုမရခင် လမ်းခုလပ်တွင် တစ်စုံတစ်ခု ဖြစ်သွားမည့် အခိုက်အတန့်ကို သူ့လို လက်နက်ကိုင်လမ်းစဉ်တွင် ပူးပေါင်းပါဝင်နေကြသည့် စစ်သည်တော်တိုင်းက မလိုလားကြဟု အမ်မရာက ပြောပြပါသည်။

"အရေးတော်ပုံကြီး အောင်မြင်ဖို့အတွက် တော်လှန်နိုင်ဖို့ဆိုတာ ကိုယ့်အသက်ကို ကာကွယ်ရသလို ရန်သူကို ချေမှုန်းနိုင်ဖို့ အရာတွေဆိုတာကတော့ စိန်ခေါ်မှုနဲ့အတူ ဆုံးရှုံးနစ်နာမှုတွေလည်း ရှိကောင်းရှိလာနိုင်တဲ့ အခြေအနေတစ်ခုပေါ့လေ"

စစ်အာဏာသိမ်းကာလအတွင်း တိုင်းပြည်စီးပွားရေး ကျဆင်းလာမှု၊ ကုန်ဈေးနှုန်းများ ကြီးမြင့်လာမှုနှင့် ငွေကြေးတန်ဖိုးကျဆင်းလာနေခြင်းများသည် ခုခံတော်လှန်စစ်အတွင်း ပြင်ဆင်တိုက်ပွဲဝင်နေကြသူများအတွက် ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပြီး တော်လှန်ရေးကာလ ကြာမြင့်လာသည်နှင့်အမျှ အလှူရှင်များ၏ ပံ့ပိုးထောက်ပံ့နိုင်မှုသည်လည်း တုံ့နှေးလာနေပြီ ဖြစ်သည်။ ထို့အတွက် အမျိုးသမီးစစ်သည်တော်များအပါအဝင် တော်လှန်ရေးတွင် ရှေ့တန်းမှခုခံတော်လှန်

နေကြသည့် အင်အားစုများအတွက် ကူညီထောက်ပံ့မှုများ လိုအပ်လာနေကြောင်း ဟယ်လာရီက ပြောပါသည်။ သူက ယခုလိုလည်း တောင်းဆိုထားပါသည်။

"ဒီ အာဏာရှင်အုပ်ချုပ်တာကို ဘယ်သူကမှ မခံချင်ကြဘူး။ ဒါကြောင့် ပြည်သူလူထုကို မေတ္တာရပ်ခံချင်တာတစ်ခုက ဒီလူတစ်စုကိုဖြုတ်ချဖို့ ပြည်သူလူထုရဲ့ အင်အားလိုတယ်ဆိုတာ မမေ့ကြပါနဲ့။ ကျွန်တော်တို့တွေက ရှေ့တန်းကနေ တိုက်ထုတ်ပေးမယ်။ ပြည်သူလူထုက တတ်နိုင်တဲ့ဘက်ကနေ ကူညီကြပါ။ ဒီတော်လှန်ရေးကို အတူတကွ အမြန်ဆုံး အဆုံးသတ်ရအောင်၊ ထပ်ပြီး ယုံယုံကြည်ကြည်နဲ့ လှူဒါန်းပေးဖို့ တောင်းဆိုချင်ပါတယ်"

## သုံးသပ်တင်ပြချက်

စစ်အာဏာရှင်ဆန့်ကျင်ရေးအတွက် အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) မှသည် မြို့ပြကျေးလက်သပိတ်လှုပ်ရှားမှုများ၊ ခုခံတော်လှန်စစ်အတွက် ရရာလက်နက်စွဲကိုင်တော်လှန်ရေးလှုပ်ရှားမှုများအထိ အမျိုးသမီးများ၏ နွေဦးတော်လှန်ရေးအတွင်း ဦးဆောင်ပါဝင်မှုသည် ခမ်းနားကျယ်ပြန့်လှပါသည်။

CDM လှုပ်ရှားမှုတွင်ပါဝင်သော ပညာရေးဝန်ထမ်းများ၊ ဆရာဝန်၊ သူနာပြုစသည့် ကျန်းမာရေးဝန်ထမ်းများ၊ အနုပညာရှင်များ၊ အလုပ်သမားများ၊ Generation Z ဟုဆိုသော လူငယ်လူရွယ်များ၊ ပညာသင်ကြားနေသူများ စသည့် စစ်အာဏာရှင်ဆန့်ကျင်ရေး အလွှာအသီးသီးတွင် အမျိုးသမီးများပါဝင်နေကြသည်။

ရန်ကုန်၊ မန္တလေး၊ မုံရွာပင်မ၊ မုံရွာ-အမြင့်လမ်းကျေးရွာများ၊ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းကျေးရွာပေါင်းစုံ၊ ကလေးမြို့၊ ဒီပဲယင်းမြို့နယ်၊ တန့်ဆည်မြို့နယ်၊ ထားဝယ်မြို့နယ်၊ ဂန့်ဂေါမြို့နယ်၊ သရက်ချောင်းမြို့နယ်၊ ဝက်လက်မြို့နယ်၊ အရာတော်မြို့နယ် စသည်တို့တွင် အမျိုးသမီးများဦးဆောင်သည့် သပိတ်စစ်ကြောင်းများသည် ယနေ့အချိန်အထိ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ကြွေးကြော်သံမျိုးစုံဖြင့် ဟစ်ကြွေးတော်လှန်နေကြဆဲဖြစ်သည်။

ခုခံတော်လှန်စစ်တွင်လည်း အမျိုးသမီးစစ်သည်တော်တပ်ရင်း (မြောင်)ကဲ့သို့ အမျိုးသမီးကိုယ်စားပြု ကွန်မန်ဒိုအဖွဲ့များ ဖွဲ့စည်းလျက်ရှိသည့်အပြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တောင်တန်းမြေပြန့်ဒေသအလိုက် ခုခံတော်လှန်စစ်ဆင်နွှဲနေကြသော မြို့ပြကျေးလက်ဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များတွင်လည်း ရှေ့တန်းစစ်မျက်နှာတွင် လည်းကောင်း၊ နောက်တန်းမှ ထောက်ပို့လုပ်ငန်းတွင်လည်းကောင်း၊ ဆေးတပ်သားများအဖြစ်လည်းကောင်း အမျိုးသမီးများ၏ ပါဝင်မှုကို တွေ့မြင်ရပါသည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုကို အကြောင်းပြုပြီး ဖြစ်ပေါ်လာသည့် နွေဦးတော်လှန်ရေးအတွင်း စစ်အာဏာရှင်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ အမြစ်ပြုတ်ချေမှုန်းရေးနှင့် ဖက်ဒရယ်

ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ဦးတည်တိုက်ပွဲဝင်နေကြသော်လည်း ခေတ်အဆက်ဆက် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ၊ ပုံစံမျိုးစုံဖြင့် ဖိနှိပ်မှုများ၊ လိင်အခြေပြု အကြမ်းဖက်မှုများ စသည်တို့ကို တပြိုင်တည်း ချေဖျက်သွားရန် လိုအပ်သည်။

အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးတွင် အမျိုးသမီးများ၏ ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်နိုင်မှုကို ပိုမိုအလေးထားဆောင်ရွက်ရပေလိမ့်မည်။ စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းသကဲ့သို့ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ဖိုဝါဒကြီးစိုးသည့် အတွေးအခေါ် အယူအဆများ၊ အပြုအမူများကို အမြစ်ပြုတ်ချေဖျက်နိုင်ရန်လိုအပ်ပါသည်။ နိုင်ငံရေးအရ ဆုံးဖြတ်ချက်ချမှတ်နိုင်သည့်နေရာများတွင် အမျိုးသမီးများ ဖယ်ကြဉ်ခံရမှုများကို အလေးထား ပြုပြင်ရပါလိမ့်မည်။

ထို့ကြောင့် နွေဦးတော်လှန်ရေးအတွင်း အမျိုးသမီး၏ ဦးဆောင်ပါဝင်မှုကို ထဘီအလံများ လွှင့်ထူကာ ဂုဏ်ပြုခဲ့ကြသကဲ့သို့ အနာဂတ်လူ့အဖွဲ့အစည်းအတွင်း အမျိုးသမီးများအပေါ် ဖိနှိပ်မှုမှန်သမျှ ဆန့်ကျင်ကြောင်းပြသပြီး အမျိုးသမီး၊ အမျိုးသား တန်းတူအခွင့်အရေးရရှိရေးအတွက် အာမခံချက် အပြည့်အဝပေးကြရန် လိုအပ်လာပြီဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

# သုတေသနစာတမ်းအတွက်အင်တာဗျူးများမှ ကောက်နုတ်ချက်များ

## အမျိုးသမီးစစ်သည်တော်တပ်ရင်း (မြောင်)- M2M ပြန်ကြားရေးတာဝန်ခံ အမ်မရာ

"အမျိုးသမီးတွေရဲ့ ပူးပေါင်းပါဝင်မှုက နွေဦးတော်လှန်ရေးမှာပိုပြီးထိရောက်မှုတွေရှိနေတယ်။အရေးတော်ပုံအောင်မြင်သွားခဲ့တယ်ဆိုရင်တောင်မှ ကျား -မ တန်းတူ အခွင့်အရေးကိစ္စရပ်တွေက တစ်ပါတည်းရှိနေမှာဆိုတော့ ကိုယ့်ရဲ့အခန်းကဏ္ဍကို ကိုယ်ကိုယ်တိုင် မြှင့်တင်နေတဲ့အပေါ် မှာ ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူဝင့်ကြွားစွာနဲ့ ဒီတော်လှန်ရေးကြီးကိုပူးပေါင်းပါဝင် ဆောင်ရွက်ပေးနေကြ တာကိုလည်း အမ်မရာအနေနဲ့ ကျေးဇူးတင်တယ်။ ကိုယ့်ရဲ့ အခန်းကဏ္ဍ မြှင့်တင်တဲ့အနေနဲ့ ပို၍ ပို၍ အာရုံစိုက်ပေးပါ။ ပို၍ ပို၍ ကြိုးစားပြီး လုပ်ဆောင်ပေးပါလို့လည်း မေတ္တာရပ်ခံချင်ပါတယ်"



## ကရင်နီအမျိုးသားများကာကွယ်ရေးတပ် ( KNDF B – 09 )မှ အမျိုးသမီးစစ်သည် ဟယ်လာရီ

အခက်အခဲတွေကြားကနေ ဝိုင်းပြီးကူညီကြပါ။ ဒါတွေအမြန်ပြီးသွားပြီးတော့ ကျွန်တော်တို့တွေလည်း အိမ်ပြန်ချင်ပြီ။ ပြီးတော့ လွတ်လပ်ပြီး တရားမျှတတဲ့ ဖက်ဒရယ်ပြည်ထောင်စုတစ်ခုကို အမြန်ဆုံး တည်ဆောက်ကြပြီး အတူတကွ ယှဉ်တွဲနေထိုင်ကြရအောင်လို့ ပြောချင်ပါတယ်။ ပြီးတော့ ပြည်သူ့အထောက်အပံ့နဲ့ ဘဏ္ဍာရေးတွေ တောင့်တင်းမှပဲ ကျွန်တော်တို့လုပ်ငန်းတွေက ပိုပြီးတော့ မြန်လာမယ်။ အဲဒီအထဲမှာမှ လက်နက်တွေလည်း စုဆောင်းလာနိုင်မယ်။ ဒါမှ ဒီအာဏာရှင်စနစ်ကြီးကို မြန်မြန်လေး ဖြိုချနိုင်မယ်။... ကျွန်တော်တို့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အလှူငွေ အခက်အခဲပေါ့နော်။ စိန်ခေါ်မှုအကြီးဆုံးပေါ့။ ပြီးတော့ လက်နက်ကြီးအပိုင်းပေါ့နော်။ ဒီနောက်ပိုင်းလေယာဉ်ပစ်တာတွေ လိုအပ်လာတယ်။ လက်နက်ကြီးအင်အားတွေ ပိုမိုလိုအပ်လာတယ်။ လက်နက်ကြီးပိုင်းတွေကလည်း သိတဲ့အတိုင်းပဲ ဈေးက Gun ထက်စာရင် ပိုပြီးတော့အများကြီး ဈေးကြီးတယ်။ ဒါကြောင့်မို့ မြန်မြန်ထည့်ဝင်ပါ။ ကိုယ်သုံးမယ့်အထဲက တစ်ဝက်ကိုထည့်ပါ။ ကိုယ်ပျော်မယ့်အထဲက တစ်ဝက်ကို ထည့်ပါလို့ တိုက်တွန်းချင်ပါတယ်



## မုံရွာတက္ကသိုလ် ကျောင်းသားများသမဂ္ဂအဖွဲ့မှ မြို့ပြသပိတ် လှုပ်ရှားမှုပါဝင်နေသူ လူငယ်အမျိုးသမီး မချောစုစံ

ခန္ဓာကိုယ်ဖွဲ့စည်းပုံအရ အားနည်းတဲ့အမျိုးသမီး တွေတောင်မှ ရှေ့တန်းမှာ ရှုပ်ရှုပ်ချုံချုံပါဝင်နေသေးတာပဲငါတို့လည်းဘာလို့ မပါဝင်နိုင်ရမှာလဲဆိုတဲ့ စိတ်ဓာတ်တွေ ဖြစ်လာတယ်။ ဒီတိုက်ပွဲမှာက အမျိုးသမီးတိုက်ပွဲမဟုတ်ဘူး၊ အမျိုးသားတိုက်ပွဲ မဟုတ်ဘူး။ LGBT တွေရဲ့တိုက်ပွဲမဟုတ်ဘူး။ ဒါငါတို့အားလုံးရဲ့ လိုချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီအတွက် တိုက်ပွဲဖြစ်တယ်ဆိုတဲ့ အသိတရားကိုထားရမှာဖြစ်တယ်။ နောက်ဆုံးမှာ သမိုင်းဖြစ်ထွန်းနိုင်မှာဖြစ်တယ်။ သမိုင်းတစ်လျှောက် ပြန်ကြည့်မယ်ဆိုရင် တော်လှန်ရေးထဲမှာ အမျိုးသမီးတွေပါဝင်ခဲ့ကြတယ်။ ဒါပေမဲ့ပါဝင်မှုတွေအားနည်းခဲ့တယ်။ ဘယ်လောက် အမျိုးသမီးတွေပါဝင်ခဲ့ပေမယ့်လည်း အချိန်တွေသာကြာသွားတယ်၊ အမျိုးသမီးနဲ့ ပတ်သက်တဲ့ အတွေးအခေါ် တွေမပြောင်းလဲသေးဘူးဖြစ်နေတယ်။ အခုဆိုရင် နွေဦးတော်လှန်ရေး တစ်နှစ်တာကာလအတွင်းမှာအတွေးအခေါ်တွေ ပြောင်းလဲလာတာကိုတွေ့ရမှာဖြစ်တယ်။ ဒါက သမိုင်းတစ်ရပ်ပဲ။

## ရန်ကုန်မြို့ပြသပိတ်တိုက်ပွဲများအတွင်း ပါဝင်လှုပ်ရှား ဆောင်ရွက်နေသူ လူငယ် အမျိုးသမီး မဆုဇံနွေး

ခုခံတော်လှန်စစ်နဲ့ ပတ်သက်လို့ပြောရရင် စစ်ရေးစစ်ရာနဲ့ ပတ်သက်လာရင် လူတိုင်းက ယောကျ်ား လေးပဲမြင်တယ်။ မြန်မာပြည်မှာ ဒီဖက်ဒရယ်ဒီမိုကရေစီရတဲ့ အချိန်မှာ ပြန်လည်တည်ဆောက်မယ့်အချိန်မျိုးမှာ ကာကွယ်ရေးဝန်ကြီးချုပ်ကလည်း အမျိုးသမီးဖြစ်နိုင်တယ်လေနော်။ အမျိုးသမီးတွေက စစ်ရေးစစ်ရာမှမဟုတ်ဘူး၊ ကျန်တဲ့နေရာတွေမှာလည်း ကျွမ်းကျင်တဲ့သူဖြစ်နိုင်တယ်။ ဒ့ါအပြင် လူထု က တော်လှန်ရေးရဲ့တပ်ဦးလို့ယူဆထားတဲ့ NUG ရဲ့ ခုခံတော်လှန်စစ်ကြေညာလိုက်တဲ့ အချိန်မှာလည်း အမျိုးသမီးတွေက ဒီရေစီးကြောင်းကိုပံ့ပိုးနိုင်တဲ့ ထောက်တိုင်တွေဖြစ်လာနိုင်တာပေ့ါ။ အာဏာရှင်ကိုတော်လှန်ဖို့ စစ်ပညာကိုသင်ယူတဲ့ လူငယ်တွေအတွက် ဘဏ္ဍာရေးအရ အထောက်အပံ့ပေးနိုင်ဖို့ နည်းမျိုးစုံနဲ့ ကြိုးပမ်းဆောင်ရွက်ပေးနေတာကို မြင်ရတယ်။ မြို့ပြပြောက်ကျား တော်လှန်ရေးကြောင့် ဖမ်းဆီးခံရတဲ့သူတွေကို အမျိုးသမီးရှေ့နေတွေက ရဲရဲဝံ့ဝံ့ အမှုလိုက်ပေးနေတာ တွေ ခက်ခဲတဲ့အခြေအနေမှာတောင် မိသားစုနဲ့ အဆက်အသွယ်ရဖို့ ကြိုးပမ်းဆောင်ရွက်နေကြတာတွေက တကယ့်ကို ကြီးမားတဲ့အခန်းကဏ္ဍကနေ ပါဝင်နေကြတာကို ကောက်ချက်ဆွဲလို့ရတယ်



## ကချင်ပြည်နယ် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုနေသူ လူငယ်အမျိုးသမီး ဘောက်ဆိုင်း



ဒီတော်လှန်ရေးမှာ အမျိုးသမီးတွေအနေနဲ့ ခေါင်းဆောင်ပိုင်းမှာဆိုရင်လည်း ၁၀၀ မှာဆို ၆၀ ရာခိုင် နှုန်းက အမျိုးသမီးတွေ ပါဝင်နေတယ်။ အထူးသဖြင့် အမျိုးသမီးတွေကတော့ သူတို့ထက် မသာဘူး ဆိုရင်တောင် သူတို့နဲ့အတူ လုပ်နိုင်တဲ့အရည်အချင်းရှိတယ်လို့ မြင်ပါတယ်။ ပြီးရင် ဒီတော်လှန်ရေး မှာလည်း အမျိုးသမီးတွေ အားတက်သရောပါဝင်နေကြတယ်။ တော်လှန်ရေးမှာ ပါဝင်နေတဲ့ အမျိုး သမီးတွေ အားလုံးကိုလည်း ကျွန်မအနေနဲ့ဂုဏ်ပြုပါတယ်

## မန္တလေးမြို့ပြသပိတ် တက်ကြွလှုပ်ရှားနေသူ လူငယ်အမျိုးသမီး မအေးမြင့်အောင်အောင်



တော်လှန်ရေးမှာ အဓိက မစတေးလို့ကတော့ မအောင်နိုင်ဘူး။ ဒါက ကျွန်တော်တို့ လက်ခံရမယ့် အချက်။ တော်လှန်ရေးမှာ စတေးရတာ အများကြီးရှိမယ်။ ရင်းရတာတွေ အများကြီးရှိလာတယ်။ အဲဒီတော့ အဲဒီ အနေအထားတစ်ခုမှာ ကျွန်တော်တို့ တစ်သားတည်း ရှိနေတယ်ဆိုတာ ဒီနေရာကနေ ပြောချင်ပါတယ်။ တောထဲမှာ လူတိုင်းသည် လက်နက်မကိုင်နိုင်ပါဘူး။ လူတိုင်း လက်နက်ကိုင်ရမယ်ဆိုရင် လက်နက်က အလွယ်တကူမရနိုင်ပါဘူး။ ရှိနေတဲ့ အင်အားစုတွေတောင်မှ လက်နက်မရနိုင်ဘူးပေါ့ဗျာ။ ဆိုတော့ လက်နက်ကိုင်နိုင်တဲ့ လူတန်းစားက လက်နက်ကိုင်တယ်။ အဲဒါကို ကျွန်တော်တို့က ဘေးကနေပြီးတော့ ထောက်ပံ့ရေးအပိုင်းကို ကျွန်တော်တို့ကတာဝန်ယူပေးပါတယ်။ တစ်သားတည်းရှိနေပါတယ်ဆိုတာကို ဒီနေရာကနေပြီးတော့ သူတို့အတွက်ကို ကွန်တော်တို့က တစ်သားတည်း တိုက်ပွဲဝင်နေတာကို ပြောကြားချင်တယ်ဗျာ



## မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) တွဲဖက်အထွေထွေ အတွင်းရေးမှူး - ၁ မရုရုး

အမျိုးသမီးတွေက သတ္တိရှိကြောင်း၊ အာဏာရှင်ကို လက်မခံနိုင်ကြောင်းကို ကျွန်မတို့က လက်နက်ကိုင်တော်လှန်ပြီးတော့ ပြနိုင်တဲ့ အမျိုးသမီးတွေရဲ့ ရဲစွမ်းသတ္တိလို့ပြောမလား၊ ဒါတွေကို အားလုံးမြင်အောင် ပြနိုင်တဲ့ ပြယုဂ်တစ်ခု ဖြစ်တယ်၊ အခုဆိုလို့ရှိရင် လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်မှာ ဆိုလို့ရှိရင် ရှေ့တန်းထွက်ရတဲ့ အမျိုးသမီးတွေလည်း ရှိနိုင်တယ်၊ တချို့က နောက်တန်းကနေထောက်ပို့၊ ပမ်းပို့ရမယ့်ဆေးတပ်သားအနေနဲ့ ပမ်းပို့ရမယ် ဘယ်လိုပဲဖြစ်ဖြစ် အမျိုးသမီးတွေရဲ့ပါဝင်မှုက အသိအမှတ်မပြုဘဲ မနေနိုင်လောက်အောင်ဖြစ်တယ်



## ရခိုင်ရှေ့ဆောင်အမျိုးသမီးအဖွဲ့ - RWIO ဥက္ကဋ္ဌ စောစံငြိမ်းသူ

နိုင်ငံရေးဆွေးနွေးပွဲလုပ်တဲ့အချိန်မှာလည်း အမျိုးသမီးထုတွေက နိုင်ငံရေးအရ ဖြေရှင်းတဲ့အဆင့်တွေမှာ အမျိုးသမီးတွေ ပါဝင်ဖို့အတွက်ကို တိုက်တွန်းလှုံ့ဆော်ခဲ့ကြတာရှိတယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ အမျိုးသမီးတွေက ငြိမ်းချမ်းရေးကို ပိုပြီးတော့မှ လိုလားကြတယ်။ တိုင်းပြည်တစ်ပြည်မှာ ငြိမ်းချမ်းရေး ငတ်မွတ်တယ်ဆိုလို့ရှိရင်လည်း အမျိုးသမီးတွေက ပိုပြီးငတ်မွတ်တယ်။ လိုလားတယ်ဆိုလို့ရှိရင်လည်း အမျိုးသမီးထုတွေက ငြိမ်းချမ်းရေးကို ပိုပြီးတော့မှလိုလားကြတယ်



## မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) ဗဟိုဦးဆောင်ကော်မတီဝင် မိဆူးပွင့်

အမျိုးသမီးတပ်မှူးကောင်းတွေ ပေါ်ထွန်းလာတဲ့အထိ ဝန်းရံပံ့ပိုးပေးဖို့လည်း လိုအပ်သလို နေရာအဆင့်ဆင့်ပေးဖို့ စစ်ရေးတာဝန်ရာထူးတွေ ပေးရပါမယ်။ နိုင်ငံရေးအပိုင်းမှာလည်းကျွန်မနေအောင် လက်တွဲခေါ်ရမယ်၊ အခွင့်အလမ်းတွေ ဖော်ထုတ်ပေးရပါမယ်။ ပါဝါရှိတဲ့ အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်တွေ ဖြစ်လာတဲ့အထိဖွဲ့လုံ့လကြီးကြီးထားရပါမယ်။ ဝါဒဖြန့်ချိရေး(ကြော်ငြာ)ကဏ္ဍတွေမှာ ပါဝင်မှုထက် နိုင်ငံရေးအရပါဝင်မှုကို အရယူထားကြဖို့ လိုအပ်ပါတယ်။ အမျိုးသမီးလူငယ်တွေ တော်ကြပါတယ်၊ ထက်မြက်ပြီး ခွန်အားလည်းရှိပါတယ်

# အတိုကောက် အက္ခရာများ

# အတိုကောက် အက္ခရာများ

| | | |
|---|---|---|
| AAPP | - | နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) |
| ABSDF | - | မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး |
| UNRA | - | ပြည်ထောင်စုကာကွယ်ရေးတပ် |
| ALP | - | ရခိုင်ပြည်လွတ်မြောက်ရေးပါတီ |
| ANC/AA | - | ရခိုင်အမျိုးသားကောင်စီ/ရခိုင်တပ်မတော် |
| ASEAN | - | အရှေ့တောင်အာရှနိုင်ငံများအသင်း |
| BGF | - | နယ်ခြားစောင့်တပ် |
| BLO | - | နယ်ခြားဆက်ဆံရေးရုံး |
| BNI | - | နိုင်ငံတကာမြန်မာ့သတင်း |
| BRI | - | ပိုးလမ်းမစီမံကိန်း |
| CMEC | - | တရုတ်မြန်မာစီးပွားရေးစင်္ကြံလမ်း |
| CNF | - | ချင်းအမျိုးသားတပ်ဦး |
| CSOs | - | အရပ်ဘက်လူမှုအဖွဲ့အစည်းများ |
| CSSU | - | ရှမ်းပြည်နယ်ညီညွတ်ရေးကော်မတီ |
| CT | - | ပူးပေါင်းညှိနှိုင်းရေး |
| DKBA | - | ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာတပ်မတော် |
| DKBA | - | ဒီမိုကရေစီ ကရင်အကျိုးပြုတပ်မတော် (ယခင် တပ်မဟာ ၅) |
| DPN | - | နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ |
| EAOs | - | တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ |
| EBO | - | ဥရောပ-မြန်မာရုံး |
| ENAC | - | တိုင်းရင်းသားလူမျိုးများရေးရာစင်တာ |
| ENC | - | တိုင်းရင်းသားလူမျိုးများကောင်စီ |
| EU | - | ဥရောပသမဂ္ဂ |
| EUMC | - | ဥရောပသမဂ္ဂ စစ်ဘက်ရေးရာကော်မတီ |
| FDI | - | နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု |
| FPD | - | နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် |

| | | |
|---|---|---|
| FPNCC | - | ပြည်ထောင်စုငြိမ်းချမ်းရေးတွေ့ဆုံညှိနှိုင်းရေးကော်မတီ |
| IC | - | စုံစမ်းစစ်ဆေးရေးကော်မရှင် |
| IDP | - | ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ |
| IPSG | - | နိုင်ငံတကာငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့ |
| JICM | - | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် ပူးတွဲ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းရေးအစည်းအဝေး |
| JMC-L | - | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ - ဒေသအဆင့် |
| JMC-S | - | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ - ပြည်နယ်အဆင့် |
| JMC-U | - | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ - ပြည်ထောင်စုအဆင့် |
| JPF | - | ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေအဖွဲ့ |
| KAF | - | ကော်သူးလေလက်နက်ကိုင်တပ်ဖွဲ့ |
| KIO/KIA | - | ကချင်ပြည် လွတ်လပ်ရေးအဖွဲ့/တပ်မတော် |
| KNDP/A | - | ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ/စစ်တပ် |
| KNLP | - | ကယန်းပြည်သစ်ပါတီ |
| KNO (Burma) | - | ကူကီးအမျိုးသားအစည်းအရုံး (ဗမာ) |
| KNO | - | ကချင်အမျိုးသားအစည်းအရုံး |
| KNPDP | - | ကရင်နီအမျိုးသား ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| KNPLF | - | ကရင်နီအမျိုးသား လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး |
| KNPP | - | ကရင်နီအမျိုးသား တိုးတက်ရေးပါတီ |
| KNSO | - | ကရင်နီအမျိုးသား သွေးစည်းညီညွတ်ရေးအဖွဲ့ |
| KNU | - | ကရင်အမျိုးသားအစည်းအရုံး |
| KPC | - | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်( ငြိမ်းချမ်းရေးကောင်စီ)- KNLA/PC |
| KPF | - | ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ |
| KWAT | - | ကချင်အမျိုးသမီးအစည်းအရုံး - ထိုင်းနိုင်ငံ |

LDU - လားဟူဒီမိုကရက်တစ်အစည်းအရုံး

LNDO - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

MA - မြန်မာ့တပ်မတော်

MNDAA - မြန်မာအမျိုးသား ဒီမိုကရေစီမဟာမိတ်တပ်မတော်

MPC - မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန

MPM - မြန်မာ့ငြိမ်းချမ်းရေးလေ့လာစောင့်ကြည့်ရေး (Myamar Peace Monitor)

MPSI - မြန်မာ့ငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့

NA-B - မြန်မာပြည်မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့

NBF - ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရယ်ရှင်း

NCA - တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်

NCA-NS ESOs - NCA လက်မှတ်ရေးမထိုးသည့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ

NCA-S EAOs - NCA လက်မှတ်ရေးထိုးသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ

NCCT - တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့

NDA-K - ဒီမိုကရေစီသစ်တပ်မတော် - ကချင်

NDAA-ESS - အမျိုးသားမဟာမိတ်တပ်မတော် - ရှမ်းပြည်အရှေ့ပိုင်း

NDSC - အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

NLD - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

NMSP - မွန်ပြည်သစ်ပါတီ

NRPC - အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန

NSAG - အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်း

NSCN-K - နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ - ခပ်ပလန်

OIC - အစ္စလာမ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့

PC - ငြိမ်းချမ်းရေးကော်မရှင်

PCG - ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးဆောင်အဖွဲ့

PDSG - ငြိမ်းချမ်းရေးအလှူရှင်များအုပ်စု

PI - ပြည်ထောင်စုအင်စတီကျု

PMF - ပြည်သူ့စစ်အုပ်စု၊ ပြည်သူ့စစ်တပ်

PNLO - ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့

PNO - ပအိုဝ်းအမျိုးသား အစည်းအရုံး

PPST - ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့

PPWT - ငြိမ်းချမ်းရေးလုပ်ငန်း ဖော်ဆောင်မှုအဖွဲ့

PRC - တရုတ်ပြည်သူ့သမ္မတနိုင်ငံ

PSLF/TNLA - ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/
တအာင်းအမျိုးသားတပ်မတော်

PYO - ပအိုဝ်းလူငယ်အဖွဲ့အစည်း

RCSS/SSA - ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော်

SAZ - အထူးအုပ်ချုပ်ရေးဇုန်

SEZ/SIZ - အထူးစီးပွားရေးဇုန်/အထူးစက်မှုဇုန်

SLORC - နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့
(ယခင်စစ်အစိုးရ ၁၉၈၈-၁၉၉၇)

SNA - ရှမ်းနီတိုင်းရင်းသားများတပ်မတော်

SNDP - ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ

SNLD - ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်

SPDC - နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

SSPP/SSA - ရှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော်

ULA/AA - ရခိုင်အမျိုးသားအဖွဲ့ချုပ်/ ရက္ခိုင့်တပ်တော်

UNFC - ညီညွတ်သော တိုင်းရင်းသားလူမျိုးများကောင်စီ

UNHCR - ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး

UNODC - ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုရုံး

UPCC - ပြည်ထောင်စု ငြိမ်းချမ်းရေး ဗဟိုကော်မတီ

UPDJC - ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ

UPWC - ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ

USDP - ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

USIP - အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေး အင်စတီကျု

UWSA/P - ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်၊ ပါတီ

| | | |
|---|---|---|
| WGEC | - | တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေးအလုပ်အဖွဲ့ |
| WLB | - | အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) |
| WNO/A | - | ဝအမျိုးသားအစည်းအရုံး/တပ်မတော် |
| ZRO | - | ဇိုမီးပြန်လည်ပေါင်းစည်းရေး အစည်းအရုံး |
| AFCC-Mdy | - | စစ်အာဏာရှင်ဆန့်ကျင်ရေး ပြည်သူ့အင်အားများ ချိတ်ဆက်ညှိနှိုင်းရေးကော်မတီ (မန္တလေး) |
| DPNS | - | လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ |
| GSC | - | စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးအထွေထွေသပိတ်ကော်မတီ |
| GSC-BHE | - | အခြေခံပညာပညာရေးဝန်ထမ်းများအထွေထွေသပိတ်ကော်မတီ |
| GSCB | - | အထွေထွေသပိတ်ပေါင်းစပ်ညှိနှိုင်းရေးအင်အားစု |
| GSCC | - | အထွေထွေသပိတ်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ |
| GSCN | - | လူမျိုးပေါင်းစုံထွေထွေသပိတ်ကော်မတီ |
| ICNCC | - | ကြားကာလ ချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ |
| KSCC | - | ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ |
| MSICC | - | မွန်ပြည် ကြားကာလ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ |
| MTF | - | မြန်မာနိုင်ငံ ဆရာ၊ ဆရာမများ ဖက်ဒရေးရှင်း |
| NUG | - | အမျိုးသားညီညွတ်ရေးအစိုးရ |
| PNFC | - | ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ |
| SYNERGY | - | လူမှုသဟဇာတ ဖော်ဆောင်ရေးအသင်း |
| TPCC | - | တအာင်းနိုင်ငံရေးအတိုင်ပင်ခံကော်မတီ |
| TTF | - | နည်းပညာဆိုင်ရာ ဆရာ၊ ဆရာမများ ဖက်ဒရေးရှင်း |
| WAC-M | - | အမျိုးသမီးမဟာမိတ်အဖွဲ့ -မြန်မာ |
| WLB | - | အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) |
| CRPH | - | ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ |
| SURC | - | ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များကော်မတီ |
| KPICT | - | ကြားကာလ ကချင်နိုင်ငံရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ |
| BPLA | - | ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် |
| SAF | - | ကျောင်းသားလက်ရုံးတပ်တော် |

